ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

# တရားစီရင်ထုံးများ

## ဗဟိုတရားစီရင်ရေးအဖွဲ့

## စီရင်ချက်များ

၁၉၇၉ ခုနှစ်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့တရားသူကြီးအဖွဲ့၏ခွင့်ပြုချက်အရထုတ်ဝေသည်။

F. A

တိုက်ပိုင်အမှတ်-----
ရက်စွဲ-----
စာကြည့်တိုက်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

# တရားစီရင်ထုံးများ

ဗဟိုတရားစီရင်ရေးအဖွဲ့

စီရင်ချက်များ

၁၉၇၉

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
ပြည်သူ့တရားသူကြီးအဖွဲ့၏ ခွင့်ပြုချက်အရ ရိုက်နှိပ်ထုတ်ဝေသည်။

သာသနာရေးဦးစီးဌာန အတွက်
ဦးလှရွှေ (၀၂၂၃၀)၊ စိမ်းစိုစိုစာပုံနှိပ်တိုက်
အမှတ် ၁၀၇၇၊ ရာဇသူရလမ်း၊ ၇ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့ က
ပုံနှိပ်၍
ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင် (၀၂၅၂၇) က
ထုတ်ဝေသည်။

## ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
## ပြည်သူ့တရားသူကြီးအဖွဲ့

| | | |
|---|---|---|
| ၁။ | သူရဦးအောင်ဖေ .... .... | ဥက္ကဋ္ဌ |
| ၂။ | စည်သူ့တံဆိပ်ရ ဇေယျကျော်ထင် ဦးစိုးလှိုင် | အဖွဲ့ဝင် |
| ၃။ | သီရိပျံချီ ဦးတင်အောင် .... .... | အဖွဲ့ဝင် |
| ၄။ | ဦးလှဘုန်း .... .... | အဖွဲ့ဝင် |
| ၅။ | ဦးထွန်းရှိန် .... .... | အဖွဲ့ဝင် |
| ၆။ | ဦးအေးမောင်၊ ဝါဏိဇ္ဇဝိဇ္ဇာ၊ဥပဒေဝိဇ္ဇာ .... | အဖွဲ့ဝင် |
| ၇။ | ဦးသန့်စင်၊ ဝါဏိဇ္ဇဝိဇ္ဇာ၊ဥပဒေဝိဇ္ဇာ ... | အဖွဲ့ဝင် |

# ၁၉၇[illegible] ခုနှစ်

# ပြစ်မှုဆိုင်ရာမှုများ

## စီရင်ထုံးပြုသော မှုခင်းများ

## မြစ်မှုဆိုင်ရာ အမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ၁။ ကာဆင်ဂျမား | နှင့် | ပြည်ထောင်စုဆိုရှယ်လစ် | ၁ |
| ၂။ ဒါဝတ်ဂျမား | | သမ္မတမြန်မာနိုင်ငံတော် | |
| ကိုဝင်းစိန် | | | |
| မောင်ကံတိုး ပါ(၃) | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် | ၄ |
| | | သမ္မတ မြန်မာနိုင်ငံတော် | |
| မောင်ကျော်မြင့် | နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ် | ၁၀ |
| | | သမ္မတ မြန်မာနိုင်ငံတော် | |
| | | ၂။ မခင်မာမြင့် | |
| မောင်ကျော်ဦး | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် | ၁၃ |
| | | သမ္မတ မြန်မာနိုင်ငံတော် | |
| ဒေါ်ခင်ခင်ရီ | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် | ၁၆ |
| | | သမ္မတ မြန်မာနိုင်ငံတော် | |
| ဒေါ်ခင်နု | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် | ၂၀ |
| | | သမ္မတ မြန်မာနိုင်ငံတော်ပါ(၂) | |
| မောင်ခင်မောင် ပါ(၄) | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် | ၂၄ |
| | | သမ္မတ မြန်မာနိုင်ငံတော် | |
| မောင်ခင်မောင်မျိုး | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် | ၃၀ |
| | | သမ္မတ မြန်မာနိုင်ငံတော် | |
| ဦးခင်မောင်ဦး | နှင့် | မစန်းစန်းဝင်း | ၃၆ |
| မခင်ရီ | နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ် | ၄၁ |
| | | သမ္မတ မြန်မာနိုင်ငံတော် | |
| | | ၂။ ဒေါ်အောင်ကြည် | |
| ဦးစိုးရ ပါ(၂) | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် | ၄၄ |
| | | သမ္မတ မြန်မာနိုင်ငံတော် | |
| မောင်စိုးသိန်း | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် | ၄၇ |
| (အင်းစိန်အကျဉ်းစခန်း) | | သမ္မတ မြန်မာနိုင်ငံတော် | |

# ညွှန်းချက်


| | | | စာမျက်နှာ |
|---|---|---|---|
| ဦးစိန် | နှင့် | ဦးစံမြင့် | ၅၂ |
| ဦးညိမ်း | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | ၅၅ |
| ဒေါ်တင်တင်ညွှန့် ဒေါ်ကြည်စိန် | နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၂။ ဒေါ်သန်းသန်း | ၅၉ |
| ကိုတင်ဝင်း | နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၂။ မကျင်အေး | ၆၁ |
| ဦးတင်အေးကျော် | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | ၆၄ |
| ဦးတင်အောင် | နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၂။ ဦးစိန် | ၇၀ |
| ဦးထွန်းရင် | နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၂။ ဒေါ်မမလေး | ၇၃ |
| ထွန်းအောင်ကျော် | နှင့် | မသာနှင်းအေး | ၇၆ |
| ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | နှင့် | ဦးကျင်ပေါက် | ၇၉ |
| ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | နှင့် | မောင်ခင်မောင်သွင် | ၈၂ |
| ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | နှင့် | မောင်တူး | ၈၇ |
| ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | နှင့် | မောင်နု ပါ(၃) | ၉၀ |
| ဦးပါလေး | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | ၉၂ |
| မောင်ဘဆန်း | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | ၉၅ |

## ညွှန်းချက်


| | | | စာမျက်နှာ |
|---|---|---|---|
| မောင်အာမြေ့ | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | ၉၉ |
| ဦးဘသွင် | နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်<br>၂။ ဦးဇင်ဘရှ | ၁၀၁ |
| မဘိုမ | နှင့် | မောင်ကျော်ခဲ | ၁၀၇ |
| မောင်ဘိုးခက် | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | ၁၁၀ |
| မာမက်ဟာနုစ်ခန် | နှင့် | မဲရှန်ဆာ | ၁၁၆ |
| ဦးမောင်မောင် | နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်<br>၂။ ဦးထင်လင်း | ၁၁၉ |
| မန်းမော်ကော | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | ၁၁၂ |
| မောင်မြထွန်း | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | ၁၂၆ |
| ဦးမျိုးသိန်း | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | ၁၃၀ |
| အရာခံဗိုလ်မြဆောင်းပါ(၂) | နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်<br>၂။ မကြည်မြင့် | ၁၃၃ |
| ဓေါ်ရီရီသစ်း | နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်<br>၂။ မလှသန်း | ၁၃၅ |
| ဦးလဘ(ခ)ဦးရွှေမြိုင်ပါ(၃) | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | ၁၃၈ |

# ညွှန်းချက်


| | | | စာမျက်နှာ |
|---|---|---|---|
| ဦးလှဖေ | နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၂။ ဦးစိုးမြင့် | ၁၄၄ |
| ဦးလှမောင် ပါ(၂) | နှင့် | ၁။ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၂။ ဦးသာစိန် | ၁၄၇ |
| မောင်ဝင်း ပါ(၂) | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | ၁၅၀ |
| ဦးဝင်းသောင်း | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | ၁၅၃ |
| မောင်သာလှ | နှင့် | ၁။ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ၂။ ဒေါ်မသောင်း | ၁၅၆ |
| ၁။ ဦးသောင်းညွှန့် ၂။ ဒေါ်ကျင်ရီ | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | ၁၅၉ |
| ဦးသောင်းညွှန့် | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | ၁၆၂ |
| မောင်သောင်းလှ | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | ၁၆၄ |
| ဦးသန်းစိန် | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | ၁၆၇ |
| ကိုသန်းတင် | နှင့် | မလှိုင် | ၁၇၇ |
| မောင်သန်းလှ | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | ၁၈၀ |
| အက်စ်-ကေ-ဆင်း | နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၂။ ဦးခင်မောင် | ၁၈၄ |

## ပြစ်မှုဆိုင်ရာအမှုများ



ဥပဒေများ—

ပြည်သူ့တရားသူကြီးအဖွဲ့ဥပဒေ၊

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊

ပြစ်မှုဆိုင်ရာဥပဒေ၊

ရှုံးတော်ကိုမထိမဲ့မြင်ပြုမှုဥပဒေ၊

လောင်းကစားဥပဒေ၊

သက်သေခံဥပဒေ၊

၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး(ယာယီ)ဥပဒေ၊

၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်ဖူးတတ်သူများ ခြေချုပ်နှင့်ခံဝန် ဥပဒေ၊

၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ် စောင့်ရှောက်ရေး ဥပဒေ၊

၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှု အတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ၊

၁၉၇၀ ပြည့်နှစ်၊ သမဝါယမအသင်း ဥပဒေ၊

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သောဆေးဝါး များဥပဒေ၊

ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၃၀(ဃ)— သက်ဆိုင်ရာပြည်နယ် နှင့်တိုင်း အတွင်းရှိ မြို့နယ် တရားစီရင်ရေး အဖွဲ့က ချမှတ်သော သေဒဏ်အမိန့်ကို အတည်ပြုခြင်းဆိုင်ရာ စီရင်ခြင်း— မြို့နယ်တရား စီရင်ရေးအဖွဲ့က အပြီးအပြတ်လွှတ်လိုက်သော တရားခံတစ်ဦးအပေါ် အပြစ်တွေ့ရှိ၍ သေဒဏ်ချမှတ်ခြင်း ပြုနိုင်မပြုနိုင်—ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၇၅ နှင့် ၃၇၆ တို့ပါ ပြဋ္ဌာန်းချက်— ပြည်သူ့တရား သူကြီးအဖွဲ့၊ ညွှန်ကြားချက်အမှတ် ၁၄ အပိုဒ် ၁၂ တွင် ဖော်ပြ ချက်—သေဒဏ်အမိန့်ကို အတည်ပြုရသည့် တရားရုံး၏ လုပ်ပိုင်ခွင့် များ။

စာမျက်နှာ

ဆုံးဖြတ်ချက်။ ကျွန်ုပ်အယူခံ၌ ပဲခူးတိုင်း တရားသူကြီး အဖွဲ့သည် အုတ်ဖိုမြို့နယ် တရားရုံး၏ ချမှတ်သော သေဒဏ်အမိန့်ကို အတည်ပြုသင့်မဆင့် ပြည်သူ့တရားသူကြီးအဖွဲ့ဥပဒေပုဒ်မ ၃၀(ဃ) အရ စီရင်ရာ၌ မြို့နယ်တရားစီရင်ရေးအဖွဲ့က အပြီးအပြတ်လုပ်ကိုင်သော တရားခံတစ်ဦးအား အပြစ်တွေ့ရှိ၍ သေဒဏ်ချမှတ်ခြင်း ပြုနိုင်မပြုနိုင်ဥပဒေ ပြဿနာ ပေါ်ပေါက်လာသည်။ သေဒဏ်အမိန့်ကို အတည်ပြုရသည့် တရားရုံး၏ လုပ်ပိုင်ခွင့်များကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၇၅ နှင့် ၃၇၆ တို့၌လည်း ပြဋ္ဌာန်းထားပေသည်။ ပြည်သူ့တရားသူကြီးအဖွဲ့၏ ညွှန်ကြားချက်အမှတ် ၁၄ တွင် အပိုဒ် (၁၂)၌ အောက်ပါအတိုင်း ဖော်ပြထားသည်—

"ပြည်နယ်၊ တိုင်းတရားသူကြီး အဖွဲ့တစ်ဖွဲ့လုံးသည် သေဒဏ်အတည်ပြုသည့်အမှုကို ဆုံးဖြတ်ရာ၌အောက်ပါဆောင်ရွက်ခြင်းအမိန့်တရပ်ရပ်ကို ချမှတ်ခြင်း ပြုလုပ်နိုင်ပါသည်"—

(က) လိုအပ်နေသေးသော သက်သေထွက်ချက်များကို ထပ်မံရယူစေခြင်း။

(ခ) မူလတရားရုံး၏အမိန့်ကို အတည်ပြုခြင်း၊

(ဂ) မူလတရားရုံး၏အမိန့်ကို ဥပဒေနှင့်အညီ ပြောင်းလဲအမိန့်ချမှတ်ခြင်း၊

(ဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကိုပယ်ဖျက်၍ အခြားပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှား စီရင်ပြီး ပြစ်ဒဏ်ချမှတ်ခြင်း၊

(င) ပြစ်မှုထင်ရှား စီရင်ခြင်းကို ပယ်ဖျက်၍ အပြီးအပြတ်လွှတ်ခြင်း၊

(စ) မူလတရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ အသစ်ပြန်လည်စစ်ဆေး စီရင်စေရန် အမိန့်ချမှတ်ခြင်း၊

ပြည်သူ့တရားသူကြီးအဖွဲ့၏ ညွှန်ကြားချက် အမှတ် ၁၄ ၌ဖြစ်စေ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၇၅ နှင့် ၃၇၆ ၌ဖြစ်စေ၊ သေဒဏ်

စာမျက်နှာ

**အမိန့်ကို** **အတည်ပြု**ခြင်းဆိုင်ရာ စီရင်**ရ**သောပြည်**န**ယ်၊ တိုင်းတရားသူကြီး **အဖွဲ့**သည် မူလရုံးက အပြီး**အပြတ်လွှတ်သော** **တရားခံတစ်ဦးအား** အပြစ် တွေ့ရှိ၍ အပြစ်ဒဏ်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်း မရှိပေ။ မူလ ရုံးက တရားခံတစ်ဦးအား အပြီးအပြတ်**လွှတ်**သော အမိန့်ကို ဗဟိုဥပဒေ **ရုံးကသာ** ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ **၄၁၇** အရ ဗဟိုတရားရုံး၌ အယူခံဝင်နိုင်သည်။ သို့ဖြစ်၍ အုတ်ဖိုမြို့နယ်တရားရုံးက အမှုမှ **အပြီး** **အပြတ်လွှတ်လိုက်သော** **မောင်ကဲတိုးအား**ပဲခူးတိုင်း တရားသူကြီးအဖွဲ့ **က** ပြစ်မှုဆိုင်**ရာ** ဥပဒေပုဒ်မ ၃၉၆ **အရ** သေဒဏ်ချမှတ်ခြင်းမှာ ဥပဒေ **နှင့် ညီညွတ်မှုမရှိပေ။**

**မောင်ကဲတိုး ပါ(၃)** **နှင့်** ပြည်ထောင်စု ဆိုရှယ်လစ်
**သမ္မတ** မြန်မာနိုင်ငံတော် .... ၄

**တရားစီရင်ရေးအဖွဲ့ဟူသည် ဒိုင်လူကြီးမဟုတ်၊ အမှန်တရားဖော်ထုတ်ရန် အတွက် လိုအပ်လျှင် သက်သေများကို ခေါ်ယူစစ်ရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားစီရင်**ရေး** အဖွဲ့များ**သည်** ဒိုင်လူ**ကြီး** **အဖွယ်** **ဆောင်ရွက်ရန်** မဟုတ်**ပေ**။ **အမှန်**တရား ဖော်ထုတ်ရေး **အ**တွက် လိုအပ်ကြောင်း **တွေ့**ရှိရလျှင် လို**အပ်**သည့်သက်သေများကို **ခေါ်ယူစစ်**ဆေးသင့်**ပေ**သည်။ ထိုသို့စစ်ဆေးနိုင်ရန် ပြည်သူ့တရား သူကြီးအဖွဲ့ ဥပဒေပုဒ်မ ၇၇ နှင့် ပြစ်မှုဆိုင်ရာ **ကျ**င့်ထုံးဥပဒေပုဒ်မ ၅၄၀ တွင် ပြဋ္ဌာန်းထားသည်။

ဦးမျိုးသိန်း နှင့် ပြည်**ထောင်**စု ဆိုရှယ်လစ်သမ္မ**တ**
မြန်မာနိုင်**ငံတော်** .... ... ၁၃၀

**ရုံးပြောင်းစစ်ဆေးရန် လျှောက်ထားရာ၌ မည်သည့်အချက်ကို အဓိက ထား၍ စဉ်းစားရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ရုံးပြောင်း **လျှောက်ထား**သော အမှုများနှင့် **ပတ်သက်**၍ စဉ်းစားလျှ**င်** **သက်ဆိုင်ရာ** **တရား**ရုံးသည် အမှန်ပ**င်** **မ**ဟုတ်**မ**တရား ဆောင်ရွက်လိမ့်မည်ဟူ**သော** **အ**ချက်ကို အဓိ**က**

စာမျက်နှာ

စဉ်းစားရန် မဟုတ်ချေ။ လျှောက်ထားသူအနေဖြင့် တရားရုံးသည် မဟုတ်မတရား ဆောင်ရွက်လိမ့်မည်ဟု စိုးရိမ်နိုင်ဘွယ်ရာအကြောင်း ရှိမရှိဟူသော အချက်ကိုသာလျှင် အဓိကထား၍ စဉ်းစားရန် ဖြစ်ပေသည်။

ဦးသောင်းညွန့် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် .... ၁၆၂

**တရားစွဲဆိုရန် ခွင့်ပြုမိန့်ကိစ္စ—တရားရုံးသည် တရားခံတစ်ဦးအား အရေးယူပြီးနောက် တရားခံအဖြစ်မှ နုတ်ပယ်နိုင်ခြင်း ရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။လျှောက်ထားခံရသူ အမှတ်(၂) ဦးဝင်းရွှေသည် ပြည်သူ့ဝန်ထမ်း ဟုတ်မဟုတ်၊ ပြည်သူ့ဝန်ထမ်း ဟုတ်ပါလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၇ အရ ကြိုတင်ခွင့်ပြုမိန့် ရယူခြင်းမရှိခဲ့၍ အမှုမှာ ပျက်ပြယ်ခြင်း ရှိမရှိကိစ္စရပ်နှင့် ပတ်သက်၍ လေ့လာသည့်အခါ လျှောက်ထားခံရသူ အမှတ်(၂) ဦးဝင်းရွှေသည် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု ယူဆသည့်တိုင် တာဝန်ဝတ္တရားထမ်းဆောင်ခိုက် ကျူးလွန်မိသော ပြစ်မှုအတွက်သာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၇ အရ တရားစွဲဆိုရန် ခွင့်ပြုမိန့်လိုအပ်ပြီး တာဝန်နှင့် လုံးဝမသက်ဆိုင်သည့် ပြုမူချက်နှင့်ပတ်သက်လျှင် ခွင့်ပြုမိန့် ရယူရန် မလိုအပ်ကြောင်း တွေ့ရသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အဓိက စဉ်းစားရန်မှာ တရားရုံးတရုံးသည် တရားခံတစ်ဦးအား အရေးယူပြီးနောက် တရားခံအဖြစ်မှ နုတ်ပယ်နိုင်ခြင်း ရှိမရှိဆိုသည့်အချက်ဖြစ်သည်။ တရားရုံးကတရားခံတစ်ဦးအား အရေးယူပြီးနောက် ယင်းအပေါ် ငြိစွန်းချက်မရှိလျှင် စွဲချက်မတင်ပဲ လွှတ်ရန်ဖြစ်ပြီး ငြိစွန်းချက်ရှိလျှင် စွဲချက်တင်၍ ထုချေစေရန် တာဝန်ပေးရမည်။ တရားခံသည် စွဲချက်ကို ထုချေရှင်းလင်းနိုင်လျှင် ယင်းအား အမှုမှအပြီးအပြတ် လွှတ်ရန်ဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတွင် စွဲချက်မတင်ပဲ လွှတ်ခြင်းနှင့်အပြီးအပြတ် လွှတ်ခြင်းတို့မှလွဲ၍ အခြားပြဋ္ဌာန်းချက် မရှိပေ။

စာမျက်နှာ

ဦးဘသွင် နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် .... .... ၁၀၃
၂။ ဦးဝင်းရွှေ

**ကိစ္စတစ်ခုတည်းဟုဆိုနိုင်သော အမှုများကို ပူးပေါင်းစစ်ဆေးခြင်း— ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၅ နှင့် ၂၃၉ ပါ ပြဋ္ဌာန်းချက်၏ သဘော။**

**ဆုံးဖြတ်ချက်။** ။လျှောက်ထားသူ၏ အကျိုးဆောင်က ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၀ အရပြစ်မှုနှင့်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄၂ အရ ပြစ်မှုများကို တစ်မှုတည်းတွင် ပူးပေါင်း စစ်ဆေးခြင်းမှာ တရားဥပဒေနှင့် မညီညွတ်ကြောင်း တင်ပြလျှောက်လဲသည်။ ဤအမှုတွင် ကျူးလွန်သော ပြစ်မှုများသည် သီးခြားကျူးလွန်သော ပြစ်မှုများ မဟုတ်ချေ။ ကိစ္စရပ်တစ်ခုတည်းဟု ဆိုလောက်အောင်ဆက်နွယ်နေသော ဖြစ်ရပ်တစ်ခုတည်းတွင် ကျူးလွန်သော ပြစ်မှုများဖြစ်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၃၅ နှင့် ၂၃၉ ပါ ပြဋ္ဌာန်းချက်များအရ ယင်းပြစ်မှုများကို တပေါင်းတည်း စွဲဆိုခြင်းကို စစ်ဆေးစီရင်နိုင်ပေသည်။

မဒေါ်ရီရီသင်း နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် .... ၁၃၅
၂။ မလှသန်း

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃ (၁)—မည်သည့်အခါတွင် တရားခံအား စွဲချက်မတင်ပဲ လွှတ်ထားရခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ မှုခင်းများတွင် တရားခံဘက်မှ ချေဖျက်ခြင်း မပြုနိုင်လျှင် တရားခံအား အပြစ်တွေ့ရှိနိုင်လောက်အောင် တရားလိုဘက်မှ တရားခံအပေါ် အထောက်အထား တင်ပြနိုင်ခြင်းမရှိပါက၊ တရားခံအား စွဲချက်မတင်မီ လွှတ်ထားရမည်ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃ (၁)တွင် ပြဋ္ဌာန်းထားပေသည်။ ယခုအမှုတွင် လျှောက်ထားသူတို့၏ ပြုလုပ်မှုတို့သည် ယင်းတို့အပေါ် စွဲဆိုထားသည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မများအရ ပြစ်မှု

စာမျက်နှာ

မြောက်ကြောင်း မပေါ်လွှင်သဖြင့် လျှောက်ထားသူတို့အပေါ် စွဲချက်တင်ရန် မသင့်ပေ။


၁။ ဦးသောင်းညွန့် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်
၂။ ဒေါ်ကျင်ရီ သမ္မတ မြန်မာနိုင်ငံတော် ... ၁၅၉


**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၂(၁)- တရားခံတစ်ဦး၏ သက်သေအဖြစ် ထွက်ဆိုချက်ကို ပူးတွဲတရားခံအပေါ် အသုံးပြုနိုင်ခြင်း-ထိုသို့ သက်သေခံသောတရားခံကို ပူးတွဲတရားခံက ပြန်လှန်စစ်မေးခွင့်ရှိခြင်း- တရားခံတစ်ဦးကို စစ်ဆေးနေစဉ် ပူးတွဲတရားခံအား ရုံးခန်းအပြင်သို့ ထွက်နေစေခြင်း၊ ပြန်လှန် စစ်မေးခွင့် မပေးခြင်းတို့သည် ဥပဒေနှင့် မညီ။**

**ဆုံးဖြတ်ချက်။** ။လျှောက်ထားသူ မောင်သန်းလှ၏ အကျိုးဆောင်က အမှုတွင် ပထမတရားခံဖြစ်သော မောင်ဘိုသိန်းအား စစ်ဆေးစဉ် မြို့နယ်တရားစီရင်ရေးအဖွဲ့က မောင်သန်းလှအား ရုံးခန်း အပြင်ဘက်သို့ ထွက်နေစေသည့်အပြင် မောင်ဘိုသိန်းကိုလည်း ပြန်လှန်စစ်ဆေးခွင့်မပေးခဲ့သဖြင့် ဥပဒေအရ မှားစွာမှားယွင်း ကြောင်းဖြင့် တင်ပြလျှောက်လဲသည်။

တရားခံတစ်ဦးသည် သက်သေအဖြစ် အစစ်ခံရာ၌ အမှုတွင် ပူးတွဲတရားစွဲဆိုသော အခြားတရားခံတစ်ဦးအပေါ် ငြိစွန်းထွက်ဆိုပါက သူ၏ထွက်ချက်ကို ပူးတွဲတရားခံအပေါ် အသုံးပြုနိုင်ကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၄၂(၁) တွင် ပြဋ္ဌာန်းထားသည် ဖြစ်ရာ ထိုသို့ သက်သေခံသောတရားခံကို ပူးတွဲတရားခံက ပြန်လှန် စစ်မေးခွင့်ရှိပေသည်။ ထိုသို့ ပြန်လှန်စစ်မေးနိုင်ရန် သက်သေခံသော တရားခံသည် မိမိအပေါ် မည်ကဲ့သို့ ငြိစွန်းထွက်ဆိုသည်ကို သိရှိရန် လိုအပ်သည့်အလျှောက် တရားခံတစ်ဦးက သက်သေခံနေစဉ် ပူးတွဲ တရားခံသည်လည်း တရားခွင်၌ ရှိဖို့လိုသည်။ သို့ဖြစ်၍ အမှုတွင် မောင်ဘိုသိန်းကို စစ်ဆေးနေစဉ် မောင်သန်းလှအား ရုံးခန်းအပြင် ဘက်သို့ ထွက်နေစေခြင်း၊ မောင်သန်းလှအား မောင်ဘိုသိန်းကို ပြန်လှန်စစ်မေးခွင့်မပေးခြင်းတို့မှာ ဥပဒေနှင့်မညီညွတ်ပေ။

စာမျက်နှာ

မောင်သန်းလှ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် .... ၁၀၀

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉(၂) အရ တရားခံအား လျှောက်လဲခွင့်မပေးပဲ ၎င်းအကျိုးနစ်နာအောင် အမိန့်ချမှတ်ခြင်းမပြုနိုင်။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ကျင့်ထုံး ပုဒ်မ ၄၃၉ (၂) အရ တရားရုံးသည် တရားခံကိုယ်တိုင်ဖြစ်စေ၊ သူ၏အကျိုးဆောင်ဖြစ်စေ၊ကြားနာရန်အတွက် လျှောက်လဲတင်ပြခွင့်မပေးပဲ တရားခံ၏ အကျိုး ထိခိုက်နစ်နာစေမည့်အမိန့်ကို မချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ မကွေး တိုင်းတရားရုံးသည် တရားခံများ၏အကျိုး ထိခိုက်နစ်နာစေသောအမိန့်ကို တရားခံများအား အကြောင်းကြားခြင်းမပြုပဲ အမိန့်ချမှတ်ခြင်းမှာ ဥပဒေနှင့် ဆန့်ကျင်သည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နှင့် မောင်နု ပါ(၃) .... ၉၀

**အမှုစစ်ဆေးရာတွင် မလိုလားအပ်သော ကြန့်ကြာခြင်းများမဖြစ်စေရန် အမှုသည်များတွင် တာဝန်ရှိခြင်း — ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၈၈ အရ လျှောက်ထားမှုသည် လျှောက်ထားသူ၏ အခွင့် အရေး အမြန်ဆုံးရရှိရန်လိုအပ်သော အမှုအမျိုးအစားဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားရုံးများတွင် နှစ်ဘက်အမှုသည်တို့သည် တင်ပြလိုသော သက်သေအထောက်အထားများကို အပြည့်အဝ တင်ပြရန် အခွင့်အရေးရှိသည်နှင့်အမျှ အမှုစစ်ဆေးရာတွင် မလိုလားအပ်သောကြန့်ကြာခြင်းများ မပေါ်ပေါက်စေရန်လည်း သတိမူအပ်ပေသည်။ ရုံးပြောင်းလျှောက်ထားလျှင် ရုံးချိန်းရက်မတိုင်မီ လိုအပ်ချက်များကို ကြိုတင်ဆောင်ရွက်လျက် ရုံးချိန်းရက်တွင် ရုံးပြောင်းပေးရန် မည်သို့ ဆောင်ရွက်ခဲ့ပြီးကြောင်း လုံလောက်သော အထောက်အထားဟင်ပြရန် လိုအပ်ပေသည်။ သို့မှသာ လျှောက်ထားသူသည် သဘောရိုးနှင့်ပြုမူဆောင်ရွက်ကြောင်း ပေါ်လွင်နိုင်မည် ဖြစ်ပေသည်။

(ဝ) ညွှန်းချက်

စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ အရ စားစရိတ်လျှောက်ထားသော အမှုများမှာ ပြစ်မှုဆိုင်ရာနှင့် တရားမဆိုင်ရာတို့ ရောထွေးလျက်ရှိသောအမှုအမျိုးအစားဖြစ်သည်။ စားစရိတ်ရလိုသူအနေဖြင့် ရသင့်ရထိုက်သောအခွင့်အရေးကို အမြန်ဆုံးရရှိစေသင့်သော အမှုအမျိုးအစားလည်းဖြစ်သည်။ အမှုစစ်ဆေးရာတွင် ကြန့်ကြာနှောင့်နှေးသည်နှင့်အမျှ စားစရိတ်လျှောက်ထားသူသည် မိမိတောင်းဆိုသော အခွင့်အရေးကိုရရန်အတွက် စောင့်ဆိုင်းနေရမည်ဖြစ်သည်။


ဦးခင်မောင်ဦး နှင့် မစန်းစန်းဝင်း .... ၂၆


**အမျိုးသား၏ပြောဆိုပြုလုပ်မှုသည် အမျိုးသမီးတစ်ဦးအားမိမိဇနီးအဖြစ် လူကြီးများရှေ့တွင် အသိအမှတ်ပြုခဲ့ကြောင်း ထင်ရှားစေလျှင် မယားစရိတ်ပေးရန် တာဝန်ရှိခြင်း။**

ဆုံးဖြတ်ချက်။ ။မောင်ထွန်းအောင်ကျော်သည် လူကြီးများက လင်မယားအဖြစ် အသိအမှတ်ပြုရန်အတွက် လက်မှတ်ထိုးရန်လိုအပ်ကြောင်းပြောစဉ်က မောင်ထွန်းအောင်ကျော်က လက်မှတ်ထိုးရန်လိုသလားဟူ၍ပြောပြီး မသာနှင်းအေး၏ အိပ်ခန်းအတွင်း၌ မသာနှင်းအေးနှင့်အတူ အိပ်စက်ခဲ့သည်ကို တွေ့ရသည်။ မောင်ထွန်းအောင်ကျော်၏ ပြောဆိုပြုလုပ်မှုသည် မသာနှင်းအေးအား ယင်း၏ဇနီးအဖြစ် လူကြီးများရှေ့တွင် အသိအမှတ်ပြုခဲ့ကြောင်း ထင်ရှားစေသည်။ ထို့ကြောင့် မောင်ထွန်းအောင်ကျော်သည် မသာနှင်းအေးအား မယားစရိတ်ငွေများထောက်ပံ့ရန်တာဝန်ရှိကြောင်း အောက်ရုံးအဆင့်ဆင့်က အဆုံးအဖြတ်ပြုခဲ့သည်မှာ မှန်ကန်သည်ဟု ဆိုရပေမည်။


ဦးထွန်းအောင်ကျော် နှင့် မသာနှင်းအေး .... ၃၆


**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၈၈၊ လင်မယားကျွားနှင့် ခွဲခွာနေထိုင်ရခြင်းအတွက် လုံလောက်သောအကြောင်း။**

ဆုံးဖြတ်ချက်။ ။သက်သေခံချက်များအရ မောင်ကျင်ခဲ့သည် မသို့မ ကိုယ်ဝန် ၆ လ ရသည့်အချိန်မှစ၍ မသိုမအပေါ် လင့်

စာမျက်နှာ

စတ္တရားများ ပျက်ကွက်ရုံမျှမက မသိုမအား ရိုက်နှက်ပြီး နှင်ချခဲ့သည်ကိုလည်းကောင်း၊ ထို့နောက် မောင်ကျင်ခဲမှာ မသန်းရွှေဆိုသူနှင့် နောက်အိမ်ထောင် ပြုခဲ့သည်ကိုလည်းကောင်း တွေ့ရသည်။ မသိုမက မောင်ကျင်ခဲထံမှ စားစရိတ်ငွေ ရလိုကြောင်း ဦးသောင်း(လိုပြ-၂) နှင့် ဦးကျော့(လိုပြ-၃) တို့ထံ တိုင်တန်းလာသောအခါကျမှ မောင်ကျင်ခဲက ဦးကာ (ခံပြ-၂) နှင့် ဦးလှမောင် (ခံပြ-၆)တို့မှတဆင့် မသိုမကို ပြန်လည် ပေါင်းသင်းရန် ခေါ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။ သို့ရာတွင် မသိုမမှာ မောင်ကျင်ခဲထံသို့ ပြန်လည် လိုက်မသွားခဲ့ပေ။

ဖော်ပြပါ သက်သေခံချက်များအရ မောင်ကျင်ခဲနှင့် ခွဲခွာနေထိုင်ရန် မသိုမအတွက် လုံလောက်သောအကြောင်းများ ရှိသည်ဟူ၍ ဆိုရမည်။

မသိုမ နှင့် မောင်ကျင်ခဲ .... ၁၀၄

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈—အရွယ်ရောက်ပြီးကလေးအတွက် စားစရိတ်ထောက်ပံ့ရန်တာဝန် ရှိ မရှိ။**

ဆုံးဖြတ်ချက်။ ။သားသမီးများသည် အရွယ်ရောက်ပြီးဖြစ်သော်လည်း မိမိကိုယ်တိုင်မိမိ မထောက်ပံ့နိုင်သမျှ ကာလပတ်လုံး ဖခင်တွင် တာဝန်ရှိသည်။

မောင်သာလှ နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ်
သမ္မတ မြန်မာနိုင်ငံတော် ... ၁၅၆
၂။ ဒေါ်မသောင်း

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈(၄)— လင်ယောကျ်ားနှင့် အတူမနေခြင်းအတွက် လုံလောက်သော အကြောင်းပြချက်ရှိမှသာ မယားစရိတ် ရထိုက်ခြင်း။**

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈(၄) အရ လင်ယောကျ်ားနှင့်အတူ ပေါင်းသင်း နေထိုင်ခြင်းမပြုသည်မှာ လုံလောက်သော အကြောင်းရှိမှသာ မယားသည် စရိတ်ရထိုက်သည်။ လုံလောက်သော အကြောင်းမရှိပဲ အတူနေထိုင်ခြင်းမပြု

စာမျက်နှာ

ပါက မယားသည် စရိတ်ရထိုက်သူမဟုတ်ပေ။ လင့်ဝတ္တရားမပျက်သော ဖမောင်တင်ဝင်းနှင့် အတူနေထိုင်ရန် ငြင်းဆန်သော မကျင်အေးသည် မယားစရိတ် ရထိုက်သူမဟုတ်ပေ။

ကိုအောင်ဝင်း နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် .... ၆၁
သမ္မတ မြန်မာနိုင်ငံတော်
၂။ **မကျင်အေး**

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈ (၄)– လုံလောက်သော အကြောင်းပြချက်မရှိပဲ လင်ယောကျ်ားနှင့် အတူနေထိုင်ရန် ငြင်းဆန်သည့် ဇနီးသည်မှာ လင်ယောကျ်ားထံမှ စားစရိတ် မရထိုက်ခြင်း။

ဆုံးဖြတ်ချက်။ ။လုံလောက်သော အကြောင်းပြချက် မရှိပဲ ခင်ပွန်းဖြစ်သူ မောင်ဆန်းတင် ခေါ်ရာနေရာသို့ လိုက်၍ ပေါင်းဖောင်းနေထိုင်ရန် မလိုက်ဘဲ ငြင်းဆန်ခဲ့ခြင်းဖြစ်ကြောင်းသာ ပေါ်လွင်ပေသည်။ လုံလောက်သည့် အကြောင်းပြချက်မရှိပဲ လင်ယောကျ်ားနှင့် အတူနေထိုင်ရန် ငြင်းဆန်သည့် ဇနီးသည်မှာ လင်ယောကျ်ားထံမှ စားစရိတ် မရထိုက်ကြောင်းမှာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈(၄)တွင် ပြဋ္ဌာန်းထားလေသည်။

**ကိုဆန်းတင်** နှင့် **မလှိုင်** .... ၁၇၇

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၉–ကလေးစရိတ်နှုန်း တိုးမြှင့်ပေးခြင်း–ယခင် ကလေးစရိတ် အမိန့်ချမှတ်စဉ်အချိန်ကနှင့် နှိုင်းစာလျှင် ကလေးမှာ သိသိသာသာ ကြီးပြင်းလာသည့်အပြင် ပညာ သင်ယူနေသည့် အဆင့်အတန်း မြင့်မားလာသည့်အလျောက် ငွေကုန်ကြေးကျ များပြားလာခြင်း–လျှောက်ထားသူသည် ဝင်ငွေ အတော်အသင့်ရှိကြောင်း ပေါ်လွင်ခြင်း–တိုးမြှင့် သတ်မှတ်သော ကလေးစရိတ်နှုန်းသည် များလွန်းသည်ဟု ဆိုနိုင် မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။ယခင် တောင်ငူမြို့ ဒုတိယ ရာဇဝတ်တရားသူကြီးရုံးက ကလေးစရိတ် တစ်လလျှင် ငွေကျပ် ၂၀/-နှုန်း ပေးစေရန် ၁၉–၁၀–၆၃ နေ့တွင် သတ်မှတ်ခြင်းဖြစ်သည်။ ထိုသို့ သတ်မှတ်ခဲ့ပြီးနောက် (၁၄)နှစ်ခန့်အကြာ ၂၆–၉–၇၇ နေ့တွင်

စာမျက်နှာ

တိုင်းတရားရုံးက ကလေးစရိတ်ကို တစ်လလျှင် ငွေကျပ် ၇၀/-နှုန်းသို့ တိုးမြှင့်ပေးခဲ့လေသည်။ ကလေးမှာ သိသိသာသာ ကြီးပြင်းလာသည့်အပြင် ပညာသင်ယူနေသည့် အဆင့်အတန်းမှာလည်း မြင့်မားလာသည့်အလျောက် ငွေကုန်ကြေးကျ များပြားလာပေလိမ့်မည်။ လျှောက်ထားသူသည် ဝင်ငွေ အတော်အတန်ရှိကြောင်း မှုလရုံး အမှုတွဲရှိ အထောက်အထားများအရ ပေါ်လွင်နေပေသည်။ သို့ဖြစ်ရာ တိုင်းတရားရုံးက တိုးမြှင့်သတ်မှတ်သော ကလေးစရိတ်နှုန်းသည် များလွန်းသည်ဟု မဆိုသာပေ။

မာမက်ဟာနစ်ခန် နှင့် မဲရှနီဆာ .... ၁၁၆

ပြစ်မှုဆိုင်ရာအမှုများတွင် နိုင်ငံတော်ကသာ တရားလိုဖြစ်ခြင်း—အခြားသူက သေသူ၏ကိုယ်စား အမှုတွင် ပါဝင်ခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။တရားမမှုများတွင် အမှု မပြီးပြတ်မီအတွင်း တရားလို ကွယ်လွန် အနိစ္စရောက်လျှင် တရားဝင် ကိုယ်စားလှယ် ထည့်သွင်း၍ အမှုကို ဆက်လက် ဆောင်ရွက်နိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းချက်ရှိသော်လည်း ပြစ်မှုဆိုင်ရာအမှုများတွင် ထိုသို့ ပြဋ္ဌာန်းချက်မရှိပေ။ ထို့ကြောင့် ပြစ်မှုဆိုင်ရာအမှုများတွင် တရားလိုသည် အမှုကို ဆောင်ရွက်နေစဉ်အတွင်း ကွယ်လွန် အနိစ္စရောက်လျှင် ယင်းကိုယ်စား အခြားသူတစ်ဦးက တရားလိုအဖြစ် လိုက်ပါဆောင်ရွက်ခြင်း၊ ရှေ့နေငှားခြင်း မပြုလုပ်နိုင်ပေ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးပုဒ်မ ၄၉၂ အရ ပြစ်မှုဆိုင်ရာအမှုများတွင် တရားလိုသည် နိုင်ငံတော်ဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာအမှုများတွင် ရုံးအမှုလိုက်ရှေ့နေ သို့မဟုတ် ဥပဒေဝန်ထမ်းကသာလျှင် တရားလို ကိုယ်စား ပြု၍ ဆောင်ရွက်နိုင်ခွင့်ရှိသည်။ တရားရုံးသို့ တိုက်ရိုက် လျှောက်ထားသော အမှုများတွင်လည်း တိုက်ရိုက် လျှောက်ထားသော တရားလိုရှိနေလျှင် အမှုကို ဆက်လက် ဆောင်ရွက်ခြင်း၊ အကျိုးဆောင်အား ကိုယ်စားလှယ်လွှဲခြင်းများ ပြုလုပ်နိုင်သော်လည်း တိုက်ရိုက် လျှောက်ထားသောတရားလို သေဆုံးလျှင် ယင်းကိုယ်စား ပုဂ္ဂိုလ်တဦးဦးက အမှုကို ဆက်လက် ဆောင်ရွက်နိုင်ခွင့်မရှိပေ။

ဦးစိုးရ ပါ(၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် .... ၄၄
သမ္မတ မြန်မာနိုင်ငံတော်

တာမျက်နှာ

**အာမခံ ခွင့်ပြုသင့် မသင့် စဉ်းစားရန်အချက်—အာမခံအတွက် သတ်မှတ်သော ငွေကြေးပမာဏ။**

ဆုံးဖြတ်ချက်။ ။တရားခံတစ်ဦးအပေါ် အာမခံပေးရန် သင့် မသင့် စဉ်းစားရာတွင် အမှုစစ်ဆေးသော တရားရုံးသည် တရားခံ အပေါ် စွပ်စွဲသော ပြစ်မှုအခြေအနေကို လေ့လာသုံးသပ်ပြီး တရား ဥပဒေအရ အာမခံ ခွင့်ပြုသင့်လျှင် ခွင့်ပြုရန်ဖြစ်၍ ခွင့်ပြုရန်မသင့် လျှင် ငြင်းပယ်ရမည် ဖြစ်ရပေသည်။ တရားလိုအား ငွေ မည်ရွေ့ မည်မျှပေးမှသာ တရားခံ၏ အာမခံလျှောက်လွှာကို စဉ်းစားမည် ဆိုခြင်းမှာ တရားခံအပေါ် ကြိုတင်၍ အပြစ်မြင်သည့်သဘော သက်ရောက်လျက်ရှိပေသည်။

တရားခံတစ်ဦးအား အာမခံခွင့်ပြုရန် သင့် မသင့် စဉ်းစားရာ တွင် တရားခံသည် အမှုနှင့်ပတ်သက်၍ မလျော်ဩဇာ သုံးလိမ့်မည် သို့မဟုတ် ထွက်ပြေး တိမ်းရှောင်လိမ့်မည်ဟူသော အချက်များ မပေါ်ပေါက်လျှင် အာမခံပေးနိုင်သည်။ အာမခံခွင့်ပြုရာတွင် အဆ မတန် တန်ဖိုးထားရန် မသင့်သော်လည်း တရားခံအပေါ်တွင် စွပ်စွဲ သော ငွေကြေးပမာဏနှင့် အာမခံအတွက် သတ်မှတ်သော ငွေ ကြေးပမာဏတို့မှာ လိုက်လျောညီထွေ ဖြစ်သင့်ကြောင်းလည်း သတိ မူရပေမည်။

ဦးစင်းသောင်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် .... ၁၅၃

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁-က ပါ လုပ်ပိုင်ခွင့်ကို တရားရုံးသို့ အပ်နှင်းထားခြင်း မရှိခြင်း—ပယ်ဖျက်ခြင်းမပြုသေး၍ အတည်ဖြစ်လျက်ရှိသော အမိန့်ကို လိုက်နာဆောင်ရွက်ရန် တာဝန် ရှိခြင်း။**

ဆုံးဖြတ်ချက်။ ။ယခင် ရန်ကုန်တိုင်း မြို့သူ့တရားရုံးအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁–က ပါ လုပ်ပိုင်ခွင့်များကို အပ်နှင်းခဲ့ခြင်းမရှိ၍ ယင်းရုံးအနေဖြင့် တာမွေမြို့နယ်တရားရုံးတွင်

စာမျက်နှာ

စစ်ဆေးလျက်ရှိသော ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၁၆/၇၃ ကို ချေဖျက်ခြင်း မပြုနိုင်ပေ။

**ထပ်ပံဆုံးဖြတ်ချက်။** ။တိုင်းပြည်သူ့တရားရုံးက တာမွေမြို့နယ် တရားရုံး၏အမှုတွဲကို ချေဖျက်လိုက်သောအမိန့်ကို ဗဟိုတရားရုံးက ပယ်ဖျက်ခြင်း မပြုသည့်အလျောက်၊ ယင်းအမိန့်မှာ အတည်ဖြစ်နေသောကြောင့် မြို့နယ်တရားရုံးအနေဖြင့် တိုင်းပြည်သူ့တရားရုံးက ချမှတ်ခဲ့သော အမိန့်အတိုင်း လိုက်နာ ဆောင်ရွက်ရန်ဖြစ်သည်။

အက်စ်-ကေ-ဆင်း နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၂။ ဦးခင်မောင် .... ၁၀၄

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄—ကိုယ်တိုင် ကိုယ်ထိလက်ရောက် ကျူးလွန်ရန် မလိုသော်လည်း ပြစ်မှုကျူးလွန်ရာ၌ ကိုယ်တိုင်ရှိမှသာ တူညီသော ရည်ရွယ်ချက်ဖြင့် ကျူးလွန်သည်ဟု ယူဆနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားခံများသည် အကြံတူတစ်ခုကို အထမြောက်စေရန် ရည်ရွယ်၍ ပြစ်မှုကျူးလွန်မှသာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄ နှင့် အကျုံးဝင်ပေသည်။ ပြစ်မှုကျူးလွန်သည်ဆိုရာ၌ ပြစ်မှုကျူးလွန်သူကိုယ်တိုင် ကိုယ်ထိလက်ရောက် ကျူးလွန်ရန်မလိုသော်လည်း ပြစ်မှုကျူးလွန်ရာ၌ ကိုယ်တိုင်ရှိမှသာ တူညီသော ရည်ရွယ်ချက်ဖြင့် ကျူးလွန်ခြင်း မည်ပေသည်။ ယခုအမှုတွင် မိုးကျော်အား မောင်လှမြင့်က သတ်ဖြတ်နေစဉ် ဦးလှသာနှင့် မတင်လှတို့သည် သတ်ဖြတ်သည့်နေရာတွင် မရှိကြပဲ ကျောင်းပေါ်တွင် ရှိနေကြသဖြင့် ယင်းတို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄ အရ တာဝန်ရှိသည်ဟု ကောက်ယူရန် မဖြစ်ချေ။ သို့သော် ဦးလှသာနှင့် မတင်လှတို့သည် မိုးကျော်အား မောင်လှမြင့်က လုပ်ကြံရာတွင် အားပေး ကူညီခဲ့ကြကြောင်း အထောက်အထားများရှိသဖြင့် ယင်းတို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ)/၁၁၉ အရ အပြစ်ဒဏ်ထိုက်သောပြစ်မှုကို ကျူးလွန်ကြသည်။

ပုဒ်မ ၂၀၁ ပါ ပြဋ္ဌာန်းချက်များသည် ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီ ခံရမည့်ပြစ်ဒဏ်မှ ကာကွယ်ရန်အကြံဖြင့် ပြစ်မှု

စာမျက်နှာ

ကျူးလွန်ခြင်းနှင့် စပ်လျဉ်းသော သက်သေခံ အထောက်အထား တစ်ခုခုကို ပျောက်ပျက်စေခြင်းနှင့် ပတ်သက်သည်ဖြစ်ရာ ဖြစ်မှုကို ကိုယ်ထိလက်ရောက် ကျူးလွန်သူနှင့် မသက်ဆိုင်ချေ။

ဦးလှဘ (ခ) ဦးလှမြိုင် ပါ(၃) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် .... ၁၃၈

ဖြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄—ယင်းပုဒ်မ၏ အကာအကွယ်ကို ခံစားနိုင်ရန် လိုအပ်သည့် မိမိပြုလုပ်မှု၏သဘောနှင့် အကျိုးအပြစ်ကို မသိရှိနိုင်အောင် စိတ်ပေါ့သွပ်နေရမည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။မသန်းသန်းဦးနှင့် မတူးတို့အား ဓားနှင့် ထိုးစဉ်က မောင်စိုးသိန်းသည် မိမိပြုလုပ်မှု၏ သဘောနှင့် အကျိုး အပြစ်ကို မသိရှိလောက်အောင် အမြော်အမြင်နှင့် မပြည့်စုံပဲ ရူးသွပ်နေမှသာ ဖြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄ ၏ အကာအကွယ်ကို ရယူနိုင်မည်ဖြစ်သည်။ ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၄ တွင် "စိတ်ပေါ့သွပ်ခြင်းကြောင့် ပြုလုပ်စဉ်က မိမိ၏ ပြုလုပ်မှုသည် မည်သို့သော သဘောရှိသည်ကိုလည်းကောင်း၊ မတော်မမှန်သည်ကိုသော်လည်းကောင်း၊ ဥပဒေနှင့် ဆန့်ကျင်သည်ကိုသော်လည်းကောင်း မသိနိုင်သောသူ၏ ပြုလုပ်မှုသည် ဖြစ်မှုမမြောက်ဟု ပြဋ္ဌာန်းထားပေသည်။ ယခုမှု အချင်းဖြစ်ပွားချိန်က မောင်စိုးသိန်းသည် ယင်းကဲ့သို့သော စိတ်အခြေအနေရှိကြောင်း သက်သေခံအထောက်အထားများ မရှိသောကြောင့် ဖြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄ ၏ အကာအကွယ်ကို မခံစားနိုင်ပေ။

မောင်စိုးသိန်း (အင်းစိန်အကျဉ်းစခန်း) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် .... ၄၇

ဖြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၄ စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ဆင့်သော အခွန်ကောက် နို့တစ်စာကို မလိုက်နာခြင်းသည် ဖြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၇၄ နှင့် သက်ဆိုင်မှုမရှိခြင်း။

ဆုံးဖြတ်ချက်။ ။စည်ပင်သာယာရေးအဖွဲ့မှ စည်းကြပ်ကောက်ခံသော ပေးဆောင်ရသော အခွန်အနှုန်းနှင့်မီးခွန်ကို ၃၁-၈-၇၆ နေ့မတိုင်မီ

စာမျက်နှာ

စည်ပင်သာယာရေးအဖွဲ့ အတွင်းရေးမှူးထံ ပေးသွင်းရန်ဖြစ်သော်လည်း ပေးသွင်းရန် ပျက်ကွက်ခဲ့ကြောင်း၊ စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ဆင့်သော နို့တစ်စာမှာ အခွန်တော်စည်းကြပ်သည့်စာ ဖြစ်ကြောင်း ပေါ်လွင်သည်။ ထိုနို့တစ်စာတွင် အခွန်တော်ငွေများ မဆမ်းဆောင်ပါက မြေခွန်တော်ဥပဒေအရ တိကျစွာအရေးယူမည်ဖြစ်ကြောင်း သတိပေးပါသည်ဟုလည်း ဖော်ပြထားလေသည်။ နို့တစ်စာမှာ စည်ပင်သာယာရေးအဖွဲ့သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း တက်ရောက်ရန် ထုတ်ဆင့်သည့် နို့တစ်စာမဟုတ်ပေ။ ယင်းနို့တစ်စာကိုလျှောက်ထားသူက မလိုက်နာခြင်းကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၄ အရ ပြစ်မှုကျူးလွန်သည်ဟု မဆိုသာပေ။

ဦးလှဖေ နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၂။ ဦးစိုးမြင့် .... ၁၄၄

စွဲချက်တွင် တိကျစွာ ဖော်ပြရန် လိုအပ်ခြင်း—ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ ဟူ၍သာ စွဲချက်တင်ပြီးနောက် ပုဒ်မ ၃၀၂ (၁)(ခ) အရ အပြစ်ပေးခြင်း—တရားခံအတွက် ချေပရန် သိသင့် သိထိုက်သော စွပ်စွဲချက်ကို ဖော်ပြခြင်းမရှိသောကြောင့် ဥပဒေနှင့် ဆန့်ကျင်ခြင်း။

ဆုံးဖြတ်ချက်။ ။မူလတရားရုံးသည် တရားလိုပြသက်သေများအား စစ်ဆေးကြားနာပြီးနောက် တရားခံ ဘိုးတုတ်(ခ)ခင်မောင်မျိုးအပေါ် မှောင်တင်မောင်ညွန့်အား ဓားဖြင့် ထိုးသတ်ခြင်းနှင့်ပတ်သက်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ အရ စွဲချက်တင်သည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ မှာ နှစ်ပိုင်းခွဲခြားချက်ရှိသည်။ ပုဒ်မ ၃၀၂(၁)တွင် မည်သူမဆို (က) တသက်တကျွန်းဒဏ် စီရင်ခြင်းခံရသည့်အတွင်း သို့တည်းမဟုတ် (ခ) တင်ကူးကြံရွယ်ချက်ဖြင့် သို့တည်းမဟုတ် (ဂ) ပြစ်မှုဆိုင်ရာဥပဒေအရ ၇ နှစ်ထိ ထောင်ဒဏ်ချမှတ်ခြင်းခံရသောပြစ်မှုကို ကျူးလွန်နေစဉ် လူသတ်မှုကို ကျူးလွန်လျှင် ထိုသူကို သေဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ဖော်ပြပါရှိသည်။ ပုဒ်မ ၃၀၂ (၂) တွင် မည်သူမဆို အခြားအချက်မျိုး၌ လူသတ်မှုကျူးလွန်လျှင် ထိုသူကို အသက်

စာမျက်နှာ

တကျွန်းဒဏ်ဖြစ်စေ၊ ဇာလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်သည်း ချမှတ်နိုင်သည်ဟု ဖော်ပြပါရှိသည်။

ဘိုးတုတ် (ခ) ခင်မောင်မျိုးအပေါ် ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ ဟူ၍သာ စွဲချက်တင်ပြီးနောက် အပြစ်ပေးသောအခါတွင် ပုဒ်မ ၃၀၂(၁)(ခ)အရ အပြစ်ပေးခြင်းမှာ တရားခံသည် ချေပရန်နှင့် ပတ်သက်ပြီး သိသင့်သိထိုက်သော စွပ်စွဲချက်ကို ဖော်ပြခြင်း မရှိသောကြောင့် ဥပဒေနှင့် ဆန့်ကျင်သည်။ ပုဒ်မ ၃၀၂ ဟူ၍ စွဲချက်တွင် ဖော်ပြကာမျှနှင့် ပုဒ်မ ၃၀၂(၁)(ခ) ဟူ၍ မှတ်ယူရမည်မဟုတ်ပေ။ တရားခံအပေါ် ပုဒ်မ ၃၀၂ (၁) (ခ) အရ ဖြေရှင်းစေလိုလျှင် ထိုအတိုင်း တိကျစွာ စွဲချက်တွင် ဖော်ပြပါရှိရန် လိုအပ်မည်ဖြစ်သည်။

မောင်ခင်မောင်မျိုး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် .... ၃၀

**တင်ကူး ကြံရွယ်ချက်သည် အကြောင်းခြင်းရာ ပြဿနာဖြစ်ခြင်း**—တင်ကူး ကြံရွယ်ချက်ရှိကြောင်း အကြောင်းအချက်တို့ကို အထင်အရှားပြရန် လိုအပ်ခြင်း။

**ဆုံးဖြတ်ချက်။** ။တင်ကူး ကြံရွယ်ချက်ဖြင့် သတ်ဖြတ်ခြင်း ဟုတ် မဟုတ် စဉ်းစားရာတွင် တင်ကူး ကြံရွယ်ချက်ဆိုသည်မှာ အကြောင်းခြင်းရာနှင့် ပတ်သက်သောပြဿနာဖြစ်သည်။ တင်ကူး ကြံရွယ်ချက်ရှိကြောင်း အကြောင်းအချက်တို့ကို အထင်အရှားပြဖို့ လိုသည်။ ယခုအမှုတွင် တင်ကူး ကြံရွယ်ချက်နှင့် ပတ်သက်ပြီး စဉ်းစားရာ အယူခံတရားလို မောင်ဘဆန်းနှင့် သေသူ မဒွေးဒွေး တို့မှာ (၁၄)နှစ်ခန့်လောက်ကစ၍ ပေါင်းသင်းလာပြီး သားသမီး ၆ယောက်ပင် ရရှိခဲ့သည်။ မောင်ဘဆန်းအာ သေသူ မဒွေးဒွေး သည် ကျောင်းဆရာ တစ်ဦးနှင့် ဖောက်လွဲဖောက်ပြန် ဖြစ်နေသည်ဟု စွပ်စွဲသည်ဆိုရုံမျှဖြင့် တင်ကူးကြံရွယ်ချက်ရှိသည်ဟု တထစ်ချ မယူဆ နိုင်ချေ။ တင်ကူး ကြံရွယ်ချက်ရှိကြောင်း ခိုင်လုံသော သက်သေ အထောက်အထား ရှိရမည်။ တရားလိုဘက်မှ မောင်ဘဆန်းတွင် တင်ကူးကြံရွယ်ချက်ရှိကြောင်း အထောက်အထား ခိုင်လုံစွာ မပြ

စာမျက်နှာ

နိုင်ပေ။ အချင်းဖြစ်ညက ယင်းတို့နှစ်ဦးသည် မိုးကုတ်မှ မေမြို့၊ ထုံးဘိုရုပ်ရှိ နေအိမ်သို့ ည ၁၀ နာရီခန့်လောက်တွင် ကောင်းမွန်စွာ ပြန်ရောက်ပြီး မကြာမီ နာရီပိုင်းအတွင်းမှာ ယခုကဲ့သို့ လူသတ်မှု ဖြစ်ပွားရာ တစုံတခုသော အကြောင်းကြောင့် ဒေါသအလျောက် ဤသို့ ပြုလုပ်ခြင်းဖြစ်နိုင်သည်ဟု ယူဆရန်သာရှိသည်။

**မောင်ဘဆန်း** နှင့် ပြည်ထောင်စု ဆိုရှယ်လစ် .... ၉၅
သမ္မတ မြန်မာနိုင်ငံတော်

**တရားခံအပေါ် သေးငယ်သော ပြစ်မှုနှင့် စွဲချက်တင်ပြီး ကြီးလေးသော ပြစ်မှုဖြင့် အပြစ်မပေးနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။မင်းကင်းမြို့နယ် တရားရုံးသည် မောင်ဘပြေ့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂)အရ စွဲချက်တင်ပြီးနောက် အပြစ်ပေးသောအခါတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁)(ခ) အရ အပြစ်ပေးခြင်းမှာ ဥပဒေအရ မှားယွင်းသည်။ တရားခံတစ်ဦးအပေါ် သေးငယ်သော ပြစ်မှုနှင့် စွဲချက်တင်ပြီးနောက် ကြီးလေးသောပြစ်မှုသို့ ပြောင်းလဲ အပြစ်မပေးနိုင်ပေ။

**မောင်ဘပြေ့** နှင့် ပြည်ထောင်စု ဆိုရှယ်လစ် .... ၉၉
သမ္မတ မြန်မာနိုင်ငံတော်

**ခုခံကာကွယ်ပိုင်ခွင့်–မလျော်သောအခွင့်အရေးကို သုံးစွဲခြင်းမရှိပဲ ဥပဒေဘောင်အတွင်းမှ ခုခံကာကွယ်ပိုင်ခွင့်အရ ပြုလုပ်မှုသည် ပြစ်မှုမမြောက်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သက်သေခံချက်များအရ သေသူမောင်အောင်သိန်းက စောင်၍ ဦးခေါင်းကားသည့် သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးဖြင့် လျောက်ထားသူ၏ ဦးခေါင်းကို ၄-၅ ချက် ရိုက်ခဲ့သည့်အတွက် လျောက်ထားသူသည် မိမိ၏ခန္ဓာကိုယ်နှင့် အသက်အန္တရာယ်ကို ကာကွယ်သည့်အနေဖြင့် အနီး၌ရှိနေသော ၂ တောင်ခန့်ရှည်သည့် ထင်းချောင်းဖြင့် သေသူ၏ ဦးခေါင်းကို တစ်ချက်တည်းသာရိုက်ပြီး ထွက်ပြေး ခဲ့ခြင်းဖြစ်ကြောင်း ပေါ်လွင်သည်။ လျောက်ထားသူသည်မလျော်သည့် အခွင့်အရေးကို သုံး၍ သေသူ

အား ရိုက်ခဲ့ခြင်းဖြစ်ကြောင်း မတွေ့ရပေ။ လျှောက်ထားသူသည် ဥပဒေဘောင်အတွင်းမှ ခုခံကာကွယ်ပိုင်ခွင့်အရ ပြုလုပ်ခဲ့ခြင်းသာ ဖြစ်သည့်အတွက် ယင်းပြုလုပ်မှုသည် ပြစ်မှုမမြောက်ပေ။

**မန်းမောင်ကေ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်** .... ၁၂၂

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ က— ဂျစ်ကား ဘောနက်ပေါ်တွင် လူတင်ပြီး ဂျစ်ကားအတွင်း၌ လူများနှင့် ကုန်များကို အဆမတန် တင်ဆောင်လာခြင်း—သာမန်လူတစ်ယောက် ထားသင့်သော သတိ၊ ရှိသင့်သော ဝီရိယတို့ မရှိသည့် အတွက် ပေါ့လျော့စွာ ပြုလုပ်ရာ ရောက်ခြင်း။**

**ဆုံးဖြတ်ချက်။** ။မောင်ကျော်ဦးသည် ဂျစ်ကား ဘောနက်ပေါ်တွင် လူတင်ပြီး ဂျစ်ကားအတွင်း၌ လူများနှင့်ကုန်များကို အဆမတန် တင်ဆောင်လာသောကြောင့် သာမန်လူတစ်ယောက်ထားသင့်သော သတိ၊ ရှိသင့်သော ဝီရိယကို မရှိသည့်အတွက် ကားချင်းရှောင်ရာတွင် ကားကို မထိမ်းနိုင်ဖြစ်ပြီး တိမ်းမှောက်ခဲ့ရာမှ မဘိုမမှာ ကားပိပြီး သေဆုံးခဲ့ခြင်းဖြစ်၍ မောင်ကျော်ဦးသည် ပေါ့လျော့စွာ ပြုလုပ်ရာ ရောက်ပေသည်။ ဤအချက်များအပေါ် အခြေခံ၍ မြို့နယ်တရားရုံးက မောင်ကျော်ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄—ကအရ ပြစ်မှုထင်ရှားစီရင်ထားသည်မှာ မှားယွင်းခြင်းမရှိသည့်အပြင် ယင်းအပေါ် မြို့နယ်တရားရုံးက ချမှတ်ထားသည့်ပြစ်ဒဏ်မှာလည်း လျော်ကန်သင့်မြတ်သည့် ပြစ်ဒဏ်ဖြစ်ကြောင်း တွေ့ရှိရသည်။

**မောင်ကျော်ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်** .... ၁၃

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၃—အရ မိန်းကလေးတစ်ဦး အသက် ၁၆ နှစ် မပြည့်သေးကြောင်း သက်သေပြရန် တရားလိုအပေါ် တာဝန်ရှိခြင်း—ဒွိဟသံသယအကျိုး တရားခံသာလျှင် ခံစားခွင့်ရှိ။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၃ နှင့်ပတ်သက်ပြီး မိန်းကလေး တစ်ဦးသည် အသက် ၁၆ နှစ် မပြည့်သေးပါ

စာမျက်နှာ

ဟူသော သက်သေခံ အထောက်အထားပြရန် တာဝန်မှာ တရားလို အပေါ်တွင် ရှိသည်။ အကယ်၍ မိန်းကလေး၏ အသက်သည် ၁၆ နှစ်ပြည့်ပြီးလည်း ဖြစ်နိုင်သည်။ ၁၆ နှစ်မပြည့်သေးလည်း ဖြစ်နိုင်သည်ဟု အမှုတွဲ၌ ပေါ်လွင်လျှင် အသက်နှင့် ပတ်သက်သော ဒွိဟ သံသယအကျိုး ခံစားခွင့်ကို တရားခံသာလျှင် ခံစားခွင့်ရှိသည်။

**ပြည်ထောင်စု ဆိုရှယ်လစ် နှင့် မောင်တူး .... ၈၃**
**သမ္မတ မြန်မာနိုင်ငံတော်**

**တရားမမှုစွဲဆိုထားခြင်းကြောင့် ပြစ်မှုဆိုင်ရာအမှုကို ဆိုင်းငံ့ထားရန်မလို ခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်မှု မြောက်မ မြောက်ဟူသော အချက်နှင့် တရားမဆိုင်ရာ အရ မြွက်ဟဒီကရီ ပေးသင့်မပေးသင့်ဟူသော အချက်တို့မှာ တူညီသည်ဟု မဆိုပေ။ တရားမမှု စွဲဆိုထားသည် ဟူသောအချက်ကြောင့် ပြစ်မှုဆိုင်ရာအမှု ကို ဆိုင်းငံ့ထားရန်မလိုပေ။

အရာခံဗိုလ်မြသောင်း နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်
ပါ(၂) သမ္မတ မြန်မာနိုင်ငံတော်
၂။ မကြည်မြင့် ... ၁၄၄

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၄၊ သေသူ ကျန်ရစ်သော ပစ္စည်းကို သူစိမ်းက မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုခြင်းနှင့်သာ သက်ဆိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၀၄ အရ ပြစ်မှု မြောက်ရန် သေဆုံးသူ၏ ကျန်ရစ်သောပစ္စည်းကို သေဆုံးသူနှင့် မည်သို့မျှ ဆွေမျိုးတော်စပ်ခြင်းမရှိသော သူတစ်ဦးက မရိုးမဖြောင့် သောသဘောဖြင့် အလွဲသုံးစားပြုခြင်းနှင့် သက်ဆိုင်သည်။

**ဒေါ်တင်တင်ညွန့် နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် .... ၅၉**
**ဒေါ်ကြည်စိန်** သမ္မတ မြန်မာနိုင်ငံတော်
**၂။ ဒေါ်သန်းသန်း**

စာမျက်နှာ

ပြစ်မှုဆိုင်ရာ အမှုများတွင် တိုင်တန်းသူသည် စွဲချက်တင်လောက်သည့် အထောက်အထားများကို ထင်ပြရန် တာဝန်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ အမှုများတွင် တိုင်တန်းသူသည် စွဲချက်တင်နိုင်လောက်သည့် အထောက်အထားထင်ပြရန် တာဝန်ရှိသည်။ စွပ်စွဲခံရသူနှင့် မပြီးပေ။ တရားရုံးကလည်း စွဲချက်တင်နိုင်လောက်သည့် ဒြဗ်စုံချက် ရှိ မရှိ သုံးသပ်ရသည်။

မခင်ရှီ နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၂။ ဒေါ်အောင်ကြည် .... ၄၁

အမှုတစ်ခုကိုဆုံးဖြတ်ရာ၌ ယင်းအမှုတွင် ပေါ်ပေါက်သော သက်သေခံချက်အရသာ ဆုံးဖြတ်ရန်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။တိုင်းတရားရုံးသည် ဦးညိမ်း ရွှေပေါင် ခိုးသူဖြစ်ကြောင်း၊ မှန်မမှန်ဟူသောအချက်နှင့် ပတ်သက်ပြီး သံသယရှိသောကြောင့် ဒေါ်ခင်ရွှေဆိုသူက ဦးညိမ်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ စွဲဆိုထားသောအမှုကို တောင်းခေါ်ကြည့်ရှုပြီးလျှင် ထိုအမှုတွင် ဦးညိမ်းအပေါ် ရွှေပေါင်သည့်ကိစ္စအတွက် တရားစွဲဆိုသောကြောင့် ဦးညိမ်းသည် ရွှေပေါင်ခိုးသူဖြစ်ကြောင်း ပေါ်လွင်သည်ဟူ၍ မှတ်ချက်ပြုသည်။ ဦးညိမ်းအပေါ် ဒေါ်ခင်ရွှေဆိုသူက လိမ်လည်မှုဖြင့် တရားစွဲဆိုခြင်းပြုကာမျှနှင့် လည်း ဦးညိမ်းသည် ဦးအုန်းရွှေအပေါ်တွင်လည်း အလားတူ လိမ်လည်မှု ပြုလုပ်ရမည်ဟု မှတ်ယူရန်မဟုတ်ပေ။ အမှုတစ်ခုချင်းအလိုက် စစ်ဆေးကြားနာသော သက်သေခံချက်များအပေါ် မူတည်၍သာ အဆုံးအဖြတ်ပေးရန် ဖြစ်ပေသည်။

ဦးညိမ်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် .... ၅၁

ဝန်ထမ်းတစ်ဦးအား ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီးမှသာ ပြစ်မှုကြောင်းအရ အရေးယူရမည်ဟူ၍ သတ်မှတ်ချက် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာနှင့်ပတ်သက်ပြီး အရေးယူရာတွင် ဌာနဆိုင်ရာ စစ်ဆေးမှု ပြုလုပ်ပြီးမှသာ အရေးယူနိုင်သည် မဟုတ်ပေ။ ဌာနဆိုင်ရာ စစ်ဆေးမှု ပြုလုပ်သည်ဖြစ်စေ၊ မပြုလုပ်သည်

ဖြစ်စေ ပြစ်မှုကျူးလွန်သည်ဟု ယူဆသူများအပေါ် ရှာနှဆိုင်ရာ အကြီးအကဲသည် ပြစ်မှုကြောင်းအရ အရေးယူနိုင်ခွင့်ရှိသည်။

မောင်ဝင်း ပါ (၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် ... သမ္မတ မြန်မာနိုင်ငံတော် ၁၅၀

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၃၄—ယင်းပုဒ်မတွင် ဖော်ညွှန်းသည့် ပြည်သူ့ဝန်ထမ်း၏ အမိန့်အရ မြေပေါ်စိုက်ထူထားသော မှတ်တိုင် ဖြစ်ရန် လိုခြင်း။

ဆုံးဖြတ်ချက်။ ။သာသနာ့မြေအဖြစ်သတ်မှတ်ပေးရေးအတွက် လျှောက်ထားမှုပြုလုပ်နိုင်ရန် မြေပုံရေးဆွဲရေးကိစ္စအတွက် တိုင်းတာပေးသည့်မြေကို အနေအထားသိရှိရန် ဂေါပကအဖွဲ့က စိုက်ထူခဲ့သည့် မှတ်တိုင်များသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၄ တွင် ဖော်ညွှန်းသည့် ပြည်သူ့ဝန်ထမ်း၏အမိန့်အာဏာအရ မြေပေါ်၌ သတ်မှတ်စိုက်ထားသောမှတ်တိုင်များဖြစ်သည်ဟု မှတ်ယူရန်မဖြစ်နိုင်ပေ။

ဦးလှမောင် ပါ (၂) နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် .... သမ္မတ မြန်မာနိုင်ငံတော် ၂။ ဦးသာစိန် ၁၄၇

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇— ပြစ်မှုမကင်းသော ကျော်နင်းမှုမျိုးတွင် တရားစွဲဆိုသည့်အချိန်၌ ဥပစာကို မည်သူက လက်ရှိဖြစ်သည်ကို သာ အဓိကစဉ်းစားရန်လိုခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ အရ ပြစ်မှုမကင်းသော ကျော်နင်းမှုဖြင့် စွဲဆိုသည့်အမှုမျိုးတွင် တရားစွဲဆိုသည့်အချိန်၌ ဥပစာကို မည်သူက လက်ရှိဖြစ်သည့် ဆိုသည့် အချက်ကို အဓိကထားရှိစဉ်းစားရပေသည်။လျှောက်ထားခံရသူက အချင်းဖြစ်ခြံမြေကို ဂ-၆-၆၇ နေ့က ဝယ်ယူခဲ့သည်ဆိုသော်လည်း ယင်းသည် အချင်းဖြစ်ခြံမြေအတွင်း၌မနေပဲ ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း အမှတ် ၂၁၇ တွင် နေထိုင်ကြောင်း ဝန်ခံထားသည်ကို တွေ့ရသည်။ လျှောက်ထားသူသည် ဤအမှု မစွဲဆိုမီ ၄-၅ နှစ်ခန့်က စတင်၍ အချင်းဖြစ်ခြံမြေတွင် နေထိုင်လာသူဖြစ်ကြောင်း လျှောက်ထား

ခံရသူကိုယ်တိုင်က ထွက်ဆိုထားလေသည်။ လျှောက်ထားခံရသူ၏ တင်ပြ စွပ်စွဲချက်များသည် ပြစ်မှုမြောက်သည့် စွပ်စွဲချက်များ မဟုတ်ကြောင်း တွေ့ရှိရသည်။

ဦးမောင်မောင် နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၂။ ဦးထင်လင်း .... ၁၁၉

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၈— လက်ရှိဖြစ်သူ၏ ခွင့်ပြုချက်ဖြင့် ဝင်ရောက်သူသည် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၄၂ အရ ပြစ်မှု မမြောက်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၈ အတွက် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ပုဒ်မ ၄၄၂ ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် အခြားသူတစ်ဦး လက်ရှိဖြစ်သည့် လူနေအိမ်အတွင်းသို့ ရာဇဝတ် မကင်းသော ဝင်ရောက်မှုပြုလုပ်မှသာ အိမ်ကျူးနင်းမှုမြောက်ပေ သည်။ ယခုအမှုတွင်မူ အထက်ဖော်ပြပါ အထောက်အထားများ အရ လျှောက်ထားသူ ဦးထွန်းရင်သည် အိမ်ငှား ဦးလေးမြင့် လက်ရှိဖြစ်ပြီး သော့ခတ်ထားသော အခန်းများအတွင်းသို့ ဦးလေး မြင့်၏ စေခိုင်းချက်အရ သော့ဖွင့် ဝင်ရောက်ကာ စောင့်ရှောက်သူ အဖြစ် နေထိုင်ခြင်းဖြစ်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၈ အရ ပြစ်မှုကျူးလွန်သည်ဟု ကောက်ယူ၍မရပေ။

ဦးထွန်းရင် နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၂။ ဒေါ်မမလေး .... ၄၇

အထူးဥပဒေအရ စွဲဆိုထားသော တရားခံအပေါ် တရားရုံးသည် ဆီလျော်သော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မသို့ ပြောင်းလဲ၍ အပြစ်ပေးနိုင် ခြင်း။

ဆုံးဖြတ်ချက်။ ။ဦးတင်အေးကျော် အပေါ် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၃ အရ အရေးယူ တရားစွဲဆိုသော်လည်း တိုင်းတရားရုံးသည်

စာမျက်နှာ

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၇၇-က သို့ ပြောင်းလဲ၍ အပြစ်ပေးခဲ့သည်။ တရားခံတစ်ဦးအပေါ် အထူးဥပဒေတရပ်ဖြစ်သော ၁၉၅၄ ခုနှစ် အမျိုးသမီးနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မအရ စွဲဆိုခဲ့သော်လည်း တရားရုံးအနေဖြင့် ပြစ်ဒဏ်ချမှတ်ရာတွင် ဆီလျော်သည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မသို့ ပြောင်းလဲ အပြစ်ပေးနိုင်ကြောင်း စီရင်ထုံး အများအပြား ရှိခဲ့ပြီးဖြစ်သည်။ ယင်းသို့ ဥပဒေပုဒ်မ ပြောင်းခြင်းကြောင့် ဦးတင်အေးကျော်အနေဖြင့် ခုခံချေပမှုတွင် ထိခိုက်ခြင်း ရှိမရှိကို စဉ်းစားရာတွင်လည်း ဦးတင်အေးကျော်အပေါ် စွဲဆိုသည့် အကြောင်းခြင်းရာမှာ ကော်မရှင်အဖွဲ့ခဲ့၏ ကျွေးမွေးစရိတ်များနှင့်ပတ်သက်ပြီး လူဦးရေ ပိုပြ၍ လိမ်လည် စာရင်းပြုစုခြင်းဖြစ်ရာ ဤအချက်နှင့်ပတ်သက်၍ ဦးတင်အေးကျော်သည် ကောင်းစွာ သိရှိ နားလည်ခဲ့ပြီးဖြစ်သောကြောင့် ခုခံ ချေပခွင့်နှင့် ပတ်သက်ပြီး ထိခိုက်စေမှု မရှိနိုင်ဟု ဆိုရပေမည်။

ဦးတင်အေးကျော် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် .... ၆၄

ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၉၅ သည် ဗုဒ္ဓဘာသာဝင် ယောကျ်ားများနှင့် သက်ဆိုင်မှုမရှိခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၅ သည် လင်သို့မဟုတ် မယား အသက်ရှိစဉ် နောက်ထပ် ထိမ်းမြားခြင်း အတည်မဖြစ်နိုင်သော ဘာသာဝင်များနှင့်သာ သက်ဆိုင်သည်။ ခရစ်ယာန်ဘာသာ ဝင်များ အနေဖြင့် တရားဝင် ထိမ်းမြားလက်ထပ်ပြီး နောက်ထပ် ထိမ်းမြားခြင်းပြုပါက ပုဒ်မ ၄၉၅ အရ ပြစ်မှုမြောက်နိုင်မည်ဖြစ်သော်လည်း ဗုဒ္ဓဘာသာဝင်ယောကျ်ားများသည် မယားကြီးရှိလျက်နှင့် နောက်ထပ် အိမ်ထောင်ပြုစေကာမူ တရားဝင် အိမ်ထောင်ပြုရာ ရောက်သည်ဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၅ အရ ပြစ်မှုမမြောက်ချေ။

မောင်ကျော်မြင့် နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် .... ၁၀
၂။ မခင်မာမြင့်

စာမျက်နှာ

လူတစ်ဦးအား မှုပ်စွဲတိုင်တန်းရုံဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၀ အရ အသရေဖျက်မှု မြောက် မမြောက်။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာနှင့် ပတ်သက်သော အမှုများတွင် လူတစ်ဦးအား စွပ်စွဲ တိုင်တန်းကာမျှဖြင့် ထိုသူအပေါ် အသရေဖျက်စေရန် ပြုသည်ဟု ယူဆရန် မဟုတ်ပေ။ သူတစ်ဦးအပေါ် မတရား လည်းကောင်း စွပ်စွဲခြင်းများပြုလုပ်ကြောင်း ပေါ်ပေါက်ခဲ့လျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၂ အရသော်လည်းကောင်း၊ ပုဒ်မ ၂၁၁ အရသော်လည်းကောင်း စွပ်စွဲသူအပေါ် အရေးယူနိုင်ခွင့်ရှိပေလိမ့်မည်။ အသရေဖျက်မှုမြောက်နိုင်ရန်အတွက် စွပ်စွဲခံရသူသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၀ နှင့် ငြိစွန်းသော ပြဋ္ဌာန်းချက်များကို ချိုးဖောက်ရန် လိုပေလိမ့်မည်။

ဒေါ်ခင်ခင်ရီး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် .... ၁၆

တရားရုံးများအပေါ် မထီမဲ့မြင်ပြုလုပ်မှု အက်ဥပဒေပုဒ်မ ၂ နှင့် ၃ တရားရုံးမှ ချမှတ်ထားသည့် အမိန့်များကို လိုက်နာရန် ပျက်ကွက်ခြင်းသည် တရားရုံးအပေါ် မထီမဲ့မြင်ပြုရာရောက်ခြင်း။

ဆုံးဖြတ်ချက်။ ။လျှောက်ထားခံရသူ၏ စာတွင် သက်သေခံပစ္စည်း ကျွန်းသစ်များမှာ အထူး စုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ သိမ်းဆည်းပြီး သစ်စက်သို့ လာရောက်အပ်နှံထားသည့် ပစ္စည်း များဖြစ်သည့်အတွက် အထူးစုံစမ်းစစ်ဆေးဦးစီးဌာနက လာရောက်ထုတ်ယူမှသာ ထုတ်ပေးခွင့်ရှိမည်ဖြစ်သောကြောင့် သက်သေခံပစ္စည်းများထုတ်ပေးရေးနှင့်ပတ်သက်၍ အထူး စုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် တိုက်ရိုက် ဆက်သွယ် ဆောင်ရွက်ရန် အကြောင်းပြန်ကြားပါသည်ဟူ၍ ဖော်ပြထားသည်ကို တွေ့ရလေသည်။ ဤအချက်များကို လေ့လာခြင်းအားဖြင့် လျှောက်ထားခံရသူသည် တရားရုံးမှ ချမှတ်ထားသည့် အမိန့်များကို လိုက်နာရန် ပျက်ကွက်ကြောင်း ထင်ရှားနေသည့်အတွက် တရားရုံးများအား မထီမဲ့မြင် ပြုလုပ်ခဲ့သည်ဟူ၍ ယူဆရပေမည်။

ဦးစိန် နှင့် ဦးစံမြင့် .... ၅၂

စာမျက်နှာ

**လောင်းကစားဥပဒေအရ သိမ်းဆည်းနိုင်သောပစ္စည်းနှင့် ငွေများမှာ လောင်းကစားရာ၌ အသုံးပြုသည်ဟု ယူဆရသည့် ပစ္စည်းနှင့် ငွေများသာဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။လောင်းကစားဥပဒေပုဒ်မ ၆(၁)(ဂ)တွင် အချင်းဖြစ်နေရာ၌ တွေ့ရှိသော လောင်းကစားအတွက် အသုံးပြုသည်ဟု ယူဆရသည့် ပစ္စည်းနှင့် ငွေများကို သိမ်းဆည်းနိုင်ကြောင်း ပြဋ္ဌာန်းထားပြီး ပုဒ်မခွဲ(ဃ)တွင် အချင်းဖြစ်အိမ်အစောင်း၊ အခြားနေရာများမှတွေ့ရှိသော လောင်းကစားရာ၌ အသုံးပြုသည်ဟု ယူဆရသည့် ပစ္စည်းနှင့် ငွေများကို သိမ်းဆည်းနိုင်ကြောင်း ပြဋ္ဌာန်းထားပေသည်။ ယင်းပြဋ္ဌာန်းချက်များအရ သိမ်းဆည်းနိုင်သော ငွေများမှာ လောင်းကစားရာ၌ အသုံးပြုသည်ဟု ယူဆရသည့် ငွေများသာဖြစ်ပြီး လောင်းကစားရာ၌ အသုံးပြုသည်ဟု ယူဆရန် အလှမ်းဝေးသောပစ္စည်းနှင့် ငွေများနှင့် မသက်ဆိုင်ပေ။

ဦးတင်အောင် နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် .... ၅၁

၂။ ဦးစိန်

**သက်သေခံဥပဒေပုဒ်မ ၁၃၃ နှင့် ပုဒ်မ ၁၁၄၊ ဥပမာ(ခ)တို့ အရ လိုက်နာကျင့်သုံးသည့်ထုံး။**

**ဆုံးဖြတ်ချက်။** ။အခြား အထောက်အကူပြုသော သက်သေခံချက်မရှိပဲပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူ၏ သက်သေခံချက်အပေါ် တွင်သာ မူတည်၍ အပြစ်ပေးခြင်းသည် တရားမဝင် မဖြစ်စေရဟု သက်သေခံဥပဒေပုဒ်မ ၁၃၃ တွင် ပြဋ္ဌာန်းထားသည်။ သို့သော် ကြံရာပါ၏ထွက်ချက်ကို အရေးပါအရာရောက်သော အကြောင်းအရာများတွင် အထောက်အကူပြုသည့် သက်သေခံချက်မရှိလျှင် ထိုသူမှာ ယုံကြည်ထိုက်သော သက်သေမဟုတ်ဟု မှတ်ယူနိုင်ကြောင်း သက်သေခံဥပဒေပုဒ်မ ၁၁၄၊ ဥပမာ(ခ) တွင် ပြဆိုထားသည့် အတိုင်း သို့ဖြစ်၍ ကြံရာပါ၏ ထွက်ချက်ကို အထောက်အကူပြုသည့် သက်သေခံချက်မရှိလျှင် ယင်း၏ သက်သေခံချက်အရ တရားခံများအား

အပြစ်ပေးရန် မသင့်ဟူသောထုံးကို တရားရုံးများက လိုက်နာ ကျင့်သုံးလျက်ရှိပေသည်။

**မောင်ခင်မောင် ပါ(၄)** နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် .... **၂၄**

**ကြံရာပါ၏ ထွက်ဆိုချက်တစ်ခုတည်းဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းသည် မှန် မမှန်။**

**ဆုံးဖြတ်ချက်။** ။လာဘ်ပေး လာဘ်ယူမှုတွင် လာဘ်ပေးသူ ကိုကာစင်သည် ဤအမှုတွင် ကြံရာပါတစ်ဦးဖြစ်သည်ဟူ၍ ဆိုရပေမည်။ လွတ်လပ်းသော ထောက်ခံသည့် သက်သေခံချက်များမရှိသည့် ကြံရာပါ ကိုကာစင်၏ ထွက်ဆိုချက်တစ်ခုတည်းအပေါ် မူတည်ပြီး **လျှောက်ထားသူအပေါ် ပြစ်မှုထင်ရှား စီရင်ရန်** မသင့်ပေ။

မောင်သောင်းလှ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် .... **၁၆၄**

**သက်သေခံဥပဒေပုဒ်မ ၁၃၈—သက်သေတစ်ဦးအား ပြန်လှန်စစ်မေးရာတွင် အမှုနှင့် စပ်ဆိုင်သည့် အကြောင်းခြင်းရာကိုသာ စစ်မေးရန် ကန့်သတ်ထားခြင်း—မေးမြန်းသမျှကိုသာ ဖြေဆိုရမည်ဟု ကန့်သတ် မထားခြင်း။**

**ဆုံးဖြတ်ချက်။** ။သက်သေခံဥပဒေ ပုဒ်မ ၁၃၈ ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် တဘက်အမှုသည်က သက်သေတစ်ဦးအား ပြန်လှန်စစ်မေးရာတွင် အမှုနှင့်စပ်ဆိုင်သည့် အကြောင်းခြင်းရာများကိုသာ စစ်မေးရန် ကန့်သတ်ထားကြောင်း ပေါ်ပေါက်သည်။ သက်သေသည် တဘက်အမှုသည်က မေးမြန်းသမျှကိုသာ ဖြေဆိုရမည်ဟု ပိတ်ပင်ထားခြင်းမရှိပေ။ သို့ဖြစ်၍ သက်သေသည် အမှုနှင့်စပ်ဆိုင်သည့် အကြောင်းခြင်းရာများကိုသာ ထွက်ဆိုနိုင်သည်၊ ဤအချက်ကို

စာမျက်နှာ

တရားရုံးများက အမှုစစ်ဆေးရာတွင် အလေးအနက်ထား၍ ထိန်းကျောင်းသွားရန်လိုသည်။

၁။ ကာဆင်ဂျမား နှင့် ပြည်ထောင်စု ဆိုရှယ်လစ် .... ၁
၂။ ဒါဝတ်ဂျမား သမ္မတ မြန်မာနိုင်ငံတော်
ကိုဝင်းစိန်

သက်သေခံဥပဒေပုဒ်မ ၁၃၈–တဘက်အမှုသည်၏ ပြန်လှန်စစ်မေးခွင့်–တရားလိုအား စစ်ဆေးပြီးသော အချိန်တွင်မှ တရားခံက အကျိုးဆောင်ငှား၍ ပြန်လှန်မေးခွင့်ပြုရန် တောင်းဆိုခြင်း–အမှုကို အချိန်ကြန့်ကြာစေလိုသောကြောင့် ရက်ချိန်းတောင်းခြင်းဖြစ်သည်ဟု မှတ်ယူရန် မသင့်ခြင်း–သက်သေများအား ပြန်လှန်စစ်မေးခွင့်မှာ တဘက်အမှုသည်၏ အခွင့်အရေးပင်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။သက်သေခံဥပဒေပုဒ်မ ၁၃၈ တွင် သက်သေအား အဓိက စစ်မေးခြင်းပြုလုပ်ပြီးနောက် တဘက်အမှုသည်က ဆန္ဒရှိလျှင် ပြန်လှန်မေးခွန်းမေးရန်အတွက် ခွင့်ပြုရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ မူလ တရားရုံးတွင် တရားခံ ဒေါ်လှအင်သည် တရားလိုအား စစ်ဆေးပြီးသော အချိန်တွင်မှ အကျိုးဆောင်ငှား၍ ပြန်လှန်မေးခွင့်ပြုရန် တောင်းဆိုကာမျှနှင့် အမှုကို အချိန် ကြန့်ကြာစေလိုသောကြောင့် ရက်ချိန်းတောင်းခြင်းဖြစ်သည်ဟု မှတ်ယူရန် သင့်လျော်မည် မဟုတ်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။သက်သေများအား ပြန်လှန်မေးခွန်းပြုလုပ်ခွင့်မှာ တဘက်အမှုသည်၏ အခွင့်အရေးပင်ဖြစ်သည်။

ဒေါ်ခင်နု နှင့် ပြည်ထောင်စု ဆိုရှယ်လစ် .... ၂၀
သမ္မတ မြန်မာနိုင်ငံတော် ပါ(၂)

၁၉၄၇ ခုနှစ် သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး (ယာယီ) ဥပဒေပုဒ်မ ၅(၁) အရ အပြစ်ဒဏ်စီရင်ခြင်း–တန်ဖိုးများပြားသော အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း–အသက်အရွယ် ကြီးရင့်ခြင်း၊ ပြစ်

စာမျက်နှာ

ချက်ဟောင်းမရှိခြင်း၊ ရိုးသားစွာဝန်ခံခြင်း အစရှိသော အချက်များ ရှိကာမျှနှင့် ပြစ်ဒဏ်ကို လွန်မင်းစွာ လျှော့ပေါ့ စဉ်းစားရန် မဟုတ်ခြင်း။

**ဆုံးဖြတ်ချက်။** ။သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး (ယာယီ) ဥပဒေပုဒ်မ ၅(၁)အရ ပြစ်မှုထင်ရှားလျှင် ထောင်ဒဏ် ၇ နှစ်အထိ အပြစ်ပေးနိုင်သည်။ ထောင်ဒဏ်ကို မလွဲမသွေ အပြစ်ပေးရန်ဖြစ်ပြီး ဒဏ်ငွေလည်း ပေးဆောင်စေရမည်ဖြစ်သည်။ ထို့ကြောင့် တရားခံသည် အသက်အရွယ် ကြီးရင့်ခြင်း၊ ပြစ်ချက်ဟောင်းမရှိခြင်း၊ ရိုးသားစွာဝန်ခံခြင်း အစရှိသောအချက်များ ရှိကာမျှနှင့် အပြစ်ဒဏ်ကို လွန်မင်းစွာ လျှော့ပေါ့စဉ်းစားရန် မဟုတ်ပေ။ ဦးကျင်ပေါက်ထံမှ ဖမ်းဆီးရမိသော အကောက်မဲ့ နိုင်ငံခြားလုပ်ပစ္စည်းများ၏ ကာလတန်ဖိုးမှာ ၃ သိန်းကျော်၊ ၄ သိန်းခန့်ဟု သိရသောကြောင့် ဤမျှ တန်ဖိုးများပြားသော အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်းအတွက် ဒဏ်ငွေမျှသာ ပေးဆောင်စေခြင်းမှာ လျော်ကန်သင့်မြတ်သည်ဟု မဆိုနိုင်ချေ။

ပြည်ထောင်စု ဆိုရှယ်လစ် နှင့် ဦးကျင်ပေါက် .... ၄၉
သမ္မတ မြန်မာနိုင်ငံတော်

၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေပုဒ်မ ၃၁—ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေအရ စွပ်စွဲခြင်း ခံရသူတစ်ဦးအား အရေးယူတင်ပို့သောအမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ အရေးမယူနိုင်ကြောင်း ပြဋ္ဌာန်းထားခြင်း—ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေအရ စွဲဆိုသောအမှုကို ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးစီရင်ရခြင်း—ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ စွဲဆိုသောအမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးစီရင်ရခြင်း—ခြေချုပ်နှင့် ခံဝန်ဥပဒေအရ လက်ခံစစ်ဆေးပြီးနောက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ ချမှတ်သည့်အမိန့်သည် မှားယွင်းခြင်း ရှိ မရှိ။

စာမျက်နှာ

ဆုံးဖြတ်ချက်။ ။မြို့နယ်တရားရုံးသည် မောင်မြထွန်းအပေါ် ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေပုဒ်မ ၅ (၁) (စ)/(ဆ) တို့အရ အရေးယူ စစ်ဆေးပြီးနောက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၈၀၇ နှင့် ပြောင်းလဲ၍ ငွေကျပ် ၅၀၀/-တန် ခံဝန်သူနှစ်ဦးဖြင့် (၆)လအတွင်း ကောင်းမွန်စွာနေထိုင်ရန် အမိန့်ချထားကြောင်း တွေ့ရသည်။ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေသည် အထူးဥပဒေဖြစ်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေမှာ ယေဘုယျဥပဒေဖြစ်သည်။ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်ဥပဒေအရ စွပ်စွဲခြင်းခံရသူတစ်ဦးအား အရေးယူရန် တင်ပို့သည့်အမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ အရေးမယူနိုင်ကြောင်းဖြင့် ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေပုဒ်မ ၃၁ တွင် ပြဋ္ဌာန်းထားသည်။

ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေအရ စွပ်စွဲခြင်းခံရသူတစ်ဦးအား အရေးယူရန်တင်ပို့သည့်အမှုကို ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးစီရင်ရသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ စွပ်စွဲခြင်းခံရသူသူတစ်ဦးအား အရေးယူရန် တင်ပို့သည့်အမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးစီရင်ရသည်။ ထို့ကြောင့် မောင်မြထွန်းအပေါ် ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေအရ လက်ခံစစ်ဆေးပြီးနောက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ ချမှတ်သည့် မြို့နယ်တရားရုံး၏အမိန့်သည် မှားယွင်းသည်။

မောင်မြထွန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် .... ၁၂၆
သမ္မတ မြန်မာနိုင်ငံတော်

၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ— မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသို့ နိုင်ငံတော်က ထောက်ပံ့သောငွေသည် ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေက ရည်ညွှန်းသော အများနှင့်သက်ဆိုင်သောပစ္စည်း ဟုတ် မဟုတ်။

စာမျက်နှာ

ဆုံးဖြတ်ချက်။ ။မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အသုံးစရိတ်နှင့် ပတ်သက်သော ပြဋ္ဌာန်းချက်ကို ၁၉၆၃ ခုနှစ်တွင် ပြုလုပ်ခဲ့သည်။ ယင်းပြဋ္ဌာန်းချက်ကို ၁-၁၁-၆၃ နေ့စွဲပါ တော်လှန်ရေးကောင်စီ ကြေငြာချက် အမှတ် (၄၇) အရ ပြုလုပ်ခဲ့ပြီးလျှင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အသုံးစရိတ်ကို နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံစေရမည်ဟု ဖော်ပြပါရှိသည်။ ထို့နောက် ၁၉၇၄ ခုနှစ် ပြည်သူ့လွှတ်တော် မဘင်သောအချိန်တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသို့ ထောက်ပံ့ငွေပေးရေးဥပဒေ (၁၉၇၄ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၃) ပေါ်ပေါက်လာပြီးလျှင် တနှစ်လျှင် ငွေကျပ် သိန်း ၆၀၀ ထက် မပိုသော ထောက်ပံ့ငွေကို မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအား နိုင်ငံတော်ဘဏ္ဍာငွေမှ ထောက်ပံ့ရန် ပြဋ္ဌာန်းသည်။ ထို့ကြောင့် ၁၉၆၃ ခုနှစ် တော်လှန်ရေးကောင်စီ ကြေငြာချက် အမှတ် (၄၇) ထုတ်ပြန်သည့် အချိန်မှ အစပြုပြီး ၁၉၇၄ ခုနှစ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသို့ ထောက်ပံ့ငွေပေးရေးဥပဒေ ပြဋ္ဌာန်းသည့်အချိန်မှ လက်ရှိ ကာလတိုင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသို့ ထောက်ပံ့ငွေများကို နိုင်ငံတော်ဘဏ္ဍာငွေမှ ပေးခဲ့ကြောင်း ထင်ရှားသည်။

နိုင်ငံတော် ရသုံးခန့်မှန်းခြေ ငွေစာရင်းကို နှစ်စဉ် ထုတ်ပြန်သောအခါမှာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသို့ ထောက်ပံ့ငွေကို နိုင်ငံတော်ကောင်စီနှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်များ ထောက်ပံ့သော ငွေစာရင်းခေါင်းစဉ်ဖြင့် ဖော်ပြပါရှိသည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသို့ နိုင်ငံတော်မှ ထောက်ပံ့သောငွေမှာ ကျပ်သိန်း ၆၀၀ ဖြစ်သည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသို့ ထောက်ပံ့ငွေ ပေးသကဲ့သို့ပင် ပြည်သူ့လွှတ်တော်၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့အစည်းများသို့လည်း အသီးသီး ထောက်ပံ့ငွေများ ပေးခဲ့သည်ဖြစ်သောကြောင့်လည်း ယင်းအဖွဲ့အစည်းများနှင့် ပတ်သက်သောငွေသည် အများနှင့်သက်ဆိုင်သောငွေ ဖြစ်သည်နှင့်အမျှ အလားတူ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသို့ ထောက်ပံ့သော ငွေမှာလည်း အများနှင့်သက်ဆိုင်သော ငွေပင်ဖြစ်ကြောင်း ယုံမှားဖွယ်ရာမရှိပေ။

စာမျက်နှာ

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၁ တွင် နိုင်ငံတော်သည် တစ်ခုတည်းသော ပါတီစနစ်ကိုသာ ကျင့်သုံးရမည်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ သည် နိုင်ငံတော်၏ တစ်ခုတည်းသော နိုင်ငံရေးပါတီဖြစ်၍ နိုင်ငံ တော်ကို ဦးဆောင်သည်ဟု ဖော်ပြပါရှိသည် ဖြစ်သောကြောင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအား ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သော ငွေညီး [illegible]ကွယ်စောင့်ရှောက်ရေး ဥပဒေအရ အသင်း၊ အဖွဲ့ သို့မဟုတ် အဖွဲ့အစည်းတရပ်ရပ်အနေဖြင့် သိမ်းမြန်း ထုတ်ပြန်ကြေငြာရန် လိုအပ်မည်မဟုတ်ပေ။

**ဦးအန်းစိန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်** .... ၁၆၇

**ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းခြင်း၊ ယာဉ်ပိုင်ရှင်ကသော် လည်းကောင်း၊ ယာဉ်ကို စီမံအုပ်ချုပ်သူတို့ကသော် လည်းကောင်း ပြစ်မှုကျူးလွန် ခြင်းနှင့် ပတ်သက်၍ မသိနိုင်သည့် အခြေအနေတွင် ယင်းယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် မသင့်ခြင်း။**

ဦးမောင်လေးဆိုသူအပေါ် ဇော်ပဲများ သယ်ဆောင်မှုဖြင့် မူလရုံးရုံးက ၁၉၆၅ ခုနှစ် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုဆော[illegible] လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ ပုဒ်မ ၁၄ (၁) အရ ပြစ်မှုထင်ရှားစီရင်ခဲ့ပြီး၊ ဇော်ပဲများ သယ် ဆောင်ခဲ့သော မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်း ဆည်းရန် [illegible] မော်တော်ယာဉ်ပိုင်ရှင် ဦးပါ လေးက ၎င်း၏ မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်း ဆည်းသော အမိန့်နှင့် [illegible] ကြည်နယ်တရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားရာ [illegible] ဖြင့် ဗဟိုတရားရုံးသို့ တင်ပြ၍ ပြင်ဆင်မှု လျှောက်ထားသည်။

ဆုံးဖြတ်ချက် [illegible] ဦးပါလေးမှာ ရန်ကုန်မြို့ သဃ်န်းကျွန်းတွင် [illegible] ဖြစ်၍ အရှင်းဖြစ်ပွားခဲ့ မော်တော်

စာမျက်နှာ

ယာဉ်မှာ အညီမောင်း ကိုအုံးကျော်နှင့် ယာဉ်နောက်လိုက် ကိုစန်း လွင်တို့၏ စိမ်း အုပ်ချုပ်မှုအောက်တွင် ရှိသည်။ ကိုအုံးကျော်နှင့် ကိုစန်းလွင်တို့မှာလည်း မတ်ပဲများကို သဘောရိုးနှင့် တင်ဆောင် ကြောင်း ပေါ်ပေါက်သောကြောင့် မူလ တရားရုံးတွင် တရားခံ များအဖြစ် ပါဝင်ခဲ့သည် မဟုတ်ချေ။ ထို့ကြောင့် မော်တော် ယာဉ်ပိုင်ရှင် ဦးပါလေးသည် ပြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်၍ သိနိုင်ဖွယ်ရာအကြောင်း မရှိချေ။ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံး တို့က ဦးပါလေး၏ မော်တော်ယာဉ်အမှတ် ၉/၃၅၅၅ ကို ပြည် သူပိုင်သိမ်းစေရန် ချမှတ်ထားသောအမိန့်များကို ပယ်ဖျက်၍ မော် တော်ယာဉ်အမှတ် ၉/၃၅၅၅ ကို လျှောက်ထားသူ ဦးပါလေး အား ပြန်ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

ဦးပါလေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ... ၉၂

**လက်ရေးပါရဂူ၏ ထင်မြင်ချက်တစ်ခုတည်းဖြင့် အမှုကို အပြီးသတ် ဆုံးဖြတ်ခြင်း ပြုနိုင် မပြုနိုင်။**

ဆုံးဖြတ်ချက်။ ။လက်ရေးပါရဂူ၏ အစီရင်ခံချက်သည် လက် ရေးများ နှိုင်းယှဉ်စစ်ဆေးပြီး ပေးထားသော ထင်မြင်ယူဆချက် မျှသာဖြစ်၍ ကိစ္စတရပ်ကို အပြီးသတ် အဆုံးအဖြတ်ပေးနိုင်သည့် တခုတည်းသောအထောက်အထားအဖြစ် ဆက်ခံရန်ခဲယဉ်းပေသည်။

ပြည်ထောင်စု ဆိုရှယ်လစ် နှင့် မောဝ်ခင်မောင်သွင် .... ၈၂ သမ္မတ မြန်မာနိုင်ငံတော်

**၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဆေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ၏ နည်းဥပဒေများ–ရှာဖွေခြင်း–ဥပဒေနှင့် နည်းဥပဒေတို့ ပြဋ္ဌာန်းခြင်းမှာ လိုက်နာ ကျင့်သုံးရန်ဖြစ်ပြီး၊ ယင်းကို လိုက်နာ ကျင့်သုံးမှသာ ဥပဒေ၏ရည်ရွယ်ချက် အောင်မြင်နိုင်မည်ဖြစ်ခြင်း။**

ဆုံးဖြတ်ချက်။ ။ပြဋ္ဌာန်းချက်များအရ ညဥ့်အချိန်၌ အများ ပြည်သူတို့ စဝ်ထွက်သွားလာခြင်း မပြုနိုင်သော လှုပ်သွားပြည်သူ

စာမျက်နှာ

တစ်ဦး၏ နေအိမ်အတွင်းသို့ ဝင်ရောက် ရှာဖွေနိုင်သူများမှာ ဗိုလ်ချုပ်အဆင့်ထက် မနိမ့်သော ပြည်သူ့ရဲတပ်ဖွဲ့ဝင် သို့မဟုတ် အကောက်ခွန်ဝန်ထမ်း အဆင့်(၁) ထက်မနိမ့်သော အကောက်ခွန်ဝန်ထမ်းတို့သာဖြစ်ပြီးလျှင် ထိုသို့ ရှာဖွေသည့်အခါ၌လည်း ရှာဖွေရန်အမိန့်များ ပါရှိရပေမည်။ အကယ်၍ ရှာဖွေရန်အမိန့် ရယူနေရသဖြင့် ရှာဖွေမည့်ပစ္စည်း ဖျောက်ဖျက်ပစ်မည်၊ သိုဝှက်လိုက်မည်၊ ကျူးလွန်သူ ထွက်ပြေးသွားလိမ့်မည်ဟု ယုံကြည်ရန် အကြောင်းရှိသော ရှာဖွေရန် အမိန့်မပါပဲ ဝင်ရောက် ရှာဖွေနိုင်ပေမည်။ မိမိ၏ ယုံကြည်ချက်ကိုလည်း စာဖြင့် ရေးသား မှတ်တမ်းတင်ထားရန် လိုအပ်ပေသည်။ ဥပဒေနှင့် နည်းဥပဒေတို့ကို ပြဋ္ဌာန်းထားခြင်းမှာ လိုက်နာ ကျင့်သုံးရန်အတွက်ဖြစ်သည်။ လိုက်နာ ကျင့်သုံးခြင်းအားဖြင့်လည်း အမှုမှာ ပိုမို ကျစ်လစ်ခိုင်မာပြီး ဥပဒေ၏ အရင်းခံ ရည်ရွယ်ချက် အောင်မြင်နိုင်ပေမည်။

**မောင်ဘိုးခက် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်** .... ၁၁၈

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးအေးမောင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

၁။ ကာဆင်ဂျမား

၂။ ဒါဝတ်ဂျမား

ကိုဝင်းစိန်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

† ၁၉၇၉
ဇူလိုင်လ
၂၅ ရက်

**သက်သေခံဥပဒေပုဒ်မ ၁၃၈— သက်သေတဦးအား ပြန်လှန်စစ်မေးရာတွင် အမှုနှင့်စပ်ဆိုင်သည့် အကြောင်းခြင်းရာကိုသာ စစ်မေးရန် ကန့်သတ်ထားခြင်း— မေးမြန်းသမျှကိုသာ ဖြေဆိုရမည်ဟု ကန့်သတ်မထားခြင်း။**

**ဆုံးဖြတ်ချက်။** ။သက်သေခံဥပဒေပုဒ်မ ၁၃၈ ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် တဘက်အမှုသည်က သက်သေတစ်ဦးအား ပြန်လှန်စစ်မေးရာတွင် အမှုနှင့်စပ်ဆိုင်သည့် အကြောင်းခြင်းရာများကိုသာ စစ်မေးရန် ကန့်သတ်ထားကြောင်း ပေါ်ပေါက်သည်။ သက်သေသည် တဘက်အမှုသည်က မေးမြန်းသမျှကိုသာ ဖြေဆိုရမည်ဟု ပိတ်ပင်ထားခြင်းမရှိပေ။ သို့သော် သက်သေသည် အမှုနှင့်စပ်ဆိုင်သည့် အကြောင်းခြင်းရာများကိုသာ ထွက်ဆိုနိုင်သည်။ ဤအချက်ကို တရားရုံးများက အမှုစစ်ဆေးရာတွင် အလေးအနက်ထား၍ ထိန်းကျောင်းသွားရန်လိုသည်။

လျှောက်ထားသူအတွက် — ဦးမောင်မောင်(ဖျာပုံ)ဗဟိုတရားရုံးရှေ့နေ
ဦးမောင်မောင်ကြီး၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက်— ဦးသိန်းလွင်၊ ဥပဒေဝန်ထမ်းအဆင့်(၁)

---

* ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၄၂/၁၅၃ (ခ)

† ၁၉၇၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၇၇၂/၇၉၃ တွင် ချမှတ်သော (၂၅–၁–၇၉) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၉

၁။ ကာဆင်ဂျမား
၂။ ဒါဝတ်ဂျမား
ကိုဝင်းစိန်
နှင့်
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

စမ်းချောင်းမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၁၃၄၅/၇၈ တွင် လျှောက်ထားသူ ကာဆင်ဂျမား၊ ဒါဝတ်ဂျမားနှင့် ကိုဝင်းစိန်တို့အား ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ (၁) အရ တရားစွဲဆိုသည်။ တရားလိုပြသက်သေ ဦးသိန်းအောင်အား လျှောက်ထားသူ၏ အကျိုးဆောင်က ပြန်လှန် စစ်မေးစဉ်တွင် မြို့နယ်တရားရုံးက ဦးသိန်းအောင်၏ အလိုအလျောက် ထွက်ဆိုချက်များကို အတိုင်းအတာအရ လက်ခံရန် ဆုံးဖြတ်သည်ကို မကျေနပ်သဖြင့်၊ လျှောက်ထားသူတို့က ရန်ကုန်တိုင်းတရားရုံး ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၇၇၂/၇၈ နှင့် ၇၉၃/၇၈ တို့တွင် လျှောက်ထားရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုများကို ဆက်လက် တင်သွင်းခြင်းဖြစ်သည်။ ဤပြင်ဆင်မှုများသည် မူလရုံး အမှုတစ်မှုတည်းမှ ပေါ်ပေါက်လာသော လျှောက်လွှာများဖြစ်သဖြင့် ဤစီရင်ချက်သည် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၄၂(ခ)/၇၉ နှင့် ၁၅၄(ခ)/၇၉ အမှု နှစ်မှုစလုံးနှင့် သက်ဆိုင်စေရမည်။

ယခုအမှုတွင် သက်သေ ဦးသိန်းအောင်အား တရားခံဘက်မှ ပြန်လှန် စစ်မေးရာ၌ ဦးသိန်းအောင်က သက်သေခံ "က" စာမှာ မိမိထံ လိပ်မူသော စာမဟုတ်ကြောင်း ဖြေကြားပြီးနောက် ဆက်လက် ဖြေရှင်းမည်ပြုသောအခါ တရားခံဘက်မှ ဦးသိန်းအောင်သည် မိမိတို့ မေးမြန်းချက်များကို ဖြေကြားရန်သာဖြစ်ပြီး မရှင်းလင်းသည့်အချက်များကို တရားလိုအကျိုးဆောင်မှ ပြန်လည် စစ်မေးသည့်အခါတွင် ဖြေကြားရန်ဖြစ်ကြောင်း၊ မြို့နယ်တရားရုံးသို့ တင်ပြသည်။ တရားလိုအကျိုးဆောင်ကမူ သက်သေက မိမိအလိုအလျောက် ရှင်းလင်းလိုခြင်းဖြစ်သဖြင့် ရှင်းလင်းခွင့်ပေးသင့်ကြောင်းတင်ပြရာ မြို့နယ်တရားရုံးက ဦးသိန်းအောင်၏ အလိုအလျောက် ထွက်ဆိုချက်များကို အတိုင်းအတာအရ လက်ခံရန်ဖြစ်ကြောင်း ဆုံးဖြတ်လိုက်သဖြင့် သက်သေတစ်ဦးအား ပြန်လှန်စစ်မေးစဉ် ယင်းသက်သေက အလိုအလျောက် ထွက်ဆိုခြင်းကို လက်ခံရန် သင့် မသင့် နှင့် စပ်လျဉ်း၍ ဥပဒေပြဿနာ ပေါ်ပေါက်လာသည်။

လျှောက်ထားသူများ၏ အကျိုးဆောင်များက မိမိတို့သည် သက်သေ ဦးသိန်းအောင်အား ပြန်လှန် စစ်မေးရာတွင် သက်သေသည် မိမိတို့ မေးမြန်းသည့်အချက် မှန် မမှန်ကိုသာ ဖြေကြားရန်ဖြစ်ကြောင်း၊ ယင်းအချက်နှင့်ပတ်သက်၍ ထပ်မံ ရှင်းလိုပါက ၎င်းအား တရားလိုဘက်မှ

ပြန်လည် စစ်ဆေးသည့်အခါ ရှင်းလင်းရန်ဖြစ်ကြောင်း၊ ပြန်လှန်စစ်မေးရာတွင် သက်သေအား မိမိ ထွက်ဆိုလိုရာ ထွက်ဆိုခွင့်ပြုပါက တရားစီရင်ရေးကို ထိခိုက်နိုင်ကြောင်း သက်သေခံဥပဒေပုဒ်မ ၁၃၈ ကို ကိုးကား၍ လျှောက်လဲသည်။

သက်သေခံဥပဒေပုဒ်မ ၁၃၈ ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် တဘက်အမှုသည်က သက်သေတစ်ဦးအား ပြန်လှန်စစ်မေးရာတွင် အမှုနှင့်စပ်ဆိုင်သည့် အကြောင်းခြင်းရာများကိုသာ စစ်မေးရန် ကန့်သတ်ထားကြောင်း ပေါ်ပေါက်သည်။ သက်သေသည် တဘက်အမှုသည်က မေးမြန်းသမျှကိုသာ ဖြေဆိုရမည်ဟု ပိတ်ပင်ထားခြင်းမရှိပေ။ သို့သော် သက်သေသည် အမှုနှင့်စပ်ဆိုင်သည့် အကြောင်းခြင်းရာများကိုသာ ထွက်ဆိုနိုင်သည်။ ဤအချက်ကို တရားရုံးများက အမှုစစ်ဆေးရာတွင် အလေးအနက်ထား၍ ထိန်းကျောင်းသွားရန်လိုသည်။ ယခုအမှုတွင် မြို့နယ်တရားရုံးက ဦးသိန်းအောင်၏ အလိုအလျောက် ထွက်ဆိုချက်များကို အတိုင်းအတာအရ လက်ခံမည်ဟု ဆုံးဖြတ်ခြင်းမှာ အမှုနှင့်စပ်ဆိုင်သည့် အကြောင်းခြင်းရာများသာ လက်ခံမည်ဟုဆုံးဖြတ်ခြင်း ဖြစ်သည်ဟု ယူဆသည်။

ထို့ကြောင့် မြို့နယ်တရားရုံး၏ဆုံးဖြတ်ချက်ကို ပြင်ဆင်ရန်အကြောင်းမရှိသဖြင့် ပြင်ဆင်မှုလျှောက်လွှာကို ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉ နိုဝင်ဘာလ ၁၇ ရက်

မောင်ကဲတိုး ပါ(၃)

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၃၀(ဃ)—သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းအတွင်းရှိ မြို့နယ်တရားစီရင်ရေးအဖွဲ့က ချမှတ်သော သေဒဏ်အမိန့်ကို အတည်ပြုခြင်းဆိုင်ရာ စီရင်ခြင်း—မြို့နယ်တရားစီရင်ရေးအဖွဲ့က အပြီးအပြတ်လွှတ်လိုက်သော တရားခံတစ်ဦးအပေါ် အပြစ်တွေ့ရှိ၍ သေဒဏ်ချမှတ်ခြင်း ပြုနိုင် မပြုနိုင်—ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၇၅ နှင့် ၃၇၆ တို့ပါ ပြဋ္ဌာန်းချက်—ပြည်သူ့တရားသူကြီးအဖွဲ့ ညွှန်ကြားချက် အမှတ် ၁၄ အပိုဒ် ၁၂ တွင် ဖော်ပြချက်—သေဒဏ်အမိန့်ကို အတည်ပြုရသည့် တရားရုံး၏ လုပ်ပိုင်ခွင့်များ။

ဆုံးဖြတ်ချက်။ ။ဤအယူခံ၌ ပဲခူးတိုင်း တရားသူကြီးအဖွဲ့သည် အုတ်ဖိုမြို့နယ်တရားရုံးက ချမှတ်သော သေဒဏ်အမိန့်ကို အတည်ပြုသင့် မသင့် ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၃၀(ဃ) အရ စီရင်ရာ၌ မြို့နယ်တရားစီရင်ရေးအဖွဲ့က အပြီးအပြတ်လွှတ်လိုက်သောတရားခံတစ်ဦးအား အပြစ်တွေ့ရှိ၍ သေဒဏ်ချမှတ်ခြင်း ပြုနိုင် မပြုနိုင် ဥပဒေပြဿနာ ပေါ်ပေါက်လာသည်။ သေဒဏ်အမိန့်ကို အတည်ပြုရသည့် တရားရုံး၏ လုပ်ပိုင်ခွင့်များကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၇၅ နှင့် ၃၇၆ တို့၌လည်း ပြဋ္ဌာန်းထားပေသည်။ ပြည်သူ့တရားသူကြီးအဖွဲ့၏ ညွှန်ကြားချက် အမှတ် ၁၄ တွင် အပိုဒ် (၁၂)၌ အောက်ပါအတိုင်း ဖော်ပြထားသည်—

---

* ၁၉၇၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှု အမှတ် ၁၆၂၊ ၁၆၃၊ ၁၆၄

† ၁၉၇၈ ခုနှစ်၊ သေဒဏ်အတည်ပြုမှု အမှတ်(၂) တွင် ချမှတ်သော (၂၄–၁၀–၇၈) နေ့စွဲပါ ပဲခူးတိုင်းတရားရုံး၏အမိန့်ကို အယူခံမှု။

၁၉၇၉
မောင်ကဲတိုး
ပါ(၃)
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

"ပြည်နယ်၊ တိုင်းတရားသူကြီးအဖွဲ့တစ်ဖွဲ့လုံးသည် သေဒဏ် အတည်ပြုသည့်အမှုကို ဆုံးဖြတ်ရာ၌ အောက်ပါအတိုင်း ဆောင်ရွက်ခြင်း အမိန့်တစ်ရပ်ရပ်ကို ချမှတ်ခြင်း ပြုလုပ်နိုင်ပါသည်။

(က) လိုအပ်နေသေးသော သက်သေထွက်ချက်များကို ထပ်မံရယူစေခြင်း၊

(ခ) မူလတရားရုံး၏အမိန့်ကို အတည်ပြုခြင်း၊

(ဂ) မူလတရားရုံး၏အမိန့်ကို ဥပဒေနှင့်အညီ ပြောင်းလဲ အမိန့်ချမှတ်ခြင်း၊

(ဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်၍ အခြားပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်ဒဏ်ချမှတ်ခြင်း၊

(င) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်၍ အပြီးအပြတ် လွှတ်ခြင်း၊

(စ) မူလတရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ အသစ် ပြန်လည်စစ်ဆေး စီရင်စေရန် အမိန့်ချမှတ်ခြင်း၊

ပြည်သူ့တရားသူကြီးအဖွဲ့၏ ညွှန်ကြားချက် အမှတ် ၁၄ ၌ဖြစ်စေ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၇၅ နှင့် ၃၇၆ ၌ဖြစ်စေ၊ သေဒဏ်အမိန့်ကို အတည်ပြုခြင်းဆိုင်ရာ စီရင်ရသော ပြည်နယ်၊ တိုင်းတရားသူကြီးအဖွဲ့သည် မူလရုံးက အပြီးအပြတ်လွှတ်သော တရားခံတစ်ဦးအား အပြစ်တွေ့ရှိ၍ အပြစ်ဒဏ် ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းမရှိပေ။ မူလရုံးက တရားခံတစ်ဦးအား အပြီးအပြတ်လွှတ်သောအမိန့်ကို ဗဟိုဥပဒေရုံးကသာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ ဗဟိုတရားရုံး၌ အယူခံဝင်နိုင်သည်။ သို့ဖြစ်၍ အုတ်ဖိုမြို့နယ် တရားရုံးက အမှုမှ အပြီးအပြတ်လွှတ်လိုက်သော မောင်ကဲတိုးအား ပဲခူးတိုင်း တရားသူကြီးအဖွဲ့က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၆ အရ သေဒဏ်ချမှတ်ခြင်းမှာ ဥပဒေနှင့် ညီညွတ်မှုမရှိပေ။

**အယူခံတရားလိုများအတွက်** — (၁) ဦးမောင်မောင်မြင့်၊ ဗဟိုတရားရုံးရှေ့နေ
(၂) ဦးမြင့်အေး၊ ဗဟိုတရားရုံးရှေ့နေ
(၃) ဒေါ်မြင့်မြင့်ခင်၊ ဗဟိုတရားရုံးရှေ့နေ

**အယူခံတရားခံအတွက်** — ဦးဝင်းဖေ၊ ဥပဒေဝန်ထမ်းအဆင့်(၁)

**၁၉၇၉**
**မောင်ကဲတိုး ပါ(၃) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်**

အုတ်ဖို့မြို့နယ်တရားရုံး ၁၉၇၄ ခုနှစ် ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၄၇၅ တွင် အယူခံတရားလို မောင်ကဲတိုး၊ မောင်အောင်တင်နှင့် မောင်တင်သိန်းတို့အပေါ် ဒမြမှုနှင့် တရားစွဲဆိုရာ မြို့နယ်တရားရုံးက မောင်ကဲတိုးအား အမှုမှ အပြီးအပြတ်လွှတ်ပြီး မောင်အောင်တင်နှင့် မောင်တင်သိန်းတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၆ အရ သေဒဏ် အသီးသီး ချမှတ်သည်။ ပဲခူးတိုင်း တရားသူကြီးအဖွဲ့က မောင်အောင်တင်နှင့် မောင်တင်သိန်းတို့အပေါ် ချမှတ်သော သေဒဏ်များကို အတည်ပြုသည့်ပြင် မောင်ကဲတိုးအပေါ်တွင်လည်း ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၉၆ အရ သေဒဏ်ချမှတ်လိုက်သဖြင့် မောင်ကဲတိုး၊မောင်အောင်တင်နှင့် မောင်တင်သိန်းတို့သည် ဗဟိုတရားရုံး၌ တစ်ဦးစီ အယူခံဝင်ကြသည်။ ဤအယူခံမှုများသည် မူလရုံး၏ အမှုတစ်မှုတည်းမှ ပေါ်ပေါက်လာသောကြောင့် ဤစီရင်ချက်သည်လည်း မောင်ကဲတိုးတို့ သုံးဦးတင်သွင်းသော အယူခံမှုအားလုံးနှင့် သက်ဆိုင်စေရမည်။

၁၉၇၄ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့ ည (၁၀) နာရီခန့်အချိန်တွင် ဒမြတစ်စုသည် အုတ်ဖို့မြို့နယ် လေးတဲရွာနေ ဦးထွန်းတင် (လိုပြ ၁)၊ ဦးညွှက်၊ ကိုလှရွှေနှင့် ကိုအုန်းသန်း(လိုပြ ၃)တို့၏ အိမ်များကို တစ်အိမ်ပြီးတစ်အိမ် ဒမြတိုက်ကြသည်။ထို့နောက် ဦးထွန်းတင်နှင့် ကိုအုန်းသန်းတို့အား ခေါ်ဆောင်၍ ဒေါ်မြည့်နု(လိုပြ ၈) ၏ နေအိမ်သို့ သွားသည်။ ဒမြများက အိမ်တံခါး ဖွင့်ပေးရန်ပြောရာ ဒေါ်မြည့်နုနှင့် အိမ်သူအိမ်သားများက ကြောက်ရွံ့သဖြင့် တံခါး ဖွင့်မပေးပဲ နေကြသည်။ ထိုအခါ ဒမြများက ဒေါ်မြည့်နု၏အိမ်ကို သေနတ်များဖြင့်ပစ်ရာ တံခါးကို အိမ်အတွင်းမှ တွန်းထားသော ကိုကျော်ဝင်းအား ထိမှန်သည်။ ကိုကျော်ဝင်းသည် သူ၏မိခင် ဒေါ်မြည့်နုထံသို့ ပြေးသွားရာ ဒေါ်မြည့်နုက ဆီး၍ ပွေ့လိုက်သည်။ ဒမြများသည် ဒေါ်မြည့်နု၏အိမ်ကို ပုဆိန်ဖြင့် ဖောက်ခွဲ၍ ဒေါ်မြည့်နု၏ နေအိမ်အတွင်းသို့ ဝင်ရောက်လာကြသည်။လူဆိုးတစ်ဦးက ဝမ်းလျားမှောက် လှဲနေသော ကိုကျော်ဝင်းအား ပက်လက်လှန်လိုက်ပြီး သူ၏ လည်ပင်းနှင့် မျက်ခွက်ကို ဓားဖြင့် ခုတ်သည့်ပြင် ဦးခေါင်းကိုလည်း သေနတ်ဒင်ဖြင့် ရိုက်သည်။ လူဆိုးများသည် ဒေါ်မြည့်နု၏ အိမ်က ပစ္စည်းများကို ရယူပြီးနောက် ထွက်သွားကြလေသည်။ နောက်တနေ့တွင် ဦးထွန်းတင်သည် အချင်းဖြစ်ပွားပုံနှင့် စပ်လျဉ်း၍ အုတ်ဖို့မြို့နယ် အိုးသည်ကုန်း ပြည်သူ့ရဲတပ်ဖွဲ့စခန်း၌ တိုင်ချက် ရေးဖွင့်သည်။အိုးသည်ကုန်း ပြည်သူ့ရဲဘပ်ဖွဲ့စခန်းက အမှုကို စုံစမ်းစစ်ဆေးပြီးနောက် မောင်

၁၉၇၉
မောင်ကဲတိုး
ပါ(၃)
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

ကဲတိုး၊ **မောင်အောင်တင်၊ မောင်တင်သိန်း**နှင့် အခြား တရားခံများအား အထက်ဖော်ပြပါအမှု၌ တရားစွဲဆိုရာ မြို့နယ်တရားရုံးက **မောင်အောင်တင်**နှင့် မောင်တင်သိန်းတို့နှစ်ဦးကိုသာ အပြစ်တွေ့ရှိ၍ **သေဒဏ်** ချမှတ်သည်။ ကျန်တရားခံများကို အမှုမှ လွှတ်ပစ်လိုက်လေသည်။

ဤအယူခံ၌ ပဲခူးတိုင်း တရားသူကြီးအဖွဲ့သည် အုတ်ဖိုမြို့နယ် တရားရုံးက ချမှတ်သော သေဒဏ်အမိန့်ကို အတည် ပြုသင့် မသင့် ပြည်သူ့တရားသူကြီးအဖွဲ့ဥပဒေ ပုဒ်မ ၃၀(ဃ) အရ စီရင်ရာ၌ မြို့နယ်တရားစီရင်ရေးအဖွဲ့က အပြီးအပြတ်လွှတ်လိုက်သော တရားခံ တစ်ဦးအား အပြစ်တွေ့ရှိ၍ သေဒဏ် ချမှတ်ခြင်း ပြုနိုင် မပြုနိုင် ဥပဒေပြဿနာ ပေါ်ပေါက်လာသည်။ သေဒဏ်အမိန့်ကို အတည်ပြုရသည့် တရားရုံး၏ လုပ်ပိုင်ခွင့်များကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၇၅ နှင့် ၃၇၆ တို့၌လည်း ပြဋ္ဌာန်းထားပေသည်။ ပြည်သူ့တရားသူကြီးအဖွဲ့၏ ညွှန်ကြားချက် အမှတ် ၁၄ တွင် အပိုဒ်(၁၂)၌ အောက်ပါအတိုင်း ဖော်ပြထားသည်—

"ပြည်နယ်၊ တိုင်းတရားသူကြီးအဖွဲ့တစ်ဖွဲ့လုံးသည် သေဒဏ်အတည်ပြုသည့်အမှုကို ဆုံးဖြတ်ရာ၌ အောက်ပါအတိုင်း ဆောင်ရွက်ခြင်း အမိန့်တရပ်ရပ်ကို ချမှတ်ခြင်း ပြုလုပ်နိုင်ပါသည်—

(က) လိုအပ်နေသေးသော သက်သေထွက်ချက်များကို ထပ်မံရယူစေခြင်း၊
(ခ) မူလတရားရုံး၏အမိန့်ကို အတည်ပြုခြင်း၊
(ဂ) မူလတရားရုံး၏အမိန့်ကို ဥပဒေနှင့်အညီ ပြောင်းလဲ အမိန့်ချမှတ်ခြင်း၊
(ဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်၍ အခြား ပြစ်မှုတရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်ဒဏ်ချမှတ်ခြင်း၊
(င) ပြစ်မှုထင်ရှားစီရင်ခြင်းကိုပယ်ဖျက်၍ အပြီးအပြတ်လွှတ်ခြင်း၊
(စ) မူလတရားရုံး၏အမိန့်ကိုပယ်ဖျက်၍ အသစ် ပြန်လည်စစ်ဆေးစီရင်စေရန် အမိန့်ချမှတ်ခြင်း၊

ပြည်သူ့တရားသူကြီးအဖွဲ့၏ ညွှန်ကြားချက် အမှတ် ၁၄ ၌ဖြစ်စေ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၇၅ နှင့် ၃၇၆ ၌ဖြစ်စေ၊ သေဒဏ်အမိန့်ကို အတည်ပြုခြင်းဆိုင်ရာ စီရင်ရသောပြည်နယ်၊ တိုင်းတရားသူကြီးအဖွဲ့သည် မူလရုံးက အပြီးအပြတ်လွှတ်သော တရားခံတစ်ဦးအား အပြစ်

**၁၉၇၉**
**မောင်ကဲတိုး ပါ(၃) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်**

တွေ့ရှိ၍ အပြစ်ဒဏ်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်း မရှိပေ။ မူလရုံးက တရားခံတစ်ဦးအား အပြီးအပြတ်လွှတ်သော အမိန့်ကို ဗဟိုဥပဒေရုံးကသာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၁၇ အရ ဗဟိုတရားရုံး၌ အယူခံဝင်နိုင်သည်။ သို့ဖြစ်၍ အုတ်ဖိုမြို့နယ် တရားရုံးကအမှုမှ အပြီးအပြတ်လွှတ်လိုက်သော မောင်ကဲတိုးအား ပဲခူးတိုင်း တရားသူကြီးအဖွဲ့က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၆ အရ သေဒဏ် ချမှတ်ခြင်းမှာ ဥပဒေနှင့် ညီညွတ်မှုမရှိပေ။

အယူခံ တရားလို မောင်အောင်တင်၊ မောင်တင်သိန်း တို့နှင့် စပ်လျဉ်း၍ အချင်းဖြစ်သည့် ညက ဦးထွန်းတင်၊ ဦးညွက်၊ ကိုလှရွှေ၊ ကိုအုန်းသန်း နှင့် ဒေါ်မြညွန့် တို့၏ အိမ်များကို ဓါးမြ တိုက်ရာ၌ မောင်အောင်တင်နှင့် မောင်တင်သိန်းတို့ ပါဝင်ကြောင်း မည်သည့် သက်သေကမျှ စွပ်စွဲထားခြင်း မရှိပေ။ ထို့ပြင် တိုက်ရာပါပစ္စည်း တစုံတရာကိုလည်း မောင်အောင်တင် တို့ထံမှ သိမ်းဆည်း ရရှိခဲ့ခြင်း မရှိချေ။ ယင်းတို့အပေါ် ငြိစွန်းနေသည်ဟု ယူဆရသော ထင်ရှားတည်းသော သက်သေအထောက်အထားမှာ ဒေါ်မြညွန့်အိမ်၌ ဓါးမြများထံမှ ကျန်ရစ်ခဲ့သည့် စတင်းယမ်းတောင့်ခွံ(၁၄) ခုနှင့် ရိုင်ဖယ်ယမ်းတောင့်ခွံ (၁)ခုတို့ ဖြစ်သည်။ ထိုယမ်းတောင့်များသည် မောင်အောင်တင်နှင့် မောင်တင်သိန်းတို့အား ပြည်သူ့ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ထုတ်ပေးထားသော စတင်းသေနတ်နှင့် ရိုင်ဖယ်သေနတ် အသီးသီးဖြင့် ပစ်ခဲ့သည့်ကျည်ဆံခွံများဖြစ်ကြောင်း လက်နက်ပါရဂူဦးအေးကြူ(လိုပြ-၁၆) ၏ ထွက်ချက်၌ ပါရှိသည်။ တနည်းဆိုရသော် မောင်အောင်တင်နှင့် မောင်တင်သိန်းတို့အပေါ် ငြိစွန်းနေသည့် သက်သေ အထောက်အထားမှာ သူတို့သည် ဓါးမြတိုက်ရာ၌ ပါဝင်ခဲ့ကြကြောင်း တွေ့မြင်သိရှိသည့် တိုက်ရိုက် သက်သေခံချက် မဟုတ်ပဲ၊ ထိုသူတို့ထံမှ သိမ်းဆည်းသော စတင်းသေနတ်၊ ရိုင်ဖယ်သေနတ်တို့နှင့် ဓါးမြများထံမှ ကျန်ရစ်ခဲ့သည့် ယမ်းတောင့်ခွံများကို တိုက်ဆိုင်စစ်ဆေး တွေ့ရှိချက်အရ မောင်အောင်တင်နှင့် မောင်တင်သိန်းတို့သည် ဓါးမြတိုက်ကြရာ၌ ပါဝင်ကြသည်ဟု ယူဆသင့်ကြောင်း သွယ်ဝိုက်ကာ ညွှန်ပြသည့် သက်သေ အထောက်အထားသာ ဖြစ်ပေသည်။

ဤအမှုတွင် အချင်းဖြစ်ပွားရာ၌ ပါဝင်သော စတင်းသေနတ်နှင့် ရိုင်ဖယ်သေနတ်ကို မင်းလှ ပြည်သူ့ရဲတပ်ဖွဲ့စခန်းက အခြားသော အမှုတစ်မှုနှင့် ပတ်သက်၍ မောင်အောင်တင်နှင့် မောင်တင်သိန်း တို့ထံမှ

၁၉၇၃
မောင်ကဲတိုး
ပါ(၃)
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

သိမ်းယူခဲ့ကြောင်းလည်း ပေါ်ပေါက်သည်။ မည်သည့်နေ့က သိမ်းယူခဲ့သည်ဆိုသော အချက်မှာမူ ပေါ်လွင်ထင်ရှားခြင်း မရှိချေ။ လေးတဲရွာ၌ ဒမြှုမှ မဖြစ်ပွားမီက ယင်းသေနတ်များကို သိမ်းဆည်းခဲ့ခြင်းလော သို့တည်းမဟုတ် ဒမြတိုက်မှု ဖြစ်ပွားပြီးမှ သိမ်းဆည်းခဲ့ခြင်းလော၊ မသိရချေ။ သို့ဖြစ်၍ အချင်းဖြစ်သည့် ၁၉၇၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့ညက မောင်အောင်တင်နှင့် မောင်တင်သိန်းတို့သည် အချင်းဖြစ်သေနတ်များကို အသုံးပြုခဲ့သည် သို့တည်းမဟုတ် အသုံးပြုရာတွင် ပါဝင်ခဲ့ကြသည် ဆိုသော သက်သေ အထောက်အထား ကွင်းဆက်မရှိသဖြင့် လက်နက်ပါရဂူ၏ထင်မြင်ယူဆချက် တစ်ခုတည်းကိုသာအခြေခံ၍ မောင်အောင်တင်နှင့် မောင်တင်သိန်းတို့သည် ဒမြတိုက်စဉ်က လူသတ်မှုကျူးလွန်သူများ ဖြစ်ရမည်ဟု တထစ်ချ ကောက်ယူဆုံးဖြတ်ရန် မသင့်ချေ။ ထို့ကြောင့် လက်နက် ပါရဂူ၏ ထင်မြင်ချက် တစ်ခုတည်းဖြင့် မောင်အောင်တင်နှင့် မောင်တင်သိန်းတို့အား စိတ်ချလက်ချ အပြစ်ပေးခြင်းလည်း မပြုနိုင်ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် မောင်ကဲတိုး၊ မောင်အောင်တင်နှင့် မောင်တင်သိန်း တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၆ အရ၊ သေဒဏ် ချမှတ်ထားသော အမိန့်များကို ပယ်ဖျက်၍ အယူခံတရားလိုများအား ဤအမှုမှ အပြီးအပြတ်လွတ်ရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌ အဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့်ဦးထွန်းရှိန် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉ မတ်လ ၃-ရက်

မောင်ကျော်မြင့်

နှင့်

၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
၂။ မခင်မာမြင့်*

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၅ သည် ဗုဒ္ဓဘာသာဝင် ယောကျ်ားများ နှင့် သက်ဆိုင်မှုမရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၅ သည် လင်ထို့မဟုတ် မယားအသက်ရှိစဉ် နောက်ထပ်ထိမ်းမြားခြင်း အတည်မဖြစ်နိုင်သော ဘာသာဝင်များနှင့်သာ သက်ဆိုင်သည်။ ခရစ်ယာန် ဘာသာဝင်များအနေဖြင့် တရားဝင် ထိမ်းမြားလက်ထပ်ပြီး နောက်ထပ်ထိမ်းမြားခြင်းပြုပါက ပုဒ်မ ၄၉၅ အရ ပြစ်မှုမြောက်နိုင်မည် ဖြစ်သော်လည်း ဗုဒ္ဓဘာသာဝင် ယောကျ်ားများသည် မယားကြီးရှိလျက်နှင့် နောက်ထပ် အိမ်ထောင်ပြုစေကာမူ တရားဝင် အိမ်ထောင်ပြုရာရောက်သည်ဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၅ အရ ပြစ်မှုမမြောက်ချေ။

**လျှောက်ထားသူအတွက်** — ဒေါက်တာ မောင်မောင်ကျော်၊ ဗဟိုတရားရုံးရှေ့နေ

**လျှောက်ထားခံရသူအတွက်** — ဦးသိန်းလွင်၊ ဥပဒေဝန်ထမ်း အဆင့် (၁)

လျှောက်ထားသူ မောင်ကျော်မြင့်အပေါ် ရေတာရှည်မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၅ အရ စွဲချက်တင်ခြင်းကို ပဲခူးတိုင်း တရားရုံးက အတည်ပြုသောကြောင့် စွဲချက် ပယ်ဖျက်ပေးရန်အတွက် ဗဟိုတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခြင်း ဖြစ်သည်။

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၃၂(ခ)
† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၈ တွင် ချမှတ်သော (၂၅-၈-၇၇) နေ့စွဲပါ ပဲခူးတိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၉
မောင်ကျော်မြင့်
နှင့်
၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
၂။ မခင်မာမြင့်

မောင်ကျော်မြင့်နှင့် မခင်မာမြင့်တို့သည် ၇-၆-၇၅ နေ့တွင် ဆွာမြို့၌ မြန်မာ့မလေ့ ထုံးတမ်းအစဉ်အလာအရ လူကြီးစုံရာ ညှော်ပရိသတ်ရှေ့တွင် လက်ထပ်ခဲ့ကြသည်။ မောင်ကျော်မြင့်တွင် ပထမ ဇနီးနှင့် ကလေး ၂ ယောက် ရှိသည်။ ပထမဇနီးသည် အခြားသူ တစ်ဦးနှင့် လိုက်ပြေးသောကြောင့် ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း မောင်ကျော်မြင့်က သတင်းစာတွင် ကြော်ငြာထည့်သည်။ ထို့နောက် အထက်တွင် ဖော်ပြသည့်အတိုင်း မခင်မာမြင့်နှင့် လူသိရှင်ကြား လက်ထပ်ပေါင်းသင်းခြင်းဖြစ်သည်။

မောင်ကျော်မြင့်နှင့် မခင်မာမြင့်တို့သည် လက်ထပ်ပေါင်းသင်း နေထိုင်ကြပြီးနောက် မောင်ကျော်မြင့်မှာ ဖောင်ကြီးဗဟိုပြည်သူ့ဝန်ထမ်းသင်တန်းကျောင်းသို့ တက်ရသည်။ မခင်မာမြင့်ကလည်း မိဘများရှိရာ ဆွာမြို့သို့ သွားရောက်နေထိုင်သည်။ ထိုအချိန်တွင် မောင်ကျော်မြင့်၏ ပထမဇနီးက ယောကျ်ားနှင့် လိုက်ပြေးခြင်းကိစ္စကို မိုက်မှားမိကြောင်း ဝန်ခံသဖြင့် မောင်ကျော်မြင့်သည် ကလေးများ မျက်နှာကို ထောက်ထား၍ ပထမဇနီးနှင့် ပြန်လည်ပေါင်းသင်းနေထိုင်သည်။ မခင်မာမြင့်က မောင်ကျော်မြင့်သည် မိမိအား စွန့်ပစ်၍ ထောက်ပံ့ပေးကမ်းခြင်း မပြုပဲ ပထမဇနီးနှင့် ပြန်လည်ပေါင်းသင်းနေထိုင်သောကြောင့် တရားရုံး၏ အကူအညီရလိုကြောင်း ရေတာရှည်မြို့နယ် တရားရုံးသို့ တိုင်ကြားလျှောက်ထားခြင်းကြောင့် တရားရုံးက အရေးယူစစ်ဆေး၍ စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၅ မှာ နောက်လက်ထပ်မည့်သူအား အထက်က လက်ထပ်ခဲ့ပြီးဖြစ်ကြောင်း ထိန်ချန်ထားခြင်း ဖြစ်သည်။ ယခုအမှုတွင် တရားလိုပြ သက်သေများ၏ ထွက်ချက်အရပင် မောင်ကျော်မြင့်သည် မခင်မာမြင့်နှင့် လက်ထပ်ရန် စီစဉ်သော အချိန်တွင် အထက်က မယားကြီးရှိခဲ့ကြောင်း ထိန်ချန်ထားသည့် အချက်များ မပေါ်လွင်ပေ။ ဦးညီမောင် (လိုပြ- ၂) က မောင်ကျော်မြင့်သည် မယားကြီးကို သတင်းစာမှ ကြော်ငြာ၍ ပြတ်စဲခဲ့ကြောင်းမှန်ပါသည်ဟူ၍လည်းကောင်း၊ မောင်ကျော်မြင့်၌ ဇနီးဟောင်းရှိကြောင်း သိပါသည်ဟူ၍လည်းကောင်း ထွက်ဆိုကြသည်။

မခင်မာမြင့် ကိုယ်တိုင်ကလည်း တရားရုံးက မေးမြန်းသောအခါတွင် မောင်ကျော်မြင့်နှင့် ပထမဇနီးတို့ သတင်းစာထဲတွင် ပြတ်စဲကြောင်း ပါရှိသည်ဟူ၍ ထွက်ဆိုသည်။ ထို့အပြင် မောင်ကျော်မြင့်

၁၉၇၉
မောင်ကျော်မြင့်
နှင့်
၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
၂။ မခင်မာမြင့်

နှင့် လင်မယားအဖြစ်မှ ပြတ်စဲလိုကြောင်း၊ မောင်ကျော်မြင့်က စရိတ်ထောက်ပံ့ခြင်းမရှိကြောင်းလည်း ထက်ဆိုသောကြောင့် မောင်ကျော်မြင့်က မယားဟောင်းနှင့် ပြန်လည်ပေါင်းသင်းခြင်းကို မကျေနပ်၍ တရားရုံးသို့ လျှောက်ထားခြင်းသာ ဖြစ်သည်။ ထို့ကြောင့် အမှုဖြစ်ပျက်သည့် အကြောင်းခြင်းရာအရ မောင်ကျော်မြင့်နှင့် မခင်မာမြင့်တို့ လက်ထပ်သောအချိန်တွင် မောင်ကျော်မြင့်မှာ မယား ရှိခဲ့သူ အဖြစ် မခင်မာမြင့် သိရှိပြီးဖြစ်ကြောင်း ပေါ်လွင်သည်။

ဥပဒေကြောင်းအရ စဉ်းစားလျှင်လည်း ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၅ သည် လင် သို့မဟုတ် မယားအသက်ရှိစဉ် နောက်ထပ်ထိမ်းမြားခြင်း အတည်မဖြစ်နိုင်သော ဘာသာဝင်များနှင့်သာ သက်ဆိုင်သည်။ ခရစ်ယာန်ဘာသာဝင်များ အနေဖြင့် တရားဝင် ထိမ်းမြားလက်ထပ်ပြီး နောက်ထပ်ထိမ်းမြားခြင်းပြုပါက ပုဒ်မ ၄၉၅ အရ ပြစ်မှုမြောက်နိုင်မည်ဖြစ်သော်လည်း ဗုဒ္ဓဘာသာဝင်ယောကျ်ားများသည် မယားကြီးရှိလျက်နှင့် နောက်ထပ်အိမ်ထောင်ပြုစေကာမူ တရားဝင် အိမ်ထောင်ပြုရာရောက်သည်ဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၅ အရ ပြစ်မှုမမြောက်ချေ။ မောင်ကျော်မြင့်အပေါ် ရေကာရှည်မြို့နယ်တရားရုံးနှင့် ပဲခူးတိုင်းတရားရုံးတို့က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၅ အရ စွဲချက်တင်သောအမိန့်များကို ပယ်ဖျက်၍ အမှုမှ စွဲချက်မတင်ပဲ လွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးမိုးလှိုင်နှင့် ဦးတင်အောင်
တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

**မောင်ကျော်ဦး**

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်*

† ၁၉၇၉
အောက်တိုဘာလ
၂၉-ရက်

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ (က)၊ ဂျစ်ကား ဘောနက်ပေါ်တွင် လူတင်ပြီး ဂျစ်ကားအတွင်း၌ လူများနှင့် ကုန်များကို အဆမတန် တင်ဆောင်လာခြင်း— သာမန်လူတစ်ယောက် ထားသင့်သော သတိ၊ ရှိသင့်သော ဝီရိယတို့ မရှိသည့်အတွက် ပေါ့လျော့စွာ ပြုလုပ်ရာ ရောက်ခြင်း။**

**ဆုံးဖြတ်ချက်။** ။မောင်ကျော်ဦးသည် ဂျစ်ကား ဘောနက်ပေါ်တွင် လူတင်ပြီး ဂျစ်ကားအတွင်း၌ လူများနှင့် ကုန်များကို အဆမတန် တင်ဆောင်လာသောကြောင့် သာမန်လူတစ်ယောက် ထားသင့်သော သတိ၊ ရှိသင့်သော ဝီရိယတို့ မရှိသည့်အတွက် ကားချင်းရှောင်ရာတွင် ကားကို မထိန်းနိုင်ဖြစ်ပြီး တိမ်းမှောက်ခဲ့ရာမှ မဘိုမမှာ ကားပိပြီး သေဆုံးခဲ့ခြင်းဖြစ်၍ မောင်ကျော်ဦးသည် ပေါ့လျော့စွာ ပြုလုပ်ရာရောက်ပေသည်။ ဤအချက်များအပေါ် အခြေခံ၍ မြို့နယ်တရားရုံးက မောင်ကျော်ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄—က အရ ပြစ်မှုထင်ရှား စီရင်ထားသည်မှာ မှားယွင်းခြင်းမရှိသည့်အပြင် ၎င်းအပေါ် မြို့နယ်တရားရုံးက ချမှတ်ထားသည့်ပြစ်ဒဏ်မှာလည်း လျော်ကန်သင့်မြတ်သည့် ပြစ်ဒဏ်ဖြစ်ကြောင်း တွေ့ရှိရသည်။

**လျှောက်ထားသူအတွက်** — ဦးရှန်၊ ဗဟိုတရားရုံးရှေ့နေ
**လျှောက်ထားခံရသူအတွက်** — ဦးသိန်းလွန်း၊ ဥပဒေဝန်ထမ်း အဆင့် (၁)

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၂၃(ခ)
† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၃ တွင် ချမှတ်သော (၁၇-၉-၇၇) နေ့စွဲပါ ပဲခူးတိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၉
မောင်ကျော်ဦး
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံတော်

ထန်းတပင်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၇/၇၇ တွင် မောင်ကျော်ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄–က အရ ထောင်ဒဏ် ၁ နှစ်ကျခံစေရန် ချမှတ်သည့် မြို့နယ်တရားရုံး၏ အမိန့်ကို မောင်ကျော်ဦးက မကျေနပ်သည့်အတွက် ပဲခူးတိုင်းတရားရုံးသို့ အယူခံဝင်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

၁-၂-၇၇ နေ့ ညနေ ၃ နာရီခွဲအချိန်ခန့်တွင် မောင်ကျော်ဦးသည် သက်သေခံဂျစ်ကားအမှတ် ၈/၁၉၇၉ တွင် ခရီးသည် ၇ ဦးနှင့် ကုန်ပစ္စည်းများတင်ပြီး တောင်ငူမြို့မှ ဇရပ်ကြီးရွာသို့ မောင်းနှင်ခဲ့လေသည်။ ကျဉ်တော်ရွာအဝင်သို့ ရောက်သောအခါ မျက်နှာချင်းဆိုင်မှ အရှိန်နှင့် မောင်းနှင်လာသော ကုန်တင်ကားကြီးကို လမ်းအချိုးတွင် ရုတ်တရက်တွေ့မြင်သဖြင့် မောင်ကျော်ဦးက ဂျစ်ကားကို ညာဘက် လမ်းဘေးသို့ ရှောင်ပေးခဲ့သည်။ မောင်ကျော်ဦးက ကားဘရိတ်ကို နင်းရာ ဘရိတ်ပေါက်ပြီး လမ်းဘေးတွင်ရှိသော မြေပြိုနေသည့် ချိုင့်အတွင်းသို့ ကားဘီးတစ်ဘက်ကျသွားပြီး ကားမှာစောင်း၍မှောက်သွားသည်။ ကား၏ ရှေ့ခန်းအစွန်တွင် စီးနင်းလိုက်ပါလာသည့် မတိုမမှာ ကားနှင့်ပိပြီးရရှိသည့် ဒဏ်ရာဖြင့် ထိုနေရာ၌ပင် သေဆုံးသွားလေသည်။

လျှောက်ထားသူ မောင်ကျော်ဦးက ယင်းသည် သက်သေခံ ဂျစ်ကားကို အရမ်းပေါ့လျော့စွာ မောင်းနှင်ခြင်းမဟုတ်ပဲ မှန်မှန်မောင်းနှင်လာခြင်းဖြစ်ကြောင်း၊ မျက်နှာချင်းဆိုင်မှ အရှိန်ဖြင့် မောင်းနှင်လာသော စပါးတင် ကုန်ကားကြီးကို မတိုက်မိစေရန် လမ်းဘေးသို့ရှောင်ရာမှ လမ်းဘေးရှိ မြေပြိုနေသော ချိုင့်အတွင်းသို့ ကားဘီးတစ်ဘက်ကျပြီး ကားမှာ စောင်းကျသွားခြင်းသာဖြစ်ကြောင်း၊ ဤအချက်များကို မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ထည့်သွင်း မစဉ်းစားသည်မှာ မှားကြောင်း စသည်ဖြင့် တင်ပြသည်။

သက်သေခံချက်များအရ ဂျစ်ကား၏ ရှေ့ ဘောနက် ပေါ် တွင် ကိုတင်မြ (လိုပြ-၂) က ထိုင်၍ ကားရှေ့ခန်း အစွန်တွင် သေသူ မတိုမက ထိုင်ပြီး မတိုမနှင့် ဂျစ်ကားမောင်းသည့် မောင်ကျော်ဦးတို့ ၂ ဦး အကြားတွင် ဒေါ်မြ(လိုပြ-၃) နှင့် ဒေါ်ထွား(လိုပြ-၄) တို့က ထိုင်ကြသည်ကိုလည်းကောင်း၊ ဂျစ်ကား၏ နောက်ခန်းတွင် မစန်းနွဲ့(လိုပြ-၆) သည် အခြားခရီးသည် ၂ ဦးနှင့်အတူ ထိုင်ကြသည်ကိုလည်းကောင်း၊ ဂျစ်ကား နောက်ခန်းနှင့် အမိုးပေါ်တွင် ကုန်ပစ္စည်းများနှင့် ဖောင်းများလည်း တင်ဆောင်လာသည်ကိုလည်းကောင်း တွေ့ရသည်။

၁၉၃၉
မောင်ကျော်
ဦး
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

မောင်ကျော်ဦးသည် ဂျစ်ကားဘောနက်ပေါ်တွင် လူတင်ပြီး ဂျစ်ကားအတွင်း၌ လူများနှင့် ကုန်များကို အသမတန် တင်ဆောင်လာသောကြောင့် သာမန်လူတစ်ယောက် ထားသင့်သော သတိ၊ ရှိသင့်သော ဝီရိယတို့ မရှိသည့်အတွက် ကားချင်းရှောင်ရာတွင် ကားကို မထိန်းနိုင်ဖြစ်ပြီး တိမ်းမှောက်ခဲ့ရာမှ မောင်ဘိုမမှာ ကားပိပြီး သေဆုံးခဲ့ခြင်းဖြစ်၍ မောင်ကျော်ဦးသည် ပေါ့လျော့စွာ ပြုလုပ်ရာ ရောက်ပေသည်။ ဤအချက်များအပေါ် အခြေခံ၍ မြို့နယ်တရားရုံးက မောင်ကျော်ဦး အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄–က အရ ပြစ်မှုထင်ရှား စီရင်ထားသည်မှာ မှားယွင်းခြင်းမရှိသည့်အပြင် ယင်းအပေါ် မြို့နယ်တရားရုံးက ချမှတ်ထားသည့် ပြစ်ဒဏ်မှာလည်း လျော်ကန်သင့်မြတ်သည့် ပြစ်ဒဏ်ဖြစ်ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ လျှောက်ထားသူ မောင်ကျော်ဦး၏ ပြင်ဆင်မှုကို ပယ်လိုက်သည်။

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ်ဦးအေးမောင်နှင့်ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉ ဇန်နဝါရီလ ၁၀ ရက်

ဒေါ်ခင်ခင်ရီး

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်*

**လူတစ်ဦးအား စွပ်စွဲတိုင်တန်းရုံဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀ အရ အသရေဖျက်မှုမြောက်မမြောက်။**

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာနှင့် ပတ်သက်သော အမှုများတွင် လူတစ်ဦးအား စွပ်စွဲတိုင်တန်းကာမျှဖြင့် ထိုသူအပေါ် အသရေပျက်စေရန် ပြုသည်ဟု ယူဆရန်မဟုတ်ပေ။ သူတစ်ဦးအပေါ် မတရားလုပ်ဆယ် စွပ်စွဲခြင်းများပြုလုပ်ကြောင်း ပေါ်ပေါက်ခဲ့လျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၂ အရသော်လည်းကောင်း၊ ပုဒ်မ ၂၁၁ အရသော်လည်းကောင်း စွပ်စွဲသူအပေါ် အရေးယူနိုင်ခွင့် ရှိပေလိမ့်မည်။ အသရေပျက်မှုမြောက်နိုင်ရန်အတွက် စွပ်စွဲခံရသူသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀ နှင့် ငြိစွန်းသော ပြဋ္ဌာန်းချက်များကို ချိုးဖောက်ရန် လိုပေလိမ့်မည်။

**လျှောက်ထားသူအတွက်** — ဦးမြန့်စံလှိုင်၊ ဗဟိုတရားရုံးရှေ့နေ
**လျှောက်ထားခံရသူအတွက်** — ဦးသိန်းလွန်း ဥပဒေဝန်ထမ်း အဆင့်(၁)

လျှောက်ထားသူ ဒေါ်ခင်ခင်ရီး **အပေါ်** လျှောက်ထားခံရသူ ဦးခင်အောင်ဇင်က ရေးမြို့နယ်တရားရုံး ပြစ်မှုကြီးအမှတ် ၂၄/၇၆ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀ အရ တရားစွဲဆိုသောအမှုတွင် ဒေါ်ခင်ခင်ရီးအပေါ် စွဲချက်တင်သည်။ ဒေါ်ခင်ခင်ရီးက မွန်ပြည်နယ် တရားရုံးသို့ စွဲချက်ဖယ်ဖျက်ပေးရန် လျှောက်ထားသော်လည်း လျှောက်

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၉ (ခ)
† ၁၉၇၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂ (၇) တွင် ချမှတ်သော (၁၁–၁၁–၇၆) နေ့စွဲပါ (မော်လမြိုင်မြို့) မွန်ပြည်နယ် တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

**၁၉၇၉**
ဒေါ်ခင်ခင်ရီး နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၂။ ဦးခင်အောင်ဇင်

လွှာကို ပယ်သောကြောင့် ယခုတဖန် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု တင်သွင်းခြင်းဖြစ်သည်။

ဒေါ်ခင်ခင်ရီးသည် သစ်တောဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ညွန့်၏ ဇနီး ဖြစ်သည်။ ဦးခင်အောင်ဇင်သည် သစ်ထုတ်လုပ်ရေးဌာနမှ သစ်ထုတ်ရေးဆိုင်ရာ သစ်အုပ် ဖြစ်သည်။ ဦးခင်အောင်ဇင်နှင့် ဒေါ်ခင်ခင်ရီး တို့သည် အိမ်နီးနားချင်းများလည်း ဖြစ်ကြသည်။ ၁၉၇၅ ခု၊ ဒီဇင်ဘာလ(၈)ရက်နေ့ည ၇ နာရီအချိန်ခန့်တွင် ဦးအောင်ညွန့်နှင့် ဒေါ်ခင်ခင်ရီးတို့၏ အိမ်ပေါ်သို့ ခဲတစ်လုံးကျသောကြောင့် ဒေါ်ခင်ခင်ရီးက လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သောအခါ ဦးခင်အောင်ဇင်ကို ခဲတလုံးကိုင်လျက်တွေ့ရသည်။ ထို့ကြောင့် ခဲနှင့်ပေါက်သူမှာ ဦးခင်အောင်ဇင်ပင် ဖြစ်သည်ဟု စွပ်စွဲသည်။ ဒေါ်ခင်ခင်ရီး၏ ခင်ပွန်း ဦးအောင်ညွန့်က နောက်တနေ့တွင် မြို့နယ်ကောင်စီ အတွင်းရေးမှူးထံသို့ သွားရောက်တိုင်ကြားပြီးနောက် မြို့နယ်တရားရုံးသို့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၆ အရ ဦးခင်အောင်ဇင်အပေါ် တိုင်တန်းတရားစွဲဆိုသည်။ ထိုအမှုမှာ ပြစ်မှုကြီးအမှတ် ၂၄၂/၇၅ ဖြစ်သည်။

ဦးခင်အောင်ဇင်ကလည်း အချင်းဖြစ်ပွားသောညက ခဲကျခြင်းနှင့် ပတ်သက်၍ ဒေါ်ခင်ခင်ရီးသည် မိမိအား မကြားဝန့်မနာသော ဆဲဆိုသည့်အပြင် ခင်အောင်ဇင်မှ ခင်အောင်ဇင်ဖြစ်သည်ဟု မဟုတ်မတရား စွပ်စွဲသောကြောင့် ဒေါ်ခင်ခင်ရီးသည် မိမိ၏ ဂုဏ်သိက္ခာ နိမ့်ကျစေရန် ပြုလုပ်ကြောင်းဖြင့် ဒေါ်ခင်ခင်ရီး အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀ အရ တရားစွဲဆိုရာ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၄/၇၆ အဖြစ် သတ်မှတ်သည်။

ဦးခင်အောင်ဇင်က ရေးမြို့ ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးထံ ဒေါ်ခင်ခင်ရီးအပေါ် အသရေဖျက်မှုတွက် တရားစွဲဆိုပေးပါရန် လျှောက်ထားသော ၁၉၇၅ ခုနှစ်၊ ဒီဇင်ဘာလ(၉) ရက် နေ့စွဲပါလျှောက်လွှာကို အမှုတွဲ၌ တွေ့မြင်နိုင်သည်။ ယင်းလျှောက်လွှာတွင် မိမိအား ဒေါ်ခင်ခင်ရီးက ခဲဖြင့်ပေါက်သူဟူ၍ မတရားစွပ်စွဲခြင်းနှင့် ဆဲဆိုခြင်း တို့ကြောင့် မိမိတွင် သိက္ခာကျရကြောင်း ဖော်ပြပါရှိသည်။ ဒေါ်ခင်ခင်ရီးကမူ ဦးခင်အောင်ဇင်အပေါ် မိမိယောကျ်ား ဦးအောင်ညွန့်က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၆ အရ ခဲပေါက်မှုဖြင့် တရားစွဲဆိုသော

၁၉၇၆ ဒေါ်ခင်ခင်ရီး နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၂။ ဦးခင်အောင်ဇင်

ကြောင့် မိမိအပေါ် ဦးခင်အောင်ဇင်က အသရေဖျက်မှုဖြင့် ပြန်လှန်စွဲဆိုခြင်းဖြစ်ကြောင်း တင်ပြသည်။

ဒေါ်ခင်ခင်ရီး၏ အကျိုးဆောင်က ဦးခင်အောင်ဇင်သည် အချင်းဖြစ်ပွားသော ညက ခဲဖြင့် ပေါက်သူဖြစ်ကြောင်း လျှောက်လဲသည်။ ဦးခင်အောင်ဇင်၏ အကျိုးဆောင်ကလည်း ဦးခင်အောင်ဇင်မှာ မမှန်မကန် စွပ်စွဲခြင်း ခံရသူဖြစ်ကြောင်း လျှောက်လဲသည်။ သို့ရာတွင် ဦးခင်အောင်ဇင် ခဲပေါက်မှု ပြုမပြု ဟူသောအချက်မှာ ယခုစဉ်းစားရန် မဟုတ်ပေ။ ယင်းကိစ္စနှင့် ပတ်သက်၍ ရေးမြို့နယ် တရားရုံး၏ ပြစ်မှုကြီးအမှတ် ၂၄၂/၇၅ တွင် နှစ်ဘက်သက်သေများ စစ်ဆေးပြီးဆုံး၍ စီရင်ချက်ချမှတ်ရန် အချိန်သို့ပင် ရောက်ရှိလျက်ရှိပြီ ဖြစ်သည်။

ဒေါ်ခင်ခင်ရီး အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀ အရ စွဲချက်တင်ခြင်းကို ပယ်ဖျက်ပေးရန် သင့်မသင့်နှင့် ပတ်သက်၍ ဦးခင်အောင်ဇင်အပေါ် စွဲဆိုထားသောအမှုကို ပြီးဆုံးသည်အထိ စောင့်ဆိုင်းရန်လိုမလို စဉ်းစားရာတွင်လည်း ဦးခင်အောင်ဇင်အပေါ် တရားစွဲဆိုသူမှာ ဒေါ်ခင်ခင်ရီး မဟုတ်ပေ။ ဒေါ်ခင်ခင်ရီး၏ ယောကျ်ား ဦးအောင်ညွန့် ဖြစ်သည်။ ယင်းအမှုတွင် စွဲဆိုချက် မှန်ကန်သည်ဖြစ်စေ၊ မှန်ကန်ခြင်း မရှိသည်ဖြစ်စေ ဒေါ်ခင်ခင်ရီး နှင့် ပတ်သက်ရန် အကြောင်းမရှိပေ။

ပြစ်မှုဆိုင်ရာနှင့် ပတ်သက်သော အမှုများတွင် လူတဦးအား စွပ်စွဲတိုင်ဘန်းကာမျှဖြင့် ထိုသူအပေါ် အသရေပျက်စေရန် ပြုသည်ဟု ယူဆရန် မဟုတ်ပေ။ သူတဦးအပေါ် မဘရားလည်ဆယ် စွပ်စွဲခြင်းများ ပြုလုပ်ကြောင်း ပေါ်ပေါက်ခဲ့လျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၂ အရသော်လည်းကောင်း၊ ပုဒ်မ ၂၁၁ အရသော်လည်းကောင်း စွပ်စွဲသူအပေါ် အရေးယူနိုင်ခွင့် ရှိပေလိမ့်မည်။

ဒေါ်ခင်ခင်ရီးအပေါ် ဦးခင်အောင်ဇင်၏စွပ်စွဲချက်မှာ ဒေါ်ခင်ခင်ရီးက ခဲပေါက်သူသည် ဦးခင်အောင်ဇင်မှ ခင်အောင်ဇင်ဟု ဟစ်အော်ပြောဆိုခြင်း၊ မကြားဝန့်မနာသော ဆဲဆိုခြင်းများကြောင့်ဟု ဆိုသည်။ ယင်းစွပ်စွဲချက်များ မှန်ကန်သည် ဆိုစေကာမူ ဒေါ်ခင်ခင်ရီးက ဦးခင်အောင်ဇင်အပေါ် ဂုဏ်သိက္ခာ ညှိုးနွမ်းစေရန်နှင့် အသရေပျက်စေရန်အတွက်

ပြုမှုသည်ဟူ၍ မယူဆနိုင်ပေ။ အသရေပျက်မှုမြောက်နိုင်ရန်အတွက် စွပ်စွဲ ခံရသူသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၁ နှင့် ငြိစွန်းသောပြဋ္ဌာန်းချက်များကို ချိုးဖောက်ရန် လိုပေလိမ့်မည်။ ထို့ကြောင့် မြို့နယ်တရားရုံးနှင့် မွန်ပြည်နယ် တရားရုံးတို့က လျှောက်ထားသူ ဒေါ်ခင်ခင်ရှိုး အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀ အရ စွဲချက်တင်ရန် ချမှတ်ထားသော အမိန့်များကို ပယ်ဖျက်၍ ဒေါ်ခင်ခင်ရှိုးအား အမှုမှ စွဲချက်မတင်ပဲ လွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

၁၉၇၉
ဒေါ်ခင်ခင်ရှိုး
နှင့်
၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
၂။ ဦးခင်မောင်ဇင်

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးတွန်ရှိန်၊အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးအေးမောင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉
ဒီဇင်ဘာလ
၂၈ ရက်

ဒေါ်ခင်နု

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ပါ(၂)*

**သက်သေခံဥပဒေပုဒ်မ ၁၃၈–တဘက်အမှုသည်၏ ပြန်လှန်စစ်မေးခွင့်– တရားလိုအား စစ်ဆေးပြီးသော အချိန်တွင်မှ တရားခံက အကျိုးဆောင်အား၍ ပြန်လှန်မေးခွင့်ပြုရန် တောင်းဆိုခြင်း–အမှုကို အချိန်ကြန့်ကြာစေလိုသောကြောင့် ရက်ချိန်းတောင်းခြင်းဖြစ်သည်ဟု မှတ်ယူရန် မသင့်ခြင်း– သက်သေများအား ပြန်လှန်စစ်မေးခွင့်မှာ တဘက်အမှုသည်၏ အခွင့်အရေးပင်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သက်သေခံ ဥပဒေပုဒ်မ ၁၃၈ တွင် သက်သေအား အဓိက စစ်မေးခြင်းပြုလုပ်ပြီးနောက် တဘက်အမှုသည်က ဆန္ဒရှိလျှင် ပြန်လည်မေးခွန်းမေးရန်အတွက် ခွင့်ပြုရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ မူလတရားရုံးတွင် တရားခံဒေါ်တင်လှသည် တရားလိုအား စစ်ဆေးပြီးသောအချိန်တွင်မှ အကျိုးဆောင်အား၍ ပြန်လှန်မေးခွင့်ပြုရန် တောင်းဆိုကာမျှနှင့် အမှုကို အချိန်ကြန့်ကြာစေလိုသောကြောင့် ရက်ချိန်းတောင်းခြင်းဖြစ်သည်ဟု မှတ်ယူရန် သင့်လျော်မည် မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။သက်သေများအား ပြန်လှန်မေးခွန်းပြုလုပ်ခွင့်မှာ တဘက်အမှုသည်၏ အခွင့်အရေးပင် ဖြစ်သည်။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | — | ဒိုင်ဂျက် ဦးလှအောင်၊ဗဟိုတရားရုံးရှေ့နေ |
| လျှောက်ထားခံရသူများအတွက်– | (၁) | ဦးမြင့်အောင်၊ ဥပဒေဝန်ထမ်းအဆင့်(၁) |
| | (၂) | ဦးမောင်မောင်မြင့်၊ဗဟိုတရားရုံးရှေ့နေ |

---

* ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၁၀(ခ)

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၂၉၃ တွင် ချမှတ်သော (၂–၁၂–၇၇)နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၉
ဒေါ်ခင်နု
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
ပါ(၂)

ပန်းဘဲတန်း မြို့နယ်တရားရုံး ပြစ်မှုကြီးအမှတ် ၂၂၂၄/၇၅ တွင် လျှောက်ထားသူ ဒေါ်ခင်နုက တိုက်ရိုက်လျှောက်ထားသောကြောင့် တရားရုံးက လျှောက်ထားခံရသူ ဒေါ်လှတင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၄ အရ ကြားနာစစ်ဆေးသည်။ ထိုအမှုတွင် တရားလို ဒေါ်ခင်နုအား အဓိက စစ်မေးချက်ပြုလုပ်ပြီးနောက် ဒေါ်လှတင်၏ ရှေ့နေက ပြန်လှန်မေးရန် ခွင့်မပြုနိုင်ကြောင်း မူလတရားရုံးက အမိန့်ချသည်။ ယင်းအမိန့်ကို ရန်ကုန်တိုင်းတရားရုံးက ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၉၃/၇၇ တွင် ပယ်ဖျက်၍ ဒေါ်လှတင်၏ရှေ့နေသည် တရားလို ဒေါ်ခင်နုအား ပြန်လှန် မေးခွန်း မေးနိုင်ခွင့်ရှိကြောင်း ဆုံးဖြတ်သည်။ ထို့ကြောင့် ဒေါ်ခင်နုက ယခုတဖန် ဗဟိုတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခြင်း ဖြစ်သည်။

မူလတရားရုံးသည် ပြန်လှန်မေးရန် ခွင့်မပြုနိုင်ကြောင်း အမိန့်ကို ၂၁-၁၀-၇၆ နေ့စွဲပါ မှတ်တမ်းအရ အမိန့်ချသည်။ ယင်းအမိန့်မှာ တရားရုံး၏ ၈-၆-၇၆ နေ့စွဲပါ နေ့စဉ်မှတ်တမ်းအမိန့်ကို ရည်ညွှန်း၍ ချမှတ်ခြင်းဖြစ်သည်။ ၈-၆-၇၆ နေ့စွဲပါ မှတ်တမ်းတွင် ဖော်ပြပါရှိသည်မှာ ရုံးချိန်း ၁၁ ကြိမ် ရှိခဲ့သော်လည်း တရားခံဒေါ်လှတင်သည် အကျိုးဆောင်ငှားမည်ဟု မပြောခဲ့ကြောင်း၊ တရားလို ဒေါ်ခင်နုအား စစ်ဆေးပြီးသောအချိန်တွင်မှ နောက်တပါတ်တွင် အကျိုးဆောင်ငှားပြီး ပြန်လှန်မေးခွန်းမေးရန် လျှောက်ထားခြင်းကို ခွင့်မပြုကြောင်း ဖော်ပြပါရှိသည်။

တရားခံ ဒေါ်လှတင်အား တရားရုံးက ပြန်လှန်မေးခွန်းမေးရန် ခွင့်မပြုနိုင်ကြောင်း ပြောကြားပြီး နောက် ချိန်းရက်ဖြစ်သော ၂၁-၆-၇၆ နေ့တွင် ဒေါ်လှတင်အတွက် အကျိုးဆောင်ဦးခင်ထွန်းက ကိုယ်စားလှယ်စာတင်သည်။ ထိုနေ့တွင် တရားလို လာသော်လည်း တရားလို၏အကျိုးဆောင်မလာသောကြောင့် တရားခံဘက်မှ ပြန်လှန်မေးရန်နှင့် တရားလိုဘက်မှ သက်သေစာရင်းတင်ရန်ဟူ၍ ၁၂-၇-၇၆ နေ့သို့ ချိန်းသည်။ ၁၂-၇-၇၆ နေ့တွင် တရားလို၊ တရားခံများ လာရောက်သော်လည်း နှစ်ဘက်အကျိုးဆောင်များ မလာရောက်သောကြောင့် တရားခံဘက်မှ ပြန်လှန်မေးရန်နှင့် တရားလိုဘက်မှ သက်သေစာရင်း မပျက်မကွက်တင်ရန်ဟူ၍ ရက်ချိန်းထပ်ပေးရသည်။ ထို့နောက် တရားလိုနှင့် အကျိုးဆောင်၊ တရားခံနှင့် အကျိုးဆောင်တို့လာရောက်သော်လည်း သဘောတူ ရက်ချိန်းတောင်းခြင်း၊ သက်သေစာရင်းတင်

၁၉၇၉ ဒေါ်ခင်နု ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ပါ (၂)

သော်လည်း ရုံးကရက်ချိန်းပေးခြင်း၊ တရားခံနှင့် အကျိုးဆောင်မလာရောက်ခြင်း အစရှိသည်များကြောင့် ရက်ချိန်းများထပ်မံပေးခဲ့ရပြီးလျှင် ၂၀-၁၀-၇၆ နေ့သို့ ရောက်သောအခါမှာ တရားခံ၏အကျိုးဆောင်က တရားလို၏ အဓိကစစ်မေးချက်နှင့်ပတ်သက်ပြီး ပြန်လှန်မေးခွန်းမေးရန် ပြုလုပ်သောအချိန်တွင် တရားရုံးသည် ၈-၆-၇၆ နေ့စွဲပါ ယခင် ချမှတ်ထားသော နေ့စဉ်မှတ်တမ်းကို ရည်ညွှန်း၍ ပြန်လှန်မေးခွန်းမေးရန် ခွင့်မပြုနိုင်ကြောင်း အမိန့်ချမှတ်ခြင်း ဖြစ်သည်။

မူလတရားရုံး၏ နေ့စဉ်မှတ်တမ်းများကို လေ့လာသောအခါတွင် အမှုကို စစ်ဆေးကြားနာရန်အတွက် ရက်ချိန်းအလီလီ ပေးခဲ့ရသည် မှန်သော်လည်း ယင်းသို့ရက်ချိန်းများပေးရခြင်းမှာ တရားခံတဦးတည်း၏ ပျက်ကွက်မှုကြောင့် မဟုတ်ချေ။ တရားခံအတွက် ပထမပိုင်းတွင် အကျိုးဆောင်မပါရှိသော်လည်း နောက်ပိုင်းတွင် အကျိုးဆောင် ဦးခင်ထွန်းက လိုက်ပါဆောင်ရွက်သည်။ ဤကဲ့သို့ အကျိုးဆောင် ကိုယ်စားလှယ်စာ တင်ပြီးသောအခါမှာလည်း ပြန်လှန်မေးခွန်းမေးရန် ဟူ၍ တရားရုံးက ရက်ချိန်း ၂ ကြိမ်ပေးခဲ့ပြီးမှ ပြန်လှန်မေးခွန်း ခွင့်မပြုနိုင်ကြောင်း အမိန့်ချမှတ်ခြင်းဖြစ်သည်။

ဆက်သေခံ ဥပဒေပုဒ်မ ၁၃၈ တွင် သက်သေအား အဓိကစစ်မေးခြင်းပြုလုပ်ပြီးနောက် တဘက်အမှုသည်က ဆန္ဒရှိလျှင် ပြန်လှန်မေးခွန်းမေးရန်အတွက် ခွင့်ပြုရမည်ဖြစ်ကြောင်းဖော်ပြပါရှိသည်။ မူလတရားရုံးတွင် တရားခံ ဒေါ်လှတင်သည် တရားလိုအား စစ်ဆေးပြီးသောအချိန်တွင်မှ အကျိုးဆောင်ငှား၍ ပြန်လှန် မေးခွင့်ပြုရန် တောင်းဆိုကာမျှနှင့် အမှုကို အချိန်ကြန့်ကြာစေလိုသောကြောင့် ရက်ချိန်းတောင်းခြင်းဖြစ်သည်ဟု မှတ်ယူရန် သင့်လျော်မည်မဟုတ်ပေ။ နောက်ရက်ချိန်းတွင်လည်း ဒေါ်လှဘင်အတွက် အကျိုးဆောင် ဦးခင်ထွန်း ကိုယ်စားလှယ်စာ တင်ပြီးလျှင် တရားရုံးက ပြန်လှန်မေးခွန်းပြုလုပ်ရန် ဟူ၍ ရက်ချိန်းများ ထပ်မံ ခွင့်ပြုခဲ့ပြီးဖြစ်သည်။

လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သော အကျိုးဆောင်က တရားခံသည် တရားလို၏ အဓိကစစ်ဆေးချက်နှင့်ပတ်သက်ပြီး ပြန်လှန်မေးခွန်းမေးခွင့်မရှိစေကာမူ တရားခံအား စွဲချက်တင်ပြီးသောအခါတွင် မည်သည့်တရားလိုပြ သက်သေမဆို တရားခံသည် ခေါ်ယူ မေးမြန်းနိုင်ခွင့်ရှိကြောင်းနှင့် တရားရုံးကလည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၄၀

အရ တရားလိုအား အမှုနှင့်ပတ်သက်၍ ခေါ်ယူ မေးမြန်းနိုင်ခွင့် ရှိကြောင်း တင်ပြသည်။ သို့ရာတွင် ယင်းသို့ပြဋ္ဌာန်းချက်များရှိကာမျှနှင့် တရားခံက တရားလိုအား ပြန်လှန်မေးခွန်းပြုလုပ်နိုင်ခွင့်ကို တားမြစ်လျှင် တရားမျှတမှု ရှိနိုင်မည်မဟုတ်ပေ။ သက်သေများအား ပြန်လှန်မေးခွန်းပြုလုပ်ခွင့်မှာ တဘက်အမှုသည်၏ အခွင့်အရေးပင်ဖြစ်သည်။ ထို့ကြောင့် တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး တရားခံသည် တရားလိုအား ပြန်လှန်မေးခွန်းများ မေးခွင့်ပြုရန် ဆုံးဖြတ်ခြင်းမှာ ဥပဒေနှင့်ညီညွတ်ကြောင်း တွေ့ရသဖြင့် လျှောက်ထားသူ ဒေါ်ခင်နု၏ ပြင်ဆင်မှုလျှောက်လွှာကို ပယ်လိုက်သည်။

၁၉၇၉
ဒေါ်ခင်နု
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
ပါ (၂)

## ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးအေးမောင်နှင့် ဦးသန့်စင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉ ဒီဇင်ဘာ လ ၂၀ ရက်

မောင်ခင်မောင် ပါ (၄) ဦး

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်*

**သက်သေခံ ဥပဒေပုဒ်မ ၁၃၃ နှင့် ပုဒ်မ ၁၁၄၊ ဥပမာ(ခ) တို့အရ လိုက်နာကျင့်သုံးသည့် ထုံး။**

**ဆုံးဖြတ်ချက်။** ။အခြားအထောက်အကူပြုသော သက်သေခံချက် မရှိပဲ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ၏ သက်သေခံချက် အပေါ်တွင်သာ မူတည်၍ အပြစ်ပေးခြင်းသည် တရားမဝင် မဖြစ်စေရဟု သက်သေခံ ဥပဒေပုဒ်မ ၁၃၃ တွင် ပြဋ္ဌာန်းထားသည်။ သို့သော် ကြံရာပါ၏ ထွက်ချက်ကို အရေးပါအရာရောက်သော အကြောင်းအရာများတွင် အထောက်အကူပြုသည့် သက်သေခံချက် မရှိလျှင် ထိုသူမှာ ယုံကြည်ထိုက်သော သက်သေမဟုတ်ဟု မှတ်ယူနိုင်ကြောင်း သက်သေခံ ဥပဒေပုဒ်မ ၁၁၄၊ ဥပမာ(ခ) တွင် ပြဆိုထားသည်။ သို့ဖြစ်၍ ကြံရာပါ၏ ထွက်ချက်ကို အထောက်အကူပြုသည့် သက်သေခံချက်မရှိလျှင် ယင်း၏ သက်သေခံချက်အရ တရားခံများအား အပြစ်ပေးရန် မသင့်ဟူသော ထုံးကို တရားရုံးများက လိုက်နာကျင့်သုံးလျက် ရှိပေသည်။

**အယူခံတရားလိုများအတွက်**—ဒေါ်ကြည်ကြည်ဝင်း (မင်းလှ) ဗဟိုတရားရုံးရှေ့နေ

**အယူခံတရားခံအတွက်** —ဦးသိန်းလွန်း၊ ဥပဒေဝန်ထမ်း အဆင့် (၁)

ကြို့ပင်ကောက်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၀၀/၇၄ တွင် အယူခံတရားလို မောင်ခင်မောင်၊ မောင်ဆေးနီ၊ မောင်မြင့်နှင့် မောင်မြသန်းတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂

---

* ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၆၅

† ၁၉၇၀ ခုနှစ်၊ သေဒဏ်အတည်ပြုမှု အမှတ် ၁ တွင် ချမှတ်သော (၂၂-၇-၇၀) နေ့စွဲပါ ပဲခူးတိုင်း တရားရုံး၏ အမိန့်ကို အယူခံမှု။

**၁၉၇၉**
မောင်ခင်
မောင်
ပါ(၄)ဦး
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

(၁) (ဂ)/၃၄ အရ **သေဒဏ်အသီးသီး ကျခံစေရန်** အမိန့်ချမှတ်သည်။ ပဲခူးတိုင်း တရားသူကြီးအဖွဲ့က အယူခံတရားလိုတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၆ အရ ပြောင်းလဲ၍ အပြစ်တွေ့ရှိပြီး သေဒဏ်ကို အတည်ပြုလိုက်သဖြင့် မောင်ခင်မောင်တို့က ဗဟိုတရားရုံးတွင် အယူခံဝင်ရောက်ခြင်း ဖြစ်သည်။

၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် လက်ပံတန်း ပြည်ခေါက်ပြန်လော်ကယ်ရထားသည် ပြည်မြို့မှ လက်ပံတန်းမြို့သို့ နေ့လည်တနာရီ ၅၀ မိနစ်တွင် ထွက်လာရာ ရထားထိန်းအဖြစ် ဦးသန်းကျော် (လိုပြ—၂၃)က ဆောင်ရွက်သည်။ ရထားလုံခြုံရေးအတွက် လက်ပံတန်းမြို့ မီးရထားပြည်သူ့ရဲတပ်ဖွဲ့စခန်းမှ ဒုတပ်ကြပ် ထွန်းလှိုင်၊ ရဲတပ်သားလှမြင့် (လိုပြ—၂) နှင့် ရဲဘပ်သား သိန်းဝင်းတို့က အစောင့်ရဲများအဖြစ် လိုက်ပါလာကြသည်။ ညနေပိုင်းတွင် ရထားသည် ကြို့ပင်ကောက်မှ အုတ်ဖိုမြို့သို့ ဆက်လက်ထွက်လာသောအခါ ရဲတပ်သားမောင်လှမြင့်သည် ရထားထိန်း၏တွဲမှ လိုက်လာသည်။ ညနေ(၅)နာရီကျော်ကျော်ခန့်တွင် လူဆိုးတစုက အစောင့်ရဲတပ်သားများ၏ ရိုင်ဖယ်သေနတ်(၃) လက်ကို လုယူရာ ရဲတပ်သား သိန်းဝင်းက ပြန်လည်ခုခံသည်။ ထိုစဉ် ဒုတပ်ကြပ် ထွန်းလှိုင်၏ဇနီး ဒေါ်သန်းညွန့်(လိုပြ—၃)က အော်ဟစ်သဖြင့် အိမ်သာဝင်နေသော ဒုတပ်ကြပ် ထွန်းလှိုင်သည် အိမ်သာထဲမှ ပြေးထွက်လာရာ လူဆိုးများက ယင်းအား ရိုက်ပုတ်ထိုးကြိတ်သည်။ ဒုတပ်ကြပ် ထွန်းလှိုင်သည် လူဆိုးများနှင့် သတ်ပုတ်ရာမှ ရထားပေါ်မှ လိမ့်ကျသွားလေသည်။ ဤအတောအတွင်း ရထားထိန်း ဦးသန်းကျော်သည် ရထားထိန်း၏တွဲ ရှေ့ခန်းမှ ရုတ်ရုတ်သဲသဲဖြစ်ပြီး လူတယောက်ကျသွားသည်ကို မြင်ရသဖြင့် အချက်ပေးလိုက်ရာ စက်ခေါင်းမောင်းသူက ရထားကို အရှိန်လျှော့လိုက်ရာ ရထားသည် ကြားဘူတာဖြစ်သော သမန်းကုန်းဘူတာတွင် ရပ်သွားလေသည်။ ထိုအခါ လူဆိုးများက ရဲများ၏ သေနတ်များကို လုယူရရှိပြီး ရထားပေါ်မှ ဆင်းပြေးကြသည်။ ရဲဘပ်သား လှမြင့်သည် လူဆိုးများနောက်သို့ ပြေးလိုက်၍ သတ်ပုတ်ရာ လူဆိုးများက ဓားနှင့်ထိုးသဖြင့် ရဲတပ်သား လှမြင့်သည် ရထားပေါ်သို့ တက်ပြေးလေသည်။ ရထားသည် အုတ်ဖိုဘူတာသို့ ဆက်မောင်းပြီး ထိုမှတဖန် အချင်းဖြစ်ပွားရာသို့ ပြန်သွားပြီး ဒုတပ်ကြပ် ထွန်းလှိုင်ကို ရှာဖွေရာ မတွေ့သဖြင့် အုတ်ဖိုဘူတာသို့ပြန်သွား ပြန်လေသည်။ အုတ်ဖိုဘူတာမှ လက်ပံတန်းမြို့ရှိ မီးရထား ပြည်သူ့ရဲ

၁၉၇၉
မောင်ခင်မောင်
ပါ(၄)ဦးနှင့်
ပြည်ထောင်စုဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော်

တပ်ဖွဲ့စခန်းသို့ သတင်းပို့သဖြင့် ဒုရဲအုပ် ဦးအောင်ထွန်း (လိုပြ–၂၀) သည် ဒုရဲအုပ် ဦးကြည်ညွန့် (လိုပြ–၂၂)၊ တပ်ကြပ်ကြီး စောလှင်ချစ် (လိုပြ-၁၄) တို့နှင့်အတူ ဒီစီဆေးရထားဖြင့် အချင်းဖြစ်ပွားရာသို့ သွားရောက်၍ ရှာဖွေသည်။ ဒုတပ်ကြပ် ထွန်းလှိုင်အား ဒဏ်ရာအများအပြားဖြင့် တွေ့ရှိရသောကြောင့် အုတ်ဖိုပြည်သူ့ဆေးရုံသို့တင်ပို့လိုက်ရာ ဒုတပ်ကြပ် ထွန်းလှိုင်သည် နောက်တနေ့တွင် သေဆုံးသွားလေသည်။ ဦးအောင်ထွန်းသည် အခြားပြည်သူ့ရဲတပ်ဖွဲ့စခန်းများ၏ အကူအညီဖြင့် အမှုကို စုံစမ်းစစ်ဆေးပြီးနောက် အယူခံတရားလို မောင်ခင်မောင်၊ မောင်ဆေးနီ၊ မောင်မြင့်နှင့် မောင်မြသန်းတို့အား ကြို့ပင်ကောက်မြို့နယ် တရားရုံးတွင် ဒမြတိုက် လုသတ်မှုဖြင့် တရားစွဲဆိုသည်။

ဤအမှုတွင် အဓိကသက်သေမှာ အစိုးရ(ဖော်ကောင်) သက်သေ ကိုမြစိုး(လိုပြ–၁) ဖြစ်သည်။ ကိုမြစိုးက မောင်ခင်မောင်သည် လက်ပံတန်း ပြည် ခေါက်ပြန်လော်ကယ်ရထားမှ အစောင့်ရဲများ၏ သေနတ်ကို လုယူရန် မောင်ဆေးနီ၊ မောင်မြင့်၊ မောင်မြသန်းနှင့် မိမိနှင့် တိုင်ပင်ပြီး အချင်းဖြစ်နေ့က မိမိတို့(၅) ဦးသည် မီးရထားအစောင့်ရဲများထံမှ ရိုင်ဖယ်သေနတ်(၃) လက်ကို မည်သို့မည်ပုံ လုယူခဲ့ကြောင်း ခုခံကာကွယ်သော ပြည်သူ့ရဲတပ်ဖွဲ့ဝင်များအား မည်သို့မည်ပုံ ရန်ပြုခဲ့ကြောင်းထွက်ဆိုသည်။

အခြား အထောက်အကူပြုသော သက်သေခံချက်မရှိပဲ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ၏ သက်သေခံချက်ပေါ်တွင်ဆာ မူတည်၍ အပြစ်ပေးခြင်းသည် တရားမဝင်မဖြစ်စေရဟု သက်သေခံဥပဒေပုဒ်မ ၁၃၃ တွင် ပြဋ္ဌာန်းထားသည်။ သို့သော် ကြံရာပါ၏ ထွက်ချက်ကို အရေးပါအရာရောက်သော အကြောင်းအရာများတွင် အထောက်အကူပြုသည့် သက်သေခံချက်မရှိလျှင် ထိုသူမှာ ယုံကြည်ထိုက်သော သက်သေမဟုတ်ဟု မှတ်ယူနိုင်ကြောင်း သက်သေခံဥပဒေပုဒ်မ ၁၁၄၊ ဥပမာ(ခ) တွင် ပြဆိုထားသည်။ သို့ဖြစ်၍ ကြံရာပါ၏ ထွက်ချက်ကို အထောက်အကူပြုသည့် သက်သေခံချက်မရှိလျှင် ယင်း၏ သက်သေခံချက်အရ တရားခံများအား အပြစ်ပေးရန် မသင့်ဟူသောထုံးကို တရားရုံးများက လိုက်နာကျင့်သုံးလျက်ရှိပေသည်။

ဒုရဲအုပ် ဦးအောင်ထွန်းတို့အဖွဲ့သည် ဒုတပ်ကြပ် ထွန်းလှိုင်အား ရှာဖွေတွေ့ရှိစဉ်က သူသည် အသက်ရှင်လျက် ရှိနေသေးသည်။ ဒုရဲအုပ်

ဦးကြည်ညွန့်က သူ့အားပေ့ချီပြီး ဆရာထွန်းလှိုင် ဘယ်လိုဖြစ်တာလဲဟု နှစ်ကြိမ်သုံးကြိမ် မေးမြန်းရာ ဒုတပ်ကြပ် ထွန်းလှိုင်က ခင်မောင်ရက်စက်တယ်ကွာဟု နှစ်ခွန်းသုံးခွန်းသာ ဖြေကြားနိုင်ပြီး နောက်ပိုင်းတွင် ဒုတပ်ကြပ် ထွန်းလှိုင်သည် စကားမေးမရတော့ပဲ သေဆုံးသွားလေသည်။ ဒုတပ်ကြပ် ထွန်းလှိုင်၏ ထုတ်ဖော်ပြောဆိုချက်အရ စုံစမ်းရာမှ အမှုကိုဖော်ထုတ်နိုင်ခြင်းဖြစ်သည်။ အချင်းဖြစ်ပွားစဉ်က အလင်းရောင်ရှိနေသေးသဖြင့် သေသူ ဒုတပ်ကြပ် ထွန်းလှိုင်သည် လူဆိုးများအား ကောင်းစွာတွေ့မြင်နိုင်သည်။ သို့ဖြစ်၍ ဒုတပ်ကြပ် ထွန်းလှိုင်သည် လူမှားစွပ်စွဲရန် အကြောင်းမရှိချေ။ အချင်းဖြစ်ဆည့် ကိစ္စတွင် မောင်ခင်မောင် ပါဝင်ကြောင်း အစိုးရ (ဖော်ကောင်) သက်သေကိုမြစိုး၏ ထွက်ချက်ကို သေသူ၏ သေခါနီး စွပ်စွဲချက်က ထောက်ခံနေပေသည်။

ဒေါ်သန်းညွန့်သည် မောင်ခင်မောင်နှင့် မောင်ဆေးနီတို့အား စိတန်းပြသရာ၌ စွပ်စွဲပြသနိုင်ခဲ့သော်လည်း တရားရုံးရှေ့တွင် တရားခံများအား မမှတ်မိတော့ကြောင်း ထွက်ဆိုသည်။ ထို့ပြင် တရားခံများကို စိတန်းပြသခြင်း၌မပြုမီ ရဲအရာရှိ တဦးက လူဆိုးများ၏ပုံဟု ပြောဆိုကာ ဓာတ်ပုံတပုံကို မိမိအား ကြိုတင်ပြသခဲ့သဖြင့် စိတန်းပြသရာ၌ လူဆိုး (၂) ဦးကို စွပ်စွဲပြသနိုင်ခြင်း ဖြစ်ကြောင်း ဒေါ်သန်းညွန့်က ထွက်ဆိုသည်။ သို့ဖြစ်ရာ ဒေါ်သန်းညွန့်၏ ထွက်ချက်သည် တန်ဖိုးမရှိပေ။

ကိုတင်ဝင်း (လိုပြ—၄) က ပြည်သူ့ရဲတပ်ဖွဲ့၏ တာဝန်ပေးချက်အရ မိမိသည် မောင်ခင်မောင်ရှိရာသို့ သွား၍ ယင်းနှင့် တွေ့ဆုံပြီးနောက် အပြန်တွင် ယင်းထံမှ ရိုင်ဖယ်သေနတ်တလက်ကို ငှားရမ်း၍ သာယာဝတီမြို့ ပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှူး ဦးသောင်းရွှေ (လိုပြ—၁၃) ထံ ပေးအပ်လိုက်ကြောင်း ထွက်ဆိုသည်။ ကိုတင်ဝင်းက မိမိသည် မောင်ခင်မောင်ထံမှ သေနတ်ရပြီးနောက် ပြန်လာရာ ကိုခင်မောင် ရှိသော သံဖြူရုံရွာ အပြင်ဘက်တွင် ကိုခင်မောင်အား ဖမ်းဆီးရန်လာသော စခန်းမှူး ဦးသောင်းရွှေတို့ အဖွဲ့နှင့် တွေ့ဆုံကြောင်း၊ ရွာထဲတွင် ခင်မောင်ရှိကြောင်း သတင်းပေးပို့ကြောင်း ထွက်ဆိုသည်။ ထိုအတိုင်းမှန်လျှင် ကိုတင်ဝင်းသည် မောင်ခင်မောင်ထံမှ ရခဲ့သော သေနတ်ကို ဦးသောင်းရွှေအား တာဝန်ပေးချက်နှင့်အညီ ပေးအပ်လိုက်ရန်သာ

၁၉၇၉
မောင်ခင်
မောင်
ပါ(၄)ဦး
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

ဖြစ်ပေသည်။ ဦးသောင်းရွှေကလည်း ကိုတင်ဝင်း၏ လက်ဝယ်မှ သေနတ်ကို သိမ်းယူရန်သာဖြစ်ပေသည်။ ယခုမူ ထိုသို့ပေးအပ်ခြင်းသိမ်းယူခြင်း မရှိပဲ ရက်အတန်ကြာမှ ဦးသောင်းရွှေအား အခြားတနေရာတွင် ပေးအပ်သည်ဆိုခြင်းမှာ ယုတ္တိရှိသည်ဟု မဆိုသာချေ။ ကိုတင်ဝင်းသည် လက်နက်မှု ဓမြမှု လူသတ်မှုများ တွင်လည်း စွပ်စွဲတရားစွဲဆိုခြင်း ခံရသူဖြစ်ကြောင်း ပေါ်ပေါက်နေသည့်အပြင် လက်နက်မှုအရ အပြစ်ပေးခံရကြောင်းလည်း ထင်ရှားနေသဖြင့် ကိုတင်ဝင်းက သက်သေခံ ရိုင်ဖယ်သေနတ်ကို မောင်ခင်မောင်ထံမှ ဥပါယ်တမျဥ်ဖြင့် ရယူခဲ့သည်ဆိုသောအချက်ကို လက်ခံရန် မသင့်ချေ။ ထို့ပြင် မောင်ခင်မောင်အား တွေ့သည့် အိမ်ရှင် ကိုလှကြည်ဆိုသူအား သက်သေအဖြစ် စစ်ဆေးထားခြင်းမရှိသည်ကို တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ ကိုမြစိုး၏ ထွက်ချက်ကို သေသူ၏ သေခါနီး စွပ်စွဲချက်က ထောက်ခံနေသည်ကတကြောင်း၊ မောင်ခင်မောင် အနေဖြင့် ယင်းအပေါ် စွပ်စွဲချက်များကို ခိုင်လုံသော အထောက်အထားတင်ပြ၍ ခုခံချေနိုင်ခြင်း မရှိသည်က တကြောင်းကြောင့် မောင်ခင်မောင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၆ အရ အပြစ်ပေးခြင်းမှာ မှန်ကန်ပေသည်။

မောင်ဆေးနီ၊ မောင်မြင့်နှင့် မောင်မြသန်း တို့နှင့် ပတ်သက်၍မူ အစိုးရ (ဖော်ကောင်) သက်သေ ကိုမြစိုး၏ ထွက်ဆိုချက်သာ ရှိသည်။ အချင်းဖြစ် သေနတ်များကို လုယက်စဥ်က လူဆိုးများကို မှတ်မိကြောင်း မည်သည့်သက်သေကမျှ ထွက်ဆိုထားခြင်း မရှိပေ။ မောင်ဆေးနီတို့ထံမှ တိုက်ရာပါ ပစ္စည်းတစုံတရာ ရရှိကြောင်းလည်း မပေါ်ပေါက်ပေ။ ယင်းတို့အပေါ် အခြားငြိစွန်းချက်လည်း မရှိချေ။

မောင်ဆေးနီ၊ မောင်မြင့်နှင့် မောင်မြသန်းတို့က ရထားကို ဓမြတိုက်ရာတွင် မိမိတို့ မပါဝင်ရကြောင်း ထုချေထွက်ဆိုကြသည်။

ရထားအစောင့်ရဲများထံမှ သေနတ်များကို လုယူရာတွင် မောင်ဆေးနီတို့ သုံးဦး ပါဝင်ကြောင်း အစိုးရ (ဖော်ကောင်) သက်သေ ကိုမြစိုး၏ ထွက်ချက်ကို အရေးပါအရာရောက်သော အကြောင်းအရာ

များတွင် အထောက်အကူပြုသည့် သက်သေခံချက်များ မရှိသည့် အလျောက် ယင်းတို့ သုံးဦးအား ကိုမြစိုး၏ ထွက်ချက်တခုတည်းဖြင့် စိတ်ချသက်ချ အပြစ်ပေးနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် အယူခံတရားလို မောင်ခင်မောင်၏ အယူခံလွှာကို ပယ်လိုက်သည်။ တိုင်းတရားသူကြီးအဖွဲ့က မောင်ဆေးနီ၊ မောင်မြင့်နှင့် မောင်မြသန်း တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၆ အရ အပြစ်တွေ့ရှိခြင်းကို ပယ်ဖျက်ပြီး ၎င်းအမှုမှ အပြီးအပြတ်လွှတ်စေရန် အမိန့်ချမှတ်လိုက်သည်။

၁၉၇၉

မောင်ခင်မောင် ပါ(၄)ဦး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးတင်အောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉ နိုဝင်ဘာလ ၁၇ ရက်

## မောင်ခင်မောင်မျိုး

## နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်*

**စွဲချက်တွင် တိကျစွာ ဖော်ပြရန်လိုအပ်ခြင်း—** ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ ဟူ၍သာ စွဲချက်တင်ပြီးနောက် ပုဒ်မ ၃၀၂(၁)(ခ) အရ **အပြစ်ပေးခြင်း—တရားခံအတွက် ချေပရန် သိသင့်သိထိုက်သော စွပ်စွဲ ချက်ကို ဖော်ပြခြင်းမရှိသောကြောင့် ဥပဒေနှင့်ဆန့်ကျင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။မူလတရားရုံးသည် တရားလိုပြသက်သေများအား စစ်ဆေးကြားနာပြီးနောက် တရားခံ ဘိုးတုတ်(ခ)ခင်မောင်မျိုးအပေါ် မောင်တင်မောင်ညွန့်အား ဓါးဖြင့် ထိုးသတ်ခြင်းနှင့်ပတ်သက်၍ ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ စွဲချက်တင်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂ မှာ နှစ်ပိုင်းခွဲခြားချက်ရှိသည်။ ပုဒ်မ ၃၀၂(၁) တွင် မည်သူမဆို (က) တသက်တကျွန်းဒဏ် စီရင်ခြင်း ခံရသည့်အတွင်း သို့တည်းမဟုတ် (ခ) တင်ကူးကြံရွယ်ချက်ဖြင့် သို့တည်းမဟုတ် (ဂ)ပြစ်မှု ဆိုင်ရာဥပဒေအရ ၇ နှစ်ထိ ထောင်ဒဏ်ချမှတ်ခြင်းခံရသော ပြစ်မှုကို ကျူးလွန်နေစဉ် လူသတ်မှုကိုကျူးလွန်လျှင် ထိုသူကို သေဒဏ်ချမှတ် ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ဖော်ပြပါရှိသည်။ ပုဒ်မ ၃၀၂(၂) တွင် မည်သူမဆို အခြားအချက်မျိုး၌ လူသတ်မှုကျူးလွန် လျှင် ထိုသူကို တသက်တကျွန်းဒဏ်ဖြစ်စေ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ဖော်ပြ ပါရှိသည်။

ဘိုးတုတ်(ခ)ခင်မောင်မျိုးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ ဟူ၍သာ စွဲချက်တင်ပြီးနောက် အပြစ်ပေးသောအခါတွင် ပုဒ်မ

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၆၆

† ၁၉၇၇ ခုနှစ်၊ သေဒဏ်အတည်ပြုအမိန့်အမှတ် ၇ တွင် ချမှတ်သော (၉-၁၁-၇၇)နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

၃၀၂(၁)(ခ) အရ အပြစ်ပေးခြင်းမှာ တရားခံသည် ချေပရန်နှင့် ပတ်သက်ပြီး သိသင့်သိထိုက်သော စွပ်စွဲချက်ကို ဖော်ပြခြင်းမရှိသောကြောင့် ဥပဒေနှင့် ဆန့်ကျင်သည်။ ပုဒ်မ ၃၀၂ ဟူ၍ စွဲချက်တွင် ဖော်ပြကာမျှနှင့် ပုဒ်မ ၃၀၂(၁)(ခ) ဟူ၍ မှတ်ယူရမည်မဟုတ်ပေ။ တရားခံအပေါ် ပုဒ်မ ၃၀၂(၁)(ခ) အရ ဖြေရှင်းစေလိုလျှင် ထိုအတိုင်း တိကျစွာ စွဲချက်တွင် ဖော်ပြပါရှိရန် လိုအပ်မည် ဖြစ်သည်။

**အယူခံတရားလိုအတွက်** — ဦးဘိုးသာ၊ ဗဟိုဘရားရုံးရှေ့နေ

**အယူခံတရားခံအတွက်** — ဦးမြင့်အောင်၊ ဥပဒေဝန်ထမ်းအဆင့်(၁)

အယူခံတရားလို ဘိုးတုတ်(ခ)ခင်မောင်မျိုးအပေါ် ကျောက်တံတားမြို့နယ်တရားရုံးက မောင်တင်မောင်ညွန့်ဆိုသူအား တင်ကူးကြံရွယ်ချက်ဖြင့် သတ်ဖြတ်သည့်အတွက် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၂(၁)(ခ) အရ သေဒဏ်ကျခံစေရန်၊ မောင်ခင်မောင်ဆွေဆိုသူအား ဓားဖြင့်ထိုး၍ ဒဏ်ရာရရှိစေသောကြောင့် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၂၄ အရ ထောင်ဒဏ် ၂ နှစ် ကျခံစေရန်နှင့် ပြစ်ဒဏ်နှစ်ရပ်ကို တပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်သည်။ ရန်ကုန်တိုင်းတရားရုံးက ဘိုးတုတ်(ခ)ခင်မောင်မျိုးအပေါ် ချမှတ်သော သေဒဏ်အမိန့်ကို အတည်ပြုသည်။ ထို့ကြောင့် ဘိုးတုတ်(ခ)ခင်မောင်မျိုးက ဗဟိုတရားရုံးသို့ အယူခံသောအမှု ဖြစ်သည်။

အမှုအကြောင်းအရာအကျဉ်းချုပ်မှာ ဘိုးတုတ်(ခ)ခင်မောင်မျိုးသည် ၆-၈-၇၇ နေ့ နံနက် ၉ နာရီအချိန်ခန့်တွင် ရန်ကုန်မြို့ ၃၅ လမ်း တိုက်အမှတ် ၂၁၄/မ/၁ တွင် နေထိုင်သူ မောင်ခင်မောင်ဆွေဆိုသူအား ၎င်း၏တိုက်ရှေ့တွင် အသင့်ပါလာသော ဓားမြှောင်ဖြင့် ထိုးသောကြောင့် မောင်ခင်မောင်ဆွေမှာ ဓားဒဏ်ရာဖြင့် လဲကျသွားသည်။ ထို့နောက် ဘိုးတုတ်(ခ)ခင်မောင်မျိုးသည် အနီးတွင် လက်ပိုက်၍ ရပ်ကြည့်နေသူ မောင်တင်မောင်ညွန့်ဆိုသူအား ဓားမြှောင်ဖြင့် ထိုးပြန်သောကြောင့် မောင်တင်မောင်ညွန့်မှာ ဓားဒဏ်ရာဖြင့် သေဆုံးသောအမှု ဖြစ်သည်။

ဓားဒဏ်ရာရရှိသော မောင်ခင်မောင်ဆွေ (လိုပြ-၁၆)က ထွက်ဆိုသည်မှာ အချင်းမဖြစ်ပွားမီ ၅-၈-၇၇ နေ့ ည ၇ နာရီအချိန်ခန့်တွင် ဘိုးတုတ်(ခ)ခင်မောင်မျိုးနှင့် မောင်ခင်မောင်ဆွေတို့သည် မျက်နှာချင်းဆိုင် ထီးများဆောင်း၍ လာရာမှ ထီးချင်းငြိသွားသောကြောင့် မပြေ

၁၉၇၉ မောင်မောင်မျိုး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

မလည် ဖြစ်ကြကြောင်း၊ ထိုနေ့ ည ၈ နာရီအချိန်ခန့်တွင် ဘိုးတုတ်(ခ) ခင်မောင်မျိုးက ဆွေးနွေးစရာရှိသည်ဟူ၍ လူလွှတ်အခေါ်ခိုင်းသောကြောင့် လိုက်သွားရာ ဘိုးတုတ်(ခ)ခင်မောင်မျိုးက မောင်ခင်မောင်ဆွေအား ဆူပူကြိမ်းမောင်း၍ လက်သီးနှင့်ထိုးကြောင်း၊ ထို့နောက် အချင်းဖြစ်ပွားသော ၆-၈-၇၇ ရက်နေ့ နံနက် ၉ နာရီအချိန်ခန့်တွင် မိမိသည် အိမ်ခန်းဘေးရှိ လှေခါးတွင်ထိုင်နေစဉ် ဘိုးတုတ်(ခ)ခင်မောင်မျိုး ရောက်လာပြီး ခေါက်ထီးထဲမှ ဓားမြှောင်ကို ထုတ်၍ ထိုးမည်ပြုသောကြောင့် မိမိကလည်း အိမ်ထဲမှ ကြွက်ထိုးသည့်ဓားကိုလှမ်းယူပြီး ပြန်၍ ခုခံရကြောင်း ဘိုးတုတ်(ခ)ခင်မောင်မျိုးက မိမိရင်ဘတ်ကို ဓားမြှောင်ဖြင့် ထိုး၍ ထွက်သွားပြီးနောက် အနီးတွင်ရပ်နေသော မောင်တင်မောင်ညွန့်ကိုလည်း ဓားဖြင့်ထိုးသည်ကို တွေ့မြင်ရကြောင်း ထွက်ဆိုသည်။

ဘိုးတုတ်(ခ)ခင်မောင်မျိုးသည် အချင်းဖြစ်ပွားစဉ်အချိန်က မောင်ခင်မောင်ဆွေအား ဓားဖြင့်ထိုးပြီးနောက် မလှမ်းမကမ်းတွင် ရပ်ကြည့်နေသော မောင်တင်မောင်ညွန့်၏ လကျာဘက်နံဘေးကို ဓားမြှောင်ဖြင့် ထိုးလိုက်ကြောင်း မျက်မြင်သက်သေများ ဖြစ်ကြသော ဦးခင်ကြွေ (လိုပြ-၁)မြို့နယ်ကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင်ဦးကံညွန့်(လိုပြ-၂)၊ ဒေါ်မြိုင်(လိုပြ-၃)၊ မအမာဌေး(လိုပြ-၅)၊ ဦးမျိုးတင့်(လိုပြ-၆) ဦးခင်မောင်ကြည် (လိုပြ-၇) နှင့် မောင်ရဲထွန်း (လိုပြ-၈) တို့က တညီတညွတ်တည်း ထွက်ဆိုကြသည်။

ဆရာဝန် ဒေးဗစ်ကျော် (လိုပြ-၁၅)က ၆-၈-၇၇ နေ့ နံနက် ၉ နာရီ ၂၅ မိနစ်အချိန်ခန့်တွင် အသက် ၁၅ နှစ်ရှိ တင်မောင်ညွန့် ဆိုသူအား ရန်ကုန်ဆေးရုံကြီးသို့ လာပို့သောကြောင့် စစ်ဆေးကြည့်ရှုသောအခါတွင် လူနာမှာ အသက်ရှူမမှန်တော့ပဲ ၁၀ နာရီ ၁၀ မိနစ်အချိန်ခန့်တွင် သေဆုံးသွားကြောင်း ခွဲစိတ် စစ်ဆေး ကြည့်ရှုရာတွင် ဝမ်းဗိုက်ညာဘက်ဘေးတွင် ချွန်ထက်သောလက်နက်ဖြင့် ထိုးသွင်းသော ဒဏ်ရာတချက်ကြောင့် အသဲနှင့်အူပေါက်ပြီး သေဆုံးရကြောင်း ထွက်ဆိုသည်။

အယူခံတရားလို ဘိုးတုတ်(ခ) ခင်မောင်မျိုးက ထွက်ဆိုသည်မှာ ၅-၈-၇၇ နေ့တွင် မိမိသည် စာရင်းကိုင်ကျောင်းမှ ပြန်လာစဉ် ၃၅ လမ်းအလယ်လောက်တွင် မျက်နှာချင်းဆိုင်မှလာသော မောင်တင်မောင်ဆွေက သူဆောင်းထားသော ထီးအစွန်းဖြင့် မိမိဆောင်းထားသောထီးကို လှမ်းခုတ်၍ရန်စကြောင်း၊ ထိုနေ့ည ၈ နာရီအချိန်ခန့်တွင်

၁၉၇၉
မောင်ခင်မောင်မျိုး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

၃၅ လမ်းရှိ ထွန်းဝင်းရုပ်ရှင်အိမ်မှ ပြန်လာစဉ် မောင်ခင်မောင်ဆွေ၊ မောင်တင်မောင်ညွန့်နှင့် အခြားသူ ၄ ဦးခန့်ကိုတွေ့ရကြောင်း၊ မောင်ခင်မောင်ဆွေက ရန်စသောကြောင့် မိမိနှင့်ထိုးကြကြိတ်ကြပြီး အနီးရှိသူများက ဖျန်ဖြေရကြောင်း၊ ၆-၈-၇၇ နေ့ နံနက်တွင် မိမိသည် စာရင်းကိုင်သင်တန်းတက်ရန် သွားသောအခါမှာ ၃၅ လမ်းမှ ဖြတ်လာစဉ် မောင်ခင်မောင်ဆွေ၏ရန်ကိုကြောက်သောကြောင့် ခေါက်ထီးကိုယူလာကြောင်း၊ မောင်ခင်မောင်ဆွေ၏အိမ်ရှေ့သို့ရောက်ရှိသောအခါမှာ မောင်ခင်မောင်ဆွေ ထွက်လာပြီး ဓားနှင့်လှမ်းခုတ်သောကြောင့် ထီးနှင့်ခံလိုက်ရကြောင်း၊ ထို့နောက် မိမိသည် မောင်ခင်မောင်ဆွေတို့ဘက်မှ ၄ ဦးခန့်နှင့် ထွေးလုံးသတ်ပုတ်ပြီး မောင်ခင်မောင်ဆွေ လဲသွားကြောင်း၊ မောင်တင်မောင်ညွန့်မှာ မိမိနှင့် ပွိုင်တူထလိုက်ကြောင်း၊ မောင်တင်မောင်ညွန့် ဘယ်လိုရောက်လာသည်ကို မသိကြောင်းနှင့် မိမိကိုယ်တိုင်မှာလည်း ပါး၊ဦးခေါင်းနှင့် ရင်ဘတ်တို့တွင် ဓားဒဏ်ရာများရရှိကြောင်းတွက်ဆိုသည်။ ထို့ကြောင့် ဘိုးတုတ်(ခ)ခင်မောင်မျိုး၏ ချေပချက်မှာ မောင်ခင်မောင်ဆွေက ဓားနှင့်ထွက်၍ခုတ်သောကြောင့် ထီးနှင့်ပြန်၍ကာကွယ်ခြင်းမျှသာဖြစ်ပြီး၊ မောင်တင်မောင်ညွန့် ဓားထိုးခံရခြင်းနှင့်ပတ်သက်၍ မည်သို့မျှမသိကြောင်းဖြစ်သည်။

ဘိုးတုတ်(ခ)ခင်မောင်မျိုး၏ သက်သေ ၆ ဦးတို့အနက် အချင်းဖြစ်ပွားစဉ်က ရှိကြသူများမှာ ဦးအုန်းမောင် (ခံပြ-၅) နှင့် အံ့ကူ (ခံပြ-၆)တို့ဖြစ်သည်။ ဤသက်သေများသည် အချင်းဖြစ်ပွားစဉ်က လူငယ်တစု ရန်ရင်းဆန်ခတ်ဖြစ်သည်ကို မြင်ရကြောင်းသာ ထွက်ဆိုနိုင်သည်ဖြစ်သောကြောင့် တရားလိုပြ သက်သေများ၏ ထွက်ချက်ကို ချေပနိုင်စွမ်းမရှိချေ။

နှစ်ဘက်သက်သေ ထွက်ချက်များအပေါ် စုပေါင်း သုံးသပ်လျှင် အချင်းဖြစ်ပွားသော ၆-၈-၇၇ နေ့တွင် ဘိုးတုတ်(ခ)ခင်မောင်မျိုးနှင့် မောင်ခင်မောင်ဆွေတို့သည် အပြန်အလှန် ဓားကိုယ်စီနှင့်သတ်ပုတ်ရာမှ ဘိုးတုတ်(ခ)ခင်မောင်မျိုးသည် မောင်ခင်မောင်ဆွေအား အသင့်ပါလာသော ဓားမြှောင်ဖြင့်ထိုး၍ ဒဏ်ရာရရှိစေသည့်အပြင် အနီးတွင် ရှိနေသော မောင်တင်မောင်ညွန့်ကိုလည်း ဓားမြှောင်ဖြင့်ထိုး၍ သေစေကြောင်း ထင်ရှားသည်။ ဘိုးတုတ်(ခ)ခင်မောင်မျိုးသည် မိမိနှင့်ရန်ငြိုးရှိသော မောင်ခင်မောင်ဆွေ၏နေအိမ်ရှေ့သို့ ဓားမြှောင်ကို ခေါက်ထီးမှာ

ဖွက်ယူလာခြင်းကပင် တဘက်သားအား ရန်ပြုမှုလိုသောဆန္ဒရှိကြောင်း ပေါ်လွင်သည်။

မှုသဟာရုံးသည် တရားလိုပြ သက်သေများအား စစ်ဆေးကြားနာပြီးနောက် တရားခံ ဘိုးတုတ်(ခ)ခင်မောင်မျိုးအပေါ် မောင်တင်မောင်ညွန့်အား ဓားဖြင့် ထိုးသတ်ခြင်းနှင့် ပတ်သက်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ စွဲချက်တင်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ မှာ နှစ်ပိုင်း ခွဲခြားချက်ရှိသည်။ ပုဒ်မ ၃၀၂(၁)တွင် မည်သူမဆို (က) တသက်တကျွန်းဒဏ် စီရင်ခြင်းခံရသည့်အတွင်း သို့တည်းမဟုတ် (ခ) တင်ကူးကြံရွယ်ချက်ဖြင့် သို့တည်းမဟုတ် (ဂ) ပြစ်မှုဆိုင်ရာ ဥပဒေအရ ၇-နှစ်ထိ ထောင်ဒဏ်ချမှတ်ခြင်း ခံရသောပြစ်မှုကို ကျူးလွန်နေစဉ် လူသတ်မှုကို ကျူးလွန်လျှင် ထိုသူကို သေဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ဖော်ပြပါရှိသည်။ ပုဒ်မ ၃၀၂ (၂) တွင် မည်သူမဆို အခြားအချက်မျိုး၌ လူသတ်မှုကျူးလွန်လျှင် ထိုသူကို တသက်တကျွန်းဒဏ်ဖြစ်စေ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ဖော်ပြပါရှိသည်။

ဘိုးတုတ်(ခ)ခင်မောင်မျိုးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ ဟူ၍သာ စွဲချက်တင်ပြီးနောက် အပြစ်ပေးသောအခါတွင် ပုဒ်မ ၃၀၂ (၁) (ခ) အရ အပြစ်ပေးခြင်းမှာ တရားခံသည် ချေပရန်နှင့် ပတ်သက်ပြီး သိသင့်သိထိုက်သော စွပ်စွဲချက်ကို ဖော်ပြခြင်းမရှိသောကြောင့် ဥပဒေနှင့် ဆန့်ကျင်သည်။ ပုဒ်မ ၃၀၂ ဟူ၍ စွဲချက်တွင် ဖော်ပြကာမျှနှင့် ပုဒ်မ ၃၀၂(၁)(ခ) ဟူ၍ မှတ်ယူရမည်မဟုတ်ပေ။ တရားခံအပေါ် ပုဒ်မ ၃၀၂(၁)(ခ) အရ ဖြေရှင်းစေလိုလျှင် ထိုအတိုင်း တိကျစွာ စွဲချက်တွင် ဖော်ပြပါရှိရန် လိုအပ်မည်ဖြစ်သည်။

အမှုဖြစ်ပျက်သည့် အကြောင်းခြင်းရာနှင့် ပတ်သက်၍ စဉ်းစားလျှင်လည်း ဘိုးတုတ်(ခ)ခင်မောင်မျိုးသည် သေဆုံးသူ မောင်တင်မောင်ညွန့်နှင့် ရန်ငြိုးရန်စရှိကြောင်း မပေါ်ပေါက်ချေ။ မောင်ခင်မောင်ဆွေ (လိုပြ-၁၆) နှင့်သာ ရန်ငြိုးရန်စရှိကြောင်း ပေါ်ပေါက်သည်။ ထို့ကြောင့် ဘိုးတုတ်(ခ)ခင်မောင်မျိုးသည် မိမိနှင့် ပြဿနာ မပေါ်ပေါက်ခဲ့သော မောင်တင်မောင်ညွန့်အား ဓားဖြင့်ထိုးသတ်ရန် တင်ကူးကြံရွယ်ချက်ရှိသည်ဟု မဆိုနိုင်ချေ။ ဘိုးတုတ်(ခ)ခင်မောင်မျိုး၏ ပြုမှု

ချက်မှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၂) အရသာ အကြုံးဝင်နိုင်သည်။ ထို့ကြောင့် ကျောက်တံတားမြို့နယ်တရားရုံးက ဘိုးတုတ်(ခ) ခင်မောင်မျိုးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) အရ သေဒဏ်အပြစ်ပေး၍ ရန်ကုန်တိုင်းတရားရုံးက သေဒဏ်အတည်ပြုသော အမိန့်များကို ပယ်ဖျက်ပြီး ဘိုးတုတ်(ခ)ခင်မောင်မျိုးသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၂) အရ ထောင်ဒဏ် တသက်တကျွန်း ကျခံစေရန်နှင့် ပုဒ်မ ၃၂၄ အရ ထောင်ဒဏ် ၂နှစ် ကျခံစေရန်၊ အပြစ်ဒဏ်များကို တပေါင်းတည်း ကျခံစေရန်အပြင် ချုပ်ရက်များ နုတ်ခွင့်ပြုရန် အမိန့်ချမှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊အဖွဲ့ဝင်များအဖြစ် ဦးအေးမောင်နှင့် ဦးသန့်စင်
တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

T ၁၉၇၉
ဇန်နဝါရီလ
၁၀ ရက်

ဦးခင်မောင်ဦး

နှင့်

မစန်းစန်းဝင်း*

**အမှုစစ်ဆေးရာတွင် မလိုလားအပ်သော ကြန့်ကြာခြင်းများ မဖြစ်စေရန် အမှုသည်များတွင် တာဝန်ရှိခြင်း— ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄ဂဂ အရ လျှောက်ထားမှုသည် လျှောက်ထားသူ၏ အခွင့်အရေး အမြန်ဆုံးရရှိရန်လိုအပ်သော အမှုအမျိုးအစားဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားရုံးများတွင် နှစ်ဘက်အမှုသည် တို့သည် တင်ပြလိုသော သက်သေခံအထောက်အထားများကို အပြည့်အဝတင်ပြရန် အခွင့်အရေး ရှိသည်နှင့်အမျှ အမှုစစ်ဆေးရာတွင် မလိုလားအပ်သော ကြန့်ကြာခြင်းများ မပေါ်ပေါက်စေရန်လည်း သတိမူအပ်ပေသည်။ ရုံးပြောင်းလျှောက်ထာလျှင် ရုံးချိန်းရက်မတိုင်မီ လိုအပ်ချက်များကို ကြိုတင်ဆောင်ရွက်လျက် ရုံးချိန်းရက်တွင် ရုံးပြောင်းပေးရန် မည်သို့ဆောင်ရွက်ခဲ့ပြီးကြောင်း လုံလောက်သော အထောက်အထား တင်ပြရန် လိုအပ်ပေသည်။ သို့မှသာ လျှောက်ထားသူသည် သဘော ရိုးဖြင့် ပြုမူဆောင်ရွက်ကြောင်း ပေါ်လွင်နိုင်မည် ဖြစ်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄ဂဂ အရ စားစရိတ်လျှောက်ထားသောအမှုများမှာ ပြစ်မှုဆိုင်ရာနှင့် တရားမဆိုင်ရာတို့ ရောထွေးလျက်ရှိသော အမှုအမျိုးအစား ဖြစ်သည်။ စားစရိတ်ရလိုသူအနေဖြင့် ရသင့်ရထိုက်သော အခွင့်အရေးကို အမြန်ဆုံး ရရှိစေသင့်သော အမှုအမျိုးအစားလည်းဖြစ်သည်။ အမှုစစ်ဆေးရာတွင် ကြန့်ကြာနှောင့်နှေးသည်နှင့်အမျှ စားစရိတ်လျှောက်ထားသူသည် မိမိ

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁ဝ၆ (ခ)

† ၁၉၇၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ဂ၂ တွင် ချမှတ်သော (၁၄–၃–၇၇) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

တောင်းဆိုသော အခွင့်အရေးကို ရရန်အတွက် စောင့်ဆိုင်းနေရမည် ဖြစ်သည်။

**၁၉၇၉**
ဦးခင်မောင်ဦး နှင့် မစန်းစန်းဝင်း

**လျှောက်ထားသူအတွက်** — ဦးအေးကျော်၊ဗဟိုတရားရုံးရှေ့နေ

**လျှောက်ထားခံရသူအတွက်** — ဦးလှမောင်၊ ဗဟိုတရားရုံးရှေ့နေ

တောင်ဥက္ကလာပမြို့နယ် ၅ ရပ်ကွက်တရားရုံးက လျှောက်ထားသူ ဦးခင်မောင်ဦးသည် လျှောက်ထားခံရသူ မစန်းစန်းဝင်းအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးပုဒ်မ ၄၈၈(၁) အရ ကလေးစရိတ် ကျပ် ၁၀၀/- ကို လျှောက်ထားသည့်နေ့မှ အစပြု၍ ပေးရန် အမိန့်ချမှတ်သည်။ လျှောက်ထားသူက တောင်ဥက္ကလာပမြို့နယ်တရားရုံးနှင့် ရန်ကုန်တိုင်းတရားရုံးသို့ အယူခံသောအခါတွင် မူလတရားရုံးအမိန့်ကို အတည်ပြု၍ အယူခံကို ပလပ်သည်။ ထို့ကြောင့် ယခုတဖန် ဗဟိုတရားရုံးသို့ လျှောက်ထားသူက ပြင်ဆင်မှုတင်သွင်းခြင်း ဖြစ်သည်။

လျှောက်ထားခံရသူ မစန်းစန်းဝင်းက မိမိနှင့် လျှောက်ထားသူ မောင်ခင်မောင်ဦး တို့သည် တောင်ဥက္ကလာပမြို့၊ ၅ ရပ်ကွက်၊ ၁၃ လမ်း၊ အိမ်အမှတ် ၄၂၀ တွင် အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ကြပြီးနောက် သမီးကလေးတစ်ဦး ရရှိခဲ့ကြောင်း၊ လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့ အတူရိုက်ထားသော ဓာတ်ပုံမှာ သက်သေခံ အမှတ်(က) ဖြစ်ကြောင်း၊ လျှောက်ထားသူသည် နိုင်ငံခြားသို့ သွားရောက်နေစဉ် သမီးကလေး စန္ဒာဝင်းထံ ပို့စကတ်တစောင် ပေးခဲ့သည်မှာ သက်သေခံ အမှတ်(ဂ) ဖြစ်ကြောင်း၊ ဧည့်စာရင်းတွင် လျှောက်ထားသူသည် လျှောက်ထားခံရသူ၏ မိခင် ဒေါ်စိန်မြင့်နှင့် သားမက်တော်စပ်ကြောင်း ဖော်ပြထားသည်မှာ သက်သေခံ အမှတ် (ဃ) ဖြစ်ကြောင်း တင်ပြသည်။

လျှောက်ထားသူ မောင်ခင်မောင်ဦးက ဗဟိုတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းသောအခါတွင် အဓိကအကြောင်းပြချက်မှာ မူလတရားရုံး၌ အမှုကြားနာစစ်ဆေးစဉ်အခါက တဘက်သတ်ကြားနာစစ်ဆေးခဲ့သောကြောင့် မိမိအနေဖြင့် ခုခံချေပခွင့် မရရှိခဲ့ကြောင်း တင်ပြသည်။

တောင်ဥက္ကလာပမြို့နယ်၊ ၅ ရပ်ကွက်တရားရုံး၏ အမှုတွဲ နေ့စဉ်မှတ်တမ်း၌ လျှောက်ထားသူ (မူလရုံး တရားပြိုင်) သည် ရုံးသို့မလာရောက်သောကြောင့် နောက်ရုံးချိန်းတွင် ပျက်ကွက်၍ တဘက်သတ်

၁၉၇၉ ဦးခင်မောင် ဦး နှင့် မစန်းစွန်း ဝင်း

အပိုင်ချမှတ်ခဲ့သည်ဖြစ်ကြောင်း ၁၉၇၆ ခုနှစ်၊ မတ်လ (၁၀) ရက်နေ့စွဲတွင် ဖော်ပြပါရှိသည်။ ထို့နောက် ရုံးချိန်းရက်ဖြစ်သော ၁၉၇၆ ခု၊ မတ်လ (၂၄) ရက်နေ့တွင် လျှောက်ထားသူ (မူလရုံးတရားပြိုင်) သည် တရားရုံးသို့ လာရောက်ပြီးလျှင် မြို့နယ်တရားရုံး၌ ရုံးပြောင်းလျှောက်ထားပါသော်လည်း တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ မအားလပ်၍ ရုံးပြောင်းလျှောက်လွှာကို အရေးမယူနိုင်သေးကြောင်းနှင့် အမှုကို ဆက်လက်စစ်ဆေးခြင်းမှ ဆိုင်းငံ့ပေးပါရန် တင်ပြသည်။ တရားရုံးက ရုံးပြောင်းကိစ္စတွင် အထက်ရုံးမှ ညွှန်ကြားချက်မရှိသောကြောင့် အမှုကို ဆက်လက်ကြားနာရန် ဆုံးဖြတ်သည်။ လျှောက်ထားသူက အစစ်ဆေး မခံလိုကြောင်း တင်ပြသောအခါတွင် တရားရုံးက အမှုကို အပြီးသတ် အပိုင်ချမှတ်ခဲ့ခြင်းဖြစ်သည်။

လျှောက်ထားသူသည် ပထမ တကြိမ် ရုံးချိန်း ပျက်ကွက်သောကြောင့် နောက်ရုံးချိန်းရက်တွင် မပျက်မကွက် စစ်ဆေးကြားနာမည်ဖြစ်ကြောင်း သတိပေးခံခဲ့ရပြီးဖြစ်သည်။ နောက်ရုံးချိန်းရက်တွင် ရုံးပြောင်းလျှောက်ထားကြောင်း တင်ပြသော်လည်း မည်သည့်အထောက်အထားမျှ တင်ပြခြင်းမရှိချေ။ ဗဟိုတရားရုံးသို့ ပြင်ဆင်မှု တင်သွင်းသော အချိန်အထိ ရုံးပြောင်းလျှောက်ထားခဲ့ကြောင်း စာရွက်စာတမ်း အထောက်အထား မတင်ပြချေ။

တရားရုံးများတွင် နှစ်ဘက်အမှုသည်တို့သည် တင်ပြလိုသော သက်သေခံအထောက်အထားများကို အပြည့်အဝ တင်ပြရန် အခွင့်အရေး ရှိသည်နှင့်အမျှ အမှုစစ်ဆေးရာတွင် မလိုလားအပ်သော ကြန့်ကြာခြင်းများ မပေါ်ပေါက်စေရန်လည်း သတိမူအပ်ပေသည်။ ရုံးပြောင်းလျှောက်ထားလျှင် ရုံးချိန်းရက်မတိုင်မီ လိုအပ်ချက်များကို ကြိုတင်ဆောင်ရွက်လျက် ရုံးချိန်းရက်တွင် ရုံးပြောင်းပေးရန် မည်သို့ဆောင်ရွက်ခဲ့ပြီးကြောင်း လုံလောက်သော အထောက်အထား တင်ပြရန်လိုအပ်ပေသည်။ သို့မှသာ လျှောက်ထားသူသည် သဘောရိုးဖြင့် ပြုမူဆောင်ရွက်ကြောင်း ပေါ်လွင်နိုင်မည် ဖြစ်ပေသည်။

လျှောက်ထားသူက မြို့နယ်တရားသူကြီး ဥက္ကဋ္ဌ မအားလပ်၍ ရုံးပြောင်းလျှောက်လွှာကို အရေးမယူနိုင်ကြောင်းကိုသာ ရပ်ကွက်တရားရုံးသို့ တင်ပြခဲ့သည်။ သို့ရာတွင် ဤအချက်နှင့် ပတ်သက်၍ မြို့နယ်

၁၉၇၉
ဦးခင်မောင်ဦး
နှင့်
မစန်းစန်းဝင်း

တရားရုံးသို့ အယူခံသောအချိန်၌ မည်သည့်နေ့ရက်က မြို့နယ်တရားရုံးသို့ ရုံးပြောင်းရန်နှင့် ပတ်သက်ပြီး လျှောက်ထားခဲ့ကြောင်း၊ တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ မအားလပ်၍ လျှောက်လွှာကို အရေးမယူနိုင်ခဲ့ကြောင်း စသည်ဖြင့် တင်ပြခဲ့ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် လျှောက်ထားသူက ရုံးပြောင်းလျှောက်ထားပြီးဖြစ်ကြောင်း တင်ပြချက်မှာ သဘောရိုးနှင့် ပြုမူဆောင်ရွက်ခြင်းဟု မဆိုနိုင်ပေ။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ အရ စားစရိတ်လျှောက်ထားသော အမှုများမှာ ပြစ်မှုဆိုင်ရာနှင့် တရားမဆိုင်ရာတို့ ရောထွေးလျက်ရှိသော အမှုအမျိုးအစား ဖြစ်သည်။ စားစရိတ်ရလိုသူအနေဖြင့် ရသင့်ရထိုက်သော အခွင့်အရေးကို အမြန်ဆုံး ရရှိစေသင့်သော အမှုအမျိုးအစားလည်းဖြစ်သည်။ အမှုစစ်ဆေးရာတွင် ကြန့်ကြာနှောင့်နှေးသည်နှင့်အမျှ စားစရိတ် လျှောက်ထားသူသည် မိမိ တောင်းဆိုသော အခွင့်အရေးကို ရရန်အတွက် စောင့်ဆိုင်းနေရမည် ဖြစ်သည်။

အမှုအကြောင်းခြင်းရာနှင့် ပတ်သက်၍ စဉ်းစားလျှင် လျှောက်ထားသူသည် မူလတရားရုံးတွင် မိမိသဘောအလျောက် အစစ်ဆေးခံခြင်း၊ သက်သေပြခြင်းများ မပြုလုပ်ခဲ့သော်လည်း လျှောက်ထားခံရသူ မစန်းစန်းဝင်းနှင့် သက်သေများအား စစ်ဆေးသောအချိန်တွင် ပြန်လှန်မေးခွန်းများမေးနိုင်ခွင့် ရှိခဲ့ပေသည်။ လျှောက်ထားသူက ဗဟိုတရားရုံးသို့ တင်သွင်းသော လျှောက်လွှာတွင် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့ သမီးရည်းစားဖြစ်ခဲ့ကြောင်း ဝန်ခံသည်။ လျှောက်ထားခံရသူက သမီးကလေးတဦး မွေးဖွားပြီးသောအခါ၌လည်း သမီးရည်းစားအဖြစ် ဆက်လက်နေထိုင်ကြောင်း ဝန်ခံသည်။ လျှောက်ထားသူ နိုင်ငံခြားသို့ ပညာသင်သွားရောက်သောအခါတွင် လျှောက်ထားခံရသူအား ချစ်ဇနီးဟူ၍ စာရေးခဲ့ကြောင်းနှင့် နိုင်ငံခြားမှ ဓာတ်ပုံများ၊ ပို့စကတ်များ ပေးပို့ခဲ့ကြောင်းကိုလည်း ဝန်ခံသည်။ သက်သေခံအမှတ် (ဿ) ပို့စကတ်တွင် ကလေးငယ်အား သမီး စန္ဒာဦးဟူ၍ အမည်တပ်ပြီး ဖေဖေပြန်လာသောအခါ၌ ချောကလက်နှင့် ကစားစရာ အရုပ်ကလေးများ ဝယ်ခဲ့မည်ဟူ၍ ဖော်ပြထားကြောင်း တွေ့မြင်နိုင်သည်။ ထို့ကြောင့် လျှောက်ထားသူအပေါ် စွပ်စွဲချက်မှာ ယုတ္တိရှိပေသည်။

လျှောက်ထားသူအပေါ် လျှောက်ထားခံရသူက မယားစရိတ် လျှောက်ထားခြင်း မဟုတ်ပေ။ ကလေးစရိတ်အတွက် လျှောက်ထား

ခြင်းမျှသာ ဖြစ်သောကြောင့် လျှောက်ထားခံရသူသည် လျှောက်ထားသူ၏ ဇနီးမယား မှန်မမှန် ဟူသောအချက်မှာ ယခုအမှုတွင် စဉ်းစားရန်လိုအပ်မည် မဟုတ်ပေ။ ကလေးငယ် စန္ဒာဦးသည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့ နှစ်ဦးမှ မွေးဖွားသော သမီးကလေးဖြစ်ကြောင်းနှင့် ပတ်သက်၍ ရပ်ကွက်တရားရုံး၊ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က သဘောတူညီစွာ ဆုံးဖြတ်ခဲ့ခြင်းနှင့် ပတ်သက်၍ ဝင်ရောက်စွက်ဖက်ရန် အကြောင်းမပေါ်ပေါက်ပေ။ အမှုဖြစ်ပျက်သည့် အကြောင်းခြင်းရာအားလုံးတို့ကို စုပေါင်းစဉ်းစားလျှင် လျှောက်ထားသူအပေါ် လျှောက်ထားခံရသူ စွပ်စွဲချက်မှာ မှန်ကန်သော စွပ်စွဲချက်ဟု ယူဆရမည်ဖြစ်သောကြောင့် လျှောက်လွှာကို ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

**ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးအေးမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်**

မခင်ရှိ

နှင့်

† ၁၉၇၉ ဇန်နဝါရီလ ၁၉ ရက်

၁။ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်

၂။ ဒေါ်အောင်ကြည်*

**ပြစ်မှုဆိုင်ရာ အမှုများတွင် တိုင်တန်းသူသည် စွဲချက် တင်လောက်သည့် အထောက်အထားများကို တင်ပြရန် တာဝန်ရှိခြင်း ။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ အမှုများတွင် တိုင်တန်း သူသည် စွဲချက်တင်နိုင်လောက်သည့် အထောက်အထားတင်ပြရန် တာဝန်ရှိသည်။ စုပ်စုရှိမှုနှင့် မပြီးပေ။ တရားရုံးကလည်း စွဲချက် တင်နိုင်လောက်သည့် ခြိစွန်းချက် ရှိမရှိ သုံးသပ်ရသည်။

**လျှောက်ထားသူအတွက်** – ဦးမြတင်၊ ဗဟိုတရားရုံးရှေ့နေ

**လျှောက်ထားခံရသူအတွက်**– ဦးသိန်းအောင်၊ဥပဒေဝန်ထမ်းအဆင့်(၁)

တနင်္သာရီတိုင်း၊ မြိတ်အရှေ့ မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၆၂၃/၇၅ တွင် လျှောက်ထားသူ မခင်ရှိက ဒေါ်အောင်ကြည် ဆိုသူအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ တိုက်ရိုက်လျှောက်ထား တရားစွဲဆိုခဲ့သည်။ မြို့နယ်တရားရုံးက တရားလိုပြ သက်သေများကို စစ်ဆေးကြားနာပြီးနောက် ဒေါ်အောင်ကြည်အား စွဲချက်မတင်ပဲလွှတ် ကြောင်း အမိန့်ချခဲ့သည်။ ယင်းအမိန့်ကို လျှောက်ထားသူ မခင်ရှိက မကျေနပ်သဖြင့် တနင်္သာရီတိုင်း တရားရုံးသို့ ပြင်ဆင်ပေးရန် လျှောက် ထားခဲ့သော်လည်း ပြင်ဆင်မှုကိုပလပ်လိုက်သည့်အတွက် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၉(ခ)

† ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၅ တွင် ချမှတ်သော (၁၇–၁၂–၇၆)နေ့စွဲပါ တနင်္သာရီတိုင်း တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၇၉
မင်းရှိ
နှင့်
၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
၂။ ဒေါ်အောင်ကြည်

လျှောက်ထားသူ မခင်ရှိ၏ တိုက်ရိုက်လျှောက်လွှာအရ လျှောက်ထားသူ မခင်ရှိ၏မိခင် ဒေါ်ထူးသည် လွန်ခဲ့သော ၄-နှစ်ခန့်က ကွယ်လွန်သွားခဲ့သည်။ ဒေါ်ထူးသည် မကွယ်လွန်မီက ယင်းပိုင်ဆင်းဂါးအပ်ချုပ်စက်တစ်လုံးကိုသမီးဖြစ်သော လျှောက်ထားသူ မခင်ရှိသို့ အပြီးအပိုင် ပေးခဲ့သည်။ဒေါ်ထူးကွယ်လွန်ပြီး နောက် ဖခင်ဖြစ်သူ ဦးထွန်းရွှေက ဆင်းဂါးအပ်ချုပ်စက်ကို ရယူဖြုန်းတီး၍စ်မည်စိုးသဖြင့်အဒေါ်ဖြစ်သူဒေါ်အောင်ကြည်ထံ ထိန်းသိမ်းထားရန်အတွက် ပေးအပ်ထားခဲ့သည်။ ၂၂-၈-၇၃ ရက်နေ့တွင် ဦးထွန်းရွှေ ကွယ်လွန်သွားခဲ့၍ စက်ချုပ်လုပ်ကိုင်စားသောက်ရန်လျှောက်ထားသူ မခင်ရှိက ဒေါ်အောင်ကြည့်ထံမှ ဆင်းဂါးစက်ကို ပြန်လည်တောင်းရာတွင် ပြန်မပေးပဲ ဒေါ်ထူး မကွယ်လွန်မီက ယူထားသောအကြွေးနှင့် စိုက်ထုတ်ထားသော အသုဘစရိတ်အကြွေးများအတွက် ယူထားကြောင်း ပြန်ပြောလိုက်၍ တရားစွဲဆိုရခြင်း ဖြစ်ကြောင်း ဆိုထားသည်။

မူလရုံးအမှုတွဲအရ လျှောက်ထားသူ မခင်ရှိသည် မူလကသက်သေ ၃-ဦးစစ်ဆေးပေးရန်အတွက် စာရင်းပေးခဲ့သည်။ ၃၀-၁၀-၇၅ နေ့စွဲပါ နေ့စဉ်မှတ်တမ်းအရ ထိုနေ့တွင် သက်သေ ၃-ဦးစလုံး လာရောက်ကြသော်လည်း သက်သေ ဦးဘလင်းဆိုသူတစ်ဦးသာစစ်ဆေးပြီး ကျန်သက်သေများ ဖြစ်ကြသော ဒေါ်အောင်မြင်နှင့် မောင်အင်သောင်း တို့ကို ပယ်ခဲ့ကြောင်း တွေ့ရသည်။

လျှောက်ထားသူမခင်ရှိနှင့် သက်သေဦးဘလင်းတို့၏ ထွက်ဆိုချက်အရ လျှောက်ထားသူ မခင်ရှိ၏မိခင် ဒေါ်ထူးကွယ်လွန်သွားခဲ့ပြီး ၁၅-ရက်ခန့်အကြာတွင် ဒေါ်အောင်ကြည်သည် လျှောက်ထားသူ မခင်ရှိ၏ နေအိမ်မှ အချင်းဖြစ် ဆင်းဂါးအပ်ချုပ်စက်ကို ကားဖြင့်လာရောက်သယ်ယူသွားကြောင်း ပေါ်လွင်သည်။ သို့ရာတွင် မည်သည့်ကိစ္စအတွက်လာရောက်သယ်ယူသွားသည်မှာမူ လျှောက်ထားသူ မခင်ရှိ၏ စွပ်စွဲချက်မှလွဲ၍ သက်သေခံချက် အထောက်အထားမရှိပေ။ တစ်ဦးတည်းသော တရားလိုပြသက်သေဖြစ်သော ဦးဘလင်းက ထောက်ခံထွက်ဆိုနိုင်ခြင်း မရှိပဲ လျှောက်ထားသူ မခင်ရှိပြောပြ၍ တဆင့်ကြားသိရကြောင်းသာ ထွက်ဆိုထားသည်။

လျှောက်ထားသူ မခင်ရှိ၏ ထွက်ဆိုချက်အရ ဒေါ်အောင်ကြည်က ဆင်းဂါးအပ်ချုပ်စက် လာရောက်သယ်ယူသွားစဉ်က လျှောက်ထားသူ မခင်ရှိ၏ဖခင် ဦးထွန်းရွှေမှာ အသက်ထင်ရှားရှိနေကြောင်း ပေါ်ပေါက်နေ၍လည်း ဦးထွန်းရွှေ၏ သဘောတူညီချက်ဖြင့် ဒေါ်အောင်ကြည်က

၁၉၇၉

မခင်ရွှေ နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၂။ ဒေါ်အောင်ကြည်

အပ်ချုပ်စက်ကို ယူသွားခဲ့ခြင်းဖြစ်သည်ဟု ယူဆနိုင်သည့် အခြေအနေလည်းရှိနေသည်။ ထို့အပြင်ဦးထွန်းရွှေသည်ဒေါ်ထူးကွယ်လွန်ပြီးနောက် ဥယျာဉ်လုပ်ကိုင် နေရာမှ ဥယျာဉ်ကို ရောင်းပြီး ငါးဖမ်းပိုက်နှင့်လှေများဝယ်ယူကာ ရေလုပ်ငန်းပြောင်းလဲလုပ်ကိုင်လာသဖြင့် လျှောက်ထားသူ မခင်ရှိအပါအဝင် မောင်နှမသုံးယောက်သည် ဒေါ်အောင်ကြည်နှင့်အတူ သွားရောက် နေထိုင်ကြောင်း၊ ဒေါ်အောင်ကြည် အိမ်မှပင် လျှောက်ထားသူမခင်ရှိကပညာဆက်လက်ဆည်းပူးခဲ့ကြောင်း၊ ဦးထွန်းရွှေနေထိုင်မကောင်း ဖြစ်သည့်အခါတွင်လည်း ဦးထွန်းရွှေသည်ဒေါ်အောင်ကြည်အိမ်သို့ လိုက်လာနေထိုင်ကြောင်း၊ ဒေါ်အောင်ကြည် အိမ်သို့ရောက်ရှိပြီး ၁၀ ရက်ခန့်အကြာတွင် ဦးထွန်းရွှေသေဆုံးသွားကြောင်း ဈာပနကိစ္စကို ဒေါ်အောင်ကြည်က ဆောင်ရွက် ပေးကြောင်း၊ ဒေါ်အောင်ကြည်၏ နေအိမ်က လျှောက်ထားသူမခင်ရှိ ဆင်းလာပြီးမှ ဆင်းဂါး အပ်ချုပ်စက်ကို ပြန်လည် တောင်းဆိုခဲ့ခြင်း ဖြစ်ကြောင်း၊ မူလက တောင်းဆိုခဲ့ခြင်း မရှိကြောင်း ဝန်ခံထားသည်ကိုလည်း တွေ့ရသည်။

ပြစ်မှုဆိုင်ရာ အမှုများတွင် တိုင်တန်းသူသည် စွဲချက်တင်နိုင်လောက်သည့် အထောက်အထားတင်ပြရန် တာဝန်ရှိသည်။ စုပ်စွဲရုံမျှနှင့်မပြီးပေ။ တရားရုံးကလည်း စွဲချက်တင်နိုင်လောက်သည့် ငြိစွန်းချက်ရှိမရှိ သုံးသပ်ရသည်။ ယခုအမှုတွင် ဒေါ်အောင်ကြည်အား လျှောက်ထားသူ မခင်ရှိက အချင်းဖြစ် အပ်ချုပ်စက်ကို အပ်နှံခဲ့ကြောင်း နှင့် ပတ်သက်၍လည်းကောင်း၊ ယင်းသို့ ယုံကြည်အပ်နှံခြင်းကို ဒေါ်အောင်ကြည်က ဖေါက်ဖျက်ကြောင်းနှင့် ပတ်သက်၍လည်းကောင်း ငြိစွန်းချက် အထောက်အထားမရှိသည်သာမက ဒေါ်အောင်ကြည်သည် လျှောက်ထားသူမခင်ရှိတို့ မောင်နှမသုံးယောက်အား အမိအဘ မရှိသည့်နောက် စောင့်ရှောက်ခဲ့သူဖြစ်ကြောင်း လျှောက်ထားသူမခင်ရှိ၏ ထွက်ဆိုချက်အရပင် ပေါ်ပေါက်နေသည်။ ထို့ကြောင့် မြို့နယ် တရားရုံးက၊ ဒေါ်အောင်ကြည်အပေါ် စွဲချက်တင်ရန် ငြိစွန်းချက်မရှိသဖြင့် စွဲချက်မတင်မီ လွှတ်လိုက်သည့် အမိန့်မှာ မှားယွင်း ချွတ်ချော်နေသည်ဟု မဆိုနိုင်ပေ။

မခင်ရှိ၌ အချင်းဖြစ် ဆင်ဂါးအပ်ချုပ်စက်နှင့် ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိပါက တရားမကြောင်းမှ စွဲဆိုနိုင်ပေသည်။

သို့ဖြစ်၍ မြို့နယ် တရားရုံး၏ ၁၃-၁၁-၇၅ နေ့စွဲပါ အမိန့်ကို ဝင်ရောက် စွက်ဖက်ရန် အကြောင်းမရှိသဖြင့် ဤပြင်ဆင်မှုကို ပလပ်လိုက်ကြောင်း အမိန့်ချမှတ်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉ ဧပြီလ ၂၀ ရက်

ဦးစိုးရပါ (၂)

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

**ပြစ်မှုဆိုင်ရာ အမှုများတွင် နိုင်ငံတော်ကသာ တရားလိုဖြစ်ခြင်း—အခြားသူက သေသူ၏ကိုယ်စား အမှုတွင် ပါဝင်ခွင့်မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမ မှုများတွင် အမှုမပြီးပြတ်မီ အတွင်း တရားလို ကွယ်လွန်အနိစ္စရောက်လျှင် တရားဝင်ကိုယ်စား ထည့်သွင်း၍ အမှုကို ဆက်လက် ဆောင်ရွက်နိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းချက်ရှိသော်လည်း ပြစ်မှုဆိုင်ရာ အမှုများတွင် အလားတူ ပြဋ္ဌာန်းချက် မရှိပေ။ ထို့ကြောင့် ပြစ်မှုဆိုင်ရာ အမှုများတွင် တရားလိုသည် အမှုကိုဆောင်ရွက်နေစဉ်အတွင်း ကွယ်လွန်အနိစ္စရောက်လျှင် ယင်းကိုယ်စား အခြားသူတဦးက တရားလိုအဖြစ် လိုက်ပါဆောင်ရွက်ခြင်း၊ ရှေ့နေငှားခြင်း မပြုလုပ်နိုင်ပေ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးပုဒ်မ ၄၉၂ အရ ပြစ်မှုဆိုင်ရာ အမှုများတွင် တရားလိုသည် နိုင်ငံတော်ဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာ အမှုများတွင် ရုံးအမှုလိုက် ရဲအရာရှိ သို့မဟုတ် ဥပဒေဝန်ထမ်းကသာလျှင် တရားလိုကိုယ်စားပြု၍ ဆောင်ရွက်နိုင်ခွင့်ရှိသည်။ တရားရုံးသို့ တိုက်ရိုက် လျှောက်ထားသော အမှုများတွင်လည်း တိုက်ရိုက်လျှောက်ထားသော တရားလိုရှိနေလျှင် အမှုကို ဆက်လက်ဆောင်ရွက်ခြင်း၊ အကျိုးဆောင်အား ကိုယ်စားလှယ် လွှဲခြင်းများပြုလုပ်နိုင်သော်လည်း တိုက်ရိုက် လျှောက်ထားသော တရားလိုသေဆုံးလျှင် ယင်းကိုယ်စား ပုဂ္ဂိုလ်တဦးဦးက အမှုကို ဆက်လက် ဆောင်ရွက်နိုင်ခွင့် မရှိပေ။

**လျှောက်ထားသူအတွက်** — ဦးသက်ငွေ၊ ဗဟိုတရားရုံးရှေ့နေ

**လျှောက်ထားခံရသူအတွက်**— ဦးသိန်းလွန်း၊ ဥပဒေဝန်ထမ်း အဆင့်(၁)

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၆၄ (ခ)

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၀၇ တွင် ချမှတ်သော (၁၆-၉-၇၇) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု၊

၁၉၇၉
ဦးစိုးရ
ပါ (၂)
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

ဤအမှုမှာ လမ်းမတော်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၉၇၄/၇၅ တွင် မူလတရားလိုဖြစ်သူ ဦးမြတ်စိုး သေဆုံး၍ သားဖြစ်သူ မောင်ဝင်းအောင်အား တရားလိုအဖြစ် အမှုကို ဆက်လက် ဆောင်ရွက်ခွင့်ပြုသော အမိန့်ကို ရန်ကုန်တိုင်း တရားရုံးက အတည်ပြု သောကြောင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု တင်သွင်းခြင်းဖြစ်သည်။

လမ်းမတော်မြို့နယ် တရားရုံးတွင် ဦးမြတ်စိုးသည် ဦးစိုးရနှင့် ဦးနန်း ယားတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ တရားစွဲသည်။ အမှုမပြီးပြတ်မီ (၁၇-၈-၇၅) နေ့တွင် ဦးမြတ်စိုး ကွယ်လွန်အနိစ္စ ရောက်သောကြောင့် ဦးမြတ်စိုး၏ အကျိုးဆောင် ဦးကျော်မြင့်အောင် သည် ကိုယ်စားလှယ်စာရုပ်သိမ်းပြီး အမှုကို ဆက်လက် ဆောင်ရွက်ခြင်း မပြုတော့ချေ။ (၈-၈-၇၆) နေ့တွင် ဦးမြတ်စိုး၏သား မောင်ဝင်း အောင်က တရားလို ဦးမြတ်စိုး ကွယ်လွန်အနိစ္စရောက်ရှိသွားပါ၍ ဘခင် ကိုယ်စား အမှုဆက်သွားခွင့်ပြုပါရန် လျှောက်လွှာတင်သည်။ မောင်ဝင်း အောင်၏ မိခင် ဒေါ်မြင့်မြင့်ဆွေက မောင်ဝင်းအောင်၏ လျှောက်လွှာ ကို သဘောတူကြောင်း မှတ်ချက်ပြုသည်။ ထို့ကြောင့် အထက်တွင် ဖော်ပြသည့်အတိုင်း မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က မောင်ဝင်း အောင်အား သေဆုံးသူ ဦးမြတ်စိုး၏ကိုယ်စား အမှုကို ဆက်လက်ဆောင် ရွက်ခွင့်ပြုခြင်း ဖြစ်သည်။

တရားမမှုများတွင် အမှုမပြီးပြတ်မီအတွင်း တရားလို ကွယ်လွန်အ နိစ္စရောက်လျှင် တရားဝင်ကိုယ်စား ထည့်သွင်း၍ အမှုကို ဆက်လက် ဆောင်ရွက်နိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းချက်ရှိသော်လည်း ပြစ်မှုဆိုင်ရာအမှု များတွင် အလားတူ ပြဋ္ဌာန်းချက်မရှိပေ။ ထို့ကြောင့် ပြစ်မှုဆိုင်ရာအ မှုများတွင် တရားလိုသည် အမှုကို ဆောင်ရွက်နေစဉ်အတွင်း ကွယ်လွန် အနိစ္စရောက်လျှင် ၎င်းကိုယ်စား အခြားသူတစ်ဦးက တရားလိုအဖြစ် လိုက်ပါဆောင်ရွက်ခြင်း၊ ရှေ့နေငှားခြင်း မပြုလုပ်နိုင်ပေ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ပုဒ်မ ၄၉၂ အရ ပြစ်မှုဆိုင်ရာအမှုများတွင် တရားလိုသည် နိုင်ငံ တော်ဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာအမှုများတွင် ရုံးအမှုလိုက် ရဲအရာရှိ သို့မဟုတ် ဥပဒေဝန်ထမ်းကသာလျှင် တရားလိုကိုယ်စားပြု၍ ဆောင် ရွက်နိုင်ခွင့်ရှိသည်။ တရားရုံးသို့ တိုက်ရိုက်လျှောက်ထားသော အမှုများ တွင်လည်း တိုက်ရိုက် လျှောက်ထားသော တရားလိုရှိနေလျှင် အမှုကို ဆက်လက်ဆောင်ရွက်ခြင်း၊ အကျိုးဆောင်အား ကိုယ်စားလှယ်လွှဲခြင်း များ ပြုလုပ်နိုင်သော်လည်း တိုက်ရိုက် လျှောက်ထားသော တရားလို

၁၉၇၉ ဦးစိုးရ ပါ (၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

သေဆုံးလျှင် ယင်းကိုယ်စား ပုဂ္ဂိုလ် တဦးဦးက အမှုကို ဆက်လက် ဆောင်ရွက်နိုင်ခွင့် မရှိပေ။

ဗဟိုဘရားရုံးတွင် မောင်ဝင်းအောင်အတွက် လိုက်ပါဆောင်ရွက်သော အကျိုးဆောင်က ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၀၆ မှာ ကျေအေးနိုင်သော အမှုအမျိုးအစားမဟုတ်သောကြောင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးပုဒ်မ ၂၄၇ အရဖြစ်စေ၊ ပုဒ်မ ၂၅၉ အရဖြစ်စေ တရားခံအား အမှုမှ အပြီးအပြတ်လွှတ်ခြင်း၊ စွဲချက်မတင်မီ လွှတ်ခြင်းနှင့် အမှုပိတ်ခြင်းများ မပြုလုပ်နိုင်ကြောင်း တင်ပြသည်။ ယင်းတင်ပြချက်မှာ မှန်ကန်သည်။ သို့ရာတွင် အမှုပိတ်ခြင်း၊ တရားခံအား အမှုမှ စွဲချက်မတင်မီလွှတ်ခြင်း၊ အပြီးအပြတ်လွှတ်ခြင်းများ မပြုနိုင်စေကာမူ ပြစ်မှုဆိုင်ရာ ကျင့်ထုံးပုဒ်မ ၄၉၃ အရ တရားလိုအတွက် အမှုလိုက်ပါဆောင်ရွက်ရန် တာဝန်ရှိသူမှာ ဥပဒေဝန်ထမ်းဖြစ်သောကြောင့် တိုက်ရိုက် လျှောက်ထားသော အမှုဖြစ်စေ၊ ရဲတပ်ဖွဲ့မှစွဲဆိုတင်ပို့သောအမှုဖြစ်စေ တရားလိုသေဆုံးလျှင် ဥပဒေ ဝန်ထမ်းကသာလျှင် လိုအပ်သလို အမှုဆက်လက် ဆောင်ရွက်ရပေလိမ့်မည်။ မောင်ဝင်းအောင်သည် အမှုနှင့်ပတ်သက်သော တင်ပြလိုသည့် စာရွက်စာတမ်း သို့မဟုတ် သက်သေများရှိခဲ့လျှင် ဥပဒေဝန်ထမ်းမှတဆင့်တင်ပြနိုင်ခွင့်ရှိသော်လည်း သေဆုံးသူ၏ ကိုယ်စားလှယ်အဖြစ် အမှုတွင်ပါဝင်နိုင်မည် မဟုတ်ချေ။ ထို့ကြောင့် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏အမိန့်များကိုပယ်ဖျက်၍ လမ်းမတော်မြို့နယ် တရားရုံး ပြစ်မှုကြီး အမှတ် ၇၉၇/၇၅ ကို တရားဥပဒေနှင့်အညီ သက်ဆိုင်ရာ ဥပဒေဝန်ထမ်းက ဆက်လက်ဆောင်ရွက်ရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်
တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မောင်စိုးသိန်း | ၁၉၇၉
(အင်းဝိန်အကျဉ်းစခန်း) | မတ်လ
| ၃ ရက်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်*

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၄— ယင်းပုဒ်မ၏ အကာအကွယ်ကို ခံစားနိုင်ရန် တရားခံသည် မိမိပြုလုပ်မှု၏သဘောနှင့် အကျိုးအပြစ်ကို မသိရှိနိုင်အောင် စိတ်ပေါ့သွပ်နေရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။မသန်းသန်းဦးနှင့် မတူးတို့အား ဓားနှင့်ထိုးစဉ်က မောင်စိုးသိန်းသည် မိမိပြုလုပ်မှု၏ သဘောနှင့် အကျိုးအပြစ်ကို မသိရှိလောက်အောင် အမြော်အမြင်နှင့်မပြည့်စုံပဲ ရူးသွပ်နေမှသာလျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၄ ၏ အကာအကွယ်ကို ရယူနိုင်မည်ဖြစ်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၄ တွင် "စိတ်ပေါ့သွပ်ခြင်းကြောင့် ပြုလုပ်စဉ်က မိမိ၏ပြုလုပ်မှုသည် မည်သို့သောသဘောရှိသည်ကိုလည်းကောင်း၊ မဘော်မမှန်သည်ကိုသော်လည်းကောင်း၊ ဥပဒေနှင့် ဆန့်ကျင်သည်ကိုသော်လည်းကောင်း မသိနိုင်သော သူ၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်" ဟု ပြဋ္ဌာန်းထားပေသည်။ ယခုမှု အချင်းဖြစ်ပွားချိန်က မောင်စိုးသိန်းသည် ယင်းကဲ့သို့သော စိတ်အခြေအနေရှိကြောင်း သက်သေခံအထောက်အထားများမရှိသောကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၄ ၏ အကာအကွယ်ကို မခံစားနိုင်ပေ။

**အယူခံတရားလိုအတွက်** — ဦးထွန်းဝင်း၊ ဗဟိုဘရားရုံးရှေ့နေ

**အယူခံတရားခံအတွက်** — ဦးစိန်ထွန်း၊ ဥပဒေဝန်ထမ်းအဆင့်(၁)

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၄၈

† ၁၉၇၇ ခုနှစ်၊ သေဒဏ် အတည်ပြုရန်အတွက် ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၃ တွင် ချမှတ်သော (၁-၆-၇၈) နေ့စွဲပါ ပဲခူးတိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၇၉

မောင်စိုး သိန်း (အင်းစိန် အကျဉ်း စခန်း) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော်

အယူခံတရားလိုမောင်စိုးသိန်းက ၎င်းအပေါ် ဝေါမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၇၄/၇၆ တွင် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂(၁)(ခ) အရ သေဒဏ်ကျခံစေရန်နှင့် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၂၄ အရ အလုပ်နှင့် ထောင်(၆)လကို သီးခြား ကျခံစေရန် အမိန့်ချမှတ်သဖြင့် အင်းစိန်ဗဟိုအကျဉ်းထောင်မှနေ၍ အယူခံဝင်ရောက် လာခြင်း ဖြစ်သည်။

အမှုဖြစ်ပွားပုံအကျဉ်းချုပ်မှာ ဝေါမြို့သစ်စက်ရပ်နေ မသန်းသန်းဦး နှင့် အယူခံတရားလို မောင်စိုးသိန်းတို့သည် လူငယ်ချင်းမေတ္တာရှိသဖြင့် မသန်းသန်းဦးသည် မောင်စိုးသိန်းနှင့် ကြံခင်းမြို့သို့ စိုးရာလိုက်သွားပြီး ကြံခင်းမြို့တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြသည်။ မသန်းသန်းဦး၏ မိဘများက ကြံခင်းမြို့သို့ လိုက်သွားပြီး သမီးဖြစ်သူ မသန်းသန်းဦးအား ဝေါမြို့သို့ ပြန်ခေါ်လာခဲ့သည်။ အယူခံတရားလို မောင်စိုးသိန်းအား လူကြီးများဖြင့် လာရောက်တောင်းဆိုရန်ပြောကြား ခဲ့သည်။ မောင်စိုးသိန်းသည် ဝေါမြို့သို့လိုက်လာပြီး လူကြီးမိဘများဖြင့် မသန်းသန်းဦး၏ မိဘများထံ ငွေကျပ် ၆၀၀/–တင်ပြီးတောင်းရမ်းရာ မသန်းသန်းဦး၏မိဘများက ငွေကျပ် ၁၀၀၀/–မရလျှင် မသန်းသန်းဦး နှင့် မောင်စိုးသိန်းတို့ကိစ္စကို သဘောမတူနိုင်ကြောင်း ငြင်းဆိုလိုက်သည်။ အချင်းဖြစ်သည့် ၁၉-၅-၇၆ နေ့ နံနက် ၁၁ နာရီခန့်က မောင်စိုးသိန်း သည် မသန်းသန်းဦး၏ မိဘများနေအိမ်သို့ သွားရောက်ပြီး ငွေကျပ် ၆၀၀/-ဖြင့် ကျေနပ်ရန်ပြောဆိုသည်တွင် မသန်းသန်းဦးက သူမ၏ အဖေကို ပြောပါဦးမည်ဟုပြောသဖြင့် မောင်စိုးသိန်းက အသင့်ပါလာ သော ဓားနှင့် မသန်းသန်းဦးအားထိုးရာ ဒဏ်ရာသုံးချက်ရရှိပြီး ဆေးရုံ တွင် သေဆုံးသွားလေသည်။ မောင်စိုးသိန်းသည် မသန်းသန်းဦးအား ဓားဖြင့်ထိုးစဉ်က ဝင်ရောက်ဖျန်ဖြေသူ မသန်းသန်းဦး၏ ညီမ မတူး ကိုလည်း ဓားနှင့်တစ်ချက်ထိုးရာ၊ လက်မောင်းတွင် ထိုးမိသွားခဲ့သည်။ ဝေါမြို့နယ်တရားရုံးက မောင်စိုးသိန်းသည် မသန်းသန်းဦးအား ဓားနှင့် ထိုးသည်မှာ တင်ကူးကြံရွယ်ချက်ဖြင့် ပြုလုပ်သည်ဟုဆိုကာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ခ) အရ သေဒဏ်ကျခံစေရန်နှင့် မတူးကို ဓားနှင့်ထိုးမှုအတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၄ အရ အလုပ်နှင့် ထောင်(၆)လ ကျခံစေရန်နှင့် အပြစ်ဒဏ်များကို သီးခြားကျခံစေရန် အမိန့်ချမှတ်သည်။ သေဒဏ်အတည်ပြုခြင်းနှင့် ပတ်သက်၍ ပြည်သူ့ တရားသူကြီးအဖွဲ့၏ ညွှန်ကြားချက်အမှတ် ၁၄/၇၇ အရ ပဲခူးတိုင်း

တရားရုံးမှ မူလရုံးအမှုတွဲကို တောင်းခေါ်ပြီးနောက် အမှုကို လေ့လာသုံးသပ်၍ အယူခံတရားလို မောင်စိုးသိန်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ခ) အရ အပြစ်ပေးထားသည့် မူလရုံး၏ ပြစ်ဒဏ်သတ်မှတ်ချက်ကို ပယ်ဖျက်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂) အရ တသက်တကျွန်းဒဏ်သို့ ပြင်ဆင်သတ်မှတ်လိုက်ပြီး၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၄ အရ မူလရုံးက ထောင်ဒဏ်(၆)လ ပေးထားသည့်အမိန့်ကို အတည်ပြုလိုက်သည်။ အပြစ်ဒဏ်နှစ်ရပ်ကို တပေါင်းတည်း ကျခံစေသည်။

၁၉၇၉
မောင်စိုး
သိန်း
(အင်းစိန်
အကျဉ်း
စခန်း)
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

အယူခံမှုတွင် အယူခံတရားလို မောင်စိုးသိန်းက အကြောင်းပြသည်မှာ သေသူ မသန်းသန်းဦး၏မိဘများက ငွေကျပ် ၁၀၀၀/-တင်တောင်းရန် ပြောကြားလိုက်သည့်အတိုင်း မောင်စိုးသိန်းသည် ရှာဖွေရရှိသည့် ငွေကျပ် ၆၀၀/-နှင့် အချင်းဖြစ်နေ့ နံနက်က မသန်းသန်းဦး၏ မိဘများထံသွား၍ ပြေလည်ရာပြေလည်ကြောင်း ပြောဆိုဆွေးနွေးရာ၊ သေသူ မသန်းသန်းဦးက မောင်စိုးသိန်းအား မတူမတန်သည့်အနေဖြင့် ထွီထွီ ဟု ပြောဆိုပြုလုပ်ပြီး၊ မသန်းသန်းဦး၏ ဖခင် ဦးမဲနှင့် ဦးလေးတော်သူတို့က မောင်စိုးသိန်းအား ဝိုင်းရိုက်သဖြင့် မောင်စိုးသိန်းက ကြောက်အားလန့်အားနှင့် ဘာပြုလုပ်ခဲ့သည်မသိကြောင်း ချေပထားသည်။ ထို့အပြင် မောင်စိုးသိန်း အသက်(၆)နှစ်အရွယ်ခန့်က ဦးခေါင်းကို လှည်းနင်းခံရသဖြင့် ဦးနှောက်မကောင်းသည့်ရောဂါရှိခဲ့၍ အချင်းဖြစ်နေ့က မိမိ မည်သို့ ပြုလုပ်ခဲ့သည်ကို မသိကြောင်းကိုပါ ထည့်သွင်းတင်ပြထားသည်ကို တွေ့ရသည်။

အမှုတွဲရှိ နှစ်ဖက် သက်သေထွက်ချက်များ လေ့လာရာ၊ သေသူ မသန်းသန်းဦးကို အယူခံတရားလို မောင်စိုးသိန်းက ဓားနှင့်ထိုးခဲ့ပြီး ခယ်မတော်သူ မတူး(လိုပြ-၁)ကိုလည်း ဓားဖြင့် တစ်ချက်ထိုးခဲ့ကြောင်း မျက်မြင်သက်သေများ၏ ထွက်ချက်များအရ ပေါ်လွင်ထင်ရှားပေသည်။ သေသူတွင် ကျောကုန်း၌ ဓားထိုးဒဏ်ရာတစ်ချက်နှင့် ဝမ်းခေါင်း၌ ဓားထိုးဒဏ်ရာ နှစ်ချက် ရရှိခဲ့ရာ၊ လက်ဝဲဘက် ဝမ်းခေါင်းတွင် ဓားထိုးခံရသည့်ဒဏ်ရာမှာ အူမကြီးပေါက်သဖြင့် မစင်များ ဝမ်းခေါင်းသို့ ထွက်နေသဖြင့် ပဲခူးမြို့နယ်ဆေးရုံမှ ထိုဒဏ်ရာကို ချုပ်ပေးခဲ့ရကြောင်း၊ ၎င်းဒဏ်ရာသည် မုချသေစေနိုင်သော ဒဏ်ရာမျိုးမဟုတ်ကြောင်း ဒဏ်ရာချုပ်စဉ်က ပိုးဝင်၍ အနာအဆိပ်ဖြစ်ပြီး သေဆုံးခြင်းဖြစ်ကြောင်းကို

ဆေးဆရာဝန် ဦးတင်ထွန်း (လိုပြ-၁၀) က ထွက်ဆိုထားသည်။ ဇာမှုစစ်ဆေးသည့် ဝေါ်မြို့နယ်တရားရုံးက အယူခံတရားလို မောင်စိုးသိန်းသည် တင်ကူးကြံရွယ်ချက်ဖြင့် မသန်းသန်းဦးအား ဓားနှင့်ထိုးခဲ့ကြောင်း ထင်ရှားသည်ဆို၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ခ) အရ သေဒဏ်အပြစ်ပေးခဲ့ကြောင်း တွေ့ရသည်။ သို့ရာတွင် ပဲခူးတိုင်းတရားရုံးက မောင်စိုးသိန်းသည် တင်ကူးကြံရွယ်ချက်ဖြင့် ပြုလုပ်ကြောင်းကို သက်သေအထောက်အထား ခိုင်လုံစွာမရှိကြောင်း မင်္ဂလာဆောင်ပေးရန်ကိစ္စအတွက် တဘက်နှင့်တဘက် ငွေကြေးကိစ္စ ပြောဆိုဆွေးနွေးရာမှ သေသူ မသန်းသန်းဦးကို ဒေါသအလျောက် ပြုခဲ့သည့်အတွက်၊ မောင်စိုးသိန်းအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂) အရဖြင့်သာ အပြစ်ဒဏ်ထိုက်စေသင့်ကြောင်း ယူဆခဲ့သည်ကို တွေ့ရသည်။

ပြုလုပ်မှုတခုသည် တင်ကူးကြံရွယ်သော ပြုလုပ်မှု ဖြစ်သည် မဖြစ်သည် ဆိုသောအချက်မှာ အကြောင်းခြင်းရာပြဿနာ ဖြစ်သည်။ ယခုအမှုတွင် အယူခံတရားလို မောင်စိုးသိန်းသည် ၎င်း၏ ဇနီး သေသူ မသန်းသန်းဦးအား သူမ၏ မိဘများက တောင်းဆိုသည့်အတိုင်း ငွေကျပ် ၁၀၀၀/– တင်၍ တောင်းရမ်းနိုင်ရန်အတွက် ကြိုးစားခဲ့သော်လည်း ငွေကျပ် ၆၀၀/- ကျော် ၇၀၀/- မျှသာ ရရှိခဲ့ပေသည်။ မောင်စိုးသိန်းသည် ထိုငွေမျှနှင့်ပင် ကျေကျေလည်လည် ဖြစ်စေရန် မသန်းသန်းဦး ၏ မိဘများထံ သွားရောက်ပြောဆိုရာမှ မသန်းသန်းဦးက ၎င်း၏မိဘများကို ပြောရဦးမည်ဟု ပြောဆိုသည့်အတွက်ကြောင့်လည်းကောင်း၊ မချေမငံ ပြောဆိုပြုမူသည့်အတွက်လည်းကောင်း၊ ဒေါသအလျောက် ဓါးနှင့်ထိုးခဲ့သည်ဟု ယူဆရပေသည်။ မသန်းသန်းဦးအား သတ်ဖြတ်ရန် တင်ကူးကြံရွယ်ချက်ဖြင့် သွားရောက်ခဲ့ကြောင်းကို အမှုတွဲရှိ သက်သေထွက်ချက်များအရ ခိုင်လုံစွာ မပေါ်ပေါက်ချေ။ အယူခံတရားလို မောင်စိုးသိန်းက ၎င်းသည် အချင်းဖြစ်ပွားချိန်က မည်ကဲ့သို့ ပြုလုပ်ခဲ့မိကြောင်း မသိပါဟုဆိုသော အကြောင်းပြချက်မှာ လက်ခံနိုင်စရာ မရှိပေ။ မသန်းသန်းဦးနှင့် မတူး တို့အား ဓါးနှင့် ထိုးစဉ်က မောင်စိုးသိန်းသည် မိမိပြုလုပ်မှု၏သဘောနှင့် အကျိုးအပြစ်ကို မသိရှိလောက်အောင် အမျှော်အမြင်နှင့် မပြည့်စုံပဲ ရူးသွပ်နေမှ သာလျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၄ ၏ အကာအကွယ်ကို ရယူနိုင်မည် ဖြစ်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၄ တွင် "စိတ်ပေါ့သွပ်ခြင်းကြောင့် ပြုလုပ်စဉ်က မိမိ၏ ပြုလုပ်မှုသည် မည်သို့သောသဘောရှိသည်ကိုလည်း

ကောင်း၊ မတော်မမှန်သည်ကိုသော်လည်းကောင်း၊ ဥပဒေနှင့် ဆန့်ကျင်သည်ကိုသော်လည်းကောင်း၊ မသိနိုင်သောသူ၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်''ဟုပြဋ္ဌာန်းထားပေသည်။ ယခုမှု အချင်းဖြစ်ပွားချိန်က မောင်စိုးသိန်းသည် ယင်းကဲ့သို့သော စိတ်အခြေအနေရှိကြောင်း သက်သေခံအထောက်အထားများ မရှိသောကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၄ ၏ အကာအကွယ်ကို မခံစားနိုင်ပေ။

ထို့ကြောင့် ပဲခူးတိုင်းတရားရုံးက အယူခံတရားလို မောင်စိုးသိန်းအပေါ် ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ပြစ်ဒဏ်များကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်သဖြင့် အတည်ပြုလိုက်သည်။ မောင်စိုးသိန်း၏ အယူခံလွှာကို ပယ်လိုက်သည်။

၁၉၇၉
မောင်စိုးသိန်း (အင်းစိန်အကျဉ်းစခန်း) နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

## ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ်သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ်ဦးလှဘုန်းနှင့်ဦးအေးမောင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉
ဩဂုတ်လ
၁၈ ရက်

ဦးစိန်

နှင့်

ဦးစံမြင့် *

**တရားရုံးများအပေါ် မထီမဲ့မြင် ပြုလုပ်မှု အက်ဥပဒေပုဒ်မ ၂ နှင့် ၃— တရားရုံးမှ ချမှတ်ထားသည့် အမိန့်များကို လိုက်နာရန် ပျက်ကွက်ခြင်းသည်၊ တရားရုံးအပေါ် မထီမဲ့မြင် ပြုရာရောက်ခြင်း။**

**ဆုံးဖြတ်ချက်။** ။လျှောက်ထားခံရသူ၏စာတွင် သက်သေခံပစ္စည်းကျန်းသစ်များမှာ အထူး စုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ သိမ်းဆည်းပြီး သစ်စက်သို့ လာရောက်အပ်နှံထားသည့် ပစ္စည်းများ ဖြစ်သည့်အတွက် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနက လာရောက်ထုတ်ယူမှသာ ထုတ်ပေးခွင့်ရှိမည် ဖြစ်သောကြောင့် သက်သေခံပစ္စည်းများ ထုတ်ပေးရေးနှင့် ပတ်သက်၍ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနနှင့် တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်ရန် အကြောင်းပြန်ကြားပါသည်ဟု၍ ဖော်ပြထားသည်ကို တွေ့ရလေသည်။ ဤအချက်များကို လေ့လာခြင်းအားဖြင့် လျှောက်ထားခံရသူသည် တရားရုံးမှ ချမှတ်ထားသည့် အမိန့်များကို လိုက်နာရန် ပျက်ကွက်ကြောင်း ထင်ရှားနေသည့်အတွက် တရားရုံးများအား မထီမဲ့မြင် ပြုလုပ်ခဲ့သည်ဟူ၍ ယူဆရပေမည်။

**လျှောက်ထားသူအတွက်** — ဦးမြသိန်း၊ ဗဟိုတရားရုံးရှေ့နေ

**လျှောက်ထားခံရသူအတွက်** —

လျှောက်ထားသူ ဦးစိန်က လျှောက်ထားခံရသူ ဦးစံမြင့် အပေါ်

---

* ၁၉၇၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်ထားမှုအမှတ် ၈၇
†၊ တရားရုံးများအား မထီမဲ့မြင် ပြုလုပ်မှု အက်ဥပဒေပုဒ်မ ၂ နှင့် ၃ အရ အရေးယူပေးရန် လျှောက်ထားမှု။

၁၉၇၉
ဦးစိန်
နှင့်
ဦးစံမြင့်

တရားရုံးများအား မထိမ့်မြင် ပြုလုပ်မှု အက်ဥပဒေပုဒ်မ ၂ နှင့် ၃ အရ အရေးယူပေးရန် ဗဟိုတရားရုံးသို့ လျှောက်ထားသည်။

လျှောက်ထားသူ ဦးစိန်အပေါ် မော်လမြိုင် မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၆၁၄/၇၆ တွင် အများနှင့်သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ ဦးစောလွင်က တရားစွဲဆိုသည်။ ထိုအမှုကြီးနှင့် အကျုံးဝင်သည့် ကျွန်းသစ်လေး ဒေါင့်တုံးများနှင့် ထိပ်ဖြတ်များ စုစုပေါင်း တန် ၁၃၀ ခန့်ကို ဦးစောလွင်က ရှာဖွေပုံစံများဖြင့် ရှာဖွေ သိမ်းဆည်းပြီး မော်လမြိုင်မြို့ သစ်လုပ်ငန်း ကော်ပိုရေးရှင်း အမှတ် ၅ က သစ်စက် မန်နေဂျာ ဖြစ်သူ ဦးစံမြင့်ထံ အပ်ထားသည်ကို တွေ့ရသည်။ လျှောက်ထားသူ အပေါ် စွဲဆိုထားသည့် မော်လမြိုင် မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၆၁၄/၇၆ ကို ဗဟိုတရားရုံးက ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ အမှတ် ၁၃၀/၇၆ တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ၁၉၇၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့က ချေဖျက်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ သို့ဖြစ်၍ ၁၉၇၇ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် မြို့နယ်တရားရုံးက သက်သေခံပစ္စည်း ကျွန်းသစ်လေးဒေါင့်တုံးများနှင့် ထိပ်ဖြတ်များကို လျှောက်ထားသူ ဦးစိန်အား ပြန်လည်ထုတ်ပေးရန် အမိန့်ချမှတ်သည်။

မြို့နယ်တရားရုံးက ၁၉၇၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့စွဲပါ စာအမှတ် ၁၁၉၈/၁၂၀၃ နတရ စီမံ ၁၀၉/၇၇ အရလည်းကောင်း၊ ၁၉၇၈ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် နေ့စွဲပါ စာအမှတ် ၀၀၂/၀၀၇ နတရစီမံ ၂/၇၈ အရလည်းကောင်း၊ လျှောက်ထားခံရသူ ဦးစံမြင့်ထံ သက်သေခံ ကျွန်းသစ်များကို လျှောက်ထားသူ ဦးစိန်အား ပြန်လည် ထုတ်ပေးရန် အကြောင်းကြား ခဲ့သော်လည်း လျှောက်ထား ခံရသူ ဦးစံမြင့်သည် သက်သေခံပစ္စည်း ကျွန်းသစ်များကို လျှောက်ထားသူ အား ပြန်လည်ထုတ်ပေးခဲ့ခြင်း မရှိကြောင်း တွေ့ရသည်။ လျှောက် ထားခံရသူက ၁၉၇၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက် နေ့စွဲပါ စာအမှတ် ၇၁၄/အမ်အမ်/ဂျီ-၁၇ ကို မော်လမြိုင် မြို့နယ်တရားရုံးသို့ ပေးပို့ခဲ့လေ သည်။ လျှောက်ထားခံရသူက သက်သေခံ ကျွန်းသစ်များမှာ အထူး စုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ လာရောက် အပ်နှံခြင်းဖြစ်၍ ထိုအဖွဲ့က လာရောက် ထုတ်ယူမှသာ ထုတ်ပေးခွင့်ရှိသည်ဟု ယူဆပြီး မြို့နယ်တရား ရုံးသို့ စာပြန် ကြားခဲ့ခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် တရားရုံးအား

၁၉၇၉ ဦးစိန် နှင့် ဦးစံမြင့်

မထိမဲ့မြင် ပြုလုပ်ခြင်းမဟုတ်ကြောင်း၊ ဥပဒေ နားမလည်သည့်အတွက်သာ မြို့နယ်တရားရုံးသို့ စာပြန်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပြုရန် တင်ပြပါကြောင်း စသည်ဖြင့် တင်ပြလာသည်။ လျှောက်ထားခံရသူ၏ စာတွင် သက်သေခံပစ္စည်း ကျွန်းသစ်များမှာ အထူး စုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ သိမ်းဆည်းပြီး သစ်စက်သို့ လာရောက်အပ်နှံထားသည့် ပစ္စည်းများ ဖြစ်သည့်အတွက် အထူး စုံစမ်းစစ်ဆေးရေး ဦးစီးဌာနက လာရောက် ထုတ်ယူမှသာ ထုတ်ပေးခွင့်ရှိမည် ဖြစ်သောကြောင့် သက်သေခံ ပစ္စည်းများ ထုတ်ပေးရေးနှင့် ပတ်သက်၍ အထူး စုံစမ်းစစ်ဆေးရေး ဦးစီးဌာနနှင့် တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်ရန် အကြောင်းပြန် ကြားပါသည်ဟူ၍ ဖော်ပြထားသည်ကို တွေ့ရလေသည်။ ဤအချက်များကို လေ့လာခြင်းအားဖြင့် လျှောက်ထားခံရသူသည် တရားရုံးမှ ချမှတ်ထားသည့် အမိန့်များကို လိုက်နာရန် ပျက်ကွက်ကြောင်း ထင်ရှားနေသည့်အတွက် တရားရုံးများအား မထိမဲ့မြင် ပြုလုပ်ခဲ့သည်ဟူ၍ ယူဆရပေမည်။ လျှောက်ထားခံရသူ၏ တင်ပြချက်များမှာလည်း လက်ခံနိုင်ဘွယ်ရာရှိသည့် တင်ပြချက်များဟူ၍ မဆိုနိုင်ပေ။

သို့ဖြစ်၍ လျှောက်ထားခံရသူ ဦးစံမြင့်အပေါ် တရားရုံးများအား မထိမဲ့မြင် ပြုလုပ်မှု ဥပဒေပုဒ်မ ၃ အရ ဒဏ်ငွေ ကျပ် ၂၀၀၀/– ပေးဆောင်ရန်၊ မဆောင်လျှင် အလုပ်မဲ့ ထောင်ဒဏ် တစ်လနှင့် ၁၅ ရက် ကျခံစေရန် အမိန့်ချမှတ်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးဿန့်စင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးညိမ်း

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်*

† ၁၉၇၈
ဇူလိုင်လ
၇ ရက်

**အမှုတစ်ခုကို ဆုံးဖြတ်ရာ၌ ယင်းအမှုတွင် ပေါ်ပေါက်သော သက်သေခံချက်အရသာ ဆုံးဖြတ်ရန်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တိုင်းတရားရုံးသည် ဦးညိမ်း ရွှေပေါင်ခံစားသူ ဖြစ်ကြောင်း မှန်မမှန် ဟူသောအချက်နှင့် ပတ်သက်ပြီး သံသယရှိသော ကြောင့် ဒေါ်ခင်ရွှေဆိုသူက ဦးညိမ်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ စွဲဆိုထားသောအမှုကို တောင်းခေါ် ကြည့်ရှုပြီးလျှင် ထို အမှုတွင် ဦးညိမ်းအပေါ် ရွှေပေါင်သည့်ကိစ္စအတွက် တရားစွဲဆိုသော ကြောင့် ဦးညိမ်းသည် ရွှေပေါင်ခံစားသူဖြစ်ကြောင်း ပေါ်လွင်သည် ဟူ၍ မှတ်ချက်ပြုသည်။ ဦးညိမ်းအပေါ် ဒေါ်ခင်ရွှေဆိုသူက လိမ်လည်မှု ဖြင့် တရားစွဲဆိုခြင်းပြုကာမျှနှင့်လည်း ဦးညိမ်းသည် ဦးအုန်းရွှေအပေါ် တွင်လည်း အလားတူ လိမ်လည်မှုပြုလုပ်ရမည်ဟု မှတ်ယူရန်မဟုတ်ပေ။ အမှုတစ်မှုချင်းအလိုက် စစ်ဆေးကြားနာသော သက်သေခံချက်များ အပေါ် မူတည်၍သာ အဆုံးအဖြတ်ပေးရန် ဖြစ်ပေသည်။

**လျှောက်ထားသူအတွက်** — ဦးကျော်၊ ဗဟိုတရားရုံးရှေ့နေ

**လျှောက်ထားခံရသူအတွက်** — ဦးဝင်းဖေ၊ ဥပဒေဝန်ထမ်း အဆင့်(၁)

လျှောက်ထားသူ ဦးညိမ်းအပေါ် ညောင်တုန်းမြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၃ အရ ဒဏ်ငွေ ကျပ် ၅၀/- မဆောင်နိုင် လျှင်ထောင်ဒဏ် ရက်သတ္တနှစ်ပတ်ကျခံစေရန်၊ ပုဒ်မ ၄၀၆ အရ ဒဏ် ငွေကျပ် ၃၀၀/- မဆောင်နိုင်လျှင် ထောင်ဒဏ် (၁)လ ကျခံစေရန်နှင့်

---

* ၁၉၇၇ ခုနှစ်၊ ပြင်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၀၆ (ခ)

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၁ တွင် ချမှတ်သော (၁၂-၃-၇၇)နေ့စွဲပါရေဝတီတိုင်း တရားရုံး၏ အမိန့်ကို မကျေနပ်၍ ပြင်ဆင်မှု။

**၁၉၇၉**
**ဦးညိမ်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်**

ပြစ်ဒဏ် နှစ်ရပ်ကို တပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်သည်။ ဦးညိမ်းက ရာဇဝတ်တိုင်းတရားရုံးသို့ အယူခံသောအခါတွင် ပြစ်ဒဏ်နှစ်ရပ် တပေါင်းတည်းကျခံစေသော မြို့နယ်တရားရုံးအမိန့်ကို ဖျက်၍ အယူခံပယ်သည်။ ထို့ကြောင့် ဦးညိမ်းက ဗဟိုတရားရုံးသို့ ပြင်ဆင်မှု တင်သွင်းခြင်း ဖြစ်သည်။

မြို့နယ်တရားရုံးတွင် တရားလိုဖြစ်သော ဦးအုန်းရွှေက ဦးညိမ်းအပေါ် စွဲဆိုသည်မှာ ဦးညိမ်းထံတွင် ရွှေ ၉၀/-သား အပေါင်ထား၍ ငွေကျပ် ၂၄၅၀/-ကို ချေးယူခဲ့ပြီးနောက် ပေါင်နှံ ထားသော ရွှေများ ပြန်ရွေးရန် သွားသောအခါ ဦးညိမ်းက ဦးအုန်းရွှေ၏ ဆံပင်ဆွဲ၍ ပါးရိုက်ကြောင်း ဖြစ်သည်။

ဦးညိမ်း၏ သက်သေများဖြစ်ကြသော မောင်ဝင်းရှိန် (လိုပြ-၂)က ဦးညိမ်းထံ ဦးအုန်းရွှေက ရွှေပေါင်ရန် သွားသောအခါတွင် အပေါ် လိုက်ပါ သွားကြောင်း၊ ဒေါ်အုန်းညွန့် (လိုပြ-၄)က မိမိအား ပေးရန်ရှိသော ငွေကျပ် ၁၇၀/ကို ဦးအုန်းရွှေသည် ဦးညိမ်းထံတွင် ရွှေပေါင်၍ ပေးကြောင်း၊ ဦးဟန်စိန် (လိုပြ-၃)က ဦးအုန်းရွှေသည် ဦးညိမ်းအား ရွှေပေါင်သော ကျသင့်သည့် အတိုးပေးရန် ဖက်ပီဆာ ၃၀၀ ချိန်နေသည်ကို တွေ့မြင်ရကြောင်းနှင့် ဦးဘိုးရန် (လိုပြ-၇) က ဦးညိမ်းထံ ဦးအုန်းရွှေသည် ပေါင်နှံထားသော ရွှေထည်ပစ္စည်းများ ရွေးရန် သွားသောအခါတွင် ဦးညိမ်းက ဆဲဆို ကြိမ်းမောင်း၍ ဦးအုန်းရွှေကို ဆံပင်ဆွဲ၍ ပါးရိုက်ကြောင်း ထွက်ဆိုကြလေသည်။

တရားလိုပြသက်သေ ထွက်ချက်များကို လေ့လာစိစစ်လျှင် ဦးအုန်းရွှေက အပေါင်ထားသော ရွှေထုပ်ကို ဦးညိမ်းအား ပေးလိုက်ရာတွင် ဦးညိမ်း တယောက်တည်း အိမ်ထဲသို့ ဝင်သွားပြီး ချိန်တွယ်ကြောင်း၊ ထို့နောက် ငွေများယူလာ၍ ပေးကြောင်း ထွက်ဆိုသည်။ မောင်ဝင်းရှိန်ကမူ ရွှေချိန်တွယ်ရာသို့ ဦးအုန်းရွှေ ကိုယ်တိုင် လိုက်သွားကြောင်း ဦးအုန်းရွှေနှင့် ဦးညိမ်းတို့ အခန်းထဲမှ ထွက်လာသောအခါတွင် ရွှေအချိန် ပြည့်-ပြည့် အငြင်းပွားကြသေးကြောင်း ထွက်ဆိုသည်။ ဦးအုန်းရွှေကိုယ်တိုင်က ရွှေချိန်တွယ်ရာသို့ ကိုယ်တိုင် လိုက်ပါသွားခြင်း မပြုပါဟု ထွက်ဆိုသော်လည်း မောင်ဝင်းရှိန်က ရွှေချိန်တွယ်ရာသို့ ဦးအုန်း

ရွှေ လိုက်သွားပြီး ရွှေချိန် ပြည့်မပြည့်ပင် ငြင်းခုန် ကြပါသေးသည်ဟု တိကျစွာ ထွက်ဆိုခြင်းမှာ စဉ်းစားရန်ပင် ဖြစ်သည်။

ဒေါ်အုန်းညွန့် (လိုပြ-၄) နှင့် မောင်ဝင်းရှိန် (လိုပြ-၂) တို့မှာ သားအမိ ဖြစ်ကြသည်။ ဒေါ်အုန်းညွန့်နှင့် မောင်ဝင်းရှိန်တို့သည် ဦးအုန်းရွှေထံမှ ငွေရပြီးနောက် ရွာသို့ အတူတကွ ပြန်လာကြသည်။ သို့ရာတွင် ဒေါ်အုန်းညွန့်သည် ဦးအုန်းရွှေထံမှ ငွေကျပ် ၁၅၀/- ရရှိ ခဲ့ကြောင်း သားဖြစ်သူကို မပြောခဲ့ကြောင်း ထွက်ဆိုသည်။ သားအမိနှစ်ယောက် ဦးအုန်းရွှေထံမှ ငွေအသီးသီးယူ၍ ရွာသို့ အတူတကွ ပြန်လာစဉ် သားဖြစ်သူက ငွေ ၆၀၀/-ရရှိခဲ့ကြောင်း ပြောသော်လည်း မိခင်ဖြစ်သူက သားဖြစ်သူအား ငွေကျပ် ၁၅၀/-ရရှိကြောင်း လုံးဝမပြောဟု ဆိုခြင်းမှာလည်း စဉ်းစားဘွယ်ရာ ဖြစ်သည်။ ဦးဘိုးရန် (လိုပြ-၅)က ရွှေပြန်ရွေးသော အချိန်တွင် မိမိရှိနေကြောင်းနှင့် ဦးအုန်းရွှေက ပေါင်ထားသောရွှေများ ရွေးရန်လာကြောင်း ပြောသည်နှင့် တပြိုင်နက် ဦးညိမ်းက ဆဲဆိုပြီး ဦးအုန်းရွှေ၏ ဆံပင်ကိုဆွဲ၍ ပါးရိုက်ကြောင်း ထွက်ဆိုသည်။ သဘာဝအားဖြင့် ရွှေပေါင်သူနှင့် ရွှေအပေါင်ခံသူတို့သည် ရွှေပေါင်သည့်ကိစ္စ ကျသင့်သည့်အတိုးနှုန်း စသည်ဖြင့် အချီအချ ပြောဆိုသင့်ကြပေသည်။ ဦးညိမ်းက ဒေါသကြီးစွာနှင့် ဦးအုန်းရွှေအား ရိုက်နှက်သည် ဆိုခြင်းမှာလည်းမဟုတ် မတရားလာရောက် စွပ်စွဲသောကြောင့်၊ စိတ်မထိန်းနိုင်ဘဲ ပြုမူခဲ့ခြင်း ဖြစ်နိုင်သည်။

ဦးအုန်းရွှေ၏ သက်သေတစ်ဦးဖြစ်သော မစိ (လိုပြ-၆)က ဦးအုန်းရွှေ၏ မိန်းမ မကျင်ညိမ်းသည် မိမိအိမ်သို့ လာရောက်ပြီးလျှင် ညီမရယ်၊ ဦးညိမ်းကို တရားစွဲမလို့ တို့ဆီက အထည်များ ငှားဘူးတယ်လို့ ထွက်ပေးပါဟု ပြောကြောင်း ထွက်ဆိုသည်။ ဤထွက်ချက်အရ၊ ဦးအုန်းရွှေသည် ဦးညိမ်းထံတွင် ပေါင်နှံသည်ဟု အဆိုပြုသော လက်စွပ်၊ ကြယ်သီး၊ ဘယက်၊ လက်ကောက်အစရှိသော ပစ္စည်းများမှာ အမှန်တကယ်ပင် ၎င်းထံ ရှိခဲ့ကြောင်း အထောက်အကူပြုစေရန် လုပ်ကြံ စီစဉ်ခဲ့ကြောင်း ပေါ်ပေါက်သည်။ ထို့ကြောင့် ဦးအုန်းရွှေနှင့် တကွ ဦးအုန်းရွှေအား ထောက်ခံထွက်ဆိုသော သက်သေများ၏ ထွက်ချက်မှာ သံသယကင်းရှင်းစွာ လက်ခံယုံကြည်ထိုက်သည်ဟု မဆိုနိုင်ချေ။

တိုင်းတရားရုံးသည် ဦးညိမ်း ရွှေပေါင်ခံစားသူဖြစ်ကြောင်း မှန်မမှန်ဟူသော အချက်နှင့် ပတ်သက်ပြီး သံသယရှိသောကြောင့် ဒေါ်ခင်

**၁၉၇၉**
ဦးညိမ်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

ရွှေဆိုသူက ဦးညိမ်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀၆ အရ စွဲဆိုထားသော အမှုကို တောင်းခေါ် ကြည့်ရှုပြီးလျှင် ထိုအမှုတွင် ဦးညိမ်းအပေါ် ရွှေပေါင်သည့် ကိစ္စအတွက် တရားစွဲဆိုသောကြောင့်၊ ဦးညိမ်းသည် ရွှေပေါင်ခံစားသူ ဖြစ်ကြောင်း ပေါ်လွင်သည်ဟူ၍ မှတ်ချက်ပြုသည်။ ဦးညိမ်းအပေါ် ဒေါ်ခင်ရွှေဆိုသူက လိမ်လည်မှုဖြင့် တရားစွဲဆိုခြင်း ပြုကာမျှနှင့်လည်း ဦးညိမ်းသည် ဦးအုန်းရွှေအပေါ်တွင်လည်း အလားတူ လိမ်လည်မှု ပြုလုပ်ရမည့်ဟု မှတ်ယူရန် မဟုတ်ပေ။ အမှု တမှုချင်းအလိုက် စစ်ဆေး ကြားနာသော သက်သေခံချက်များ အပေါ် မူတည်၍သာ အဆုံးအဖြတ်ပေးရန် ဖြစ်ပေသည်။ ဦးညိမ်းက ဦးအုန်းရွှေအား ဆံပင်ဆွဲ၍ ပါးရိုက်သည်ဟူသော စွပ်စွဲချက်နှင့် ပတ်သက်၍မူ ဦးညိမ်းကိုယ်တိုင်က မှန်ကန်ကြောင်း ဝန်ခံထားသည် ဖြစ်သောကြောင့် ဤအချက်နှင့် ပတ်သက်ပြီး အထူးစဉ်းစားရန် လိုအပ်မည် မဟုတ်ပေ။ သို့ဖြစ်၍ ညောင်တုန်းမြို့နယ် တရားရုံးနှင့် ဧရာဝတီတိုင်း တရားရုံးတို့က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၃ အရ ဒဏ်ငွေ ကျပ် ၅၀/- မဆောင်လျှင် ထောင်ဒဏ် ရက်သတ္တနှစ်ပါတ် ကျခံစေရန် အမိန့်ကို အတည်ပြုပြီးလျှင် ပုဒ်မ ၄၀၆ အရ ဒဏ်ငွေ ကျပ် ၃၀၀/- မဆောင်လျှင် ထောင်ဒဏ် (၁) လ ကျခံစေရန် အမိန့်ကို ပယ်ဖျက်လိုက်သည်။ ဒဏ်ငွေကျပ် ၃၀၀/- ပေးဆောင်ပြီးဖြစ်လျှင် ဦးညိမ်းအား ပြန်၍ ပေးစေရမည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌ အဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်း နှင့်ဦးထွန်းရှိန် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉ ဒီဇင်ဘာလ ၃၁ ရက်

ဒေါ်တင်တင်ညွန့်
ဒေါ်ကြည်စိန်

နှင့်

၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
၂။ ဒေါ်သန်းသန်း *

**ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀၄— သေသူ ကျန်ရစ်သော ပစ္စည်းကို သူစိမ်းက မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစား ပြုခြင်းနှင့်သာ သက်ဆိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀၄ အရ ပြစ်မှုမြောက်ရန် သေဆုံးသူ၏ ကျန်ရစ်သော ပစ္စည်းကို သေဆုံးသူနှင့် မည်သို့မျှ ဆွေမျိုးတော်စပ်ခြင်း မရှိသောသူတဦးက မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုခြင်းနှင့် သက်ဆိုင်သည်။

**လျှောက်ထားသူအတွက်** —ဦးကြည်မောင်၊ ဗဟိုတရားရုံးရှေ့နေ
ဦးပြည်စိုး၊ ဗဟိုတရားရုံးရှေ့နေ

**လျှောက်ထားခံရသူများအတွက်**—ဦးထွန်းနိုင်၊ဥပဒေဝန်ထမ်းအဆင့်(၁)

ဝါးခယ်မ မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၈/၇၈ တွင် ဒေါ်တင်တင်ညွန့် နှင့် ဒေါ်ကြည်စိန်တို့ အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၄ အရ အရေးယူ ပေးရန် ဒေါ်သန်းသန်းက တိုက်ရိုက်လျှောက်ထား စွဲဆိုခဲ့သည်။ မြို့နယ်တရားရုံးက ဒေါ်သန်းသန်းအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၀၀ အရ စစ်ဆေးပြီး ဒေါ်သန်းသန်း၏ တိုက်ရိုက် စွဲဆိုလွှာကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၀၃ အရ ပလပ်လိုက်သောကြောင့် ဒေါ်သန်းသန်းက ဧရာဝတီတိုင်း တရားရုံးသို့ ပြင်ဆင်မှု တင်သွင်းခဲ့သည်။ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ အမိန့်ကိုပယ်ဖျက်၍ ဒေါ်တင်တင်ညွန့်နှင့် ဒေါ်ကြည်စိန်တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၄ အရ ဆက်လက်အရေးယူဆောင်ရွက်ရန် အမိန့် ချမှတ်သောကြောင့် ဒေါ်တင်တင်ညွန့်က

---

* ၁၉၇၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၀၃ (ခ)နှင့် ၁၃၃ (ခ)

† ၁၉၇၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၆၁ တွင် ချမှတ်သော (၂၄-၂-၇၈)နေ့စွဲပါ ဧရာဝတီတိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

**၁၉၇၉**
ဒေါ်တင်တင်ညွန့်
ဒေါ်တင်ကြည်
နှင့်
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

ပြင်ဆင်မှုအမှတ် ၁၀၃(ခ)/၇၈ အရလည်းကောင်း၊ ဒေါ်ကြည်စိန်က ပြင်ဆင်မှုအမှတ် ၁၃၃(ခ)/၇၈ အရလည်းကောင်း ဗဟိုတရားရုံးသို့ ပြင်ဆင်မှုများ တင်သွင်းသည်။ ဤအမိန့်သည် ထိုပြင်ဆင်မှု နှစ်မှုစလုံးနှင့် သက်ဆိုင်စေရမည်။

ဝါးခယ်မမြို့နေ ကွယ်လွန်သူ ဒေါ်ခင်မမပိုင် ရွှေချိန် တပိဿာကျော်ခန့်နှင့် စိန်များအပြင်၊ ဝါးခယ်မမြို့ပေါ်ရှိ အိမ် ၆ လုံးကို ဒေါ်ခင်မမ၏ မောင်တဝမ်းကွဲတော်သူ ဦးမောင်မောင်ကြီး၏ ပထမအိမ်ထောင် ဒေါ်မြရွှေနှင့် မွေးသည့် သမီးကြီး ဒေါ်တင်တင်ညွန့်နှင့် ချွေးမ ဒေါ်ကြည်စိန်တို့က လက်ဝယ်ရယူပြီး ဦးမောင်မောင်ကြီး၏ ပထမအိမ်ထောင် ဒေါ်မြရွှေနှင့် မွေးသည့် ကျန်သားသမီးများဖြစ်ကြသော ဦးတင်မြင့်၊ ဒေါ်သိန်းသိန်း၊ ဦးခင်မောင်ချို၊ ဦးတင်လှတို့ မောင်နှမတစုနှင့် ခွဲဝေယူကြသောကြောင့် ဦးမောင်မောင်ကြီး၏ ဒုတိယ အိမ်ထောင် ဒေါ်မြခင်နှင့် မွေးသည့် သားသမီးများ ဖြစ်ကြသော ဒေါ်သန်းသန်း၊ ဦးဒွေးဝင်း၊ ဒေါ်စန်းစန်း၊ ဒေါ်မြင့်မြင့်စိုး၊ ဦးဝင်းချို နှင့် ဒေါ်ထွေးထွေးလှိုင်တို့ မောင်နှမတစုက မည်သည့်ပစ္စည်းမှ မရခဲ့သည့်အတွက် ဒေါ်သန်းသန်းက ဒေါ်ကြည်စိန်နှင့် ဒေါ်တင်တင်ညွန့်တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀၄ အရ အရေးယူ ပေးရန် တရားစွဲဆိုခြင်း ဖြစ်သည်။

ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀၄ အရ ပြစ်မှုမြောက်ရန် သေဆုံးသူ၏ ကျန်ရစ်သော ပစ္စည်းကို သေဆုံးသူနှင့် မည်သို့မှ ဆွေမျိုးတော်စပ်ခြင်း မရှိသောသူတဦးက မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုခြင်းနှင့် သက်ဆိုင်သည်။ ဒေါ်သန်းသန်း၏ စွဲဆိုချက် အရပင် ဒေါ်တင်တင်ညွန့်နှင့် ဒေါ်ကြည်စိန်တို့သည် ကွယ်လွန်သူ ဒေါ်ခင်မမပိုင် ပစ္စည်းများကို ဒေါ်သန်းသန်းတို့ မိသားစုနည်းတူ အမွေစု ရပိုင်ခွင့်ရှိသူများ ဖြစ်ကြောင်း တွေ့ရသည်။ ဒေါ်ခင်မမ၏ ပစ္စည်းများကို ဒေါ်တင်တင်ညွန့်နှင့် ဒေါ်ကြည်စိန်တို့က လက်ဝယ်ထားရှိပြီး ယင်းတို့ အချင်းချင်း ခွဲဝေသည်ဆိုသည့် လုပ်ဆောင်ချက်သည် ပြစ်မှု ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀၄ ၏ ပြဋ္ဌာန်းချက်တွင် အကြုံးဝင်သည်ဟု မဆိုနိုင်သဖြင့် မြို့နယ်တရားရုံးက ဒေါ်သန်းသန်း၏ စွဲဆိုလွှာကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၀၃ အရ ပလပ်ခြင်းသည် မှန်ကန်သည်။

သို့ဖြစ်၍ လျှောက်ထားသူ ဒေါ်တင်တင်ညွန့်နှင့် ဒေါ်ကြည်စိန်တို့၏ ပြင်ဆင်မှုကို လက်ခံပြီး တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်ကြောင်း အမိန့် ချမှတ်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးထွန်းရှိန် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ကိုတင်ဝင်း

နှင့်

၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

၂။ မကျင်အေး*

† ၁၉၇၉ မတ်လ ၃၀ ရက်

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၈၈(၄)– လင်ယောကျ်ားနှင့်အတူ မနေခြင်းအတွက် လုံလောက်သော အကြောင်းပြချက် ရှိမှသာ မယား စရိတ် ရထိုက်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈ (၄) အရ လင်ယောကျ်ားနှင့်အတူ ပေါင်းသင်း နေထိုင်ခြင်း မပြုသည်မှာ လုံလောက်သော အကြောင်းရှိမှသာ မယားသည် စရိတ်ရထိုက်သည်။ လုံလောက်သော အကြောင်းမရှိပဲ အတူနေထိုင်ခြင်း မပြုပါက မယား သည် စရိတ်ရထိုက်သူ မဟုတ်ပေ။ လင့်ဝတ္တရား မပျက်သော မောင်တင် ဝင်းနှင့်အတူ နေထိုင်ရန် ငြင်းဆန်သော မကျင်အေးသည် မယား စရိတ် ရထိုက်သူ မဟုတ်ပေ။

**လျှောက်ထားသူအတွက်** — ဦးရဲထွန်း၊ ဗဟိုတရားရုံး ရှေ့နေ

**လျှောက်ထားခံရသူများအတွက်** — ၁။ ဦးသိန်းလွန်း၊ ဥပဒေဝန်ထမ်း အဆင့် (၁)
၂။ ကိုယ်တိုင်

မန္တလေးတိုင်း မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အထွေထွေ အမှုအမှတ် ၂၇/၇၉ တွင် လျှောက်ထားခံရသူ အမှတ်(၂) မကျင် အေး၏ မယားစရိတ် လျှောက်ထားခြင်းကို ပယ်၍ လျှောက်ထားသူ မောင်တင်ဝင်းက လျှောက်ထားခံရသူ အမှတ် (၂) မကျင်အေးအား ကလေးစရိတ် တလ ငွေကျပ် ၄၀/–ပေးစေရန် အမိန့် ချမှတ်ခဲ့သည်။

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၀၈ (ခ)

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၆ (ခ)တွင် ချမှတ်သော (၂၃-၇-၇၇) နေ့စွဲပါ မွန်ပြည်နယ် တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၉
ကိုတင်ဝင်း
နှင့်
၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
၂။ မကျင်အေး

လျှောက်ထားခံရသူ အမှတ်(၂) မကျင်အေးက မယားစရိတ် လျှောက်ထားခြင်းကို ပယ်သည့်အမိန့်အား မကျေနပ်သဖြင့် မွန်ပြည်နယ် တရားရုံးသို့ အယူခံမှုလျှောက်ထားခဲ့သည်။ မွန်ပြည်နယ်တရားရုံးက မြို့နယ်တရားရုံး၏ မယားစရိတ် ပယ်သည့်အမိန့်ကို ပယ်ဖျက်၍ လျှောက်ထားသူ မောင်တင်ဝင်းက လျှောက်ထားခံသူ အမှတ် (၂) မကျင်အေးအား မယားစရိတ် တလ ငွေ ကျပ် ၄၀/–ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို လျှောက်ထားသူ မောင်တင်ဝင်းက မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု လျှောက် ထားခြင်း ဖြစ်သည်။

အမှုမှာ လျှောက်ထားသူ မောင်တင်ဝင်းနှင့် လျှောက်ထားခံရသူ အမှတ်(၂) မကျင်အေးတို့သည် ၁၃၃၆ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်နေ့တွင် မြန်မာ့ဓလေ့ ထုံးတမ်းအရ လက်ထပ် ပေါင်းသင်း ခဲ့ကြသည်တွင် လျှောက်ထားခံရသူ အမှတ်(၂) မကျင်အေး ကိုယ်ဝန်(၉) လ ရှိလာသည့်အခါ လျှောက်ထားသူ မောင်တင်ဝင်းသည် လျှောက်ထားခံရသူ အမှတ်(၂) မကျင်အေးထံ သွားလာခြင်းမပြုသည်သာမက ထောက်ပံ့ခြင်း မရှိသဖြင့် မယားစရိတ်နှင့် မွေးဖွားလာသည့် ကလေးအတွက် ကလေးစရိတ် လျှောက်ထားခဲ့ရာမှ ပေါ်ပေါက် လာသော အမှုဖြစ်သည်။

မြို့နယ်တရားရုံးသည် မကျင်အေး၏ မယားစရိတ် လျှောက်ထားချက်ကို ပယ်ခဲ့ရာတွင် မကျင်အေးသည် ကိုယ်တိုင်ရှာဖွေ လုပ်ကိုင်စားသောက်နိုင်သည့် အခြေအနေရှိသဖြင့် မယားစရိတ် မရထိုက်ကြောင်း အကြောင်းပြထားသည်ကို တွေ့ရှိရသည်။ မွန်ပြည်နယ် တရားရုံးကမူ လျှောက်ထားသူ မောင်တင်ဝင်းသည် မကျင်အေး၏ လင်ယောကျ်ားဖြစ်သဖြင့် မောင်တင်ဝင်းသည် ဥပဒေအရ မကျင်းအေးအား ထောက်ပံ့ရန် တာဝန်ရှိသည်ဟု အကြောင်းပြ၍ မယားစရိတ်ကို ခွင့်ပြုခဲ့ကြောင်း တွေ့ရှိရသည်။

အမှုတွဲများကို ကြည့်ရှုလေ့လာသည့်အခါ မြို့နယ်တရားရုံး၏ တွေ့ရှိချက်နှင့် ပြည်နယ်တရားရုံး၏ တွေ့ရှိချက်တို့မှာ ဤအမှု အလို့ငှာ အဓိက ပြဿနာမဟုတ်ကြောင်း တွေ့ရှိရသည်။ အဓိက ပြဿနာမှာ မကျင်အေးသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၈၈ နှင့်အညီ မယားစရိတ် ရထိုက်သူ ဟုတ်မဟုတ်ဖြစ်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၈၈ (၄)အရ လင်ယောကျ်ားနှင့် အတူ ပေါင်းသင်း မနေထိုင်

ခြင်း မပြုသည်မှာ လုံလောက်သော အကြောင်းရှိမှသာ မယားသည် စရိတ်ရထိုက်သည်။ လုံလောက်သော အကြောင်းမရှိပဲ အတူ နေထိုင်ခြင်း မပြုပါက မယားသည် စရိတ်ရထိုက်သူ မဟုတ်ပေ။

ဤအမှုတွင် မကျင်အေး၏ လျှောက်လွှာနှင့် ထွက်ဆို ချက်သည် စဉ်းစားရန် ပြဿနာအတွက် အဓိကဖြစ်သည်။ မကျင်အေးသည် ယင်း၏ လျှောက်လွှာတွင် လင်မယားနှစ်ယောက် တစ်ဦးနှင့်တစ်ဦး တစုံတရာ အချင်းဖြစ်ပွားခြင်း မရှိကြောင်း ထည့်သွင်း ဖေါ်ပြထားသည်။ မကျင်အေး၏ ထွက်ဆိုချက်တွင်လည်း မောင်တင်ဝင်းသည် မူလက မကျင်အေး မိဘများနှင့်အတူ နေထိုင်ခဲ့ကြောင်း၊ မောင်တင်ဝင်း၏ မိဘအိမ်တွင် ၅ လခန့်နေပြီး မကျင်အေးသည် ခြင်ထောင်ချုပ်ရန်ဟု အကြောင်းပြ၍ မကျင်အေး၏ မိဘအိမ်သို့ ပြန်သွားခဲ့ကြောင်း၊ ထိုသို့ ပြန်သွားခဲ့ခြင်းမှာ မောင်တင်ဝင်း၏ အမေက မောင်းချ၍ ပြန်သွားခဲ့ခြင်း မဟုတ်ကြောင်း၊ မောင်တင်ဝင်းက မကျင်အေးကို တကြိမ်တခါမျှ ရိုက်ဘူးခြင်း မရှိကြောင်း၊ ရန်ခိုက် ဒေါသလည်း မဖြစ်ဘူးကြောင်း၊ မောင်တင်ဝင်းက မကျင်အေးအား စိတ်ဆင်း ရဲအောင် မလုပ်ဘူးကြောင်း၊ မောင်တင်ဝင်းက မကျင်အေးအား လခများကို လစဉ် မှန်မှန်အပ်ကြောင်း၊ မောင်တင်ဝင်းသည် လင့်ဝတ္တရား မပျက် စောင့်ရှောက်ကြောင်း၊မီးဖွားပြီးနောက် မောင်တင်ဝင်းသည် အုန်းသီး ၆ လုံးနှင့် ပေါင်မုန့် ၁၅ လုံး ပေးပို့ခဲ့ကြောင်း ဝန်ခံ ထားသည်ကို တွေ့ရှိရသည်။ ဤဝန်ခံချက်များအရ မကျင်အေးသည် လုံလောက်သော အကြောင်းမရှိပဲ လင်ယောကျ်ားဖြစ်သူ မောင်တင်ဝင်းနှင့်အတူ နေထိုင်ရန် ငြင်းဆန်ခဲ့သည်မှာ ထင်ရှားသည်။ မောင်တင်ဝင်း တင်ပြ ခဲ့သော သက်သေ ဒေါ်အုန်းကြိုင်နှင့် မငင်ကြည်တို့၏ ထွက်ဆိုချက်များ အရ မောင်တင်ဝင်းက မကျင်အေးအား ပြန်လာရန် ခေါ်ခဲ့ကြောင်းမှာလည်း ထင်ရှားသည်။ထို့ကြောင့် လင့်ဝတ္တရား မပျက်သော မောင်တင်ဝင်းနှင့်အတူ နေထိုင်ရန် ငြင်းဆန်သော မကျင်အေးသည် မယား စရိတ် ရထိုက်သူ မဟုတ်ပေ။

သို့ဖြစ်၍ မယားစရိတ် တလ ငွေကျပ် ၄၀/–ခွင့်ပြုသော မွန်ပြည်နယ် တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ မြို့နယ်တရားရုံး၏ မယားစရိတ် ပယ်သည့်အမိန့်ကို အထက်ဖေါ်ပြပါ အကြောင်းပြချက်များကို အခြေပြု၍ အတည်ပြုလိုက်ကြောင်း အမိန့် ချမှတ်သည်။

၁၉၇၉
ကိုတင်ဝင်း
နှင့်
၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
၂။ မကျင်အေး

## ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဝင်ဖွဲ့များအဖြစ် ဦးထွန်းရှိန်နှင့် ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉ အောက်တိုဘာလ ၆ ရက်

ဦးတင်အေးကျော်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်*

**အထူးဥပဒေအရ စွဲဆိုထားသော တရားခံအပေါ် တရားရုံးသည် သင့်လျော်သော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မသို့ ပြောင်းလဲ၍ အပြစ် ပေးနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ဦးတင်အေးကျော်အပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ အရေးယူတရားစွဲဆိုသော်လည်း တိုင်းတရားရုံးသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၇၇—ကသို့ ပြောင်းလဲ၍ အပြစ်ပေးခဲ့သည်။ တရားခံတစ်ဦးအပေါ် အထူးဥပဒေတရပ်ဖြစ်သော ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မအရ စွဲဆိုခဲ့သော်လည်း တရားရုံးအနေဖြင့် ပြစ်ဒဏ် ချမှတ်ရာတွင် သင့်လျော်သည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မသို့ ပြောင်းလဲ အပြစ်ပေးနိုင်ကြောင်း စီရင်ထုံး အများအပြားရှိခဲ့ပြီးဖြစ်သည်။ ယင်းသို့ ဥပဒေပုဒ်မ ပြောင်းခြင်းကြောင့် ဦးတင်အေးကျော်အနေဖြင့် ခုခံချေပမှုတွင် ထိခိုက်ခြင်း ရှိမရှိကို စဉ်းစားရာတွင်လည်း ဦးတင်အေးကျော်အပေါ် စွဲဆိုသည့် အကြောင်းခြင်းရာမှာ ကော်မရှင်အဖွဲ့ခွဲ၏ ကျွဲမွေးစရိတ်များနှင့် ပတ်သက်ပြီး လူဦးရေပိုပြ၍ လိမ်လည်စားရင်း ပြုစုခြင်းဖြစ်ရာ ဤအချက်နှင့်ပတ်သက်၍ ဦးတင်အေးကျော်သည် ကောင်းစွာသိရှိ နားလည်ခဲ့ပြီးဖြစ်သောကြောင့် ခုခံချေပခွင့်နှင့်ပတ်သက်ပြီး ထိခိုက်စေမှု မရှိနိုင်ဟု ဆိုရပေမည်။

---

* ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၃၈

† ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၃ တွင် ချမှတ်သော (၁-၈-၇၀) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၇၉
ဦးတင်
အေးကျော်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

**အယူခံတရားလိုအတွက်** — ဦးခင်မောင်ကြီး၊ ဗဟိုတရားရုံးရှေ့နေ

**အယူခံတရားခံအတွက်** — ဦးဝင်းဖေ၊ ဥပဒေဝန်ထမ်းအဆင့် (၁)

အယူခံတရားလို ဦးတင်အေးကျော်အပေါ် ရန်ကုန်တိုင်းတရားရုံးက ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၃/၇၈ တွင် ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ အရေးယူစစ်ဆေးပြီးလျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၇၇—က အရ ထောင်ဒဏ် (၇)နှစ် အပြစ်ဒဏ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းကို ဦးတင် အေးကျော်က မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ အယူခံဝင်ခြင်း ဖြစ်သည်။

အမှုမှာ ရန်ကုန်မြို့ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမောင်မောင်သည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်မှ ပုဂ္ဂိုလ်အချို့ စီးပွားရေးမသမာမှုများ ရှိ နေကြောင်း သတင်းရရှိသောကြောင့် စုံစမ်းစစ်ဆေးသော အခါတွင် ဦးတင်အေးကျော်သည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲနှင့် ပြည်သူ့လွှတ် တော်၊ ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကြိုတင် ပြင်ဆင်မှု ကော်မရှင်အဖွဲ့ခွဲ(၂)၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်စဉ် ကလေးမြို့သို့သွားခဲ့သော ခရီးစဉ်အတွက် အမှန်သုံးစွဲခွင့်ရှိသော အသုံး စရိတ်ထက် ငွေကျပ် ၃၀၀/– ပိုမို၍လည်းကောင်း၊ မြစ်ကြီးနားနှင့် မန္တလေးမြို့ ခရီးစဉ်များအတွက် အမှန်သုံးစွဲခွင့်ရှိသော အသုံးစရိတ်ထက် ငွေကျပ် ၃၃၅/– ပိုမို၍လည်းကောင်း၊ စုစုပေါင်းငွေကျပ် ၆၃၅/– ကို စာရင်းလိမ်လည်ပြုစု၍ မိမိကိုယ်ကျိုးအတွက် အလွဲသုံးစား ပြုလုပ် ကြောင်း တွေ့ရှိရသဖြင့် ဦးတင်အေးကျော်အပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုတင်ပို့သော အမှုဖြစ်သည်။

ဦးမောင်မောင်အေး (လိုပြ-၂)သည် ဦးတင်အေးကျော် ကော်မရှင် ကိုစ္စဖြင့် ခရီးထွက်စဉ်က ရုံးဝန်ထမ်းတစ်ဦးအဖြစ် လိုက်ပါခဲ့သူဖြစ်ပြီး ဦးတင်အေးကျော်၏ ခိုင်းစေချက်အရ ငွေစာရင်းကို လိမ်လည်ပြုစုပေးရ ကြောင်း ထွက်ဆိုချက်ပေးသူဖြစ်သည်။ ဦးမောင်မောင်အေးက အဖွဲ့ခွဲ ခရီးထွက်ရာတွင် အသုံးပြုရန် ကြိုတင်စရိတ်ငွေကျပ် ၅၀၀၀/– ကို ဦးတင်အေးကျော်အား ထုတ်ပေးခဲ့ရကြောင်း၊ ကော်မရှင်အဖွဲ့ခွဲသည် ကလေးမြို့သို့ ၁၀-၇-၇၃ နေ့မှ ၂၀-၇-၇၃ နေ့အထိ ၃-ရက်နေ့ထိုင်ခဲ့

ပြီး ရန်ကုန်မြို့သို့ ပြန်ရောက်လာသောအခါမှာ ဦးတင်အေးကျော်၏ ခိုင်းစေချက်အရ ငွေစာရင်းတွင် စားသုံးသူလူဦးရေကို ပိုမို၍ပြပေးရကြောင်း၊ အမှန်ကုန်ကျငွေမှာ ကျပ် ၁၀၀/–ဖြစ်သော်လည်း ကုန်ကျငွေ ကျပ် ၄၀၀/–ဟု စာရင်းတွင်ဖေါ်ပြ၍ ကလေးမြို့ ခရီးစဉ်အတွက် ငွေကျပ် ၃၀၀/ကို ပိုရ၍စာရင်းပြပြီး တောင်းခံခဲ့ကြောင်း၊ ယင်းသို့ စာရင်းပြ တောင်းခံခဲ့ရခြင်းမှာ ဦးတင်အေးကျော် အရက်သေစာယူ သောက်စားရန်အတွက် ကုန်ကျငွေကို ကာမိစေရန်အတွက်ဖြစ်ကြောင်း ထွက်ဆိုသည်။ ထို့အပြင် ကော်မရှင်အဖွဲ့ခွဲ မြစ်ကြီးနားနှင့် မန္တလေးမြို့များသို့ ခရီးထွက်စဉ်အခါမှာလည်း စားသုံးသူလူဦးရေကို ပို၍ပြပြီး စာရင်း လိမ်လည်ပြုစု တင်ပြသောကြောင့် ယင်း ခရီးစဉ် အတွက် ငွေကျပ် ၃၃၅/ ပိုမို တောင်းခံခဲ့ကြောင်း၊ ကလေးမြို့ ခရီးစဉ်နှင့် မြစ်ကြီးနား၊ မန္တလေးခရီးစဉ်များအတွက် ငွေစာရင်းရှင်းတမ်းတွင် ပိုမိုပြသော စုစုပေါင်းငွေမှာ ကျပ် ၆၃၅/ဖြစ်ကြောင်း ထွက်ဆိုသည်။

ဦးသန်းညွန့် (လိုပြ–၄)မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဖြစ်သည်။ ဦးသန်းညွန့်က ၁၉၇၃ ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ပြည်သူ့လွှတ်တော်၊ ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကြိုတင်ပြင်ဆင်မှု ကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ကလေးမြို့၊ မြစ်ကြီးနားနှင့် မန္တလေးမြို့များသို့ ကော်မရှင်အဖွဲ့ခရီးထွက်စဉ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းအချို့သည် ဌာနဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန် လိုက်ပါခဲ့ကြောင်း၊ ဝန်ထမ်းများသည် ခရီးစရိတ်နှင့် နေ့တွက်စရိတ်များ ထုတ်ယူကြပြီး အစားအသောက်များကို မိမိတို့စရိတ်ဖြင့် ပြင်ပ၌သာ ဝယ်ယူစားသောက်ကြကြောင်း ထွက်ဆိုသည်။

ဦးသန်းထွန်း(လိုပြ–၅) ဦးအောင်ကျော်(လိုပြ–၆)နှင့် ဦးတင်ရွှေ(လိုပြ–၇)တို့မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများဖြစ်ပြီး ညွှန်ကြားရေးမှူးချုပ် ဦးသန်းညွန့်သည် ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ရေး အဖွဲ့ဝင်အဖြစ်ဆောင်ရွက်စဉ် ဦးသန်းညွန့်နှင့်အတူတကွ မြစ်ကြီးနားနှင့် မန္တလေးမြို့သို့ လိုက်ပါခဲ့ကြောင်း၊ နေ့တွက်စရိတ်နှင့် ခရီးစရိတ်များကို ဌာနဆိုင်ရာမှ တင်ပြတောင်းခံခဲ့ပြီး ပြင်ပတွင်သာ ဝယ်ယူစားသောက်

၁၉၄၉
ဦးတင်
အေးကျော်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

ခဲ့ကြသောကြောင့် ကော်မရှင်အဖွဲ့ခွဲ၏ ညှော်ခံကျွေးမွေး စာရင်းတွင် သူတို့၏အမည်များ ထည့်သွင်းဖော်ပြခြင်းမှာ မှန်ကန်မှု မရှိကြောင်း ထွက်ဆိုကြသည်။

ဦးသိန်းကြီး(လိုပြ-၉)မှာ ပုလဲမြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌဖြစ်၍ ၁၉၇၃ ခုနှစ်၊ ဇူလိုင်လအတွင်း ကော်မရှင်အဖွဲ့ခွဲ ကလေးမြို့သို့ ရောက်လာစဉ်က ညှော်ခံကျွေးမွေးသည်ကို တစ်ကြိမ်မျှ မစားခဲ့ရဘူးကြောင်း ထွက်ဆိုသည်။

ထို့ကြောင့် တရားလိုပြသက်သေများ ထွက်ချက်အရ ပေါ်ပေါက်သောအချက်များမှာ ဦးမောင်မောင်အေးသည် ကော်မရှင် အဖွဲ့ခွဲကျွေးမွေး စရိတ်နှင့် ပတ်သက်သော စာရင်းကို ဦးတင်အေးကျော်၏ စေခိုင်းချက်အရ အမှန်တကယ်စားသုံးသူများ မဟုတ်သောပုဂ္ဂိုလ်တို့၏ အမည်များကို လိမ်လည်ဖော်ပြကြောင်း၊ ကြိုတင်ပြင်ဆင်ရေးအဖွဲ့ခွဲ အဖွဲ့ဝင်တစ်ဦးဖြစ်သော လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန်းညွန့်က မိမိဌာနမှဝန်ထမ်းအချို့သည် ကော်မရှင်အဖွဲ့ခွဲနှင့်အတူ မန္တလေးမြို့နှင့် မြစ်ကြီးနားမြို့သို့ လိုက်ပါလာကြောင်း မှန်သော်လည်း ကော်မရှင်အဖွဲ့ခွဲမှ ညှော်ခံကျွေးမွေးသော အစားအသောက် များကို ပါဝင်စားသောက်ခြင်း မပြုခဲ့ကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ ကော်မရှင်အဖွဲ့ခွဲနှင့် လိုက်ပါသွားသောဝန်ထမ်း ဦးသန်းထွန်း ဦးအောင်ကျော်နှင့် ဦးတင်ရွှေတို့က ကော်မရှင်အဖွဲ့ခွဲ၏ ကျွေးမွေးညှော်ခံသော စာရင်းတွင် မိမိတို့၏ အမည်များ ပါရှိနေသော်လည်း မိမိတို့စရိတ်ဖြင့်သာ မိမိတို့ စားသောက်ခဲ့ကြောင်းနှင့် ပုလဲမြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးသိန်းကြီးက၊ ကလေးမြို့သို့ ကော်မရှင်အဖွဲ့ခွဲလာရောက်စဉ် ကော်မရှင်မှ ညှော်ခံကျွေးမွေးစာရင်းတွင် မိမိနာမည် ပါရှိသော်လည်း အဖွဲ့ခွဲမှ ကျွေးမွေးသည်ကို မစားသောက်ခဲ့ရပါဟု ထွက်ချက်များ ဖြစ်လေသည်။

ဦးတင်အေးကျော်သည် အမှုနှင့်ပတ်သက်၍ ချေပရာတွင် ငွေကွာခြားခြင်းနှင့် ကော်မရှင်အဖွဲ့ခွဲက သုံးစွဲခဲ့သော ကျွေးမွေးစရိတ်စာရင်းတွင် လက်မှတ်ရေးထိုးခဲ့ခြင်းတို့ကို ငြင်းကွယ်ခြင်းမရှိချေ၊ ဦးမောင်မောင်အေး(လိုပြ-၂)အား လူစာရင်းကို လိမ်လည်ပြုလုပ်ရန် ခိုင်းစေခဲ့ခြင်း မပြုခဲ့သောကြောင့် စာရင်းနှင့်ပတ်သက်ပြီး တာဝန်မရှိနိုင်ကြောင်း

၁၉၇၉ ဦးတင် အေးကျော် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော်

သာ ချေပသည်။ ဦးတင်အေးကျော်က ဗိုလ်မှူးထွန်းငွေနှင့် ဦးဇော်ဖေ တို့အား အားကိုးအားထားပြု၍ သက်သေအဖြစ်တင်ပြသည်။ ဗိုလ်မှူး ထွန်းငွေ(ခံပြ-၂)က ယင်းအား ဦးမောင်မောင်အေးက ငွေစာရင်းများ လိမ်လည်ပြုလုပ်ရကြောင်းကို ပြောမပြဘူးပါဟူ၍သာ ထွက်ဆိုသည်။ ဦးဇော်ဖေ(ခံပြ-၃)က ကော်မရှင်အဖွဲ့ခွဲမှ တင်ပြသောငွေစာရင်းတွင် ကော်မရှင်အဖွဲ့၏ အတွင်းရေးမှူးအဖြစ် ထပ်ဆင့် လက်မှတ်ရေးထိုးခဲ့ ကြောင်းသာ ထွက်ဆိုသည်။ ထို့ကြောင့် ယင်းတို့၏ထွက်ချက်များမှာ အမှုနှင့်ပတ်သက်၍ ဦးတင်အေးကျော်အတွက် မည်သို့မျှ အထောက်အ ကူမပြုနိုင်ပါဟု ဆိုရပေမည်။ ဦးတင်အေးကျော် တစ်ဦးတည်း၏ တင်ပြချက်မှာလည်း ယင်းအပေါ်စွပ်စွဲချက်ကို ပြေလည်စွာ ချေဖျက်နိုင် ကြောင်း မတွေ့ရပေ။

အမှုနှင့်ပတ်သက်၍ မငြင်းကွယ်နိုင်သောအချက်မှာ ကော်မရှင်အဖွဲ့ခွဲ ကျွေးမွေးစရိတ်နှင့်ပတ်သက်ပြီး စာရင်းပြုစုသူ ဦးမောင်မောင်အေးက စာရင်းကို ဦးတင်အေးကျော်၏ ညွှန်ကြားချက်အရ မဟုတ်မမှန် ရေး သွင်းပြုပြင်ခဲ့ရကြောင်း ထွက်ချက်ရှိသည့်အပြင် ထိုစာရင်းတွင် ဦးတင် အေးကျော်ကိုယ်တိုင် တာဝန်ခံအနေဖြင့် လက်မှတ်ရေးထိုးထားသော အချက်ပင်ဖြစ်သည်။ ဦးတင်အေးကျော် ကိုယ်တိုင်ကလည်း ဦးမောင် မောင်အေးသည် လူရိုးလူကောင်းတယောက်ဖြစ်၍ ကော်မရှင်အဖွဲ့ခွဲ ခရီးထွက်စဉ် မိမိကိုယ်ရေးအရာရှိကဲ့သို့ အစစအရာရာ အောက်ခြေသိမ်း တာဝန်ယူ လုပ်ကိုင်ပေးသူဖြစ်ကြောင်း ထွက်ဆိုသောကြောင့် ဦးမောင် မောင်အေးသည် မိမိဆရာအရင်းဖြစ်သော ဦးတင်အေးကျော်အပေါ် ဒုက္ခရောက်စေရန် မဟုတ်မတရားလိုဆယ် ထွက်ဆိုရန် အကြောင်းမရှိပေ။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပုလဲမြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌတို့မှာ ကော်မရှင်အဖွဲ့ခွဲမှ ကျွေးမွေး ဧည့်ခံခြင်းများကို ပါဝင်စားသောက်ခြင်းမှန်လျှင်နှင့် စားသောက်ခဲ့ ခြင်းမပြုရကြောင်း စုပေါင်း၍ တညီတညွတ်တည်း ထွက်ဆိုရန် အကြောင်းလည်း မရှိချေ။

ဦးတင်အေးကျော်အပေါ် ၁၉၆၃ နှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ အရေးယူ တရား စွဲဆိုသော်လည်း တိုင်းတရားရုံးသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၇၇-က သို့ပြောင်းလဲ၍ အပြစ်ပေးခဲ့သည်။ ပုဒ်မ ၄၇၇-က မှာ လိမ်လည်

လှည့်ဖြားလိုသောအကြံဖြင့် စာရင်းများကို မဟုတ်မမှန် ပြုလုပ်ခြင်းဖြစ်သည်။ တရားခံတစ်ဦးအပေါ် အထူးဥပဒေတရပ်ဖြစ်သော ၁၉၆၃ ခုနှစ်၊ အမျိုးနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မအရ စွဲဆိုခဲ့သော်လည်း တရားရုံးအနေဖြင့် ပြစ်ဒဏ်ချမှတ်ရာတွင် ဆီလျော်သည့်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မသို့ ပြောင်းလဲ အပြစ်ပေးနိုင်ကြောင်း စီရင်ထုံးအများအပြား ရှိခဲ့ပြီးဖြစ်သည်။ ယင်းသို့ ဥပဒေပုဒ်မ ပြောင်းခြင်းကြောင့် ဦးတင်အေးကျော် အနေဖြင့် ခုခံချေပမှုတွင် ထိခိုက်ခြင်း ရှိမရှိကို စဉ်းစားရာတွင်လည်း ဦးတင်အေးကျော်အပေါ် စွဲဆိုသည့်အကြောင်းခြင်းရာမှာ ကော်မရှင်အဖွဲ့ခွဲ၏ ကျေးမွေးစရိတ်များနှင့်ပတ်သက်ပြီး လူဦးရေပိုပြ၍ လိမ်လည်စာရင်းပြုစုခြင်းဖြစ်ရာ ဤအချက်နှင့် ပတ်သက်၍ ဦးတင်အေးကျော်သည် ကောင်းစွာသိရှိနားလည်ခဲ့ပြီး ဖြစ်သောကြောင့် ခုခံချေပခွင့်နှင့်ပတ်သက်ပြီး ထိခိုက်စေမှု မရှိနိုင်ဟုဆိုရပေမည်။ ထို့ကြောင့် ရန်ကုန်တိုင်း တရားရုံးက ဦးတင်အေးကျော်အပေါ် အပြစ်တွေ့ရှိခြင်းနှင့် အပြစ်ဒဏ်သတ်မှတ်ခြင်းတို့မှာ အကြောင်းခြင်းရာ အရ လည်းကောင်း၊ ဥပဒေ ကြောင်းအရ လည်းကောင်း မှန်ကန်သဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းတစုံတရာ မတွေ့ရ၍ ဦးတင်အေးကျော်၏ အယူခံကို ပယ်လိုက်သည်။

၁၉၇၉
ဦးတင်
အေးကျော်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၈ နှင့်လ ၁ ရက်

ဦးတင်အောင်

နှင့်

၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

၂။ ဦးစိန်*

**လောင်းကစားဥပဒေအရ သိမ်းဆည်းနိုင်သော ပစ္စည်းနှင့် ငွေများမှာ လောင်းကစားရာ၌ အသုံးပြုသည်ဟု ယူဆရသည့် ပစ္စည်းနှင့်ငွေများသာဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။လောင်းကစား ဥပဒေ ပုဒ်မ ၆(၁)(ဂ)တွင် အချင်းဖြစ်နေရာ၌ တွေ့ရှိသော လောင်းကစားအတွက် အသုံးပြုသည်ဟု ယူဆရသည့် ပစ္စည်းနှင့် ငွေများကို သိမ်းဆည်းနိုင်ကြောင်း ပြဋ္ဌာန်းထားပြီး၊ ပုဒ်မခွဲ(ဃ)တွင် အချင်းဖြစ် အိမ်အတွင်း အခြားနေရာများမှ တွေ့ရှိသော လောင်းကစားရာ၌ အသုံးပြုသည်ဟု ယူဆရသည့် ပစ္စည်းနှင့် ငွေများကို သိမ်းဆည်းနိုင်ကြောင်း ပြဋ္ဌာန်းထားပေသည်။ ယင်းပြဋ္ဌာန်းချက်များအရ သိမ်းဆည်းနိုင်သော ငွေများမှာ လောင်းကစားရာ၌ အသုံးပြုသည်ဟု ယူဆရသည့်ငွေများသာ ဖြစ်ပြီး လောင်းကစားရာ၌ အသုံးပြုသည်ဟု ယူဆရန် အလျှမ်းဝေးသော ပစ္စည်းနှင့်ငွေများနှင့် မသက်ဆိုင်ပေ။

**လျှောက်ထားသူအတွက်** — ဦးတင်ယု၊ ဗဟိုတရားရုံးရှေ့နေ

**လျှောက်ထားခံရသူများအတွက်** — ၁။ ဦးသိန်းလွင်၊ ဥပဒေဝန်ထမ်း အဆင့်(၁)

၂။

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၂၆/၇၇ ၌ လျှောက်ထားသူ ဦးတင်အောင်အား လောင်းကစားဥပဒေ ပုဒ်မ ၁၁ အရ ဒဏ်ငွေကျပ် ၁၀၀/- (ကျပ်တစ်ရာ) ပေးဆောင် စေရန်နှင့် ယင်းထံမှ သိမ်းဆည်းရမိခဲ့သော ငွေကျပ်—

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၂၁ (ခ)

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၄၄ တွင် ချမှတ်သော (၄-၈-၇၇) နေ့စွဲပါရန်ကုန်တိုင်း တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၂၀၀၀၀/- (ကျပ်နှစ်သောင်း) ကို ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် အမိန့် ချမှတ်ခဲ့သည်။ ယင်း အမိန့်အနက် ငွေကျပ် ၂၀၀၀၀/— (ကျပ်နှစ်သောင်း) နှင့် ပတ်သက်သော အမိန့်ကို လျှောက်ထားသူ ဦးတင်အောင်က မကျေနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံးသို့ ပြင်ဆင်ပေးရန် လျှောက်ထားခဲ့သော်လည်း ရန်ကုန်တိုင်း တရားရုံးက ပြင်ဆင်မှု လျှောက်လွှာကို ပလပ်လိုက်သည့်အတွက် လျှောက်ထားသူ ဦးတင်အောင်က ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုလျှောက်ထားခြင်း ဖြစ်သည်။

**၁၉၇၉**
ဦးတင်
အောင်
နှင့်
၁။ ပြည်
ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
၂။ ဦးစိန်

အမှုမှာ ၁၉၇၇ ခုနှစ်၊ ဖေဖေါ်ဝါရီလ (၂၀) ရက်နေ့တွင် ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ ဦးမြိုင်ဆိုသူ၏ နေအိမ်သို့ သတင်းအရ ဒုရဲအုပ် ဦးစိန်နှင့်အဖွဲ့က သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေ ဖမ်းဆီးရာ အိမ်ရှင် ဦးမြိုင်၊ လျှောက်ထားသူ ဦးတင်အောင်နှင့် အခြား (၇)ဦးတို့အား ဖဲ ၁၃ ချပ်ပိုကာ ကစားနည်းဖြင့် လောင်းကစားနေကြသည်ကို တွေ့ရှိဖမ်းဆီးမိခဲ့ရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

မြို့နယ်တရားရုံး အမှုတွဲပါ စာရွက်စာတမ်းများအရ သိမ်းဆည်းရရှိခဲ့သော ဖဲချပ်များနှင့် ငွေများကို ရှာဖွေပုံစံ (၃)စောင် သီးခြားစီ ပြုလုပ်၍ သိမ်းဆည်းခဲ့ကြောင်း တွေ့ရှိရသည်။ ပထမ ရှာဖွေပုံစံမှာ လောင်းကစား ပြုလုပ်သည့်နေရာမှ သိမ်းဆည်းရရှိခဲ့သော ဖဲချပ်နှင့် ငွေများအတွက် ပြုစုခဲ့သော ရှာဖွေပုံစံဖြစ်သည်။ ဒုတိယ ရှာဖွေပုံစံမှာ အချင်းဖြစ် အိမ်ခန်းအထပ်ခိုးမှ လျှောက်ထားသူ ဦးတင်အောင်ပိုင် ငွေများ ရှာဖွေတွေ့ရှိခဲ့သည့်အတွက် ပြုစုခဲ့သော ရှာဖွေပုံစံဖြစ်သည်။ တတိယ ရှာဖွေပုံစံမှာ အိမ်ရှေ့ခန်း၌ တွေ့ရှိသူ လျှောက်ထားသူ ဦးတင်အောင်၊ ဒေါ်ငွေရှင်၊ ကိုမျိုးသန်းနှင့် မတင်ဝင်းတို့ထံမှ သိမ်းဆည်းခဲ့သော ငွေများအတွက် ပြုစုခဲ့သည့် ရှာဖွေပုံစံဖြစ်သည်။ ယခုပြင်ဆင်မှု လျှောက်လွှာနှင့် သက်ဆိုင်သော ငွေကျပ် ၂၀၀၀၀/-မှာ ဒုတိယ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သော ငွေများဖြစ်သည်။ ရှာဖွေပုံစံပါဖော်ပြချက်အရ ယင်းငွေကျပ် ၂၀၀၀၀/- (ကျပ်နှစ်သောင်း)မှာ လောင်းကစားနေကြသည့် နေရာနှင့် အနီးအနားနေရာမှ သိမ်းဆည်းရမိခဲ့သော ငွေများမဟုတ်ပဲ အချင်းဖြစ်အခန်းရှိ အထပ်ခိုးသို့ တက်ရောက်ရှာဖွေရာမှ တွေ့ရှိသိမ်းဆည်း ရမိခဲ့သော ငွေများဖြစ်ကြောင်း ပေါ်ပေါက်နေသည်။ ပထမ ရှာဖွေပုံစံနှင့် တတိယ ရှာဖွေပုံစံများအရ လောင်းကစား ပြုလုပ်နေသည့်နေရာနှင့် အနီးအနားရှိနေရာမှငွေများ သိမ်းဆည်းခဲ့ရာတွင် စုစုပေါင်းငွေကျပ် ၁၈၄၁/- ( ငွေတစ်ထောင့်ရှစ်ရာ လေးဆယ့်တစ်) သိမ်းဆည်းရမိခဲ့ပြီးဖြစ်ကြောင်းလည်း တွေ့ရှိရသည်။

၁၉၇၉
ဦးထင်
အောင်
နှင့်
၁။ ပြည်
ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
၂။ ဦးစိန်

လောင်းကစား ဥပဒေပုဒ်မ ၆ (၁) (ဂ)တွင် အချင်းဖြစ်နေရာ၌ တွေ့ရှိသော လောင်းကစားအတွက် အသုံးပြုသည်ဟု ယူဆရသည့် ပစ္စည်းနှင့် ငွေများကို သိမ်းဆည်း နိုင်ကြောင်း ပြဋ္ဌာန်းထားပြီး၊ ပုဒ်မခွဲ (ဃ)တွင် အချင်းဖြစ်အိမ်အတွင်း အခြားနေရာများမှ တွေ့ရှိသော လောင်းကစားရာ၌ အသုံးပြုသည်ဟု ယူဆရသည့် ပစ္စည်းနှင့်ငွေများကို သိမ်းဆည်းနိုင်ကြောင်း ပြဋ္ဌာန်းထားပေသည်။ ယင်းပြဋ္ဌာန်းချက်များအရ သိမ်းဆည်းနိုင်သောငွေများမှာ လောင်းကစားရာ၌ အသုံးပြုသည်ဟု ယူဆသည့်ငွေများသာဖြစ်ပြီး လောင်းကစားရာ၌ အသုံးပြုသည်ဟု ယူဆရန် အလှမ်းဝေးသော ပစ္စည်းနှင့်ငွေများနှင့် မသက်ဆိုင်ပေ။ လောင်းကစားဥပဒေပုဒ်မ ၁၅ တွင် တရားရုံးများသည် ပုဒ်မ ၆ အရ သိမ်းဆည်းထားသော ပစ္စည်းများ၊ ငွေများနှင့် ပတ်သက်၍ မိမိတို့ ဆင်ခြင်တုံတရား လက်ကိုင်ထား၍ လျော်ကန်သင့်မြတ်သော အမိန့်တရပ်ဖြင့် ပြန်လည်ပေးသင့်သော ပစ္စည်းနှင့်ငွေများကို ပြန်လည်ပေးစေရန် အမိန့်ချမှတ်နိုင်သည်ဟူ၍ ပြဋ္ဌာန်းချက်တရပ်လည်း ရှိသည်။

မြို့နယ်တရားရုံး အမှုတွဲပါ ပန်းပဲတန်းမြို့နယ် ပြည်သူ့ကောင်စီ၏ ဝရမ်းစာနှင့် ပူးတွဲထားသည့် သတင်းပေးချက်နှင့် ယုံကြည်ချက်မှတ်တမ်းတွင် လောင်းကြေးငွေကျပ် ၂၀၀၀/- (ကျပ်နှစ်ထောင်)မှ ကျပ် ၄၀၀၀/-(ကျပ်လေးထောင်)ထိ လောင်းကစားကြောင်းဖော်ပြထားသည်ကိုလည်း တွေ့ရှိရသည်။

ထို့ကြောင့် အထပ်ခိုးမှ သိမ်းဆည်းရရှိခဲ့သော လျှောက်ထားသူ ဦးဘင်အောင်ပိုင် ငွေကျပ် ၂၀၀၀၀/- ( ကျပ်နှစ်သောင်း )မှာ လောင်းကစားရာ၌ အသုံးပြုသည်ဟု ယူဆရသည့်ငွေကြေးနှင့် အလှမ်းဝေးလော ငွေကြေးများဖြစ်နေ၍ ပိုင်ရှင်ဖြစ်သော လျှောက်ထားသူ ဦးတင်အောင်အား ပြန်လည်ပေးခြင်းသည်သာ တရားမျှတ မှန်ကန်မည်ဟု ယူဆသည်။

သို့ဖြစ်၍ သက်သေခံပစ္စည်း ငွေကျပ် ၂၀၀၀၀/-(ကျပ်နှစ်သောင်း) နှင့် ပတ်သက်သော မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်၍ သက်သေခံပစ္စည်း ငွေကျပ် ၂၀၀၀၀/-(ကျပ်နှစ်သောင်း) ကို လျှောက်ထားသူ ဦးတင်အောင်အား ပြန်လည်ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးလှဘုန်း တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးထွန်းရင်

နှင့်

၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

၂။ ဒေါ်မမလေး *

† ၁၉၇၉ စက်တင်ဘာလ ၂၉ ရက်

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၈- လက်ရှိဖြစ်သူ၏ ခွင့်ပြုချက်ဖြင့် ဝင်ရောက်သူသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၂ အရ ပြစ်မှု မမြောက်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၈ အတွက် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ပုဒ်မ ၄၄၂ ပါ ပြဋ္ဌာန်းချက်အရ ဆိုလျှင် အခြားသူတစ်ဦး လက်ရှိဖြစ်သည့် လူနေအိမ်အတွင်းသို့ ရာဇဝတ်မကင်းသော ဝင်ရောက်မှုပြုလုပ်မှုသာ အိမ်ကျော်နင်းမှု မြောက်ပေသည်။ ယခုအမှုတွင်မူ အထက်ဖော်ပြပါ အထောက်အထားများ အရ လျှောက်ထားသူ ဦးထွန်းရင်သည် အိမ်ငှား ဦးလေးမြင့် လက်ရှိဖြစ်ပြီး သော့ခတ်ထားသော အခန်းများအတွင်းသို့ ဦးလေးမြင့်၏ စေခိုင်းချက် အရ သော့ဖွင့်ဝင်ရောက်ကာ စောင့်ရှောက်သူအဖြစ် နေထိုင်ခြင်းဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၈ အရ ပြစ်မှုကျူးလွန်သည်ဟု ကောက်ယူ၍ မရပေ။

လျှောက်ထားသူအတွက် — ဦးအေးကျော်၊ ဗဟိုတရားရုံးရှေ့နေ
လျှောက်ထားခံရများသူအတွက် — ၁။ ဦးစိန်ထွန်း၊ ဥပဒေဝန်ထမ်း အဆင့် (၁)
၂။

ပဲခူးတိုင်း၊ ကြို့ပင်ကောက်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၈၆/၇၆ ၌ လျှောက်ထား သူဦးထွန်းရင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၈ အရ ဒဏ်ငွေကျပ် ၁၀၀/ပေးဆောင်စေရန် အမိန့်ချ

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၀၆ (ခ)

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁ တွင် ချမှတ်သော(၈-၄-၇၇) နေ့စွဲပါ ပဲခူးတိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၉
ဦးထွန်းရင်
နှင့်
ပြည်ထောင်စု
ဆိုရှယ်
လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

မှတ်ခဲ့သည်၊ ယင်းအမိန့်ကို လျှောက်ထားသူ ဦးထွန်းရင်က မကျေနပ်သဖြင့် ပဲခူးတိုင်း တရားရုံးသို့ ပြင်ဆင်ပေးရန် လျှောက်ထားခဲ့သော်လည်း ပဲခူးတိုင်း တရားရုံးက ပြင်ဆင်မှုကို ပလပ်ခဲ့သည့်အတွက် လျှောက်ထားသူ ဦးထွန်းရင်က ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို လျှောက်ထားခြင်း ဖြစ်သည်။

မြို့နယ်တရားရုံးသို့ လျှောက်ထားသူ ဦးထွန်းရင်အပေါ် အရေးယူပေးရန် တိုက်ရိုက်လျှောက်ထား တရားစွဲဆိုခဲ့သူမှာ လျှောက်ထားခံရသူ အမှတ်(၂) ဒေါ်မမလေးဖြစ်သည်၊ ဒေါ်မမလေးက ယင်း၏တိုက်ရိုက်လျှောက်လွှာ၌ မိမိသည် ကြို့ပင်ကောက်မြို့အနောက် လမ်းမတော်လမ်းရှိ (၁၀) ခန်းတိုက်မှ (၅)ခန်းကို အမှုမဖြစ်ပွားမီ (၁၀)နှစ်အလျှင်က ဝယ်ယူခဲ့ကြောင်း၊ ထို(၅)ခန်းအနက်မှ (၂)ခန်းကို ဦးလေးမြင့်ဆိုသူက ငှားရမ်းနေထိုင်ကြောင်း ယင်းသို့ ငှားရမ်းနေထိုင်ရာမှ ဦးလေးမြင့်သည် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ရသဖြင့် ယင်းနေခဲ့သောအခန်း(၂)ခန်းကို မိမိအားပြန်လည်ပေးအပ်ခြင်းမပြုပဲ သော့ခတ်ပြီး သော့ကို အစ်ကိုတော်သူအား ပေးအပ်သွားခဲ့ကြောင်း ထို့နောက် လျှောက်ထားသူ ဦးထွန်းရင်သည် သော့ကိုအတင်းဖွင့်ပြီး အိမ်ခန်း(၂)ခန်းအတွင်းသို့ ကျူးကျော်ဝင်ရောက်နေထိုင်ကြောင်းဖြင့် စွပ်စွဲထားသည်ကို တွေ့ရှိရသည်။

လျှောက်ထားသူ ဦးထွန်းရင်က ယင်းသည် အိမ်ငှားဖြစ်သူ ဦးလေးမြင့်၏ ခွင့်ပြုချက်အရ အိမ်စောင့်အဖြစ် ဝင်ရောက်နေထိုင်သူဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၈ ကို ကျူးလွန်သည်ဟု မြို့နယ်တရားရုံးက ဆုံးဖြတ်ခဲ့ခြင်းနှင့် တိုင်းတရားရုံးက အတည်ပြုခဲ့ခြင်းတို့မှာ မှားယွင်းနေကြောင်းဖြင့် ဤပြင်ဆင်မှု၌ အဓိကအကြောင်းပြချက်အဖြစ် တင်ပြထားသည်။

မြို့နယ် တရားရုံးအမှုတွဲကို ကြည့်ရှုလေ့လာသည့်အခါ ဒေါ်မမလေးကိုယ်တိုင်က အိမ်ငှားဦးလေးမြင့်သည် ရန်ကုန်မြို့ သို့ပြောင်းရွှေ့သွားသည့်အခါက အချင်းဖြစ်အခန်းများကို ပြန်လည် အပ်နှံခြင်းမပြုခဲ့ကြောင်းကိုလည်းကောင်း၊ အခန်းများကို သော့ခတ်ထားခဲ့သဖြင့် ဒေါ်မမလေးအနေဖြင့် ဖွင့်ကြည့်လိုပါက ဦးလေးမြင့်၏ အစ်ကိုဖြစ်သူ ဦးလူရမ်းထံမှ သော့တောင်းယူကြည့်နိုင်သည်ဟု ဦးလေးမြင့်ကပြောကြောင်းကိုလည်းကောင်း ထွက်ဆိုထားသည်ကို တွေ့ရှိရသည်။

အိမ်ငှား ဦးလေးမြင့်၏ဇနီး ဒေါ်ပုလေးအား ရပ်ကွက်ပြည်သူ့ကောင်စီက မေးမြန်းခဲ့ရာတွင် ဒေါ်ပုလေးကလည်း လျှောက်ထားသူ

ဦးထွန်းရင်အား အစောင့်အဖြစ် ထားခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သက်သေထွက်ချက်ရှိသည်၊ ဦးလေးမြင့်သည် ဇနီး ဒေါ်ပုလေးကတဆင့် ရပ်ကွက်ပြည်သူ့ကောင်စီသို့ စာရေးသား၍ ဦးထွန်းရင်အား အခန်းများကို စောင့်ရှောက်ရန်အတွက် နေထား ထားခဲ့ကြောင်း တင်ပြခဲ့ကြောင်းလည်း တွေ့ရှိရသည်။

၁၉၇၉
ဦးထွန်းရင်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

အိမ်ငှား ဦးလေးမြင့်ကိုယ်တိုင် တရားခံပြ သက်သေအဖြစ် တရားရုံးသို့ လာရောက်အစစ်ခံသည့် အခါကလည်း အချင်းဖြစ် အခန်းများကို စောင့်ရှောက်ရန်အတွက် တူဖြစ်သူ ဦးထွန်းရင်အား ထားခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုထားသည်။

ထို့ကြောင့် အချင်းဖြစ်အိမ်ခန်းများမှာ အချင်းဖြစ်စဉ်က အိမ်ရှင်ဒေါ်မမလေး၏ လက်ရှိဖြစ်သည်ဟု ကောက်ယူရန်မဖြစ်နိုင်ကြောင်းနှင့် ဦးထွန်းရင်မှာ အိမ်ငှားဦးလေးမြင့်က အစောင့်အဖြစ် ထားခဲ့ကြောင်း အမှုတွဲ၌ ပေါ်ပေါက်နေသည်ကို တွေ့ရှိရသည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၈ အတွက် အဓိပ္ပာယ် ဖွင့်ဆိုထားသည့် ပုဒ်မ ၄၄၂ ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် အခြားသူတစ်ဦး လက်ရှိဖြစ်သည့် လူနေအိမ်အတွင်းသို့ ရာဇဝတ်မကင်းသော ဝင်ရောက်မှုပြုလုပ်မှသာ အိမ်ကျော်နင်းမှုမြောက်ပေသည်၊ ယခုအမှုတွင်မူ အထက်ဖော်ပြပါ အထောက်အထားများအရ လျှောက်ထားသူ ဦးထွန်းရင်သည် အိမ်ငှားဦးလေးမြင့် လက်ရှိဖြစ်ပြီး သော့ခတ်ထားသော အခန်းများအတွင်းသို့ ဦးလေးမြင့်၏ စေခိုင်းချက်အရ သော့ဖွင့် ဝင်ရောက်ကာ စောင့်ရှောက်သူအဖြစ် နေထိုင်ခြင်းဖြစ်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၈ အရ ပြစ်မှုကျူးလွန်သည်ဟု ကောက်ယူ၍မရပေ၊ ထို့ကြောင့် မြို့နယ်တရားရုံး၏ တွေ့ရှိချက်နှင့် တိုင်းတရားရုံး၏ အတည်ပြုချက်တို့မှာ ဥပဒေပြဋ္ဌာန်းချက်များအရ မှားယွင်းချွတ်ချော်နေသည်ဟု ဆိုရပေမည်။

သို့ဖြစ်၍ မြို့နယ်တရားရုံး၏ ၁၇-၁-၇၇ နေ့စွဲပါအမိန့်နှင့် တိုင်းတရားရုံး၏ ဂ-၄-၇၇ နေ့စွဲပါ အတည်ပြုအမိန့်တို့ကို ပယ်ဖျက်၍ လျှောက်ထားသူ ဦးထွန်းရင်အား အမှုမှ အပြီးအပြတ် လွှတ်လိုက်ကြောင်းနှင့် ဒဏ်ငွေပေးဆောင်ပြီးပါက လျှောက်ထားသူ ဦးထွန်းရင်အား ပြန်လည်ပေးစေရန် အမိန့်ချမှတ်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

**ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးသန့်စင်**
**တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်**

† ၁၉၇၉
ဒီဇင်ဘာလ
၂၈ ရက်

ထွန်းအောင်ကျော်

နှင့်

မသာနှင်းအေး *

**အမျိုးသား၏ ပြောဆိုပြုလုပ်မှုသည် အမျိုးသမီးတစ်ဦးအား မိမိ၏ဇနီးအဖြစ် လူကြီးများရှေ့တွင် အသိအမှတ်ပြုခဲ့ကြောင်း ထင်ရှားစေလျှင် မယားစရိတ်ပေးရန်တာဝန်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။မောင်ထွန်းအောင်ကျော် သည် လူကြီးများက လင်မယားအဖြစ် အသိအမှတ်ပြုရန်အတွက် လက်မှတ် ထိုးရန်လိုအပ်ကြောင်း ပြောစဉ်က မောင်ထွန်းအောင်ကျော်က လက်မှတ်ထိုးရန် လိုသလားဟူ၍ ပြောပြီး မသာနှင်းအေး၏ အိပ်ခန်းအတွင်း၌ မသာနှင်းအေးနှင့်အတူ အိပ်စက်ခဲ့သည်ကို တွေ့ရသည်။ မောင်ထွန်းအောင်ကျော်၏ ပြောဆိုပြုလုပ်မှုသည် မသာနှင်းအေးအား ယင်း၏ဇနီးအဖြစ် လူကြီးများရှေ့တွင် အသိအမှတ်ပြုခဲ့ကြောင်း ထင်ရှားစေသည်။ ထို့ကြောင့် မောင်ထွန်းအောင်ကျော် သည် မသာနှင်းအေးအား မယားစရိတ်ငွေများ ထောက်ပံ့ရန် တာဝန်ရှိကြောင်း အောက်ရုံး အဆင့်ဆင့်က အဆုံးအဖြတ်ပြုခဲ့သည်မှာ မှန်ကန်သည်ဟု ဆိုရပေမည်။

**လျှောက်ထားသူအတွက်** — ဦးအောင်ကျော်စိန်၊ ဗဟိုတရားရုံးရှေ့နေ
**လျှောက်ထားခံရသူအတွက်** — ဦးအေးသောင်း၊ ဗဟိုတရားရုံးရှေ့နေ

မြို့ဟောင်းမြို့၊ တောင်ရပ်၊ ရပ်ကွက်တရားရုံး ပြစ်မှုဆိုင်ရာ အမှုသေးအမှတ် ၃၆/၇၆ တွင် မောင်ထွန်းအောင်ကျော်က မသာနှင်းအေးအတွက် တလလျှင် စားစရိတ်ငွေကျပ် ၃၀/–ကို ၁၉၇၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှစ၍ပေးရန် ရပ်ကွက်တရားရုံးက အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို မောင်ထွန်းအောင်ကျော်က မကျေနပ်

---

* ၁၉၇၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၃၀(ခ)

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၈ တွင် ချမှတ်သော (၅–၈–၇၇) နေ့စွဲပါ ရခိုင်ပြည်နယ်တရားရုံး၏အမိန့်ကို ပြင်ဆင်မှု

၁၉၇၆ ထွန်း အောင်ကျော် နှင့် မသာနှင်း အေး

သည့်အတွက် မြို့ဟောင်းမြို့နယ် တရားရုံးသို့ အယူခံဝင်ရာ ပလပ်ခြင်း ခံရသောကြောင့် ရခိုင်ပြည်နယ် တရားရုံးသို့ ပြင်ဆင်မှု တင်သွင်းသည်။ ပြည်နယ်တရားရုံးက တလလျှင် မယားစရိတ် ငွေ ၁၅/ကျပ်ပေးစေရန် ပြင်ဆင်ချမှတ်သည့် အမိန့်ကို မောင်ထွန်းအောင်ကျော်က မကျေနပ် သောကြောင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

၁၉၇၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ညနေ (၅)နာရီအချိန်ခန့် တွင် မောင်ထွန်းအောင်ကျော်က မသာနှင်းအေးအား လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ရန် လာမည်ဖြစ်ကြောင်း ပြောဆိုပြီးနောက် ထိုနေ့ ည(၁၁)နာရီအချိန်တွင် မောင်ထွန်းအောင်ကျော် ရောက်လာသည်။ မသာနှင်းအေး (လိုပြ-၁) က မောင်ထွန်းအောင်ကျော် အား သူ၏ အိပ်ခန်းအတွင်း၌ လက်ခံထားပြီး မိခင်ဖြစ်သူ ဒေါ်လှဖြူခိုင်အား ရပ်ကွက် လူကြီးများကို ခေါ်ပေးရန် စေလွှတ်သည်။ ဦးအောင်ဇံ (လိုပြ-၂)၊ ဒေါ်မရွှေကြိုင် (လိုပြ-၃)၊ ဒေါ်ဦးခိုင်ဖြူ (လိုပြ-၄)၊ ဦးလှကျော် (လိုပြ-၅)၊ ဦးမောင်မြ(လိုပြ-၆) နှင့် ဦးဘစိန် (လိုပြ-၇) တို့မှာ ဒေါ်လှဖြူခိုင်၏ နေအိမ်သို့ ရောက်လာကြသည်။ ဦးအောင်ဇံ တို့က မောင်ထွန်းအောင်ကျော် နှင့် မသာနှင်းအေး တို့ နှစ်ဦးအား ခေါ်၍ လင်မယားအဖြစ် အသိအမှတ်ပြုရေးအတွက် လက်မှတ်ထိုးရန် ပြောသောအခါ မောင်ထွန်းအောင်ကျော်မှာ အပေါ်အင်္ကျီမပါသဖြင့် အခန်းတွင်းမှ ထွက်မလာခဲ့ပေ။ ထို့အပြင် မောင်ထွန်းအောင်ကျော်က လူကြီး ဦးအောင်ဇံတို့အား လက်မှတ်ထိုးရန် လိုသလောဟူ၍ပင် ပြောဆိုခဲ့သည်ကို တွေ့ရသည်။

မောင်ထွန်းအောင်ကျော်က မိမိသည် အချင်းဖြစ်နေ့ညက အရက် အလွန်မူးနေသည့်အတွက် မသာနှင်းအေး၏ အခန်းတွင်းသို့ မည်သို့ မည်ပုံ ရောက်ရှိနေသည်ကို မသိကြောင်း ထုချေသော်လည်း သူ၏ထုချေ ချက်မှာ သဘာဝယုတ္တိရှိသည့် ထုချေချက်ဟု မဆိုနိုင်ပေ။ မောင်ထွန်း အောင်ကျော်သည် လူကြီးများက လင်မယားအဖြစ် အသိအမှတ်ပြုရန် အတွက် လက်မှတ်ထိုးရန် လိုအပ်ကြောင်း ပြောစဉ်က မောင်ထွန်း အောင်ကျော်က လက်မှတ်ထိုးရန် လိုသလားဟူ၍ပြောပြီး မသာနှင်း အေး၏ အိပ်ခန်းအတွင်း၌ မသာနှင်းအေးနှင့်အတူ အိပ်စက်ခဲ့သည်ကို တွေ့ရသည်။ မောင် ထွန်း အောင် ကျော် ၏ ပြော ဆို ပြု လုပ် မှု သည် မသာနှင်းအေးအား ယင်း၏ဇနီးအဖြစ် လူကြီးများရှေ့တွင် အသိအမှတ် ပြုခဲ့ကြောင်း ထင်ရှားစေသည်။ ထို့ကြောင့် မောင်ထွန်းအောင်ကျော်

၁၉၇၉
ထွန်း
အောင်ကျော်
နှင့်
မသာနှင်း
အေး

သည့် မသာနှင်းအေးအား မယားစရိတ်ငွေများ ထောက်ပံ့ရန် တာဝန်ရှိကြောင်း အောက်ရုံး အဆင့်ဆင့်က အဆုံးအဖြတ်ပြုခဲ့သည်မှာ မှန်ကန်သည်ဟု ဆိုရပေမည်။ ပြည်နယ်တရားရုံးက ပြင်ဆင်သတ်မှတ်ပေးခဲ့သည့် စားစရိတ်နှုန်းမှာသည်း လျော်ကန်သင့်မြတ်သော စားစရိတ်နှုန်းဖြစ်ကြောင်း တွေ့ရသည်။ သို့ဖြစ်၍ လျှောက်ထားသူ မောင်ထွန်းအောင်ကျော်၏ ပြင်ဆင်မှုကို ပယ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးသန့်စင်
တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
နှင့်
ဦးကျင်ပေါက်*

† ၁၉၇၈
နိုဝင်ဘာလ
၂၈ ရက်

**၁၉၄၇ ခုနှစ်၊ သင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး(ယာယီ) ဥပဒေပုဒ်မ ၅(၁)အရ အပြစ်ဒဏ်စီရင်ခြင်း—တန်ဖိုးများပြားသော အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း — အသက်အရွယ် ကြီးရင့်ခြင်း၊ ပြစ်ချက်ဟောင်းမရှိခြင်း၊ ရိုးသားစွာဝန်ခံခြင်းအစရှိသော အချက်များရှိကာမျှနှင့် ပြစ်ဒဏ်ကို လွန်မင်းစွာ လျော့ပေါ့ စဉ်းစားရန် မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သင်းကုန် ထုတ်ကုန် ကြီးကြပ်ရေး (ယာယီ) ဥပဒေပုဒ်မ ၅(၁)အရ ပြစ်မှုထင်ရှားလျှင် ထောင်ဒဏ် ၇ နှစ်အထိ အပြစ်ပေးနိုင်သည်။ ထောင်ဒဏ်ကိုမလွဲမသွေ အပြစ်ပေးရန် ဖြစ်ပြီး ဒဏ်ငွေလည်း ပေးဆောင်စေရမည်ဖြစ်သည်။ ထို့ကြောင့် တရားခံသည် အသက်အရွယ်ကြီးရင့်ခြင်း၊ ပြစ်ချက်ဟောင်းမရှိခြင်း၊ ရိုးသားစွာဝန်ခံခြင်းအစရှိသော အချက်များရှိကာမျှနှင့် အပြစ်ဒဏ်ကို လွန်မင်းစွာ လျော့ပေါ့စဉ်းစားရန် မဟုတ်ပေ။ ဦးကျင်ပေါက်ထံမှ ဖမ်းဆီးရမိသော အကောက်မဲ့ နိုင်ငံခြားလုပ် ပစ္စည်းများ၏ ကာလတန်ဖိုးမှာ ၃ သိန်းကျော်၊ ၄ သိန်းခန့်ဟု သိရသောကြောင့် ဤမျှ တန်ဖိုးများပြားသော အကောက်ခွန်မဲ့ ပစ္စည်းများ ဖမ်းဆီးရမိခြင်းအတွက် ဒဏ်ငွေမျှသာ ပေးဆောင်စေခြင်းမှာ လျော်ကန်သင့်မြတ်သည်ဟု မဆိုနိုင်ချေ။

**လျှောက်ထားသူအတွက်** — ဦးဝင်းဖေ၊ ဥပဒေဝန်ထမ်း အဆင့်(၁)
**လျှောက်ထားခံရသူအတွက်** — ဦးမြသိန်း၊ ဗဟိုတရားရုံးရှေ့နေ

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၀(က)
† ၁၉၇၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၃ တွင် ချမှတ်သော (၂၅-၂-၇၇) နေ့စွဲပါ ရှမ်းပြည်နယ်တရားရုံး၏ အမိန့်ကို စိစစ်ရန် ဖွင့်လှစ်သော ပြင်ဆင်မှု။

၁၉၇၉

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နှင့် ဦးကျင်ပေါက်

ဘောင်ကြီးမြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၅၄၈/၇၆ တွင် တရားခံ ဦးကျင်ပေါက်အပေါ် သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး (ယာယီ) ဥပဒေပုဒ်မ ၅(၁)အရ ရုံးတက်ရုံးဆင်း ထောင်ဒဏ်တစ်ရက်နှင့် ဒဏ်ငွေကျပ် ၅၀၀/ ပေးဆောင်ရန် ပျက်ကွက်လျှင် ထောင်ဒဏ် ၆ လကျခံစေရန် အမိန့်ချမှတ်သည်။ ရှမ်းပြည်နယ်တရားရုံးက ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၃/၇၆ တွင် မူလမြို့နယ်တရားရုံး၏ ပြစ်ဒဏ်သတ်မှတ်ခြင်းကို ပယ်ဖျက်ပြီး ရုံးတက်ရုံးဆင်း ထောင်ဒဏ်တစ်ရက်နှင့် ဒဏ်ငွေကျပ် ၂၀၀၀/-ပေးဆောင်ရန် ပျက်ကွက်လျှင် ထောင်ဒဏ်တစ်နှစ်ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်သည်။ ဗဟိုတရားရုံးက ရှမ်းပြည်နယ်တရားရုံး၏အမိန့်သည် လျော်ကန်ခြင်းရှိမရှိ စိစစ်ရန်လိုအပ်သည်ဟု ယူဆသဖြင့် ပြင်ဆင်မှု(က)ဖွင့်၍ အရေးယူဆောင်ရွက်သော အမှုဖြစ်သည်။

၂၃-၅-၇၆ နေ့ညက တောင်ကြီးမြို့ ပြည်တော်သာရပ်ကွက်နေ ဦးကျင်ပေါက်၏နေအိမ်သို့ ပြည်သူ့ရဲတပ်ဖွဲ့ဝင်နှင့် သက်သေလူကြီးများ တက်ရောက်ရှာဖွေသောအခါတွင် တက်ထရွန်ပွင့်ရိုက်နှင့် ပိုလီယိုစတား ၁၄၉ အုပ်(၁၁၃၅၁-ကိုက်)၊ ဖေါ့ပွင့်ရိုက် ၂၀ အုပ်(၉၇၁-ကိုက်)၊ ပေါ်ပလင်ပွင့်ရိုက် ၆ အုပ်(၃၃၄-ကိုက်)တို့ကို တွေ့ရှိရသောကြောင့် ဦးကျင်ပေါက်အပေါ် သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး(ယာယီ) ဥပဒေပုဒ်မ ၅ (၁)အရ တရားစွဲဆိုခြင်း ဖြစ်သည်။

တရားလိုပြသက်သေများ စစ်ဆေးပြီးနောက် ဦးကျင်ပေါက်အပေါ် စွဲချက်တင်ရာတွင် ဦးကျင်ပေါက်ကအပြစ်ရှိကြောင်း ဝန်ခံသည်။ ထို့အပြင် ၎င်းမှာ ၅၇ နှစ်အရွယ်ရှိသူ နှလုံးရောဂါရှိသူနှင့် မှီခိုသူ ၆ ယောက်အား လုပ်ကိုင်ကျွေးမွေးနေရသူ ဖြစ်သောကြောင့် သက်ညှာစွာစဉ်းစားပေးပါရန်လည်း တင်ပြပါသည်။' ထို့ကြောင့် မူလမြို့နယ်တရားရုံးနှင့် ရှမ်းပြည်နယ်တရားရုံးတို့က ဦးကျင်ပေါက်အပေါ် အထက်တွင်ဖေါ်ပြသည့်အတိုင်း အပြစ်ဒဏ်များ ပေးခဲ့ခြင်းဖြစ်သည်။

ရှမ်းပြည်နယ် တရားရုံးသည် မြို့နယ်တရားရုံးက ဦးကျင်ပေါက်အပေါ် အပြစ်ဒဏ်သတ်မှတ်ခြင်းကို တိုးမြှင့်ပေးရာတွင် ဦးကျင်ပေါက်ထံမှ အကောက်မဲ့ နိုင်ငံခြားလုပ် အထည်ပစ္စည်းကိုက်ပေါင်း ၁၂၀၀၀ ကျော် သိမ်းဆည်းရမိခဲ့ခြင်း၊ ပစ္စည်းများ၏ကာလတန်ဖိုးမှာ ခန့်မှန်းခြေ ၃-၄ သိန်းခန့် ရှိမည်ဖြစ်ခြင်းတို့ကြောင့် ဟန့်တားလောက်သည့် အပြစ်ဒဏ်ပေးသင့်ကြောင်း ဖေါ်ပြပြီး ဒဏ်ငွေကျပ် ၅၀၀/-မှ ဒဏ်ငွေ

ကျပ် ၂၀၀၀/-သို့ တိုးမြှင့် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ဒဏ်ငွေ မျှသာပေးဆောင်ရန် ဦးကျင်ပေါက်အပေါ် အမိန့်ချမှတ်ခြင်းမှာလည်း ဦးကျင်ပေါက်သည် အသက်အရွယ်ကြီးရင့်ခြင်း၊ ယခင်ပြစ်ချက်ဟောင်း မရှိခြင်း၊ အပြစ်ကိုရိုးသားစွာ ဝန်ခံခြင်း အစရှိသည်တို့ကြောင့် ဟူ၍ အကြောင်းပြသည်။

၁၉၇၉ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နှင့် ဦးကျင်ပေါက်

သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး(ယာယီ) ဥပဒေပုဒ်မ ၅ (၁)အရ ပြစ်မှုထင်ရှားလျှင် ထောင်ဒဏ် ၇ နှစ်အထိ အပြစ်ပေးနိုင်သည်။ ထောင် ဒဏ်ကို မလွဲမသွေ အပြစ်ပေးရန်ဖြစ်ပြီး ဒဏ်ငွေလည်း ပေးဆောင်စေ ရမည်ဖြစ်သည်။ ထို့ကြောင့်တရားခံသည် အသက်အရွယ်ကြီးရင့်ခြင်း၊ ပြစ်ချက်ဟောင်းမရှိခြင်း ရိုးသားစွာဝန်ခံခြင်း အစရှိသောအချက်များ ရှိကာမျှနှင့် အပြစ်ဒဏ်ကိုလွန်မင်းစွာ လျော့ပေါ့စဉ်းစားရန်မဟုတ်ပေ။ ဦးကျင်ပေါက်ထံမှ ဖမ်းဆီးရမိသောအကောက်မဲ့ နိုင်ငံခြားလုပ်ပစ္စည်း များ၏ ကာလတန်ဖိုးမှာ ၃ သိန်းကျော်၊ ၄ သိန်းခန့်ဟု သိရသော ကြောင့် ဤမျှ တန်ဖိုးများပြားသော အကောက်ခွန်မဲ့ ပစ္စည်းများ ဖမ်းဆီးရမိခြင်းအတွက် ဒဏ်ငွေမျှသာပေးဆောင်စေခြင်းမှာ လျော့ကန့် သင့်မြတ်သည်ဟု မဆိုနိုင်ချေ။ သို့ဖြစ်၍ ရှမ်းပြည်နယ် တရားရုံး၏ အပြစ်ဒဏ် သတ်မှတ်ခြင်းကို ပယ်ဖျက်ပြီးလျှင် ဦးကျင်ပေါက်သည် သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး(ယာယီ) ဥပဒေပုဒ်မ ၅ (၁)အရ ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ်တစ်နှစ်ကျခံစေရန်နှင့် ဒဏ်ငွေကျပ် ၂၀၀၀/ပေးဆောင်စေရန် အမိန့်ချမှတ်သည်။ အကယ်၍ ဒဏ်ငွေပေး ဆောင်ရန် ပျက်ကွက်လျှင် နောက်ထပ် ထောင်ဒဏ်တစ်နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။ ချုပ်ရက်ချေးရှိခဲ့လျှင် နှုတ်ပယ်စေရမည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌ အဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးလှဘုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉ ဇူလိုင်လ ၂၀ ရက်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

နှင့်

ဦးခင်မောင်သွင်*

**လက်ရေးပါရဂူ၏ ထင်မြင်ချက်တစ်ခုတည်းဖြင့်အမှုကိုအပြီးသတ် ဆုံးဖြတ်ခြင်းကို မပြုနိုင်။**

**ဆုံးဖြတ်ချက်။** ။လက်ရေးပါရဂူ၏ အစီရင်ခံချက်သည် လက်ရေးများ နှိုင်းယှဉ်စစ်ဆေးပြီး ပေးထားသော ထင်မြင်ယူဆချက်မျှသာ ဖြစ်၍ ကိစ္စတရပ်ကို အပြီးသတ် အဆုံးအဖြတ် ပေးနိုင်သည့် တစ်ခုတည်းသော အထောက်အထားဖြစ်၍ လက်ခံရန်ခဲယဉ်းပေသည်။

**အယူခံတရားလိုအတွက်** — ဦးစိန်ထွန်း၊ ဥပဒေဝန်ထမ်း အဆင့်(၁)
**အယူခံတရားခံအတွက်** — မလာ

စစ်ကိုင်းတိုင်း၊ မော်လိုက်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၃၂/၇၄ တွင် လျှောက်ထားခံရသူ ဦးခင်မောင်သွင်အား သမဝါယမအသင်းဥပဒေ နောက်ဆက်တွဲဇယား (၂)၊ ပြစ်မှုအမှတ်စဉ် (၆) အရ ဒဏ်ငွေကျပ် ၉၀၀/–ပေးစေရန်နှင့် သမဝါယမအသင်းသို့ ငွေကျပ် ၁၁၀၀/–ပေးလျော်စေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို လျှောက်ထားခံရသူ ဦးခင်မောင်သွင်က မကျေနပ်သဖြင့် စစ်ကိုင်းတိုင်း တရားရုံးသို့ အယူခံဝင်ရောက်သည့်အခါ စစ်ကိုင်းတိုင်းတရားရုံးက လျှောက်ထားခံရသူ ဦးခင်မောင်သွင်အား အပြီးအပြတ် လွှတ်လိုက်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဗဟိုဥပဒေရုံးက မကျေနပ်သဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၁၇ အရ ဗဟိုတရားရုံးသို့ အယူခံမှု လျှောက်ထားခြင်းဖြစ်သည်။

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၁

† ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၃၇ တွင် ချမှတ်သော (၅-၁၁-၇၅)နေ့စွဲပါ စစ်ကိုင်းတိုင်း တရားရုံး၏ အမိန့်ကို အယူခံမှု။

*၁၉၇၈ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နှင့် ဦးခင်မောင်သွင်*

အမှုမှာ ၁၉၇၄ ခုနှစ်၊ ဧပြီလ(၁၁)ရက်နေ့က မော်လိုက်မြို့နယ် သမဝါယမ ဦးစီးဌာနမှ ဒုတိယအသင်းစုမှူးဖြစ်သော ဦးခင်မောင်သွင် သည် ယူးဝကျေးရွာအုပ်စု သမဝါယမ အသင်းသို့ သွားရောက်၍ စာရင်းများ စစ်ဆေးပြီး အပြန်တွင် များပြားနေသော အသင်း၏ လက်ကျန်ငွေများမှ ဘဏ်သို့ ပေးအပ်ရန်အတွက် ငွေကျပ် ၂၀၀၀/- လက်ခံရယူခဲ့ပြီးနောက်၊ သက်ဆိုင်ရာဘဏ်သို့ ပေးသွင်းခြင်းမရှိကြောင်း တွေ့ရှိရသဖြင့် ယူးဝကျေးရွာအုပ်စု သမဝါယမအသင်းမှ ငွေထိန်း ဦးထွန်းရှိန်က တိုင်တန်းရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

ယူးဝကျေးရွာအုပ်စု သမဝါယမအသင်းမှ အသင်းကိုယ်စား ဘဏ်သို့ ပေးအပ်ရန်ငွေ ကျပ် ၂၀၀၀/-ကို ဦးခင်မောင်သွင်က လက်ခံရယူခဲ့သည်နှင့် ဘဏ်သို့ ပေးအပ်ခဲ့ခြင်းမရှိသည်မှာ အငြင်းပွားခြင်း မရှိပေ။ ဦးခင်မောင်သွင်၏ အဓိက ထုချေချက်မှာ ငွေကျပ် ၂၀၀၀/-ကို ဘဏ်သို့မပေးအပ်မီ အသင်း၏ငွေထိန်း ဦးထွန်းရှိန်က ပြန်လည်ယူသွားခဲ့သည်ဆိုသည့် ထုချေချက်ဖြစ်သည်။

မြို့နယ်တရားရုံး အမှုတွဲကိုကြည့်ရှု လေ့လာရာတွင် ၁၉၇၄ ခုနှစ်၊ ဧပြီလ(၂၅)ရက်နေ့က သမဝါယမအသင်းအတွက် ပစ္စည်းထုတ်ရန် မော်လိုက်မြို့သို့ ရောက်ရှိလာကြသော ဦး ထွန်းရှိန်၊ ဦး နွားတင်၊ဦးကြီးညို တို့က ရေနံပီပါ ဝယ်ယူရန်အတွက် ငွေကျပ် ၂၀၀/-လိုနေသဖြင့် ဦးခင် မောင်သွင်က ငွေကျပ် ၂၀၀၀/-ဘဏ်သို့ မပေးအပ်ရသေး၍ ယင်း ငွေကျပ် ၂၀၀၀/-မှ ယူရန်ပြောကြားခဲ့ပြီး ထိုညရုပ်ရှင်ရုံရှေ့တွင် ငွေထုတ်ပေးခဲ့ရာမှ ဦးခင်မောင်သွင်က ငွေကျပ် ၂၀၀၀/-ထုတ်ပေး ခဲ့ကြောင်း၊ ဦးထွန်းရှိန်က ငွေကျပ် ၂၀၀/-သာ လက်ခံ ရရှိခဲ့ကြောင်း ဖြင့် အငြင်းပွားခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရှိရသည်။

ဦးခင်မောင်သွင်က ယင်း၏ မှတ်စုစာအုပ်တွင် ၁၉၇၄ ခုနှစ်၊ ဧပြီလ (၂၆)ရက်နေ့စွဲဖြင့် ဘဏ်သို့ ပေးအပ်ရန်ငွေကျပ် ၂၀၀၀/-ကို ဦးခင် မောင်သွင်ထံမှ ဦးထွန်းရှိန်က ပြန်လည်လက်ခံရရှိကြောင်းဖြင့် လက်မှတ် ရေးထိုးထားသော မှတ်တမ်းကို သက်သေခံ"က"အဖြစ် တင်ပြထုချေ ခဲ့သည်။

၁၉၇၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် နှင့် ဦးခင်မောင် သွင်

သို့သော် တရားလိုပြသက်သေ ဦးထွန်းရှိန် (လိုပြ-၁) နှင့် ဦးကြီးညို (လိုပြ-၂) တို့၏ ထွက်ဆိုချက်များအရ ရေနံပီပါ ထုတ်ရန် ငွေကျပ် ၂၀၀/–သာ လိုအပ်ခဲ့ကြောင်း တွေ့ရှိရသည်။ ဦးခင်မောင်သွင် ကိုယ်တိုင်ကလည်း ရေနံထုတ်ရန် အတွက် ငွေကျပ် ၂၀၀/-လိုနေကြောင်း ဦးထွန်းရှိန်၊ ဦးကြီးညို နှင့် ဦးနွားတင်တို့က ပြောသည်မှာ မှန်ကြောင်း ထွက်ဆိုထားသည်။ ထို့ကြောင့် ထိုစဉ်က အသင်းအတွက် ကုန်ဝယ်ရန်လိုငွေမှာ ငွေကျပ် ၂၀၀/-သာ ဖြစ်ကြောင်း၊ ငွေကျပ် ၂၀၀၀/-မဟုတ်ကြောင်း ထင်ရှားနေသည်။

ဦးခင်မောင်သွင်က ဘဏ်သို့ပေးအပ်ရန် ငွေကျပ် ၂၀၀၀/-မှ ငွေကျပ် ၂၀၀/–ပြန်ပေးရေးကိစ္စကို ပထမအသင်းစုမှူး ဦးငွေစိုးအား တင်ပြသည့်အခါ ဦးငွေစိုးက ငွေကျပ် ၂၀၀/-၊ ၃၀၀/-မပေးပဲ ငွေအားလုံး ပြန်လည်ပေးရန် ပြောကြားခဲ့သည့်အတွက် ငွေကျပ် ၂၀၀၀/-ကို အားလုံး ပြန်ပေးခဲ့ခြင်းဖြစ်ကြောင်းထွက်ဆိုထားသည်။ သို့ရာတွင် ဦးငွေစိုး (လိုပြ-၆)က ဦးခင်မောင်သွင်၏ ထွက်ဆိုချက်ကို ထောက်ခံခြင်းမရှိပဲ ငွေများကို ဘဏ်သို့အပ်ရန်နှင့် အသင်းကအလိုရှိလျှင် လိုသလောက် ဘဏ်မှထုတ်ယူလိမ့်မည်ဟု အကြံပြုခဲ့ကြောင်းထွက်ဆိုထားသည်။ ထိုအကြံပြုချက်အတိုင်း ဦးခင်မောင်သွင်သည် ဆောင်ရွက်ခဲ့ခြင်း မရှိသည်မှာ ထင်ရှားသည်။

ဦးငွေစိုး၏ ထွက်ဆိုချက်အရပင် ယူးဝကျေးရွာအုပ်စု သမဝါယမအသင်း၏ ငွေသွင်းစာအုပ်ကို ၁၉၇၄ ခုနှစ်၊ ဧပြီလ (၂၃) ရက်၊ (၂၄) ရက်နေ့ကတည်းက ဦးငွေစိုးက ဦးခင်မောင်သွင်အား ပေးအပ်ခဲ့ပြီးဖြစ်၍ ဦးခင်မောင်သွင်သည် ယင်းအချိန်ကပင် ငွေများဘဏ်သို့ ပေးသွင်းနိုင်ပါလျက် ပေးသွင်းခဲ့ခြင်းမရှိကြောင်းလည်း တွေ့ရှိရသည်။ ထို့အပြင် ရပ်ရှင်ရုံရှေ့ ငွေပေးငွေယူ လုပ်စဉ်ကရှိနေသော တရားလိုပြသက်သေ ဦးသိန်းခဖ(လိုပြ-၅)၏ ထွက်ဆိုချက်အရလည်း ဦးခင်မောင်သွင်က ဦးထွန်းရှိန်အား ခင်ဗျားကို ပြောထားတဲ့ငွေ ၂၀၀/-ပေးရအောင် လိုက်ရှာနေတာ အတော်ပဲဗျဟု ပြော၍ ပေးသဖြင့် ဦးထွန်းရှိန်က ငွေများလက်ခံယူခဲ့ကြောင်း တွေ့ရှိရသည်။

ဦးကြီးညို (လိုပြ-၂) ၏ ထွက်ဆိုချက်အရလည်း ဦးထွန်းရှိန်ထံမှ ဦးခင်မောင်သွင် ပေးလိုက်သော ငွေကျပ် ၂၀၀/-ကို ဦးကြီးညို လက်ခံ

ရရှိပြီး နောက်တနေ့တွင် ဦးကြီးညိုသည် ဦးခင်မောင်သွင်နှင့် မြို့မ ဘုန်းကြီးကျောင်းရှေ့၌ တွေ့ရှိကြောင်း။ ထိုအခါ ဦးခင်မောင်သွင်က ဦးထွန်းရှိန့်မှတဆင့် ပေးလိုက်သော ငွေကျပ် ၂၀၀/- ရပြီလားဟု မေးမြန်းခဲ့ကြောင်း တွေ့ရှိရသည်။

၁၉၇၉ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နှင့် ဦးခင်မောင် သွင်

တရားလိုဖက်မှ တင်ပြသော ၁၉၇၄ ခုနှစ်၊ ဇူလိုင်လ (၁၃) ရက်နေ့စွဲပါ သက်သေခံ "ဂ" ကတိစာချုပ်အရလည်း ဦးခင်မောင်သွင်က အသင်းသို့ ပေးရန်ရှိသော ငွေကျပ် ၁၈၀၀/-ကို ၁၉၇၄ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် ပေးအပ်မည်ဖြစ်ကြောင်း လက်မှတ်ရေးထိုး ဝန်ခံကတိပြုခဲ့ကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ဦးခင်မောင်သွင်ထံမှ ဦးထွန်းရှိန် ပြန်လည်လက်ခံယူခဲ့သည့်ငွေအရေအတွက်မှာ ငွေကျပ် ၂၀၀/သာဖြစ်ကြောင်း သက်သေခံချက်များအရ ထင်ရှားသည်ဟု ဆိုရပေမည်။

ဦးခင်မောင်သွင်၏ မှတ်စုစာအုပ်တွင် ရေးသွင်းထားသော ငွေကျပ် ၂၀၀၀/—လက်ခံရရှိကြောင်း ငွေရပြေစာပေါ်၌ ပါရှိသည့်လက်မှတ်မှာ ဦးထွန်းရှိန် ရေးထိုးသည့် လက်မှတ်ဖြစ်ကြောင်း လက်ရေးပါရဂူ၏ ထင်မြင်ချက် အစီရင်ခံစာ သက်သေခံ "က-၂"တွင် ဖော်ပြအစီရင်ခံထားသည်။ ယင်းအချက်ကို ဦးခင်မောင်သွင်က အားကိုးအားထားပြုသည်။ သို့ရာတွင်လက်ရေးပါရဂူ၏ အစီရင်ခံချက်သည် လက်ရေးများနှိုင်းယှဉ်စစ်ဆေးပြီး ပေးထားသော ထင်မြင်ယူချက်မျှသာဖြစ်၍ ကိစ္စတရပ်ကို အပြီးသတ် အဆုံးအဖြတ် ပေးနိုင်သည့် တခုတည်းသော အထောက်အထားအဖြစ်လက်ခံရန် ခဲယဉ်းပေသည်။ ထို့အပြင် ကာယကံရှင် ဦးထွန်းရှိန်က ငွေလက်ခံခဲ့စဉ်က လက်မှတ် ရေးထိုးခဲ့ရသည်မှာ မှန်သော်လည်း သက်သေခံ "က"ပါ လက်မှတ်မှာ ယင်း၏လက်မှတ်မဟုတ်ကြောင်း ငြင်းထားသည်။ အမှုအခြေအနေ အရပ်ရပ်အရလည်း ဦးထွန်းရှိန် လက်ခံရယူခဲ့သည်မှာ ငွေကျပ် ၂၀၀၀/— ဖြစ်ကြောင်း ကောက်ယူနိုင်သည့် အချက်အလက် တစုံတရာမရှိပေ။ ဦးခင်မောင်သွင် အနေဖြင့်လည်း ငွေလက်ခံယူခဲ့စဉ်က အစီရင်ခံစာ တင်ပို့ခဲ့သကဲ့သို့ ငွေကျပ် ၂၀၀၀/ ပြန်လည် ပေးလိုက်သည့်အခါက ပြန်ပေးပြီးကြောင်း၊ မိမိ ဌာနဆိုင်ရာ အထက်အရာရှိသို့ အစီရင်ခံစာ ပေးပို့ခဲ့ကြောင်း တင်ပြနိုင်ခြင်း မရှိပေ။

၁၉၇၉
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် နှင့် ဦးခင်မောင် သွင်

သို့ဖြစ်၍ စစ်ကိုင်းတိုင်း တရားရုံး၏ ၁၉၇၅ ခုနှစ်၊ နိုဝင်ဘာလ (၅)ရက် နေ့စွဲပါ လျှောက်ထားခံရသူ ဦးခင်မောင်သွင်အား အပြီး အပြတ်လွှတ်သည့်အမိန့်ကို ပယ်ဖျက်၍ မော်လိုက်မြို့နယ် တရားရုံး၏ ၁၉၇၅ ခုနှစ်၊ အောက်တိုဘာလ(၁၁)ရက် နေ့စွဲပါအမိန့်ကို အတည်ပြု လိုက်ကြောင်း အမိန့်ချမှတ်သည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးတင်အောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

နှင့်

မောင်တူး*

† ၁၉၇၉ ဇန်နဝါရီ ၁၉ ရက်

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ အရ၊ မိန်းကလေးတစ်ဦး အသက် ၁၆ နှစ်မပြည့်သေးကြောင်း သက်သေပြရန် တရားလိုအပေါ် တာဝန်ရှိခြင်း–ဒွိဟသံသယအကျိုး တရားခံသာလျှင် ခံစားခွင့်ရှိ။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ နှင့် ပတ်သက်ပြီး မိန်းကလေး တစ်ဦးသည် အသက် ၁၆ နှစ် မပြည့်သေးပါဟူသော သက်သေခံအထောက်အထား ပြသရန်တာဝန်မှာ တရားလိုအပေါ်တွင် ရှိသည်။ အကယ်၍ မိန်းကလေး၏အသက်သည် ၁၆ နှစ်ပြည့်ပြီးလည်း ဖြစ်နိုင်သည်။ ၁၆ နှစ်မပြည့်သေးလည်း ဖြစ်နိုင်သည်ဟု အမှုတွဲ၌ ပေါ်လွင်လျှင် အသက်နှင့်ပတ်သက်သော ဒွိဟသံသယ အကျိုးခံစားခွင့်ကို တရားခံသာလျှင် ခံစားခွင့်ရှိသည်။

**အယူခံတရားလိုအတွက်** — ဦးသိန်းလွန်း၊ ဥပဒေဝန်ထမ်းအဆင့်(၁)

**အယူခံတရားခံအတွက်** — ဦးကျော၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားခံ မောင်တူးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ အရ တရားစွဲဆိုသောအမှုတွင် ရေဦးမြို့နယ်တရားရုံးက မောင်တူးအား အမှုမှ အပြီးအပြတ်လွတ်သောအမိန့်ကို မကျေနပ်သဖြင့် ဗဟိုဥပဒေရုံးက ဗဟိုတရားရုံးသို့ အယူခံတင်သော အမှုဖြစ်သည်။

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃

† ၁၉၇၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြစ်မှုကြီးအမှတ် ၃၅ တွင် ချမှတ်သော (၂၂-၉-၇၆)နေ့စွဲပါ ရေဦးမြို့နယ် တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၇၉
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နှင့် မောင်တူး

အမှုမှာ ရေဦးမြို့နယ် အထက်တန်းကျောင်း၌ ပညာသင်ကြားနေသော အသက် ၁၄ နှစ်ရှိ ကျောင်းသူ မစန္ဒီဝင်းအား မောင်တူးက မိဘများသဘောမတူပဲ ဖြားယောင်းသွေးဆောင် ခေါ်ယူသွားကြောင်း စွဲဆိုသော အမှုဖြစ်သည်။

တရားလိုပြ သက်သေများမှာ မစန္ဒီဝင်း၏ ဖခင် ဦးကံသာ(လိုပြ-၃) နှင့် မစန္ဒီဝင်းကို မောင်တူးကခေါ်သွားကြောင်း မြင်လိုက်သောသက်သေများဖြစ်သည်။ အမှုတွင် မစန္ဒီဝင်းအလိုမတူပဲ မောင်တူးကသွေးဆောင်ခေါ်ယူသွားကြောင်း မစန္ဒီဝင်း၏ ထွက်ချက်မရှိသောကြောင့် မောင်တူးသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ အရ အပြစ်ကျူးလွန်ခြင်းရှိမရှိ စဉ်းစားရာတွင် မစန္ဒီဝင်းသည် အချင်းဖြစ်ပွားစဉ်က အသက် ၁၆နှစ်ပြည့်ပြီးသူ ဖြစ်မဖြစ်ဟူသောအချက်ပေါ်မူတည်လျက်ရှိပေသည်။

မစန္ဒီဝင်း၏ အသက်နှင့်ပတ်သက်၍ ဖခင် ဦးကံသာက မစန္ဒီဝင်းသည် ၁၇-၇-၆၁ နေ့၌ မွေးဖွားသောကြောင့် အချင်းဖြစ်ပွားစဉ် အချိန်က အသက် ၁၄ နှစ်မျှသာရှိသေးကြောင်း ထွက်ဆို၍ ဦးကံသာနှင့် မစန္ဒီဝင်း၏အမေ ဒေါ်နုနုခင်တို့ လက်ထပ်စဉ်က မင်္ဂလာဆောင်ဖိတ်စာ သက်သေခံအမှတ်(က)နှင့် ဒေါ်နုနုခင် သားဖွားခွင့်ယူသော ကျောင်းဆရာကြီး၏ ထောက်ခံစာ သက်သေခံအမှတ် (ခ) တို့ကို တင်ပြသည်။

မစန္ဒီဝင်းအား အသက်နှင့်ပတ်သက်၍ ဆရာဝန်က စစ်ဆေးခဲ့သည်။ ဆရာဝန်၏ထင်မြင်ချက်အရ မစန္ဒီဝင်း၏အသက်မှာ ၁၇ နှစ်နှင့် ၁၈ နှစ်အတွင်းရှိမည်ဟု ယူဆကြောင်း ဆေးစာတွင်ဖော်ပြပါရှိသည်။ မစန္ဒီဝင်းသည် ကျောင်းသူတစ်ဦးဖြစ်ကြောင်း အဆိုပြုသော်လည်း တရားလိုဘက်မှ မစန္ဒီဝင်း၏ ကျောင်းဝင်ပုံစံကို သက်သေခံအဖြစ်မတင်ပြခဲ့ပေ။ ယင်းအချက်ကပင် သက်သေခံ ဥပဒေပုဒ်မ ၁၁၄ အရ ကျောင်းဝင်ပုံစံမှာ တရားလိုအတွက် အထောက်အကူ ပြုနိုင်ရန် အကြောင်းမရှိသောကြောင့် တင်ပြခြင်းမရှိဟူ၍ ယူဆနိုင်သည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ နှင့်ပတ်သက်ပြီး မိန်းကလေးတစ်ဦးသည် အသက် ၁၆ နှစ် မပြည့်သေးပါဟူသော သက်သေခံအထောက်အထား ပြသရန်တာဝန်မှာ တရားလိုအပေါ်တွင်ရှိသည်။ အကယ်၍

မိန်းကလေး၏ အသက်သည် ၁၆ နှစ် ပြည့်ပြီးလည်း ဖြစ်နိုင်သည်။ ၁၆ နှစ် မပြည့်သေးလည်း ဖြစ်နိုင်သည်ဟု အမှုတွဲ၌ ပေါ်လွင်လျှင် အသက်နှင့်ပတ်သက်သော ဒွိဟသံသယအကျိုးခံစားခွင့်ကို တရားခံသာလျှင် ခံစားခွင့်ရှိသည်။ ဤအမှုတွင် မစန္ဒီဝင်း၏ ဖခင် ဦးကံသာက မစန္ဒီဝင်းမှာ အသက် ၁၆ နှစ်မပြည့်သေးကြောင်း ထွက်ဆိုသော်လည်း ဦးကံသာမင်္ဂလာဆောင်စဉ်က ဖိတ်စာနှင့် မစန္ဒီဝင်း၏မိခင် ဒေါ်နုနုခင် သားဖွားခွင့်ယူသော ထောက်ခံစာတို့မှာ မစန္ဒီဝင်း၏ အသက် ၁၆ နှစ်အောက်ဖြစ်ကြောင်း လုံလောက်စွာ အထောက်အကူပြုနိုင်သော စာရွက်စာတမ်းများမဟုတ်ပေ။ အမှုဖြစ်ပျက်သည့် အကြောင်းခြင်းရာအားလုံးတို့ကို ခြုံငုံစဉ်းစားလျှင် အယူခံတရားခံ မောင်တူးအား အမှုမှအပြီးအပြတ် လွှတ်ခဲ့သော ရေဦးမြို့နယ် တရားရုံးအမိန့်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်သဖြင့် ဤအယူခံမှုကို ပယ်လိုက်သည်။

၁၉၇၉
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နှင့် မောင်တူး

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးအေးမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉ ဧပြီလ ၂၀ ရက်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နှင့်

မောင်နု ပါ(၃) *

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၂) အရ တရားခံအားလျှောက်လဲခွင့် မပေးပဲ ၎င်းအကျိုးနစ်နာအောင် အမိန့်ချမှတ်ခြင်း မပြုနိုင်။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးပုဒ်မ ၄၃၉ (၂) အရ တရားရုံးသည် တရားခံကိုယ်တိုင်ဖြစ်စေ၊ သူ၏ အကျိုးဆောင်ဖြစ်စေ၊ ကြားနာရန်အတွက် လျှောက်လဲတင်ပြခွင့် မပေးပဲ တရားခံ၏အကျိုး ထိခိုက်နစ်နာစေမည့် အမိန့်ကို မချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ မကွေးတိုင်းတရားရုံးသည် တရားခံများ၏အကျိုး ထိခိုက်နစ်နာစေသော အမိန့်ကို တရားခံများအား အကြောင်းကြားခြင်းမပြုပဲ အမိန့်ချမှတ်ခြင်းမှာ ဥပဒေနှင့် ဆန့်ကျင်သည်။

**လျှောက်ထားသူအတွက်** — ဦးမြင့်အောင်၊ ဥပဒေဝန်ထမ်း အဆင့်(၁)

**လျှောက်ထားခံရသူများအတွက်** — ကိုယ်တိုင်

လျှောက်ထားခံရသူများဖြစ်ကြသော မောင်နု၊ မောင်ကျော်သောင်းနှင့် မောင်သုခတို့အပေါ် သရက်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၂၃၂/၇၄ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ ထောင်ဒဏ် ၅ နှစ်စီ အပြစ်ဒဏ် ကျခံစေသည်။ မကွေးတိုင်းတရားရုံး ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၇၂/၇၈ တွင် လျှောက်ထားခံရသူများ အပေါ် သရက်မြို့နယ်တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်

---

* ၁၉၇၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄(က)

† ၁၉၇၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၇၂ တွင် ချမှတ်သော (၁၁-၄-၇၈) နေ့စွဲပါ မကွေးတိုင်း တရားရုံး၏ အမိန့်ကို ဗဟိုတရားရုံးမှ ပြန်လည်စိစစ်ခြင်း။

၁၉၇၉
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နှင့် မောင်နု ပါ(၃)

ပို့ပြီး၊ အပြစ်ဒဏ်သတ်မှတ်ခြင်းနှင့် ပတ်သက်၍ ထောင်ဒဏ် ၅ နှစ်စီမှ ထောင်ဒဏ် ၇ နှစ်စီသို့ တိုးမြှင့်သတ်မှတ်သည်။ ထို့ကြောင့် လျှောက်ထားသူ ၂ ဦးဖြစ်သော မောင်နုနှင့် မောင်ကျော်သောင်းတို့၏ ဖခင် ဦးလေးဘင်က မကွေးတိုင်း ,တရားရုံး၏အမိန့်မှာ တ ရား ဥ ပ ဒေ နှင့် ဆန့်ကျင်ကြောင်း လျှောက်ထားသဖြင့် ဗဟိုတရားရုံးက ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု(က)ဖွင့်၍ အရေးယူ စစ်ဆေးကြားနာသော အမှုဖြစ်သည်။

ဆင်ပေါင်ဝဲမြို့နယ် ဒင်ပုံးရွာနေ မောင်မိုးဆိုသူသည် ၈-၈-၇၂ နေ့တွင် ယာခင်းထဲ၌ အသတ်ခံရသည်။ အမှုကို သရက်မြို့နယ်တရားရုံးက စစ်ဆေးကြားနာ၍ လျှောက်ထားခံရသူများဖြစ်သော မောင်နု၊ မောင်ကျော်သောင်းနှင့် မောင်သုခတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ ထောင်ဒဏ် ၅ နှစ်စီ အပြစ်ပေးသည်။ သေဆုံးသူ မောင်မိုး၏မိခင် ဒေါ်ငွေခဲက အပြစ်ဒဏ်တိုးမြှင့်ပေးရန် မကွေးတိုင်း တရားရုံးသို့ လျှောက်ထားရာတွင် မကွေးတိုင်း တရားရုံးသည် တရားခံများ ဖြစ်ကြသော မောင်နု၊ မောင်ကျော်သောင်းနှင့်မောင်သုခတို့အား အကြောင်းကြားခြင်းမရှိပဲ အပြစ်ဒဏ်ကို တိုးမြှင့် သတ် မှတ် ခဲ့ ခြင်း ဖြစ်သည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးပုဒ်မ ၄၃၉(၂)အရ တရားရုံးသည် တရားခံကိုယ်တိုင်ဖြစ်စေ၊ သူ၏ အကျိုးဆောင်ဖြစ်စေ၊ ကြားနာရန် အတွက် လျှောက်လဲတင်ပြခွင့် မပေးပဲ တရားခံ၏အကျိုး ထိခိုက်နစ်နာစေမည့် အမိန့်ကို မချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ မကွေးတိုင်း တရားရုံးသည် တရားခံများ၏အကျိုး ထိခိုက် နစ်နာစေသောအမိန့်ကို တရားခံများအား အကြောင်းကြားခြင်းမပြုပဲ အမိန့်ချမှတ်ခြင်းမှာ ဥပဒေနှင့် ဆန့်ကျင်သည်။ ထို့ကြောင့် မကွေးတိုင်းတရားရုံးက လျှောက်ထားခံရသူများဖြစ်သော မောင်နု၊ မောင်ကျော်သောင်း နှင့် မောင်သုခတို့အပေါ် ထောင်ဒဏ် ၅ နှစ်စီမှ ထောင်ဒဏ် ၇ နှစ်စီ တိုးမြှင့်ကျခံစေရန် ချမှတ်သောအမိန့်ကို ပယ်ဖျက်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

**ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့်ဦးအေးမောင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်**

† ၁၉၇၉ ဇန်နဝါရီလ ၂၇ ရက်

ဦးပါလေး

နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် *

**ပြစ်မှု ကျူးလွန်ရာတွင် အသုံးပြုသော မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ယာဉ်ပိုင်ရှင်ကသော်လည်းကောင်း၊ ယာဉ်ကိုစီမံအုပ်ချုပ်သူတို့က သော်လည်းကောင်း၊ ပြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်၍ မသိနိုင်သည့် အခြေအနေတွင် ယင်းယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်မသင့်ခြင်း။**

ဦးမောင်လေး ဆိုသူအပေါ် မတ်ပဲများ သယ်ဆောင်မှုဖြင့် မူလတရားရုံးက ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ ပုဒ်မ ၁၄(၁)အရ ပြစ်မှုထင်ရှားစီရင်ခဲ့ပြီး၊ မတ်ပဲများ သယ်ဆောင်ခဲ့သော မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့သည်။ မော်တော်ယာဉ် ပိုင်ရှင် ဦးပါလေးက ၎င်း၏မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသော အမိန့်နှင့် စပ်လျဉ်း၍ ပြည်နယ်တရားရုံးသို့ ပြင်ဆင်မှုလျှောက်ထားရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ထပ်မံ၍ ပြင်ဆင်မှု လျှောက်ထားသည်။

**ဆုံးဖြတ်ချက်။** ။လျှောက်ထားသူ ဦးပါလေး မှာ ရန်ကုန်မြို့ သင်္ဃန်းကျွန်းတွင် နေထိုင်သူဖြစ်၍ အချင်းဖြစ်ပွားစဉ် မော်တော်ယာဉ် မှာ ယာဉ်မောင်း ကိုအုံးကျော်နှင့် ယာဉ်နောက်လိုက် ကိုစန်းလွင်တို့၏ စီမံအုပ်ချုပ်မှုအောက်တွင်ရှိသည်။ ကိုအုံးကျော်နှင့် ကိုစန်းလွင်တို့မှာ

---

* ၁၉၇၈ ခုနှစ်။ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၁၃၅

† ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၁၆၄(ခ)တွင် ချမှတ်သော (၃-၄-၇၈) နေ့စွဲပါ မွန်ပြည်နယ်တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၇၉
ဦးပါလေး
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

လည်း မတ်ပဲများကို သဘောရိုးနှင့် တင်ဆောင်ကြောင်း ပေါ်ပေါက်သောကြောင့် မူလတရားရုံးတွင် တရားခံများအဖြစ် ပါဝင်ခဲ့သည် မဟုတ်ချေ၊ ထို့ကြောင့် မော်တော်ယာဉ်ပိုင်ရှင် ဦးပါလေးသည် ပြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်၍ သိနိုင်ဘွယ်ရာ အကြောင်း မရှိချေ။ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ဦးပါလေး၏ မော်တော်ယာဉ် အမှတ် စ/၃၅၅၅ ကို ပြည်သူပိုင်သိမ်းစေရန် ချမှတ်ထားသော အမိန့်များကို ပယ်ဖျက်၍ မော်တော်ယာဉ် အမှတ် စ/၃၅၅၅ ကို လျှောက်ထားသူ ဦးပါလေးအား ပြန်ပေးစေရန် အမိန့်ချမှတ် လိုက်သည်။

**လျှောက်ထားသူအတွက်** — ဦးတင်အောင်၊ဗဟိုတရားရုံးရှေ့နေ
**လျှောက်ထားခံရသူအတွက်** — ဦးစိန်ထွန်း၊ ဥပဒေဝန်ထမ်းအဆင့်(၁)

မုဒုံမြို့နယ်တရားရုံးက ဦးမောင်လေးဆိုသူအပေါ် ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄(၁)အရ ထောင်ဒဏ် ၄ နှစ်ကျခံစေရန် အပြစ်ပေးစီရင်ခဲ့သည်။ ထို့အပြင် ဦးမောင်လေးက မတ်ပဲများသယ်ဆောင်လာသော မော်တော်ယာဉ်အမှတ် စ/၃၅၅၅ ကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့သည်။ ထို့ကြောင့် မော်တော်ယာဉ်ပိုင်ရှင် ဦးပါလေးက မိမိပိုင်မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသောအမိန့်နှင့် ပတ်သက်၍ မွန်ပြည်နယ်တရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားရာ အမှုကို ပလပ်သည်။ ဦးပါလေးက ယခုတဖန် ဗဟိုတရားရုံးသို့ မော်တော်ယာဉ်နှင့်ပတ်သက်သော အမိန့်ကို ပြင်ဆင်ပေးရန်အတွက် လျှောက်ထားခြင်း ဖြစ်သည်။

မူလတရားရုံးတွင် အပြစ်ရရှိသော ဦးမောင်လေးသည် ယာဉ်မောင်း ကိုအုံးကျော်နှင့် ယာဉ်နောက်လိုက် ကိုစန်းလွင်တို့ မောင်းနှင်လာသော မော်တော်ယာဉ်အမှတ် စ/၃၅၅၅ ကို ငှား၍ မော်လမြိုင်မှသံဖြူဇရပ်သို့ မတ်ပဲများတင်ဆောင်လာစဉ် လမ်းခရီး၌ရှာဖွေရေးအဖွဲ့မှ ဖမ်းဆီးခြင်းဖြစ်သည်။ လျှောက်ထားသူ ဦးပါလေးက မိမိပိုင်မော်တော်ယာဉ် ကို ယာဉ်မောင်း ကိုအုံးကျော်နှင့် ယာဉ်နောက်လိုက် ကိုစန်းလွင် တို့အား ၂၉-၃-၇၇ နေ့တွင် ရန်ကုန်မြို့မှ သိမ်ဇရပ်ဆောက်လုပ်ရေး ကော်ပိုရေးရှင်းသို့ ဘိလပ်မြေများ တင်ဆောင်ရန်နှင့် ၃၀-၃-၇၇ နေ့တွင် သိမ်ဇရပ်မှ မော်လမြိုင်မြို့အောင်သပြေဆီစက်သို့ မြေပဲအိတ်များ သယ်ဆောင်ရန်သာ ခွင့်ပြုခဲ့ခြင်းဖြစ်၍ မော်လမြိုင်မှ သံဖြူဇရပ်သို့

၁၉၇၉
ဦးပါလေး
နှင့်
ပြည့်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

မတ်ပဲအိပ်များ တင်ဆောင်ရန်အတွက် လုံးဝမသိရကြောင်းနှင့် ခွင့်ပြုခြင်းလည်းမရှိခဲ့ကြောင်း တင်ပြသည်။

လျှောက်ထားသူ ဦးပါလေးမှာ ရန်ကုန်မြို့ သဃ်န်းကျွန်းတွင် နေထိုင်သူဖြစ်၍ အချင်းဖြစ်ပွားစဉ် မော်တော်ယာဉ်မှာ ယာဉ်မောင်း ကိုအုံးကျော်နှင့် ယာဉ်နောက်လိုက် ကိုစန်းလွင်တို့၏ စီမံအုပ်ချုပ်မှု အောက်တွင်ရှိသည်။ ကိုအုံးကျော်နှင့် ကိုစန်းလွင်တို့မှာလည်း မတ်ပဲများကို သဘောရိုးနှင့် တင်ဆောင်ကြောင်း ပေါ်ပေါက်သောကြောင့် မူလတရားရုံးတွင် တရားခံများအဖြစ် ပါဝင်ခဲ့သည် မဟုတ်ချေ။ ထို့ကြောင့် မော်တော်ယာဉ်ပိုင်ရှင် ဦးပါလေးသည် ပြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်၍ သိနိုင်ဘွယ်ရာ အကြောင်းမရှိချေ။ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ဦးပါလေး၏ မော်တော်ယာဉ်အမှတ် ၈/၃၅၅၅ ကို ပြည်သူပိုင်သိမ်းစေရန် ချမှတ်ထားသော အမိန့်များကိုပယ်ဖျက်၍ မော်တော်ယာဉ် အမှတ် ၈/၃၅၅၅ ကို လျှောက်ထားသူ ဦးပါလေး အား ပြန်ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးသန့်စင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မောင်ဘာဆန်း | † ၁၉၇၉
နှင့် | မတ်လ
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် * | ၃ ရက်

**တင်ကူးကြံရွယ်ချက်သည် အကြောင်းခြင်းရာ ပြဿနာဖြစ်ခြင်း၊ တင်ကူးကြံရွယ်ချက်ရှိကြောင်း အကြောင်းအချက်တို့ကို အထင်အရှားပြရန်လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တင်ကူး ကြံရွယ်ချက်ဖြင့် သတ်ဖြတ်ခြင်း ဟုတ် မဟုတ် စဉ်းစားရာတွင်၊ တင်ကူးကြံရွယ်ချက်ဆိုသည်မှာ အကြောင်းခြင်းရာနှင့် ပတ်သက်သော ပြဿနာဖြစ်သည်။ တင်ကူးကြံရွယ်ချက်ရှိကြောင်း အကြောင်းအချက်တို့ကို အထင်အရှား ပြဖို့လိုသည်။ ယခုအမှုတွင် တင်ကူးကြံရွယ်ချက်နှင့် ပတ်သက်ပြီး စဉ်းစားရာ၊ အယူခံတရားလို မောင်ဘာဆန်းနှင့် သေသူ မဌေးဌေးတို့မှာ(၁၄)နှစ်ခန့်လောက်ကစ၍ ပေါင်းသင်းလာပြီး သားသမီး (၆) ယောက်ပင် ရှိခဲ့သည်။ မောင်ဘာဆန်းက သေသူ မဌေးဌေးသည် ကျောင်းဆရာ တစ်ဦးနှင့် ဖောက်လွှဲဖောက်ပြန် ဖြစ်နေသည်ဟု စွပ်စွဲသည် ဆိုရုံမျှဖြင့် တင်ကူးကြံရွယ်ချက်ရှိသည်ဟု တထစ်ချ မယူဆနိုင်ချေ။ တင်ကူးကြံရွယ်ချက်ရှိကြောင်းခိုင်လုံသော သက်သေအထောက်အထားရှိရပေမည်၊ တရားလိုဘက်မှ မောင်ဘာဆန်းတွင် တင်ကူးကြံရွယ်ချက်ရှိကြောင်း အထောက်အထားခိုင်လုံစွာမပြနိုင်ပေ။ အချင်းဖြစ်ညက ယင်းတို့နှစ်ဦးသည်မိုးကုတ်မှမြို့၊ထုံးဘိုရပ်ရှိ နေအိမ်သို့ ည ၁၀ နာရီခန့်လောက်တွင် ကောင်းမွန်စွာ ပြန်ရောက်ပြီး မကြာမီ နာရီပိုင်းအတွင်းမှာ ယခုကဲ့သို့ လူသတ်မှုဖြစ်ပွားရာ တစုံတခုသော အကြောင်းကြောင့် ဒေါသအလျောက်၊ ဉာဏ်သွမ်းပြုလုပ်ခြင်း ဖြစ်နိုင်သည်ဟု ယူဆရန်သာရှိသည်။

**အယူခံတရားလိုအတွက်** — ဒေါ်ခင်လေး၊ ဗဟိုတရားရုံးရှေ့နေ
**အယူခံတရားခံအတွက်** — ဦးသိန်းလွန်း၊ဥပဒေဝန်ထမ်း အဆင့်(၁)

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၂၃

† ၁၉၇၇ ခုနှစ်၊ သေဒဏ် အတည်ပြုမှု အမှတ် ၄ တွင် ချမှတ်သော (၂၆-၉-၇၇) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏အမိန့်ကို အယူခံမှု။

**၁၉၇၉**
**မောင်ဘဆန်း နှင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်**

မေမြို့မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၄၇၀/၇၆ တွင် အယူခံတရားလို မောင်ဘဆန်းအား ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂(၁)(ခ)အရ သေဒဏ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်ကို အယူခံ တရားလို မောင်ဘဆန်းက မကျေနပ်၍ ဗဟိုတရားရုံးသို့ အယူခံ ဝင်ရောက်လာခြင်းဖြစ်သည်။

အယူခံတရားလို မောင်ဘဆန်းသည် စက်ချုပ်စားသူ တစ်ဦးဖြစ်ပြီး၊ သေသူ မဌေးဌေးမှာ မောင်ဘဆန်း၏ ဇနီးဖြစ်ပြီး၊ မေမြို့ဥဒ္ဓဏ်တော ရပ်ကွက် မူလတန်းကျောင်း ဆရာမဖြစ်သည်။ ယင်းတို့ အကြင်လင်မ ယားသည် လွန်ခဲ့သည့်(၁၄)နှစ်ခန့်က အိမ်ထောင်ကျခဲ့ပြီး သားသမီး (၆)ယောက် ရရှိခဲ့သည်။ အချင်းဖြစ်သည့် ၂-၂-၇၆ နေ့ည (၁၂) နာရီကျော်ခန့်တွင် မောင်ဘဆန်းက မဌေးဌေးအား ဟင်းရွက်ဟင်းသီး များလှီးသော ဓားဖြင့် လည်ပင်းကို(၂)ချက် ထိုးခဲ့ရာ၊ ယင်းဒဏ်ရာ ကြောင့် ထိုနေရာ၌ပင် မဌေးဌေးမှာ သေဆုံးသွားသည်။ မောင်ဘဆန်း သည် မဌေးဌေးအား တင်ကူးကြံရွယ်ချက်ဖြင့် သတ်ဖြတ်ခဲ့သည်ဆို၍ မေမြို့ မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၁)(ခ) အရ သေဒဏ် အမိန့်ချမှတ်ခဲ့သည်ကို မန္တလေးတိုင်းတရားရုံးက သေဒဏ်ကို အတည်ပြုခဲ့လေသည်။

တရားလိုပြ သက်သေများထွက်ချက်အရ၊ အချင်းဖြစ်ညက သေသူ မဌေးဌေးသည် နောက်ဖေးအိမ်သာသို့ သွားရာ မောင်ဘဆန်းက လိုက်သွားပြီးမဌေးဌေး အိမ်သာမှအပြန် အိမ်နောက်ဖေး ချုံပုတ် အနီး တွင်မောင်ဘဆန်းက ပက်လက်လဲနေသူ မဌေးဌေးအပေါ်ခွ၍ လည်ပင်း ကိုဓားနှင့် ထိုးသည် ဖြစ်ကြောင်း ထွက်ဆိုချက်များ ရှိထားသည်။ မောင်ဘဆန်း၏ ယောက္ခမ ဒေါ်စောမြ (လိုပြ-၃)နှင့် ယောက်ဖ ကိုမောင်မောင်(လိုပြ-၂)တို့ ရောက်လာသည့်အခါ မောင်ဘဆန်းသည် ဓားချပြီး ထွက်ပြေးသွားကြောင်း ထွက်ချက်ရှိထားသည်။

တရားခံ မောင်ဘဆန်းက ချေပသည်မှာ သေသူ မဌေးဌေးအား ယင်းကမသတ်ရကြောင်း၊ မဌေးဌေးသည် မူလတန်း ကျောင်းဆရာမ ဖြစ်၍ ကျောင်းမှ မိဘဆရာအသင်း ရန်ပုံငွေများကို ထိန်းသိမ်းထား ရာမှ သုံးစွဲပစ်ခဲ့သဖြင့် ထိုငွေများပြန်ဆပ်ရန်များစွာ အခက်အခဲကြုံတွေ့ နေရကြောင်း၊ ငွေကြေးရှာဖွေရန်အတွက် မောင်ဘဆန်း၏မရီးတော်သူ ဒေါ်ချိုချိုနှင့် မိုးကုတ်မြို့သို့ လိုက်ပါသွားပြီး ငွေကြေး ရှာဖွေသော် လည်း မရရှိခဲ့သဖြင့် အချင်းဖြစ်သည့် ည ၁၁ နာရီကျော်လောက်က

မေမြို့၊ ထုံးဘိုရပ်ရှိ မိမိတို့နေအိမ်သို့ လင်မယား ပြန်လည်ရောက်ရှိခဲ့ကြောင်း။ ထိုညက သေသူ မဌေးဌေးသည် (၂)ခါ(၃)ခါမျှ အိမ်သာသို့ သွားကြောင်း၊ နောက်တခေါက်တွင် မောင်ဘဆန်းက မဌေးဌေးနောက်ဖေးသွားရာသို့ နောက်မှ လိုက်သွားရာ မဌေးဌေးက ယင်းသုံးစွဲမိခဲ့သည့် မိဘဆရာအသင်း ရန်ပုံငွေများအတွက် စိတ်ညစ်ကာ မိမိကိုယ်မိမိ လည်ပင်းဓားနှင့်ထိုး၍ သေကြောင်း ကြံစည်ခြင်းဖြစ်ကြောင်း၊ မောင်ဘဆန်းက သေသူ မဌေးဌေး၏ လက်မှဓားကိုလုရာ မောင်ဘဆန်း လက်ဦးပင် ဓားထိသွားခဲ့ကြောင်း။ မောင်ဘဆန်းက ယောက္ခမဖြစ်သူ ဒေါ်စောမြ(လိုပြ-၃)အားအော်ခေါ်ရာ၊ ဒေါ်စောမြနှင့် ယောက်ဖ ကိုမောင်မောင် (လိုပြ-၂)တို့ ရောက်လာကြောင်း၊ ယောက်ဖ ကိုမောင်မောင်က သေသူ မဌေးဌေးကို မောင်ဘဆန်းက ဓားနှင့်ထိုးခြင်းသာ ဖြစ်ရမည်ဟု စွပ်စွဲပြီး မောင်ဘဆန်းအား ဓားနှင့်ထိုးရန်လုပ်သဖြင့် မောင်ဘဆန်းသည် ထွက်ပြေးခဲ့ရကြောင်း စသည်ဖြင့် ချေပထားလေသည်။

နှစ်ဖက်သက်သေထွက်ချက်များ လေ့လာရာ၊ သေသူ မဌေးဌေး၏ လည်ပင်းတွင် ရရှိသော ဓားထိုးဒဏ်ရာ (၂) ချက်မှာ မိမိကိုယ်မိမိ သေကြောင်းကြံစည်သည့် အနေဖြင့် ပြုလုပ်သည့် ဒဏ်ရာများ မဖြစ်နိုင်ကြောင်းကို ဒဏ်ရာ အနေအထားအရ သိရသည်ဟု ဆေးဆရာဝန် ဦးဉာဏ်ထွန်း(လိုပြ-၈)က ထွက်ဆိုထားသည်။ ထိုဒဏ်ရာမှာ မုချသေစေနိုင်သော ဒဏ်ရာဖြစ်ကြောင်း သိရသည်။ အခြားသူတဦးတယောက်က ပြုလုပ်မှသာ ရရှိနိုင်သော ဒဏ်ရာမျိုးဖြစ်ကြောင်း ထွက်ဆိုထားသည်။

မူလရုံးက အယူခံတရားလိုမောင်ဘဆန်းသည် မဌေးဌေးအား တင်ကူးကြံရွယ်ချက်ဖြင့် သတ်ဖြတ်ခဲ့သည်ဟု ယူဆခဲ့ခြင်းမှာ မောင်ဘဆန်းသည် မဌေးဌေးအား သူမနှင့် အလုပ်အတူလုပ်သော ကျောင်းဆရာတစ်ဦးနှင့်မသက်ာသဖြင့် လင်မယားမကြာခဏ စကားများဘူးကြောင်း၊ မောင်ဘဆန်းက မဌေးဌေးအား စကားများရန်ဖြစ်သည့်အခါ သတ်ပစ်မည် စသည်ဖြင့် ကြိမ်းမောင်းဘူးကြောင်းကို သက်သေရပ်ကွက်ကောင်စီဝင် လူကြီးများအား သေသူ မဌေးဌေးက တိုင်တန်းခဲ့ဘူးသည်ကို ထောက်ရှု၍ အချင်းဖြစ်ညက မဌေးဌေး အိမ်သာသွားစဉ် မောင်ဘဆန်းက တင်ကူးကြံရွယ်ချက် ရှိထားသည့်အလျောက် ဓားနှင့်ထိုးသတ်ခြင်းဖြစ်သည်ဟူ၍ ယူဆခဲ့ကြောင်း သိရှိရသည်။

၁၉၇၉

မောင်ဘဆန်းနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

ဤအယူခံမှုတွင် အယူခံတရားလို မောင်ဘဆန်းဘက်မှ လိုက်ပါဆောင်ရွက်သည့် ရှေ့နေကြီးက မူလတရားရုံးသည် သေသူ မငွေးငွေးအား မောင်ဘဆန်းက တင်ကူးကြံရွယ်ချက်ဖြင့် သတ်ဖြတ်သည်ဆိုပြီး ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ခ)အရ သေဒဏ်ချမှတ်ခဲ့ခြင်းမှာ မှားယွင်းပါကြောင်း၊ တင်ကူးကြံရွယ်ချက်ဖြင့် သတ်ဖြတ်သည်ဆိုသည့် အချက်အလက်များ အမှုတွဲတွင် မပေါ်ပေါက်ခဲ့သဖြင့် မောင်ဘဆန်းအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂)အရသာ အပြစ် ပေးသင့်ကြောင်း လျှောက်လဲသွားသည်။

တင်ကူးကြံရွယ်ချက်ဖြင့် သတ်ဖြတ်ခြင်း ဟုတ်မဟုတ် စဉ်းစားရာတွင်၊ တင်ကူးကြံရွယ်ချက် ဆိုသည်မှာ အကြောင်းခြင်းရာနှင့် ပတ်သက်သော ပြဿနာဖြစ်သည်။ တင်ကူးကြံရွယ်ချက်ရှိကြောင်း အကြောင်းအချက်တို့ကို အထင်အရှား ပြဖို့လိုသည်။ ယခုအမှုတွင် တင်ကူးကြံရွယ်ချက်နှင့် ပတ်သက်ပြီး စဉ်းစားရာ၊ အယူခံတရားလို မောင်ဘဆန်းနှင့် သေသူ မငွေးငွေး တို့မှာ (၁၄) နှစ်ခန့် လောက်ကစ၍ ပေါင်းသင်းလာပြီး သားသမီး (၆) ယောက်ပင် ရရှိခဲ့သည်။ မောင်ဘဆန်းက သေသူ မငွေးငွေးသည် ကျောင်းဆရာတစ်ဦးနှင့် ဖောက်လွှဲဖောက်ပြန် ဖြစ်နေသည်ဟု စွပ်စွဲသည်ဆိုရုံမျှဖြင့် တင်ကူးကြံရွယ်ချက်ရှိသည်ဟု တထစ်ချ မယူဆနိုင်ချေ။ တင်ကူးကြံရွယ်ချက်ရှိကြောင်း ခိုင်လုံသော သက်သေ အထောက်အထား ရှိရပေမည်။ တရားလိုဘက်မှ မောင်ဘဆန်းတွင် တင်ကူးကြံရွယ်ချက်ရှိကြောင်း အထောက်အထားခိုင်လုံစွာ မပြနိုင်ပေ။ အချင်းဖြစ်ညက ယင်းတို့နှစ်ဦးသည် မိုးကုတ်မှ မမြို့၊ ထုံးဘိုရပ်ရှိနေအိမ်သို့ ည ၁၀ နာရီခန့်လောက်တွင် ကောင်းမွန်စွာပြန်ရောက်ပြီး၊ မကြာမီ နာရီပိုင်းအတွင်းမှာ ယခုကဲ့သို့ လူသတ်မှုဖြစ်ပွားရာ တစုံတခုသော အကြောင်းကြောင့် ဒေါသအလျောက် ဤသို့ပြုလုပ်ခြင်း ဖြစ်နိုင်သည်ဟု ယူဆရန်သာ ရှိသည်။

မူလတရားရုံးနှင့် မန္တလေးတိုင်း တရားရုံးတို့က အယူခံတရားလို မောင်ဘဆန်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ခ)အရ သေဒဏ်ချမှတ်ခဲ့သည့် အမိန့်များကို ပယ်ဖျက်၍ မောင်ဘဆန်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၂)အရ ထောင်ဒဏ် တသက်တကျွန်း ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးသန့်စင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မောင်ဘပြေ

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်*

† ၁၉၇၅
ဇန်နဝါရီလ
၃ ရက်

**တရားခံအပေါ် သေးငယ်သောပြစ်မှုနှင့် စွဲချက်တင်ပြီး၊ ကြီးလေးသော ပြစ်မှုဖြင့် အပြစ်မပေးနိုင်ခြင်း။**

ဆုံးဖြတ်ချက်။ ။မင်းကင်း မြို့နယ်တရားရုံးသည် မောင်ဘပြေ အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂) အရ စွဲချက်တင်ပြီးနောက် အပြစ်ပေးသောအခါတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ခ) အရ အပြစ်ပေးခြင်းမှာ ဥပဒေအရ မှားယွင်းသည်။ တရားခံတစ်ဦး အပေါ် သေးငယ်သောပြစ်မှုနှင့် စွဲချက်တင်ပြီးနောက် ကြီးလေးသော ပြစ်မှုသို့ ပြောင်းလဲ အပြစ်မပေးနိုင်ပေ။

**အယူခံတရားလိုအတွက်** — ဦးဝင်းစိန်၊ ဗဟိုတရားရုံးရှေ့နေ

**အယူခံတရားခံအတွက်** — ဦးသိန်းအောင်၊ ဥပဒေဝန်ထမ်း
အဆင့်(၁)

မင်းကင်း မြို့နယ်တရားရုံးက အယူခံတရားလို မောင်ဘပြေအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂(၁)(ခ) အရ သေဒဏ်ကျခံစေရန် အမိန့်ချမှတ်သည်။ စစ်ကိုင်း တိုင်းတရားရုံးက သေဒဏ်အမိန့်ကို ပယ်ဖျက်၍ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂(၂) အရ ထောင်ဒဏ် ၁၀ နှစ် ချမှတ်သည်။ မောင်ဘပြေသည် ယင်းအပေါ် မြို့နယ်တရားရုံးက သေဒဏ်အမိန့်ချမှတ်စဉ်ကပင် ဗဟိုတရားရုံးသို့ အယူခံလွှာ တင်သွင်းခဲ့သည်။ မောင်ဘပြေ၏ အယူခံလွှာတွင် ယင်းအပေါ် မြို့နယ်တရားရုံး

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၉၇
† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြစ်မှုကြီးအမှတ် ၈၆ တွင် ချမှတ်သော (၃-၆-၇၅) နေ့စွဲပါ မင်းကင်းမြို့နယ်တရားရုံး၏ အမိန့်ကို အယူခံမှု။

က သေဒဏ်ချမှတ်ခြင်းကို ပယ်ဖျက်၍ ထိုက်သင့်သော အပြစ်ဒဏ်ကို သတ်မှတ်ပေးရန် ဖော်ပြလျှောက်ထားသောကြောင့် မောင်ဘပြေ့အပေါ် တွေ့ရှိသော အပြစ်နှင့် ချမှတ်သော အပြစ်ဒဏ်သည် ဥပဒေနှင့် လျော်ကန်ညီညွတ်မှု ရှိမရှိ ကြားနာခြင်းဖြစ်သည်။

အမှုအကြောင်းအရာအကျဉ်းချုပ်မှာ မောင်ဘပြေ့သည် ကျေးရွာကောင်စီအတွင်းရေးမှူး ဦးကြီးမဲ(သေဆုံးသူ)၏ နေ့အိမ်တွင် ဦးကြီးမဲနှင့်အတူ ထန်းရည်သောက်နေရာမှ မပြေမလည်ဖြစ်ကြသောကြောင့် ဦးကြီးမဲက မောင်ဘပြေ့ကို အိမ်မှ နှင်ချသည်။ ထိုနောက်ပိုင်းတွင် မောင်ဘပြေ့သည် ဦးကြီးမဲ၏နေအိမ်သို့ ပြန်လာပြီး ဦးကြီးမဲကို ဓားနှင့် ထိုးသောကြောင့် ဦးကြီးမဲ သေဆုံးရလေသည်။

တရားလိုဘက်မှ တင်ပြချက်အရ မောင်ဘပြေ့နှင့် ဦးကြီးမဲတို့သည် ထန်းရည်ဝိုင်းတွင် မပြေမလည်ဖြစ်ကြသောကြောင့် မောင်ဘပြေ့ကို ဦးကြီးမဲက အိမ်မှ နှင်ချခြင်း၊ မောင်ဘပြေ့သည် မိမိနေအိမ်သို့ပြန်သွားပြီး ဦးကြီးမဲ၏ အိမ်မှ နှင်ထုတ်ခြင်းခံရ၍ ရှက်ကြောင်း မိခင်ဖြစ်သူ ဒေါ်မိဉကို ပြောကြားခြင်း၊ မောင်ဘပြေ့သည် ထန်းလှီးဓားချွန်ကို ယူ၍ ဦးကြီးမဲအိမ်သို့ပြန်လာပြီး အိမ်အောက်၌ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေသည်ကို ဦးဘကျိုင်(လိုပြ-၃)က တွေ့ရှိခြင်း၊ ဦးကြီးမဲသည် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်၍ မောင်ဘပြေ့ကို တွေ့ရသောကြောင့် ဦးအောင်စိန်(လိုပြ-၁)ကို ရှေ့မှထား၍ အိမ်အောက်သို့ ဆင်းလာခြင်း၊ မောင်ဘပြေ့က ဦးအောင်စိန်အား ဆုတ်ဖယ်ဟုပြောပြီး ဦးကြီးမဲအား ဓားချွန်နှင့်ထိုးခြင်း၊ ဦးကြီးမဲက လက်နှိပ်ဓာတ်မီးနှင့် မောင်ဘပြေ့ကို ပြန်ရိုက်၍ နှစ်ယောက်အား လုံးထွေးသတ်ပုတ်ကြခြင်း စသည်တို့ ပေါ်ပေါက်ပါသည်။

မောင်ဘပြေ့၏ထုချေချက်မှာ ဦးကြီးမဲ၏နေအိမ် ထန်းရည်ဝိုင်းမှ နှင်ထုတ်သောကြောင့် အိမ်သို့ပြန်၍ ထန်းတက်ရန်အတွက် ထန်းလှီးဓားချွန်ကိုယူကြောင်း၊ ထို့နောက် ဦးကြီးမဲအိမ်တွင် ဦးထွန်းကြူဆိုသူ ရှိလိမ့်မည်အထင်နှင့် ပြန်သွားပြီး၊ ဦးထွန်းကြူကိုလှမ်း၍ခေါ်သောအခါ တွင် ဦးကြီးမဲက အိမ်အောက်သို့ဆင်းလာပြီး၊ လက်နှိပ်ဓာတ်မီးနှင့် ရိုက်သောကြောင့် မိမိတွင်ပါလာသော ထန်းလှီးဓားချွန်ဖြင့် ပြန်လည် ခုခံရကြောင်းဖြစ်လေသည်။

၁၉၇၉
မောင်ဘ
ပြေ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

ဆရာဝန် ဦးဝင်းဖေက ဦးကြီးမဲ၏ အလောင်းကို စစ်ဆေးရာတွင် လက်ဝဲဘက်မျက်လုံးဒေါင့်မှ နှာခေါင်းထိဒဏ်ရာ၊ လက်ဝဲလက်ပြင်ရိုးတွင် ဒဏ်ရာ၊ ရင်ခေါင်းတွင် ဒဏ်ရာနှင့် ဝမ်းဗိုက်တွင် ဒဏ်ရာများ တွေ့ရှိရကြောင်း ထွက်ဆိုသည်။ ထို့အပြင် မောင်ဘပြေ၏ လက်ယာဘက်လက်ကောက်ဝတ်၌ အနည်းငယ်ယောင်နေသော ဒဏ်ရာတစ်ချက် တွေ့ရကြောင်းလည်း ထွက်ဆိုသည်။ ထို့ကြောင့် ဆရာဝန်၏ထွက်ချက်နှင့် တရားလိုပြ သက်သေများ၏ ထွက်ချက်များကို ပေါင်းစပ်စဉ်းစားလျှင် မောင်ဘပြေ့ထုချေသည့်အတိုင်း ဦးကြီးမဲက လက်နှိပ်ဓာတ်မီးနှင့် စတင်၍ရိုက်သောကြောင့် ဓားချွန်နှင့် ပြန်၍ခုခံရသည်ဆိုခြင်းထက် မောင်ဘပြေ့က ဓားချွန်နှင့်စ၍ထိုးသောကြောင့် ဦးကြီးမဲက လက်နှိပ်ဓာတ်မီးနှင့် ပြန်၍ရိုက်ရာတွင် မောင်ဘပြေ့က ဦးကြီးမဲကို ဓားချွန်နှင့် အကြိမ်ကြိမ် ထပ်၍ထိုးသည်ဆိုခြင်းက သဘာဝယုတ္တိများရှိနေကြောင်း ပေါ်လွင်ပေသည်။

မောင်ဘပြေ့သည် ဦးကြီးမဲအိမ် ထန်းရည်ဝိုင်းမှ နှင်ချခြင်းခံရသောကြောင့် မကျေမနပ်ဖြစ်ခြင်း၊ ထန်းလှီးဓားချွန်ကိုယူ၍ ဦးကြီးမဲအိမ်သို့ ပြန်လာခြင်း၊ ဦးကြီးမဲအား ဓားချွန်နှင့်ထိုးခြင်းတို့မှာ နှစ်ဘက်အငြင်းမပွားသောအချက်များ ဖြစ်သည်။ မောင်ဘပြေ့က ဦးကြီးမဲနေအိမ်တွင် ဦးထွန်းကြူဆိုသူကို လာ၍ရှာသည်ဆိုခြင်းနှင့် ပတ်သက်၍ သက်သေခံအထောက်အထားမရှိချေ။ မောင်ဘပြေ့သည် ဦးကြီးမဲ၏ နေအိမ် ထန်းရည်ဝိုင်းမှ ပြန်သွားသူဖြစ်သောကြောင့် ထိုအိမ်တွင် ဦးထွန်းကြူ ရှိမရှိ သိရမည်ဖြစ်သည်။ အချင်းဖြစ်ပွားစဉ်ကရှိနေကြသော တရားလိုပြသက်သေများမှာ မောင်ဘပြေ့နှင့် ငြိုးသူရန်ဘက်ရှိကြသူများမဟုတ်သောကြောင့် မောင်ဘပြေ့အပေါ် မဟုတ်မတရား လိုဆယ်ထွက်ဆိုရန် အကြောင်းမရှိချေ။ ဦးကြီးမဲရရှိသော ဓားဒဏ်ရာများမှာ လေးချက်တိတိဖြစ်သောကြောင့် မောင်ဘပြေ့သည် မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်အရ ပြုလုပ်ခြင်းဖြစ်သည်ဟူ၍လည်း မဆိုနိုင်ချေ။

မင်းကင်းမြို့နယ်တရားရုံးသည် မောင်ဘပြေ့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂(၂) အရ စွဲချက်တင်ပြီးနောက် အပြစ်ပေးသော အခါတွင် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂(၁)(ခ) အရ အပြစ်ပေးခြင်းမှာ ဥပဒေအရ မှားယွင်းသည်။ တရားခံတစ်ဦးအပေါ် သေးငယ်သော ပြစ်မှုနှင့်စွဲချက်တင်ပြီးနောက် ကြီးလေးသောပြစ်မှုသို့ ပြောင်းလွဲ

၁၉၇၉
မောင်ဘ
ပြေ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

အပြစ်မပေးနိုင်ပေ။ ထို့ကြောင့် မောင်ဘပြေ အပေါ် ချမှတ်ထားသော သေဒဏ်ကို အတည်မပြုပဲ စစ်ကိုင်း တိုင်းတရားရုံးက စွဲချက်တင်ထားသော ပုဒ်မ ၃၀၂(၂) အရ အပြစ်ပေးခြင်းမှာ ဥပဒေနှင့်ညီညွတ်ပေသည်။

မောင်ဘပြေ အပေါ် သတ်မှတ်သောအပြစ်ဒဏ်နှင့်ပတ်သက်၍ စဉ်းစားရာတွင် မောင်ဘပြေ၏ပြုမူချက်မှာ ထန်းရည်ဝိုင်းမှနှင်ချခြင်းခံရသောအချိန်မှ အစပြုပြီး ဦးကြီးမဲနေအိမ်သို့ ပြန်လာ၍ ဦးကြီးမဲအားဓားချွန်းနှင့်ထိုးသည်အထိ အဆက်မပြတ်ဖြစ်ပွားသောကြောင့် ကြိုတင်ကြံဆမှုမရှိနိုင်ဟူ၍ တိုင်းတရားရုံးက ကောက်ယူခဲ့ပေသည်။ သို့ဖြစ်၍ အယူခံတရားလို မောင်ဘပြေ အပေါ် စစ်ကိုင်း တိုင်းတရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂(၂) အရ ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ကို အတည်ပြု၍ အယူခံကို ပယ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင် နှင့် ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးဘသွင်

နှင့်

† ၁၉၇၉ မေလ ၁၆ ရက်

၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
၂။ ဦးဝင်းရွှေ *

**တရားစွဲဆိုရန် ခွင့်ပြုမိန့်ကိစ္စ— တရားရုံးသည် တရားခံတစ်ဦးအား အရေးယူပြီးနောက် တရားခံအဖြစ်မှ နုတ်ပယ်နိုင်ခြင်း ရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။လျှောက်ထားခံရသူ အမှတ်(၂) ဦးဝင်းရွှေသည် ပြည်သူ့ဝန်ထမ်း ဟုတ်မဟုတ်၊ ပြည်သူ့ဝန်ထမ်း ဟုတ်ပါလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၇ အရ ကြိုတင်ခွင့်ပြုမိန့်ရယူခြင်း မရှိခဲ့၍ အမှုမှာ ပျက်ပြယ်ခြင်း ရှိမရှိကိစ္စရပ်နှင့် ပတ်သက်၍ လေ့လာသည့်အခါ လျှောက်ထားခံရသူ အမှတ်(၂) ဦးဝင်းရွှေသည် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု ယူဆသည့်တိုင် တာဝန်ဝတ္တရား ထမ်းဆောင်ခိုက် ကျူးလွန်မိသော ပြစ်မှုအတွက်သာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၇ အရ တရားစွဲဆိုရန် ခွင့်ပြုမိန့် လိုအပ်ပြီး တာဝန်နှင့်လုံးဝ မသက်ဆိုင်သည့် ပြုမှုချက်နှင့်ပတ်သက်လျှင် ခွင့်ပြုမိန့်ရယူရန် မလိုအပ်ကြောင်း တွေ့ရသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အဓိကစဉ်းစားရန်မှာ တရားရုံးတရုံးသည် တရားခံတစ်ဦးအား အရေးယူပြီးနောက် တရားခံအဖြစ်မှ နုတ်ပယ်နိုင်ခြင်း ရှိမရှိဆိုသည့် အချက်ဖြစ်သည်။ တရားရုံးက တရားခံတစ်ဦးအား အရေးယူပြီးနောက် ယင်းအပေါ် ငြိစွန်းချက်မရှိလျှင် စွဲချက်မတင်ပဲ လွှတ်ရန် ဖြစ်ပြီး ငြိစွန်းချက်ရှိလျှင် စွဲချက်တင်၍ ထုချေစေရန် တာဝန်ပေးရမည်။ တရားခံသည် စွဲချက်ကိုထုချေ ရှင်းလင်းနိုင်လျှင် ယင်းအား

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၉၅ (ခ)

† ၁၉၇၇ ခုနှစ်၊ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၉၄(မ)တွင် ချမှတ်သော (၂၁-၇-၇၇) နေ့စွဲပါ မွန်ပြည်နယ် တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၉
ဦးဘသွင်
နှင့်
၁။ ပြည်
ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
၂။ ဦးဝင်း
ရွှေ

အမှုမှ အပြီးအပြတ်လွှတ်ရန် ဖြစ်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေတွင် စွဲချက်မတင်ပဲ လွှတ်ခြင်းနှင့် အပြီးအပြတ် လွှတ်ခြင်းတို့မှလွဲ၍ အခြားပြဋ္ဌာန်းချက် မရှိပေ။

လျှောက်ထားသူအတွက် — ဦးချစ်သန်းထွန်း၊ ဗဟိုအရားရုံးရှေ့နေ
လျှောက်ထားခံရသူများအတွက် — ၁။ ဦးမြင့်အောင်၊ ဥပဒေဝန်ထမ်း အဆင့်(၁)
၂။ —

မွန်ပြည်နယ်၊ မော်လမြိုင် မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇၈၄/၇၆ တွင် လျှောက်ထားသူ ဦးဘသွင်က လျှောက်ထားခံရသူ အမှတ်(၂) ဦးဝင်းရွှေအပါအဝင် တရားခံ ၅ ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၃/၃၄ နှင့် ပုဒ်မ ၄၀၇/၃၄ အရ တိုက်ရိုက်လျှောက်ထားတရားစွဲဆိုခဲ့သည်။ မြို့နယ်တရားရုံးက ၂၇-၅-၇၇ ရက်နေ့တွင် လျှောက်ထားခံရသူ အမှတ်(၂) ဦးဝင်းရွှေအား တရားခံအဖြစ်မှ နုတ်ပယ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကိုလျှောက်ထားသူဦး ဘသွင်က မကျေနပ်သဖြင့် မွန်ပြည်နယ်တရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားခဲ့သော်လည်း ပြည်နယ် တရားရုံးက ပယ်လိုက်သည်။ ထို့ကြောင့် လျှောက်ထားသူ ဦးဘသွင်က ဗဟိုတရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။

အမှုမှာ လျှောက်ထားသူ ဦးဘသွင်နှင့် မူလအမှု၌ တရားခံတစ်ဦးဖြစ်သူ ဒေါ်သောင်းကြည်တို့သည် အောင်ဋ္ဌေးဦးအမည်ရှိ စက်လှေကို စပ်တူ ပိုင်ဆိုင်ကြသူများ ဖြစ်သည်။ ၂၃-၅-၇၆ ရက်နေ့တွင် ဒေါ်သောင်းကြည်၏ သားမက်ဖြစ်သူ ကိုချစ်ညီညီသည် ရဲတပ်ဖွဲ့ဝင် ၂ ဦးနှင့်အတူ လျှောက်ထားသူ ဦးဘသွင်ရှိရာ မော်လမြိုင်မြို့၊ မြို့တ်တံတားသို့ လာရောက်ပြီး လျှောက်ထားသူ ဦးဘသွင်အား ဒိုင်းဝန်ကွင်း ပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ ခေါ်ဆောင်သွားကြသည်။ ရဲစခန်းသို့ ရောက်ရှိသည့်အခါ ကိုချစ်ညီညီကလျှောက်ထားသူ ဦးဘသွင်အား အောင်ဋ္ဌေးဦး စက်လှေကို ဒေါ်သောင်းကြည်သို့ လွှဲပြောင်းပေးသည့် စာချုပ်တစ်ခု ချုပ်ဆိုပေးရန်၊ ချုပ်ဆိုမပေးလျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ အရေးယူမည်၊ ချုပ်ထားမည်ဟု ခြိမ်းခြောက်ပြီး ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှတဆင့် အနီးရှိ ဒိုင်းဝန်ကွင်း ရပ်ကွက်ပြည်သူ့ကောင်စီရုံးသို့ ခေါ်ဆောင်သွားသည်။ ဒိုင်းဝန်ကွင်း အောက်ကျွင်း ရပ်ကွက်ပြည်သူ့

၁၉၇၉
ဦးဘသွင်နှင့် ၁။ မြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၂။ ဦးဝင်းရွှေ

ကောင်စီရုံးတွင်၊ ဥက္ကဋ္ဌ ဦးဝင်းရွှေအပါအဝင် ဒေါ်သောင်းကြည်၊ ဦးမောင်ရင်၊ ကိုချစ်ညီညီ၊ ကိုပေါက်နှင့် ဦးချစ်သွင်တို့က အသင့်ရှိနေသော တံဆိပ်ခေါင်းပါ စာချုပ်စက္ကူတွင် အတင်းအဓမ္မ လက်မှတ်ရေးထိုးခိုင်းကြသည်။ လျှောက်ထားသူ ဦးဘသွင်မှာ ဇာသပြင်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ ဥက္ကဋ္ဌဖြစ်၍ အချုပ်ခံရမည်ကို အလွန်ကြောက်ရွံ့သဖြင့် သဘောမတူပဲ လက်မှတ်ရေးထိုး ပေးလိုက်ရသည်ဟု ဆိုသည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး လျှောက်ထားသူ ဦးဘသွင်က မကျေမနပ်ဖြစ်ကာ လျှောက်ထားခံရသူ အမှတ်(၂) ဦးဝင်းရွှေ အပါအဝင် တရားခံ ၅ ဦးအပေါ် တိုက်ရိုက်လျှောက်ထား တရားစွဲဆိုခဲ့ရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

မြို့နယ်တရားရုံး၏ အမိန့်တွင် လျှောက်ထားခံရသူ အမှတ်(၂) ဦးဝင်းရွှေသည် ဒိုင်းဝန်ကွင်း အောက်ကျင်း ရပ်ကွက်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌဖြစ်သည့်အပြင် တာဝန်နှင့်လုပ်ပိုင်ခွင့်များအရ လုပ်ဆောင်ခြင်း ဖြစ်၍လည်းကောင်း၊ လျှောက်ထားခံရသူ အမှတ်(၂) ဦးဝင်းရွှေသည် ပြည်သူ့ကောင်စီဝင်ဖြစ်သည့်အလျောက် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းတစ်ဦးဖြစ်နေ၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၇ အရ၊ ကြိုတင်ခွင့်ပြုမိန့် မပါရှိပဲ တရားစွဲဆိုခြင်း မပြုနိုင်၍လည်းကောင်း၊ တရားခံအဖြစ်မှ နုတ်ပယ်ခြင်းဖြစ်ကြောင်း အကြောင်းပြထားသည်။ ပြည်နယ်တရားရုံးကလည်း မြို့နယ်တရားရုံး၏ အကြောင်းပြချက်ကို လက်ခံပြီး မြို့နယ်တရားရုံး၏ အမိန့်ကို အတည်ပြုခဲ့သည်။

လျှောက်ထားခံရသူ အမှတ်(၂) ဦးဝင်းရွှေသည် ပြည်သူ့ဝန်ထမ်း ဟုတ်မဟုတ်၊ပြည်သူ့ဝန်ထမ်းဟုတ်ပါလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၉၇ အရ ကြိုတင်ခွင့်ပြုမိန့် ရယူခြင်းမရှိခဲ့၍ အမှုမှာပျက်ပြယ်ခြင်း ရှိမရှိကိစ္စရပ်နှင့် ပတ်သက်၍ လေ့လာသည့်အခါ လျှောက်ထားခံရသူ အမှတ်(၂) ဦးဝင်းရွှေသည် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု ယူဆသည့်တိုင် တာဝန်ဝတ္တရား ထမ်းဆောင်ခိုက် ကျူးလွန်မိသော ပြစ်မှုအတွက်သာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၇ အရ တရားစွဲဆိုရန် ခွင့်ပြုမိန့်လိုအပ်ပြီး တာဝန်နှင့်လုံးဝမသက်ဆိုင်သည့် ပြုမူချက်နှင့်ပတ်သက်လျှင် ခွင့်ပြုမိန့်ရယူရန် မလိုအပ်ကြောင်း တွေ့ရသည်။ လျှောက်ထားခံရသူ အမှတ်(၂) ဦးဝင်းရွှေသည် တာဝန်အရ ဝတ္တရား ထမ်းဆောင်ခိုက် ပြုလုပ်ခဲ့ခြင်း ဟုတ်မဟုတ်မှာ အမှုစစ်ဆေးမှသာ ပေါ်ပေါက်လာ

၁၉၇၉
ဦးဘသွင်
နှင့်
၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
၂။ ဦးဝင်းရွှေ

မည့်ကိစ္စရပ်ဖြစ်၍ ယခုအချိန်တွင် ဆွေးနွေး အဆုံးအဖြတ်ပေးရန် မလိုအပ်သေးပေ။

**အဓိကစဉ်းစားရန်မှာ တရားရုံးတရုံးသည် တရားခံ တစ်ဦးအား အရေးယူပြီးနောက်** တရားခံအဖြစ်မှ နုတ်ပယ်နိုင်ခြင်း ရှိမရှိဆိုသည့် အချက်ဖြစ်သည်။ တရားရုံးက တရားခံတစ်ဦးအား **အရေးယူပြီးနောက်** ယင်းအပေါ် ငြိစွန်းချက်မရှိလျှင် စွဲချက်မတင်ပဲ လွှတ်ရန်ဖြစ်ပြီး ငြိစွန်းချက်ရှိလျှင် စွဲချက်တင်၍ ထုချေစေရန်တာဝန်ပေးရမည်။ တရားခံသည် စွဲချက်ကို ထုချေရှင်းလင်းနိုင်လျှင် ယင်းအား အမှုမှ အပြီးအပြတ်လွှတ်ရန် ဖြစ်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေတွင် စွဲချက်မတင်ပဲလွှတ်ခြင်းနှင့် အပြီးအပြတ်လွှတ်ခြင်းတို့မှလွဲ၍ အခြားပြဋ္ဌာန်းချက် မရှိပေ။ ထို့ကြောင့် မြို့နယ်တရားရုံးက လျှောက်ထားခံရသူ အမှတ် (၂) ဦးဝင်းရွှေအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များအရ **မဟုတ်ပဲ အမှုပါတရားခံတစ်ဦးအဖြစ်မှ နုတ်ပယ်ခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိဟု ဆိုရပေမည်။**

သို့ဖြစ်၍ မြို့နယ်တရားရုံး၏ ၂၃-၅-၇၇ နေ့စွဲပါ **အမိန့်နှင့်** မွန်ပြည်နယ် တရားရုံး၏ ၂၁-၇-၇၇ နေ့စွဲပါ အမိန့်တို့ကို ပယ်ဖျက်၍ လျှောက်ထားခံရသူ အမှတ်(၂) ဦးဝင်းရွှေအား မူလအတိုင်း တရားခံ အမှတ်(၅)အဖြစ် ထည့်သွင်း၍ ဥပဒေ ပြဋ္ဌာန်းချက်များနှင့် အညီ ဆက်လက်စစ်ဆေး ကြားနာ အဆုံးအဖြတ်ပေးရန် အမိန့် ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့်ဦးထွန်းရှိန် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၉ စက်တင်ဘာ လ ၂၈ ရက်

မဘိုမ

နှင့်

မောင်ကျင်ခဲ*

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ-၄၈၈-လင်ယောကျ်ားနှင့် ခွဲခွာနေထိုင်ရခြင်းအတွက် လုံလောက်သောအကြောင်း။

**ဆုံးဖြတ်ချက်။** ။သက်သေခံချက်များအရ မောင်ကျင်ခဲသည် မဘိုမ ကိုယ်ဝန် ၆ လ ရသည့်အချိန်မှစ၍ မဘိုမအပေါ် လင့်ဝတ္တရားများ ပျက်ကွက်ရုံမျှမက မဘိုမအား ရိုက်နှက်ပြီး နှင်ချခဲ့သည်ကိုလည်းကောင်း၊ ထို့နောက် မောင်ကျင်ခဲမှာ မသန်းဌွေးဆိုသူနှင့် နောက်အိမ်ထောင်ပြုခဲ့သည်ကိုလည်းကောင်း တွေ့ရသည်။ မဘိုမက မောင်ကျင်ခဲထံမှ စားစရိတ်ငွေရလိုကြောင်း ဦးသောင်း(လိုပြ-၂) နှင့် ဦးကျော့(လိုပြ-၃)တို့ထံ တိုင်တန်းလာသောအခါကျမှ မောင်ကျင်ခဲက ဦးကာ(ခံပြ-၂) နှင့် ဦးလှမောင် (ခံပြ-၆)တို့မှတဆင့် မဘိုမကို ပြန်လည်ပေါင်းသင်းရန် ခေါ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။ သို့ရာတွင် မဘိုမမှာ မောင်ကျင်ခဲထံသို့ ပြန်လည်လိုက်မသွားခဲ့ပေ။

ဖော်ပြပါ သက်သေခံချက်များအရ မောင်ကျင်ခဲနှင့် ခွဲခွာနေထိုင်ရန် မဘိုမအတွက် လုံလောက်သောအကြောင်းများရှိသည်ဟူ၍ ဆိုရမည်။

**လျှောက်ထားသူအတွက်** — ကိုယ်တိုင်

**လျှောက်ထားခံရများသူအတွက်** — ဦးကျော်ဦး၊ ဗဟိုတရားရုံးရှေ့နေ

သနပ်ပင် မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ **အမှုသေးအမှတ်** ၂၂/၇၇ တွင်

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၂၀(ခ)

†၊ ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၄ တွင် ချမှတ်သော (၃၀-၁၀-၇၇)နေ့စွဲပါ ပဲခူးတိုင်းတရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၇၉ မတိုမ နှင့် မောင်ကျင်ခဲ

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈(၁) အရ မောင်ကျင်ခဲက မတိုမအား လစဉ် စားစရိတ် ငွေကျပ် ၃၀/-နှင့် သားဖြစ်သူအား လစဉ် စားစရိတ် ငွေကျပ် ၂၀/-ကို ပေးစေရန် မြို့နယ်တရားရုံးက အမိန့်ချမှတ်သည်။ မြို့နယ်တရားရုံး၏အမိန့်ကို မောင်ကျင်ခဲက မကျေနပ်သဖြင့် ပဲခူးတိုင်းတရားရုံးသို့ အယူခံဝင်ရာ တိုင်းတရားရုံးက မယားစရိတ်ပေးစေရန် အမိန့်ကိုပယ်ဖျက်၍ ကလေးစားစရိတ်ငွေကိုသာ ပေးစေရန် အမိန့်ကို အတည်ပြုကြောင်း အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို မတိုမက မကျေနပ်သည့်အတွက် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

မတိုမနှင့် မောင်ကျင်ခဲတို့သည် နှစ်ဘက် လူကြီးမိဘများရှေ့တွင် လက်ထပ်ပေါင်းသင်းလာကြသည့် တရားဝင် ဇနီးမောင်နှံဖြစ်ကြသည်။ အတူတကွ ပေါင်းသင်းနေကြရာမှ မတိုမတွင် ကိုယ်ဝန် ၆ လ ရှိသောအခါ မတိုမသည် နေအိမ်မှဆင်း၍ ယင်း၏မိဘများနေအိမ်သို့ သွားရောက်နေထိုင်ခဲ့ရာ ယခုတိုင် ယင်း၏ မိဘအိမ်တွင်ပင် နေထိုင်လျက်ရှိသည်။ မတိုမမှ မွေးဖွားခဲ့သည့် သားမှာ ၃ နှစ်သားအရွယ်ခန့်ပင်ရှိနေပေပြီ၊ ပြင်ဆင်မှုလျှောက်ထားရာတွင် တိုင်းတရားရုံးက လျှောက်ထားသူသည် ခိုင်လုံသည့်အကြောင်းမရှိပဲ လျှောက်ထားခံရသူနှင့်လိုက်၍နေရန် ပျက်ကွက်သည့်အတွက် မယားစားစရိတ်မရထိုက်ကြောင်း အမိန့်ချခဲ့သည်မှာ သက်သေအထောက်အထားများနှင့်ကွဲလွဲကြောင်း လျှောက်ထားသူက တင်ပြသည်။

သက်သေခံချက်များအရ မောင်ကျင်ခဲသည် မတိုမ ကိုယ်ဝန် ၆ လ ရသည့်အချိန်မှစ၍ မတိုမအပေါ် လင့်ဝတ္တရားများ ပျက်ကွက်ရုံမျှမက မတိုမအား ရိုက်နှက်ပြီး နှင်ချခဲ့သည်ကိုလည်းကောင်း၊ ထို့နောက် မောင်ကျင်ခဲမှာ မသန်းငွေဆိုသူနှင့် နောက်အိမ်ထောင်ပြုခဲ့သည်ကိုလည်းကောင်း တွေ့ရသည်။ မတိုမက မောင်ကျင်ခဲထံမှ စားစရိတ်ငွေရလိုကြောင်း ဦးသောင်း (လိုပြ-၂) နှင့် ဦးကျော့(လိုပြ-၃)တို့ထံ တိုင်တန်းလာသောအခါကျမှ မောင်ကျင်ခဲက ဦးကာ(ခံပြ-၅) နှင့် ဦးလှမောင် (ခံပြ-၆)တို့မှတဆင့် မတိုမကို ပြန်လည်ပေါင်းသင်းရန် ခေါ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။ သို့ရာတွင် မတိုမမှာ မောင်ကျင်ခဲထံသို့ ပြန်လည်လိုက်မသွားခဲ့ပေ။

ဖော်ပြပါ သက်သေခံချက်များအရ မောင်ကျင်ခဲနှင့်ခွဲခွာနေထိုင်ရန်

၁၉၇၉
မဘိုမ
နှင့်
မောင်ကျော်ခဲ

မဘိုမအတွက် လုံလောက်သောအကြောင်းများ ရှိသည်ဟူ၍ ဆိုရမည်။ ဤအချက်များအပေါ် အခြေခံ၍ မောင်ကျော်ခဲအား မယားနှင့်ကလေး စားစရိတ်ငွေများပေးရန် တာဝန်ရှိကြောင်း မြို့နယ်တရားရုံးက အမိန့်ချမှတ်ခဲ့ခြင်းသည် မှားယွင်းသည်ဟုမဆိုသာပေ၊ သို့ဖြစ်၍ လျှောက်ထားသူ မဘိုမ၏ပြင်ဆင်မှုကို လက်ခံပြီး တိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်၍ မြို့နယ်တရားရုံး၏ အမိန့်ကို အတည်ပြုကြောင်း အမိန့်ချမှတ်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးအေးမောင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉
ဇွန်လ
၁ ရက်

မောင်ဘိုးခက်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

**၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ၏ နည်းဥပဒေများ–ရှာဖွေခြင်း — ဥပဒေနှင့် နည်းဥပဒေတို့ ပြဋ္ဌာန်းခြင်းမှာ လိုက်နာကျင့်သုံးရန်ဖြစ်ပြီး–ယင်းကိုလိုက်နာကျင့်သုံးမှသာ ဥပဒေ၏ ရည်ရွယ်ချက် အောင်မြင်နိုင်မည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြဋ္ဌာန်းချက်များအရ ညဥ့်အချိန်၌ အများပြည်သူတို့ ဝင်ထွက်သွားလာခြင်းမပြုနိုင်သော လုပ်သားပြည်သူတစ်ဦး၏ နေအိမ်အတွင်းသို့ ဝင်ရောက်ရှာဖွေနိုင်သူများမှာ ဒုရဲအုပ်အဆင့်ထက် မနိမ့်သော ပြည်သူ့ရဲတပ်ဖွဲ့ဝင်၊ သို့မဟုတ် အကောက်ခွန်ဝန်ထမ်း အဆင့်(၁)ထက်မနိမ့်သော အကောက်ခွန်ဝန်ထမ်းတို့သာ ဖြစ်ပြီးလျှင် ထိုသို့ ရှာဖွေသည့်အခါ၌လည်း ရှာဖွေရန် အမိန့်များ ပါရှိရပေမည်။ အကယ်၍ ရှာဖွေရန် အမိန့်ရယူနေရသဖြင့် ရှာဖွေမည့်ပစ္စည်း ဖျောက်ဖျက်ပစ်မည်၊ သိုဝှက်လိုက်မည်၊ ကျူးလွန်သူထွက်ပြေးသွားလိမ့်မည်ဟု ယုံကြည်ရန်အကြောင်းရှိမှသာ ရှာဖွေရန် အမိန့်မပါပဲ ဝင်ရောက်ရှာဖွေနိုင်ပေမည်။ မိမိ၏ယုံကြည်ချက်ကိုလည်း စာဖြင့်ရေးသားမှတ်တမ်းတင်ထားရန် လိုအပ်ပေသည်။ ဥပဒေနှင့် နည်းဥပဒေတို့ကို ပြဋ္ဌာန်းထားခြင်းမှာ လိုက်နာကျင့်သုံးရန်အတွက် ဖြစ်သည်။ လိုက်နာကျင့်သုံးခြင်းအားဖြင့်လည်း အမှုမှာ ပိုမိုကျစ်လစ်ခိုင်မာပြီး ဥပဒေ၏အရင်းခံရည်ရွယ်ချက် အောင်မြင်နိုင်ပေမည်။

**လျှောက်ထားသူအတွက်** — ဦးထွန်းရွှေ၊ ဗဟိုတရားရုံးရှေ့နေ
**လျှောက်ထားခံရသူအတွက်** — ဦးသိန်းလွင်၊ ဥပဒေဝန်ထမ်း အဆင့်(၁)

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၀၀(ခ)
† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၄၁ တွင် ချမှတ်သော (၃၁-၈-၇၇) နေ့စွဲပါ ရန်ကုန် တိုင်းတရားရုံး၏အမိန့်ကိုပြင်ဆင်မှု။

၁၉၇၉ မောင်ဘိုးခက် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၀၆၁/၇၅ တွင် လျှောက်ထားသူ မောင်ဘိုးခက် အပေါ် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ ပုဒ်မ ၆(ခ)အရ စွဲချက်တင်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို လျှောက်ထားသူ မောင်ဘိုးခက်က မကျေနပ်သဖြင့် ရန်ကုန်တိုင်းတရားရုံးသို့ ပြင်ဆင်ပေးရန် လျှောက်ထားခဲ့သော်လည်း ရန်ကုန်တိုင်းတရားရုံးက ပြင်ဆင်မှုကို ပလပ်လိုက်သည့်အတွက် လျှောက်ထားသူမောင်ဘိုးခက်က ဤပြင်ဆင်မှု လျှောက်ထားခြင်း ဖြစ်သည်။

ပထမ သတင်းပေး တိုင်ချက်ပါ ဖော်ပြချက်အရ ၁၉၇၅ ခုနှစ်၊ အောက်တိုဘာလ(၆)ရက်နေ့ ည(၇)နာရီခွဲအချိန်ခန့်တွင် ရဲတပ်ကြပ်ကြီး ဦးမြင့်အောင် ခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် သက်သေလူကြီးများသည် သတင်းအရ ဆေးကျောင်းဝင်းအတွင်းရှိ လျှောက်ထားသူ မောင်ဘိုးခက်၏ နေအိမ်ပေါ်သို့ တက်ရောက်ရှာဖွေရာ လျှောက်ထားသူ မောင်ဘိုးခက်၊ မောင်ကျော်မြင့်၊ ချစ်ကိုကို၊ အောင်သူရဆိုသူတို့ ဝိုင်းဖွဲ့ ဆေးခြောက်ရှူနေကြသည်ကိုလည်းကောင်း၊ ပစ္စည်းများ သိမ်းဆည်းရန်ပြုသည့်အခါ ဆေးခြောက်ရှူသော ကိရိယာများကို အိမ်အောက်သို့ ပစ်ချလိုက်သည်ကိုလည်းကောင်း တွေ့ရှိသဖြင့် လျှောက်ထားသူ မောင်ဘိုးခက်နှင့် အပေါင်းပါတို့အား ဖမ်းဆီးအရေးယူခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

ရှာဖွေပုံစံ သက်သေခံ "က" တွင်လည်း သက်သေခံပစ္စည်းဖြစ်သော ဆေးခြောက်ကို မောင်ဘိုးခက်၏ အိမ်ခန်းအတွင်း၌ မောင်ဘိုးခက်၊ ချစ်ကိုကို၊ မောင်ကျော်မြင့်၊ အောင်သူရတို့နှင့်အတူ ရှူနေသည်ကို တွေ့ရှိ သိမ်းဆည်းခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

သို့ရာတွင် မြို့နယ်တရားရုံးက အမှုကို စစ်ဆေးလိုက်သည့်အခါ လျှောက်ထားသူ မောင်ဘိုးခက်သည် မောင်ကျော်မြင့်၊ ချစ်ကိုကို၊ အောင်သူရတို့နှင့်အတူ ဝိုင်းဖွဲ့ ဆေးခြောက်ရှူနေကြသည်ဆိုသည့် တိုင်တန်းချက်၊ ရှာဖွေသည့်အဖွဲ့က ပစ္စည်းများ သိမ်းဆည်းရန်ပြုသည့်အခါ လျှောက်ထားသူ မောင်ဘိုးခက်တို့က ဆေးခြောက်ရှူသည့် ကိရိယာများကို အိမ်အောက်သို့ ပစ်ချလိုက်သည်ဆိုသည့် တိုင်တန်းချက်တို့နှင့် ပတ်သက်၍ တရားလိုပြသက်သေ တဦးတယောက်ကမျှ ထွက်ဆိုခြင်းမရှိကြောင်း တွေ့ရှိရသည်။ တရားလိုပြသက်သေ ရဲတပ်ကြပ် ဦးမြင့်အောင်

၁၉၇၉
မောင်ဘိုး
ခက်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

(လိုပြ-၁)၊ ရှာဖွေသက်သေ ဦးကျော်မြင့်(လိုပြ-၂)၊ ဦးတင်ဦး(လိုပြ-၃)၊ ဦးအောင်မြင့်(လိုပြ-၅)တို့၏ ထွက်ဆိုချက်များအရ သက်သေခံပစ္စည်း ဆေးခြောက် (၅) မူးသားမှာ လျှောက်ထားသူ မောင်ဘိုးခက်၏ နေအိမ်ဥပစာ အတွင်းကသော်လည်းကောင်း၊ မောင်ဘိုးခက်နှင့်အပေါင်း ပါများ ကိုယ်ခန္ဓာပေါ်ကသော်လည်းကောင်း တွေ့ရှိကြောင်း လုံးဝ မပေါ်ပေါက်ပဲ၊ လျှောက်ထားသူ မောင်ဘိုးခက်၏ နေအိမ်ဘေးရှိ လမ်းကြားထဲမှ ကောက်ယူ ရရှိခဲ့ကြောင်းသာ ပေါ်ပေါက်နေသည်ကို တွေ့ရှိရပေသည်။

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး များ ဥပဒေပုဒ်မ ၆(ခ) မှာ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးကိုဖြစ်စေ၊ ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းကို ဖြစ်စေ လက်ဝယ်ထားရှိမှုသာ ပြစ်မှုကျူးလွန်သည်ဟု ဆိုနိုင်ပေသည်။ ယင်းဥပဒေပုဒ်မ ၂ (ဃ) ၌ လက်ဝယ်ထားခြင်းဆိုသည့် စကားရပ်နှင့် ပတ်သက်၍ အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

"လက်ဝယ်ထားခြင်းဆိုသည်တွင် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ် သော ဆေးဝါးတစ်ခုခုကို သူတစ်ဦးဦး၏ ကိုယ်ခန္ဓာပေါ်၌ ထားရှိ ခြင်းသာမက ယင်း၏ နေအိမ်၊ အိမ်ဥပစာ၊ ယာဉ် စသည်တို့၌ တွေ့ ရှိခြင်းတို့လည်း ပါဝင်သည်"

ယင်းအဓိပ္ပာယ် ဖွင့်ဆိုချက်အရ လျှောက်ထားသူ မောင်ဘိုးခက်၏ အိမ်ဘေးရှိ လမ်းကြားထဲမှ ဆေးခြောက်အထုပ်ငယ် ကောက်ယူရရှိခဲ့ ခြင်းကို လျှောက်ထားသူ မောင်ဘိုးခက်၏လက်ဝယ် ထားရှိခြင်းဖြစ် သည်ဟု ကောက်ယူနိုင်ခြင်းမရှိဟု ဆိုရပေမည်။ သက်သေခံ ဆေး ခြောက်အထုပ်ငယ်မှာ လမ်းကြားထဲသို့ မောင်ဘိုးခက်၏ အိမ်ပေါ်မှ ကျလာသည်ဟု ဆိုရန်မှာလည်း ရှာဖွေရာတွင် ခေါင်းဆောင်ခဲ့သူ ရဲတပ်ကြပ် ဦးမြင့်အောင်ကိုယ်တိုင် ထွက်ဆိုချက်အရ လျှောက်ထားသူ မောင်ဘိုးခက် အိမ်ပေါ်သို့ တက်ရောက် ရှာဖွေစဉ်က မောင်ဘိုးခက် ပါ(၃)ဦးတို့နေထိုင်ကြသည်ကိုတွေ့ရှိရကြောင်း၊ ထိုစဉ်က မောင်ဘိုးခက် တို့အနေဖြင့်လှုပ်ရှားမှုမရှိကြောင်းထွက်ဆိုထားသောကြောင့် သက်သေခံ ဆေးခြောက်ထုပ်ကို မောင်ဘိုးခက်တို့က အိမ်ပေါ်မှ လွှင့်ပစ်ချနိုင် သည်ဟူ၍ ကောက်ချက်ချရန် မဖြစ်နိုင်ပေ။

အလျဉ်းသင့်၍ ဖော်ပြလိုသည်မှာ လျှောက်ထားသူ မောင်ဘိုးခက် နေအိမ်သို့ သွားရောက် ရှာဖွေခြင်းနှင့် ပတ်သက်၍ ကြည့်ရှုလေ့လာရာ

၁၉၇၉
မောင်အိုး
ခက်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

တွင်လည်း ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ၏ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရသည်။ ရှာဖွေခြင်းနှင့် ပတ်သက်၍ နည်းဥပဒေအခန်း (၁၁) တွင် မည်သည့် ပုဂ္ဂိုလ်က မည်သို့ ရှာဖွေနိုင်သည်ကို အသေးစိတ် ပြဋ္ဌာန်းထားပေသည်။ နည်းဥပဒေ ပုဒ်မ ၄၅ တွင် တာဝန်ယူ ဆောင်ရွက်ရမည့် အဖွဲ့အစည်းများမှာ မည်သည့် အဖွဲ့အစည်းများဖြစ်ကြောင်း ဖော်ပြ ပြဋ္ဌာန်းထားပေသည်။ ပုဒ်မ ၄၆ တွင် အများပြည်သူတို့၏ ဆောင်ရွက်ပိုင်ခွင့်ကို ပြဋ္ဌာန်းထားပေသည်။ ယင်းပြဋ္ဌာန်းချက် အရ အများပြည်သူတို့ ဝင် ထွက် သွား လာ နိုင် သည့် နေရာတွင် မိမိ၏ရှေ့မှောက်၌ ကျူးလွန်နေသည်ကို တွေ့ရှိလျှင် အများပြည်သူတို့သည် ဖမ်းဆီးရန်အမိန့်မပါပဲ ကျူးလွန်သူအား ဖမ်းဆီးနိုင်သည်။ ပုဒ်မ ၄၈ တွင် အများပြည်သူတို့ ဝင်ရောက် သွားလာနိုင်သော အဆောက်အဦ၊ နေရာ၊ ယာဉ်များ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ဖမ်းဆီးခြင်းတို့နှင့် ပတ်သက်၍ ပြဋ္ဌာန်းထားပေသည်။ ယင်းပြဋ္ဌာန်းချက်အရ မည်သည့် ပြည်သူ့ရဲတပ်ဖွဲ့ဝင် သို့မဟုတ် အကောက်ခွန်ဝန်ထမ်းမဆို နေ့ညမရွေး ထိုကဲ့သို့သောနေရာများတွင် ရှာဖွေရန်အမိန့်မပါပဲ ရှာဖွေနိုင်ပေသည်။ ပုဒ်မ ၄၉၊ ပုဒ်မခွဲ (က) တွင် အများပြည်သူတို့ ဝင် ထွက် သွားလာခြင်းမပြုနိုင်သော အိမ်ဂေဟာနေရာ၊ ယာဉ်များနှင့် စပ်လျဉ်း၍ နေထွက်ချိန်နှင့် နေဝင်ချိန်အကြားဖြစ်လျှင် ဒုရဲအုပ်အဆင့်ထက်မနိမ့်သော ပြည်သူ့ရဲတပ်ဖွဲ့ဝင် သို့မဟုတ် အကောက်ခွန်ဝန်ထမ်း အဆင့်(၁)ထက်မနိမ့်သော ဝန်ထမ်းက ရှာဖွေရန် အမိန့်မပါပဲ ဝင်ရောက် ရှာဖွေနိုင်ကြောင်း၊ သို့သော် တစုံတယောက်က သတင်းပေး၍ ရှာဖွေရခြင်းဖြစ်လျှင် ယင်းသတင်းပေးချက်ကို စာဖြင့်ရေးသားပြီး မှန်ကန်သည်ဟု ယုံကြည်ရန် အကြောင်းရှိသည်ဟု ယူဆမှသာ ထိုသို့ ရှာဖွေနိုင်ကြောင်း ပြဋ္ဌာန်းထားပေသည်။ ပုဒ်မခွဲ (ခ) တွင် အထက်ပါနေရာမျိုး၌ နေဝင်ချိန်နှင့် နေထွက်ချိန်အကြား ရှာဖွေရန်ဖြစ်လျှင် ဒုရဲအုပ်အဆင့်ထက်မနိမ့်သော ဝန်ထမ်းသည် ရှာဖွေရန်အမိန့်ရရှိမှသာ ရှာဖွေနိုင်ကြောင်း၊ အကယ်၍ ရှာဖွေရန် အမိန့်ယူနေစဉ် သက်သေခံပစ္စည်းများကို ဖျောက်မည်၊ သို့ဝှက်မည် သို့မဟုတ် ကျူးလွန်သူလွတ်သွားမည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင်မူ ထိုဝန်ထမ်းသည် မိမိယုံကြည်ချက်ကို စာဖြင့်ရေးမှတ်၍ ရှာဖွေရန် အမိန့်မပါပဲ ဝင်ရောက်ရှာဖွေနိုင်ကြောင်း ပြဋ္ဌာန်းထားပေသည်။

၁၉၃၉
မောင်ဘိုးခက်နှင့်ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

ဤပြဋ္ဌာန်းချက်များအရ ညဥ့်အချိန်၌ အများပြည်သူတို့ ဝင်ထွက်သွားလာခြင်းမပြုနိုင်သော လုပ်သားပြည်သူတစ်ဦး၏ နေအိမ်အတွင်းသို့ ဝင်ရောက် ရှာဖွေနိုင်သူများမှာ ဒုရဲအုပ်အဆင့်ထက်မနိမ့်သော ပြည်သူ့ရဲတပ်ဖွဲ့ဝင်၊ သို့မဟုတ် အကောက်ခွန်ဝန်ထမ်း အဆင့် (၁) ထက်မနိမ့်သော အကောက်ခွန်ဝန်ထမ်းတို့သာဖြစ်ပြီးလျှင် ထိုသို့ ရှာဖွေသည့်အခါ၌လည်း ရှာဖွေရန်အမိန့်များ ပါရှိရပေမည်။ အကယ်၍ ရှာဖွေရန်အမိန့် ရယူနေရသဖြင့် ရှာဖွေမည့်ပစ္စည်း ဖျောက်ဖျက်ပစ်မည်၊ သို့ဝှက်လိုက်မည်၊ ကျူးလွန်သူ ထွက်ပြေးသွားလိမ့်မည်ဟု ယုံကြည်ရန် အကြောင်းရှိမှသာ ရှာဖွေရန် အမိန့်မပါပဲ ဝင်ရောက် ရှာဖွေနိုင်ပေသည်။ မိမိ၏ ယုံကြည်ချက်ကိုလည်း စာဖြင့် ရေးသား မှတ်တမ်းတင်ထားရန် လိုအပ်ပေသည်။

ယခုအမှုတွင် ရှာဖွေခြင်းမှာ ညအချိန် ရှာဖွေခြင်းဖြစ်သည်။ နေအိမ်အတွင်း ဝင်ရောက် ရှာဖွေကြသော်လည်း ရှာဖွေရန် အမိန့် တစုံတရာမပါရှိပဲ ရဲတပ်ကြပ် ဦးမြင့်အောင်က ဦးဆောင် ရှာဖွေခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပေသည်။ ရဲစခန်းမှူး ဦးသန်းမောင်က ရှာဖွေရာတွင် ယင်းပါသယောင် ထွက်ဆိုထားသော်လည်း ရဲတပ်ကြပ် ဦးမြင့်အောင်နှင့် ရှာဖွေသက်သေများက ထောက်ခံခြင်း မရှိကြပေ။ ထို့ပြင် ရှာဖွေအမိန့် မပါရှိရသည့် အကြောင်းကိစ္စကို ရေးသား ဖော်ပြထားသည့် ယုံကြည်ချက်မှတ်တမ်းလည်း ပါရှိခြင်းမရှိပေ။

ဥပဒေနှင့် နည်းဥပဒေတို့ကို ပြဋ္ဌာန်းထားခြင်းမှာ လိုက်နာကျင့်သုံးရန်အတွက်ဖြစ်သည်။ လိုက်နာ ကျင့်သုံးခြင်းအားဖြင့်လည်း အမှုမှာ ပိုမိုကျစ်လစ်ခိုင်မာပြီး ဥပဒေ၏ အရင်းခံရည်ရွယ်ချက် အောင်မြင်နိုင်ပေမည်။

ယခုအမှုသည် ဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သည်ဟု ယူဆနိုင်ရန် အကြောင်းအချက်များရှိသည်ဟုဆိုလျှင်လည်း အထက်တနေရာတွင် သုံးသပ်ခဲ့သည့်အတိုင်း အချင်းဖြစ် သက်သေခံ ဆေးခြောက် (၅) မူးသားမှာ လျှောက်ထားသူ မောင်ဘိုးခက်၏လက်ဝယ်မှ တွေ့ရှိကြောင်း အထောက်အထားမရှိသည်မှာထင်ရှားနေသောကြောင့် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်များကို အတည်ပြုရန်မသင့်ဟု ယူဆသည်။

သို့ဖြစ်၍ မြို့နယ်တရားရုံး၏ ၁၉၇၆ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်နေ့စွဲပါ အမိန့်နှင့် တိုင်းတရားရုံး၏ ၁၉၇၇ ခုနှစ်၊ ဩဂုတ်လ(၃၁) ရက်နေ့စွဲပါ အမိန့်တို့ကို ပယ်ဖျက်၍ လျှောက်ထားသူ မောင်ဘိုးခက်အား အမှုမှ လွှတ်လိုက်ကြောင်း အမိန့်ချမှတ်သည်။

၁၉၇၈
မောင်ဘိုးခက်
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးတင်အောင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

၁၉၇၈
အောက်တို
ဘာလ
၃၁ ရက်

မာမက်ဟာနစ်ခန်

နှင့်

မဲရှုနီဆာ *

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၉—ကလေးစရိတ်နှုန်း တိုးမြှင့်ပေးခြင်း— ယခင်ကလေးစရိတ်အမိန့် ချမှတ်စဉ်အချိန်ကနှင့် နှိုင်းစာလျှင် ကလေးမှာ သိသိသာသာ ကြီးပြင်းလာသည့်အပြင် ပညာသင်ယူနေသည့် အဆင့်အတန်း မြင့်မားလာသည့်အလျောက် ငွေကုန်ကြေးကျများလာခြင်း—လျှောက်ထားသူသည်ဝင်ငွေအတော်အတန်ရှိကြောင်း ပေါ်လွင်ခြင်း— တိုးမြှင့် သတ်မှတ်သော ကလေး စရိတ်နှုန်းသည် များလွန်းသည်ဟု ဆိုနိုင်မဆိုနိုင်။**

**ဆုံးဖြတ်ချက်။** ။ယခင် တောင်ငူမြို့ ဒုတိယရာဘက်ရာဇဝတ်တရားသူကြီးရုံးက ကလေးစရိတ် တစ်လလျှင် ငွေကျပ် ၂၀/-နှုန်းပေးစေရန် ၁၉-၁၀-၆၃ နေ့တွင် သတ်မှတ်ခြင်းဖြစ်သည်။ ထိုသို့ သတ်မှတ်ခဲ့ပြီးနောက် (၁၄)နှစ်ခန့်အကြာ ၂၆-၉-၇၇ နေ့တွင် တိုင်းတရားရုံးက ကလေးစရိတ်ကို တစ်လလျှင် ငွေကျပ် ၇၀/နှုန်းသို့ တိုးမြှင့်ပေးခဲ့လေသည်။ ကလေးမှာ သိသိသာသာ ကြီးပြင်းလာသည့်အပြင် ပညာသင်ယူနေသည့် အဆင့်အတန်းမှာလည်း မြင့်မား လာသည့် အလျောက် ငွေကုန်ကြေးကျ များပြား လာပေလိမ့်မည်။ လျှောက်ထားသူသည် ဝင်ငွေ အတော်အတန်ရှိကြောင်း မူလရုံးအမှုတွဲရှိ အထောက်အထားများအရ ပေါ်လွင်ပေသည်။ သို့ဖြစ်ရာ တိုင်းတရားရုံးက တိုးမြှင့်သတ်မှတ်သော ကလေးစရိတ်နှုန်းသည် များလွန်းသည်ဟု မဆိုသာပေ။

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၉၆ (ခ)

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၈(တောင်ငူ)တွင် ချမှတ်သော (၂၆-၉-၇၇) နေ့စွဲပါ ပဲခူးတိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

**လျှောက်ထားသူအတွက်** — ဦးစိုးမြင့်၊ ဗဟိုတရားရုံးရှေ့နေ

**လျှောက်ထားခံရသူအတွက်** — ဦးချိန်ဖိုး၊ ဗဟိုတရားရုံးရှေ့နေ

ယခင် တောင်ငူမြို့ ဒုတိယရာဘက် ရာဇဝတ်တရားသူကြီးရုံး ၁၉၆၃ ခုနှစ်၊ ရာဇဝတ်သေးမှုအမှတ် ၂၂ တွင် လျှောက်ထားသူ မာမက်ဟာနစ်ခန်အပေါ် ကလေးစရိတ် တစ်လလျှင် ငွေကျပ် ၂၀/-ပေးရန်အမိန့် ချမှတ်ခဲ့သည်။ ထို့နောက် လျှောက်ထားခံရသူ မဲရှနီဆာက ထိုရုံးမှာပင် ၁၉၇၁ ခုနှစ်၊ ရာဇဝတ်သေးမှု အမှတ် ၂၀ အရ စားစရိတ်နှုန်းကို တိုးမြှင့်ပေးရန် လျှောက်ထားခဲ့လေသည်။ စနစ်သစ်တရားစီရင်ရေးအရ ယင်းအမှုမှာ တောင်ငူမြို့နယ် တရားရုံး ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၁၆ ဖြစ်လာသည်။ မြို့နယ်တရားရုံးက စားစရိတ်နှုန်းကို တစ်လလျှင် ငွေကျပ် ၅၀/-သို့ တိုးမြှင့်ပေးလိုက်သည်။ မဲရှနီဆာက မြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ပဲခူးတိုင်းတရားရုံး ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၈/၇၇ (တောင်ငူ) တွင် ပြင်ဆင်မှု တင်သွင်းရာ တိုင်းတရားရုံးက စားစရိတ်နှုန်းကို တစ်လလျှင် ငွေကျပ် ၇၀/-သို့ တိုးမြှင့်လိုက်သဖြင့် မာမက်ဟာနစ်ခန်က ဤပြင်ဆင်မှုကို တင်သွင်းခြင်း ဖြစ်သည်။

လျှောက်ထားသူ မာမက်ဟာနစ်ခန်၏ အကျိုးဆောင်က ကလေးစရိတ်နှုန်းကို ငွေကျပ် ၅၀/-သို့ မြို့နယ်တရားရုံးက တိုးမြှင့်ပေးခြင်းမှာ သင့်မြတ်ပါသည်။ သို့သော် တိုင်းတရားရုံးက သတ်မှတ်သော နှုန်းမှာ လျှောက်ထားသူ၏ ဝင်ငွေနှင့် နှိုင်းစာလျှင် များနေသဖြင့် မြို့နယ်တရားရုံးက ချမှတ်သောနှုန်းသို့ ပြင်ဆင်ပေးသင့်ကြောင်း တင်ပြ လျှောက်လဲသည်။

လျှောက်ထားခံရသူ၏ အကျိုးဆောင်က ကလေး၏ အသက်အရွယ်ကို ထောက်ချင့်၍လည်းကောင်း၊ လျှောက်ထားသူ၏ဝင်ငွေကို ထောက်ချင့်၍လည်းကောင်း၊ တိုင်းတရားရုံးက သတ်မှတ်သော ကလေးစရိတ်နှုန်းထားမှာ သင့်မြတ်ကြောင်းဖြင့် လျှောက်လဲသည်။

ယခင် တောင်ငူမြို့ ဒုတိယ ရာဘက် ရာဇဝတ် တရားသူကြီးရုံးက ကလေးစရိတ်တစ်လလျှင် ငွေကျပ် ၂၀/-နှုန်းပေးစေရန် ၁၉-၁၀-၆၃ နေ့တွင် သတ်မှတ်ခြင်းဖြစ်သည်။ ထိုသို့သတ်မှတ်ခဲ့ပြီးနောက် (၁၄)နှစ်

၁၉၇၉ / မာမက် ဟာနစ်ခန် နှင့် မဲရှုနီဆာ

ခန့်ဒ ကြာ ၂၆-၉-၇၇ နေ့တွင် တိုင်းတရားရုံးက ကလေးစရိတ်ကို တစ်လလျှင် ငွေကျပ် ၇၀/-နှုန်းသို့ တိုးမြှင့်ပေးခဲ့လေသည်။ ကလေးမှာ သိသိသာသာ ကြီးပြင်းလာသည့်အပြင် ပညာသင်ယူနေသည့် အဆင့်အတန်းမှာလည်း မြင့်မားလာသည့်အလျောက် ငွေကုန်ကြေးကျများပြားလာပေလိမ့်မည်။ လျှောက်ထားသူသည် ဝင်ငွေအတော်အတန်ရှိကြောင်း မူလရုံး အမှုတွဲရှိ အထောက်အထားများအရ ပေါ်လွင်ပေသည်။ သို့ဖြစ်ရာ တိုင်းတရားရုံးက တိုးမြှင့်သတ်မှတ်သော ကလေးစရိတ်နှုန်းသည် များလွန်းသည်ဟု မဆိုသာပေ။ ထို့ကြောင့် လျှောက်ထားသူ၏ လျှောက်လွှာကို ပယ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးအေးမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင် † ၁၉၇၉ ဩဂုတ်လ ၃၁ ရက်

ဦးမောင်မောင်

နှင့်

၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

၂။ ဦးထင်လင်း *

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇–ပြစ်မှုမကင်းသော ကျူးကျော်နင်းမှုမျိုးတွင် တရားစွဲဆိုသည့်အချိန်၌ ဥပစာကို မည်သူက လက်ရှိဖြစ်သည်ကိုသာ အဓိက စဉ်းစားရန်လိုခြင်း။**

**ဆုံးဖြတ်ချက်။** (။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၇ အရ ပြစ်မှုမကင်းသော ကျူးကျော်နင်းမှုဖြင့် စွဲဆိုသည့်အမှုမျိုးတွင် တရားစွဲဆိုသည့် အချိန်၌ ဥပစာကို မည်သူက လက်ရှိဖြစ်သည် ဆိုသည့်အချက်ကို အဓိကထား၍ စဉ်းစားရပေသည်။) လျှောက်ထားခံရသူက အချင်းဖြစ် ခြံမြေကို ၈-၆-၆၇ နေ့က ဝယ်ယူခဲ့သည် ဆိုသော်လည်း ယင်းသည် အချင်းဖြစ် ခြံမြေအတွင်း၌မနေပဲ ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း အမှတ် ၂၁၇ တွင် နေထိုင်ကြောင်း ဝန်ခံထားသည်ကို တွေ့ရသည်။ လျှောက်ထား သူသည် ဤအမှု မစွဲဆိုမီ ၄-၅ နှစ် ခန့်ကစတင်၍ အချင်းဖြစ် ခြံမြေတွင် နေထိုင်လာသူဖြစ်ကြောင်း လျှောက်ထားခံရသူကိုယ်တိုင်က ထွက်ဆိုထား လေသည်။ လျှောက်ထားခံရသူ၏ တင်ပြ စွပ်စွဲချက်များသည် ပြစ်မှု မြောက်သည့် စွပ်စွဲချက်များ မဟုတ်ကြောင်း တွေ့ရှိရသည်။

**လျှောက်ထားသူအတွက်** — ဒေါက်တာမောင်မောင်ကျော်၊ ဗဟိုတရားရုံးရှေ့နေ

**လျှောက်ထားခံရသူများအတွက်** — ၁။ ဦးသိန်းလွန်း၊ ဥပဒေဝန်ထမ်း အဆင့်(၁)
၂။ ကိုယ်တိုင်

---

* ၁၉၇၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၁၀၆

†၊ ၁၉၇၇ ခုနှစ်၊ အင်းစိန် မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၀၁၇ တွင် ချမှတ်သော (၁၄-၁၀-၇၇)နေ့စွဲပါ အမိန့်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁–က အရ ချေဖျက်ပေးရန် လျှောက်ထားမှု။

**၁၉၇၉**
**ဦးမောင်မောင်**
**နှင့်**
**၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်**
**၂။ ဦးထင်လင်း**

အင်းစိန်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၀၁၇/၇၇ တွင် ဦးထင်လင်း က ဦးမောင်မောင် အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၇ အရ ပြစ်မှုမကင်းသော ကျော်နင်းမှုဖြင့် တိုက်ရိုက်မှုစွဲဆိုသည်။ ယင်းအမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ပယ်ဖျက်ပေးရန် ဦးမောင်မောင်က ဗဟိုတရားရုံးသို့ လျှောက်ထားလာခြင်းဖြစ်သည်။

လျှောက်ထားသူ ဦးမောင်မောင်က စော်ဘွားကြီးကုန်းရပ်၊ ဆယ်မိုင်ကုန်းထိပ်ရှိ ခြံအမှတ် ၅၃ ကို လျှောက်ထားခံရသူ ဦးထင်လင်း၏ အစ်ကိုဖြစ်သူ ဦးကျော်ဆွေက ပိုင်ကြောင်း၊ ဦးကျော်ဆွေ၏ ခွင့်ပြုချက်အရ မိမိနှင့်မိသားစုတို့ အချင်းဖြစ်ခြံမြေတွင် လွန်ခဲ့သည့် ၆ နှစ်ကျော်ခန့်က လက်ရှိနေထိုင်လာကြခြင်းဖြစ်ကြောင်း၊ လျှောက်ထားခံရသူသည် အချင်းဖြစ်ခြံတွင် လုံးဝနေထိုင်ခြင်း မရှိကြောင်း စသည်ဖြင့် တင်ပြလာသည်။

လျှောက်ထားခံရသူက အချင်းဖြစ်ခြံမြေကို စာချုပ်ဖြင့် ၈-၆-၆၇ နေ့က ဒေါ်အေးရွှေ ဆိုသူထံမှ ငွေကျပ် ၄၇၅၀/-ဖြင့် ဝယ်ယူခဲ့ကြောင်း၊ ခြံစောင့် ဦးသာအေးမှာ အကျင့်မကောင်းသည့် အတွက် ငွေကျပ် ၃၀၀/-ပေးပြီး ဦးသာအေးအား နှင်ထုတ်ခဲ့ကြောင်း၊ ဤအမှုကို မစွဲဆိုမီ ၄-၅ နှစ်ခန့်က မိမိ၏ခွင့်ပြုချက်မရပဲ လျှောက်ထားသူနှင့် မိသားစုတို့သည် အချင်းဖြစ် ခြံမြေအတွင်းသို့ ကျူးကျော် ဝင်ရောက်နေထိုင်လာခြင်း ဖြစ်ကြောင်း၊ မိမိက မြေယာကော်မတီသို့ တိုင်တန်းရာ မြေယာကော်မတီက လျှောက်ထားသူနှင့် မိသားစုအား ၁၇-၁၀-၇၇ နေ့ နောက်ဆုံးထား၍ အချင်းဖြစ် ခြံမြေမှ ဖယ်ရှားပေးရန် အမိန့်ချမှတ်သော်လည်း၊ လျှောက်ထားသူနှင့် မိသားစုတို့က ထွက်ခွါသွားခြင်း မရှိသည့်အတွက် ဤအမှုကို စွဲဆိုရခြင်းဖြစ်ကြောင်း စသည်ဖြင့် ထွက်ဆိုထားသည်ကို တွေ့ရသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၇ အရ ပြစ်မှုမကင်းသော ကျော်နင်းမှုဖြင့် စွဲဆိုသည့် အမှုမျိုးတွင် တရားစွဲဆိုသည့်အချိန်၌ ဥပစာကိုမည်သူက လက်ရှိဖြစ်သည်ဆိုသည့် အချက်ကို အဓိကထား၍ စဉ်းစားရပေသည်။ လျှောက်ထားခံရသူကအချင်းဖြစ်ခြံမြေကို ၈-၆-၆၇နေ့က ဝယ်ယူခဲ့သည်ဟုဆိုသော်လည်း ယင်းသည်အချင်းဖြစ်ခြံမြေအတွင်း၌မနေပဲ ရန်ကုန်မြို့

မိုလ်အောင်ကျော်လမ်း၊ အမှတ် ၂၁၇ တွင် နေထိုင်ကြောင်း စန့်ခံ ထားသည်ကို တွေ့ရသည်။ လျှောက်ထားသူသည် ဤအမှု မစွဲဆိုမီ ၄-၅ နှစ်ခန့်က စတင်၍ အချင်းဖြစ် ခြံမြေတွင် နေထိုင်လာသူဖြစ် ကြောင်း လျှောက်ထားခံရသူ ကိုယ်တိုင်က ထွက်ဆို ထားလေသည်။ လျှောက်ထားခံရသူ၏ တင်ပြစွပ်စွဲချက်များသည် ဖြစ်မှုမြောက်သည့် စွပ်စွဲချက်များ မဟုတ်ကြောင်း တွေ့ရှိရသည်။

စ၉၇၉
ဦးမောင်
မောင်
နှင့်
၁။ ပြည်
ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
၂။ ဦးထင်
လင်း

သို့ဖြစ်၍ လျှောက်ထားသူ ဦးမောင်မောင်၏ လျှောက်လွှာကို ခွင့်ပြုပြီး ယင်းအပေါ် စွဲဆိုထားသည့် အင်းစိန်မြို့နယ် တရားရုံး ပြစ်မှု ဆိုင်ရာ အမှုကြီးအမှတ် ၂၀၁၇/၇၇ ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁-က အရ ပယ်ဖျက်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့်ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၇၉ ဩဂုတ်လ ၂၀ ရက်

မန်းမော်ကေ

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် *

ခုခံကာကွယ်ပိုင်ခွင့်—မလျော်သော အခွင့်အရေးကို သုံးစွဲခြင်းမရှိပဲ ဥပဒေဘောင်အတွင်းမှ ခုခံကာကွယ်ပိုင်ခွင့်အရ ပြုလုပ်မှုသည် ပြစ်မှုမမြောက်ခြင်း။

ဆုံးဖြတ်ချက်။ ။သက်သေခံချက်များအရ သေသူ မောင်အောင်သိန်းကစတင်၍ ဦးခေါင်းကားသည့် သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးဖြင့် လျှောက်ထားသူ၏ ဦးခေါင်းကို ၄-၅ ချက် ရိုက် ခဲ့သည့် အတွက် လျှောက်ထားသူသည် မိမိ၏ခန္ဓာကိုယ်နှင့် အသက်အန္တရာယ်ကို ကာကွယ်သည့် အနေဖြင့် အနီး၌ရှိနေသော ၂ တောင်ခန့် ရှည်သည့်ထင်းချောင်းဖြင့် သေသူ၏ဦးခေါင်းကို တစ်ချက်တည်းသာ ရိုက်ပြီး ထွက်ပြေးခဲ့ခြင်းဖြစ်ကြောင်း ပေါ်လွင်သည်။ လျှောက်ထားသူသည် မလျော်သည့်အခွင့်အရေးကိုသုံး၍ သေသူအား ရိုက်ခဲ့ခြင်း ဖြစ်ကြောင်း မတွေ့ရပေ၊ လျှောက်ထားသူသည် ဥပဒေဘောင်အတွင်းမှ ခုခံကာကွယ်ပိုင်ခွင့်အရ ပြုလုပ်ခဲ့ခြင်းသာ ဖြစ်သည့်အတွက် ယင်းပြုလုပ်မှုသည် ပြစ်မှုမမြောက်ပေ။

**လျှောက်ထားသူအတွက်** — ဦးကြည်ဝင်း၊ဗဟိုတရားရုံးရှေ့နေ
**လျှောက်ထားခံရသူအတွက်** — ဦးမြမောင်လှိုင်၊ ဥပဒေဝန်ထမ်း အဆင့် (၁)

လပွတ္တာမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၆၆/၇၅ တွင် မန်းမော်ကေအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ အရ ထောင်ဒဏ်(၄)နှစ် ကျခံစေရန် ချမှတ်သည့် မြို့နယ်တရားရုံး၏အမိန့်ကို မန်းမော်

---

* ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁ (ခ)

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၆၂၄ တွင် ချမှတ်သော (၂-၁၂-၇၇) နေ့စွဲပါ ရေဝတီတိုင်း တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

**၁၉၇၉**
**မန်းမော်ကေ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော်**

ကေ က မကျေနပ်သည့်အတွက် ရေဝတီတိုင်း တရားရုံးသို့ အယူခံဝင်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို ထပ်မံ တင်သွင်းလာခြင်း ဖြစ်သည်။

လျှောက်ထားသူက မိမိ၏ဦးခေါင်းအား မောင်အောင်သိန်းက သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးဖြင့် ၃ ချက်ရိုက်သည့်အတွက်လဲကျသွားကြောင်း၊ မောင်အောင်သိန်းက မိမိအား ထပ်မံ၍ ရိုက်ရန်ပြုလုပ်သည့် အတွက် မိမိက အနီး၌တွေ့ရသည့် တုတ်ဖြင့် မောင်အောင်သိန်းအား တစ်ချက်ရိုက်ပြီး ထွက်ပြေးခဲ့ရကြောင်း၊ မိမိက ခုခံကာကွယ်ပိုင်ခွင့် အတွင်းမှ ပြုလုပ်ခဲ့ခြင်းသာဖြစ်ကြောင်း၊ ဤအချက်များကိုမြို့နယ်တရား ရုံးက ထည့်သွင်း မစဉ်းစားသည်မှာ မှားကြောင်း စသည်ဖြင့် တင်ပြ လာသည်။

၁၉-၉-၇၅ နေ့ည ၆ နာရီအချိန်ခန့်တွင် မန်းအင်ကျင်းနှင့် မကြီး တန်(လိုပြ-၂ နှင့် ၃) တို့သည် အိမ်အတွင်း၌ ထမင်းစားနေကြစဉ် လမ်းမဘက်မှ ဆူညံသံများ ကြားရသောကြောင့် မန်းအင်ကျင်း (လိုပြ-၂)က ထွက်ကြည့်လေသည်၊ လမ်းမပေါ်တွင် မောင်အောင်သိန်း က မိမိအိမ်တက်မှုအကြောင်းကို လူတွင်ကျယ်လုပ်ပြီး အခြားသူများ အား ပြောပြရမည်လားဆိုပြီး မန်းမော်ကေအား လက်ထဲမှသုံးတောင့် ထိုး လက်နှိပ်ဓာတ်မီးဖြင့် ၃-၄ ချက် ရိုက်သည်ကို လည်းကောင်း၊ မန်းမော်ကေ က ရှောင်ပြီး အနီး၌ရှိသည့် ထင်းချောင်းဖြင့်မောင်အောင် သိန်း၏ ဦးခေါင်းကို ရှေ့မှနေ၍တစ်ချက်ရိုက်ပြီး ဦးဘအေး(လိုပြ-၁)၏ နေအိမ်ဘက်သို့ ထွက်ပြေးသွားသည်ကို လည်းကောင်း၊ မောင်အောင် သိန်းမှာ လဲကျသွားသည်ကိုလည်းကောင်း၊ မန်းအင်ကျင်း (လိုပြ-၂)က တွေ့မြင်ခဲ့လေသည်။ အချင်းဖြစ်ပွားရာနေရာသို့ ဦးဘအေး၊ မန်းအင် ကျင်း၊ နန်းအိပါနှင့် ဦးစောအေး (လိုပြ-၁၊၂၊၇ နှင့် ၈)တို့ရောက်လာ ကြသည်။ မောင်အောင်သိန်းအား ဦးဘအေးတို့က အိမ်ပေါ်သို့ပွေ့တင် ကြသည်။ ဆေးမှူး ဦးသိဇော် (လိုပြ-၁၀) က မောင်အောင်သိန်း၏ ဦးခေါင်းမှဒဏ်ရာကို ဆေးများထည့်ပြီး ဆေးတစ်လုံးထိုး၍ ကုသသော် လည်း မောင်အောင်သိန်းမှာ ဦးခေါင်း၌ ရရှိခဲ့သည့် ဒဏ်ရာဖြင့်ပင် သေဆုံးသွားလေသည်။

လျှောက်ထားသူက မိမိအား အိမ်တက်မှုအကြောင်းများကို လျှောက် ပြောရမည်လားဟု ပြောဆိုပြီး မောင်အောင်သိန်းက လက်ထဲမှ

၁၉၇၉
မန်းမော်ကေ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးဖြင့် ၄-၅ ချက် ရိုက်သည့်အတွက် မိမိ၏ ဦးခေါင်းအား ရိုက်မိပြီး မိမိမှာ လဲသွားကြောင်း၊ မောင်အောင်သိန်းက ဆက်လက်ပြီး ရိုက်မည်ပြုလုပ်သည့်အတွက် အနီးရှိ ထင်းချောင်းဖြင့် မျက်နှာချင်းဆိုင်မှနေ၍ မောင်အောင်သိန်း၏ဦးခေါင်းကို တစ်ချက်ရိုက်ပြီး ဦးဘအေး၏အိမ်ဘက်သို့ ထွက်ပြေးခဲ့ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

ဤအမှုတွင် မျက်မြင်သက်သေအဖြစ် မန်းအင်ကျင်း (လိုပြ-၂) တစ်ဦးတည်းသာ ရှိပေသည်။ အချင်းဖြစ်ညမှာ တော်သလင်းလပြည့်နေ့ည ဖြစ်သောကြောင့် အချင်းဖြစ်ပွားသည်ကို မန်းအင်ကျင်း (လိုပြ-၂) က လရောင်ကြောင့် ကောင်းစွာ တွေ့မြင်ခဲ့သည်ဟုဆိုသည်။ သက်သေခံချက်များအရ လျှောက်ထားသူက မောင်အောင်သိန်း အိမ်တက်မှုဖြစ်ခဲ့သည့် အကြောင်းကို အခြားသူများအား ပြောပြခဲ့ဟန်တူသည်။ မောင်အောင်သိန်းက ဆေးလိပ်ဝယ်ရန် သွားသည့် လျှောက်ထားသူအား တွေ့သောအခါ ယင်းမှ အိမ်တက်မှု ဖြစ်ခဲ့သည့် အကြောင်းကို လျှောက်ပြောရမည်လားဟုဆိုပြီး လက်ထဲမှ သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးဖြင့် ၄-၅ ချက် ရိုက်ခဲ့လေသည်။ လျှောက်ထားသူမှာ ဦးခေါင်းတွင် ရိုက်မိပြီး လဲကျသွားကာ အနီး၌တွေ့ရသည့် ၂ တောင်ခန့်ရှည်သော ထင်းချောင်းဖြင့် မောင်အောင်သိန်း၏ ဦးခေါင်းကိုရှေ့မှနေ၍ တစ်ချက် ရိုက်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်လွင်သည်။ ဆရာဝန် ဦးချိုမြင့် (လိုပြ-၁၀)က သေသူ မောင်အောင်သိန်း ၏ ဦးခေါင်း ဝဲဘက်တွင် အလျား ၂ လက်မ၊ အနံ လက်မဝက်နှင့် ဦးခွံရိုးထိနက်သော စုတ်ပြတ်ဒဏ်ရာကြောင့် ဦးခွံရိုးကွဲအက်ပြီး ဦးနှောက်တွင် သွေးခဲနေသည်ကို တွေ့ရကြောင်း၊ ထိုဒဏ်ရာမှာ တုံးသော လက်နက်မျိုးဖြင့် ပြုလုပ်၍ ရရှိခဲ့သော ဒဏ်ရာမျိုး ဖြစ်ကြောင်း၊ ထိုဒဏ်ရာမှာ မုချသေစေမည့် ဒဏ်ရာမျိုးဖြစ်ကြောင်း စသည်ဖြင့် ထွက်ဆိုသွားလေသည်။

အချင်းဖြစ်ပွားရာ နေရာအနီးမှနေ၍ ဦးခေါင်းကားသည့် သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးတစ်လက်ကို ဦးစောအေး (လိုပြ-၈)က ရှာဖွေတွေ့ရှိခဲ့လေသည်။ သက်သေခံချက်များအရ သေသူ မောင်အောင်သိန်းက စတင်၍ ဦးခေါင်းကားသည့် သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးဖြင့် လျှောက်ထားသူ၏ ဦးခေါင်းကို ၄-၅ ချက် ရိုက်ခဲ့သည့် အတွက် လျှောက်ထားသူသည် မိမိ၏ခန္ဓာကိုယ်နှင့် အသက်အန္တရာယ်ကို ကာကွယ်

သည့် အနေဖြင့် အနီး၌ရှိနေသော ၂ တောင်ခန့်ရှည်သည့် ထင်းချောင်းဖြင့် သေသူ၏ ဦးခေါင်းကို တစ်ချက်တည်းသာရိုက်ပြီး ထွက်ပြေးခဲ့ခြင်းဖြစ်ကြောင်း ပေါ်လွင်သည်။ လျှောက်ထားသူသည် မလျော်သည့် အခွင့်အရေးကိုသုံး၍ သေသူအား ရိုက်ခဲ့ခြင်းဖြစ်ကြောင်း မတွေ့ရပေ။ လျှောက်ထားသူသည် ဥပဒေတောင်အတွင်းမှ ခုခံကာကွယ်ပိုင်ခွင့်အရ ပြုလုပ်ခဲ့ခြင်းသာဖြစ်သည့်အတွက် ယင်းပြုလုပ်မှုသည် ပြစ်မှုမမြောက်ပေ။

၁၉၇၉
မန်းမော်ကေ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

အထက်ဖော်ပြပါ အချက်များအရ လျှောက်ထားသူအပေါ် ပြစ်မှုထင်ရှား စီရင်သည့် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်များသည် ဥပဒေအရ မှန်ကန်သည့်အမိန့်ဟူ၍ မဆိုသာသည့်အလျောက် ယင်းအမိန့်များကို ပယ်ဖျက်ပြီး လျှောက်ထားသူ မန်းမော်ကေအား အမှုမှ အပြီးအပြတ်လွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌ အဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးထွန်းရှိန် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉ ဒီဇင်ဘာလ ၂၀ ရက်

မောင်မြထွန်း

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန် ဥပဒေပုဒ်မ ၃၁–ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန် ဥပဒေအရ စွပ်စွဲခြင်း ခံရသူတစ်ဦးအား အရေးယူတင်ပို့သော အမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ အရေးမယူနိုင်ကြောင်း ပြဋ္ဌာန်းထားခြင်း–ပြစ်မှု ကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေအရ စွဲဆိုသောအမှုကို ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေး စီရင်ရခြင်း– ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ စွဲဆိုသောအမှုကိုပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးစီရင်ရခြင်း– ခြေချုပ် နှင့် ခံဝန်ဥပဒေအရ လက်ခံ စစ်ဆေးပြီးနောက် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေအရ ချမှတ်သည့် အမိန့်သည် မှားယွင်းခြင်း ရှိမရှိ။

**ဆုံးဖြတ်ချက်။** ။မြို့နယ်တရားရုံးသည် မောင်မြထွန်းအပေါ် ပြစ်မှု ကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေပုဒ်မ ၅(၁)(စ)/(ဆ) တို့အရ အရေးယူ စစ်ဆေးပြီးနောက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၀၀ နှင့် ပြောင်းလဲ၍ ငွေကျပ် ၅၀၀/–တန် ခံဝန်သူ နှစ်ဦးဖြင့် (၆)လအတွင်း ကောင်းမွန်စွာ နေထိုင်ရန် အမိန့်ချထားကြောင်း တွေ့ရ သည်။ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်ဥပဒေသည် အထူး ဥပဒေဖြစ်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေမှာ ယေဘုယျ ဥပဒေဖြစ်သည်။ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေအရ စွပ်စွဲခြင်းခံရ သူ တစ်ဦးအား အရေးယူရန် တင်ပို့သည့်အမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၄၁၂(ခ)

†၊ ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် (၁) တွင် ချမှတ်သော (၂၁-၆-၇၇)နေ့စွဲပါ ရခိုင်ပြည်နယ် တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

† ၁၉၇၉
မောင်မြထွန်း
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

ဥပဒေအရ အရေးမယူနိုင်ကြောင်းဖြင့် ပြစ်မှု ကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေပုဒ်မ ၁၁ တွင် ပြဋ္ဌာန်းထားသည်။

ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်ဥပဒေအရ စွပ်စွဲခြင်း ခံရသူတစ်ဦးအား အရေးယူရန် တင်ပို့သည့်အမှုကို ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးစီရင်ရသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေအရ စွပ်စွဲခြင်းခံရသူ တစ်ဦးအား အရေးယူရန် တင်ပို့သည့်အမှု ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေး စီရင်ရသည်။ ထို့ကြောင့် မောင်မြထွန်းအပေါ် ပြစ်မှုကျူးလွန်တတ်သူ များ ခြေချုပ်နှင့်ခံဝန်ဥပဒေအရ လက်ခံစစ်ဆေးပြီးနောက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ ချမှတ်သည့် မြို့နယ်တရားရုံး၏ အမိန့်သည်မှားယွင်း သည်။

**လျှောက်ထားသူအတွက်** — ဦးဝင်းကြည်၊ ဗဟိုတရားရုံးရှေ့နေ

**လျှောက်ထားခံရသူအတွက်**— ဦးစိန်ထွန်း၊ ဥပဒေဝန်ထမ်းအဆင့်(၁)

မြို့ဟောင်းမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အထွေထွေမှု အမှတ် ၁၆၂/၇၆ တွင် စောဦးဖြူအား အမှုမှလွှတ်၍ မောင်မြထွန်းအပေါ် ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန် ဥပဒေပုဒ်မ ၅(၁)(စ)/(ဆ) တို့အရ စစ်ဆေးပြီးနောက် ယင်းဥပဒေအရ အရေးမယူပဲ ပြစ်မှု ဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈ အရ ပြောင်းလဲ အရေးယူပြီး မောင်မြထွန်းအား (၆)လထက် မပိုသောကာလအတွင်း ကောင်းစွာ ကျင့်ကြံနေထိုင်စေရန် ငွေကျပ် ၅၀၀/–တန် ခံဝန်သူ နှစ်ဦးဖြင့် ခံဝန် ချုပ် ချုပ်ဆိုရန် မြို့နယ်တရားရုံးက အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မောင်မြထွန်းက မကျေနပ်သည့်အတွက် ရခိုင်ပြည်နယ် တရားရုံးသို့ ပြင်ဆင်မှု တင်သွင်းရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

၁၅-၁၀-၇၆ နေ့ ည(၉)နာရီ အချိန်ခန့်တွင် မောင်မြထွန်းနှင့် စောဦးဖြူတို့သည် အခြားလူငယ် (၈)ဦးခန့်နှင့်အတူ ဓနိရည်သောက်ပြီး သီချင်းဆိုလျက် ပြန်လာစဉ် တစ်ဦးတယောက်က ပါတီကောင်စီမှ အရက်သောက်ခြင်းကို ပိတ်ပင်ထားသဖြင့် အေးဆေးစွာ သွားကြရန် ပြောသည်။ မောင်မြထွန်းက ပါတီကောင်စီမှ အရက်သောက်ခြင်းကို ပိတ်ပင် ထားသော်လည်း မိမိတို့ သောက်ကြသည် ဘာဖြစ်သနည်းဟု

၁၉၇၉
မောင်မြထွန်း
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

ပြောသည်။ သို့ဖြစ်၍ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦးဖြစ်သူ ဦးအောင်စောသာ (လိုပြ-၂) နှင့် မောင်မြထွန်းတို့ အချင်းများကြသည်။ ယင်းကိစ္စကို ဦးအောင်စောသာက ရဲစခန်းတွင် တိုင်တန်းသည့်အတွက် ရဲစခန်းမှူး ဦးသန်းညွန့်က မောင်မြထွန်းနှင့် စောဦးဖြူ တို့အပေါ် တရားစွဲဆိုခြင်း ဖြစ်သည်။

မောင်မြထွန်းက ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်ဥပဒေ ပုဒ်မ ၅(၁)(စ)/(ဆ)အရ အရေးယူ စစ်ဆေးပြီးနောက် အမှုမထင်ရှားလျှင် ယင်းဥပဒေပုဒ်မ ၁၃ အရ လွှတ်ရန်သာရှိကြောင်း။ ယင်းကဲ့သို့ မလွှတ်ပဲ မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈ အရ ပြောင်းလဲ၍ အရေးယူကြောင်း အမိန့်ချမှတ်သည်မှာမှားကြောင်း။ ပြစ်မှု ကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေပုဒ်မ ၃၁ တွင် ယင်းဥပဒေအရ အရေးယူနိုင်ရန် သီးခြားပြဋ္ဌာန်းချက် ရှိပါက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ အရေးမယူနိုင်ဟု ပြဋ္ဌာန်းထားကြောင်း။ ၎င်းအချက်ကို မြို့နယ် တရားရုံးက ထည့်သွင်း မစဉ်းစားသည်မှာ မှားကြောင်း စသည်ဖြင့် တင်ပြသည်။

အမှုတွဲကို လေ့လာသည့်အခါတွင် မြို့နယ်တရားရုံးသည် မောင်မြထွန်းအပေါ် ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေပုဒ်မ ၅(၁)(စ)/(ဆ) တို့အရ အရေးယူ စစ်ဆေးပြီးနောက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈ နှင့် ပြောင်းလဲ၍ ငွေကျပ် ၅၀၀/–တန် ခံဝန်သူနှစ်ဦးဖြင့် (၆)လ အတွင်း ကောင်းမွန်စွာ နေထိုင်ရန် အမိန့်ချမှတ်ထားကြောင်း တွေ့ရသည်။ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေသည် အထူးဥပဒေဖြစ်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေမှာ ယေဘုယျဥပဒေဖြစ်သည်။ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန် ဥပဒေအရ စွပ်စွဲခြင်း ခံရသူတစ်ဦးအား အရေးယူရန် တင်ပို့သည့်အမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေအရ အရေးမယူနိုင်ကြောင်းဖြင့် ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်ဥပဒေပုဒ်မ ၃၁ တွင် ပြဋ္ဌာန်းထားသည်။

...သူများ ခြေချုပ်နှင့်ခံဝန် ... စွပ်စွဲခြင်း
ခံရသူတစ်ဦးအား အရေးယူရန် တင်ပို့သည့်အမှုကို ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးစီရင်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ

၁၉၄၉

မောင်မြထွန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

စွပ်စွဲခြင်းခံရသူတစ်ဦးအား အရေးယူရန် တင်ပို့သည့်အမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ စစ်ဆေးစီရင်ရသည်။ ထို့ကြောင့် မောင်မြထွန်းအပေါ် ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်ဥပဒေအရ လက်ခံစစ်ဆေးပြီးနောက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ ချမှတ်သည့် မြို့နယ်တရားရုံး၏ အမိန့်သည် မှားယွင်းသည်။

သို့ဖြစ်၍ လျှောက်ထားသူ မောင်မြထွန်း၏ ပြင်ဆင်မှုကိုလက်ခံပြီး၊ မြို့နယ်တရားရုံးနှင့် ပြည်နယ်တရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်၍ မောင်မြထွန်းအား အမှုမှလွှတ်ရန် အမိန့်ချမှတ်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးအေးမောင်နှင့် ဦးသန့်စင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉ ဇီဇင်ဘာလ ၂၀ ရက်

ဦးမျိုးသိန်း

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

**တရားစီရင်ရေးအဖွဲ့ဟူသည် ဒိုင်လူကြီးမဟုတ်၊ အမှန်တရားဖော်ထုတ်ရန်အတွက် လိုအပ်လျှင် သက်သေများကို ခေါ်ယူ စစ်ရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားစီရင်ရေး အဖွဲ့များသည် ဒိုင်လူကြီးသဖွယ် ဆောင်ရွက်ရန် မဟုတ်ပေ။ အမှန်တရား ဖော်ထုတ်ရေးအတွက် လိုအပ်ကြောင်း တွေ့ရှိရလျှင် လိုအပ်သည့် သက်သေများကို ခေါ်ယူ စစ်ဆေးသင့်ပေသည်။ ထိုသို့ စစ်ဆေးနိုင်ရန် ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၇၇ နှင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၄၀ တွင် ပြဋ္ဌာန်းထားသည်။

**လျှောက်ထားသူအတွက်** — ဦးသန်းတင်၊ ဗဟိုတရားရုံးရှေ့နေ

**လျှောက်ထားခံရသူအတွက်** — ဦးသိန်းလွန်း၊ ဥပဒေဝန်ထမ်းအဆင့်(၁)

မန္တလေး အနောက်တောင် မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၀/၇၇ တွင် လျှောက်ထားသူ ဦးမျိုးသိန်းအပေါ် ၁၉၄၇ ခုနှစ် ပြည်သူ့ပစ္စည်း ကာကွယ်ရေးအက်ဥပဒေ ပုဒ်မ ၆ (၁) အရ ရုံးဆင်းရုံးတက် ထောင်ဒဏ်နှင့် ဒဏ်ငွေ ကျပ် ၅၀၀/- ပေးဆောင်စေရန် အမိန့်ချမှတ်သည်။ ဦးမျိုးသိန်းက မြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် မန္တလေးတိုင်းတရားရုံးသို့ အယူခံဝင်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

---

* ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၂၆(ခ)

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၆၄၆(အနောက်တောင်)တွင် ချမှတ်သော မန္တလေးတိုင်း တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

**၁၉၇၉**
**ဦးမျိုးသိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်**

လျှောက်ထားသူ ဦးမျိုးသိန်းသည် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာနလက်အောက်ရှိ မိုးမိတ်မြို့ ခေါက်ခိုးရွှေရှာဖွေရေးစီမံကိန်းမှ ဘူမိဗေဒအရာရှိဖြစ်သည်။ တာဝန်ခံအရာရှိမှာ ဦးရဲမြင့်(လိုပြ-၂)ဖြစ်သည်။ ရွှေရှာဖွေရေးစီမံကိန်းအတွက် အသုံးပြုရန် ဒီဇယ်ဆီများ ရောင်းချပေးရန် မိုးမိတ်မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့နှင့် ရှမ်းပြည်နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ထံမှ မန္တလေးမြို့၊ရေနံထွက်ပစ္စည်း ရောင်းချဖြန့်ဖြူးရေး ကော်ပိုရေးရှင်း တိုင်း ရောင်းဝယ်ရေးအရာရှိထံ ပေးပို့သော အကြောင်းကြားစာအရ ဦးရဲမြင့်သည် မန္တလေးမြို့တွင် ဒီဇယ်ဆီထုတ်ယူရန် မန်နေဂျာဗိုလ်မှူးစိုးလွင်နှင့် တွေ့ဆုံဆွေးနွေးရာ ဗိုလ်မှူးစိုးလွင်က ၁၉၇၆ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဒီဇယ်ဆီ ၉၂၀ ဂါလံ၊ ဘရိတ်ဆီ(၄)ဂါလံနှင့် ဖယောင်းတိုင် (၅) သေတ္တာကို ဦးမျိုးသိန်းအား ထုတ်ယူခွင့် ပေးပြီးကြောင်း ယခင်လများကလည်း ဦးမျိုးသိန်းသည် အလားတူ ရေနံထွက်ပစ္စည်းများကို ထုတ်ယူဘူးကြောင်း ရှင်းပြသောကြောင့် ဦးရဲမြင့်သည် ဦးမျိုးသိန်းအပေါ် အရေးယူပေးရန် မန္တလေးမြို့ အမှတ်(၇)ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးထံ တိုင်စာ ရေးသား ပေးပို့ခဲ့လေသည်။ အမှုကို စခန်းမှူး ဦးရှိန်ဝင်း (လိုပြ-၄)က စုံစမ်း စစ်ဆေးပြီးနောက် ဦးမျိုးသိန်းအပေါ် မန္တလေး အနောက်တောင် မြို့နယ်တရားရုံးတွင် တရားစွဲဆိုသည်။

ဤအမှုတွင် ဦးမျိုးသိန်းသည် မန္တလေးမြို့ ရေနံထွက်ပစ္စည်းရောင်းချဖြန့်ဖြူးရေးကော်ပိုရေးရှင်းမှ တန်ဖိုးငွေကျပ် ၂၁၅၁၅/၈၆ ပြားရှိ ရေနံထွက်ပစ္စည်းများကို ထုတ်ယူ၍ မိမိကိုယ်ကျိုးအတွက် ရောင်းစားကြောင်း ဦးရဲမြင့်က စွပ်စွဲထားသည်။ ဦးမျိုးသိန်း ထုတ်ယူသည်ဆိုသော ရေနံထွက်ပစ္စည်းများကို မိုးမိတ်မြို့ ခေါက်ခိုး ရွှေရှာဖွေရေး စီမံကိန်းဌာနမှ မရရှိကြောင်း ဦးရဲမြင့်၏ ထွက်ချက်အရ ပေါ်ပေါက်သည်။ သို့သော် ဦးမျိုးသိန်းသည် ယင်း ရေနံထွက်ပစ္စည်းများကို မန္တလေးမြို့ရှိ ရေနံထွက်ပစ္စည်း ရောင်းချ ဖြန့်ဖြူးရေးကော်ပိုရေးရှင်းမှ ထုတ်ယူခဲ့ခြင်း ရှိ မရှိ အထောက်အထား မတွေ့ရှိရချေ။ အမှုစစ်ရဲအရာရှိ ဦးရှိန်ဝင်းသည် သက်သေခံ(က–၃) ရှာဖွေပုံစံအရ မန္တလေးမြို့ ရေနံထွက်ပစ္စည်း ရောင်းချ ဖြန့်ဖြူးရေးကော်ပိုရေးရှင်းမှ အမှုနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ သိမ်းဆည်းခဲ့ကြောင်း ပေါ်ပေါက်သည်။ သို့သော် မြို့နယ်တရားရုံးသည် မန္တလေးမြို့ ရေနံထွက်ပစ္စည်း ရောင်းချ ဖြန့်ဖြူးရေး ကော်ပိုရေးရှင်း-မှ တာဝန်ရှိဝန်ထမ်းတစ်ဦးအား စစ်ဆေးကာ ယင်း

၁၉၇၉
ဦးမျိုးသိန်း
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

စာရွက်စာတမ်းများပေါ်ရှိ ဦးမျိုးသိန်းဆိုသူ၏လက်မှတ်သည် လျှောက်ထားသူ ဦးမျိုးသိန်း၏ လက်မှတ် ဟုတ် မဟုတ် ပေါ်လွင် ထင်ရှားအောင် စစ်ဆေးထားခြင်းသည်းမရှိပေ။ ဈေးသည်ဆိုသည့် တရားလိုပြသက်သေ ဦးထွန်းလှိုင်အားလည်း စစ်ဆေးထားခြင်းမရှိချေ။ သို့ဖြစ်၍ မြို့နယ်တရားရုံးသည် စစ်ဆေးသင့်သည့် သက်သေများကို စစ်ဆေးရန် ပျက်ကွက်ကြောင်း ပေါ်ပေါက်နေပေသည်။

တရားစီရင်ရေး အဖွဲ့များသည် ဒိုင်လူကြီးသဖွယ် ဆောင်ရွက်ရန် မဟုတ်ပေ။ အမှန်တရားဖော်ထုတ်ရေးအတွက် လိုအပ်ကြောင်း တွေ့ရှိရလျှင် လိုအပ်သည့် သက်သေများကို ခေါ်ယူ စစ်ဆေးသင့်ပေသည်။ ထိုသို့ စစ်ဆေးနိုင်ရန် ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၇၇ နှင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၄၀ တွင် ပြဋ္ဌာန်းထားသည်။

မြို့နယ်တရားရုံးသည် သက်သေအထောက်အထားများကို ပြည့်ပြည့်စုံစုံ ရယူခြင်းမပြုပဲ လျှောက်ထားသူအား အပြစ်ပေးခဲ့ကြောင်း ပေါ်ပေါက်နေသောကြောင့် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က လျှောက်ထားသူ ဦးမျိုးသိန်းအပေါ် ၁၉၄၇ ခုနှစ် ပြည်သူ့ပစ္စည်း ကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(၁)အရ အပြစ်တွေ့ရှိခြင်းနှင့် ပြစ်ဒဏ်သတ်မှတ်ခြင်းကို ပယ်ဖျက်၍ အမှုကို မန္တလေး အနောက်တောင် မြို့နယ်တရားရုံးက အစမှ ပြန်လည် စစ်ဆေးစေရန် အမိန့်ချမှတ်လိုက်သည်။ လျှောက်ထားသူ ပေးဆောင်ပြီးဖြစ်သော ဒဏ်ငွေများကို လျှောက်ထားသူအား ပြန်လည် ထုတ်ပေးရမည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

**ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးထွန်းရှိန် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်**

**အရာခံဗိုလ်မြသောင်း ပါ(၂)** † ၁၉၇၉ ဇွန်လ ၂၇ ရက်

နှင့်

၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

၂။ မကြည်မြင့် *

**တရားမမှု စွဲဆိုထားခြင်းကြောင့် ပြစ်မှုဆိုင်ရာအမှုကို ဆိုင်းငံ့ထားရန် မလိုခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်မှုမြောက်မမြောက် ဟူသော အချက်နှင့် တရားမဆိုင်ရာအရ မြွက်ဟဒိကရီပေးသင့်မပေးသင့် ဟူသော အချက်တို့မှာ တူညီသည်ဟု မဆိုနိုင်ပေ။ တရားမမှု စွဲဆိုထားသည်ဟူသော အချက်ကြောင့် ပြစ်မှုဆိုင်ရာ အမှုကို ဆိုင်းငံ့ထားရန် မလိုပေ။

**လျှောက်ထားသူများအတွက်** — မလာ

**လျှောက်ထားခံရသူများအတွက်** — ၁။ ဦးဝင်းဖေ၊ ဥပဒေဝန်ထမ်း အဆင့်(၁)
၂။ မလာ

လျှောက်ထားသူ အရာခံဗိုလ်မြသောင်းနှင့် ဇနီး ဒေါ်အုံးကြည် တို့အပေါ် လျှောက်ထားခံရသူ မကြည်မြင့်က ကွယ်လွန်သူ မိခင် ဒေါ်ကျင်ခွေး ကျန်ရစ်သော ဆိုင်ခန်းရောင်းရငွေကျပ် ၂၀၀၀၀/-နှင့် ရွှေလက်ဝတ်လက်စားများကို အလွဲသုံးစား ပြုလုပ်ကြောင်း တရားစွဲဆိုသောကြောင့် ပုသိမ်အနောက်မြို့နယ် တရားရုံးတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၄ အရ အမှုကို လက်ခံစစ်ဆေးသည်။ ဒေါ်အုံးကြည်ကလည်း မကြည်မြင့် စွဲဆိုသော ပစ္စည်းများအနက် ပစ္စည်း ၂ မျိုးမှအပ

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၂၉(ခ)

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၃ တွင် ချမှတ်သော (၈-၈-၇၇)နေ့စွဲပါ ရေဝတီတိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၉

အရာခံဗိုလ် မြသောင်း ပါ(၂) နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၂။ မကြည်မြင့်

ကျန်ပစ္စည်းများမှာ ဒေါ်အုံးကြည်၏ မွေးစားမိခင် ဒေါ်ချစ်ညွန့်ထံမှ ရရှိထားသော ပစ္စည်းများဖြစ်ကြောင်း မြွက်ဟဒီကရီ ရလိုမှု ရေ၀တီ တိုင်း တရားရုံးတွင် မကြည်မြင့်အပေါ် တရားစွဲဆိုထားသည်။ ထိုအမှု မှာ တရားမကြီးမှု အမှတ် ၈/၇၆ ဖြစ်၍ ကြားနာ စစ်ဆေးဆဲပင် ဖြစ်သည်။ ဒေါ်အုံးကြည် နှင့် အရာခံဗိုလ် မြသောင်းတို့က တရားမ ကြီးမှု မပြီးပြတ်မီ ပြစ်မှုဆိုင်ရာအမှုကို ရပ်ဆိုင်းထားရန် လျှောက်ထား ခြင်းကို မြို့နယ်တရားရုံးက ခွင့်ပြုသော်လည်း ရေ၀တီတိုင်း တရားရုံးက ခွင့်မပြုသောကြောင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု ရောက်ရှိလာခြင်း ဖြစ်သည်။

မကြည်မြင့်က ဒေါ်အုန်းကြည်နှင့် ခင်ပွန်း အရာခံဗိုလ် မြသောင်းတို့ အပေါ် တရားစွဲဆိုထားသောအမှုမှာ သေဆုံးသူ ကျန်ရစ်သော ပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစား ပြုလုပ်ကြောင်း ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၄၀၄ အရ ဖြစ်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်မှု မြောက်မမြောက်ဟူသော အချက်နှင့် တရားမဆိုင်ရာအရ မြွက်ဟ ဒီကရီ ပေးသင့်မပေးသင့် ဟူသော အချက်တို့မှာ တူညီသည်ဟု မဆိုနိုင် ပေ။ တရားမမှု စွဲဆိုထားသည်ဟူသော အချက်ကြောင့် ပြစ်မှုဆိုင်ရာအမှု ကို ဆိုင်းငံ့ထားရန် မလိုပေ။ တိုင်းတရားရုံး၏ အမိန့်မှာ မှန်ကန်သည်ဟု ယူဆသောကြောင့် ပြင်ဆင်မှုကို ပယ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးသန့်စင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉
ဒီဇင်ဘာလ
၃၁ ရက်

ဒေါ်ရီရီဆင်း

နှင့်

၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

၂။ မလှသန်း *

**ကိစ္စတစ်ခုတည်းဟု ဆိုနိုင်သော အမှုများကို ပူးပေါင်း စစ်ဆေးခြင်း— ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၅ နှင့် ၂၃၉ ပါ ပြဋ္ဌာန်းချက်၏ သဘော။**

**ဆုံးဖြတ်ချက်။** ။လျှောက်ထားသူ၏ အကျိုးဆောင်က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀ အရ ပြစ်မှုနှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၂ အရ ပြစ်မှုများကို တစ်မှုတည်းတွင် ပူးပေါင်းစစ်ဆေးခြင်းမှာ တရားဥပဒေနှင့် မညီညွတ်ကြောင်း တင်ပြလျှောက်လဲသည်။ ဤအမှုတွင် ကျူးလွန်သော ပြစ်မှုများသည် သီးခြားကျူးလွန်သော ပြစ်မှုများ မဟုတ်ချေ။ ကိစ္စရပ်တစ်ခုတည်းဟု ဆိုလောက်အောင် ဆက်နွယ်နေသော ဖြစ်ရပ်တစ်ခုတည်းတွင် ကျူးလွန်သော ပြစ်မှုများ ဖြစ်သဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၅ နှင့် ၂၃၉ ပါ ပြဋ္ဌာန်းချက်များအရ ယင်းပြစ်မှုများကို တပေါင်းတည်း စွဲဆိုခြင်းကို စစ်ဆေးစီရင်နိုင်ပေသည်။

**လျှောက်ထားသူအတွက်** — ဦးသန်းမောင်၊ ဗဟိုတရားရုံးရှေ့နေ

**လျှောက်ထားခံရသူများအတွက်** — ၁။ ဒေါ်စောဝင်း၊ ဥပဒေဝန်ထမ်း အဆင့်(၂)
၂။ ဦးမောင်မောင် (၁၁)၊ ဗဟိုတရားရုံးရှေ့နေ

---

* ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၉၃(ခ)

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၁၁၅ တွင် ချမှတ်သော (၂၃-၁၁-၇၇) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၇၉

ဒေါ်ရီရီသင်း နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၂။ မလှသန်း

ကမာရွတ်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၉၆/၇၅ တွင် မလှသန်းက ဒေါ်ရီရီသင်း အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀ အရ တိုက်ရိုက်လျှောက်ထား တရားစွဲဆိုသည်။ မလှသန်းအား စစ်ဆေးပြီးနောက် မလှသန်း၏ အကျိုးဆောင်၏ လျှောက်ထားချက်အရ ဒေါ်သန်းညွန့်နှင့် ဦးကျော်သူတို့အပေါ် ဆက်လက် အရေးယူသည်။ ဒေါ်ရီရီသင်းဘက်မှ အမှုကို ထိုရုံး၌စစ်ဆေးစီရင်ခွင့်မရှိကြောင်း တင်ပြသော်လည်း မအောင်မြင်သဖြင့် ဒေါ်ရီရီသင်းက ရန်ကုန်တိုင်းတရားရုံးသို့ ပြင်ဆင်မှု တင်သွင်းသည်။ တိုင်းတရားရုံးက ဒေါ်ရီရီသင်း၏ ပြင်ဆင်မှုကို ပယ်လိုက်သောကြောင့် ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှု တင်သွင်းသည်။

ဒေါ်သန်းညွန့်နှင့် သမီးဒေါ်ရီရီသင်း တို့သည် မလှသန်း၏ အိမ်နီးချင်း ဖြစ်ဘူးသဖြင့် ရင်းရင်းနှီးနှီး ရှိကြသည်။ အချင်းမဖြစ်မီ (၂)နှစ်ခန့်က ဒေါ်သန်းညွန့်တို့သည်ကြည့်မြင်တိုင်မြို့နယ် ဌာနလမ်းသို့ ပြောင်းရွှေ့သွားသော်လည်း မလှသန်းသည် ဒေါ်သန်းညွန့်အိမ်သို့ ဝင်ထွက်သွားလာလျက်ရှိသည်။ ၁၉၇၅ ခုနှစ်၊ အောက်တိုဘာလ (၁၈)ရက်နေ့တွင် ဒေါ်သန်းညွန့်၏ မှာကြားချက်အရ မလှသန်းသည် ဒေါ်သန်းညွန့်အိမ်သို့ ဝက်သားဝယ်ပို့သည်။ ထိုစဉ်က ဒေါ်သန်းညွန့် မရှိချေ။ ဒေါ်ရီရီသင်း၏ စေခိုင်းချက်အရ မလှသန်းသည် ဝက်သား ဟင်းအိုး တယ်ပေးပြီး ပြန်လာခဲ့သည်။ နေ့လည်(၂)(၃)နာရီခန့်တွင် မလှသန်းသည် ယောက်မတော်သူ မသီသီနှင့် ဆင်မလိုက်ဈေးတွင် ဈေးဝယ်နေစဉ် မလှသန်း၏ ချိုင်းတွင် ညှပ်ထားသော ဘော်လီအင်္ကျီကို ဒေါ်သန်းညွန့်က ရုတ်တရက်ဆွဲယူပြီး ရှာဖွေသည်။ ထို့နောက်မလှသန်းအား ဦးကျော်သူ မောင်းသော ကားနှင့် ဒေါ်သန်းညွန့် အိမ်သို့ ခေါ်သွားပြီး ဒေါ်သန်းညွန့်၊ ဒေါ်ရီရီသင်း၊ ဦးကျော်သူ၊ ဦးခင်မောင်ညို တို့ရှေ့တွင် ဦးခင်မောင်ညိုနှင့် ဦးကျော်သူတို့က မလှသန်းအားစိန်လက်စွပ် ခိုးသည်ဟု စွပ်စွဲပြောဆိုသည်။ မလှသန်းက မယူကြောင်း ငြင်းရာ ထပ်တလဲလဲ မေးမြန်းပြီး ညနေ(၆)နာရီကျမှ ပြန်လွှတ်လိုက်လေသည်။ ၂၄-၁၀-၇၅ နေ့တွင် ကြည့်မြင်တိုင် ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှ မလှသန်းအား ခိုးမှုနှင့်ဖမ်းဆီးပြီး ၆-၁၁-၇၅ နေ့ထိ ချုပ်ထားသည်။ သို့ဖြစ်၍ မလှသန်းက ဒေါ်ရီရီသင်းအပေါ် အသရေပျက်မှုနှင့် ကမာရွတ်မြို့နယ် တရားရုံးတွင် တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

ဤအမှုတွင် မလှသန်းက ဆင်မလိုက်ဈေး၌ ဈေးဝယ်နေစဉ်

ဒေါ်သန်းညွန့်သည် မိမိ၏ချိုင်းတွင် ညှပ်ထားသော ဘော်လီအင်္ကျီကို ရုတ်တရက်ဆွဲယူပြီး ရှာဖွေကြောင်း။ ထို့နောက် ဦးကျော်သူမောင်းသော ကားနှင့် ဒေါ်သန်းညွန့်၏အိမ်သို့ ခေါ်သွား၍ စိန်လက်စွပ်ခိုးသည်ဟု စွပ်စွဲကြောင်း၊ ထိုသို့စွပ်စွဲသည့်အထဲတွင် ဦးကျော်သူလည်း ပါဝင်ကြောင်း၊စွပ်စွဲထားသဖြင့် မြို့နယ်တရားရုံးက ဒေါ်သန်းညွန့်နှင့် ဦးကျော်သူတို့အား အမှုတွင် တရားခံအဖြစ် ထည့်သွင်းအရေးယူခြင်းမှာ မှားယွင်းသည်ဟု မဆိုသာပေ။

၁၉၇၉
ဒေါ်ရီရီသင်း နှင့်
၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
၂။ မလှသန်း

မလှသန်း၏ စွပ်စွဲချက်အရ ဒေါ်သန်းညွန့်နှင့် ဦးကျော်သူတို့သည် ကမာရွတ်မြို့နယ်အတွင်းတွင် ပြစ်မှုကိုစတင် ကျူးလွန်ပြီး ဒေါ်သန်းညွန့်၏အိမ်တွင် ဆက်လက်၍ ပြစ်မှုကျူးလွန်သည်။ သို့ဖြစ်ရာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၈၂ ပါ ပြဋ္ဌာန်းချက်များအရ ကမာရွတ်မြို့နယ် တရားရုံးသည် ဤအမှုကို စစ်ဆေးစီရင်ခွင့် ရှိပေသည်။

လျှောက်ထားသူ၏ အကျိုးဆောင်က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀ အရ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၂ အရ ပြစ်မှုများကို တစ်မှုတည်းတွင် ပူးပေါင်းစစ်ဆေးခြင်းမှာ တရားဥပဒေနှင့် မညီညွတ်ကြောင်း တင်ပြ လျှောက်လဲသည်။ ဤအမှုတွင် ကျူးလွန်သော ပြစ်မှုများသည် သီးခြား ကျူးလွန်သော ပြစ်မှုမဟုတ်ချေ။ ကိစ္စရပ်တစ်ခုတည်းဟု ဆိုလောက်အောင် ဆက်နွယ်နေသော ဖြစ်ရပ်တစ်ခုတည်းတွင် ကျူးလွန်သော ပြစ်မှုများဖြစ်သဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၅ နှင့် ၂၃၉ ပါ ပြဋ္ဌာန်းချက်များအရ ယင်းပြစ်မှုများကို တပေါင်းတည်း စွဲဆိုခြင်းကို စစ်ဆေးစီရင်နိုင်ပေသည်။ ထို့ကြောင့် ဤပြင်ဆင်မှုကို ပယ်လိုက်သည်။

# ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးအေးမောင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၉
ဇူလိုင်လ
၁၀ ရက်

ဦးလာဘ(ခ)ဦးရွှေမြိုင် ပါ(၃)

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄—ကိုယ်တိုင် ကိုယ်ထိလက်ရောက် ကျူးလွန်ရန် မလိုသော်လည်း ပြစ်မှုကျူးလွန်ရာ၌ ကိုယ်တိုင်ရှိမှသာ တူညီသော ရည်ရွယ်ချက်ဖြင့် ကျူးလွန်သည်ဟု ယူဆနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားခံများသည် အကြံတူတခုကို အထမြောက်စေရန် ရည်ရွယ်၍ ပြစ်မှုကျူးလွန်မှသာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄ နှင့် အကျုံးဝင်ပေသည်။ ပြစ်မှုကျူးလွန်သည်ဆိုရာ၌ ပြစ်မှုကျူးလွန်သူကိုယ်တိုင် ကိုယ်ထိလက်ရောက် ကျူးလွန်ရန် မလိုသော်လည်း ပြစ်မှုကျူးလွန်ရာ၌ ကိုယ်တိုင်ရှိမှသာ တူညီသော ရည်ရွယ်ချက်ဖြင့် ကျူးလွန်ခြင်း မည်ပေသည်။ ယခုအမှုတွင် မိုးကျော်အား မောင်လှမြင့်က သတ်ဖြတ်နေစဉ် ဦးလာဘနှင့် မတင်လှတို့သည် သတ်ဖြတ်သည့်နေရာတွင် မရှိကြပဲ ကျောင်းပေါ်တွင် ရှိနေကြသဖြင့် ယင်းတို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄ အရ တာဝန်ရှိသည်ဟု ကောက်ယူရန် မဖြစ်ချေ။ သို့သော် ဦးလာဘနှင့် မတင်လှတို့သည် မိုးကျော်အား မောင်လှမြင့်က လုပ်ကြံရာတွင် အားပေး ကူညီခဲ့ကြကြောင်း အထောက်အထားများရှိသဖြင့် ယင်းတို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၁၀၉ အရ အပြစ်ဒဏ်ထိုက်သောပြစ်မှုကို ကျူးလွန်ကြသည်။

ပုဒ်မ ၂၀၁ ပါ ပြဋ္ဌာန်းချက်များသည် ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီ ခံရမည့်ပြစ်ဒဏ်မှ ကာကွယ်ရန်အကြံဖြင့် ပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်းသော သက်သေခံ အထောက်အထားတစ်ခုခုကို ပျောက်

---

* ၁၉၇၀ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၄၊၃၅၊၃၆။

† ၁၉၇၀ ခုနှစ်၊ သေဒဏ် အတည်ပြုမှု အမှတ် ၄ တွင် ချမှတ်သော (၂၇–၂–၇၀)နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏အမိန့်ကို အယူခံမှု။

| ၁၉၇၉ |
| --- |
| ဦးလာဘ(ခ) ဦးရွှေမြိုင် ပါ(၃) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် |

ပျက်စေခြင်းနှင့် ပတ်သက်သည်ဖြစ်ရာ ပြစ်မှုကို ကိုယ်ထိလက်ရောက် ကျူးလွန်သူနှင့် မသက်ဆိုင်ချေ။

**အယူခံတရားလိုများအတွက်** — ဦးစိုးမြင့်(မန္တလေး)၊ ဗဟိုတရားရုံး ရှေ့နေ

**အယူခံတရားခံအတွက်** — ဦးသိန်းလွန်း၊ ဥပဒေဝန်ထမ်း အဆင့်(၁)

**တောင်ဥက္ကလာပ မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၂၁၉/၇၇ တွင် ဦးလာဘ(ခ)ဦးရွှေမြိုင်၊ မောင်လှမြင့်(ခ)ကုလားနှင့် မတင်လှတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရ သေဒဏ်များ ကျခံစေရန်၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁(၁) အရ အလုပ်နှင့်ထောင်ဒဏ်(၇)နှစ် ကျခံစေရန်နှင့် ထိုပြစ်ဒဏ်နှစ်ရပ်ကို တပေါင်းတည်း ကျခံကြစေရန် အမိန့်ချမှတ်လိုက်သည်။ မြို့နယ်တရားရုံးက ချမှတ်သော သေဒဏ်များကို ရန်ကုန်တိုင်း တရားရုံးက အတည်ပြုသဖြင့် ဦးလာဘ(ခ)ဦးရွှေမြိုင်၊ မောင်လှမြင့်(ခ)ကုလားနှင့် မတင်လှ တို့က ဗဟိုတရားရုံးသို့ သီးခြား အယူခံမှုများ တင်ကြသည်။ ဤစီရင်ချက်သည် ထိုအယူခံမှုများနှင့် သက်ဆိုင်သည်။**

ဦးလာဘသည် တောင်ဥက္ကလာပ(၅)ရပ်ကွက် အမှတ်(၃)ကျောင်းဝင်းအတွင်းရှိ သီရိမင်္ဂလာ ကံပေါ်ကျောင်း၏ ကျောင်းထိုင်ဘုန်းကြီး ဖြစ်သည်။ ကျောင်းထိုင်ဘုန်းကြီး ခွင့်ပြုချက်ဖြင့် ထိုကျောင်း ပရဝုဏ်အတွင်း၌ မတင်လှနှင့် ဒေါ်အေးကျင်(လိုပြ-၂)တို့၏ မိသားစု များ နေထိုင်ကြသည်။ မတင်လှ၏ သားများဖြစ်ကြသော မောင် လှမြင့်၊ မြသိန်း (ခ) ကျောက်ခဲနှင့် အောင်သန်း (လိုပြ-၈) တို့အား ဦးလာဘက သင်္ကန်းဆီးပေးခဲ့သော်လည်း မောင်လှမြင့်သည် သင်္ကန်း ဝတ်နှင့် မပြချေ။ ၁၉၇၆ ခုနှစ် ဇူလိုင်လလောက်တွင် ဦးလာဘ၏ ကျောင်းသို့ ဦးဝိလာသက္က လာရောက်သီတင်းသုံးပြီး တစ်နှစ်ခန့်အကြာ တွင် ဦးဝိလာသက္က၏ ညီများဖြစ်ကြသော မောင်သန်းမြင့်(လိုပြ-၃)နှင့် မောင်ပြေအေး(လိုပြ-၅) တို့လည်း လာရောက်၍ ကိုရင်ဝတ်ကြသည်။

သေသူ မိုးကျော်သည် မောင်လှမြင့်နှင့် ခင်မင်ရင်းနှီးသဖြင့် မောင် လှမြင့်နေထိုင်ရာ အခန်းသို့ နေအိမ်စားအိမ်သဖွယ် မကြာခဏ လာ

၁၉၇၉
ဦးလာဘ(ခ)
ဦးရွှေမှိုင်
ပါ(၃)
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

ရောက်ခဲ့သည်။ ထိုသို့ လာရောက်သောအခါများတွင် မိုးကျော်က မောင်လှမြင့်နှင့် မောင်လှမြင့်၏ နှမဖြစ်သူ မညို (ခံပြ-၇) တို့အပေါ် နိုင်ထက်စီးနင်း ပြုကျင့်လေ့ရှိသည်။ တချိန်တွင် မိုးကျော်က မညို (ခံပြ-၇)ကိုပင် စော်ကားရန် ကြံစည်ခဲ့ဘူးသည်။ ဤသို့ မိုးကျော်က နိုင်ထက်စီးနင်း ပြုကျင့်သည့်အပြင် မညို(ခံပြ-၇) အား စော်ကားရန် ကြံစည်သောကြောင့် မောင်လှမြင့်က မိုးကျော်အပေါ် ရန်ငြိုးထားခဲ့သည်။

၁၉၇၇ ခုနှစ် ဩဂုတ်လအတွင်း နေ့တနေ့ နံနက် ၆ နာရီခွဲခန့်တွင် မိုးကျော်သည် မောင်လှမြင့်ထံရောက်လာပြီး မောင်လှမြင့်၏အခန်းတွင်း ဝင်အိပ်သောအခါ မောင်လှမြင့်သည် ဦးလာဘ၏ ကျောင်းပေါ်သို့ တက်သွားခဲ့သည်။ တစ်နာရီခန့်အကြာတွင် မောင်လှမြင့်သည် ဦးလာဘ ပေးလိုက်သော ရဲဒင်းကိုယူ၍ ကျောင်းပေါ်မှ ဆင်းလာပြီးလျှင် ထို ရဲဒင်းဖြင့် မိုးကျော်အား ထုသတ်လိုက်သည်။ ထို့နောက် မိုးကျော်၏ အလောင်းကို ခုတ်ထစ်၍ အသားများကို စဉ့်အိုးတစ်လုံးတွင် ထည့်ပြီး ကျောင်းပေါ်သို့ ပို့သည်။ ကျန် ခန္ဓာကိုယ် အစိတ်အပိုင်းအချို့ကို မြေတွင်မြှုပ်ပြီး အချို့ကို ချောင်းထဲသို့ ပစ်လိုက်သည်။ မောင်လှမြင့်၏ အခန်းတွင် မိုးကျော် ဝင်အိပ်သည့်အချိန်မှစ၍ မိုးကျော်၏ ခန္ဓာကိုယ် အစိတ်အပိုင်းများကို မောင်လှမြင့် လိုက်လံပြသသည့် နေရာများမှ တူးဖော်ရရှိသည့် အချိန်အထိကာလအတွင်း မောင်လှမြင့်၏ ပြုမူဆောင် ရွက်ချက်အကြောင်းများသည် မူလရုံးအမှုတွဲရှိ သက်သေခံချက်များတွင် ပေါ်လွင်လျက်ရှိပေသည်။ ထို့ပြင် မိုးကျော်အား ရဲဒင်းနှင့် ထုသတ် သည့်အကြောင်းကို မောင်လှမြင့်က ငြင်းကွယ်ခြင်းမပြုချေ။ ယင်း ပေးခဲ့သော သက်သေခံစာတမ်း အမှတ်(၅)ဖြောင့်ချက်တွင် မိုးကျော်က မညို(ခံပြ-၇)အား စော်ကားရန် ကြံစည်ခြင်းကို လက်စားချေသည့် သဘောဖြင့် မိုးကျော်အား သတ်ခဲ့သည့်အကြောင်းကို မောင်လှမြင့်က ဝန်ခံခဲ့သည်။ မြို့နယ်တရားရုံး၌ သက် သေ ခံ သော အ ခါ တွင် လည်း ထပ်မံ၍ ဖြောင့်ဆိုထားသည်။ ထို့ကြောင့် မောင်လှမြင့်က မိုးကျော် အား ထင်ကူး ကြံရွယ်ချက်ဖြင့် သတ်ခဲ့ကြောင်းမှာ ထင်ရှားသည်။

မိုးကျော်အား သတ်သည့်ကိစ္စတွင် အခြား မည်သူမှ ပါဝင်ခြင်း မရှိကြောင်း မောင်လှမြင့်က ဆိုသည်။ ထို့အတူ ဦးလာဘနှင့် မတင်လှ တို့ကလည်း ငြင်းကွယ်ကြသည်။ သို့သော် အမှုတွဲရှိ သက်သေခံချက်

၁၉၇၉
ဦးလာဘ(ခ) ဦးရွှေမိုင် ပါ (၃) နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

များမှ ဦးလာဘနှင့် မတင်လှတို့အပေါ် ငြိစွန်းသော ထွက်ဆိုချက်များကို ဦးလာဘနှင့် မတင်လှတို့က ချေဖျက်နိုင်ခြင်း မရှိကြချေ၊

မောင်လှမြင့်ထံသို့ မိုးကျော် မကြာခဏလာခြင်းသည် ကျောင်းတွင်ဖြစ်ပျက်နေသည့်ကိစ္စများကို စုံထောက်ရန်အတွက် လာခြင်းဖြစ်သည်ဟု ဦးလာဘက ထင်မှတ်၍ မိုးကျော်အား သတ်ရမည့် အကြောင်းကို ဒေါ်အေးကျင်(လိုပြ-၂)အားပြောခဲ့သည်။ ထိုသို့မပြုလုပ်သင့်ကြောင်း ဒေါ်အေးကျင် (လိုပြ-၂) က ဦးလာဘအား ပြောကြားသောအခါ အနီးတွင်ရှိနေသူ မတင်လှက ဒေါ်အေးကျင်(လိုပြ-၂)၏ ကွယ်ရာတွင် လုပ်မည့်အကြောင်း ပြန်၍ ပြောလိုက်သည်။ ထို့ပြင် မိုးကျော်၏စော်ကားမှုကို မညို(ခံပြ-၇)က မိခင်ဖြစ်သူ မတင်လှအား တိုင်ကြားသည့်စကားကို ဦးလာဘက ကြားသဖြင့် နောက်တခါ မိုးကျော်လာလျှင် မိုးကျော်အား ရှင်းပစ်မည်ဟူ၍လည်း ဦးလာဘက မညို(ခံပြ-၇)အား မောင်လှမြင့်နှင့် မတင်လှတို့ရှေ့တွင် ပြောခဲ့သေးသည်။

အခင်းဖြစ်နေ့က မောင်လှမြင့်အခန်းတွင် မိုးကျော် အိပ်နေစဉ် မောင်လှမြင့်သည် ဦးလာဘရှိရာ ကျောင်းပေါ်သို့ တက်သွားခဲ့သည်။ ဦးလာဘက မောင်လှမြင့်၏ ညီအရင်းတော်သူ မောင်အောင်သန်း (လိုပြ-၈) ရှေ့တွင် မောင်လှမြင့်အား ရဲဒင်းပေး၍ မိုးကျော်အား သွားရောက်သတ်ရန် ခိုင်းခဲ့သည်။ မောင်လှမြင့်က မိုးကျော်အား သတ်၍ အလောင်းကို ခုတ်ထစ်နေစဉ် မတင်လှက ဒေါ်အေးကျင်(လိုပြ-၂)အား ကျောင်းပေါ်သို့ခေါ်တင်ပြီးနောက် ဦးလာဘက ဒေါ်အေးကျင်(လိုပြ-၂)၊ကိုရင်သန်းမြင့်(လိုပြ-၃)၊ကိုရင်ပြေအေး(လိုပြ-၅)နှင့် ဦးဝိလာသက္ကတို့အား မောင်လှမြင့်က မိုးကျော်ကိုသတ်သည့်အကြောင်း မည်သူ့ကိုမျှ မပြောရန် နှုတ်ပိတ်၍ သစ္စာရေတိုက်ခဲ့သည်။ မတင်လှကိုမူ သစ္စာရေ မတိုက်ချေ။ ထိုသို့သစ္စာရေတိုက်ပြီး နောက် မည် သည့် အ ကြောင်းကြောင့်မျှ ကျောင်းအောက်သို့ မဆင်းကြရန် ဦးလာဘက ဒေါ်အေးကျင်(လိုပြ-၂)၊ ကိုရင်သန်းမြင့်(လိုပြ-၃)၊ ကိုရင်ပြေအေး(လိုပြ-၅)နှင့် ဦးဝိလာသက္ကတို့အား တားမြစ်သဖြင့် ထိုလူစုသည် ကျောင်းပေါ်တွင် တနေကုန်နေခဲ့ကြရသည်။ ထိုသို့ ဦးလာဘက တားမြစ်ခြင်းမှာ မောင်လှမြင့်က မိုးကျော်၏အလောင်းကို ယင်း၏အခန်းတွင် ခုတ်ထစ်နေသောကြောင့်ဖြစ်သည်။ ကျောင်းပေါ်၌ ဒေါ်အေးကျင်(လိုပြ-၂) ရှိနေစဉ်မှာပင် မောင်လှမြင့်သည် သွေးစွန်းနေသောဓားကိုကိုင်၍ ကျောင်းပေါ်

၁၉၇၉
ဦးလာဘ(ခ)
ဦးရွှေမှိုင်
ပါ (၃)
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

သို့ တက်လာပြီး သွေးခိုင်းသဖြင့် မတင်လှက သွေးပေးရသည်ကို ဒေါ်အေးကျင်(လိုပြ-၂)က တွေ့မြင်ရသည်။ ဦးလာဘနှင့် မတင်လှတို့သည် ဒေါ်အေးကျင်(လိုပြ-၂)တို့လူစုအား ကျောင်းပေါ်တွင်ထားပြီး မြို့ယံသို့အတူထွက်သွားရာ ညခုနပိုင်းတွင်မှ ပြန်လာကြသည်။ ဦးလာဘနှင့်မတင်လှတို့ ပြန်ရောက်လာသောအခါ မောင်လှမြင့်က မေးသဖြင့် ဦးလာဘက အသားအချို့ကိုဟင်းချက်ပြီးအချို့ကိုမြှုပ်ရန်ပြောသည်ကို ကိုရင်သန်းမြင့်(လိုပြ-၃)က ကြားလိုက်သည်။ နောက်နေ့တွင် မိုးကျော်၏အလောင်းမှ အသားများကို ချက်ထားသည့်ဟင်းကို ဦးလာဘက ကျွေးသဖြင့် ကိုရင်သန်းမြင့်(လိုပြ-၃)၊ ကိုရင်ပြေအေး(လိုပြ-၅)နှင့် ဦး ဝိ လာ သ တ္တ တို့ စားကြရသည်။ ဒေါ်အေးကျင် (လိုပြ-၂)အား ကျွေးသော်လည်း ဒေါ်အေးကျင်(လိုပြ-၂)က မစားသောအခါ မတင်လှက ဒေါ်အေးကျင်(လိုပြ-၂) ကြောက်တတ်၍မကျွေးရန် ဦးလာဘအား ဝင်၍ပြောခဲ့သည်။

အထက်တွင်ဖော်ပြခဲ့သည့်အကြောင်းအရာများသည် မူလရုံးအမှုတွဲရှိ သက်သေထွက်ဆိုချက်များတွင် ပေါ်လွင်လျက်ရှိသည်။ ထိုသက်သေများသည် ဦးလာဘနှင့်မတင်လှတို့၏ ကျေးဇူးမကင်းကြသူများ ဖြစ်ကြ၍ ဦးလာဘနှင့်မတင်လှတို့ နစ်နာကြစေဘို့ မတရားထွက်ဆိုကြရန် လိုလောက်သော အကြောင်းမရှိကြချေ။ ဤသက်သေခံ အထောက်အထားများအရ ဦးလာဘနှင့်မတင်လှတို့သည် မိုးကျော်အား သေစေလိုသော ဆန္ဒရှိကြသည့်အလျောက် မူလကပင် မိုးကျော်အပေါ် ရန်ငြိုးဖွဲ့ထားသူ မောင်လှမြင့်အား လှုံ့ဆော်ကူပံ့ကြသဖြင့် မောင်လှမြင့်က မိုးကျော်အား တင်ကူး ကြံရွယ်ချက်ဖြင့် သတ်ခဲ့ခြင်း ဖြစ်ကြောင်း ပေါ်လွင်ပေသည်။

တရားခံများသည် အကြံတူတစ်ခုကို အထမြောက်စေရန် ရည်ရွယ်၍ ပြစ်မှုကျူးလွန်မှသာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄ နှင့် အကျုံးဝင်ပေသည်။ ပြစ်မှုကျူးလွန်သည်ဆိုရာ၌ ပြစ်မှုကျူးလွန်သူကိုယ်တိုင် ကိုယ်ထိလက်ရောက် ကျူးလွန်ရန်မလိုသော်လည်း ပြစ်မှုကျူးလွန်ရာ၌ ကိုယ်တိုင်ရှိမှသာ တူညီသောရည်ရွယ်ချက်ဖြင့် ကျူးလွန်ခြင်းမည်ပေသည်။ ယခုအမှုတွင် မိုးကျော်အား မောင်လှမြင့်ကသတ်ဖြတ်နေစဉ် ဦးလာဘနှင့်မတင်လှတို့သည် သတ်ဖြတ်သည့်နေရာတွင် မရှိကြပဲ ကျောင်းပေါ်တွင် ရှိနေကြသဖြင့် ယင်းတို့သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄ အရ တာဝန်

ရှိသည်ဟု ကောက်ယူရန်မဖြစ်ချေ။ သို့သော် ဦးလာဘနှင့်မတင်လှတို့သည် မိုးကျော်အား မောင်လှမြင့်က လုပ်ကြံရာတွင် အားပေးကူညီခဲ့ကြကြောင်း အထောက်အထားများရှိသဖြင့် ယင်းတို့သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ခ)/ ၁၀၉ အရ အပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ကျူးလွန်ကြသည်။

၁၉၇၉
ဦးလာဘ(ခ)
ဦးရွှေမြိုင်
ပါ (၃)
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

မြို့နယ်တရားရုံးက အယူခံတရားလိုတို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀၁ အရ သက်သေခံ အထောက်အထားများ ပျောက်ပျက်အောင် ပြုလုပ်မှုဖြင့်လည်း အပြစ်ပေးထားသည်။ ပုဒ်မ ၂၀၁ ပါ ပြဋ္ဌာန်းချက်များသည် ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီ ခံရမည့်ပြစ်ဒဏ်မှ ကာကွယ်ရန်အကြံဖြင့် ပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်းသော သက်သေခံ အထောက်အထားတစ်ခုခုကို ပျောက်ပျက်စေခြင်းနှင့် ပတ်သက်သည်ဖြစ်ရာ ပြစ်မှုကို ကိုယ်ထိလက်ရောက် ကျူးလွန်သူနှင့် မသက်ဆိုင်ချေ။ ထို့ကြောင့် မောင်လှမြင့်သည် ယင်းသတ်သည့် မိုးကျော်၏အလောင်း ပျောက်ပျက်အောင် ပြုလုပ်ခြင်းဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀၁ အရ ပြစ်မှုကျူးလွန်ရာ မရောက်ချေ။ ဦးလာဘနှင့် မတင်လှတို့သည် အလောင်းပျောက်ပျက်အောင် မောင်လှမြင့်အား အားပေး ကူညီကြောင်း ပေါ်ပေါက်သော်လည်း မောင်လှမြင့်က အလောင်းပျောက်ပျက်အောင် ပြုလုပ်ခြင်းမှာ ပြစ်မှုမမြောက်သဖြင့် ဦးလာဘနှင့်မတင်လှတို့၏ ယင်းကဲ့သို့ အားပေးကူညီမှုများသည်လည်း ပြစ်မှုမမြောက်ချေ။

ထို့ကြောင့် ဦးလာဘ(ခ)ဦးရွှေမြိုင်၊ မောင်လှမြင့်(ခ)ကုလားနှင့် မလှတင်တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁)(ခ)/၃၄ နှင့် ပုဒ်မ ၂၀၁ အရ မြို့နယ်တရားရုံးက အပြစ်တွေ့ရှိခြင်းနှင့် ပြစ်ဒဏ်သတ်မှတ်ခြင်းများကိုပယ်ဖျက်၍ မောင်လှမြင့်(ခ)ကုလားအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁)(ခ)အရလည်းကောင်း၊ ဦးလာဘ(ခ)ဦးရွှေမြိုင်နှင့် မတင်လှတို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁)(ခ)/၁၀၉ အရလည်းကောင်း သေဒဏ်အသီးသီး ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးသန့်စင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

၁၉၇၆ ဩဂုတ်လ ၈ ရက်

ဦးလှဖေ

နှင့်

၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

၂။ ဦးစိုးမြင့် *

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၄—စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ဆင့်သော အခွန်ကောက်နို့တစ်စာကိုမလိုက်နာခြင်းသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၄ နှင့် သက်ဆိုင်မှု မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။စည်ပင်သာယာရေးအဖွဲ့မှ စည်းကြပ်ကောက်ခံသော အဆောက်အဦခွန်နှင့် မီးခွန်ကို ၃၁-၈-၇၆ နေ့ မတိုင်မီ စည်ပင်သာယာရေးအဖွဲ့ အတွင်းရေးမှူးထံ မပေးသွင်းရန်ဖြစ်သော်လည်း ပေးသွင်းရန် ပျက်ကွက်ခဲ့ကြောင်း။ စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ဆင့်သော နို့တစ်စာမှာ အခွန်တော် စည်းကြပ်သည့် စာဖြစ်ကြောင်း ပေါ်လွင်သည်။ ထိုနို့တစ်စာတွင် အခွန်တော်ငွေများ မထမ်းဆောင်ပါက မြေခွန်တော် ဥပဒေအရ တိကျစွာ အရေးယူမည် ဖြစ်ကြောင်း သတိပေးပါသည်ဟုလည်း ဖော်ပြထားလေသည်။ နို့တစ်စာမှာ စည်ပင်သာယာရေးအဖွဲ့သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း တက်ရောက်ရန် ထုတ်ဆင့်သည့် နို့တစ်စာမဟုတ်ပေ၊ ယင်းနို့တစ်စာကို လျှောက်ထားသူက မလိုက်နာခြင်းကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၇၄ အရ ပြစ်မှုကျူးလွန်သည်ဟု မဆိုသာပေ။

**လျှောက်ထားသူအတွက်** — ကိုယ်တိုင်

**လျှောက်ထားခံရသူအတွက်** — ဦးမြင့်အောင်၊ဥပဒေဝန်ထမ်းအဆင့်(၁)

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၇၀(ခ)

†၊ ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၃ တွင် ချမှတ်သော (၄-၇-၇၇)နေ့စွဲပါ ပဲခူးတိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၉
ဦးလှဖေ
နှင့်
၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
၂။ ဦးစိုးမြင့်

ညောင်လေးပင်မြို့နယ် မဒေါက်မြို့မ (၂)ရပ်ကွက် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃/၇၆ တွင် ဦးလှဖေအပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၇၄ အရ ဒဏ်ငွေကျပ် ၄၅/-ထမ်းဆောင်ရန် မဆောင်ကလျှင် ဒဏ် ကာလ ကျခံစေရန် ချမှတ်သည့်အမိန့်ကို ဦးလှဖေက မကျေနပ်သော ကြောင့် ညောင်လေးပင်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁/၇၆ ၌ လျှောက်ထားရာ မအောင်မြင်ခဲ့ပေ။ မြို့နယ်တရားရုံး၏အမိန့်ကို မကျေနပ်သောကြောင့် ဦးလှဖေက ပဲခူးတိုင်း တရားရုံး ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃/၇၇ ၌ လျှောက်ထားရာ ပလပ်ခြင်းခံရသည့် အတွက် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို ထပ်မံ တင်သွင်းခြင်း ဖြစ်သည်။

ဦးစိုးမြင့်(လိုပြ-၁)က လျှောက်ထားသူ ဦးလှဖေသည် မဒေါက်မြို့ စည်ပင်သာယာရေးအဖွဲ့မှ စည်းကြပ် ကောက်ခံသော ၁၉၇၅ ခုနှစ် အတွက် အဆောက်အအုံခွန်နှင့်မီးခွန်စုစုပေါင်းငွေကျပ် ၂၃/၄၀ ပြား နှင့် ထပ်မံထုတ်ဆင့်သည့် နို့တစ်စာထုတ်ခငွေကျပ် ၁/-တန်တံဆိပ်ခေါင်း တစ်လုံးကိုပါ ၃၁-၈-၇၆ နေ့မတိုင်မီ စည်ပင်သာယာရေးအဖွဲ့ အတွင်း ရေးမှူးထံ ပေးသွင်းရန် ဖြစ်သော်လည်း ပေးသွင်းရန် ပျက်ကွက်ခဲ့ ကြောင်းဖြင့် ထွက်ဆိုထားလေသည်။ လျှောက်ထားသူက နို့တစ်စာတွင် လျှောက်ထားသူ လာရောက်ရမည့် နေရာကို ဖော်ပြ မထားကြောင်း၊ နို့တစ်စာတွင် အခွန်ငွေများ မထမ်းဆောင်လျှင် မြေခွန်တော် ဥပဒေ အရ အရေးယူမည်ဖြစ်ကြောင်း ဖော်ပြထားသော်လည်း ယင်းဥပဒေ အရ အရေးမယူပဲ ပြစ်မှုဆိုင်ရာ ဥပဒေအရ အရေးယူ တိုင်တန်းသည် ကို လက်ခံပြီး မူလတရားရုံးက ပြစ်မှုထင်ရှား စီရင် ထားခြင်းမှာ မှားယွင်းကြောင်းဖြင့် တင်ပြလေသည်။

ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၇၄ ၏ သဘောမှာ ချိန်းဆိုသော ကာလတွင် ချိန်းဆိုသော နေရာသို့ တစ်ဦးတယောက်သော သူအား ကိုယ်တိုင်သော် လည်းကောင်း၊ ကိုယ်စားလှယ်ကို သော်လည်းကောင်း တက်ရောက်ရန် သမ္မာန်စာဖြစ်စေ၊ နို့တစ်စာဖြစ်စေ၊ အမိန့်စာဖြစ်စေ၊ ကြေငြာစာဖြစ်စေ ထုတ်ဆင့်သည်ကို ချိန်းဆိုသော ကာလတွင် ချိန်းဆို သော အရပ်သို့ ထိုချိန်းဆိုခံရသူက မတက်ရောက်ပဲ တမင်ပျက်ကွက်ခြင်း၊ သို့မဟုတ် တက်ရောက်ရန် တာဝန်ရှိသည့်နေရာမှ ဥပဒေအရ ထွက်ခွာ သွားခွင့်ရသော အချိန်မတိုင်မီ ထွက်ခွာခြင်း စသည်တို့ဖြစ်ပေသည်။

၁၉၇၉
ဦးလှဖေ နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၂။ ဦးစိုးမြင့်

စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ဆင့်သော နို့တစ်စာမှာ အခွန်တော် စည်းကြပ်သည့်စာ ဖြစ်ကြောင်း ပေါ်လွင်သည်။ ထိုနို့တစ်စာတွင် အခွန်တော်ငွေများ မထမ်းဆောင်ပါက မြေခွန်တော်ဥပဒေအရ တိကျစွာ အရေးယူမည်ဖြစ်ကြောင်း သတိပေးပါသည်ဟုလည်း ဖော်ပြထားလေသည်။ နို့တစ်စာမှာ စည်ပင်သာယာရေးအဖွဲ့သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း တက်ရောက်ရန် ထုတ်ဆင့်သည့် နို့တစ်စာမဟုတ်ပေ။ ယင်းနို့တစ်စာကို လျှောက်ထားသူက မလိုက်နာခြင်းကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၇၄ အရ ပြစ်မှုကျူးလွန်သည်ဟု မဆိုသာပေ၊ အောက်ရုံးအဆင့်ဆင့်က လျှောက်ထားသူအပေါ် ပြစ်မှုထင်ရှား စီရင်ခြင်းမှာ ဥပဒေအရ မှားသည်ဟု ဆိုရန်ရှိသည်။

သို့ဖြစ်၍ ရပ်ကွက်တရားရုံး၊ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်ပြီးလျှင် လျှောက်ထားသူအား အမှုမှ အပြီးအပြတ်လွှတ်ရန် အမိန့်ချမှတ်သည်။

လျှောက်ထားသူက ဒဏ်ငွေများ ထမ်းဆောင်ဖြစ်လျှင် လျှောက်ထားသူအား ပြန်လည်ထုတ်ပေးစေ။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးအေးမောင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးလှမောင် ပါ(၂)

နှင့်

၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
၂။ ဦးသာစိန်*

† ၁၉၇၉
ဇွန်လ
၄ ရက်

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၄ ယင်းပုဒ်မတွင် ဖော်ညွှန်းသည့်၊ ပြည်သူ့ဝန်ထမ်း၏ အမိန့်အရ မြေပေါ်စိုက်ထူထားသော မှတ်တိုင်ဖြစ်ရန်လိုခြင်း။

**ဆုံးဖြတ်ချက်။** ။သာသနာ့မြေအဖြစ် သတ်မှတ်ပေးရေး အတွက် လျှောက်ထားမှု ပြုလုပ်နိုင်ရန် မြေပုံဆွဲရေးကိစ္စအတွက် တိုင်းတာပေးသည့် မြေကို အနေအထားသိရှိရန် ဂေါပကအဖွဲ့က စိုက်ထူခဲ့သည့် မှတ်တိုင်များသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၄ တွင် ဖော်ညွှန်းသည့် ပြည်သူ့ဝန်ထမ်း၏ အမိန့်အာဏာအရ မြေပေါ်၌ သတ်မှတ် စိုက်ထားသော မှတ်တိုင်များဖြစ်သည်ဟု မှတ်ယူရန်မဖြစ်နိုင်ပေ။

လျှောက်ထားသူအတွက် — ဦးချစ်၊ ဗဟိုတရားရုံးရှေ့နေ
လျှောက်ထားခံရသူအတွက် — ၁။ ဦးသိန်းလွန်း၊ ဥပဒေဝန်ထမ်းအဆင့် (၁)
၂။ —

လျှောက်ထားသူ ဦးလှမောင်နှင့် ဦးထွန်းရင် တို့သည် သာသနာ့မြေအဖြစ် သတ်မှတ်ရန် သထုံမြို့နယ် မြေစာရင်းဦးစီးဌာန တိုင်းထွာပြီး စိုက်ထားခဲ့သော မှတ်တိုင်များကို နုတ်ပစ်ကြသဖြင့် အရေးယူပေးပါရန် လျှောက်ထားခံရသူ ဦးသာစိန်က သထုံမြို့နယ် တရားရုံးတွင် ဦးတိုက်လျှောက်ထားသည့်အတွက် တရားရုံးက စစ်ဆေးပြီး ဦးလှမောင်နှင့် ဦးထွန်းရင်တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၃၄ အရ ဒဏ်ငွေကျပ် ၁၀၀/-စီ၊ မဆောင်လျှင် အလုပ်မဲ့ထောင် ၂ လစီ ကျခံစေရန် အမိန့်

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၂၆၇(ခ)
†၊ ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၅၇(သထ) တွင် ချမှတ်သော (၁၁-၇-၇၇) နေ့စွဲပါ မွန်ပြည်နယ် တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၇၉
ဦးလှမောင်
ပါ (၂)
နှင့်
၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
၂။ ဦးသာစိန်

ချမှတ်သည်။ ယင်းအမိန့်ကို လျှောက်ထားသူများက မကျေနပ်၍ မှန်ပြည့်နယ်တရားရုံး၌ အယူခံသော်လည်း မအောင်မြင်သဖြင့် ဤပြင်ဆင်မှုကို တင်သွင်းခြင်း ဖြစ်သည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၃၄ အရ ပြည်သူ့ဝန်ထမ်း၏ အမိန့်အာဏာအရ မြေပေါ်၌ သတ်မှတ်စိုက်ထူထားသော မှတ်တိုင်ကိုဖျက်ဆီးခြင်း၊ ရွှေ့ခြင်း၊ အသုံးဝင်မှုကို လျော့နည်းအောင် ပြုလုပ်ခြင်းတို့ကို ကျူးလွန်လျှင် ထိုသူကို ယင်းပုဒ်မအရ ပြစ်ဒဏ် သတ်မှတ်နိုင်သည်။

ဤအမှုမှ လျှောက်ထားသူများသည် သထုံမြို့နယ် ဝင်းပကျေးရွာအနီး မြေကွက်များတွင် အခွန်ထမ်းဆောင်၍ ခြံလုပ်ကိုင်သူများဖြစ်သည်။ ယင်းကျေးရွာအုပ်စုတွင်း အမှတ်(၅၃၇)တောကွင်းနံပါတ်(၁)တွင်ရှိ မြေတကွက်သည် ယခင်က ဘုရားကျောင်းမြေဖြစ်၍ သာသနာ့မြေအဖြစ် သတ်မှတ်ပေးရန် လျှောက်ထားခံရသူ ဦးသာစိန် ပါဝင်သော ဂေါပကအဖွဲ့က သထုံမြို့နယ် ဝင်းပကျေးရွာအုပ်စု မြေယာကော်မတီသို့ လျှောက်ထားရာ ကော်မတီက သာသနာ့မြေအဖြစ် သတ်မှတ်ကြောင်း ဆုံးဖြတ်သည်။ ယင်းအမိန့်ကို လျှောက်ထားသူ ဦးလှမောင်တို့က မကျေနပ်၍ သထုံမြို့နယ် မြေယာကော်မတီသို့ အယူခံသည့်အခါ မူလရုံးအမှုတွဲတွင်သက်သေခံ အမှတ်(၁)အဖြစ် လက်ခံထားသည့် စာအရ ကျေးရွာအုပ်စု မြေယာကော်မတီများသည် သာသနာ့မြေ၊ ဘုရားမြေအဖြစ် သတ်မှတ်ပေးရန် ဆုံးဖြတ်ပိုင်ခွင့် မရှိသည့်အတွက် ဝင်းပကျေးရွာအုပ်စု မြေယာကော်မတီ၏ ဆုံးဖြတ်ချက်အမိန့်ကို ပယ်ဖျက်လိုက်သည်။ ပယ်သည့်အမိန့်တွင် သာသနာ့မြေအဖြစ် သတ်မှတ်ပေးစေလိုပါက သထုံမြို့နယ် မြေစာရင်းဦးစီးဌာနမှူးရုံးသို့ လျှောက်ထားနိုင်ကြောင်း ဖော်ပြခဲ့သည်။

မြို့နယ် မြေယာကော်မတီ၏ အကြံပေးချက်အရ သာသနာ့မြေအဖြစ် သတ်မှတ်ပေးရန် လျှောက်ထားရေးအတွက် မြေပုံတင်ပြရန် လိုသည်။ ထိုကိစ္စအတွက် သထုံမြို့ မြေစာရင်းဦးစီးဌာနမှူမြို့နယ်ဦးစီးမှူး ဦးမင်းဖေမြင့်(လိုပြ-၆)၊ မြေတိုင်းစာရေး ဦးတင်ချိန် (လိုပြ-၄)တို့၏အကူအညီနှင့် ကျေးရွာလူကြီးများသည် မြေကို တိုင်းထွာသည်။ အလွယ်အလာသိရှိရန် သစ်ဝါးများဖြင့် ဂေါပကအဖွဲ့မှ မှတ်တိုင်များ စိုက်ထူခဲ့သည်။

သာသနာ့မြေအဖြစ် သတ်မှတ်ပေးရေး အတွက် လျှောက်ထားမှု ပြုလုပ်နိုင်ရန် မြေပုံဆွဲရေးကိစ္စအတွက် တိုင်းတာပေးသည့်မြေကို အနေ

အထားသိရှိရန် ဂေါပကဖွဲ့က စိုက်ထူခဲ့သည့် မှတ်တိုင်များသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၃၄ တွင် ဖော်ညွှန်းသည့် ပြည်သူ့ဝန်ထမ်း၏ အမိန့်အာဏာအရ မြေပေါ်၌ သတ်မှတ်စိုက်ထားသော မှတ်တိုင်များ ဖြစ်သည်ဟု မှတ်ယူရန် မဖြစ်နိုင်ပေ။

ထို့ပြင် အမှုတွဲကို လေ့လာသည့်အခါ လျှောက်ထားသူများသည် မှတ်တိုင်များကို နုတ်ပစ်သည်ကို မြင်ကြောင်း တစ်ဦးတစ်ယောက်မျှ ထွက်ဆိုထားခြင်း မရှိပေ။ လျှောက်ထားသူတို့က မှတ်တိုင် များကို ယင်းတို့မနုတ်ရကြောင်း သစ္စာပြု၍ ထွက်ဆိုထားကြသည်။

လျှောက်ထားသူများသည် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၃၄ ပါ ပြစ်မှု ကျူးလွန်ကြောင်း အထောက်အထား မရှိ၍ လျှောက်ထားသူ ဦးလှမောင်နှင့်ဦးထွန်းရင်တို့အပေါ် သထုံမြို့နယ်တရားရုံးနှင့်မွန်ပြည်နယ် တရားရုံးတို့မှ ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်ပြီး ယင်းတို့အား ဤအမှုနှင့် ပတ်သက်၍ အပြီးအပြတ် လွှတ်လိုက်သည်။

၁၉၇၉
ဦးလှမောင်
ပါ (၂)
နှင့်
၁။ မြည်
ဆောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
၂။ဦးသာစိန်

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

**ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးအေးမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်**

† ၁၉၇၉
မတ်လ
၃၁ ရက်

**မောင်ဝင်း ပါ(၂)**

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် *

**ဝန်ထမ်းတစ်ဦးအား ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီးမှသာ ပြစ်မှု ကြောင်းအရ အရေးယူရမည်ဟူ၍ သတ်မှတ်ချက် မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ပြစ်မှုဆိုင်ရာနှင့် ပတ်သက်ပြီး အရေးယူရာတွင် ဌာနဆိုင်ရာ စစ်ဆေးမှု ပြုလုပ်ပြီးမှသာ အရေးယူနိုင်သည် မဟုတ်ပေ။ ဌာနဆိုင်ရာ စစ်ဆေးမှု ပြုလုပ်သည်ဖြစ်စေ၊ မပြုလုပ်သည်ဖြစ်စေ၊ ပြစ်မှု ကျူးလွန်သည်ဟု ယူဆသူများအပေါ် ဌာနဆိုင်ရာ အကြီးအကဲသည် ပြစ်မှုကြောင်းအရ အရေးယူနိုင်ခွင့် ရှိသည်။

**လျှောက်ထားသူများအတွက်— ဦးဘစိန်၊ ဦးဘိုးအောင်၊ ဗဟိုတရားရုံး ရှေ့နေများ**

**လျှောက်ထားခံရသူအတွက် — ဦးမြင့်အောင်၊ ဥပဒေဝန်ထမ်းအဆင့်(၁)**

ကျုံ့ပျော်မြို့နယ် တရားရုံးက လျှောက်ထားသူများ ဖြစ်ကြသော မောင်ဝင်းနှင့် မောင်မြဝင်းတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရ ထောင်ဒဏ် ၃ နှစ်စီ ချမှတ်သည်။ ရေဝတီတိုင်း တရားရုံးက လျှောက်ထားသူများ၏ အယူခံကို ပလပ်သည်။ ထို့ကြောင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှု တင်သွင်းခြင်းဖြစ်သည်။

လျှောက်ထားသူ မောင်ဝင်းသည် ကျုံ့ပျော်မြို့နယ် ကုန်သွယ်ရေး အမှတ်(၁)မှ ဒုကုန်စာရေးဖြစ်၍ လျှောက်ထားသူ မောင်မြဝင်းသည် ဆန်စက်သိုလှောင်ရေးမှူး ဖြစ်သည်။ လျှောက်ထားသူများအပေါ် စွဲဆို

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၅၄(ခ)
† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၃(ကျုံ့ပျော်)တွင် ချမှတ်ထားသော(၆-၇-၇၇) နေ့စွဲပါ ရေဝတီတိုင်းတရားရုံး၏ အမိန့်ကိုပြင်ဆင်မှု။

၁၉၇၉
မောင်ဝင်း
မော
ပါ (၂)
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

သော အမှုမှာ ကျုံပျော်မြို့နယ် စပါးဒိုင်သို့ ဦးကုလား (လိုပြ-၂) ထံမှ စပါး ၇၅ တင်းကို သင့်ငွေကျပ် ၁၀၂၇/- ဖြင့် ဝယ်ရသည်ဟူ၍လည်းကောင်း၊ ဒေါ်မြညွှာ(လိုပြ-၃)ထံမှ စပါးတင်း ၄၀ ကို သင့်ငွေကျပ် ၄၇၀/-ဖြင့် ဝယ်ရပါသည်ဟူ၍လည်းကောင်း၊ လိမ်လည်၍ ပြေစာအတုများ ပြုလုပ်ရေးသားပြီး ငွေအလွဲသုံးစား ပြုလုပ်ကြောင်း စွဲဆိုသော အမှုဖြစ်သည်။

ဦးကုလားနှင့် ဒေါ်မြညွှာတို့က အချင်းဖြစ်စပါးများကို ရောင်းချခြင်းမပြုကြောင်း၊ အရောင်းပြေစာနှင့် စပါးရောင်း စာအုပ်တွင်လည်း လက်မှတ်မထိုးကြောင်း ထွက်ဆိုသည်။ ထို့အပြင် စပါးရောင်းမရောင်း သက်ဆိုင်ရာမှ လာရောက်စစ်ဆေးလျှင် စပါးရောင်းကြောင်း ပြောပါဟူ၍လည်း မောင်မြဝင်းက လာရောက်၍ပြောဆိုကြောင်းလည်း ထွက်ဆိုသည်။ ဦးကုလားထံမှ စပါး ၇၅ တင်း ဝယ်ယူသည်ဆိုသော ကုန်သွယ်ရေးဌာန အရောင်းပြေစာမှာ သက်သေခံ အမှတ် (က-၄) ဖြစ်၍၊ ဒေါ်မြညွှာ ထံမှ စပါးတင်း ၄၀ ဝယ်ယူသည်ဆိုသော ကုန်သွယ်ရေးဌာန အရောင်းပြေစာမှာ သက်သေခံအမှတ်(က-၅)ဖြစ်သည်။ အဆိုပါ အရောင်းပြေစာမှာ ဦးကုလားနှင့် ဒေါ်မြညွှာတို့၏ လက်မှတ်များ မပါရှိချေ။

လျှောက်ထားသူများက မိမိတို့အပေါ်တွင် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ခြင်း မရှိကြောင်းနှင့် အရောင်းပြေစာတွင် စပါးရောင်းသူများကိုယ်တိုင် လက်မှတ်ထိုးသည့်အခါ လက်မှတ်ထိုး၍၊ လက်မှတ်မထိုးသည့်အခါ လက်မှတ်မထိုးကြောင်း၊ ဦးကုလားနှင့် ဒေါ်မြညွှာတို့သည် စပါးရောင်း၍ ငွေယူပြီးနောက် စပါးမရောင်းပါဟု ငြင်းနိုင်ကြောင်း တင်ပြသည်။

ပြစ်မှုဆိုင်ရာနှင့် ပတ်သက်ပြီး အရေးယူရာတွင် ဌာနဆိုင်ရာစစ်ဆေးမှု ပြုလုပ်ပြီးမှသာ အရေးယူနိုင်သည် မဟုတ်ပေ။ ဌာနဆိုင်ရာ စစ်ဆေးမှု ပြုလုပ်သည်ဖြစ်စေ၊ မပြုလုပ်သည်ဖြစ်စေ၊ ပြစ်မှုကျူးလွန်သည်ဟု ယူဆသူများအပေါ် ဌာနဆိုင်ရာ အကြီးအကဲသည် ပြစ်မှုကြောင်းအရ အရေးယူနိုင်ခွင့်ရှိသည်။ ၂၄-၉-၇၅ နေ့စွဲပါ တရားစွဲဆိုခွင့် အမိန့်ထုတ်ပေးခြင်းမှာလည်း ဌာနဆိုင်ရာ အနေဖြင့် လျှောက်ထားသူများ အပေါ် ပြစ်မှုကြောင်းအရ အရေးယူရန် သဘောတူညီကြောင်း အထောက်အထားပင် ဖြစ်သည်။

၁၉၇၉
မောင်ဝင်းမောင် ပါ (၂) နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

ဦးကုလားနှင့် ဒေါ်မြညွှာ တို့သည် လျှောက်ထားသူများအပေါ် မဟုတ်မတရား လီဆယ်ပြောဆိုရန် အကြောင်းမရှိပေ။ လျှောက်ထားသူများအပေါ် စွပ်စွဲချက်နှင့် လျှောက်ထားသူများ၏ ချေပချက်များကို စုပေါင်းစဉ်းစားလျှင် ယင်းတို့အပေါ် မြို့နယ်ဝရားရုံးနှင့် တိုင်းတရားရုံးတို့က အပြစ်တွေ့ရှိခြင်းနှင့် အပြစ်ဒဏ် သင့်မှတ်ခြင်းများကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်သောကြောင့် ပြင်ဆင်မှုကို ပယ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင် နှင့် ဦးလှဘုန်း
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးဝင်းသောင်း

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်*

† ၁၉၇၉
မေလ
၂၆ ရက်

**အာမခံခွင့်ပြုသင့်မသင့် စဉ်းစားရန်အချက်—အာမခံအတွက် သတ်မှတ်သော ငွေကြေးပမာဏ။**

**ဆုံးဖြတ်ချက်။** ။တရားခံတစ်ဦးအပေါ် အာမခံပေးရန်သင့်မသင့် စဉ်းစားရာတွင် အမှုစစ်ဆေးသော တရားရုံးသည် တရားခံအပေါ် စွပ်စွဲသော ပြစ်မှုအခြေအနေကို လေ့လာသုံးသပ်ပြီး တရားဥပဒေအရ အာမခံခွင့်ပြုသင့်လျှင် ခွင့်ပြုရန်ဖြစ်၍ ခွင့်ပြုရန်မသင့်လျှင် ငြင်းပယ်ရမည်ဖြစ်ပေသည်။ တရားလိုအား ငွေမည်ရွေမည်မျှပေးမှသာ တရားခံ၏ အာမခံလျှောက်လွှာကို စဉ်းစားမည်ဆိုခြင်းမှာ တရားခံအပေါ်ကြိုတင်၍ အပြစ်မြင်သည့် သဘောသက်ရောက်လျက် ရှိပေသည်။

တရားခံတစ်ဦးအား အာမခံခွင့်ပြုရန် သင့်မသင့် စဉ်းစားရာတွင် တရားခံသည် အမှုနှင့်ပတ်သက်၍ မလျော်ကြံဖန်သုံးလိမ့်မည် သို့မဟုတ် ထွက်ပြေး တိမ်းရှောင်လိမ့်မည်ဟူသော အချက်များ မပေါ်ပေါက်လျှင် အာမခံပေးနိုင်သည်။ အာမခံခွင့်ပြုရာတွင် အဆမတန် တန်ဖိုးထားရန် မသင့်သော်လည်း တရားခံအပေါ်တွင် စွပ်စွဲသော ငွေကြေးပမာဏနှင့် အာမခံအတွက် သတ်မှတ်သော ငွေကြေးပမာဏတို့မှာ လိုက်လျောညီထွေဖြစ်သင့်ကြောင်းလည်း သတိမူရပေမည်။

**လျှောက်ထားသူအတွက်** — ဦးမင်းကို၊ ဗဟိုတရားရုံးရှေ့နေ
**လျှောက်ထားခံရသူအတွက်** — ဦးသိန်းလွန်း၊ ဥပဒေဝန်ထမ်းအဆင့်(၁)

---

* ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ အမှတ် ၄၃

† ငဲ့မြို့နယ်တရားရုံး၏ ပြစ်မှုဆိုင် ရာအမှုကြီးအမှတ် ၈၁/၇၈ အမှုတွင် အလွတ်ထုချေခွင့်ပြုရန် ပြစ်မှုကျင့်ထုံးဥပဒေပုဒ်မ ၄၉၈ အရ လျှောက်ထားခြင်း။

၁၉၇၉
ဦးဝင်း
သောင်း
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

လျှောက်ထားသူ ဦးဝင်းသောင်းအပေါ် ငပဲမြို့ တရားရုံးတွင်၊ ၁၉၇၀ ခုနှစ် သမဝါယမအသင်းများ ဥပဒေဇယား ၂၊ အပိုဒ် ၆ အရ တရားစွဲဆိုထားသောအမှုတွင် အာမခံ လျှောက်ထားသော်လည်း မရရှိသဖြင့် ဗဟိုတရားရုံးသို့ ထပ်မံလျှောက်ထားသော အမှုဖြစ်သည်။

လျှောက်ထားသူအပေါ် ငပဲမြို့၊ မြို့နယ်သမဝါယမအသင်းသို့ ကတိစာချုပ်အရ ပေးသွင်းရန်ဖြစ်သော ဆီပိုသာချိန် ၇ ထောင်ကို ပေးသွင်းရန် ပျက်ကွက်သည်ဟူ၍ တရားစွဲဆိုခြင်းဖြစ်သည်။ မြို့နယ်တရားရုံးသည် လျှောက်ထားသူ၏အာမခံနှင့်ပတ်သက်၍ အမိန့်ချမှတ်သည်မှာ တန်ဖိုး၏ ၃-ပိုင်း၂ ပိုင်းခန့် မကျသောငွေ ၁၂၅၀၀၀/- မြို့နယ်အသင်းသို့ ပေးသွင်းမည်ဆိုပါက အချုပ်လွတ် ထုချေခွင့်ပြုရေးရုံးတော်မှ စဉ်စားမည်၊ ယခု အာမခံမပေးသေးပါဟူ၍ ဖြစ်သည်။

တရားခံတစ်ဦးအပေါ် အာမခံပေးရန် သင့်မသင့် စဉ်းစားရာတွင် အမှုစစ်ဆေးသော တရားရုံးသည် တရားခံအပေါ် စွပ်စွဲသော ပြစ်မှုအခြေအနေကို လေ့လာသုံးသပ်ပြီး တရားဥပဒေအရ အာမခံခွင့်ပြုသင့်လျှင် ခွင့်ပြုရန်ဖြစ်၍ ခွင့်ပြုရန်မသင့်လျှင် ငြင်းပယ်ရမည်ဖြစ်ပေသည်။ တရားလိုအား ငွေမည်ရွေမည်မျှပေးမှသာ တရားခံ၏ အာမခံလျှောက်လွှာကို စဉ်းစားမည်ဆိုခြင်းမှာ တရားခံအပေါ် ကြိုတင်၍ အပြစ်မြင်သည့်သဘော သက်ရောက်လျက်ရှိပေသည်။

လျှောက်ထားသူအပေါ် တရားစွဲဆိုသောအမှုမှာ သမဝါယမ ဥပဒေဇယား ၂၊ အပိုဒ် ၆ အရဖြစ်သောကြောင့် အများဆုံးထောင်ဒဏ် ၅ နှစ်အထိ အပြစ်ပေးနိုင်သောကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံး နောက်ဆက်တွဲဇယား ၂၊ ပြဋ္ဌာန်းချက်အရ၊ အာမခံမပေးနိုင်သော အမှုအမျိုးအစား ဖြစ်သော်လည်း ပြင်ဆင်မှုဆိုင်ရာ ကျင့်ထုံးပုဒ်မ ၄၉၇(၁)အရ သေဒဏ် သို့မဟုတ် ထောင်ဒဏ်တသက်တကျွန်းထိ အပြစ်ပေးနိုင်သော ပြစ်မှုအမျိုးအစားမဟုတ်လျှင် သာမန်အားဖြင့် တရားရုံးသည် အာမခံပေးနိုင်သည်။

တရားခံတစ်ဦးအား အာမခံခွင့်ပြုရန် သင့်မသင့် စဉ်းစားရာတွင်၊ တရားခံသည် အမှုနှင့်ပတ်သက်၍ မလျော်သြဇာသုံးလိမ့်မည် သို့မဟုတ် ထွက်ပြေးတိမ်းရှောင် လိမ့်မည်ဟူသော အချက်များ မပေါ်ပေါက်လျှင်

အာမခံပေးနိုင်သည်။ ယခုအမှုတွင် ယင်းအချက်များ ပေါ်ပေါက်ကြောင်း အထောက်အထားမရှိချေ။ အာမခံခွင့်ပြုရာတွင် အဆမတန်တန်ဖိုးထားရန် မသင့်သော်လည်း တရားခံအပေါ်တွင် စွပ်စွဲသောငွေကြေးပမာဏနှင့် အာမခံအတွက် သတ်မှတ်သော ငွေကြေးပမာဏတို့မှာ လိုက်လျောညီထွေ ဖြစ်သင့်ကြောင်းလည်း သတိမူရပေမည်။ လျှောက်ထားသူက ကျပ်တစ်သိန်းတန် အာမခံ ၂-ယောက် ပေးနိုင်လျှင် အမှုကို အချုပ်လွတ် ထုချေရန် အမိန့်ချမှတ်လိုက်သည်။

၁၉၇၉
ဦးဝင်းသောင်း နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦး အေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးထွန်းရှိန် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉ ဧပြီလ ၂၅ ရက်

မောင်သာလှ

နှင့်

၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

၂။ ဒေါ်မသောင်း*

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈–အရွယ်ရောက်ပြီး ကလေး အတွက် စားစရိတ် ထောက်ပံ့ရန် တာဝန် ရှိမရှိ။

ဆုံးဖြတ်ချက်။ ။သားသမီးများသည် အရွယ်ရောက်ပြီး ဖြစ်သော်လည်း မိမိကိုယ်တိုင် မိမိမထောက်ပံ့နိုင်သမျှ ကာလပတ်လုံး ဖခင်တွင် တာဝန်ရှိသည်။

လျှောက်ထားသူအတွက် — ဦးကျား၊ ဗဟိုတရားရုံးရှေ့နေ (ကိုယ်စား)ဦးပေါ်ညွန့် လာသည်။

လျှောက်ထားခံရသူများအတွက်— ၁။ ဦးသိန်းလွန်း၊ ဥပဒေဝန်ထမ်း အဆင့်(၁)

၂။ ဒေါ်သောင်း (မလာ)

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်တရားရုံး၊ ပြစ်မှုအထွေထွေ လျှောက်ထားမှု အမှတ် ၈၉/၇၆ တွင် လျှောက်ထားသူ ဦးမောင်သာလှက ပြစ်မှုအထွေထွေ လျှောက်ထားမှုအမှတ် ၃၁၉/၇၄တွင် လျှောက်ထားသူ အမှတ်(၂) ဒေါ်မသောင်းအား ပေးစေရန် ချမှတ်ထားသော ကလေးစရိတ် သတ်မှတ်ချက်များကို ပြန်လည် ပြင်ဆင်ပေးရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၉ အရ လျှောက်ထားခဲ့သည်။ မြို့နယ်တရားရုံးက အမှုကို စစ်ဆေးကြားနာပြီး သားသမီး ၃ ဦး အတွက် တစ်လလျှင် ငွေကျပ် ၈၀/-၊မယားအတွက် တစ်လလျှင်ငွေကျပ် ၂၀/- စုစုပေါင်း မယားနှင့် ကလေးစရိတ် ငွေကျပ် ၁၀၀/- ပေးစေရန် ပြင်ဆင်သတ်မှတ်ပေးလိုက်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို လျှောက်ထားသူ ဦးမောင်သာလှက မကျေနပ်သဖြင့် ရခိုင်ပြည်နယ်

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၈၆ (ခ)

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှု အမှတ် ၈၄ တွင် ချမှတ်သော (၂၃-၈-၇၇) နေ့စွဲပါ ရခိုင်ပြည်နယ်တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

**၁၉၇၉**
**မောင်သာလှ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်**

တရားရုံးသို့ အယူခံမှု လျှောက်ထားခဲ့သော်လည်း ရခိုင်ပြည်နယ်တရားရုံးက အယူခံမှုကို ပလပ်လိုက်သည့်အတွက် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှု လျှောက်ထားခြင်း ဖြစ်သည်။

စစ်တွေမြို့နယ် တရားရုံး၊ ပြစ်မှုအထွေထွေ လျှောက်ထားမှု အမှတ် ၁၉/၇၄ တွင် ဦးမောင်သာလှက ဒေါ်မသောင်းအား မယားစရိတ် တစ်လ ငွေကျပ် ၂၀/-၊ သားကြီး ဦးလှဘော် အတွက် တစ်လ ငွေကျပ် ၂၀/- သားငယ် မောင်လှသောင်း အတွက် တစ်လ ငွေကျပ် ၂၀/-၊ သမီး မမြရီနှင့် မမြစံတို့အတွက် တစ်ဦး လျှင် တစ်လ ငွေကျပ် ၂၀/-စီ စုစုပေါင်း မယားနှင့် ကလေးစရိတ် ငွေကျပ် ၁၀၀/-ပေးစေရန် အမိန့်ချမှတ်ခဲ့ကြောင်း တွေ့ရှိရသည်။

လျှောက်ထားသူ ဦးမောင်သာလှက ယင်းသို့ အမိန့်ချမှတ်ခဲ့စဉ်က မိမိ၏လစာငွေမှာ ငွေကျပ် ၃၀၅/- ဖြစ်ကြောင်း၊ ယခု အငြိမ်းစား သွားခဲ့ပြီဖြစ်၍ တစ်လငွေကျပ် ၁၃၀/-နှုန်းသာ ရရှိကြောင်း၊ သားကြီး ဦးလှဘော်မှာ ၂၁ နှစ်အရွယ်သို့ ရောက်ရှိနေပြီး အလုပ် လုပ်ကိုင်လျက် ရှိပြီး ဖြစ်ကြောင်း၊ သမီးမမြရီမှာလည်း အသက် ၁၉ နှစ်ကျော်ဖြစ်ပြီး အိမ်ထောင်နှင့် ဖြစ်နေပြီဖြစ်ကြောင်း၊ သမီး မမြစံမှာလည်း အသက် ၁၈ နှစ်ခန့်ရှိပြီ ဖြစ်ကြောင်း၊ ယင်းတို့ သားသမီးများမှာ အသက်ပြည့် ပြီးသူများဖြစ်၍ မိမိအနေဖြင့် စားစရိတ်ထောက်ပံ့ရန် တာဝန် မရှိတော့ ကြောင်း၊ ဇနီး ဒေါ်မသောင်းမှာလည်း သတင်းစာမှကြေငြာ၍ပြတ်စဲပြီး ဖြစ်သဖြင့် စရိတ်မရထိုက်ကြောင်း၊ သားအငယ်ဆုံး မောင်လှသောင်း တစ်ဦးတည်းအတွက်သာ စရိတ်ပေးသင့်ကြောင်း အကြောင်းပြကာ တရားရုံးက သတ်မှတ်ခဲ့သော မယားနှင့် ကလေးစရိတ် ငွေကျပ်၁၀၀/- ကို ပြင်ဆင်သတ်မှတ်ပေးရန် လျှောက်ထားခြင်း ဖြစ်ကြောင်း တွေ့ရှိရ သည်။

ဤအမှုတွင် လျှောက်ထားသူ ဦးမောင်သာလှသည် ကိုယ်တိုင်အစစ် ဆေးခံခဲ့ခြင်း မရှိပေ၊ အထူးကိုယ်စားလှယ်လွှဲစာ ရရှိထားသည်ဆိုသော ဒေါ်ဝင်းစံဖြူက ဦးမောင်သာလှ ကိုယ်စား အစစ်ခံခဲ့သည်။ သက်သေ အထောက်အထားလည်း တင်ပြခဲ့ခြင်းမရှိပေ။ ဒေါ်ဝင်းစံဖြူ၏ ထွက်ဆို ချက်အရပင် သားကြီး ဦးလှဘော်မှာ အလုပ်အကိုင် မရှိသေးသည်သာ မက အိမ်ထောင်လည်း မကျသေးကြောင်း၊ မိခင်နှင့်အတူ နေထိုင်လျက် ရှိကြောင်း၊ သမီး မမြစံမှာ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားလျက်

၁၉၇၉
မောင်သာလှ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

ရှိသေးကြောင်း၊ သားငယ် မောင်လှသောင်းမှာလည်း အခြေခံပညာရေးအထက်တန်းတွင် ပညာသင်ကြားလျက်ရှိသေးကြောင်းတွေ့ရှိရသည်။

သားသမီးများသည် အရွယ်ရောက်ပြီးဖြစ်သော်လည်း မိမိကိုယ်တိုင် မိမိမထောက်ပံ့နိုင်သမျှ ကာလပတ်လုံး ဖခင်တွင် တာဝန်ရှိသည်။ မြို့နယ်တရားရုံးကလည်း အိမ်ထောင်ကျပြီးသူသမီး မြရီအတွက် ချမှတ်ထားသော ကလေးစရိတ်ကို ပယ်ဖျက်ပြီး ဖြစ်သည်။

ဦးမောင်သာလှသည် ယခုအခါတွင် အငြိမ်းစားယူပြီး အငြိမ်းစားလစာ တစ်လ ငွေကျပ် ၁၃၀/-ခန့်သာရရှိသူဖြစ်သော်လည်း ဒေါ်ဝင်းစံပြု တင်ပြခဲ့သော ၂၇-၄-၇၆ ရက်နေ့စွဲပါ ဌာနဆိုင်ရာအမိန့်စာအရ လျှော့ပေါ့ ပင်စင်ဖြင့် အငြိမ်းစားယူခဲ့ခြင်းသာဖြစ်၍ မြို့နယ်တရားရုံး၏ အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် မသင့်ဟု ယူဆသည်။

သို့ဖြစ်၍ လျှောက်ထားသူ ဦးမောင်သာလှ၏ မြင်ဆင်မှု လျှောက်လွှာကို ပလပ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးသန့်စင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

၁။ ဦးသောင်းညွန့်

၂။ ဒေါ်ကျင်ရီ

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်*

† ၁၉၇၉ နိုဝင်ဘာလ ၂၆ ရက်

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(၁)-မည်သည့်အခါတွင် တရားခံအား စွဲချက်မတင်ပဲ လွှတ်ထားရခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ မှုခင်းများတွင် တရားခံဘက်မှ ချေဖျက်ခြင်းမပြုနိုင်လျှင် တရားခံအား အပြစ်တွေ့ရှိနိုင်လောက်အောင် တရားလိုဘက်မှ တရားခံအပေါ် အထောက်အထား တင်ပြနိုင်ခြင်း မရှိပါက၊ တရားခံအား စွဲချက်မတင်မီ လွှတ်ထားရမည်ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(၁)တွင် ပြဋ္ဌာန်းထားပေသည်၊ ယခုအမှုတွင် လျှောက်ထားသူတို့၏ ပြုလုပ်မှုတို့သည် ယင်းတို့အပေါ် စွဲဆိုထားသည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မများအရ ပြစ်မှုမြောက်ကြောင်း မပေါ်လွင်သဖြင့် လျှောက်ထားသူတို့အပေါ် စွဲချက်တင်ရန် မသင့်ပေ။

**လျှောက်ထားသူများအတွက်—** မလာရောက်
**လျှောက်ထားခံရသူအတွက် —ဦးသိန်းလွန်း၊ဥပဒေဝန်ထမ်းအဆင့်(၁)**

ပုသိမ်အနောက်ပိုင်း မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၃၁/၇၇တွင် လျှောက်ထားသူ ဦးသောင်းညွန့်နှင့် ဒေါ်ကျင်ရီတို့ အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃/၂၁၁ အရ စွဲချက်နှစ်ရပ်တင် ခြင်းကို ဧရာဝတီတိုင်း တရားရုံးက အတည်ပြုလိုက်သဖြင့် ဦးသောင်း ညွန့်တို့က ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

---

* ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၁၆ (ခ)

†၊ ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၂၀ (ပုသိမ်အနောက်) တွင် ချမှတ်သော (၂၀-၃-၇၈)နေ့စွဲပါ ဧရာဝတီတိုင်း တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၇၉
၁။ ဦးသောင်းညွန့်
၂။ ဒေါ်ကျင်ရီ
နှင့်
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

လျှောက်ထားသူဒေါ်ကျင်ရီသည် ပေါင်းတောမြို့နယ်တွင် ဆားထုတ်လုပ်သူဖြစ်သည်၊ ဆားထုတ်လုပ်ခွင့်လိုင်စင်ကို သက်ဆိုင်ရာပြည်သူ့ကောင်စီက ခွင့်မပြုသဖြင့် ဒေါ်ကျင်ရီသည် နိုင်ငံတော်ကောင်စီအတွင်းရေးမှူး ရေဝတီတိုင်း ပြည်သူ့ကောင်စီဥက္ကဋ္ဌနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးတို့ထံ တိုင်စာများအသီးသီး ပေးပို့ခဲ့သည်၊ ဒေါ်ကျင်ရီ၏ခင်ပွန်းဖြစ်သူ ဦးသောင်းညွန့်က ယင်းကိစ္စနှင့်ပတ်သက်ပြီး ရေဝတီတိုင်း ဆောက်လုပ်ရေးကော်ပိုရေးရှင်း တိုင်းအင်ဂျင်နီယာထံ တင်ပြချက် စာတစ်စောင် ရေးသားပေးပို့ခဲ့သည်။ တိုင်စာများ၏ မိတ္တူများကို သက်ဆိုင်ရာထံသို့လည်း ပေးပို့ခဲ့လေသည်။ ပေါင်းတောမြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ အဖွဲ့ဝင်များအပေါ် မမှန်ကန်သောအကြောင်း သိလျှက်နှင့် တမင်လုပ်ကြံကာ အလုပ်အမှုဆောင်အဖွဲ့ဝင်များအား နစ်နာစေလိုသောသဘောဖြင့် တိုင်တန်းသည်ဟုဆိုကာ ပေါင်းတောမြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးကျော်စိန်အောင် (လိုပြ-၁)က ပေါင်းတောမြို့ ပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ တိုင်တန်းသည်၊ အမှုကို ရဲအရေးမပိုင်အမှုဖြစ် သတ်မှတ်ကာ ပေါင်းတောမြို့နယ်တရားရုံးတွင် တရားစွဲဆိုရာ ရေဝတီတိုင်း တရားရုံးက အမှုကို ပုသိမ်အနောက်ပိုင်းမြို့နယ် တရားရုံးသို့ ပြောင်းရွှေ့စစ်ဆေးသည်။

အမှုတွင်ပေါ်ပေါက်သည့်အချက်မှာ လျှောက်ထားသူတို့သည် အတွင်းရေးမှူး၊ နိုင်ငံတော်ကောင်စီ၊ ဥက္ကဋ္ဌ၊ ရေဝတီတိုင်း၊ ပြည်သူ့ကောင်စီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ဝန်ကြီးနှင့် ရေဝတီတိုင်းဆောက်လုပ်ရေးကော်ပိုရေးရှင်း တိုင်းအင်ဂျင်နီယာတို့ထံ သက်သေခံအမှတ်(ဇ-၁) သက်သေခံအမှတ်(ဇ-၂) သက်သေခံအမှတ်(ဇ-၃)နှင့် သက်သေခံအမှတ်(ဇ-၄)တိုင်စာနှင့် တင်ပြစာများ ရေးသားခဲ့သည်ဆိုသော အချက်ဖြစ်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ ပြစ်မှုမြောက်စေရန်၊ တရားခံသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၁ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း မမှန်သက်သေခံခြင်းပြုရမည်၊ သို့မဟုတ် ပုဒ်မ ၁၉၂ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း မမှန်သက်သေခံ ဖန်တီးခြင်းပြုရမည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၁ အရ ပြစ်မှုမြောက်စေရန် တရားခံသည် ကျမ်းသစ္စာအရဖြစ်စေ ဥပဒေ၌ အတည့်အလင်း ဖော်ပြထားသော ပြဋ္ဌာန်းချက်အရဖြစ်စေအမှန်ထွက်ဆိုရန်ဥပဒေအရတာဝန်ရှိပါလျှက်နှင့် သို့တည်းမဟုတ် အကြောင်းအရာတစ်ခုခုနှင့် စပ်လျဉ်း၍ ကြေငြာခြင်းပြုရန် ဥပဒေအရ တာဝန်ရှိပါလျှက်နှင့် မမှန်သည်လည်း ဖြစ်သည့်ပြင်

၁၉၇၉
၁။ ဦးသောင်းညွန့်
၂။ ဒေါ်ကျင်ရီ
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

မမှန်ဟု သိသည်လည်းဖြစ်သော သို့တည်းမဟုတ် ယုံကြည်သည်လည်း ဖြစ်သော သို့တည်းမဟုတ် မှန်သည်ဟု မယုံကြည်ခြင်း မရှိသည်လည်း ဖြစ်သော ပေါ်ပြချက်ကို ပြုရမည်။ လျှောက်ထားသူတို့သည် သက်သေခံတိုင်စာနှင့် တင်ပြစာများကို ရေးသားပေးပို့ရာ၌ ကျမ်းသစ္စာအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ၊ အမှန်ထွက်ဆိုရန်တာဝန်ရှိကြောင်း မပေါ်လွင်ပေ။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၂ အရ ပြစ်မှုမြောက်စေရန် တရားစီရင်သော မှုခင်းကိစ္စတွင်ဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းက ပြည်သူ့ဝန်ထမ်း အဖြစ်ဖြင့် ဥပဒေအရစီရင်သော မှုခင်းကိစ္စတွင်ဖြစ်စေ၊ အနုညာတ ခံလူကြီးက ဥပဒေအရစီရင်သော မှုခင်းကိစ္စတွင်ဖြစ်စေ၊ မမှန်သက်သေခံ ဖန်တီးရန် လိုအပ်သည်။ ယခုအမှုတွင် ပေါ်ပေါက်သော ကိစ္စမှာ ယင်းကိစ္စ တရပ်ရပ်တွင် အကြုံးမဝင်ပေ၊ သို့ဖြစ်ရာ လျှောက်ထားသူတို့ သည် သက်သေခံတိုင်စာများနှင့် တင်ပြစာများကို ရေးသားပေးပို့ သည့်အတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ ပြစ်မှုကျူးလွန် သည်ဟု မဆိုနိုင်ပေ။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၁၁ အရ ပြစ်မှုမြောက်စေရန် တရားခံသည် တစ်ဦးတစ်ယောက်သောသူကို နစ်နာစေရန် အကြံဖြင့် ထိုသူအပေါ်၌ ရာဇဝတ်မှုစွဲဆိုရမည်၊ သို့မဟုတ် စွဲဆိုစေရမည်၊ ဤအမှု တွင် လျှောက်ထားသူတို့က မူလရုံး တရားလိုအပေါ် ရာဇဝတ်မှုစွဲဆို ကြောင်း၊ သို့မဟုတ် စွဲဆိုစေကြောင်း မပေါ်ပေါက်ပေ၊ သို့ဖြစ်ရာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁၁ အရ ပြစ်မှုကျူးလွန်သည်ဟု မဆိုနိုင်ပေ။

ပြစ်မှုဆိုင်ရာမှုခင်းများတွင် တရားခံဘက်မှ ခြေဖျက်ခြင်းမပြုနိုင်လျှင် တရားခံအား အပြစ်တွေ့ရှိနိုင်လောက်အောင် တရားလိုဘက်မှ တရားခံ အပေါ် အထောက်အထား တင်ပြနိုင်ခြင်းမရှိပါက၊ တရားခံအား စွဲချက်မတင်မီ လွှတ်ထားရမည်ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃ (၁)တွင် ပြဋ္ဌာန်းထားပေသည်၊ ယခုအမှုတွင် လျှောက်ထားသူ တို့၏ ပြုလုပ်မှုတို့သည် ယင်းတို့အပေါ် စွဲဆိုထားသည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မများအရ ပြစ်မှုမြောက်ကြောင်း မပေါ်လွင်သဖြင့် လျှောက် ထားသူတို့အပေါ် စွဲချက်တင်ရန်မသင့်ပေ။

ထို့ကြောင့် လျှောက်ထားသူတို့အပေါ် မြို့နယ်တရားရုံးက ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃/၂၁၁ အရ စွဲချက်တင်ခြင်းနှင့် မြို့နယ်တ ရားရုံး၏အမိန့်ကိုအတည်ပြုသော တိုင်းတရားရုံး၏အမိန့်တို့ကို ပယ်ဖျက်၍ လျှောက်ထားသူတို့အား ပြန်လွှတ်ထားလိုက်သည်။

ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့်ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

၁၉၇၉ ဧပြီလ ၂၁ ရက်

ဦးသောင်းညွန့်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် *

ရုံးပြောင်းစစ်ဆေးရန် လျှောက်ထားရာ၌ မည်သည့် အချက်ကို အဓိက ထား၍ စဉ်းစားရမည်ဖြစ်ခြင်း။

**ဆုံးဖြတ်ချက်။** ။ရုံးပြောင်း လျှောက်ထားသော အမှုများနှင့် ပတ်သက်၍ စဉ်းစားလျှင် သက်ဆိုင်ရာ တရားရုံးသည် အမှန်ပင် မဟုတ်မတရား ဆောင်ရွက်လိမ့်မည် ဟူသော အချက်ကို အဓိကစဉ်းစားရန် မဟုတ်ချေ။ လျှောက်ထားသူအနေဖြင့် တရားရုံးသည် မဟုတ်မတရား ဆောင်ရွက်လိမ့်မည်ဟု စိုးရိမ်နိုင်ဘွယ်ရာ အကြောင်း ရှိမရှိဟူသော အချက်ကိုသာလျှင် အဓိကထား၍ စဉ်းစားရန် ဖြစ်ပေသည်။

လျှောက်ထားသူအတွက် — ဦးအုန်းခင်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် – ဦးသိန်းလွင်၊ ဥပဒေဝန်ထမ်းအဆင့်(၁)

လျှောက်ထားသူ ဦးသောင်းညွန့်က ပုဇွန်တောင်မြို့နယ် တရားရုံးတွင် စစ်ဆေးကြားနာလျက်ရှိသော ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ်၄၅၇/၇၅ ကို အခြားမြို့နယ် တရားရုံးသို့ ပြောင်းရွှေ့ စစ်ဆေးပေးရန် လျှောက်ထားခြင်းကို ရန်ကုန်တိုင်း တရားရုံးက လက်မခံသောကြောင့် ဗဟိုတရားရုံးသို့ ထပ်မံလျှောက်ထားခြင်း ဖြစ်သည်။

လျှောက်ထားသူ ဦးသောင်းညွန့် နှင့် ဇနီး ဒေါ်ကျင်ရီတို့က ပုဇွန်တောင်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၅၇/၇၅ တွင်

---

* ၁၉၇၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၇၄

† ပုဇွန်တောင်မြို့နယ်တရားရုံး၏ ပြစ်မှုကြီးအမှတ် ၄၅၇/၇၅ ကို ရန်ကုန်တိုင်း အတွင်းရှိ အခြားသင့်လျော်သော မြို့နယ်ရုံးတစ်ခုခုသို့ ပြောင်းရွှေ့စစ်ဆေး ပေးပါရန် လျှောက်ထားခြင်း။

၁၉၇၉
ဦးသောင်းညွန့် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

တရားခံ ၆ ဦးတို့အပေါ် ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၇/၄၀၃/၃၄ အရ တရားစွဲဆိုခဲ့လေသည်၊ ယင်းတရားခံ ၆ ဦးအနက် တရားခံတစ်ဦးဖြစ်သော ဦးတင်အောင်မှာ ပုတောမြို့နယ် တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌဖြစ်သောကြောင့် လျှောက်ထားသူအနေဖြင့် ပုတောမြို့နယ်တရားရုံးတွင် အမှုစစ်ဆေးကြားနာပါက တရားမျှတမှုနှင့် မှန်ကန်မှု ရနိုင်လိမ့်မည် မဟုတ်ဟု စိုးရိမ်မကင်းဖြစ်၍ ရုံးပြောင်း လျှောက်ထားခြင်းဖြစ်လေသည်။

ရုံးပြောင်းလျှောက်ထားသော အမှုများနှင့် ပတ်သက်၍ စဉ်းစားလျှင် သက်ဆိုင်ရာတရားရုံးသည် အမှန်ပင် မဟုတ်မတရား ဆောင်ရွက်လိမ့်မည်ဟူသော အချက်ကို အဓိကစဉ်းစားရန် မဟုတ်ချေ။ လျှောက်ထားသူအနေဖြင့် တရားရုံးသည် မဟုတ်မတရား ဆောင်ရွက်လိမ့်မည်ဟု စိုးရိမ်နိုင်ဘွယ်ရာ အကြောင်း ရှိမရှိဟူသော အချက်ကိုသာလျှင် အဓိကထား၍ စဉ်းစားရန် ဖြစ်ပေသည်။

လျှောက်ထားသူ တရားလိုအဖြစ် တိုင်တန်းထားသော အမှုတွင် တရားခံတစ်ဦးဖြစ်သော ဦးတင်အောင်မှာ ပုတောမြို့နယ် တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌဖြစ်နေသောကြောင့် ယင်းမြို့နယ်တရားရုံးတွင် အမှုစစ်ဆေးပါက မလျှော်ဩဇာလွှမ်းမိုးခြင်း ခံရလိမ့်မည်ဟု လျှောက်ထားသူက သံသယရှိခြင်းမှာ သဘာဝအားဖြင့် ယုတ္တိတန်သည်ဟု ဆိုရပေမည်။ ထို့ကြောင့် ပုတောမြို့နယ် တရားရုံး ဖြစ်မှုကြီး အမှတ် ၄၅၇/၇၅ ကို ရေဝတီတိုင်းတရားရုံးမှ ရွေးချယ်ညွှန်ကြားသော ပုတောမြို့နယ်တရားရုံးမှအပ အခြားမြို့နယ် တရားရုံးသို့ ပြောင်းရွှေ့စစ်ဆေးရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးလှဘုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉ ဇွန်လ ၂ ရက်

မောင်သောင်းလှ

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

**ကြံရာပါ၏ ထွက်ဆိုချက် တစ်ခုတည်းဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းအနည် မှန်မမှန်။**

ဆုံးဖြတ်ချက်။ ။လာဘ်ပေးလာဘ်ယူမှုတွင် လာဘ်ပေးသူ ကိုကာ စင်သည် ဤအမှုတွင် ကြံရာပါတစ်ဦး ဖြစ်သည်ဟူ၍ ဆိုရပေမည်။ လွတ်လပ်သော ထောက်ခံသည့် သက်သေခံချက်များ မရှိသည့် ကြံရာပါ ကိုကာစင်၏ လွှက်ဆိုချက်တစ်ခုတည်းအပေါ် မူတည်ပြီး လျှောက်ထား သူအပေါ် ပြစ်မှုထင်ရှား စီရင်ရန် မသင့်ပေ။

**လျှောက်ထားသူအတွက်** — **ဦးအုန်းမြင့်၊ ဗဟိုတရားရုံးရှေ့နေ**
**လျှောက်ထားခံရသူများအတွက်** — **ဦးဝင်းဖေ၊ ဥပဒေဝန်ထမ်း အဆင့်(၁)**

ပဲခူးတိုင်း ဝေါမြို့နယ်တရားရုံး၊ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၄/၇၇ တွင် မောင်သိန်းမောင်နှင့် မောင်သောင်းလှတို့ အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ အလုပ်နှင့်ထောင်ဒဏ် (၃)နှစ်စီ ကျခံကြစေရန် နှင့် သက်သေခံပစ္စည်းငွေများကို ပိုင်ရှင် ကိုကာစင်သို့ ပြန်ပေးရန် ချမှတ် ခဲ့သည့် အမိန့်ကို မောင်သိန်းမောင်နှင့် မောင်သောင်းလှတို့က မကျေနပ် သည့်အတွက် ပဲခူးတိုင်း တရားရုံး ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၈/၇၇ တွင် အယူခံ ဝင်ရောက် ခဲ့သော်လည်း မအောင်မြင် သော ကြောင့် မောင်သောင်းလှ တစ်ဦးတည်းက ဗဟိုတရားရုံးသို့ ပြင်ဆင်မှုလျှောက် ထားလာခြင်း ဖြစ်သည်။

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၈၈ (ခ)
† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၈ တွင် ချမှတ်သော (၁၃-၈-၇၇) နေ့စွဲပါ ပဲခူးတိုင်း တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၇၉
မောင်သောင်းလှ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

ကိုကာစင်သည် ဝေါမြို့နယ် တရားရုံးတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ အရ တရားစွဲဆိုခြင်းခံနေရသည်။ ထိုအမှုအတွက် ပေါ့လျော့အောင် မောင်သိန်းမောင်နှင့် မောင်သောင်းလှတို့က ငွေကျပ် ၅၀၀/- ပေးလျှင် ဆောင်ရွက်ပေးမည်ဟု ပြောသောကြောင့် ပထမရင်အနေဖြင့် ကိုကာစင်က ငွေကျပ် ၂၀၀/-ကို ပေးခဲ့သည်။ အမိန့် ချမှတ်သည့်နေ့တွင် ကျန်ငွေကျပ် ၃၀၀/ကို အမှတ်အသားများ ပြုလုပ်ပြီး မောင်သိန်းမောင်အား ပေးခဲ့သည်။ ထို့နောက် ကိုကာစင်၏နေအိမ်မှ ထွက်လာကြသည့် မောင်သိန်းမောင်နှင့် မောင်သောင်းလှတို့အား သက်သေလူကြီးများက ရှာဖွေသောအခါ မောင်သိန်းမောင်ထံမှ ငွေကျပ် ၃၀၀/-ကို တွေ့ရှိခဲ့သည်ဟုဆိုပြီး ကိုကာစင်က တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ကိုကာစင်(လိုပြ-၁)၏ ထွက်ချက်တွင် ယင်းအနေဖြင့် တရားစွဲဆိုခြင်းခံရသောကြောင့် မောင်သိန်းမောင်နှင့် မောင်သောင်းလှတို့က သက်သာအောင် ဆောင်ရွက်ပေးမည့်အကြောင်း ပြောပြီး ငွေကျပ် ၅၀၀/— တောင်းခဲ့သည်ကိုလည်းကောင်း၊ ပထမအရစ်အနေဖြင့် ငွေကျပ် ၂၀၀/- ကို ကိုကာစင်က မောင်ဟာကွတ်နှင့် မောင်စိုး (လိုပြ-၅ နှင့် ၆)တို့ရှေ့တွင် ပေးခဲ့သည်ကိုလည်းကောင်း၊ မောင်သိန်းမောင်က သက်သေများရှေ့၌ပင် မောင်သောင်းလှအား ယင်းငွေများကို ပေးခဲ့သည်ကိုလည်းကောင်း တွေ့ရသည်။ သို့ရာတွင် ယင်းအချက်များနှင့် ပတ်သက်၍ သက်သေ မောင်ဟာကွတ်နှင့် မောင်စိုး(လိုပြ-၅ နှင့် ၆)ကတို့ ထောက်ခံထွက်ဆိုခဲ့သည်ကို မတွေ့ရပေ။ ကိုကာစင်(လိုပြ-၁)က ယင်းအပေါ် တရားစွဲဆိုခြင်းခံရသည့် အမှုနှင့်ပတ်သက်၍ စီရင်ချက် ချမှတ်သည့်နေ့တွင် ကျန်ငွေကျပ် ၃၀၀/-ကို နံပါတ်များ မှတ်သားပြီး သက်သေလူကြီးများရှေ့တွင် မောင်သိန်းမောင်အား ပေးခဲ့သည်ကို တွေ့ရသည်။ ယင်းအချက်နှင့်ပတ်သက်၍ သက်သေများကလည်း ထောက်ခံထွက်ဆိုခဲ့သည်ကိုတွေ့ရသည်။ ထိုစဉ်က ကိုကာစင် (လိုပြ-၁)၏ နေအိမ်သို့ လျှောက်ထားသူ မောင်သောင်းလှသည် မောင်သိန်းမောင် နှင့်အတူ ရောက်လာခြင်းမဟုတ်ပဲ ကိုကာစင်(လိုပြ-၁)ကိုယ်တိုင်က မော်တော်ဆိပ်သို့ သွားပြီး မောင်သောင်းလှ (ခံပြ-၃)အား လဘက်ရည် သောက်ရန် ဇွတ်အတင်းခေါ်ခဲ့သည့်အတွက် မောင်သောင်းလှနှင့် ဦးကြည်(လိုပြ-၈) တို့က လိုက်လာခဲ့ခြင်းဖြစ်သည်ကို တွေ့ရသည်။ သက်သေခံငွေကျပ်၃၀၀/- ကို မောင်သိန်းမောင်၏ လက်ဝယ်မှ ပြန်လည်တွေ့ရှိခဲ့ကြောင်း ပေါ်လွင်သည်။ လျှောက်ထားသူ မောင်သောင်းလှနှင့် ပတ်သက်၍ မည်သည့်

သက်သေကမျှ ဖြိုဖွန်းအောင် မထွက်ဆိုနိုင်ခဲ့ကြပေ။ ဤလာဘ်ပေးလာဘ်ယူမှုတွင် လာဘ်ပေးသူ ကိုကာစင်သည် ဤအမှုတွင် ကြံရာပါတစ်ဦးဖြစ်သည်ဟူ၍ ဆိုရပေမည်။ လွတ်လပ်သော ထောက်ခံသည့်သက်သေခံချက်များ မရှိသည့် ကြံရာပါ ကိုကာစင်၏ ထွက်ဆိုချက်တစ်ခုတည်းအပေါ်မူတည်ပြီး လျှောက်ထားသူအပေါ် ပြစ်မှုထင်ရှားစီရင်ရန် မသင့်ပေ။ မောင်သောင်းလှအပေါ် မူလတရားရုံးက ပြစ်မှုကျူးလွန်ကြောင်းတွေ့ရှိပြီး ချမှတ်ခဲ့သည့်ပြစ်ဒဏ် အမိန့်သည် ဥပဒေအရလည်းကောင်း၊ ကြောင်းချင်းရာများအရ လည်းကောင်း မှန်ကန်သည်ဟု မဆိုနိုင်ပေ။

သို့ဖြစ်၍ လျှောက်ထားသူ မောင်သောင်းလှအပေါ် ချမှတ်ခဲ့သည့် မူလမြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်ပြီးလျှင် မောင်သောင်းလှအား အမှုမှ အပြီးအပြတ်လွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးသန်းစိန် †၊ ၁၉၇၉ အောက်တိုဘာလ ၆ ရက်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်*

**၁၉၆၃ ခုနှစ် အမျိုးသားနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေးဥပဒေ—မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသို့ နိုင်ငံတော်က ထောက်ပံ့သောငွေသည် ၁၉၆၃ ခုနှစ် အမျိုးသားနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေး ဥပဒေက ရည်ညွှန်းသော အမျိုးသားနှင့် သက်ဆိုင်သော ပစ္စည်း ဟုတ် မဟုတ်။**

ဆုံးဖြတ်ချက်။ ။မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အသုံးစရိတ်နှင့် ပတ်သက်သော ပြဋ္ဌာန်းချက်ကို ၁၉၆၃ ခုနှစ်တွင် ပြုလုပ်ခဲ့သည်။ ယင်းပြဋ္ဌာန်းချက်ကို ၁-၁၁-၆၃ နေ့စွဲပါ တော်လှန်ရေးကောင်စီ ကြေငြာချက် အမှတ်(၄၇)အရ ပြုလုပ်ခဲ့ပြီးလျှင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအသုံးစရိတ်ကို နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံစေရမည်ဟု ဖော်ပြပါရှိသည်။ ထို့နောက် ၁၉၇၄ ခုနှစ် ပြည်သူ့လွှတ်တော် စတင်သောအချိန်တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသို့ ထောက်ပံ့ငွေပေးရေး ဥပဒေ(၁၉၇၄ ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၃) ပေါ်ပေါက်လာပြီးလျှင် တစ်နှစ်လျှင် ငွေကျပ်သိန်း ၆၀၀ ထက် မပိုသော ထောက်ပံ့ငွေကို မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအား နိုင်ငံတော်ဘဏ္ဍာငွေမှ ထောက်ပံ့ရန်ပြဋ္ဌာန်းသည်။ ထို့ကြောင့် ၁၉၆၃ ခုနှစ် တော်လှန်ရေးကောင်စီ ကြေငြာချက်အမှတ်(၄၇) ထုတ်ပြန်သည့် အချိန်မှအစပြုပြီး ၁၉၇၄ ခုနှစ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသို့ ထောက်ပံ့ငွေပေးရေး ဥပဒေပြဋ္ဌာန်းသည့်အချိန်မှ လက်ရှိကာလတိုင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသို့ ထောက်ပံ့ငွေများကို နိုင်ငံတော် ဘဏ္ဍာငွေမှ ပေးခဲ့ကြောင်း ထင်ရှားသည်။

---

* ၁၉၇၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၅၁

†၊ ၁၉၇၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇/၇၈ တွင် ချမှတ်သော (၃-၈-၇၈)နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို အယူခံမှု။

**၁၉၇၉**
**ဦးသန်းစိန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်**

နိုင်ငံတော်ရသုံးခန့်မှန်းခြေ ငွေစာရင်းကို နှစ်စဉ်ထုတ်ပြန်သောအခါ မှာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသို့ ထောက်ပံ့ငွေကို နိုင်ငံတော် ကောင်စီနှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်များ ထောက်ပံ့သော ငွေစာ ရင်းခေါင်းစဉ်ဖြင့် ဖော်ပြပါရှိသည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ သို့ နိုင်ငံတော်မှ ထောက်ပံ့သောငွေမှာကျပ်သိန်း ၆၀၀ ဖြစ်သည်။ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ ထောက်ပံ့ငွေပေးသကဲ့သို့ပင် ပြည်သူ့လွှတ် တော်၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုး ဆောင်အဖွဲ့၊ ပြည်သူ့လုပ်ငန်း စစ်ဆေးရေး အဖွဲ့အစည်းများသို့ လည်း အသီးသီး ထောက်ပံ့ငွေများ ပေးခဲ့သည် ဖြစ်သောကြောင့် ယင်းအဖွဲ့စည်းများနှင့် ပတ်သက်သောငွေသည် အမျိုးနှင့် သက်ဆိုင် သောငွေဖြစ်သည်နှင့်အမျှ အလားတူ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ သို့ ထောက်ပံ့သောငွေမှာလည်း အမျိုးနှင့်သက်ဆိုင်သော ငွေပင်ဖြစ် ကြောင်း ယုံမှားဖွယ်ရာမရှိပေ။

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေ ခံဥပဒေပုဒ်မ ၁၁ တွင် နိုင်ငံတော်သည် တစ်ခုတည်းသော ပါတီစနစ် ကိုသာ ကျင့်သုံးရမည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသည် နိုင်ငံ တော်၏ တစ်ခုတည်းသော နိုင်ငံရေးပါတီဖြစ်၍ နိုင်ငံတော်ကို ဦးဆောင် သည်ဟု ဖော်ပြပါရှိသည်ဖြစ်သောကြောင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီအား ၁၉၆၄ ခုနှစ် အမျိုးနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေးဥပဒေအရ အသင်း၊အဖွဲ့ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ် ရပ်အနေဖြင့် သီးခြားထုတ်ပြန်ကြေငြာရန် လိုအပ်မည်မဟုတ်ပေ။

**အယူခံတရားလိုအတွက်** — ဒေါ်မြင့်မြင့်ခင်၊ ဦးအုံးမောင် ဗဟိုတရားရုံး ရှေ့နေများ
**အယူခံတရားခံအတွက်** — ဦးဝင်းဖေ၊ ဥပဒေဝန်ထမ်းအဆင့်(၁)

အယူခံတရားလို ဦးသန်းစိန်အပေါ် ရန်ကုန်တိုင်းတရားရုံးက ပြစ်မှု ဆိုင်ရာ အမှုကြီးအမှတ် ၇/၇၈ တွင် ၁၉၆၄ ခုနှစ်၊ အမျိုးနှင့်သက် ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၄ အရ တသက်တကျွန်း အပြစ်ဒဏ်ကျခံစေရန် အမိန့်ချမှတ်သည်။ ထိုအမိန့်ကို ဦးသန်းစိန်က မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ အယူခံဝင်ခြင်းဖြစ် သည်။

အမှုနှင့်ပတ်သက်သော အကြောင်းအရာအကျဉ်းချုပ်မှာ ရန်ကုန်မြို့ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဇော်သည် သတင်းအရ စုံစမ်းစစ်ဆေးသောအခါတွင် ဦးသန်းစိန်သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီဌာနချုပ်တွင် တာဝန်ထမ်းဆောင်နေစဉ် ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ (၆)ရက်နေ့တွင် ပြုလုပ်ခဲ့သော မိမိ၏သမီးမင်္ဂလာဆောင်တွင် ပါတီဌာနချုပ်ရိပ်သာမှ နို့ဆီ ၂ သေတ္တာ၊ သကြား ၁၅ ပိဿာ၊ လက်ဖက်ခြောက် ၅ ပေါင်၊ ကော်ဖီ ၃ ပေါင်၊ ဒူးယား ၁၀ လိပ်ဝင်ကာတွန်း ၄၀၊ ပြည်သူ့မုန့်တိုက်မှကျပ် ၄၀၀/- တန်မုန့်များ၊ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၀၄၅/၅၀ ပြား မိမိကိုယ်ကျိုးအတွက် အလွဲသုံးစား ပြုလုပ်ကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ဦးသန်းစိန်အပေါ် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

၁၉၇၉
ဦးသန်းစိန်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

အယူခံတရားလို၏ အကျိုးဆောင်က ဥပဒေအချက်နှင့် ပတ်သက်၍ တင်ပြရာတွင် လမ်းစဉ်ပါတီဌာနချုပ်ပိုင် ပစ္စည်းဟုအဆိုပြုသော နို့ဆီ၊ သကြား အစရှိသည့် အချင်းဖြစ်ပစ္စည်းများမှာ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ(၂) (ဃ)(၄)တွင် သတ်မှတ်ထားသော အများပိုင်ပစ္စည်းနှင့် အကျုံးမဝင်သောကြောင့် ဦးသန်းစိန်အပေါ် ယင်းဥပဒေအရ အပြစ်ပေးခြင်းမှာ မှန်ကန်ခြင်းမရှိကြောင်းနှင့် ပုဒ်မ ၂ (ဃ)(၄)အရ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေငြာသော အဖွဲ့အစည်းများစာရင်းတွင် မပါဝင်ကြောင်း တင်ပြသည်။

ဤအချက်နှင့်ပတ်သက်၍ စဉ်းစားလျှင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသို့ ထောက်ပံ့ငွေပေးရေး ဥပဒေ(၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၃)တွင် ဖော်ပြ ပြဋ္ဌာန်းထားသည့် အချက်များကို ထည့်သွင်း စဉ်းစားရပေမည်။

ယင်းဥပဒေတွင်—

"ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်တွင် နိုင်ငံရေးဦးဆောင်မှု ပေးနေသည့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသည် နိုင်ငံတော်ကို အလုပ်အကျွေးပြုနိုင်စေရေးအလို့ငှာ ယင်းပါတီအတွက် လိုအပ်မည့် ထောက်ပံ့ငွေများကို နိုင်ငံတော်

၁၉၇၉
ဦးသန်းစိန်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

ကပင် တာဝန်ယူရန် လိုအပ်ပါသည်။ ထို့ကြောင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအား နိုင်ငံတော်ဘဏ္ဍာငွေမှ ထောက်ပံ့ငွေများ ထုတ်ပေးနိုင်ရေးအလို့ငှာ ပြည်သူ့လွှတ်တော်သည် အောက်တွင်ဖော်ပြသော ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။"

ဟူ၍ ဖော်ပြပါရှိသည့်အပြင် ယင်းဥပဒေပုဒ်မ ၅ တွင်လည်း—

> "မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၏ ရသုံးမှန်းခြေ ငွေစာရင်းမှ မိမိအတွက်ရရှိသော ထောက်ပံ့ငွေများကို မိမိက ဦးဆောင်ဖွဲ့စည်းထားသော လူထုလူတန်းစား အဖွဲ့အစည်းများ အတွက် ခွဲဝေပေးပိုင်ခွင့်ရှိသည်။"

ဟူ၍ ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပေသည်၊ ထို့ကြောင့် နိုင်ငံတော် ဘဏ္ဍာငွေမှ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသို့ လွှဲအပ်ပေးသော ထောက်ပံ့ငွေမှာ ပါတီသည် နိုင်ငံတော်ကို အလုပ်အကျွေးပြုနိုင်စေရေး နှင့် နိုင်ငံတော်အတွင်း လူထုလူတန်းစားအမျိုးမျိုး အဖွဲ့အစည်းများ အတွက် သုံးစွဲစေရန်အတွက်ဖြစ်ကြောင်း ပေါ်လွင်ပေသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အသုံးစရိတ်နှင့် ပတ်သက်သော ပြဋ္ဌာန်းချက်ကို ၁၉၆၃ ခုနှစ်တွင် ပြုလုပ်ခဲ့သည်။ ယင်းပြဋ္ဌာန်းချက်ကို ၁-၁၁-၆၃ နေ့စွဲပါ တော်လှန်ရေးကောင်စီ ကြေငြာချက်အမှတ်(၄၇) အရ ပြုလုပ်ခဲ့ပြီးလျှင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အသုံးစရိတ်ကို နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံစေရမည်ဟု ဖော်ပြပါရှိသည်။ ထို့နောက် ၁၉၇၄ ခုနှစ် ပြည်သူ့လွှတ်တော် စဆင်သော အချိန်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ ထောက်ပံ့ငွေပေးရေးဥပဒေ (၁၉၇၄ ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၃)ပေါ်ပေါက်လာပြီးလျှင် တစ်နှစ်လျှင်ငွေကျပ်သိန်း ၆၀၀ ထက်မပိုသော ထောက်ပံ့ငွေကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအား နိုင်ငံတော်ဘဏ္ဍာငွေမှ ထောက်ပံ့ရန် ပြဋ္ဌာန်းသည်။ ထို့ကြောင့် ၁၉၆၃ ခုနှစ် တော်လှန်ရေးကောင်စီ ကြေငြာချက်အမှတ်(၄၇) ထုတ်ပြန်သည့်အချိန်မှအစပြုပြီး ၁၉၇၄ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ ထောက်ပံ့ငွေပေးရေး ဥပဒေပြဋ္ဌာန်းသည့်အချိန်မှ လက်ရှိကာလတိုင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ ထောက်ပံ့ငွေများကို နိုင်ငံတော်ဘဏ္ဍာငွေမှ ပေးခဲ့ကြောင်း ထင်ရှားသည်။

၁၉၇၉
ဦးသန်းစိန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

နိုင်ငံတော် ရသုံးခန့်မှန်းခြေငွေစာရင်းကို နှစ်စဉ်ထုတ်ပြန်သောအခါ မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ ထောက်ပံ့ငွေကို နိုင်ငံတော် ကောင်စီနှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်များထောက်ပံ့သောငွေစာရင်း ခေါင်းစဉ်ဖြင့် ဖော်ပြပါရှိသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ နိုင်ငံတော်မှ ထောက်ပံ့ငွေမှာ ကျပ် သိန်း ၆၀၀ ဖြစ်သည်။ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ ထောက်ပံ့ငွေပေးသကဲ့သို့ပင် ပြည်သူ့ လွှတ်တော်၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့၊ ပြည်သူ့ လုပ်ငန်းစစ်ဆေးရေး အဖွဲ့အစည်းများသို့ လည်း အသီးသီးထောက်ပံ့ငွေများပေးခဲ့သည်ဖြစ်သောကြောင့် ယင်း အဖွဲ့အစည်းများနှင့်ပတ်သက်သောငွေသည် အများနှင့်သက်ဆိုင်သောငွေ ဖြစ်သည်နှင့်အမျှ အလားတူ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ထောက်ပံ့ သောငွေမှာလည်း အများနှင့်သက်ဆိုင်သောငွေပင်ဖြစ်ကြောင်း ယုံမှား ဘွယ်ရာမရှိပေ။

အယူခံတရားလိုက ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၂(ဃ)(၄) အရ အကျုံးဝင် စေရန် ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရက အမိန့်ကြော်ငြာစာဖြင့် ကြေငြာသော အဖွဲ့အစည်းတစ်ခုခုတွင် ပါဝင်ရန်လိုအပ်ကြောင်း တင်ပြ သည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၁၁ တွင် နိုင်ငံတော်သည် တစ်ခုတည်းသောပါတီစနစ်ကိုသာ ကျင့်သုံးရမည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် နိုင်ငံတော်၏ အစ်ခုတည်းသော နိုင်ငံရေးပါတီဖြစ်၍ နိုင်ငံတော်ကို ဦးဆောင်သည်ဟု ဖော်ပြပါရှိသည်ဖြစ်သောကြောင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအား ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက် ရေးဥပဒေအရအသင်း၊ အဖွဲ့ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်အနေဖြင့် သီးခြားထုတ်ပြန်ကြေငြာရန် လိုအပ်မည်မဟုတ်ပေ။

အယူခံတရားလို၏ အကျိုးဆောင်က ဥပဒေအချက်နှင့် ပတ်သက်ပြီး ပထမသတင်းပေးတိုင်ချက်သည် ရဲအရာရှိထံ အစစ်ခံချက်ဖြစ်နေသော ကြောင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၂ အရ သက်သေခံ မဝင်ဟု ဆုံးဖြတ်သင့်ကြောင်းလည်း တင်ပြသည်။ အမှုတွင် ပထမ

၁၉၇၉
ဦးသန်းစိန်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

သတင်းပေးတိုင်တန်းချက်ပြုလုပ်သူမှာ အထူးစုံစမ်းစစ်ဆေးရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဖြစ်သည်။ အထူးစုံစမ်းစစ်ဆေးရေးဌာနမှ ညွှန်ကြားရေးမှူးချုပ်သည် လမ်းစဉ်ပါတီဌာနချုပ်မှ အချို့သောပုဂ္ဂိုလ်များ မသမာမှုပြုလုပ်နေကြောင်း သတင်းရရှိသောကြောင့် အဆိုပါသတင်းနှင့်ပတ်သက်ပြီး ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အား စုံစမ်းစစ်ဆေးစေသည်။ ယင်းသို့ပြုမူခြင်းမှာ အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေပုဒ်မ ၆(၁)တွင် ဥက္ကဋ္ဌသည် မိမိထံပေးပို့သောသတင်း မှန် မမှန် သိရှိလိုသော ဌာနဆိုင်ရာအရာရှိကိုဖြစ်စေ၊ ရဲအရာရှိကိုဖြစ်စေ၊ ဤကိစ္စအလို့ငှာ မိမိက စာဖြင့် နည်းလမ်းတကျ အာဏာအပ်နှင်းထားသည့် အခြားလူကိုဖြစ်စေ စုံစမ်းစစ်ဆေးရန် အမိန့်ပေးနိုင်သည်ဟူသော ပြဋ္ဌာန်းချက်အရ ဖြစ်သည်။ ဦးမောင်မောင်အနေဖြင့် ပဏာမစုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး သတင်းမှန်ကန်ကြောင်း တွေ့ရှိသောအခါတွင် အမှုနှင့်ပတ်သက်သော ပထမသတင်းပေးတိုင်တန်းချက် ပြုလုပ်ခြင်းဖြစ်သည်။

ဦးမောင်မောင်၏ ပထမသတင်းပေးတိုင်တန်းချက်မှာ ဦးသန်းစိန်သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်တွင်ရှိစဉ် သူ၏သမီး မင်္ဂလာပွဲအတွက် ပါတီဌာနချုပ်ရိပ်သာမှ နို့ဆီ၊ သကြား အစရှိသောပစ္စည်းများ တန်ဖိုးငွေကျပ် ၁၀၄၅/၅၀ ပြားကို မတရားရယူသုံးစွဲကြောင်းဖြင့် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ အရေးယူရန် တိုင်ကြားခြင်းမျှသာဖြစ်သည်။

ထို့ကြောင့် ဦးမောင်မောင်သည် တရားခံနှင့် ပတ်သက်ပြီး စုံစမ်းတွေ့ရှိချက်အရ သက်ဆိုင်ရာရဲစခန်းသို့ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၅၄ အရ တိုင်ချက်ဖွင့်လှစ်ခြင်းသာဖြစ်ပေသည်။ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတွင် ပထမ သတင်းပေးတိုင်ချက်ပြုလုပ်သူသည် ကြိုတင် စုံစမ်းစစ်ဆေးခြင်းမပြုလုပ်ရ ဟူ၍ တားမြစ်ချက်မရှိပေ။ ဦးမောင်မောင်သည် အထူးစုံစမ်းစစ်ဆေးရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဖြစ်သောကြောင့် လမ်းစဉ်ပါတီဌာနချုပ်တွင် မသမာမှုများရှိနေသည်ဟု ကြားသိရသောသတင်းနှင့် ပတ်သက်ပြီး မှန်မမှန် စုံစမ်းစစ်ဆေးပြီးမှ ရဲစခန်းတွင် ပထမ သတင်းပေး တိုင်တန်းချက်ပြုလုပ်ခြင်းဖြစ်ပေသည်။ ယင်းတိုင်တန်းချက်မှာ အယူခံဆရာ လိုဘင်ပြသည့်အတိုင်း သက်သေက အထူးစုံစမ်း

၁၉၄၉
ဦးသန်းစိန်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

စစ်ဆေးမှုဌာနမှ အရာရှိထံတွင် အစစ်ခံထားသည့်ထွက်ဆိုချက်မဟုတ်သဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ ပါ ပြဋ္ဌာန်းချက်နှင့် အကျုံးမဝင်ပေ။ တရားရုံးသည် အမှုကိုစစ်ဆေးဆုံးဖြတ်သောအခါမှာလည်း ဦးမောင်မောင်၏ ပထမ သတင်းပေးတိုင်တန်းချက်တစ်ခုတည်းအပေါ်မူတည်၍ ဆုံးဖြတ်ခြင်းမဟုတ်ချေ။ ဦးမောင်မောင်၏ရုံးရှေ့တွင် သက်သေအဖြစ် အစစ်ခံချက်နှင့်တကွ အခြားသက်သေခံအချက်အလက်များကို စုပေါင်းသုံးသပ်၍ အမိန့်ချမှတ်ခြင်းဖြစ်သောကြောင့် အယူခံတရားလို၏အကျိုးဆောင်က ပထမသတင်းပေးတိုင်ချက်သည် ရဲအရာရှိထံ အစစ်ခံချက်ဖြစ်နေသောကြောင့် သက်သေခံမဝင်ဟု တင်ပြခြင်းမှာ ဤအမှုနှင့်သက်ဆိုင်၍ လက်ခံနိုင်ဘွယ်ရာမရှိချေ။

အယူခံတရားလိုက ဤအမှုတွင် အခြားသက်သေများမှ သက်သေထွက်ချက်များကိုထည့်သွင်းစဉ်းစားသောကြောင့် သက်သေခံဥပဒေပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိကြောင်းလည်း တင်ပြသည်။ သို့ရာတွင် ဤအမှုတွင် အယူခံတရားလိုအပေါ် အပြစ် ရှိမရှိ စဉ်းစားခြင်းမှာ ဤအမှုတွင် တွေ့ရှိရသော သက်သေခံအထောက်အထားများအရသာ ဖြစ်သောကြောင့် သက်သေခံဥပဒေပုဒ်မ ၃၃ ပါပြဋ္ဌာန်းချက်များနှင့် မသက်ဆိုင်ပေ။

အမှုဖြစ်ပျက်သည့်အကြောင်းအရာများမှာ တရားလိုပြသက်သေများဖြစ်ကြသော ဦးစံတင်(လိုပြ-၂)၊ ဦးချစ်သိန်း(လိုပြ-၃)၊ ဦးမောင်စန်း(လိုပြ-၄)၊ ဦးစိုးတင်(လိုပြ-၅)၊ ဦးရဲတင်ဝင်း(လိုပြ-၆)၊ ဦးသန်းတင်(လိုပြ-၇)တို့မှာ ပါတီဌာနချုပ်မှ ဝန်ထမ်းများဖြစ်ပြီး၊ ဦးသန်းစိန်၏တပည့်စာပန်းများလည်း ဖြစ်ကြသည်။ ဤသက်သေများ၏ ထွက်ချက်အရ ဦးသန်းစိန်၏သမီး မင်္ဂလာဆောင်အတွက် ပါတီရိပ်သာမှ နို့ဆီ ၂ သေတ္တာ၊ ဒူးယားစီးကရက်ကာတွန်း ၄၀၊ သကြား ၁၅ ပိဿာ၊ ကော်ဖီမှုန့် ၁၀ ပေါင်၊ အချိုခြောက် ၅ ပေါင်နှင့် ပြည်သူ့မုန့်တိုက်မှ မုန့်မျိုးစုံ ငွေကျပ် ၄၀၀/-ဖိုးစီ စီစဉ်ပေးရကြောင်း ပေါ်ပေါက်သည်။

ဦးစံတင်(လိုပြ-၂)က ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ပြုလုပ်သော ဦးသန်းစိန်၏သမီး မင်္ဂလာဆောင်အတွက် ပါတီဌာနချုပ်ရိပ်သာမှ နို့ဆီသကြား အစရှိသော ပစ္စည်းများ စုစုပေါင်း တန်ဖိုး

၁၉၇၉
ဦးသန်းစိန်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

ငွေကျပ် ၁၀၄၅/၅၀ ပြား ပို့ပေးရကြောင်း၊ ပစ္စည်းများ၏ တန်ဖိုးငွေကို မရကြောင်း၊ ထိုငွေအတွက် ကာမိစေရန် ပါတီအစည်းအဝေး ပြုလုပ်သောအခါတွင် တက်ရောက်သော လူဦးရေကို ပိုမိုပြသပြီး ကုန်ကျစရိတ်များကို ပုမိုပြသရကြောင်း ထွက်ဆိုသည်။ ဦးချစ်သိန်း(လိုပြ-၃) က ဦးစံဘင်၏ စေခိုင်းချက်အရ ဦးသန်းစိန်၏သမီး မင်္ဂလာဆောင်ကိစ္စအတွက် နို့ဆီ၊ သကြား စသည်များတို့ကို ကိုမောင်စန်း (လိုပြ-၄) နှင့် ကိုသန်းဘင် (လိုပြ-၇)တို့အား ပို့ခိုင်းကြောင်း ထွက်ဆိုသည်။ ကိုမောင်စန်းနှင့် ကိုသန်းတင်တို့က ပစ္စည်းများ အမှန်တကယ် ပို့ပေးရကြောင်း ထွက်ဆိုကြသည်။ ဦးစိုးတင့်(လိုပြ-၅)က ဦးသန်းစိန်၏သမီး မင်္ဂလာမဆောင်မီ တစ်လခန့်အလိုတွင် မင်္ဂလာဆောင် လုပ်ငန်းအတွက် အဖွဲ့ငယ်များဖွဲ့ပြီး ဆောင်ရွက်ရန် ဦးသန်းစိန်က ပြောသောကြောင့် ဦးရဲတင်ဝင်းသည် အကျွေးအမွေး ကိစ္စများအတွက် တာဝန်ကျကြောင်း ထွက်ဆိုသည်။

ဦးရဲတင်ဝင်း(လိုပြ-၆)က ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ အတွင်း ဦးသန်းစိန်၏သမီး မင်္ဂလာဆောင် ကိစ္စအတွက် ညွှန်ကြားချက်အရ ရိပ်သာမှ နို့ဆီ ၂ သေတ္တာ၊ ဒူးယားစီးကရက် ကာတွန်း ၄၀၊ သကြား ၁၅ ပိဿာ၊ ကော်ဖီမှုန့် ၁၀ ပေါင်၊ အချိုခြောက် ၅ ပေါင် နှင့် ပြည်သူ့မုန့်တိုက်မှ မုန့်မျိုးစုံ ငွေကျပ် ၄၀၀/-ဖိုးစီ စီစဉ်မှာကြားပေးရကြောင်း၊ မင်္ဂလာညွှေ့ခံပွဲအတွက် ကုန်ကျငွေများကို ဦးသန်းစိန်ထံ တင်ပြရာတွင် မင်းညွှေ့ခံစရိတ်ထဲက ထည့်ပြလိုက်တော့ကွာဟု ပြောသောကြောင့် ရိပ်သာစာရင်း ပြုစုရာတွင် လူအင်အားကို အမှန်တကယ် အစည်းအဝေးတက်ရောက်သော လူအင်အားထက် ပိုမိုပြသပြီး စာရင်းလိမ် ပြုစုခဲ့ရကြောင်း ထွက်ဆိုသည်။ ဦးမွန်ကျော်ထွန်း (လိုပြ-၈)က ရိပ်သာမှ တရားဝင် ကျွေးမွေးသော စားသောက် စာရင်းများကို စစ်ဆေးသောအခါမှာ အမှန်တကယ် အစည်းအဝေးတက်သူများထက် ဦးရေပိုမိုပြသထားကြောင်း ထွက်ဆိုသည်။

ဦးသန်းစိန်က ချေပရာတွင် မိမိသမီး မင်္ဂလာဆောင်နှင့် ပတ်သက်ပြီး ဦးရဲတင်ဝင်းအား အကျွေးအမွေးညွှေ့ခံရန်အတွက် တာဝန်ပေးကြောင်း မှန်သော်လည်း ရိပ်သာမှ နို့ဆီ၊ သကြား အစရှိသည်များ အသုံးပြုသည် ဆိုခြင်းမှာ မဟုတ်မှန်ကြောင်း၊ မင်္ဂလာဆောင် စရိတ်အတွက် ဦးရဲတင်ဝင်းကို ငွေကျပ် ၇၀၀၀/- ပေးလိုက်ကြောင်း ထွက်ဆိုသည်။

မောင်လှသိန်း(ခံပြ-၂)နှင့် မောင်ရိုစိုး(ခံပြ-၃)တို့မှာ ဦးသန်းစိန်၏သမီး မင်္ဂလာဆောင်တွင် ကူညီလုပ်ကိုင်ပေးသူများဖြစ်၍ မင်္ဂလာပွဲဧည့်ခံရန်နှင့် ပတ်သက်ပြီး ဦးရဲထင်ဝင်း၏တာဝန်ပေးသမျှကို လုပ်ကိုင်ပေးရကြောင်း လည်း ထွက်ဆိုကြသည်။ ဒေါ်စောလှ(ခံပြ-၄)မှာ ဦးသန်းစိန်၏ ညီမ အရင်းဖြစ်၍ မညိုသန်းမူ (ခံပြ-၅)မှာ ဦးသန်းစိန်၏ သမီး ဖြစ်သည်။ ဤသက်သေနှစ်ဦးက မင်္ဂလာဆောင် ကုန်ကျစရိတ်နှင့် ပတ်သက်ပြီး ဦးသန်းစိန်က ဦးရဲထင်ဝင်းကို ငွေထုတ်ပေးရကြောင်း ထွက်ဆိုကြသည်။

၁၉၇၉ ဦးသန်းစိန်နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

ဒေါ်အေးခင်(လိုပြ-၆)မှာ ရသာမုန့်တိုက်မှ ဝန်ထမ်းဖြစ်၍ ရသာ မုန့်တိုက်မှ ဦးသန်းစိန်အတွက် ရေခဲမုန့် ၁၀ စည် ကျသင့်ငွေကျပ် ၈၀၀/-ဝယ်ယူကြောင်း ထွက်ဆိုသည်။ ဒေါ်အမာရှိန် (ခံပြ-၇)မှာ ပြည်သူ့မုန့်တိုက်မှ ဝန်ထမ်းဖြစ်၍ ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဗိုလ်မှူးကြီးသန်းစိန်အမည်နှင့် ဝယ်ယူသော အရောင်းပြေစာ မတွေ့ရ ကြောင်း ထွက်ဆိုသည်။ ဒေါ်ဝဝမူ(ခံပြ-၈)မှာ မညိုသန်းမူကို ဝယ်စဉ် ကပင် သိကျွမ်းသူဖြစ်၍ ဦးရဲထင်ဝင်းအား ဦးသန်းစိန်ကမင်္ဂလာဆောင် ကိစ္စအတွက် ငွေကျပ် ၅၅၀၀/-ပေးကြောင်းကို သိပါသည်ဟု ထွက်ဆို သည်။ မောင်သန်းတင့်လွင်(ခံပြ-၉)မှာ ဦးသန်းစိန်၏ သားဖြစ်၍ မညို သန်းမူ လက်ထပ်စဉ်က ဦးသန်းစိန်သည် ဦးရဲထင်ဝင်းကို ပထမရှင်းပေး ရန်ရှိသောငွေကျပ် ၁၀၀၀/-နှင့် စမူဆာဖိုး ငွေကျပ် ၅၀၀/-ပေး လိုက်ကြောင်း သိပါသည်ဟူ၍ ထွက်ဆိုသည်။

တရားလိုဘက်ခံပြသက်သေအားလုံးတို့၏ ထွက်ဆိုချက်ကို စုပေါင်း စဉ်းစားလျှင် ဦးသန်းစိန်သည် သမီးမင်္ဂလာဆောင်အတွက် ကုန်ကျငွေ ကျပ် ၇၀၀၀/-ပေးသည်ဟူသော ထွက်ချက်ကို ထောက်ခံကြသူများ မှာ ဦးသန်းစိန်၏ဇနီး သားသမီးနှင့် ဦးသန်းစိန်တို့နှင့် မျှားစွာ ရင်းနှီး သော သက်သေ ဒေါ်ဝဝမူ(ခံပြ-၈)တို့သာ ဖြစ်သည်။ ဦးရဲထင်ဝင်း နှင့်တကွ တရားလိုပြသက်သေများမှာ ဦးသန်းစိန်အပေါ် မဟုတ်မတရား သက်သေထွက်ဆိုရန် အကြောင်းမရှိသော ဦးသန်းစိန်၏ ယုံကြည်စိတ်ချ ရသည့် တပည့်တပန်းများ ဖြစ်ကြသည်။ ဦးသန်းစိန်က သမီးမင်္ဂလာ ဆောင်နှင့် ပတ်သက်၍ ပါတီရိပ်သာမှ အသုံးပြုသော နို့ဆီ၊ သကြား အစရှိသည့် ပစ္စည်းများတန်ဖိုးကို ပါတီ အစည်းအဝေး ပြုလုပ်ရာတွင် လူပိုပြ၍ စာရင်းလိမ်လည် ပြုလုပ်စေသည်ဆိုခြင်းနှင့် ပတ်သက်၍လည်း စာရင်းများလိမ်ထားကြောင်း ထွက်ဆိုသော ဦးရဲတင်ဝင်း၏ ထွက်ချက်

၁၉၇၉ ဦးသန်းစိန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

နှင့်အတူ စာရင်းမှာ လိမ်လည်ထားသော စာရင်းများဖြစ်ကြောင်း စာရင်းစစ်ဆေးသော ဦးမွှကျော်ထွန်း၏ ထွက်ချက်အရ ထင်ရှား ပေါ်လွင်ပေသည်။

ဦးသန်းစိန်သည် လမ်းစဉ်ပါတီ ဗဟိုအတွင်းရေးမှူးအဖြစ် တာဝန် ထမ်းဆောင်နေစဉ် ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း ပါတီဌာနချုပ် ရှိ ပါတီရိပ်သာမှ နို့ဆီ၊ သကြား အစရှိသည့် စုစုပေါင်း တန်ဖိုးငွေ ကျပ် ၁၀၄၅/၅၀ ပြားတန် ပစ္စည်းများကို မိမိကိုယ်ကျိုးအတွက် အလွဲ သုံးစားပြုလုပ်ကြောင်း ပေါ်လွင် ထင်ရှားသောကြောင့် ရန်ကုန်တိုင်း တရားရုံးက ဦးသန်းစိန်အပေါ် အပြစ်တွေ့ရှိခြင်းနှင့် ပြစ်ဒဏ်သတ်မှတ် ခြင်းတို့မှာ အကြောင်းခြင်းရာ အရလည်းကောင်း၊ ဥပဒေကြောင်းအရ လည်းကောင်း မှန်ကန်သဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းဇစ်ုံ တရာ မတွေ့ရ၍ ဦးသန်းစိန်၏ အယူခံမှုကို ပယ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးတင်အောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉ အောက်တိုဘာလ ၁၇ ရက်

**ကိုသန်းတင်**

**နှင့်**

**မလှိုင် ***

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၈၈ (၄)—လုံလောက်သော အကြောင်းပြချက်မရှိပဲ လင်ယောကျ်ားနှင့် အတူနေထိုင်ရန်ငြင်းဆန်သည့်ဇနီးသည်မှာ လင်ယောကျ်ားထံမှ စားစရိတ်မရထိုက်ခြင်း။**

**ဆုံးဖြတ်ချက်။** လုံလောက်သော အကြောင်းပြချက်မရှိပဲ ခင်ပွန်းဖြစ်သူ မောင်သန်းတင်ခေါ်ရာနောက်သို့လိုက်၍ ပေါင်းသင်းနေထိုင်ရန် မလှိုင်က ငြင်းဆန်ခဲ့ခြင်းဖြစ်ကြောင်းသာ ပေါ်လွင်ပေသည်၊ လုံလောက်သည့် အကြောင်းပြချက်မရှိပဲ လင်ယောကျ်ားနှင့် အတူနေထိုင်ရန် ငြင်းဆန်သည့် ဇနီးသည်မှာ လင်ယောကျ်ားထံမှ စားစရိတ် မရထိုက်ကြောင်းဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ (၄) တွင် ပြဋ္ဌာန်းထားလေသည်။

**လျှောက်ထားသူအတွက်** — ဦးသန်းမြင့်၊ ဗဟိုတရားရုံးရှေ့နေ
**လျှောက်ထားခံရသူအတွက်** — ဦးထွန်းဝေ၊ ဗဟိုတရားရုံးရှေ့နေ

ဘိုကလေးမြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာ အမှုသေးအမှတ် ၇၇/၇၅ တွင် မောင်သန်းတင်သည် မလှိုင်အား မယား စားစရိတ်ငွေကျပ် ၄၀/-ကို ၁၉-၁၀-၇၆ နေ့မှစ၍ ပေးစေရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်ကိုမောင်သန်းတင်က မကျေနပ်သည့်အတွက် ရေဝတီတိုင်း တရားရုံးသို့ အယူခံဝင်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းလာခြင်း ဖြစ်ပေသည်။

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၆၂(ခ)
† ၁၉၇၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှု အမှတ် ၄၂ တွင် ချမှတ်သော (၂၇-၆-၇၇) နေ့စွဲပါ ရေဝတီတိုင်း တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၇၉
ကိုသန်းတင်
နှင့်
မလှိုင်

လျှောက်ထားသူ မောင်သန်းတင်က မိမိသည် လူကြီးများမှတဆင့် မလှိုင်အား အဘူတကွ ပေါင်းသင်းနေထိုင်ရန် ခေါ်ခဲ့ကြောင်း၊ မလှိုင်က လုံလောက်သော အကြောင်းပြချက်မရှိပဲ မိမိနှင့်အတူ နေထိုင်ပေါင်းသင်းရန် ငြင်းဆိုခဲ့ကြောင်း၊ ဤအချက်များကို မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ထည့်သွင်း မစဉ်းစားသည်မှာ မှားယွင်းကြောင်း စသည်ဖြင့် တင်ပြလာသည်။

မောင်သန်းတင်နှင့် မလှိုင်တို့သည် တရားဝင် ဇနီးမောင်နှံဖြစ်ကြသည်။ ယင်းတို့နှစ်ဦးသည် မလှိုင်၏ မိဘများနေအိမ်တွင် နေထိုင်လာကြလေသည်။ သက်သေခံချက်များအရ ၁၉၇၆ ခုနှစ် ဇွန်လအတွင်းက မောင်သန်းတင်၏ မိဘများသည် မြေများကိုသာ သာသနာ့ဘောင်သို့ သွတ်သွင်းရန် အလှူပြုလုပ်သောအခါ မောင်သန်းတင်က အလှူတွင်ပါဝင်ရန် ငွေထည့်လို၍ မလှိုင်ထံမှငွေတောင်းသည်ကို တွေ့ရသည်။ မလှိုင်က ငွေမပေးသည့်အတွက် မောင်သန်းတင်နှင့် မလှိုင်တို့ စကားများပြီး မောင်သန်းတင်မှာ နေအိမ်မှ ဆင်းခဲ့လေသည်။

မောင်သန်းတင်က မလှိုင်၏မိဘများနှင့်ခွဲ၍ သီးခြားနေအိမ်ဆောက်လုပ်ပြီး နေထိုင်ရန်အတွက် လူကြီးဦးအောင် (လိုပြ-၄)နှင့် ဦးပိန် (ခံပြ-၂)တို့မှတဆင့် မလှိုင်ကိုခေါ်သော်လည်း မလှိုင်က လိုက်၍မနေနိုင်ကြောင်းတင်ပြလေသည်။ မလှိုင်က မောင်သန်းတင်သည် မအေးနွဲ့ဆိုသူနှင့် ပေါင်းသင်း နေထိုင်လျက်ရှိသောကြောင့် မောင်သန်းတင်နှင့် မပေါင်းနိုင်ကြောင်း လူကြီးများထံ တင်ပြသည်ဟု အဆိုရှိသော်လည်း ယင်းအချိန်ခါတွင် မောင်သန်းတင်နှင့် မအေးနွဲ့တို့မှာ လင်မယားအဖြစ် အတူနေထိုင် ပေါင်းလျက်ရှိကြောင်း အထောက်အထားများကို မတွေ့ရပေ။ ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ဥက္ကဋ္ဌက မောင်သန်းတင်နှင့်မလှိုင်တို့နှစ်ဦး သီးခြားနေထိုင်နိုင်ရန် နေအိမ်တစ်လုံးငှားပေးမည်ဟု ဆိုသော်လည်း မလှိုင်က လက်မခံခဲ့ပေ၊ ထို့နောက်(၇)လခန့်အကြာမှ မောင်သန်းတင်မှာ မအေးနွဲ့ဆိုသူနှင့် လက်ထပ် ပေါင်းသင်းခဲ့ခြင်းသာ ဖြစ်ပေသည်။ လုံလောက်သော အကြောင်းပြချက်မရှိပဲ ခင်ပွန်းဖြစ်သူ မောင်သန်းတင် ခေါ်ရာနောက်သို့ လိုက်၍ ပေါင်းသင်းနေထိုင်ရန် မလှိုင်က ငြင်းဆန်ခဲ့ခြင်းဖြစ်ကြောင်းသာ ပေါ်လွင်ပေသည်။ လုံလောက်သည့်အကြောင်းပြချက်မရှိပဲလင်ယောကျ်ားနှင့်အတူနေထိုင်ရန် ငြင်းဆန်သည့်ဇနီးသည်မှာ လင်ယောကျ်ားထံမှ စားစရိတ် မရထိုက်ကြောင်းဖြင့်

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ (၄)တွင် ပြဋ္ဌာန်းထားလေသည်၊ သို့ဖြစ်၍ မလှိုင်မှာ မောင်သန်းဘင်ထံမှ စားစရိတ် ရထိုက်သူ တစ်ဦးမဟုတ်ပေ။

၁၉၇၉ ကိုသန်းတင် နှင့် မလှိုင်

မောင်သန်းတင်က ဇနီးဖြစ်သူ မလှိုင်အား လစဉ်စားစရိတ်ငွေကျပ် ၄၀/—ပေးစေရန် ချမှတ်ခဲ့သည့် မြို့နယ်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သည့် တိုင်းတရားရုံး၏အမိန့်များသည် မှားယွင်းသည့် အမိန့်များဖြစ်သည်ဟူ၍ ဆိုရပေမည်၊ သို့ဖြစ်၍ လျှောက်ထားသူ မောင်သန်းတင်၏ ပြင်ဆင်မှုလျှောက်လွှာကိုလက်ခံပြီး မြို့နယ်တရားရုံး နှင့် တိုင်းတရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် သူရ ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉
ဇီဇင်ဘာလ
၂၆ ရက်

မောင်သန်းလှ

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်*

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၄၂(၁)—တရားခံတစ်ဦး၏သက်သေအဖြစ် ထွက်ဆိုချက်ကို ပူးတွဲတရားခံအပေါ် အသုံးပြုနိုင်ခြင်း—ထိုသို့ သက်သေခံသော တရားခံကို ပူးတွဲတရားခံက ပြန်လှန်စစ်မေးခွင့်ရှိခြင်း—တရားခံတစ်ဦးကို စစ်ဆေးနေစဉ် ပူးတွဲတရားခံအား ရုံးခန်းအပြင်သို့ ထွက်နေစေခြင်း – ပြန်လှန်စစ်မေးခွင့် မပေးခြင်းတို့သည် ဥပဒေနှင့်မညီ။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူ မောင်သန်းလှ၏အကျိုးဆောင်က အမှုတွင် ပထမတရားခံဖြစ်သော မောင်ဘိုသိန်းအား စစ်ဆေးစဉ် မြို့နယ်တရားစီရင်ရေးအဖွဲ့က မောင်သန်းလှအား ရုံးခန်း အပြင်ဘက်သို့ ထွက်နေစေသည့်အပြင် မောင်ဘိုသိန်းကိုလည်း ပြန်လှန်စစ်မေးခွင့်မပေးခဲ့သဖြင့် ဥပဒေအရ များစွာ မှားယွင်းကြောင်းဖြင့် တင်ပြလျှောက်လဲသည်။

တရားခံတစ်ဦးသည် သက်သေအဖြစ် အစစ်ခံရာ၌ အမှုတွင် ပူးတွဲတရားစွဲဆိုသော အခြားတရားခံတစ်ဦးအပေါ် ငြိစွန်းထွက်ဆိုပါက သူ၏ထွက်ချက်ကို ပူးတွဲတရားခံအပေါ် အသုံးပြုနိုင်ကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၂(၁) တွင် ပြဋ္ဌာန်းထားသည်ဖြစ်ရာ ထိုသို့ သက်သေခံသော တရားခံကို ပူးတွဲတရားခံက ပြန်လှန်စစ်မေးခွင့် ရှိပေသည်။ ထိုသို့ ပြန်လှန်စစ်မေးနိုင်ရန် သက်သေခံသော တရားခံသည် မိမိအပေါ် မည်ကဲ့သို့ ငြိစွန်းထွက်ဆိုသည်ကို သိရှိရန် လိုအပ်သည့် အလျောက် တရားခံတစ်ဦးက သက်သေခံနေစဉ် ပူးတွဲတရားခံသည်

* ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၂ (ခ)
† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၃၁၃ တွင် ချမှတ်သော (၁၄-၇-၇၇) နေ့စွဲပါ မကွေးတိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

လည်း တရားခွင်၌ ရှိဖို့လိုသည်။ သို့ဖြစ်၍ အမှုတွင် မောင်ဘိုသိန်းကို စစ်ဆေးနေစဉ် မောင်သန်းလှအား ရုံးခန်းအပြင်ဘက်သို့ ထွက်နေစေခြင်း၊ မောင်သန်းလှအား မောင်ဘိုသိန်းကို ပြန်လှန်စစ်မေးခွင့် မပေးခြင်းတို့မှာ ဥပဒေနှင့် မညီညွတ်ပေ။

၁၉၇၉
မောင်သန်းလှ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

**လျှောက်ထားသူအတွက်** — ဦးခင်မောင်၊ ဗဟိုတရားရုံးရှေ့နေ
**လျှောက်ထားခံရသူအတွက်** — ဒေါ်စောဝင်း၊ ဥပဒေဝန်ထမ်း အဆင့် (၂)

ရေစကြိုမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၅၃/၇၆ တွင် လျှောက်ထားသူ မောင်သန်းလှအပေါ် ၁၉၄၇ ခုနှစ်၊ ပြည်သူ့ပစ္စည်း ကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁)အရ ရုံးတက်ရုံးဆင်း ထောင်ဒဏ်နှင့် ဒဏ်ငွေကျပ် ၁၀၀/- ပေးဆောင်စေရန် အမိန့်ချမှတ်သည်။ မောင်သန်းလှက မြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် မကွေးတိုင်းတရားရုံးသို့ အယူခံဝင်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံး၌ ဤပြင်ဆင်မှုကို တင်သွင်းခြင်း ဖြစ်သည်။

လျှောက်ထားသူ မောင်သန်းလှသည် ရေစကြိုမြို့ လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်းက စာရင်းကိုင် အဆင့်(၃) ဖြစ်သည်။ ၁၉၇၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် မောင်သန်းလှက လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်း ရုံးခန်းအတွင်းရှိ ဗီရိုထဲ၌ ထည့်ထားသော ဝပ်(၈၀) အားရှိသည့် မာကျူရီမီးသီး တစ်လုံး ပျောက်ဆုံးနေကြောင်း မြို့နယ် လျှပ်စစ်မန်နေဂျာ ဦးသိန်းရီ (လိုပြ-၁)ထံ တင်ပြသည်။ ဦးသိန်းရီက ပြည်သူ့ရဲတပ်ဖွဲ့၏ အကူအညီဖြင့် တိတ်တဆိတ် စုံစမ်းရာ မောင်ဘိုသိန်း ဆိုသူက ယင်းမီးသီးကို ခိုးယူပြီး မောင်မြင့်လွင်(လိုပြ-၂)ထံရောင်းထားကြောင်း၊ စုံစမ်းသိရှိရသဖြင့် ရေစကြိုမြို့ ပြည် သူ့ ရဲ တပ် ဖွဲ့ စခန်းသို့ ယင်းမီးသီး ပျောက်ဆုံးမှုနှင့် ပတ်သက်၍ ၁၉၇၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် တိုင်စာရေးသား ပေးပို့ခဲ့လေသည်။ အမှုကို ပြည်သူ့ရဲ တပ်ဖွဲ့စခန်းက စုံစမ်းစစ်ဆေးပြီးနောက် မောင်သန်းလှနှင့်မောင်ဘိုသိန်း တို့အား မာကျူရီမီးလုံးခိုးမှုဖြင့် ရေစကြိုမြို့နယ်တရားရုံး၌ တရားစွဲဆို သည်။

ဤအမှုတွင် မောင်မြင့်လွင် (လိုပြ-၂)၊ ဦးသော်(လိုပြ-၃)၊ ကြည် ဝင်း (ခံပြ-၃)နှင့် မောင်အောင်ကြည်(ခံပြ-၄)တို့၏ ထွက်ချက်များအရ

၁၉၇၉
မောင်သန်းလှ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

မောင်သန်းလှသည် သက်သေခံ မာကျူရီမီးလုံးကို မောင်မြင့်လွင်အား ငွေကျပ် ၁၆၀/-နှင့် ရောင်းထားကြောင်း ပေါ်ပေါက်နေပေသည်။ မောင်သန်းလှက အချင်းဖြစ်မီးလုံးကို ရုံးနေ့အတွင်းရှိ ဗီရိုထဲတွင် ထည့်ထားရာမှ ပျောက်ဆုံးသွားကြောင်း ထုချေသော်လည်း အထောက်အထား တင်ပြနိုင်ခြင်း မရှိချေ။ မောင်မြင့်လွင်နှင့် အခြားသက်သေများသည် မောင်သန်းလှအပေါ် မမှန်မကန် စွပ်စွဲပြော ဆိုရန်အကြောင်းရှိကြောင်း မပေါ်ပေါက်သဖြင့် ယင်းသက်သေများ၏ ထွက်ချက်ကို လက်မခံနိုင်ရန်အကြောင်းမရှိပေ။ သို့ဖြစ်၍ မြို့နယ်တရားရုံးနှင့်တိုင်းတရားရုံးတို့က မောင်သန်းလှအပေါ် ၁၉၄၇ ခုနှစ်၊ ပြည်သူ့ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁)အရ အပြစ်တွေ့ရှိခြင်းမှာ မှန်ကန်ပေသည်။

လျှောက်ထားသူ မောင်သန်းလှ၏ အကျိုးဆောင်ကအမှုတွင် ပထမတရားခံဖြစ်သော မောင်ဘိုသိန်းအား စစ်ဆေးစဉ် မြို့နယ်တရားစီရင်ရေးအဖွဲ့က မောင်သန်းလှအား ရုံးခန်းအပြင်ဘက်သို့ထွက်နေစေသည့်အပြင် မောင်ဘိုသိန်းကိုလည်း ပြန်လှန်စစ်မေးခွင့် မပေးခဲ့သဖြင့် ဥပဒေအရ များစွာမှားယွင်းကြောင်းဖြင့် တင်ပြလျှောက်လဲသည်။

တရားခံတစ်ဦးသည် သက်သေအဖြစ် အစစ်ခံရာ၌ အမှုတွင်ပူးတွဲတရားစွဲဆိုသော အခြားတရားခံ တစ်ဦးအပေါ် ငြိစွန်းထွက်ဆိုပါက သူ၏ထွက်ချက်ကို ပူးတွဲတရားခံအပေါ် အသုံးပြုနိုင်ကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၄၂(၁)တွင် ပြဋ္ဌာန်းထားသည်ဖြစ်ရာ ထိုသို့သက်သေခံသော တရားခံကို ပူးတွဲတရားခံက ပြန်လှန်စစ်မေးခွင့် ရှိပေသည်။ ထိုသို့ပြန်လှန်စစ်မေးနိုင်ရန် သက်သေခံသော တရားခံသည် မိမိအပေါ် မည်ကဲ့သို့ ငြိစွန်းထွက်ဆိုသည်ကို သိရှိရန် လိုအပ်သည့်အလျှောက် တရားခံတစ်ဦးက သက်သေခံနေစဉ် ပူးတွဲတရားခံသည်လည်း တရားခွင်၌ရှိဖို့လိုသည်။ သို့ဖြစ်၍ အမှုတွင် မောင်ဘိုသိန်းကို စစ်ဆေးနေစဉ် မောင်သန်းလှအား ရုံးခန်းအပြင်ဘက်သို့ ထွက်နေစေခြင်း၊ မောင်သန်းလှအား မောင်ဘိုသိန်းကို ပြန်လှန်စစ်မေးခွင့် မပေးခြင်းတို့မှာ ဥပဒေနှင့်မညီညွတ်ပေ။

သို့သော် အမှုတွင် မောင်သန်းလှအပေါ် ငြိစွန်းသော မောင်ဘိုသိန်း၏ ထွက်ချက်ကို ပယ်လိုက်သည့်တိုင်အောင် မောင်သန်းလှသည် ပြစ်မှုကျူးလွန်ကြောင်း ကောက်ယူ ဆုံးဖြတ်နိုင်ရန် သက်သေ အထောက်

အသား အလုံအလောက် ရှိနေသဖြင့် မူလရုံးက မောင်ဘိုသိန်းနှင့် မောင်သန်းလုတို့အား သက်သေအဖြစ် စစ်ဆေးရာ၌ လုပ်ထုံးလုပ်နည်း ချွတ်ချော်ခဲ့စေကာမူ မောင်သန်းလုအနေဖြင့် အမှုကိုခုခံချေပရာ၌ အမှု ပျက်ပြယ်လောက်အောင် ထိခိုက်နစ်နာခဲ့သည်ဟု မဆိုနိုင်သောကြောင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၃၇ အရ ကုစားနိုင်သည်။

ထို့ကြောင့် မောင်သန်းလု၏ ပြင်ဆင်မှုကို ပယ်လိုက်သည်။

၁၉၄၉

မောင် သန်းလု နှင့် ပြည်ထောင်စု ဆိုရှယ်သစ် သမ္မတ မြန်မာနိုင်ငံ တော်

# ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးအေးမောင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉ နိုဝင်ဘာလ ၇ ရက်

အက်စ်-ကေ-ဆင်း

နှင့်

၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
၂။ ဦးခင်မောင် *

**ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က ပါ လုပ်ပိုင်ခွင့်ကို တရားရုံးသို့ အပ်နှင်းထားခြင်း မရှိခြင်း—ပယ်ဖျက်ခြင်း မပြုသေး၍ အတည်ဖြစ်လျက်ရှိသော အမိန့်ကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ယခင် ရန်ကုန်တိုင်း ပြည်သူ့တရားရုံးအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ပါ လုပ်ပိုင်ခွင့်များကို အပ်နှင်းခဲ့ခြင်းမရှိ၍ ယင်းရုံးအနေဖြင့် တာမွေမြို့နယ် တရားရုံးတွင် စစ်ဆေးလျက်ရှိသော ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၁၆/၇၃ ကို ချေဖျက်ခြင်း မပြုနိုင်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။တိုင်းပြည်သူ့ တရားရုံးက တာမွေမြို့နယ် တရားရုံး၏ အမှုတွဲကို ချေဖျက်လိုက်သော အမိန့်ကို ဗဟိုတရားရုံးက ပယ်ဖျက်ခြင်းမပြုသည့်အလျောက်၊ ယင်းအမိန့်မှာ အတည်ဖြစ်နေသော ကြောင့် မြို့နယ်တရားရုံးအနေဖြင့် တိုင်းပြည်သူ့တရားရုံးက ချမှတ်ခဲ့သောအမိန့်အတိုင်း လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

**လျှောက်ထားသူအတွက်** — ဦးမောင်မောင်မြင့်၊ ဗဟိုတရားရုံးရှေ့နေ
**လျှောက်ထားခံရသူအတွက်** — (၁) ဦးသိန်းလွန်၊ ဥပဒေဝန်ထမ်း အဆင့်(၁)
(၂) ကိုယ်တိုင်

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၁၄၉
† တာမွေမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၁၆/၇၃ ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-ကအရ ချေဖျက်ပေးရန် လျှောက်ထားမှု။

၁၉၇၉
အက်စ်ကေဆင်း
နှင့်
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်(ဦးခင်မောင်)

တာမွေမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၁၆/၇၃ တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၂ အရ စွဲဆိုထားသောအမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ပယ်ဖျက်ပေးရန် အက်စ်ကေဆင်းက လျှောက်ထားသော အမှုဖြစ်သည်။

၁၉၇၃ ခုနှစ် မေလ ၁၈ ရက်နေ့ နံနက်(၇)နာရီခန့်တွင် ဦးခင်မောင်သည် ခရီးသည်တစ်ဦးအား ရန်ကုန်ဘူတာကြီးသို့ ဆိုက်ကားနင်း၍ပို့ရာ မင်္ဂလာတောင်ညွန့် ရဲစခန်းရှေ့သို့ ရောက်သောအခါ လျှောက်ထားသူ အက်စ်ကေဆင်းနှင့် ယခင်ရန်ကုန်မြို့တော်တရားမရုံးမှ ရုံးလုလင် (၂)ဦးနှင့် တွေ့ဆုံသည်။ အက်စ်ကေဆင်းက ဦးခင်မောင်သည် ကိုရကျော်မြိုင်ဆိုသူ ဖြစ်သည်ဟု ပြောဆိုသဖြင့် ရုံးလုလင်များက ဦးခင်မောင်အား ဖမ်းဆီး၍ ရန်ကုန်မြို့တော် တရားမရုံးသို့ ခေါ်သွားလေသည်။ ရန်ကုန်မြို့တော် တရားမရုံးတွင် ဦးခင်မောင်က မိမိသည် ကိုရကျော်မြိုင်မဟုတ်ကြောင်း တင်ပြရာ အမှုကို နောက်တနေ့သို့ ချိန်းဆိုလိုက်သည်။ သို့ဖြစ်၍ ဦးခင်မောင်က တာမွေ ပြည်သူ့ရဲတပ်ဖွဲ့စခန်းတွင် အက်စ်ကေဆင်းအပေါ် တရားဥပဒေအရ အရေးယူပေးရန် တိုင်တန်းရာ ရဲစခန်းက ရဲအရေးမပိုင်မှုအဖြစ် ရေးမှတ်၍ တာမွေမြို့နယ်တရားရုံးတွင် အက်စ်ကေဆင်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၂ အရ တရားစွဲဆိုသည်။

လျှောက်ထားသူ အက်စ်ကေဆင်းက ယခင်ရန်ကုန်တိုင်း ပြည်သူ့တရားရုံး ၁၉၇၃ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၁ တွင် တာမွေမြို့နယ် တရားရုံးက စွဲဆိုထားသော အမှုကို ချေဖျက်ပေးရန် လျှောက်ထားရာ၊ တိုင်းပြည်သူ့တရားရုံးက ၁၃-၂-၇၄ နေ့ နေ့စွဲပါ အမိန့်အရ တာမွေမြို့နယ်တရားရုံး၏ အမှုတွဲကို ချေဖျက်လိုက်လေသည်။ သို့သော် တာမွေမြို့နယ်တရားရုံးက ရန်ကုန်တိုင်း ပြည်သူ့တရားရုံး၏ အမိန့်သည် မိမိရရှိထားသော အာဏာထက်ကျော်လွန်၍ သုံးစွဲထားခြင်းဖြစ်သည်။ ယင်းအမိန့်သည် တရားဥပဒေအရ မှားယွင်းနေသည် ဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၁၆/၇၃ သည် ပျက်ပြယ်ခြင်း မရှိသေး၍ ဆက်လက် စစ်ဆေးသွားရန် ဖြစ်သည်ဟု ၂၁-၇-၇၇ နေ့တွင် အမိန့်ချမှတ်သည်။ သို့ဖြစ်၍ လျှောက်ထားသူ အက်စ်ကေဆင်းက ယင်းအမှုကို ချေဖျက်ပေးရန် ဗဟိုတရားရုံးသို့ လျှောက်ထားလာခြင်း ဖြစ်သည်။

၁၉၇၉
အက်စ်ကေဆင်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်(ဦးခင်မောင်)

ယခင်ရန်ကုန်တိုင်း ပြည်သူ့တရားရုံးအား ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က ပါ လုပ်ပိုင်ခွင့်များကို အပ်နှင်းခဲ့ခြင်း မရှိ၍ ယင်းရုံးအနေဖြင့် တာမွေမြို့နယ် တရားရုံးတွင် စစ်ဆေးလျက်ရှိသော ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၁၆/၇၃ ကို ချေဖျက်ခြင်း မပြုနိုင်ပေ။ သို့ဆော် တိုင်းပြည်သူ့တရားရုံးက တာမွေမြို့နယ်တရားရုံး၏ အမှုတွဲကို ချေဖျက်လိုက်သောအမိန့်ကို ဗဟိုတရားရုံးက ပယ်ဖျက်ခြင်း မပြုသည့် အလျောက်၊ ယင်းအမိန့်မှာ အတည်ဖြစ်နေသောကြောင့် မြို့နယ်တရား ရုံးအနေဖြင့် တိုင်းပြည်သူ့တရားရုံးက ချမှတ်ခဲ့သော အမိန့်အတိုင်း လိုက်နာဆောင်ရွက်ရန် ဖြစ်သည်၊

လျှောက်ထားသူ အက်စ်ကေဆင်း အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၈၂ အရ အရေးယူပေးရန် မူလရုံးတရားလို ဦးခင်မောင် က တိုင်တန်းခဲ့ခြင်းဖြစ်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၂ အရ စွဲဆိုသောအမှုကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းက စာဖြင့် ရေးသား တိုင်တန်းခြင်းမပြုလျှင် တရားရုံးက အရေးယူ ဆောင်ရွက်ခြင်း မပြုရ ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၅၉(၁)(က)တွင် ပြဋ္ဌာန်းထား သည်ဖြစ်ရာ၊ ဦးခင်မောင် စွဲဆိုထားသောအမှုကို မြို့နယ်တရားရုံးက အရေးယူ ဆောင်ရွက်ခွင့်မရှိပေ။ အက်စ်ကေဆင်းသည် ဦးခင်မောင် အား ကိုကျော်မြိုင်မဟုတ်ပါပဲလျက် ကိုကျော်မြိုင်ဖြစ်သည်ဟု ယခင် ရန်ကုန်မြို့တော် တရားမရုံးမှ ရုံးလုလင်များအား လိမ်လည်ပြောဆိုသည် ဟုဆိုလျှင် ဦးခင်မောင်အနေဖြင့် အက်စ်ကေဆင်းအား အရေးယူပေး ရန် ယခင်ရန်ကုန်မြို့တော် တရားရုံးတွင် လျှောက်ထားရန်သာ ဖြစ်ပေ သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် အက်စ်ကေဆင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၂ အရ အရေးယူထားသော တာမွေမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၁၆/၇၃ ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-ကအရ ချေဖျက်လိုက်သည်၊

# ၁၉၇၉ ခုနှစ်

# တရားမမှုများ

## စိရင်ထုံးပြုသော မှုခင်းများ

### တရားမမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ဦးကျော်စိန် ပါ(၂) | နှင့် | ရွှေမန်းပန်ဘျာကြည်လင်ပါ(၂) | ၁ |
| ဦးကျော်သိန်း | နှင့် | ဦးစောငါး | ၄ |
| ဦးကျင်ဆိုင် ပါ(၆) | နှင့် | ဦးစိန်ညွန့် ပါ(၈) | ၉ |
| ဒေါ်ကျင်မြ | နှင့် | ဦးထွန်းလူ | ၁၁ |
| ဒေါ်ခင်(ခ)ဒေါ်ကြင် | နှင့် | ဦးဖိုးသိ ပါ(၂) | ၁၅ |
| ဦးခင်မောင် | နှင့် | ဦးထွန်းဟန် | ၁၈ |
| ဒေါ်ခင်မြ | နှင့် | ဦးသုခ ပါ(၃) | ၂၀ |
| ဦးဂျော်နီ ပါ(၂) | နှင့် | မောင်ဖျိုးမြင့် ပါ(၂) | ၂၃ |
| ဒေါ်ငန်းရီ | နှင့် | ဦးညွန့် ပါ(၄) | ၂၆ |
| ဒေါ်ဆင့် | နှင့် | ဦးခန့် ပါ(၂) | ၂၉ |
| | | ဒေါ်စိန်ရင် | |
| | | ဒေါ်ငြိမ်းပန်း | |
| | | ဒေါ်သိန်းညွန့် | |
| ဦးညွန့်အောင် ပါ(၂) | နှင့် | ဒေါ်ငွေးငွေးမြင့် | ၃၃ |
| ဦးတာင် | နှင့် | ဒေါ်လှညွန့် | ၃၆ |
| ဦးတင်မြင့် | နှင့် | ဦးဖိုးတင် | ၄၀ |
| ဦးတင်မြင့် | နှင့် | ဒေါ်သန်းမြ | ၄၄ |
| ဒေါ်ထွေးခင် | နှင့် | ဒေါ်တင်မြ | ၄၈ |
| ဦးထွန်းပို | နှင့် | ဦးသန်းပါ (၂) | ၅၀ |
| | | ဦးစိန်မောင် ပါ(၂) | |
| | | မမြကြည် (ခ) မဉာဉ | |
| | | ဦးမောင် ပါ(၂) | |
| | | ဦးလှမောင် ပါ(၂) | |
| | | ဦးတင်အောင် ပါ(၂) | |
| | | မမြကြည်(ဒါး) | |
| | | ဦးအေးမောင် ပါ(၂) | |
| | | ဦးထွန်းစ ပါ(၂) | |
| | | ကိုသိန်းမောင် ပါ(၂) | |

စာမျက်နှာ


| | | | |
|---|---|---|---|
| ဦးထွန်းလင်း | နှင့် | ဒေါ်ရီရှိန်(ကွယ်လွန်) | ၅၇ |
| ဒေါ်ရီရှိန်(ကွယ်လွန်) ၎င်း၏ တရားဝင်ကိုယ်စားလှယ် ဦးအုန်းညွန့် ပါ–၂ | | ၎င်း၏ တရားဝင်ကိုယ်စားလှယ် ဦးအုန်းညွန့် ပါ–၂ ဦးထွန်းလင်း | |
| ဦးထွန်းအောင် | နှင့် | ဦးထွန်းရှင် | ၆၄ |
| ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (မခင်ကြည်) | နှင့် | မပေါက်စ | ၆၉ |
| ဦးပုဏ္ဏရိက | နှင့် | မောင်ငြိမ်း | ၈၃ |
| ဟာဂျီဦးဘတင် | နှင့် | ဒေါ်ရင် ပါ(၈) | ၈၆ |
| ဦးဘသောင်း | နှင့် | ဒေါ်မြကေ | ၉၀ |
| ဒေါ်မမ ပါ(၂) | နှင့် | ဒေါ်ရင်မေ | ၉၃ |
| ဦးမြင့်ဆွေ ပါ(၂) | နှင့် | ဦးချန်ထွန်း(ခ)ဦးချန် | ၉၄ |
| ကိုလှအောင် ပါ(၂) | နှင့် | ကိုတင့်လွင် | ၉၈ |
| ဦးလှအောင် ပါ(၂) | နှင့် | ဦးခင်အောင် ပါ(၃) | ၁၀၁ |
| ဒေါ်သန်းတင် ပါ(၂) | နှင့် | ဦးချန်ဘွန်ရှောင် ပါ(၂) | ၁၀၃ |
| ဒေါ်သန်းတင် ပါ(၂) | နှင့် | ဦးချန်ဘွန်ရှောင် ပါ(၂) | ၁၀၆ |
| ဦးသန်းမောင် ပါ(၂) | နှင့် | ဒေါ်ကြည်ကြည်(သေ) ၎င်း၏ တရားဝင်ကိုယ်စားလှယ် ဒေါ်မိမိ ပါ(၄) | ၁၁၀ |
| အရိယစမတ်ချ် | နှင့် | နိုင်ဒူး ပီကောရောင်း လက်ချ်မီး | ၁၁၃ |
| ဦးအေးဖေ | နှင့် | မောင်ငြိမ်းမောင် | ၁၁၈ |
| အင်းလိပ်(ခ)မောင်ချစ်ရီ ပါ(၃) | နှင့် | ဒေါ်တွဲရင် | ၁၂၁ |
| ဦးအုန်း | နှင့် | ဝိုင်စီဂူလာတိ | ၁၂၅ |
| မြန်မာ့စီးပွားရေးဘဏ် (ပုသိမ်မြို့) | နှင့် | ဦးမေရှင် ပါ(၂) | ၁၂၉ |

ဥပဒေများ—

၁။ ကာလစည်းကမ်းသတ်ဥပဒေ
၂။ တရားမကျင့်ထုံးဥပဒေ
၃။ မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေ
၄။ သီးခြားသက်သာခွင့်ဥပဒေ
၅။ သက်သေခံဥပဒေ
၆။ အမွေဆက်ခံရေးဥပဒေ
၇။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးဥပဒေ

**ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား၊ တတိယပိုင်း အပိုဒ် ၁၈၂—** ဇာရီပြုလုပ်လိုသည့် ဒီကရီသည် တရားရုံးအဆင့်ဆင့်၌ အယူခံခဲ့ပြီး ဒီကရီဖြစ်ပါက နောက်ဆုံးအယူခံတွင် အမိန့်ချမှတ်သည့်နေ့ရက်မှ စတင် ရေတွက်ရခြင်း—**ကာလစည်းကမ်းသတ်ဥပဒေ ပုဒ်မ ၁၅—** ဇာရီမှုကို ဆိုင်းငံ့မိန့်ထုတ်ထားသည့် အချိန်ကာလကို ကာလစည်းကမ်းသတ်ရက် တွက်ချက်သည့်အခါ လုတ်နုတ်ထားခွင့်ရှိခြင်း— ဆိုင်းငံ့ထားသည့် ကာလအတွင်း ၃ နှစ်တစ်ကြိမ် ဇာရီ လျှောက်ထားမှုပြုရန် လိုမလို။

**ဆုံးဖြတ်ချက်။** ။ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား၊ တတိယပိုင်း အပိုဒ် ၁၈၂ တွင် ဇာရီပြုလုပ်နိုင်သည့် အချိန်ကို ၃ နှစ် သတ်မှတ်ထားသည်။ ကာလစည်းကမ်းသတ်ကို မည်သည့် ရက်မှစ၍ ရေတွက်ရမည်ကို ယင်းဇယား၏ တတိယ စာတိုင်တွင် ၁ မှ ၇ အထိ နေ့ ၇ မျိုး ခွဲခြား သတ်မှတ်ပေးထားသည်။ ယခု ဇာရီပြုလုပ်လိုသော ဒီကရီသည် တရားရုံးအဆင့်ဆင့်၌ အယူခံခဲ့ပြီး သည့် ဒီကရီဖြစ်၍ စာတိုင် ၃ ပါ အမှတ်စဉ် ၂ အဖြစ် ဖော်ပြထား သည့် ရက်မှစ၍ ရေတွက်ရမည်ဖြစ်သည်။ ယင်းရက်မှာ နောက်ဆုံး အယူခံတွင် အမိန့်ချမှတ်သည့်ရက်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။၁၈-၁၁-၆၄ နေ့စွဲပါ ဆိုင်းငံ့သည့်အမိန့် မှာ ယခင်တရားရုံးချုပ်၏ အမိန့်ဖြစ်သည်။ တရားရုံးချုပ်၏ အမိန့်

ဖြစ်သဖြင့် ဆိုင်းငံ့ထားသည့် အချိန်ကာလသည် ကာလစည်းကမ်းသတ်ဥပဒေ ပုဒ်မ ၁၅ နှင့် အကျုံးဝင်သည်။ ထို့ကြောင့် တရားရုံးချုပ်မှ ဆိုင်းငံ့ထားသည့်အမိန့် ထုတ်ထားသည့် ၁၈-၁-၆၄ နေ့မှ အမိန့်ရုပ်သိမ်းသည့် ၃၁-၇-၇၃ နေ့အတွင်း အချိန်ကာလများကို ကာလစည်းကမ်းသတ်ရက် တွက်ချက်သည့်အခါ ထုတ်နှုတ်ထားခွင့်ရှိသည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားရုံးချုပ်မှ ဇာရီ ပြုလုပ်ခြင်းကို ဆိုင်းငံ့ထားရန် အမိန့်မရှိလျှင် ၃ နှစ်တစ်ကြိမ် ဇာရီလျှောက်ထားရန် လိုအပ်မည်ဖြစ်သော်လည်း တရားရုံးချုပ်က ဆိုင်းငံ့ထားသည့်ကာလအတွင်း ဥပဒေအရ ဆောင်ရွက်နိုင်စွမ်းမရှိ၍လည်းကောင်း၊ ဆိုင်းငံ့ထားသည့်ကာလကို ကာလစည်းကမ်းသတ် ဥပဒေ ပုဒ်မ ၁၅ အရ ကာလစည်းကမ်းသတ်ရက် တွက်သည့်အခါ ထုတ်နှုတ်ခွင့်ရှိ၍လည်းကောင်း၊ ယင်းကာလအတွင်း တိုင်းတရားရုံးမှ ယူဆသလို ၃ နှစ်တစ်ကြိမ်ဇာရီလျှောက်ထားမှုပြုလုပ်ရန် မလိုအပ်ပေ[illegible]ချေ။

| | | | | |
|---|---|---|---|---|
| ဦးထွန်းပို | နှင့် | ဦးသန်း ပါ-၂<br>ဦးစိန်မောင် ပါ-၂<br>မမြကြည်(ခ)မဉဩ<br>ဦးမောင် ပါ-၂<br>ဦးလှမောင် ပါ-၂<br>ဦးတင်မအောင် ပါ-၂<br>မမြကြည်(ဒါး)<br>ဦးအေးမောင် ပါ-၂<br>ဦးထွန်းစ ပါ-၂<br>ကိုသိန်းမောင် ပါ-၂ | .... | ၅၁ |

တရားမကျင့်ထုံးဥပဒေ အမိန့် ၁၊ နည်း ၃—တရားပြိုင်များကို အမှုတစ်မှုတည်း၌ ပူးပေါင်းစွဲဆိုခြင်း—၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေ ၁၂(၁)(င) အရ စွဲဆိုမှု—အချင်းဖြစ်အဆောက်အအုံတွင် သီးခြားစီဖြစ်သော အခန်းများ၌ ငှားရမ်း

စာမျက်နှာ

နေထိုင်ကြသူ အိမ်ငှားနှစ်ဦးကို အမှုတစ်မှုတည်းတွင် တရားပြိုင်များအဖြစ် ပူးပေါင်းစွဲဆိုခြင်း။

ဆုံးဖြတ်ချက်။ ။ဦးကျော်နီသည် အချင်းဖြစ်အဆောက်အအုံရှိ အခန်း ၃ ခန်း၏ အိမ်ငှားတစ်ဦးဖြစ်ပြီး ဒေါ်ခင်အေးသည် အခြား ၂ ခန်း၏ အိမ်ငှားတစ်ဦးဖြစ်သည်။ ထို့ကြောင့် ၎င်းတို့ ၂ ဦးအား တစ်မှုတည်းတွင် ပူးပေါင်းပြီး တရားစွဲဆိုခြင်းမှာ မကိုက်ညီပါဟု အယူခံတရားလိုက တင်ပြသည်။ ဤအမှုမှာ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂(၁) (င) အရ စွဲဆိုသောအမှုဖြစ်သည်။ အယူခံတရားလိုတို့ ငှားထားသည့် အခန်းများမှာအဆောက်အအုံတစ်ခုတည်းရှိ အခန်းများဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေ ၁၂(၁)(င) အရ အဆောက်အအုံတစ်ခုလုံးကို ပြန်လည်ဆောက်လို၍ တောင်းဆိုခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းဥပဒေပုဒ်မ ၁၂(၁) (င) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီစွာ အခန်းများမှ အိမ်ငှား ၂ ဦး စလုံးအပေါ် စွဲဆိုသည့်အမှုတွင် အိမ်ရှင်ဖြစ်သည့် အယူခံတရားပြိုင်က တင်ပြရမည့် သက်သေအထောက်အထားများမှာ ထပ်တူထပ်မျှဖြစ်ပေသည်။ တရားရုံးက အဆုံးအဖြတ်ပေးရမည့် အချက်အလက်များမှာလည်း ထပ်တူထပ်မျှသာ ဖြစ်ပေသည်။ ထို့ကြောင့် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၊ နည်းဥပဒေ ၃ အရ အယူခံတရားလိုတို့ကို မူလရုံးတွင် အမှုတစ်မှုတည်း၌ ပေါင်းစွဲခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ဦးကျော်နီ ပါ(၂) နှင့် မောင်ရိုးမြင့် ပါ(၂) .... ၂၃

**တရားမကျင့်ထုံး ဥပဒေအမိန့် ၂ နည်း ၂ ပါ ပြဋ္ဌာန်းချက်–ကြားကာလ အမြတ်အစွန်းရရှိရန် အမှုစွဲဆိုပြီးနောက် ကျူးကျော်နေသောအိမ်မှ ဖယ်ရှားပေးရန်အမှုကို ထပ်မံစွဲဆိုနိုင်ခွင့် ရှိမရှိ။**

ဆုံးဖြတ်ချက်။ ။တရားမ ကျင့်ထုံး အမိန့် ၂ နည်း ၂ မှာ တရားလိုက တရားပြိုင်၏အပေါ် အချင်းဖြစ်ကိစ္စအတွက် တရားစွဲဆိုရာ၌ တရားလို ရသင့်ရထိုက်သမျှသော အခွင့်အရေးအားလုံးကို မကျန်ရစ်စေဘဲ တပါတည်းတောင်းဆိုရမည်ဖြစ်ကြောင်း ပြဋ္ဌာန်း

ထားသည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂(၁၂) အရ ကြားကာလ အမြတ်အစွန်းငွေများမှာ နေ့စဉ် အမြတ်အစွန်းပေါ်နေပြီး ထို အမြတ်အစွန်းများကိုရရှိရန် တရားစွဲဆိုရမည့် ကာလစည်းကမ်းသတ် ဥပဒေမှာ စာတိုင်အမှတ် ၁၀၉ အရ ဖြစ်သည်။ မတရားကျူးကျော် နေထိုင်သော အိမ်မှဖယ်ရှား၍ လက်ရောက်အပ်ပေးရန် စွဲဆိုသော အမှုများနှင့်ပတ်သက်၍ စွဲဆိုရမည့်အချိန်မှာ ကာလစည်းကမ်းသတ် ဥပဒေ၏ စာတိုင်အမှတ် ၁၄၂၊ ၁၄၄ တို့ ဖြစ်သည်။ အမြတ်အစွန်း ရရှိရန် တရားစွဲဆိုသောအမှုနှင့် ကျူးကျော်သော နေအိမ်မှ ဖယ်ရှား ပေးရန် စွဲဆိုသောအမှုတို့၏ အကြောင်းချင်းရာအရသော် လည်း ကောင်း၊ ဥပဒေကြောင်းအရသော်လည်းကောင်း တူညီခြင်းမရှိ ပေ။ ထို့ကြောင့် လျှောက်ထားခံရသူ ဒေါ်တွဲရင်သည် ကြားကာလ အမြတ်အစွန်းအတွက် အမှုများစွဲဆိုပြီးနောက် ကျူးကျော်နေသော အိမ်မှ ဖယ်ရှားပေးရန် လျှောက်ထားသူများ၏အပေါ်တွင် ထပ်မံ တရားစွဲဆိုခြင်းသည် မှားယွင်းခြင်း မရှိပေ။

အင်းလိပ်(ခ)မောင်ချစ်ရီ ပါ(၃) နှင့် ဒေါ်တွဲရင် ... ၁၂၁

**တရားမကျင့်ထုံး ဥပဒေ အမိန့် ၆၊ နည်း ၁၇-မှန်ကန်သောတရားစီရင်ရေး** ဖြစ်မြောက်စေရန်အတွက် မည်သည့်အချိန်အခါတွင်မဆို တရားရုံး သည် အဆိုအချေများကို ပြင်ဆင်ခွင့်ပေးနိုင်ခြင်း— မူရင်းအဆိုလွှာ သို့မဟုတ် အချေလွှာနှင့် လုံးဝဆန့်ကျင်သော ပြင်ဆင်မှုများကိုမူ လက်ခံရန် သင့်မသင့်။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး အမိန့် ၆၊ နည်းဥပဒေ ၁၇ အရ မှန်ကန်သောတရားစီရင်ရေး ဖြစ်မြောက်စေရန်အတွက် မည် သည့်အချိန်အခါတွင်မဆို တရားရုံးသည် အဆိုလွှာနှင့် အချေလွှာ များကို ပြင်ဆင်ခွင့် ပေးနိုင်သည်မှာ မှန်ပေသော်၊ မူရင်းအဆိုလွှာ သို့မဟုတ် ချေလွှာနှင့် လုံးဝဆန့်ကျင်သော ပြင်ဆင်မှုများကို လက်ခံ ရန် သင့်လျော်မည်မဟုတ်ပေ။

ဒေါ်ခင်မြ နှင့် ဦးသုခ ပါ(၃) .. ၂၈

စာမျက်နှာ

**တရားမကျင့်ထုံး ဥပဒေ အမိန့် ၈၊ နည်း ၁ အရ တရားပြိုင်များက တင်သွင်းသော အချေလွှာကို တရားရုံးက လက်မခံမဲ့ နေနိုင်ကြောင်း ပြဋ္ဌာန်းချက် ရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။တရားမမှုများတွင် တရားပြိုင်များသည် တရားမကျင့်ထုံး ဥပဒေ အမိန့် ၈ နည်းဥပဒေ (၁) အရ ချေလွှာ တင်သွင်းနိုင်သည်။ ယင်းသို့ တင်သွင်းသော ချေလွှာကို တရားရုံးက လက်မခံပဲနေနိုင်ကြောင်း ပြဋ္ဌာန်းချက်မရှိချေ။ သို့ဖြစ်၍ ဤအမှုတွင် ဦးလှအောင်တို့က ချေလွှာတင်သွင်းပါလျက်နှင့် တရားရုံးက ချေလွှာ တင်သွင်းခွင့်မပြုဟု အမိန့်ချမှတ်ခြင်းမှာ မှားယွင်းသည်။

ဦးလှအောင် ပါ(၂) နှင့် ဦးခင်အောင် ပါ(၃) .... ၁၀၁

**တရားမကျင့်ထုံး ဥပဒေ အမိန့် ၈ နည်း ၆၊ စုနှိမ်ခွင့်နှင့် ပြန်လှန်တောင်းဆိုခြင်းတို့၏ခြားနားချက်—တရားမကျင့်ထုံး ဥပဒေအမိန့် ၈၊ နည်း ၆ သည် ပြန်လှန်တောင်းဆိုခြင်းနှင့် သက်ဆိုင်ခြင်းမရှိ။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၆ တွင် ဖော်ပြထားသော ခုနှိမ်ခွင့်သည် ငွေရရန်စွဲဆိုမှု၌ တောင်းဆိုသော ငွေထဲမှ ငွေကြေးတစ်ခုတရာခုနှိမ်ခွင့်ကို ဆိုလိုသည်။ အမွေပုံပစ္စည်းများကို အုပ်ချုပ်ထိန်းသိမ်း စီမံခန့်ခွဲပေးစေလိုမှု၌ ခွဲဝေပေးရန် စာရင်းပေးထားသည့် အိမ်သည် ကွယ်လွန်သူအမွေရှင်လုံးလုံးလျားလျား ပိုင်ဆိုင်သည့် အိမ်မဟုတ်ပါ။ ကွယ်လွန်သူနှင့် မိမိတို့ တစ်ယောက်တစ်ဝက်စီ ပိုင်သည့်အိမ်ဖြစ်၍ ခွဲဝေရာတွင် မိမိပိုင်ဆိုင်သည့် တစ်ဝက်ကို ထည့်သွင်းခွဲဝေခြင်းမပြုမိစေရန် ထိုအိမ်တွင် မိမိတစ်ဝက် ပိုင်ဆိုင်ခွင့်ရှိကြောင်းတရားရုံးမှ မြွက်ဟကြေငြာပေးပါရန် တောင်းဆိုခြင်းသည် ပြန်လှန် တောင်းဆိုခြင်းသာဖြစ်၍ ခုနှိမ်ခွင့်ပြုရန် တောင်းဆိုခြင်းမဟုတ်ပေ။ တရားမကျင့်ထုံး ဥပဒေ အမိန့် ၈၊ နည်း ၆ သည် ပြန်လှန်တောင်းဆိုခြင်းနှင့်မသက်ဆိုင်၊ ပြန်လှန်တောင်းဆိုခြင်းကို ပိတ်ပင်ခြင်းလည်း မပြုချေ။ ထို့ကြောင့် ဤဥပဒေအရ အမွေဆိုင်ပစ္စည်းများကို အုပ်ချုပ်ထိန်းသိမ်းစီမံခန့်ခွဲပေးစေလိုမှုတွင် ပြန်လှန် တောင်းဆိုခြင်း မပြုနိုင်ဟု မူလရုံး၏ ကောက်ယူဆုံးဖြတ်ချက်သည် မှားယွင်းပေသည်။

ဒေါ်ထွေးခင် နှင့် ဒေါ်တင်မြ ၄၉

တရားမကျင့်ထုံးဥပဒေအမိန့် ဂ၊ နည်း ၉ နှင့် ၁၀ အရ၊ အရေးယူဆောင်ရွက်ခြင်း—တရားရုံးက အခွန်ချေလွှာ တင်သွင်းရမည်ဟု အမိန့်ချမှတ်လျက်နှင့် ပျက်ကွက်မှသာ တရားမကျင့်ထုံးဥပဒေ အမိန့် ဂ၊ နည်း ၁၀ အရ အရေးယူနိုင်ခြင်း—တရားပြိုင်က အချေလွှာတင်ရန် ရက်ချိန်းတောင်းပြီး ချိန်းရက်တွင် အချေလွှာတင်ရန် ပျက်ကွက်ရုံမျှဖြင့် အမှုကိုပလပ်ခြင်း ပြုနိုင်မပြုနိုင်—အချေလွှာတင်ရန်ပျက်ကွက်ရုံမျှဖြင့် တရားလိုစွဲဆိုသည့်အမှုကို တဘက်သတ်ဒီကရီ ချပေးနိုင်ခြင်း ရှိ မရှိ—တရားလိုဘက်ကို မစစ်ဆေးပဲ တဘက်သတ်ဒီကရီ ချမှတ်ပေးနိုင် မပေးနိုင်။

ဆုံးဖြတ်ချက်။ ။မူလမြို့နယ်တရားရုံး၏ အမိန့်သည် ဥပဒေကြောင်းအရ မှားယွင်းချက် (၂)ချက် ရှိကြောင်း တွေ့ရသည်။ ပထမအချက်မှာ ချေလွှာတင်ရန် ပျက်ကွက်ရုံမျှဖြင့် တရားမကျင့်ထုံးဥပဒေပုဒ်မ အမိန့် ဂ၊ နည်းဥပဒေ ၉ နှင့် ၁၀ အရ အရေးယူဆောင်ရွက်ပြီး အမှုကို ပလပ်လိုက်ခြင်းဖြစ်သည်။ တရားရုံးက တရားလိုကိုဖြစ်စေ၊ တရားပြိုင်ကိုဖြစ်စေ၊ ချေလွှာတင်သွင်းရမည်ဟု အမိန့်ချမှတ်ပါလျက်နှင့် ပျက်ကွက်မှသာ နည်းဥပဒေ ၁၀ အရ အရေးယူဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယခုအမှုတွင် မူလတရားရုံးက တရားပြိုင်အား ချေလွှာတင်ရန် ညွှန်ကြားခဲ့ခြင်း မဟုတ်ပေ။ တရားပြိုင်က ချေလွှာတင်ရန် ရက်ချိန်းတောင်းပြီး ချိန်းရက်တွင် ချေလွှာတင်ရန် ပျက်ကွက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မူလတရားရုံးက နည်းဥပဒေ ၁၀ အရ ဆောင်ရွက်ခြင်းမှာ မှားယွင်းသည်။ ဒုတိယအချက်မှာ ချေလွှာတင်ရန် ပျက်ကွက်ခြင်းကြောင့် တရားလိုစွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ်ပေးခြင်းဖြစ်သည်။ ချေလွှာတင်ရန် ပျက်ကွက်ရုံမျှဖြင့် တရားလို စွဲဆိုသည့်အမှုကို တဘက်သတ် ဒီကရီ မချပေးနိုင်ပေ။ တရားပြိုင်သည် ချေလွှာတင်ရန် ပျက်ကွက်ပါက တရားရုံးသည် ချေလွှာတင်ရန် ပျက်ကွက်ကြောင်း မှတ်တမ်းတင်ပြီး အမှုကို ဆက်လက်ဆောင်ရွက်ရန်သာ ရှိသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ဤအမှုတွင် တရားလိုကို မစစ်ဆေးပဲ တဘက်သတ် ဒီကရီချထားကြောင်း တွေ့ရသည်။ တရားပြိုင်က ချေလွှာမတင်သည့်အတွက် တရားလို၏ အဆိုလွှာပါ စွပ်စွဲချက်များကို တရားပြိုင်က ဝန်ခံသည်ဟု မယူဆနိုင်ပေ။ ထို့ကြောင့် တရားလိုအား ၎င်း၏ စွပ်စွဲချက်ကို ထင်ရှားအောင် သက်သေပြရမည်ဖြစ်

သည်။ သို့ဖြစ်၍ မူလတရားရုံးက ဘာအားလိုဘက်ကို မစစ်ဆေးပဲ ဒီကရီချမှတ်ပေးခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းပေသည်။

ဒေါ်ခန်းတင် ပါ(၂) နှင့် ဦးချန်ဘွန်ရှောင် ပါ(၂) ... ၁၀၆

တရားမကျင့်ထုံးဥပဒေအမိန့် ၈ နည်း ၁၀ ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အနိုင်ဒီကရီချမှတ်ပေးခြင်းကိစ္စ—တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၉ အရ တရားရုံးသည် မည်သည့်အချိန်အခါမဆို ဖြည့်စွက်အချေလွှာတင်၍ တောင်းဆိုနိုင်ခြင်း— ယင်းသို့ တောင်းဆိုသည်ကို အမှုသည်က လိုက်နာခြင်းမရှိသည့်အခါမျိုးမှသာ တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်း ၁၀ အရ လုပ်ပိုင်ခွင့်ကို ကျင့်သုံးရခြင်း— တရားပြိုင်နှင့် ယင်းတို့၏ အကျိုးဆောင်တို့ ပျက်ကွက်ကြသော ကိစ္စတွင် တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်း ၆ နှင့်အညီ တဘက်သတ် စစ်ဆေးဆုံးဖြတ်ပေးရန်သာ ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်း ၉ ခွဲ စာင်သွင်းပြီး ချေလွှာအပြင် နှိုမ်သည့် ကိစ္စရပ်မှုလွဲ၍ တရားပြိုင်သည် တရားရုံးက ခွင့်ပြုသည့်အခါမှတပါး နောက်ထပ် ချေလွှာတစ်ခွင့်မရှိကြောင်း ပြဋ္ဌာန်းထားသည်။ ထို့အပြင် တရားရုံးသည် မည်သည့်အချိန်အခါမဆို မည်သည့်အမှုသည်ထံမှဖြစ်စေ၊ ဖြည့်စွက်ချေလွှာ တောင်းဆိုနိုင်ကြောင်းကိုလည်း ထည့်သွင်း ပြဋ္ဌာန်းထားသည်။ တရားရုံးက ယင်းသို့တောင်းဆိုခဲ့သည်ကို သက်ဆိုင်ရာအမှုသည်က လိုက်နာခြင်းမရှိသည့် အခါမျိုးမှသာ တရားမကျင့်ထုံး ဥပဒေအမိန့် ၈၊ နည်း ၁၀ ကို ကျင့်သုံးရသည်။ ယခုအမှုမှာ ထိုကဲ့သို့ အခြေအနေမျိုး ပေါ်ပေါက်ခြင်း မရှိပေ။ တရားပြိုင်နှင့် ယင်း၏ အကျိုးဆောင်တို့၏ ပျက်ကွက်ကြခြင်းသာ ဖြစ်သည်။ ထိုကဲ့သို့ ပျက်ကွက်လျှင် တရားရုံးသည် တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၉၊ နည်း ၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တဘက်သတ် စစ်ဆေးကြားနာ အဆုံးအဖြတ်ပေးရန်ဖြစ်သည်။ ဤကဲ့သို့ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရန်ကို မြို့နယ်တရားရုံးက ဆောင်ရွက်ခဲ့ခြင်းမရှိသဖြင့် ဒေါ်သန်းမြ စွဲဆိုသောအမှုကို ဒီကရီချမှတ်ပေးခဲ့ခြင်းမှာ မှားယွင်းချွတ်ချော်သည်ဟု ဆိုရပေမည်။

ဦးတင်မြင့် နှင့် ဒေါ်သန်းမြ .... ၄၄

စာမျက်နှာ

တရားမကျင့်ထုံးဥပဒေ အမိန့် ၂၃ နည်း ၁(၂)-အမှုသစ် စွဲဆိုပိုင်ခွင့်နှင့်တကွ အမှု ရုပ်သိမ်းခြင်းကို တရားရုံးကခွင့်ပြုလျှင် နောက်ထပ်စွဲဆိုသည့်အမှု၌ နောက်ထပ် သက်သာခွင့်တစ်ရပ်ကို ထပ်မံထည့်သွင်းရဟု တားမြစ်ထားမှု မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ပထမ စွဲဆိုသည့်အမှုတွင် တောင်းဆိုသည့်သက်သာခွင့်မှာ ၁၉၆၀ ပြည့်နှစ်-မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၂ (၁) (က) အရ သက်သာခွင့်ဖြစ်သည်။ နောက်ထပ် စွဲဆိုသည့်အမှုတွင် ပုဒ်မ ၁၂(၁)(က)အပြင် ၁၂(၁)(ဂ)အရ သက်သာခွင့်ကိုပါ တောင်းဆိုထားကြောင်း တွေ့ရသည်။ တနည်းအားဖြင့်ဆိုလျှင် ဒုတိယအမှုတွင် သက်သာခွင့်တစ်ခုထပ်တိုး၍ တောင်းဆိုထားကြောင်း တွေ့ရသည်။ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၃ (၁) (၂)အရ နောက်ထပ်တစ်မှု စွဲဆိုခွင့်ဖြင့်ပထမတစ်မှု ရုပ်သိမ်းခြင်းကို တရားရုံးကခွင့်ပြုလျှင် နောက်ထပ်စွဲဆိုသည့်အမှု၌ နောက်ထပ် သက်သာခွင့်တစ်ရပ်ကို ထပ်မံမထည့်သွင်းရဟု တားမြစ်ထားခြင်းမရှိပေ။ ထို့ကြောင့် လျှောက်ထားခံရသူတို့ နောက်ထပ် စွဲဆိုသည့်အမှုတွင် ပုဒ်မ ၁၂(၁)(ဂ)တို့ပါထည့်သွင်း စွဲဆိုခြင်းမှာ ဥပဒေအရ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ဒေါ်သန်းတင် ပါ(၂) နှင့် ချန်ဘွန်ရှောင် ပါ(၂) .... ၁၀၃

တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်း ၁ ယာယီတားဝရမ်းထုတ်ပေးရန် လျှောက်ထားသောကိစ္စတွင် ထည့်သွင်းစဉ်းစားရမည့်အခြေခံအချက်များ။

ဆုံးဖြတ်ချက်။ ။တရားမမှုများတွင် တရားမကျင့်ထုံး အမိန့် ၃၉၊ နည်းဥပဒေ ၁ အရယာယီတားဝရမ်းထုတ်ပေးရန် လျှောက်ထားလျှင် ထုတ်ပေး သင့် မသင့် စဉ်းစားသည့်အခါ အောက်ပါအချက်အလက်များကို အခြေခံ၍ ထည့်သွင်းစဉ်းစားရပေသည်။

(ဝ) တရားရုံးအရှေ့ရှိ အကြောင်းခြင်းရာအချက်အလက်များအရ ပစ္စည်းပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး တရားရုံးက ဆုံးဖြတ်ရန် အငြင်းပွားမှု တကယ်ပင် ရှိမရှိ။

(၂) အငြင်းပွားနေသည့်ပစ္စည်းသည် ပျက်စီးယိုယွင်းခြင်း၊ အလဟဿဖြစ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်က ယင်းပစ္စည်းကို လွှဲပြောင်းခြင်းပြုလုပ်ရန် စိုးရိမ်ဖွယ်ရာ ရှိမရှိ။

(၃) ယင်း စိုးရိမ်ကြောင့်ကြမှုသည် ယခုချက်ချင်း စိုးရိမ်ကြောင့်ကျမှုဖြစ်ခြင်း။

(၄) အမှုပြီးစီးသည့်အခါ အမှုအတောအတွင်း ယာယီတားဝရမ်းထုတ်ပေးခြင်းကြောင့် သို့မဟုတ် မထုတ်ပေးပဲထားခြင်းကြောင့် ဇာတက်အား နစ်နာမှုဖြစ်ခြင်း၊ ယင်းနစ်နာမှုသည် ငွေကြေးဖြင့် ကုစားရျှမရနိုင်သော နစ်နာမှုဖြစ်ခြင်း။

ဦးတင်မြင့် နှင့် ဦးစိုးတင် ၄၀

**တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၉၊ နည်း ၁ နှင့် ၂**— တရားရုံး တစ်ရုံးသည် အခြားတရားရုံးတစ်ရုံးတွင် တရားမှု ဆောင်ရွက်ခြင်းကို တားဝရမ်းထုတ်၍ ဆိုင်းငံ့ရန် အာဏာ ရှိမရှိ။

ဆုံးဖြတ်ချက်။ ။တရားရုံးတစ်ရုံးသည် တရားရုံးတစ်ရုံးတွင် ဇာရီမှုဆောင်ရွက်ခြင်းကို တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၉၊ နည်းဥပဒေ ၁ နှင့် ၂ တို့အရ တားဝရမ်းထုတ်၍ ဆိုင်းငံ့ရန် အာဏာ မရှိပေ။

ဒေါ်မမ ပါ(၂) နှင့် ဒေါ်ရင်မေ .... ၉၃

**တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်း (၂၃)**— တားဝရမ်းအမိန့်ကို ဖောက်ဖျက်ခြင်းအတွက် အရေးယူပေးရန် လျှောက်ထားမှု။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုမိန့်အရ ဆောက်လုပ်ခြင်းဖြစ်သည်ဟု အကြောင်းပြခြင်း- မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် တရားရုံး၏အမိန့်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ လွှမ်းမိုးခြင်းပြုနိုင်သည့် အဖွဲ့အစည်း ဟုတ်မဟုတ်—တရားရုံး၏အမိန့်ကို သိလျက်နှင့် လေးစားလိုက်နာခြင်းမပြုလျှင် တရားရုံးများ၏ဆောင်ရွက်ချက်များသည် ပေါ့ပျက်သွားဖွယ်ရာသာရှိကြောင်း ညွှန်ပြခြင်း။

စာမျက်နှာ

ဆုံးဖြတ်ချက်။ ။အယူခံတရားပြိုင် မောင်ငြိမ်း၏ ၂၈-၉-၇၆ နေ့စွဲပါ သစ္စာပြုလွှာ အပိုဒ်(၂)အရ အချင်းဖြစ်နေရာရှိ မူလထဲကို မီးလောင်ကျွမ်းခဲ့သဖြင့် ထပ်မံ၍ ဆောက်လုပ်ခဲ့ကြောင်း ဝန်ခံထားသည်ကို တွေ့ရှိသည်။ ယင်းအပိုဒ်တွင် ထိုသို့ ဆောက်လုပ်ခြင်းမှာ ရပ်ကွက်နှင့်မြို့နယ်ပြည်သူ့ကောင်စီတို့၏ ထောက်ခံချက်အရ သာသနာရေး ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုမိန့်အရ ဆောက်လုပ်ခြင်းဖြစ်ကြောင်းကိုလည်း ဖော်ပြထားသည်။ တားဝရမ်းထုတ်ပေးခဲ့သည့် တိုင်းတရားရုံးအား ပြန်လည်ဆောက်ခွင့်ပေးရန် လျှောက်ထားခဲ့ကြောင်း ဖော်ပြထားခြင်း မတွေ့ရှိရပေ။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကိုပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ လွှမ်းမိုးခြင်းပြုနိုင်သည့် အဖွဲ့အစည်းမဟုတ်ပေ။ သို့ဖြစ်၍ အယူခံတရားပြိုင် မောင်ငြိမ်းသည် ရန်ကုန်တိုင်းတရားရုံးမှ အဆောက်အအုံဆောက်လုပ်ခြင်း မပြုလုပ်ရန် တားမြစ်ထားသည့် အမိန့်ရှိကြောင်း သိလျက်နှင့် ရန်ကုန်တိုင်းတရားရုံးအား ခွင့်ပြုမိန့် မတောင်းပဲ တားမြစ်ထားသည်ကို လိုက်နာခြင်းမပြုပဲ အဆောက်အအုံဆောက်လုပ်ခြင်းဖြစ်သဖြင့် ယင်းသည် ရန်ကုန်တိုင်းတရားရုံး၏ တားဝရမ်းအမိန့်ကို ဖောက်ဖျက်ဖီဆန်သည်မှာ မငြင်းနိုင်ပေ။ တရားရုံး၏ အမိန့်ကို သိလျက်နှင့် လေးစားလိုက်နာခြင်းမပြုလျှင် တရားရုံးများ၏ ဆောင်ရွက်ချက်များသည် ပေါ့ပျက်လာဖွယ်ရာရှိသည်။

ဦးပုဏ္ဏရိက နှင့် မောင်ငြိမ်း .... ၈၃

**တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၁ နှင့် အမိန့် ၄၂ နည်း –အယူခံလွှာနှင့်အတူ ဒီကရီမိတ္တူပါ တင်သွင်းရခြင်း။**

ဆုံးဖြတ်ချက်။ ။ဤအယူခံမှုကို တင်သွင်းရာတွင် တရားမကျင့်ထုံး ဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ (၁)နှင့် အမိန့် ၄၂၊ နည်းဥပဒေ(၁)တို့အရ အယူခံလွှာနှင့်အတူ တိုင်းတရားရုံး၏ ဒီကရီကို တင်သွင်းရမည်ဖြစ်သော်လည်း ဤအမှုကို ကြားနာသည့်နေ့အထိ တိုင်းတရားရုံး၏ဒီကရီကို ဤရုံးအယူခံအမှုတွဲတွင် တင်သွင်းထားခြင်း မရှိသည်ကို တွေ့ရှိရသည်။ အယူခံတင်သွင်းသည့်အခါ အယူခံလိုသည့်

စာမျက်နှာ

အောက်ရုံးမှ စီရင်ချက်မပါရှိသည်ကို တရားရုံးက ခွင့်ပြုနိုင်သော်လည်း၊ အယူခံလိုသည့် ဒီကရီမပါရှိသည့် အယူခံလွှာကို တရားရုံးက စဉ်းစားဆုံးဖြတ်ပိုင်ခွင့်မရှိပေ။

ကိုလှအောင် ပါ(၂) နှင့် ကိုတင့်လွင် .... ၉၇

**တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၂၀ (ဂ)—အကြောင်းခြင်းရာ ပေါ်ပေါက်သည့်အရပ်တွင် တရားစွဲရခြင်း။**

ရန်ကုန်တိုင်းတရားရုံးတွင် ဦးကျော်စိန်ပါ ၂ ဦးတို့က ရွှေမန်းပန်တျာကြည်လင်ပါ ၂ ဦးတို့အပေါ် စိုက်ထုတ်ပေးဆပ်ခဲ့ရသည့်ငွေများနှင့် လျော်ကြေးငွေရလိုမှု စွဲဆိုသည်။ ရွှေမန်းပန်တျာကြည်လင်ပါ ၂ ဦးတို့က တရားပြိုင်တစ်ဦးသည် မန္တလေးတွင် အမြဲနေထိုင်သူဖြစ်ပြီး အမှုနှင့်သက်ဆိုင်သော စာချုပ်များကို မန္တလေးမြို့တွင် ချုပ်ဆိုခဲ့သဖြင့် ယင်းအမှုကို ရန်ကုန်တိုင်းတရားရုံးတွင် စွဲဆိုခွင့်မရှိကြောင်း၊ မန္တလေး တိုင်းတရားရုံးတွင်သာ စွဲဆိုနိုင်ကြောင်း ကန့်ကွက်သည်။ ရန်ကုန်တိုင်းတရားရုံးက ထိုကန့်ကွက်ချက်ကိုလက်ခံသဖြင့် ဦးကျော်စိန်ပါ ၂ ဦးတို့က ဗဟိုတရားရုံးတွင် ဤတရားမ အထွေထွေအယူခံမှုကို တင်သွင်းသည်။

ဆုံးဖြတ်ချက်။ ။ပန်တျာကြည်လင်က ဒေါ်ဖွားအား ပေးရန်ရှိသော ငွေ ၁၇၅၀၀/-ကို ဦးကျော်စိန်က ပန်တျာကြည်လင်အတွက် စိုက်ထုတ်၍ ဒေါ်ဖွားအား ရန်ကုန်မြို့ ဒေါ်ဖွားနေအိမ်တွင် ပေးခဲ့ကြောင်းမှာ အငြင်းမထွက်ချေ။ ထိုသို့ ဦးကျော်စိန်က ဒေါ်ဖွားအား ငွေ ၁၇၅၀၀/-စိုက်ထုတ်ပေးလိုက်သည့်အချိန်ကစ၍ ပန်တျာကြည်လင်က ဦးကျော်စိန်အား ယင်းစိုက်ထုတ်ပေးထားသည့်ငွေကို ပြန်ပေးရန်မှာ တာဝန်ရှိလာသည်။ ထိုအချိန်ကစ၍ ဦးကျော်စိန်သည် ပန်တျာကြည်လင်အပေါ် တရားစွဲဆိုရန် အကြောင်းအချင်းအရာ ပေါ်ပေါက်ခဲ့သည်။ ယင်းကဲ့သို့ တရားစွဲဆိုရန် အကြောင်းအချင်းအရာမှာ ရန်ကုန်မြို့၌ ပေါ်ပေါက်ခဲ့သည်။ ထို့ကြောင့် ဦးကျော်စိန်သည် ဤအမှုကို စွဲဆိုရန်အတွက် အကြောင်းအချင်းအရာ ပေါ်ပေါက်ခြင်းမှာ ရန်ကုန်မြို့ဖြစ်သဖြင့် တရားမကျင့်ထုံး ဥပဒေ

စာမျက်နှာ

ပုဒ်မ ၂၀(ဂ) အရ ဤအမှုကို ရန်ကုန်တိုင်းတရားရုံးတွင် စွဲဆိုခွင့် ရှိလေသည်။

ဦးကျော်စိန်ပေါ(၂) နှင့် ရွှေမန်းပန်တျာကြည်လင်ပေါ(၂).... ၁

တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၅၀ (၁)ပါ ပြဋ္ဌာန်းချက်—သေဆုံးသည့် တရားရှုံး၏ တရားဝင် ကိုယ်စားလှယ်အပေါ် ဒီကရီပြုလုပ်ခြင်း— တရားရှုံးနှစ်ဦးရှိသည့်အနက် တစ်ဦးသေဆုံးသွားပါက သေဆုံးသည့် တရားရှုံး၏ တရားဝင်ကိုယ်စားလှယ် မထည့်သွင်းပဲ ကျန်တရားရှုံး အပေါ် ဒီကရီမလုပ်ရဟု ပိတ်ပင်တားမြစ်ချက် ရှိမရှိ။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး ဥပဒေပုဒ်မ ၅၀(၁)ပါ ပြဋ္ဌာန်းချက်မှာ ဒီကရီကျပြီးနောက် တရားရှုံးသေဆုံးပါက အနိုင်ရထားသည့်ဒီကရီကို ဒီကရီပြုလုပ်လိုလျှင် တရားရှုံး၏ တရားဝင် ကိုယ်စားလှယ်အပေါ် ဒီကရီပြုလုပ်နိုင်သည်ဟု ဖော်ပြထားခြင်း ဖြစ်သည်။ တရားရှုံးတစ်ဦးတည်းရှိသည့်အမှုမျိုးတွင် သို့မဟုတ် တရားရှုံးအများအနက် သေဆုံးသွားသည့်တရားရှုံးကျန်ရစ်ခဲ့သည့်ပစ္စည်း အပေါ် ဒီကရီပြုလုပ်လိုလျှင် ယင်းသေဆုံးသည့် တရားရှုံး၏ တရားဝင် ကိုယ်စားလှယ်အပေါ် ဒီကရီမှုပြုလုပ်နိုင်သည်ဟု ပြဋ္ဌာန်းချက် ဖြစ်သည်။

ယခုအမှုမှာမူ တရားရှုံးနှစ်ဦးရှိသည်။ ယင်းတရားရှုံး နှစ်ဦး အနက် တရားရှုံးတစ်ဦးသေသွားလျှင် သေဆုံးသည့်တရားရှုံး၏ တရားဝင်ကိုယ်စားလှယ်ကိုပါ ထည့်သွင်းပြီး ကျန်တရားရှုံးနှင့်အတူ ၎င်းတို့အပေါ် ဒီကရီပြုလုပ်ရမည်ဟူ ပုဒ်မ ၅၀(၁) က မဆိုပေ။ တရားရှုံးနှစ်ဦးအနက် တရားရှုံးတစ်ဦးတည်းကျန်လျှင် သေဆုံး သည့် တရားရှုံး၏ တရားဝင်ကိုယ်စားလှယ် မထည့်သွင်းပဲ ကျန် တရားရှုံးအပေါ် ဒီကရီမလုပ်ရဟု မပိတ်ပင်ပေ။ ထို့ကြောင့် ကျန်သည့်တရားရှုံး မောင်မြင့်မောင် တစ်ဦးတည်းအပေါ် ဒီကရီ ပြုလုပ်ခွင့်ရှိသည့်အတွက် ဦးထွန်းခင်၏ တရားဝင်ကိုယ်စားလှယ် မထည့်ပဲ ဒီကရီမှုကို ဆက်လက် ဆောင်ရွက်ခွင့်ရှိပေသည်။

ဦးအေးဖေ နှင့် မောင်မြင့်မောင် .... ၁၁ဂ

စာမျက်နှာ

တရားကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၁ အရ အပ်နှင်းထားသော တရားရုံးများ၏ မူလဘူတအာဏာကို အခြား ဥပဒေပြဋ္ဌာန်းချက် သီးခြား မရှိမှသာ အသုံးပြုခွင့်ရှိခြင်း—တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၅ အရ ဒီကရီကို ဆိုင်းငံ့ရန်အမိန့်— အယူခံအဆင့်ဆင့် ကုန်ဆုံးပြီး ကိစ္စတွင် ဆိုင်းငံ့မိန့် ထုတ်နိုင် မထုတ်နိုင်။

လျှောက်ထားသူ ဒေါ်ဆင့်က ထန်းတပင်မြို့နယ် တရားရုံးတွင် ဒီကရီမှုကို ဆက်လက် ဆောင်ရွက်၍ လျှောက်ထားခံရသူတို့ ကျူးကျော်နေထိုင်သော အဆောက်အအုံများကို ဖျက်သိမ်းနေစဉ် လျှောက်ထားခံရသူများက ဗဟိုတရားရုံးအမိန့်ကို စာဒဂကမှုများ တင်ထားကြောင်း ပဲခူးတိုင်း တရားရုံးတွင် လျှောက်ထားသောကြောင့် ပဲခူးတိုင်းတရားရုံးက လျှောက်ထားခံရသူများသည် စာဒဂကမှု တက်နိုင်သောအခွင့်အရေး ကျန်ရှိနေသေးသဖြင့် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၁ အရ ဆိုင်းငံ့မိန့် ထုတ်ပေးရကြောင်း အမိန့်တွင် ဖော်ပြ၍ ဒီကရီမှုများကို ဆိုင်းငံ့ထားစေရန် အမိန့်ထုတ်ခဲ့သည်။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၁ အရ တရားရုံးသည် အမှုဖြစ်ပျက်သည့် အကြောင်းခြင်းရာအပေါ် မူတည်၍ တရားမျှတသည်ဟု ယူဆသောအမိန့်ကို မည်သည့် အချိန်အခါတွင်မဆို အသုံးပြုနိုင်ခွင့်ရှိကြောင်း မှန်သော်လည်း ယင်းဥပဒေမှာ အခြားဥပဒေပြဋ္ဌာန်းချက်များ သီးခြား မရှိမှသာ ဖြစ်ပေါ်သောအခြေအနေကို သုံးသပ်၍ ဆောင်ရွက်နိုင်ခွင့်ပေးထားသော မူလဘူတ အာဏာဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ဆိုင်းငံ့မိန့် ထုတ်ပြန်ခြင်းနှင့် စပ်လျဉ်း၍တရားမကျင့်ထုံး အမိန့် ၄၁၊နည်း ၅ တွင် အတည့်အလင်း ပြဋ္ဌာန်းချက်ရှိသည်။ ယင်းပြဋ္ဌာန်းချက်အရ အယူခံခွင့်ရှိသော ဒီကရီကို အယူခံ တင်သွင်းခွင့်ရှိသောကာလ မကုန်ဆုံးမီ ယင်း ဒီကရီကိုချမှတ်သည့် တရားရုံးကသော်လည်းကောင်း၊ အယူခံမှုရှိနေသောအခါတွင် အယူခံတရားရုံးကသော် လည်းကောင်း၊ ဒီကရီမှုလုပ်ဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ထားရန် အမိန့်ချမှတ်နိုင်သည်။ ယခု ဖြစ်ပွားနေသောကိစ္စတွင် အယူခံအဆင့်ဆင့် ကုန်ဆုံးခဲ့ပြီးဖြစ်

စာမျက်နှာ

သောကြောင့် တရားမကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၅ အရ ဆိုင်းငံ့မိန့်ထုတ်ရန် ဖြစ်နိုင်ချေ၏။

ဦးခင်ပေါ(၂)
ဒေါ်စိန်ရင်
မဒေါ်ဆင့် နှင့် ဒေါ်ငြိမ်းပန်း .... ၂၆
ဒေါ်သိန်းညွန့်

ထိမ်းမြားလက်ထပ်မှု–မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ ထိမ်းမြား လက်ထပ်မှု တရားဝင်ဖြစ်စေရေးအတွက် အသိအမှတ်ပြုထားသည့် အခမ်းအနားမရှိခြင်း–နေထိုင် ပေါင်းသင်းဆက်ဆံမှုအပေါ် အခြေပြု၍ ဆုံးဖြတ်ခြင်း– "လင်မယားအဖြစ် ပေါင်းသင်းနေထိုင်မှု" ဆိုသော စကားရပ်၏သဘော။

ဆုံးဖြတ်ချက်။ ။မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေတွင် ထိမ်းမြား လက်ထပ်မှုတစ်ခု တရားဝင်ဖြစ်စေရေးအတွက် အသိအမှတ်ပြုထား သည့် အခမ်းအနားမရှိချေ။ ဆွေမျိုး မိတ်ဆွေ အပေါင်းအသင်း တို့အား ကျွေးမွေးဧည့်ခံသည့် အခမ်းအနားများ ပြုလုပ်လေ့ရှိကြ သော်လည်း မည်သည့် အခမ်းအနားမျှမလုပ်ပဲ ယောကျ်ားနှင့် မိန်းမတို့ နှစ်ဦး သဘောတူညီချက်ဖြင့် အကြောင်းလင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြသူများလည်း ရှိကြသေးသည်။ ထိုသူများ အဖို့ ထိမ်းမြားမှုနှင့် ပတ်သက်သောပြဿနာများ ပေါ်ပေါက် သည့်အခါ ၎င်းတို့၏ နေထိုင် ပေါင်းသင်း ဆက်ဆံမှုအပေါ် အခြေပြု၍ အဆုံးအဖြတ်ပေးရပေမည်။

"လင်မယားအဖြစ် ပေါင်းသင်းနေထိုင်မှု"ဆိုသည်မှာ တရား ဝင် လင်နှင့်မယားအဖြစ် အထင်အရှား နေထိုင် ပေါင်းသင်း ဆက်ဆံမှုမျိုးကို ဆိုလိုပေသည်။ တိတ်တဆိတ် ပေါင်းသင်းဆက်ဆံ မှုမျိုးကို မဆိုလိုပေ။ လင်နှင့်မယား၏ ပေါင်းသင်းမှုမှာ ရပ်ရွာက ဇနီးမောင်နှံအဖြစ် အသိအမှတ်ပြု၍ ဆက်ဆံကြောင်း ထင်ရှားစေ ရမည်။

ဒေါ်ကျင်မြ နှင့် ဦးထွန်းလူ .... ၁၁

စာမျက်နှာ

**လူတစ်ဦးတစ်ယောက်သည် မည်သည့်ဘာသာကို ကိုးကွယ်ကြောင်း ဆုံးဖြတ်ရာ၌ ထည့်သွင်း စဉ်းစားရန် အချက်များ—ဗုဒ္ဓဘာသာဝင်တို့၏ ကိုယ်အမူအယာ၊ နှုတ်အမူအယာနှင့် အလေ့အထများ။**

**ဆုံးဖြတ်ချက်။** ။လူတစ်ဦးတစ်ယောက်သည် မည်သည့် ဘာသာ ကိုးကွယ်သည်ကို ဆုံးဖြတ်ရန် ခဲယဉ်းလှပေသည်။ လူတစ်ဦး တစ်ယောက်၏ စိတ်အတွင်းသို့ ဝင်ကြည့်နိုင်စွမ်းမရှိသဖြင့် ထိုသူသည် မည်သည့်ဘာသာ၌ သက်ဝင်ယုံကြည်သည်ကို သူ၏ နောက်ကြောင်းရာဇဝင်၊ ကိုယ်အမူအယာ၊ နှုတ်အမူအယာနှင့် မိတ်ဆွေ သင်္ဂဟ အပေါင်းအသင်း စသည့် ပတ်ဝန်းကျင်တို့ကို ထည့်သွင်း စဉ်းစားပြီးမှသာ မည်သည့်ဘာသာကို ကိုးကွယ်ကြောင်း အဆုံး အဖြတ်ပေးနိုင်မည်ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်များသည် သံဃာတော်များက ငါးပါးသီလ ပေးသည့်အခါ ဦးစွာပထမ ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးကို ရှိခိုးပြီး၊ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံ သရဏံဂစ္ဆာမိ ဟူ၍ ရွတ်ပြီးလျှင် သရဏဂုံကို ဆောက်တည်ရပေ သည်။ ယင်းကဲ့သို့ ရတနာသုံးပါးကို ရှိခိုးဦးညွတ်ပြီး သရဏဂုံ ဆောက်တည်ခြင်းသည် နှုတ်အမူအယာ၊ ကိုယ်အမူအယာအားဖြင့် မိမိ၏ ယုံကြည်ကိုးကွယ်မှုကို ထင်ရှားစေခြင်းဖြစ်သည်ဟု ယူဆ ရပေမည်။ ဗုဒ္ဓဘာသာဝင်တို့၏ လုပ်ရိုးလုပ်စဉ်အတိုင်း ဘုရား သွား ကျောင်းတက် ဥပုသ်ဆောက်တည်ခြင်း၊ သားသမီးများကို သာမဏေဘောင်သို့ သွတ်သွင်းပြီး ဆံချသည့်အခါ ဆံခံခြင်း စသည်တို့မှာ သာသနာ့ဘောင်သို့ သွတ်သွင်းသည်ကို မည်မျှ လေးစားကြောင်း ပေါ်လွင် ထင်ရှားစေသည်။

**ပြည်ထောင်စု ဆိုရှယ်လစ် နှင့် မပေါက်စ** .... ၆၉
**သမ္မတ မြန်မာနိုင်ငံတော်**
(မခင်ကြည်)

**ငြင်းချက်များ ထုတ်ပေးခြင်း—တရားမမှုများတွင် ငြင်းချက်များသည် အမှုကို အနိုင်အရှုံး အဆုံးအဖြတ်ပေးရာတွင် အရေးကြီးသည့် ပင်မ ကျောရိုးများဖြစ်ခြင်း—မှန်ကန်၍ အဓိကကျသော ငြင်းချက်များ ထုတ်ပေးရန် အထူး လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမမှုများတွင် တရားလို၏ အဆိုနှင့် တရားပြိုင်၏ အချေတို့ကို အသေးစိတ် သေချာဂနစွာ စိစစ်

စာမျက်နှာ

အခြေပြု၍ ထုတ်နှုတ်ပေးသည့် ကောက်ချက်များသည် အမှုကို အနိုင်အရှုံး အဆုံးအဖြတ်ပေးရာတွင် အဓိကအရေးကြီးသည့် ပင်မ ကျောရိုးများဖြစ်ပေသည်။ အမှုများ၏ တိကျမှန်ကန်သော အဆုံး အဖြတ်သည် ယင်းကောက်ချက်များတွင် မူတည်သည်။ သို့ဖြစ်ရာ ကား မှန်ကန်၍ အဓိကကျသော အခြေခံဖြစ်သည့် တစ်မှုလုံး၏ အနိုင်အရှုံးကို အဆုံးအဖြတ်ပေးနိုင်သော ကောက်ချက်များ ထုတ် ပေးရန် အထူး လိုအပ်လှပေသည်။ ဆိုခဲ့သည့်အတိုင်း မှန်ကန် သော ငြင်းချက်များကို ထုတ်ပေးနိုင်မှသာလျှင် အမှုကို အမြစ်ရင်း ကစ၍ သိရှိကာ မည်သူ ရှုံး၍ မည်သူ နိုင်စေဟူသော ဆုံးဖြတ် ချက်ကို မှန်ကန်စွာ ချမှတ်ပေးနိုင်ပေလိမ့်မည်။

ဦးညွန့်အောင် ပါ(၂) နှင့် ဒေါ်ဌေးဌေးမြင့် ... ၄၃

မူလတောင်းဆိုသည့် သက်သာခွင့်နှစ်ခုအနက် သက်သာခွင့်တစ်ခုကို စွန့် လွှတ်ခြင်း—စွန့်လွှတ်ခွင့်ပြုပါက ကျန်ရှိသည့် သက်သာခွင့်တစ်ခု အတွက် အမှုကို ဆက်လက် ဆောင်ရွက်သွားရန် ဖြစ်နိုင် မဖြစ်နိုင် စိစစ်ရန်လိုခြင်း—သီးခြား သက်သာခွင့်ဥပဒေ ပုဒ်မ ၄၂ အရစွဲဆိုမှု— ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန် သက်သာခွင့်ကို စွန့်လွှတ်ပြီး ထပ်ဆင့် သက်သာခွင့်ဖြစ်သည့် လက်ရောက်ရလိုမှုကို ဆက်လက် ဆောင်ရွက်နိုင်မည် မဟုတ်ခြင်း—ယခု စွန့်လွှတ်လိုသည့် သက်သာခွင့် မှာ သီးခြား သက်သာခွင့်ဥပဒေ ပုဒ်မ ၃၉ အရ စာချုပ်စာတမ်း ပယ်ဖျက်ပေးရန်ဆိုသည့် သက်သာခွင့်ဖြစ်ခြင်း အိမ်ခန်းမှ ဖယ်ရှား ပေးရန် သက်သာခွင့်သည် သီးခြားသက်သာခွင့်ဥပဒေ ပုဒ်မ ၃၉ အရ တောင်းဆိုသည့် သက်သာခွင့်၏ ထပ်ဆင့် သက်သာခွင့်မဟုတ် ကြောင်း ဆုံးဖြတ်ခြင်း—အိမ်ခန်း ဖယ်ရှားပေးလိုမှု သက်သက် အတွက် အမှုကို ဆက်လက် စစ်ဆေးနိုင်ခြင်း ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။မူလ တောင်းဆိုသည့် သက်သာခွင့်နှစ်ခု အနက် သက်သာခွင့်တစ်ခုကို စွန့်လွှတ်ခွင့်ပြုပါက ကျန်ရှိသည့် သက်သာခွင့်တစ်ခုအတွက် အမှုကို ဆက်လက် ဆောင်ရွက်သွားရန် ဖြစ်နိုင် မဖြစ်နိုင် စိစစ်ရန် လိုပေသည်။ မူလအမှုသည် သီးခြား သက်သာခွင့်ဥပဒေ ပုဒ်မ(၄၂)အရ ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေငြာပေးရန်နှင့် ထပ်ဆင့် သက်သာခွင့်အဖြစ် အိမ်ခန်းကို

လက်ရောက်ရလိုမှု စွဲဆိုသောအမှုမျိုးဖြစ်ပါက မြွက်ဟကြေငြာပေးရန် သက်သာခွင့်ကို စွန့်လွှတ်ပြီး ထပ်ဆင့် သက်သာခွင့်ဖြစ်သည့် လက်ရောက်ရလိုမှုကို ဆက်လက် ဆောင်ရွက်သွားနိုင်မည် ကဲ့ပြား ပေ။ ယခုအမှုတွင် သက်သာခွင့်တစ်ရပ်နှင့် တစ်ရပ်သည် မဟုတ် ခြားနားပေသည်။ စွန့်လွှတ်လိုသည့် သက်သာခွင့်သည် သီးခြား သက်သာခွင့်ဥပဒေ ပုဒ်မ(၃၉)အရ စာချုပ်စာတမ်းကို တရား မဝင်ကြေငြာပြီး ဖျက်သိမ်းပေးရန် ထပ်ဆင့်သက်သာခွင့် ပါရှိပြီး ဖြစ်ပေသည်။ အိမ်ခန်းမှ ဖယ်ရှားပေးရန် သက်သာခွင့်သည် သီးခြားသက်သာခွင့်ဥပဒေ ပုဒ်မ(၃၉)အရ တောင်းဆိုသည့် သက် သာခွင့်၏ ထပ်ဆင့်သက်သာခွင့် မဟုတ်ပေ။ ထို့ကြောင့် အိမ်ခန်း ဖယ်ရှားပေးလိုမှုသက်သက်အတွက် အမှုကို ဆက်လက် မစစ်ဆေး နိုင်စရာအကြောင်း မရှိပေ။

ဦးထွန်းအောင် နှင့် ဦးထွန်းရှင် .... ၆၄

**အခွင့်အမိန့်အရ နေထိုင်သူကို နှင်လိုမှု–တရားရုံးက အဓိက စဉ်းစား ဆုံးဖြတ်ရန်အချက်–ပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်း၍ သီးခြား ငြင်းချက် ထုတ်ရန် လို မလို–ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်း ဟုတ်မဟုတ်ဆိုသည့် ငြင်းချက်တွင်ပင် တရားပြိုင်များက ပိုင်ဆိုင်ခွင့်အရ နေထိုင်ခဲ့ ကြောင်း အထောက်အထားတင်ပြ၍ ချေပခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။လျှောက်ထားခံရသူများကစွဲဆိုသည့်အမှုသည် အခွင့်ပြင့်ထားရှိသူအား ဥပစာမှနှင်ထုတ်ရန်စွဲဆိုသည့်အမှုဖြစ်သည်။ ဤအမှုမျိုးတွင် တရားရုံးမှ အဓိက စဉ်းစားဆုံးဖြတ်ရန်အချက်မှာ မူလရုံး တရားပြိုင်တို့သည် အချင်းဖြစ်ဥပစာတွင် မူလရုံးတရားလို၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်း ဟုတ် မဟုတ်ဆိုသည့် အချက်သာဖြစ် သည်။ ဤအမှုမျိုးတွင် တရားပြိုင်က မိမိ၏ပိုင်ဆိုင်ခွင့်အရ နေထိုင် ခြင်းသာဖြစ်သည်။ တရားလို၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်းမဟုတ် ကြောင်း ချေပထားစေကာမူ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ သီးခြား ငြင်းချက်ထုတ်ပြီး အဆုံးအဖြတ်ပေးရန် မလိုအပ်တော့ပေ။ သို့ရာ တွင် တရားပြိုင်များသည် တရားလို၏ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်း မဟုတ်ကြောင်း ပေါ်လွင်စေရန်အလို့ငှာ ပိုင်ဆိုင်ခွင့်အရ နေထိုင် ခဲ့ကြောင်း အထောက်အထား သက်သေများကို ခွင့်ပြုချက်ဖြင့်

စာမျက်နှာ

နေထိုင်ခြင်း ဟုတ် မဟုတ် ဆိုသည့် ငြင်းချက်တွင်ပင် တင်ပြ၍ ချေပခွင့် ရှိပေသည်။

ဦးမြင့်ဆွေ ပါ(၂) နှင့် ဦးချန်ထွန်း(ခ)ဦးချန် ... ၉၅

**အခွင့်အမိန့်အရ နေထိုင်သူကို နှင်လိုမှု– အခမဲ့ နှစ် အကန့်အသတ်မရှိ နေထိုင်ခွင့်ပြုသည်' ဆိုသော စကားရပ်ကို အဓိပ္ပာယ်ကောက်ယူခြင်း– ထာဝရ နေထိုင်ခွင့်ပြုသည်ဟု ကောက်ယူ၍မရ–အခမဲ့ နေထိုင်ခွင့်ကို ပြန်လည် ရုပ်သိမ်းပြီးနောက် ဖယ်ရှားစေရန် တရားစွဲဆိုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သက်သေခံ(၁) ကတိစာချုပ်အရ အခမဲ့ နှစ် အကန့်အသတ်မရှိ နေထိုင်ခွင့်ပြုသည်ဆိုသည့် စကားရပ်မှာ နှစ် အပိုင်းအခြားကို ကန့်သတ်ခြင်းမပြုဟု ဆိုခြင်းသာဖြစ်သည်။ ထာဝရ နေထိုင်ခွင့်ပြုသည်ဟု ကောက်ယူ၍မရပေ။ ထို့ကြောင့် အခမဲ့ နေထိုင်ခွင့်ပေးခဲ့သူသည် နှစ်အပိုင်းအခြားအားဖြင့် ကန့်သတ်ခြင်းမပြုပဲ အခမဲ့ နေထိုင်ခွင့်ရခဲ့သူအား အခမဲ့ နေထိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းပြီးနောက် ဖယ်ရှားစေရန် တရားစွဲဆိုနိုင်သည်။ နှစ် အပိုင်းအခြား ကန့်သတ်ခြင်းမရှိသဖြင့် အမှုစွဲဆိုခြင်းကို အစဉ် ထာဝရမပြုနိုင်တော့ဟု ကောက်ယူ၍ ပိုင်ရှင်၏ အခွင့်အရေးကို ကန့်သတ် ပိတ်ပင်ပါက မှန်ကန်မျှတမည်မဟုတ်ပေ။

ဦးသန်းမောင် ပါ(၂) နှင့် ဒေါ်ကြည်ကြည်(သေ) .... ၁
ငင်း၏ တရားဝင်
ကိုယ်စားလှယ်
ဒေါ်မိမိ ပါ(၄)

**ခွင့်ပြုချက်ဖြင့်ထားသူအား နှင်လိုမှု–အမွေဆက်ခံသူသည် အမွေရှင်၏ ခွင့်ပြုချက်ကို ဆက်ခံပိုင်ခွင့် ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ပစ္စည်းတစ်ခုကို အမွေဆက်ခံလျှင် အမွေဆက်ခံသူတို့သည် ယင်းပစ္စည်းနှင့်ပတ်သက်ပြီး အမွေရှင်၏ အခွင့်အရေးအားလုံးကို ဆက်ခံသည်။ အမွေရှင်လက်ထက်က အယူခံတရားပြိုင်များအား ပေးထားသည့် အခမဲ့နေထိုင်ခွင့်သည် မြေနှင့် သက်ဆိုင်သည့် အခွင့်အရေးတစ်ရပ်ဖြစ်ပေသည်။ ထို့ကြောင့် ဒေါ်စိမ်း သေဆုံးသည့်အခါက ဒေါ်စိမ်းက အယူခံတရားပြိုင်တို့အား

စာမျက်နှာ

ပေးခဲ့သည့် အခွင့်အရေးကိုလည်း အယူခံတရားလိုတို့က ဆက်လက်ခံယူခဲ့လေသည်။

ဦးကျင်ဆိုင် ပါ(၆) နှင့် ဦးစိန်ညွန့် ပါ(၇) .... ၉

အငှားမှဆက်ခံခွင့်လက်မှတ် ထုတ်ပေးရေးကိစ္စတွင် အမိန့် အဆုံးအဖြတ်ပေးရမည့်အချက်– အငှားဆက်ခံခွင့်လက်မှတ် ထုတ်ပေးရန် စုံစမ်းစစ်ဆေးမှု အတိုင်းအတာ–အကျဉ်းနည်း ဆောင်ရွက်ခြင်းဖြစ်၍ ရှုပ်ထွေးနက်နဲသည့် ဥပဒေ အချက်အလက်များကို စဉ်းစားရန်လို မလို။

**ဆုံးဖြတ်ချက်။** ။အငှားမှဆက်ခံခွင့်လက်မှတ် ထုတ်ပေးရေးကိစ္စများတွင် အမိန့် အဆုံးအဖြတ်ပေးရမည့်အချက်မှာ လျှောက်ထားသူသည် သေသူ၏ ကြွေးမြီများကို ကောက်ခံ သိမ်းဆည်းခွင့်ရှိသူ ဟုတ် မဟုတ်ဆိုသည့်အချက်ဖြစ်သည်။ ထို့ကြောင့် အငှားမှဆက်ခံခွင့်လက်မှတ်ကို ထုတ်ပေးခြင်းမှာ လက်မှတ်ရသူသည် ယင်းအတွက်ဖြစ်စေ၊ အခြား ရသင့်ရထိုက်သူအတွက်ဖြစ်စေ၊ သေသူ ရရှိရန်ကြွေးငွေများကို တောင်းခံနိုင်ရန်အတွက် ခေတ္တ ယာယီ အစီအစဉ်အဖြစ် အကျဉ်းနည်း စုံစမ်းစစ်ဆေး ထုတ်ပေးခြင်းဖြစ်၍ ရှုပ်ထွေးနက်နဲသည့် ဥပဒေအချက်အလက်များကို စဉ်းစားရန် မဟုတ်ပေ။ ယင်းသို့ ရှုပ်ထွေးနက်နဲသော ဥပဒေအချက်အလက်များမှာ အမွေမှုကြီး၌သာ စဉ်းစားရန်ဖြစ်သည်။

ဦးဘသောင်း နှင့် ဒေါ်မြကေ .... ၉၀

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေ ပုဒ်မ ၂(၇) အရ မြေရှင်–အစိုးရမြေကို မြေခွန်ပေးဆောင်၍ အသုံးပြုခွင့်ရသူက အငှားချထားသောကိစ္စ–မြေပိုင်ရှင် မဟုတ်သော်လည်း ယင်း ဥပဒေပုဒ်မအရ မြေရှင်ဖြစ်ကြောင်း ဆုံးဖြတ်ခြင်း။

**ဆုံးဖြတ်ချက်။** ။တိုင်းတရားရုံးက မြေရှင်မြေငှား ဆက်သွယ်မှုရှိကြောင်းကို လက်ခံခဲ့သော်လည်း၊ အချင်းဖြစ်မြေမှာ အစိုးရမြေဖြစ်နေ၍ ဒေါ်ခင် (၁) ဒေါ်ကြင်သည် မြေပိုင်ရှင် မဟုတ်သည့်အလျောက် မြေရှင်မဖြစ်နိုင်ဟု သုံးသပ်ပြီး ဒေါ်ခင်(၁)ဒေါ်ကြင်၏ အမှုကို ပလပ်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဒေါ်ခင် (၁) ဒေါ်ကြင့်

စာမျက်နှာ

သည် အမှုစွဲဆိုသည့်အချိန်အထိ အစိုးရအား မြေခွန်ပေးဆောင်၍ အချင်းဖြစ်မြေကို အသုံးပြုခွင့်ရခဲ့သူဖြစ်သည်။ အစိုးရကလည်း မြေခွန်များ လက်ခံရယူခဲ့ကြောင်း သက်သေခံ(ည) ပြေစာများအရ တွေ့ရှိရသည်။ မိမိ အသုံးပြုခွင့်ရထားသောမြေကွက်ကို ဦးဖိုးသိတို့အား ငှားရမ်းခဲ့ခြင်းဖြစ်၍ ဒေါ်ခင်(ခ)ဒေါ်ကြွင်သည် မြေပိုင်ရှင်မဟုတ်သော်လည်း ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေ ပုဒ်မ ၂(ဂ)အရ မြေရှင်ဖြစ်သည်။ ထို့ကြောင့် ဒေါ်ခင်(ခ)ဒေါ်ကြွင်သည် မြေငှားဖြစ်သူ ဦးဖိုးသိတို့အပေါ် မြေငှားရမ်းခပေးရန် ပျက်ကွက်မှု စွဲဆိုနိုင်သည်။

ဒေါ်ခင်(ခ)ဒေါ်ကြွင် နှင့် ဦးဖိုးသိ ပါ(၂) ... ၁၅

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေ ပုဒ်မ ၂(ဆ)—ဒရမ်ဆာလာခေါ် တည်းခိုဇရပ်တွင် တည်းခိုသူများသည် "အိမ်ငှား"ဟူသော စကားရပ်တွင် အကျုံး ဝင် မဝင်—ကန့်ဝယ်စာအုပ် ရရှိမှုဖြင့် အိမ်ငှားဖြစ်သည်ဟု ဆိုနိုင် မဆိုနိုင်—ယခင် အိုးအိမ်နှင့် အိမ်ယာဆောက်လုပ်ရေး ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ—ဒရမ်ဆာလာခေါ် တည်းခိုဇရပ်များကို မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေမှ ကင်းလွတ်ခွင့် ပေးထားခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုပိုင် ဒရမ်ဆာလာခေါ် တည်းခိုဇရပ်တွင် တည်းခိုလိုသူများသည် သက်သေခံအမှတ်(ခ)တွင် လျှောက်လွှာပုံစံဖြင့်လျှောက်ထား၍ အယူခံတရားလို၏ ခွင့်ပြုချက်ကို ရယူရသည့်အပြင် ဒရမ်ဆာလာခေါ် တည်းခိုဇရပ်၏ စည်းမျဉ်းများကို လိုက်နာပါမည်ဟု ဝန်ခံရကြောင်း ပေါ်လွင်သည်။ သက်သေခံအမှတ်(က)မှာ တည်းခိုခန်းအတွက် စည်းမျဉ်းများဖြစ်သည်။ ယင်းစည်းမျဉ်းများအရဆိုလျှင် အယူခံတရားပြိုင်တို့သည် အချင်းဖြစ်သည့်အခန်းများ၌ သတ်မှတ်သည့် စည်းကမ်းချက်များဖြင့် နေထိုင်ရသူများဖြစ်ကြသည်။ ယင်းအခန်းများကို ရာနှုန်းပြည့် လက်ဝယ်ရရှိသူများ မဟုတ်ပေ။ အခန်းများနှင့် ပတ်သက်သော အခွင့်အရေးများမှာ အိမ်ငှားတစ်ဦးကဲ့သို့ ရရှိကြသူများမဟုတ်ပေ။ ထို့အပြင် သက်သေခံ အမှတ်(က) အရ အယူခံတရားပြိုင်တို့သည် အချင်းဖြစ်အခန်းများ၌ တည်းခိုသူအဖြစ်ဖြင့် တနေ့ ၁ ကျပ်/၅၀ ပြားနှုန်းနှင့် နေထိုင်ကြသူများဖြစ်ကြောင်း ပေါ်လွင်သည်။ အယူခံ

စာမျက်နှာ

တရားပြိုင်တို့သည် တစ်လ ငွေကျပ် ၄၅/-နှုန်းဖြင့် အခန်းများကို အိမ်ငှားနေသည့် အိမ်ငှားများဖြစ်ကြောင်း သက်သေအထောက် အထားများ မတင်ပြနိုင်ခဲ့ချေ။ အယူခံတရားပြိုင်များက ဒရမ် ဆာလာခေါ် တည်းခိုဇရပ်လိပ်စာဖြင့် ကုန်ဝယ်စာအုပ်များ ရရှိ ထားသူများတို့ဖြစ်ကြသဖြင့် သူတို့သည် အိမ်ငှားများအဖြစ် နေ ထိုင်သူများဖြစ်ကြသည်ဟု တင်ပြခဲ့သည်။ ကုန်ဝယ်စာအုပ် ရရှိရုံမျှ ဖြင့် အိမ်ငှားဖြစ်သည်ဟု မဆိုနိုင်ချေ။ အယူခံတရားပြိုင်တို့သည် မိမိတို့ရပ်ကွက်မှ စားသုံးသူသမဝါယမအသင်းတွင် ပစ္စည်းဝယ်ယူ ခွင့်ရရန်အတွက် ကုန်ဝယ်စာအုပ် ထုတ်ပေးခြင်းသာဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။အယူခံတရားပြိုင်တို့သည် အိမ်ငှားများ ဖြစ်ကြသဖြင့် သူတို့အပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေအရသာ တရားစွဲဆိုခွင့်ရှိသည်ဟု အယူခံ တရားပြိုင်တို့ဘက်က တင်ပြခဲ့သည်။ ယင်း ပြည်သူ့အိုးအိမ်နှင့် အိမ်ယာဆောက်လုပ်ရေး ဝန်ကြီးဌာနရှိ ၆-၃-၅၇ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၃၇)အရ ဒရမ်ဆာလာခေါ် တည်းခို ဇရပ်များကို မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေမှ ကင်းလွတ်ခွင့်ပေးထားသဖြင့် အချင်းဖြစ်သည့် အခန်းများသည် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မသက်ဆိုင်ပေ။

**အရိယစမတ်ချ်** နှင့် နိုင်ဒူး .... ၁၁၃

ပီကေရောင်း

လက်ချိမ်းကန်သာ

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၂(၁)(က)အရ စွဲဆိုမှု—အိမ်ရှင်က ငှားရမ်းခများ မတောင်းခံ၍ မပေးခဲ့ခြင်းဖြစ်ကြောင်း အိမ်ငှား၏ ချေပချက်ကို လက်ခံရန် သင့် မသင့်—ပစ္စည်း လွှဲပြောင်းရေးဥပဒေ ပုဒ်မ ၁၀၈ (၅) အရ အိမ် ငှားက ငှားရမ်းခပေးရန် တာဝန်ရှိပြီး—အိမ်ရှင်က ငှားရမ်းခများ တောင်းခံရန်အတွက် တာဝန်မရှိခြင်း။**

ဆုံးဖြတ်ချက်။ ။အိမ်ရှင် ဦးကျော်သိန်းက ငှားရမ်းခများ မတောင်းခံ၍ မပေးခဲ့ခြင်းဖြစ်သည်ဆိုသည့် ဦးစောငါး၏ ချေပ ချက်မှာသည်း လက်ခံနိုင်ဖွယ်ရာ မရှိပေ။ ပစ္စည်းလွှဲပြောင်းရေး

စာမျက်နှာ

ဥပဒေ ပုဒ်မ ၁၀၈(၄)အရ အိမ်ငှားကသာ ငှားရမ်းခကို မှန်မှန် ပေးရန်တာဝန် သတ်မှတ်ထားခြင်းဖြစ်ပြီး အိမ်ရှင်က ငှားရမ်းခ များကို တောင်းခံရန်အတွက် တာဝန် သတ်မှတ်ထားခြင်းမရှိပေ။

ဦးကျော်သိန်း နှင့် ဦးစောငါး .... ၅

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ၁၂(၁)(က)ကို အခြားပုဒ်မငယ်များနှင့်တွဲပြီး တရားစွဲဆိုရာတွင် အခြား ပုဒ်မ ငယ်များ အတွက်ပါ သီးခြား အကြောင်းကြားစာ ပေးပို့ ရန် လိုမလို။

ဆုံးဖြတ်ချက်။ ။ပုဒ်မ ၁၂(၁)(က) နှင့်တွဲပြီး အခြားပုဒ်မ ငယ်များအရ တရားစွဲဆိုသည့်အမှုများတွင် ပုဒ်မ ၁၂(၁)(က)ပါ ပြဋ္ဌာန်းချက်များနှင့် ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ ပုဒ်မ ၁၀၆ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော အကြောင်းကြားစာ ပေးပို့ခဲ့ လျှင် အခြား ပုဒ်မငယ်များအတွက် သီးခြား အကြောင်းကြားစာ ပေးပို့ရန် မလိုတော့ပေ။

ဦးအုန်း နှင့် ဝိုင်စီဂူလာတိ .... ၁၂၅

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၂(၁)(စ)—"မိမိကိုယ်တိုင် နေထိုင်ရန်အတွက် သက်သက် ရယူ လိုသည်"ဆိုသော စကားရပ်၏အဓိပ္ပာယ်—အိမ်ရှင်၏သမီးသည် အိမ် ရှင်အား မှီခိုနေထိုင်သူ မဟုတ်ပါက ယင်းစကားရပ်တွင် အကျုံး ဝင် မဝင်။

ဆုံးဖြတ်ချက်။ ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီး ကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ) တွင်— "ပိုင်ရှင်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက် သက်သက်ရယူလို၍" ဟု အဓိပ္ပာယ်အလင်း ပြဋ္ဌာန်းထားသည်။ ဤပြဋ္ဌာန်းချက်အရ မိမိကိုယ်တိုင်နေထိုင်ရန် အတွက် သက်သက်ရယူလိုသည် ဆိုသည့် စကားရပ်မှာ ဆိုလို အိမ်ရှင်နှင့်တကွ ၎င်း၏ဇနီးနှင့် ၎င်းအား မှီခို အတူနေထိုင်သည့် မိသားစုများသာ ဖြစ်ရပေမည်။ ဤအမှုမှ ဦးထွန်းဟန်၏သမီးမှာ မှီခို နေထိုင်သူမဟုတ်ချေ။ သို့ဖြစ်၍ ဦးထွန်းဟန်၏ အကြောင်း ပြချက်သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(စ) နှင့် အကျုံးမဝင်ပေ။

ဦးခင်မောင် နှင့် ဦးထွန်းဟန် .... ၁၀

စာမျက်နှာ

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၂(၁)(စ) အရ စွဲဆိုခြင်း–အိမ်ရှင်သည် မိမိပိုင်အိမ်ခန်းများတွင် နေထိုင်လျက်ရှိသော အိမ်ငှားများအနက်မှ မိမိက သင့်တော်သည်ဟု ယူဆသည့် အိမ်ခန်းကို ရွေးချယ်၍ ထိုအိမ်ခန်းမှ ဖယ်ရှားပေးရန် စွဲဆိုနိုင်ခွင့် ရှိမရှိ။

ဆုံးဖြတ်ချက်။ ။အိမ်ရှင်ဖြစ်သူသည် မိမိပိုင်အိမ်ခန်းများတွင် နေထိုင်လျက်ရှိသော အိမ်ငှားများအနက်မှ မိမိက သင့်တော်သည်ဟု ယူဆသည့်အိမ်ခန်းကို ရွေးချယ်၍ ထိုအိမ်ခန်းမှ ဖယ်ရှားပေးရမည့်သူအား စွဲဆိုနိုင်ခွင့် ရှိထိုက်ပေသည်။

ဒေါ်စန်းရီ နှင့် ဦးညွန့် ပါ(၄) ... ၂၆

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၂(၁)(စ) ဒုတိယစာပိုဒ်တွင် ပြဋ္ဌာန်းထားသည့် ''ပိုင်ရှင်'' ဆိုသော စကားရပ်၏အဓိပ္ပာယ်–အမွေဆက်ခံခြင်းဖြင့် ဥပစာပိုင်ရှင်ဖြစ်လာသူကိုသာ ဆိုလိုခြင်း–မိဘမကွယ်လွန်မီ အမွေပေး၍ ရရှိပိုင်ဆိုင်လာသူသည် ယင်းပြဋ္ဌာန်းချက်တွင် အကျုံး ဝင်မဝင်။

ဆုံးဖြတ်ချက်။ ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၂ (၁) (စ) ဒုတိယစာပိုဒ်တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

သို့တည်းမဟုတ် ဤအပိုဒ်ပါကိစ္စအလို့ငှာ ပိုင်ရှင်ဆိုသည့်စကားရပ်တွင် ၁၉၄၅ ခုနှစ်၊ မေလ(၁)ရက်နေ့၌ဆိုခဲ့သည့် ဥပစာပိုင်ရှင်ဖြစ်သူ သို့တည်းမဟုတ် ထိုနေ့ရက်၊ နောက်မှ အမွေဆက်ခံခြင်းဖြင့် ထိုဥပစာပိုင်ရှင် ဖြစ်လာသူမှတပါး အခြား မည်သူမျှ မပါဝင်စေရပါ။

ဤပြဋ္ဌာန်းချက်အရ ပိုင်ရှင်ဆိုသူမှာ အမွေဆက်ခံခြင်းဖြင့် ဥပစာပိုင်ရှင်ဖြစ်လာသူသာဖြစ်ပြီး မိဘမကွယ်လွန်မီ အမွေပေး၍ ရရှိပိုင်ဆိုင်လာသူကို ဆိုခြင်းမဟုတ်ပေ။ ဒေါ်လှညွန့်၏မိခင် ဒေါ်ကြည်သည် ယခုအချိန်အထိ အသက်ရှင်လျက်ရှိသေးကြောင်းကို ဒေါ်လှညွန့်က ငြင်းထားခြင်းမရှိပေ။ ထို့ကြောင့် ဒေါ်လှညွန့်သည် မိခင်သေဆုံး၍ အမွေဆက်ခံခြင်းဖြင့် ပိုင်ဆိုင်လာသူမဟုတ်သည်မှာ ထင်ရှားသည်။

ဦးတင် နှင့် ဒေါ်လှညွန့် .... ၃၆

စာမျက်နှာ

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၂(၁)(စ)အရ စွဲဆိုမှု—ကျောင်းဖွင့်ရန်အတွက် အဆောက်အအုံ ပြန်လည် တောင်းဆိုခြင်းမှာ မိမိကိုယ်တိုင် နေထိုင်ရန်အတွက် တောင်းဆိုခြင်းနှင့် သဘောချင်းတူညီသည်ဟု ယူဆရန် သင့် မသင့်—ယင်းဥပဒေ ပုဒ်မ ၁၂(၁)(စ)တွင် ပြဋ္ဌာန်းထားသော ပြန်လည် ရယူလိုခြင်းတွင် အကျုံး ဝင် မဝင်—ယင်းဥပဒေပုဒ်မ ၁၂(၁)(စ) တွင် ပိုင်ရှင်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက် သက်သက် ရယူလိုကြောင်းဟု ဖော်ပြပါရှိခြင်း—မူရင်းဥပဒေတွင် အဓိပ္ပာယ်တိကျစွာ ပြဋ္ဌာန်းချက် ပါရှိလျှင် တရားရုံးအနေဖြင့် ဥပဒေတွင်ပါရှိသော စကားများအရ ပင် တိကျစွာ လိုက်နာ ဆုံးဖြတ်ရန်သာဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။မန္တလေးမြို့ အရှေ့မြောင်မြို့နယ် တရားရုံးသည် မန္တလေးမြို့ ရတနာဘုမိနယ် အနောက်ဘက် ရပ်ကွက်တရားရုံး၏အမိန့်ကို အတည်ပြုရာတွင် အချင်းဖြစ်အဆောက်အအုံကို မူလရုံး တရားလိုက ကျောင်းဖွင့်ရန်အတွက် ပြန်လည် ရယူလိုခြင်းမှာ မိမိကိုယ်တိုင် သက်သက်နေထိုင်ရန်အတွက် ရယူလိုခြင်းသဘော သက်ရောက်ကြောင်း မှတ်ချက်ပြုသည်။ ကျောင်းဖွင့်ရန်အတွက် အဆောက်အအုံ ပြန်လည် တောင်းဆိုခြင်းမှာ မိမိကိုယ်တိုင် နေထိုင်ရန်အတွက် တောင်းဆိုခြင်းနှင့် သဘောချင်းတူညီသည်ဟု ယူဆရန် မသင့်ပေ။ ကျောင်းဖွင့်ရန်အတွက် တောင်းဆိုခြင်းသည် ကျောင်းဖွင့်ရန်အတွက်သာ ဖြစ်သောကြောင့် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ) တွင် ပြဋ္ဌာန်းထားသော ပြန်လည် ရယူလိုခြင်းတွင် အကျုံးမဝင်ချေ။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၂(၁)(စ)တွင် ပိုင်ရှင်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက် သက်သက်ရယူလိုကြောင်း ဖော်ပြပါရှိသည်။ ဤကဲ့သို့ မူရင်း အက်ဥပဒေတွင် အဓိပ္ပာယ် တိကျစွာ ပြဋ္ဌာန်းချက်ပါရှိလျှင် တရားရုံး အနေဖြင့် မည်သို့ သဘောသက်ရောက်နိုင်သည်၊ မည်သို့ အဓိပ္ပာယ် ကောက်ယူနိုင်သည် စသည်ဖြင့် ဆုံးဖြတ်ရန်မဟုတ်ပေ။ အက်ဥပဒေတွင် ပါရှိသော စကားများအရပင် တိကျစွာ လိုက်နာ ဆုံးဖြတ်ရန်သာ ဖြစ်ပေသည်။

ဟာဂျီ ဦးဘုတင် နှင့် ဒေါ်ရင် ပါ(၇) .... ၀၅

စာမျက်နှာ

၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ(၂)နှင့်(၃)တို့၏ ဆက်စပ်မှုသဘော—ပုဒ်မခွဲ(၂)အရ လျော်ကြေးပေးရန် ဆုံးဖြတ်ချက်မပါပဲ ပုဒ်မခွဲ(၃)အရ ဥပစာကို လက်ရှိပေးအပ်ရန် ဆုံးဖြတ်ခြင်း ပြုနိုင်မပြုနိုင်—ပုဒ်မခွဲ (၂) အရ လျော်ကြေးပေးရန် ဆုံးဖြတ်ထားပါက ပုဒ်မခွဲ(၃)အရ အိမ်ငှားက ဥပစာကို ပြန်လည် ရလိုကြောင်း သဘောတူလျှင် ဥပစာကို လက်ရှိ ပြန်လည် ပေးအပ်ခြင်းမပြုပဲ နေနှင့် ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၂(၃)တွင်—

''ပုဒ်မခွဲ(၂)အရ လျော်ကြေးပေးရန်ချမှတ်သည့် ဆုံးဖြတ်ချက် အပြင် တရားရုံးသည် ဒီကရီ သို့တည်းမဟုတ် အမိန့်ချမှတ်ခံရသည့် အိမ်ငှားက သဘောတူလျှင် ထိုအိမ်ငှား အမိန့် သို့တည်းမဟုတ် ဒီကရီချမှတ်သည့် နေ့ရက်မတိုင်မီက ထားရှိသည့် စည်းကမ်းချက် များအတိုင်း ထိုဥပစာကို လက်ရှိ ပေးအပ်ရမည်''ဟု ပြဋ္ဌာန်းထား သည်။ ဤပုဒ်မခွဲအရ အိမ်ငှားအား ဥပစာကို လက်ရှိပေးအပ်ရန် ဆုံးဖြတ်ချက်သည်။ ပုဒ်မ ၁၂ ၏ ပုဒ်မခွဲ(၂)အရ လျော်ကြေး ပေးရန် ချမှတ်သည့် ဆုံးဖြတ်ချက်နှင့် တွဲ၍သာ ဆုံးဖြတ်ချက် ချနိုင်ကြောင်းနှင့် ပုဒ်မခွဲ(၂)အရ လျော်ကြေးပေးရန် ဆုံးဖြတ် ချက် ချမှတ်ပါက အိမ်ငှားက သဘောတူလျှင် ဥပစာကို လက်ရှိ ပေးအပ်ရန် ဆုံးဖြတ်ချက်ကိုလည်း မလွဲမသွေ ချမှတ်ရမည်ဖြစ် ကြောင်း တွေ့ရှိရသည်။ တနည်းဆိုသော် လျော်ကြေးပေးရန် ဆုံး ဖြတ်ချက်မပါပဲ ဥပစာကို လက်ရှိပေးအပ်ရန် ဆုံးဖြတ်ခြင်းမပြုနိုင် သကဲ့သို့ လျော်ကြေးပေးရန် ဆုံးဖြတ်ထားပါက အိမ်ငှားက ဥပစာကို ပြန်လည် ရယူလိုကြောင်း သဘောတူလျှင် ဥပစာကို လက်ရှိ ပြန်လည်ပေးအပ်ခြင်းမပြုပဲ နေခွင့်မရှိပေ။

| | | |
|---|---|---|
| ဦးထွန်းလင်း | | ဒေါ်ရီရှိန်(ကွယ်လွန်) |
| ဒေါ်ရီရှိန်(ကွယ်လွန်) | | ၎င်း၏ တရားဝင် |
| ၎င်း၏ တရားဝင် | နှင့် | ကိုယ်စားလှယ် |
| ကိုယ်စားလှယ် | | ဦးအုန်းညွှန့် ပါ-၂ |
| ဦးအုန်းညွှန့် ပါ-၂ | | ဦးထွန်းလင်း |

စာမျက်နှာ

**ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အပိုဒ် ၁၈၁--အပေါင်ပစ္စည်းကို ပြည်သူပိုင်သိမ်းလိုက်သည့်အတွက် တရားနိုင်က ပုဂ္ဂလိကဒီကရီ ချပေးရန် လျှောက်ထားရာ၌ စည်းကမ်းသတ်ကာလ ရေတွက်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး အမိန့် ၃၄၊ နည်းဥပဒေ ၃(၄) အရ တင်သွင်းသည့် လျှောက်လွှာများအတွက် ကာလစည်းကမ်းသတ် အချိန်ကာလမှာ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အပိုဒ် ၁၈၁ နှင့် သက်ဆိုင်ကြောင်း နှစ်ဘက်အငြင်းမပွားချေ။ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အပိုဒ် ၁၈၁ ၏ ပြဋ္ဌာန်းချက်အရဆိုလျှင် တရားမကျင့်ထုံး အမိန့် ၃၄၊ နည်းဥပဒေ ၃ (၄) အရ လျှောက်လွှာကို လျှောက်ထားရန် အကြောင်းအခွင့် ပေါ်ပေါက်သည့်နေ့မှ ၃ နှစ်အတွင်း လျှောက်ထားရမည်ဖြစ်ပေသည်။ ဤအမှုတွင် အပေါင်ပစ္စည်းများကို ပြည်သူပိုင်သိမ်းလိုက်သည့်အတွက် ယင်းပစ္စည်းများကို လေလံတင်ရောင်းချနိုင်ခြင်း မပြုနိုင်တော့သဖြင့် အယူခံတရားလိုဘဏ်က အယူခံတရားပြိုင်များအပေါ် ပုဂ္ဂလိကဒီကရီရလိုကြောင်းဖြင့် တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄၊ နည်းဥပဒေ ၃(၄)အရ ရှေ့နေတိုင်းတရားရုံးတွင် လျှောက်လွှာတင်ခဲ့ခြင်းဖြစ်သည်။ အပေါင်ပစ္စည်းများကို ပြည်သူပိုင်သိမ်းလိုက်သည့်အတွက် ပုဂ္ဂလိကဒီကရီချပေးရန် အယူခံတရားလိုများအတွက် အကြောင်းအခွင့် ပေါ်ပေါက်ခဲ့သည့်ရက်မှာ ပြည်သူပိုင်သိမ်းသည့်ရက် ၁-၂-၇၂ ခုနှစ်ဖြစ်သည်။ အယူခံတရားလိုဘဏ်က တရားမကျင့်ထုံး အမိန့် ၃၄၊ နည်းဥပဒေ ၃(၄) အရ အယူခံတရားပြိုင်များအပေါ် ပုဂ္ဂလိကဒီကရီ ချမှတ်ပေးရန် လျှောက်ထားသည့်ရက်မှာ ၁၄-၈-၇၅ ခုနှစ်ကဖြစ်သည်။ သို့ဖြစ်၍ အယူခံတရားလိုဘဏ်သည် လျှောက်ထားရန် အကြောင်းအခွင့်ပေါ်ပေါက်သည့်ရက်မှာ ၃ နှစ်ကျော်လွန်ပြီးမှ လျှောက်ထားခဲ့ကြောင်း ပေါ်လွင်သည်။ သို့ဖြစ်၍ ယင်းလျှောက်လွှာမှာ ကာလစည်းကမ်းသတ် ကျော်လွန်နေပြီဖြစ်သည်။

မြန်မာ့စီးပွားရေးဘဏ်(ပုသိမ်မြို့) နှင့် ဦးမေရွှင် ပါ(၂) ၁၂၉

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်
တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးကျော်စိန် ပါ(၂) † ၁၉၇၇ နိုဝင်ဘာလ ၁၆ ရက်

နှင့်

ရွှေမန်းပန်တျာကြည်လင် ပါ(၂) *

**တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂၀(ဂ)– အကြောင်းခြင်းရာပေါ်ပေါက်သည့်အရပ်တွင် တရားစွဲရခြင်း။**

ရန်ကုန်တိုင်း တရားရုံးတွင် ဦးကျော်စိန် ပါ ၂ ဦးတို့က ရွှေမန်းပန်တျာကြည်လင်ပါ ၂ ဦးတို့အပေါ် စိုက်ထုတ် ပေးဆပ်ခဲ့ရသည့် ငွေများနှင့် လျော်ကြေးငွေ ရလိုမှုစွဲဆိုသည်။ ရွှေမန်းပန်တျာကြည်လင်ပါ ၂ ဦးတို့က တရားပြိုင် တစ်ဦးသည် မန္တလေးတွင် အမြဲနေထိုင်သူဖြစ်ပြီး အမှုနှင့်သက်ဆိုင်သော စာချုပ်များကို မန္တလေးမြို့တွင် ချုပ်ဆိုခဲ့သဖြင့် ယင်းအမှုကို ရန်ကုန်တိုင်း တရားရုံးတွင် စွဲဆိုခွင့်မရှိကြောင်း၊ မန္တလေးတိုင်းတရားရုံးတွင်သာ စွဲဆိုနိုင်ကြောင်း ကန့်ကွက်သည်။ ရန်ကုန်တိုင်း တရားရုံးက ထိုကန့်ကွက်ချက်ကို လက်ခံသဖြင့် ဦးကျော်စိန် ပါ ၂ဦးတို့က ဗဟိုတရားရုံးတွင် ဤတရားမ အထွေထွေအယူခံမှုကို တင်သွင်းသည်။

ဆုံးဖြတ်ချက်။ ။ပန်တျာ ကြည်လင်က ဒေါ်ဖွားအား ပေးရန်ရှိသော ငွေ ၁၇၅၀၀/-ကို ဦးကျော်စိန်က ပန်တျာကြည်လင်အတွက် စိုက်ထုတ်၍ ဒေါ်ဖွားအား ရန်ကုန်မြို့ ဒေါ်ဖွားနေအိမ်တွင် ပေးခဲ့ကြောင်းမှာ အငြင်းမထွက်ချေ။ ထိုသို့ ဦးကျော်စိန်က ဒေါ်ဖွားအား ငွေ ၁၇၅၀၀/-စိုက်ထုတ်ပေးလိုက်သည့် အချိန်ကစ၍ ပန်တျာကြည်လင်က ဦးကျော်စိန်အား ယင်းစိုက်ထုတ် ပေးထားသည့်ငွေကို ပြန်ပေးရန်မှာ တာဝန်ရှိလာသည်။ ထိုအချိန်ကစ၍ ဦးကျော်စိန်သည် ပန်တျာကြည်လင်အပေါ် တရားစွဲဆိုရန် အကြောင်း အချင်းအရာပေါ်ပေါက်

---

* ၁၉၇၇ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၃၂

† ၁၉၇၇ ခုနှစ်၊ တရားမမှုကြီး အမှတ် ၈၉ တွင် ချမှတ်သော (၁၅-၈-၇၇)နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး(၃)၏ အမိန့်ကို အယူခံမှု။

၁၉၇၉
ဦးကျော်စိန် ပါ (၂) နှင့် ရွှေမန်း ပန်တျာ ကြည်လင် ပါ (၂)

ခဲ့သည်။ ယင်းကဲ့သို့ တရားစွဲဆိုရန် အကြောင်းအချင်းအရာမှာ ရန်ကုန်မြို့၌ ပေါ်ပေါက်ခဲ့သည်။ ထို့ကြောင့် ဦးကျော်စိန်သည် ဤအမှုကို စွဲဆိုရန်အတွက် အကြောင်းအချင်းအရာ ပေါ်ပေါက်ခြင်းမှာ ရန်ကုန်မြို့ ဖြစ်သဖြင့် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂၀(ဂ)အရ ဤအမှုကို ရန်ကုန်တိုင်းတရားရုံးတွင် စွဲဆိုခွင့် ရှိလေသည်။

**အယူခံတရားလိုများအတွက်** — ဦးထွန်းတင်၊ ဦးထွန်းရွှေ၊ ဗဟိုတရားရုံး ရှေ့နေများ

အယူခံတရားပြိုင်များ**အတွက်** — **ဒေါ်ဆန်းဆန်းဦး၊ ဗဟိုတရားရုံးရှေ့နေ**

ရန်ကုန်တိုင်း**တရားရုံး တရားမကြီးမှု** အမှတ် ဂ၉/၇၇တွင် အယူခံတရားလိုတို့က **အယူခံတရားပြိုင်တို့အပေါ်** စိုက်ထုတ် ပေးဆပ်ခဲ့ရသည့် ငွေများနှင့် လျော်ကြေးငွေ စုစုပေါင်း ကျပ် ၁၆၄၀၀/-ရလိုမှု တရားစွဲဆိုခဲ့သည်။ အယူခံတရားပြိုင်တို့က တရားပြိုင်တစ်ဦးသည် မန္တလေးတွင် နေထိုင်သူဖြစ်ပြီး အမှုနှင့်သက်ဆိုင်သော စာချုပ်များကို မန္တလေးမြို့တွင် ချုပ်ဆိုခဲ့သဖြင့် ယင်းအမှုကို ရန်ကုန်တိုင်း တရားရုံးတွင် စွဲဆိုခွင့် မပြုကြောင်း မန္တလေးတိုင်း တရားရုံးတွင်သာ စွဲနိုင်ကြောင်း ကန့်ကွက်ခဲ့သောကြောင့် စီရင်ပိုင်ခွင့်အာဏာနှင့် ပတ်သက်ပြီး ရန်ကုန်တိုင်းတရားရုံးက နှစ်ဘက်ကြားနာ၍ အမှုကို ရန်ကုန်တိုင်းတရားရုံးတွင် စွဲဆိုခွင့် မပြုကြောင်း၊ မန္တလေးတိုင်း တရားရုံးတွင် စွဲဆိုရန်အမိန့် ချမှတ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဗဟိုတရားရုံးသို့ အယူခံမှုတင်သွင်းခြင်းဖြစ်သည်။

အမှုဖြစ် အကြောင်းအရာ အကျဉ်းချုပ်မှာ အယူခံတရားပြိုင်ရွှေမန်း ပန်တျာ ကြည်လင်သည် ၂ဂ-ဂ-၇၄ ရက်နေ့ ညက မန္တလေးမြို့နယ် တောင်ပြုံးပွဲတော်၌ ဇာတ်ကနေစဉ် ရန်ကုန်မြို့ကျောက်မြောင်း၊ သီတာလမ်း အမှတ် ၃၃ နေ ဒေါ်ဖွားဆိုသူထံမှ ငှားရမ်း စုပ်ထားသည့် ၄-ရတီရှိ ငွေ ၂၀၀၀၀/ခန့်တန် လက်စွပ်တကွင်း ပျောက်ဆုံးသွားသည်ဟု အဆိုရှိသည်။ ရွှေမန်းပန်တျာကြည်လင်သည် လောလောဆယ် ပျောက်သွားသည့် စိန်လက်စွပ်၏တန်ဖိုးငွေများကို ပိုင်ရှင် ဒေါ်ဖွားသို့ မပေးနိုင်သည့်အတွက် သူပိုင်မီးစက်တစ်လုံးနှင့် သူ၏ဖခင်ဖြစ်သူ အယူခံတရားပြိုင်အမှတ် ၂ ဦးအုံ့ပိုင် မော်တော်ကားအမှတ် ဂ/၁၂၆၇ ကို အာမခံအဖြစ် ဒေါ်ဖွားသို့ ပေးထားကြောင်း စာချုပ်တစ်ခုကို မန္တလေးမြို့

တွင် ချုပ်ဆိုပေးခဲ့သည်။ ထိုနေ့၌ပင် ပန်တျာကြည်လင်က ဒေါ်ဖွားအား ငွေမဆပ်နိုင်ပါက အယူခံတရားလို ဦးကျော်စိန်က ၁၉၇၄ ခုနှစ်၊ စက်တင်ဘာလ (၇) ရက်နေ့တွင် ရန်ကုန်မြို့၌ ဒေါ်ဖွားကို ငွေကျပ် ၂၀၀၀၀/-ပေးမည်ဟု အာမခံသည့် ကတိစာချုပ်ကို ချုပ်ဆိုပေးခဲ့သည်။ ထိုသို့ ချုပ်ဆိုပေးပြီးနောက် ပျောက်သွားသည့် ဇိန်လက်စွပ်တန်ဖိုးငွေကျပ် ၂၀၀၀၀/အစား ငွေကျပ် ၁၇၅၀၀/-လက်ခံမည်ဖြစ်ကြောင်း ဒေါ်ဖွားက သဘောတူခဲ့သည်။ ငွေများကို ပန်တျာကြည်လင်က ဒေါ်ဖွားအား မပေးနိုင်သည့်အတွက် ရန်ကုန်မြို့ရှိ ဒေါ်ဖွားအိမ်၌ ဦးကျော်စိန်က ဒေါ်ဖွားအား ငွေကျပ် ၁၇၅၀၀/-ကို စိုက်၍ ပေးခဲ့သည်။ ဦးကျော်စိန်က ဒေါ်ဖွားအား စိုက်ထုတ်ပေးထားသည့် ငွေကျပ် ၁၇၅၀၀/-အနက် ငွေကျပ် ၅၀၀၀/-ကို ပန်တျာ ကြည်လင်က ဦးကျော်စိန်အား ပေးခဲ့သဖြင့် ငွေကျပ် ၁၂၅၀၀/—ပေးရန် ကျန်ရှိခဲ့သည်။ ယင်းငွေများကို ဦးကျော်စိန်က ပန်တျာကြည်လင်ထံမှ တောင်းသော်လည်း မရရှိသဖြင့် ကျန်ငွေ ၁၂၅၀၀/-နှင့် နစ်နာကြေးငွေ ၃၉၀၀/-နှစ်ရပ်ပေါင်း ငွေ ၁၆၄၀၀/-အတွက် ဤအမှုကို စွဲဆိုခြင်းဖြစ်သည်။

ပန်တျာကြည်လင်က ဒေါ်ဖွားအား ပေးရန်ရှိသောငွေ ၁၇၅၀၀/-ကို ဦးကျော်စိန်က ပန်တျာကြည်လင်အတွက် စိုက်ထုတ်၍ ဒေါ်ဖွားအား ရန်ကုန်မြို့ ဒေါ်ဖွားနေအိမ်တွင် ပေးခဲ့ကြောင်းမှာ အငြင်းမထွက်ချေ။ ထိုသို့ ဦးကျော်စိန်က ဒေါ်ဖွားအား ငွေ ၁၇၅၀၀/-စိုက်ထုတ်ပေးလိုက်သည့် အချိန်ကစ၍ ပန်တျာကြည်လင်က ဦးကျော်စိန်အား ယင်းစိုက်ထုတ်ပေးထားသည့်ငွေကို ပြန်ပေးရန်မှာ တာဝန်ရှိလာသည်။ ထိုအချိန်ကစ၍ ဦးကျော်စိန်သည် ပန်တျာကြည်လင်အပေါ် တရားစွဲဆိုရန် အကြောင်းအချင်းအရာ ပေါ်ပေါက်ခဲ့သည်။ ယင်းကဲ့သို့ တရားစွဲဆိုရန် အကြောင်းအချင်းအရာမှာ ရန်ကုန်မြို့၌ ပေါ်ပေါက်ခဲ့သည်။ ထို့ကြောင့် ဦးကျော်စိန်သည် ဤအမှုကို စွဲဆိုရန်အတွက် အကြောင်းအချင်းအရာ ပေါ်ပေါက်ခြင်းမှာ ရန်ကုန်မြို့ ဖြစ်သဖြင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၂၀(ဂ)အရ ဤအမှုကို ရန်ကုန်တိုင်း တရားရုံးတွင် စွဲဆိုခွင့်ရှိလေသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး ဤအမှုကို ရန်ကုန်တိုင်းတရားရုံးက ယခင်အမှတ်စဉ်အတိုင်းလက်ခံ၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။ ရှေ့နေစရိတ် ကျပ်ငွေ ဂ၀/-ခွင့်ပြုသည်။

၁၉၇၉
ဦးကျော်စိန်
ပါ (၂)
နှင့်
ရွှေမန်း
ပန်တျာ
ကြည်လင်
ပါ (၂)

## တရားမ ဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့်ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉
အောက်တို
ဘာ
၁၀ ရက်

ဦးကျော်သိန်း

နှင့်

ဦးစောငါး *

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁)(က) အရ စွဲဆိုမှု--အိမ်ရှင်က ငှားရမ်းခများ မတောင်းခံ၍ မပေးခဲ့ခြင်းဖြစ်ကြောင်း အိမ်ငှား၏ချေပချက်ကို လက်ခံရန်သင့်မသင့် —ပစ္စည်းလွှဲပြောင်းရေး ဥပဒေပုဒ်မ ၁၀၈ (၄)အရ အိမ်ငှားက ငှားရမ်းခပေးရန် တာဝန်ရှိပြီး-အိမ်ရှင်က ငှားရမ်းခများ တောင်းခံ ရန်အတွက် တာဝန်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။အိမ်ရှင် ဦးကျော်သိန်းက ငှားရမ်းခများ မတောင်းခံ၍ မပေးခဲ့ခြင်း ဖြစ်သည်ဆိုသည့် ဦးစောငါး၏ ချေပ ချက်မှာလည်း လက်ခံနိုင်ဖွယ်ရာ မရှိပေ။ ပစ္စည်းလွှဲပြောင်းရေး ဥပဒေ ပုဒ်မ ၁၀၈ (၄) အရ အိမ်ငှားကသာ ငှားရမ်းကို မှန်မှန် ပေးရန် တာဝန် သတ်မှတ်ထားခြင်းဖြစ်ပြီး အိမ်ရှင်က ငှားရမ်းခများကို တောင်းခံရန်အတွက် တာဝန်သတ်မှတ်ထားခြင်း မရှိပေ။

အယူခံတရားလိုအတွက် — ဦးထွန်းအောင်ဇံ၊ ဗဟိုတရားရုံးရှေ့နေ
အယူခံတရားပြိုင်အတွက် — ဦးမြင့်ဦး (၁)၊ ဗဟိုတရားရုံးရှေ့နေ

ပဲခူးတိုင်း၊ ပဲခူးမြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၁၈၆/၇၄ ၌ အယူခံတရားလို ဦးကျော်သိန်းက အယူခံတရားပြိုင် ဦးစောငါး အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေ ပုဒ်မ ၁၂(၁)(က)အရ တရားစွဲဆိုခဲ့သည်။ မြို့နယ်တရားရုံးက အမှုကို စစ်ဆေးကြားနာပြီးနောက် ပလပ်ကြောင်း အမိန့် ချမှတ်ခဲ့သည်။

---

* ၁၉၇၀ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၄၄

† ၁၉၇၇ ခုနှစ်၊ တရား အယူခံမှု အမှတ် ၉ တွင် ချမှတ်သော(၁၇-၁-၇၈) နေ့စွဲပါ ပဲခူးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု။

၁၉၇၉
ဦးကျော်သိန်း
နှင့်
ဦးစောငါး

ယင်းအမိန့်ကို ဦးကျော်သိန်းက မကျေနပ်သဖြင့် ပဲခူးတိုင်းတရားရုံးသို့ အယူခံဝင်ရောက်ခဲ့သော်လည်း ပဲခူးတိုင်းတရားရုံးက အယူခံမှုကို ပလပ်လိုက်သည့်အတွက် ဦးကျော်သိန်းက ဗဟိုတရားရုံးသို့ ဤဒုတိယအယူခံမှု လျှောက်ထားခြင်း ဖြစ်သည်။

ပဲခူးမြို့၊ ရပ်ကွက်(၁၅)၊ သနပ်ပင်လမ်း၊ အိမ်အမှတ်(၁၈၅)မှာ ဦးကျော်သိန်းပိုင် အိမ်ဖြစ်သည်။ ယင်းနေအိမ်တစ်ခုလုံးကို ဦးကျော်သိန်းက ဦးစောငါးအား ငှားရမ်းခ တစ်လငွေကျပ် ၇၀/-ဖြင့် ငှားရမ်းခဲ့သည် ဦးစောငါးက ငှားရမ်းခကြွေးကျန် ငွေကျပ် ၂၅၂၀/- ပေးရန် ပျက်ကွက်ခြင်းကြောင့် ဦးကျော်သိန်းက ဦးစောငါး အပေါ် အမှုစွဲဆိုရခြင်းဖြစ်ကြောင်း အဆိုလွှာတွင် ဖော်ပြထားသည်။

ဤအယူခံမှုအတွက် ဦးကျော်သိန်းက တင်ပြထားသော အဓိက အကြောင်းပြချက်များမှာ ဦးစောငါးသည် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက် ရယူခဲ့ခြင်းမရှိပဲ နေအိမ်ကို ပြုပြင်ခဲ့ခြင်း ဖြစ်၍ ငှားရမ်းခမှ ပြုပြင်စရိတ်ကို ခုနှိမ်ခွင့်မရှိကြောင်း၊ နေအိမ်အတွက် မြို့နယ်စည်ပင်သာယာရေးမှ ကောက်ခံသောအခွန်များကို ဦးစောငါးက ပေးသွင်းပြီး ငှားရမ်းခမှ ခုနှိမ်ခွင့်ရှိသည်ဟု တရားရုံးက ယူဆခဲ့ခြင်းသည် မှားယွင်းကြောင်း၊ ငှားရမ်းခများကို အိမ်ရှင်က မတောင်းသဖြင့် မပေးခြင်း ဖြစ်သည်ဆိုသည့် အကြောင်းပြချက်ကို တရားရုံးက လက်ခံခဲ့သည်မှာ မှားယွင်းကြောင်းနှင့် တရားရုံးက အကြောင်းကြားစာနှင့် ပတ်သက်၍ တစုံတရာ အဆုံးအဖြတ် မပေးခဲ့သည်မှာလည်း မှားယွင်းကြောင်းဆိုသည့် အချက်များဖြစ်သည်။

ဦးစောငါး၏ အချေလွှာနှင့် ဦးစောငါး၏ ထွက်ဆိုချက်များအရ ဦးစောငါးသည် အိမ်ငှားဖြစ်သည်ဆိုသည့် အချက်နှင့် ငှားရမ်းခများ ပေးရန်ကျန်ရှိသည်ဆိုသည့် အချက်များကို ငြင်းထားခြင်း မရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ပြုပြင်စရိတ်နှင့် အခွန်ငွေများကို ငှားရမ်းခမှ ခုနှိမ်ရန် သဘောတူညီမှု ရှိခဲ့သည်ဆိုသည့် ချေပချက်နှင့် ပတ်သက်၍ ဦးစောငါးက သက်သေ အထောက်အထားပြရန် တာဝန်ရှိသည်။

ဦးစောငါးက တင်ပြသော အဓိကသက်သေမှာ အချင်းဖြစ်အိမ်ကို ငှားရမ်းပေးခဲ့သော ဒေါ်ညွန့်ကင်(လိုပြ-၃)ဆိုသူ ဖြစ်သည်။ သို့ရာတွင်

ပ၊ ၁၉၇၉
ဦးကျော်သိန်း နှင့် ဦးစောငါး

ဒေါ်ညွန့်တင်၏ ထွက်ဆိုချက်ကို လေ့လာသုံးသပ်သည့်အခါ အချင်းဖြစ် အိမ်ကို ငှားရမ်းစဉ်က အိမ်ပြုပြင်စရိတ်ကို ငှားရမ်းခမှခုနှိမ်ရန် အိမ်ရှင် အိမ်ငှားနှစ်ဘက် သဘောတူညီခဲ့ကြောင်းကို ဒေါ်ညွန့်တင် အနေဖြင့် ထွက်ဆိုထားခြင်းမရှိကြောင်း တွေ့ရှိရသည်။ ဒေါ်ညွန့်တင်၏ ထွက်ဆို ချက်အရ အိမ်ငှားရမ်းပြီးနောက် မိုးဦးကျအချိန်တွင် အိမ်ငှားက အိမ်ရှင်အား အိမ်မိုးအသစ်လဲပေးရန် အကြောင်းကြားသဖြင့် အိမ်ရှင် က ယင်းအနေဖြင့် မလာရောက်နိုင်၍ အိမ်ငှားက ငွေစိုက်ထုတ်ပြုပြင် ရန်နှင့် လာရောက်သည့်အခါ ငှားရမ်းခနှင့် ခုနှိမ်ရှင်းလင်းရန် ပြန်ကြား ခဲ့ကြောင်းသာ ထွက်ဆိုထားသည်ကိုတွေ့ရှိရသည်။ နောက်ပိုင်းပြုပြင်ရန် ရှိသည့် အခါများ၌လည်း အိမ်ငှား ဦးစောငါးက အိမ်ရှင်အား အကြောင်းကြားပြီး အိမ်ရှင်၏ ညွှန်ကြားချက်ရမှ ပြင်ဆင်ခဲ့ကြောင်း လည်း ဒေါ်ညွန့်တင်က ထွက်ဆိုထားသည်။ ဤအချက်အလက်များအ ရ မူလအိမ်ငှားစဉ်က ငှားရမ်းခမှ တစုံတရာခုနှိမ်ရန် ကတိကဝတ်မရှိခဲ့ပဲ လိုလျှင် လိုအပ်သလို အိမ်ရှင်ထံ အကြောင်းကြား၍ ပြုပြင်ခြင်း၊ ခုနှိမ် ခြင်းများ ပြုလုပ်ခဲ့ခြင်းသာဖြစ်ကြောင်း ထင်ရှားသည်။

မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ပေးရန်အခွန်ငွေများကို အဖွဲ့မှ လာရောက်ကောက်ခံသည့်အခါ၌ အိမ်ရှင်ဦးကျော်သိန်းနှင့် မကြုံကြိုက် လျှင် ဦးစောငါးက စိုက်ထုတ်ပေးခြင်းသာ ဖြစ်ကြောင်း အမှုတွဲတွင် ပေါ်လွင်သည်။ စိုက်ထုတ်ပေးခဲ့သည့်ငွေများကို ငှားရမ်းခမှ ခုနှိမ်ရန် သဘောတူညီမှုရှိကြောင်း အထောက်အထားရှိလျှင်လည်း ဦးစောငါး၏ ထွက်ဆိုချက်အရပင် ငှားရမ်းခငွေကျပ် ၇၅၀/၁၀ ပြား ပေးရန်ကျန် ရှိနေသေးကြောင်းမှာ ထင်ရှားသည်။

အိမ်ရှင်ဦးကျော်သိန်းက ငှားရမ်းခများ မတောင်းခံခဲ့၍ မပေးခဲ့ ခြင်း ဖြစ်သည်ဆိုသည့် ဦးစောငါး၏ ချေပချက်မှာလည်း လက်ခံနိုင် ဖွယ်ရာမရှိပေ။ ပစ္စည်းလွှဲပြောင်းရေး ဥပဒေပုဒ်မ ၁၀၈ (၄) အရ အိမ်ငှားကသာ ငှားရမ်းခကို မှန်မှန်ပေးရန် တာဝန်သတ်မှတ်ထားခြင်း ဖြစ်ပြီး အိမ်ရှင်က ငှားရမ်းခများကို တောင်းခံရန်အတွက် တာဝန် သတ်မှတ်ထားခြင်း မရှိပေ။

ဦးကျော်သိန်း ပေးခဲ့သော အကြောင်းကြားစာမှာလည်း ဥပဒေ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ကြောင်း တွေ့ရှိရသည်။ ဦးစောငါး၏ ထွက်ဆို

| ၁၉၇၉ |
| --- |
| ဦးကျော်သိန်း နှင့် ဦးစောငါး |

ချက်အရ ဦးကျော်သိန်းထံမှ အကြောင်းကြားစာကို စာပို့လုလင်လာရောက်ပို့ကြောင်း၊ သို့သော် မိမိမရှိသဖြင့် အိမ်သားများက လက်ခံခြင်းမပြုပဲ ပြန်ပေးလိုက်ကြောင်း ထွက်ဆိုထားသည်ကို တွေ့ရှိရသည်။ ဥပဒေနှင့်အညီ ပေးပို့ခဲ့သော အကြောင်းကြားစာကို လိပ်စာပါ နေထိုင်သူများက လက်ခံခဲ့ခြင်းမပြုသဖြင့် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂(၁)(က)အရ အကြောင်းကြားစာ ပေးပို့ခြင်းသည် သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းမရှိဟု မဆိုနိုင်ပေ။ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(က)၌ အကြောင်းကြားစာနှင့် ပတ်သက်၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

> ငှားရမ်းခအတွက် တောင်းဆိုသည့်စာကို စာပို့တိုက်မှ မှတ်ပုံတင်၍ အိမ်ငှားထံသို့ ပေးပို့ပြီးသည့်နောက် ထိုသို့ တောင်းဆိုသည့် နေ့ရက်မှစ၍ ရက်သတ္တပတ် ၃ ပတ်အတွင်း ထိုငှားရမ်းခကို အိမ်ရှင်အား မပေးပဲ၊ သို့တည်းမဟုတ် ကြီးကြပ်ရေးဝန်ထံ ပုဒ်မ ၁၆ အရ မပေးသွင်းပဲ နေသည့်ကိစ္စ။

ပစ္စည်းလွှဲပြောင်းရေး ဥပဒေပုဒ်မ ၁၀၆ ၌လည်း စာတိုက်မှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ အကြောင်းကြားစာကို ပေးပို့သည့်အခါ လိပ်စာရှင်သို့မဟုတ် အတူနေလိပ်စာရှင်၏ မိသားစု သို့မဟုတ် အတူနေအိမ်ဖော်သို့ ပေးအပ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ယခုအမှုတွင် အတူနေမိသားစုက လိပ်စာရှင် ခရီးသွားနေသည်ဆိုသည့် အကြောင်းပြချက်ဖြင့် လက်မခံခဲ့သည်မှာ ထင်ရှားသဖြင့် အကြောင်းကြားစာသည် အတည်ဖြစ်ပြီး တရားဝင်သည်ဟု ဆိုရပေမည်။

၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေ အခန်း (၃)၊ ပုဒ်မ ၁၀ တွင် အကြောင်းကြားစာနှင့် ပတ်သက်၍ အောက်ပါအတိုင်း အဓိပ္ပာယ် ဖွင့်ဆိုထားသည်။

> ဥပဒေတရပ်ရပ်အရ အကြောင်းကြားစာ၊ ဆင့်စာ၊ ပေးစာ တစ်ခုခုကိုစာပို့တိုက်မှတဆင့် ပို့နှင့်ပြုသည့်အခါ ထိုစာကို နိကန်စွာ လိပ်တပ်ပြီးနောက် စာပို့တိုက်က မှတ်ပုံတင်ပြုလုပ်၍ ပို့ခြင်းသည် ယင်းသို့ ပို့ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။ ထိုသို့ ပို့ခြင်းမဟုတ်ကြောင်း သက်သေထင်ရှားအောင် မပြနိုင်လျှင် စာကို

၁၉၇၉
ဦးကျော်သိန်း နှင့် ဦးစောငါး

စာပို့တိုက်က သာမန်အားဖြင့် ဝေငှပေးအပ်သင့်သည့် အချိန်တွင် ပို့ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

အထက်ပါ အကြောင်းများကြောင့် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်၍ အယူခံတရားလို ဦးကျော်သိန်း စွဲဆိုသောအမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်ပေးလိုက်ကြောင်း အမိန့်ချမှတ်သည်။

## တရားမ ဒုတိယ အယူခံမှု

**ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးအေးမောင်**
**တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်**

† ၁၉၇၉ မေလ ၂၃ ရက်

## ဦးကျင်ဆိုင် ပါ(၆)

## နှင့်

## ဦးစိန်ညွန့် ပါ(၈) *

**ခွင့်ပြုချက်ဖြင့် ထားသူအား နှင်လိုမှု အမွေဆက်ခံသူသည် အမွေရှင်၏ ခွင့်ပြုချက်ကို ဆက်ခံပိုင်ခွင့် ရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။ပစ္စည်းတစ်ခုကို အမွေဆက်ခံလျှင် အမွေဆက်ခံသူတို့သည် ယင်းပစ္စည်းနှင့်ပတ်သက်ပြီး အမွေရှင်၏ အခွင့်အရေးအားလုံးကို ဆက်ခံသည်။ အမွေရှင်လက်ထက်က အယူခံ တရားပြိုင်များအား ပေးထားသည့် အခမဲ့နေထိုင်ခွင့်သည် မြေနှင့်သက်ဆိုင်သည့် အခွင့်အရေးတရပ် ဖြစ်ပေသည်။ ထို့ကြောင့် ဒေါ်စိမ်း သေဆုံးသည့်အခါက ဒေါ်စိမ်းက အယူခံတရားပြိုင်တို့အား ပေးခဲ့သည့် အခွင့်အရေးကိုလည်း အယူခံတရားလိုတို့က ဆက်လက်ခံယူခဲ့လေသည်။

**အယူခံတရားလိုများအတွက်** — ဦးမြတ်လှ၊ ဗဟိုတရားရုံးရှေ့နေ
**အယူခံတရားပြိုင်များအတွက်** — ကိုယ်တိုင်

ရွှေကျင်မြို့နယ်တရားရုံး တရားမကြီးမှု အမှတ် (၁၀/၇၅) တွင် အယူခံတရားလို ဦးကျင်ဆိုင်တို့က အယူခံတရားပြိုင် ဦးစိန်ညွန့် တို့အပေါ် ခွင့်ပြုချက်ဖြင့် ထားသူတို့အား နှင်လိုမှုစွဲဆို၍ အနိုင်ဒီကရီရရှိခဲ့သည်။ ဦးစိန်ညွန့်တို့က ပဲခူးတိုင်းတရားရုံး တရားမအယူခံမှု အမှတ်(၁/၇၇) တွင် အယူခံဝင်ရာ ယင်းတိုင်းတရားရုံးက မူလမြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်၍ ဦးကျင်ဆိုင်တို့စွဲဆိုသည့် အမှုကိုစရိတ်နှင့်တကွ ပလပ်လိုက်သည်။ သို့ဖြစ်၍ ဦးကျင်ဆိုင် တို့က ဗဟိုတရားရုံးသို့ ဤဒုတိယအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

---

* ၁၉၇၇ ခုနှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ် ၁၇၅။
†၊ ၁၉၇၇ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၁ (ရွှေကျင်)တွင် ချမှတ်သော (၃၀-၈-၇၇) နေ့စွဲပါ ပဲခူးတိုင်း တရားရုံး၏စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု၊

၁၉၇၉
ဦးကျင်ဆိုင်
ပါ (၆)
နှင့်
ဦးစိန်ညွန့်
ပါ (၇)

အချင်းဖြစ်မြေကို မူလက ဒေါ်စိမ်း ဆိုသူပိုင်ကြောင်း၊ ဒေါ်စိမ်း သေဆုံးပြီးနောက် အယူခံတရားလိုများ ဖြစ်ကြသည့် ဦးကျင်ဆိုင်တို့က ယင်းမြေကို အမွေရရှိခဲ့ကြောင်း၊ ဒေါ်စိမ်းလက်ထက်က အယူခံတရား ပြိုင် ဦးစိန်ညွန့်တို့အား အချင်းဖြစ် မြေပေါ်တွင် အခမဲ့နေခွင့်ပြုခဲ့ ကြောင်း အစရှိသည့် အချက်များမှာ အငြင်းပွားသော အချက်များ မဟုတ်ပေ။ ပထမအယူခံရုံးဖြစ်သည့် ပဲခူးတိုင်းတရားရုံးကလည်း အယူခံ တရားပြိုင်များသည် အယူခံတရားလိုများ၏မိခင် ဒေါ်စိမ်း၏ ခွင့်ပြုချက် ဖြင့် အချင်းဖြစ်မြေပေါ်တွင် နေထိုင်ကြောင်း လက်ခံသည်။ သို့ရာတွင် ခွင့်ပြုခဲ့သူမှာ ကွယ်လွန်သူ ဒေါ်စိမ်းဖြစ်သဖြင့် ဒေါ်စိမ်း၏ အမွေဆက်ခံ သူများဖြစ်ကြသည့် အယူခံတရားလိုတို့က အယူခံ တရားပြိုင်တို့အား ဒေါ်စိမ်းပေးခဲ့သည့် ခွင့်ပြုချက်ကို ဆက်ခံခွင့်မရှိကြောင်း ကောက်ယူ၍ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ခဲ့ကြောင်း တွေ့ရ သည်။

ပစ္စည်းတစ်ခုကို အမွေဆက်ခံလျှင် အမွေဆက်ခံသူတို့သည် ယင်း ပစ္စည်းနှင့် ပတ်သက်ပြီး အမွေရှင်၏ အခွင့်အရေးအားလုံးကို ဆက်ခံ သည်။ အမွေရှင်လက်ထက်က အယူခံတရားပြိုင်များအား ပေးထား သည့် အခမဲ့နေထိုင်ခွင့်သည် မြေနှင့်သက်ဆိုင်သည့် အခွင့်အရေး တ ရပ်ဖြစ်ပေသည်။ ထို့ကြောင့် ဒေါ်စိမ်းသေဆုံးသည့်အခါက ဒေါ်စိမ်း က အယူခံတရားပြိုင်တို့အား ပေးခဲ့သည့် အခွင့်အရေးကိုလည်း အယူခံ တရားလိုတို့က ဆက်လက်ခံယူခဲ့လေသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ပထမအယူခံရုံးဖြစ်သည့် ပဲခူးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ မူလမြို့နယ်တရား ရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုလိုက်သည်။ တရားရုံးအဆင့် ဆင့်တို့၏ တရားစရိတ်များကို အယူခံတရားပြိုင်တို့က ကျခံစေရန် အမိန့် ချမှတ်လိုက်သည်။

# တရားမ ဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးအေးမောင်နှင့်ဦးသန့်စင်
တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်ကျင်မြ

နှင့်

ဦးထွန်းလူ *

† ၁၉၇၉
ဇန်နဝါရီလ
၂၉ ရက်

**ထိမ်းမြားလက်ထပ်မှု—မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ ထိမ်းမြားလက်ထပ်မှု တရားဝင်ဖြစ်စေရေးအတွက် အသိအမှတ်ပြုထားသည့် အခမ်းအနားမရှိခြင်း—နေထိုင် ပေါင်းသင်းဆက်ဆံမှု အပေါ်အခြေပြု၍ ဆုံးဖြတ်ရခြင်း—"လင်မယားအဖြစ် ပေါင်းသင်းနေထိုင်မှု"ဆိုသော စကားရပ်၏သဘော။**

**ဆုံးဖြတ်ချက်။** ။မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတွင် ထိမ်းမြားလက်ထပ်မှုတစ်ခု တရားဝင် ဖြစ်စေရေးအတွက် အသိအမှတ်ပြုထားသည့် အခမ်းအနားမရှိချေ။ ဆွေမျိုးမိတ်ဆွေ အပေါင်းအသင်းတို့အား ကျွေးမွေးဧည့်ခံသည့် အခမ်းအနားများ ပြုလုပ်လေ့ရှိကြသော်လည်း မည်သည့်အခမ်းအနားမျှ မလုပ်ပဲ ယောကျ်ားနှင့်မိန်းမတို့ နှစ်ဦးသဘော တူညီချက်ဖြင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြသူများလည်း ရှိကြသေးသည်။ ထိုသူများအဖို့ ထိမ်းမြားမှုနှင့်ပတ်သက်သော ပြဿနာများ ပေါ်ပေါက်သည့်အခါ ၎င်းတို့၏ နေထိုင်ပေါင်းသင်းဆက်ဆံမှုအပေါ် အခြေပြု၍ အဆုံးအဖြတ်ပေးရပေမည်။

"လင်မယားအဖြစ် ပေါင်းသင်းနေထိုင်မှု" ဆိုသည်မှာ တရားဝင် လင်နှင့်မယားအဖြစ် အထင်အရှား နေထိုင်ပေါင်းသင်း ဆက်ဆံမှုမျိုးကို ဆိုလိုပေသည်။ တိတ်တဆိတ် ပေါင်းသင်းဆက်ဆံမှုမျိုးကို မဆိုလိုပေ။ လင်နှင့်မယား၏ ပေါင်းသင်းမှုမှာ ရပ်ရွာက ဇနီးမောင်နှံအဖြစ် အသိအမှတ်ပြု၍ ဆက်ဆံကြောင်း ထင်ရှားစေရမည်။

---

* ၁၉၇၆ ခုနှစ်၊ တရားမ ဒုတိယ အယူခံ အမှတ် ၇၉

† ၁၉၇၆ ခုနှစ်၊ တရားမ အယူခံမှု အမှတ် ၃ တွင် ချမှတ်သော (၂၆-၄-၇၆) နေ့စွဲပါ ပဲခူးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၇၉
ဒေါ်ကျင်မြ
နှင့်
ဦးထွန်းလှ

**အယူခံတရားလိုအတွက်** — ဦးဘကျော်၊ ဗဟိုတရားရုံးရှေ့နေ

**အယူခံတရားပြိုင်အတွက်** — ဦးပေါ်မောင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင် ဦးထွန်းလှက ယင်းသည် သေသူ ဒေါ်ကျင်တင် ဆိုသူ၏ ခင်ပွန်းဟုဆိုကာ ဒေါ်ကျင်တင်ကျန်ရစ်ခဲ့သော ပစ္စည်းများကို ယင်းသာပိုင်ဆိုင်ကြောင်း ပြဋ္ဌာန်း၍ လက်ရောက်ပေးအပ်စေလိုမှုကို ဒေါ်ကျင်တင်၏ အစ်မအရင်းဖြစ်သူ အယူခံတရားလို ဒေါ်ကျင်မြအပေါ် ပေါင်းတည်မြို့နယ်တရားရုံး တရားမကြီးမှု အမှတ်(၄/၇၂)၌ တရားစွဲဆိုခဲ့သည်။ မြို့နယ်တရားရုံးက နှစ်ဘက်ကြားနာပြီး ဦးထွန်းလှ စွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ဦးထွန်းလှက ပဲခူးတိုင်း တရားရုံး တရားမ အယူခံမှုအမှတ် (၁/၇၆)၌ အယူခံဝင်ရာ ယင်းတိုင်း တရားရုံးက မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ ဦးထွန်းလှ စွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်ပေးလိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဒေါ်ကျင်မြက ဗဟိုတရားရုံးသို့ အယူခံတင်သွင်းခြင်းဖြစ်သည်။

မူလမြို့နယ်တရားရုံးက ဦးထွန်းလှသည် သေသူ ဒေါ်ကျင်တင်၏ တရားဝင် လင်ယောကျ်ား မဟုတ်ဟုဆိုကာ အမှုကို ပလပ်လိုက်သည်။ ပဲခူးတိုင်း တရားရုံးက ဦးထွန်းလှသည် ဒေါ်ကျင်တင်၏ တရားဝင် လင်ယောကျ်ားဖြစ်သည်ဟု အဆုံးအဖြတ်ပေးပြီး မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ခဲ့ကြောင်း တွေ့ရသည်။ ထို့ကြောင့် ဤအမှုတွင် အဆုံးအဖြတ်ပေးရန် အဓိကအချက်မှာ ဦးထွန်းလှသည် ဒေါ်ကျင်တင်၏ တရားဝင် လင်ယောကျ်ား ဟုတ်မဟုတ် ဟူသောအချက်ဖြစ်သည်။

သေသူ ဒေါ်ကျင်တင်၊ သူ၏အစ်မအယူခံတရားလို ဒေါ်ကျင်မြနှင့် အယူခံတရားပြိုင် ဦးထွန်းလှတို့မှာ မြန်မာဗုဒ္ဓဘာသာ ဖြစ်ကြောင်း အငြင်းမထွက်ချေ။ မြန်မာဓလေ့ ထုံးတမ်းဥပဒေတွင် ထိမ်းမြားလက်ထပ်မှုတစ်ခု တရားဝင်ဖြစ်စေရေးအတွက် အသိအမှတ် ပြုထားသည့် အခမ်းအနား မရှိချေ။ ဆွေမျိုးမိတ်ဆွေ အပေါင်းအသင်းတို့အား ကျွေးမွေးဧည့်ခံသည့် အခမ်းအနားများပြုလုပ်လေ့ ရှိကြသော်လည်း မည်သည့် အခမ်းအနားမျှ မလုပ်ဘဲ ယောကျ်ားနှင့်မိန်းမတို့ နှစ်ဦးသဘောတူညီချက်ဖြင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြသူများလည်း ရှိကြသေးသည်။ ထိုသူများအဖို့ ထိမ်းမြားမှုနှင့်ပတ်သက်သော ပြဿနာ

များ ပေါ်ပေါက်သည့်အခါ ၎င်းတို့၏ နေထိုင်ပေါင်းသင်းဆက်ဆံမှု အပေါ် အခြေပြု၍ မဆုံးအဖြတ်ပေးရပေမည်။ ၁၉၇၉ ဒေါ်ကျင်မြ နှင့် ဦးထွန်းလူ

"လင်မယားအဖြစ် ပေါင်းသင်းနေထိုင်မှု" ဆိုသည်မှာ တရားဝင် လင်နှင့်မယားအဖြစ် အထင်အရှား နေထိုင်ပေါင်းသင်းဆက်ဆံမှုမျိုးကို ဆိုလိုပါသည်။ တိတ်တဆိတ် ပေါင်းသင်းဆက်ဆံမှုမျိုးကို မဆိုလိုပေ။ လင်နှင့်မယား၏ ပေါင်းသင်းမှုမှာ ရပ်ရွာက ဇနီးမောင်နှံအဖြစ် အသိ အမှတ်ပြု၍ ဆက်ဆံကြောင်း ထင်ရှားစေရမည်။

ယခုအမှုတွင် ဦးထွန်းလူသည် ယင်း၏မယား၊ သားသမီးများနှင့် အတူနေကြောင်း အငြင်းမသွက်ချေ။ ဒေါ်ကျင်တင်မှာလည်း အိမ်ထောင် ရှိခဲ့ပြီး သူ၏ခင်ပွန်းသည် ဒုတိယကမ္ဘာစစ်အတွင်းက သေဆုံးခဲ့ကြောင်း မှာလည်း အငြင်းမထွက်ချေ။ သို့ဖြစ်၍ ဤသို့သောအခြေအနေမျိုးတွင် ဦးထွန်းလူက ကွယ်လွန်သူဒေါ်ကျင်တင်မှာ ၎င်း၏မယားဖြစ်ပါသည်ဟု အဆိုပြုလျှင် ယင်းအဆိုပြုချက်နှင့်ပတ်သက်ပြီး ထင်ရှားစွာ သက်သေပြ ရန်မှာ ဦးထွန်းလူအပေါ်၌ ကျရောက်ပေသည်။

ဦးထွန်းလူက ဒေါ်ကျင်တင်မှာ ၎င်း၏မယားအဖြစ် ပေါင်းသင်း နေထိုင်ခဲ့ကြောင်း စာရွက်စာတမ်း သက်သေခံ အထောက်အထားများ တင်ပြခဲ့သည်။ သက်သေခံအမှတ် (က)(ခ)(ဂ) တို့မှာ ဦးထွန်းလူနှင့် ဒေါ်ကျင်တင်တို့အား အမည်တပ်၍ ဖိတ်သည့် ဖိတ်စာများဖြစ်သည်ဟု ဆိုသည်။ သို့သော် ယင်းဖိတ်စာများနှင့် ပတ်သက်၍ ဖိတ်ကြားသည့် ကာယကံရှင်များကို ဦးထွန်းလူက သက်သေမပြခဲ့ချေ။ သို့ဖြစ်၍ ယင်း သက်သေခံဖိတ်ကြားစာများကို တရားဝင်သက်သေခံ အထောက်အထား အဖြစ် လက်မခံနိုင်ချေ။ သက်သေခံအမှတ်(ဃ)မှာ အလှူငွေဖြတ်ပိုင်း ဖြစ်သည်။ ထိုနည်းရင်းပင် ငွေကောက်ခံသူ ဒေါ်ကဥ္စနကို သက်သေ မပြခဲ့ချေ။ သက်သေခံအမှတ် (င)နှင့်(စ) တို့မှာလည်း အလှူငွေဖြတ် ပိုင်းများဖြစ်သည်။ ကောက်ခံသူများ သက်သေများအဖြစ် ဦးထွန်းလူက မတင်ပြခဲ့ပေ။ ထို့ကြောင့် ယင်းတို့ကိုလည်း တရားဝင်သက်သေခံ စာတမ်းများအဖြစ် လက်မခံနိုင်ချေ။ သက်သေခံအမှတ် (ဆ)မှာ ဒေါ်ကျင်တင်၏ အရုပ်ပါတီဝင် လျှောက်လွှာဟု ဆိုသည်။ ယင်းလျှောက် လွှာပေါ်တွင် ဦးထွန်းလူအား ဒေါ်ကျင်တင်၏ ခင်ပွန်းဟုဖော်ပြထား သည်။ သို့သော် ယင်းလျှောက်လွှာပေါ်တွင် ထိုးထားသည့်လက်မှတ်မှာ ဒေါ်ကျင်တင်၏ လက်မှတ်ဖြစ်ကြောင်း ထင်ရှားအောင်မပြခဲ့သည့်အပြင် ယင်းလျှောက်လွှာကို ဒေါ်ကျင်တင်ကတင်ခဲ့ကြောင်း သက်ဆိုင်ရာပါတီ

၁၉၇၉
ဒေါ်ကျင်မြ
နှင့်
ဦးထွန်းလူ

ယူနစ်က တာဝန်ခံပုဂ္ဂိုလ်အား သက်သေမပြခဲ့ချေ။ သို့ဖြစ်၍ သက်သေခံ အမှတ်(ဆ)မှာသည်း တရားဝင်သက်သေခံ စာတမ်းအဖြစ် လက်ခံနိုင်သော အထောက်အထား မဟုတ်ပေ။ သက်သေခံ အမှတ် (ဇ)မှာ ပေါင်းတည်မြို့ဆေးရုံမှ ဒေါက်တာမြင့်မြင့်၏ ထောက်ခံစာဖြစ်သည်။ ယင်းထောက်ခံစာနှင့် ပတ်သက်၍ ဒေါက်တာမြင့်မြင့်အား ဦးထွန်းလူက သက်သေမထူခဲ့ချေ။ ထို့ကြောင့် သက်သေခံမဝင်ပေ။ သက်သေခံ အမှတ်(ထ)မှာ သေသူ ဒေါ်ကျင်တင်က ဦးထွန်းလူအား ပေးပို့သည့် စာသုံးစောင်ဟု အဆိုရှိသည်။ သို့သော် ယင်းစာသုံးစောင်မှာ ဒေါ်ကျင်တင်က ပို့ကြောင်း၊ ဒေါ်ကျင်တင်၏ လက်ရေးဖြစ်ကြောင်း၊ ဦးထွန်းလူက သက်သေအထောက်အထား မတင်ပြခဲ့ချေ။ ထို့ကြောင့် သက်သေခံအဖြစ် တရားဝင်လက်မခံနိုင်ပေ။

ဦးထွန်းလူ၏ အပြုအမူနှင့် ဆက်ဆံမှုကိုကြည့်လျှင် ဒေါ်ကျင်တင်သည် မသေဆုံးမီက ရန်ကုန်တွင်ဆေးရုံတင်၍ တစ်လခန့် ကုသခဲ့သည်။ ထိုအတောအတွင်း ဦးထွန်းလူသည် ဒေါ်ကျင်တင်အား တခေါက်မှ လာ၍မကြည့်ခဲ့ပေ။ ထို့အပြင် ဦးထွန်းလူနှင့် ဒေါ်ကျင်တင်တို့သည် လင်မယားကဲ့သို့ အတူနေထိုင်သွားလာခဲ့ကြောင်းနှင့် ပတ်သက်၍လည်း ဦးထွန်းလူအနေဖြင့် လက်ခံနိုင်လောက်သော သက်သေ အထောက်အထားကို မတင်ပြနိုင်ခဲ့ချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဦးထွန်းလူက ဒေါ်ကျင်တင်သည် သူ၏မယား ဖြစ်ပါသည်ဟု လက်ခံနိုင်သည့် သက်သေ အထောက်အထား မတင်ပြနိုင်ခဲ့ခြင်းကြောင့် ပထမအယူခံ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်၍ မူလမြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုလိုက်သည်။ တရားရုံး အဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံတရားပြိုင်က ကျခံစေရန် အမိန့်ချမှတ်သည်။

## တရားမ ဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦး အေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးသန့်စင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်ခင်(ခ) ဒေါ်ကြင်

နှင့်

ဦးဖိုးသီ ပါ(၂)*

† ၁၉၇၉
ဒီဇင်ဘာလ
၃၁ ရက်

**၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၂(ဂ) အရ မြေရှင်–အစိုးရမြေကို မြေခွန်ပေးဆောင်၍ အသုံးပြုခွင့်ရသူက အငှားချထားသောကိစ္စ–မြေပိုင်ရှင် မဟုတ်သော်လည်း ယင်းဥပဒေပုဒ်မအရ မြေရှင်ဖြစ်ကြောင်း ဆုံးဖြတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တိုင်းတရားရုံးက မြေရှင်–မြေငှား ဆက်သွယ်မှုရှိကြောင်းကို လက်ခံခဲ့သော်လည်း အချင်းဖြစ်မြေမှာ အစိုးရမြေဖြစ်နေ၍ ဒေါ်ခင်(ခ)ဒေါ်ကြင်သည် မြေပိုင်ရှင် မဟုတ်သည့်အလျောက် မြေရှင်မဖြစ်နိုင်ဟု သုံးသပ်ပြီး ဒေါ်ခင်(ခ)ဒေါ်ကြင်၏ အမှုကို ပလပ်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဒေါ်ခင်(ခ)ဒေါ်ကြင်သည် အမှုစွဲဆိုသည့်အချိန်အထိ အစိုးရအား မြေခွန်ပေးဆောင်၍ အချင်းဖြစ်မြေကို အသုံးပြုခွင့် ရခဲ့သူဖြစ်သည်။ အစိုးရကလည်း မြေခွန်များ လက်ခံရယူခဲ့ကြောင်း သက်သေခံ (ည)ပြေစာများအရ တွေ့ရှိရသည်။ မိမိအသုံးပြုခွင့်ရထားသော မြေကွက်ကို ဦးဖိုးသီတို့အား ငှားရမ်းခဲ့ခြင်းဖြစ်၍ ဒေါ်ခင် (ခ) ဒေါ်ကြင်သည် မြေပိုင်ရှင်မဟုတ်သော်လည်း ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၂(ဂ) အရ မြေရှင်ဖြစ်သည်။ ထို့ကြောင့် ဒေါ်ခင် (ခ) ဒေါ်ကြင်သည် မြေငှားဖြစ်သူ ဦးဖိုးသီတို့အပေါ် မြေငှားရမ်းခပေးရန် ပျက်ကွက်မှု စွဲဆိုနိုင်သည်။

---

* ၁၉၇၈ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၁၆၆

†၊ ၁၉၇၈ ခုနှစ်၊ တရားမ အယူခံမှု အမှတ် ၄၃ တွင် ချမှတ်သော (၁၁-၉-၇၈) နေ့စွဲပါ မကွေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၇၉ ဒေါ်ခင်(ခ) ဒေါ်ကြင် နှင့် ဦးဖိုးသီ ပါ (၂)

**အယူခံတရားလိုအတွက်** – သခင်ချစ်၊ ဗဟိုတရားရုံးရှေ့နေ

**အယူခံတရားပြိုင်များအတွက်** – ကိုယ်တိုင်

မကွေးတိုင်း၊ ချောက်မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၅/၇၇ ၌ အယူခံတရားလို ဒေါ်ခင်(ခ)ဒေါ်ကြင်က အယူခံတရားပြိုင် ဦးဖိုးသီ ပါ(၂)ဦးတို့အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(က) အရ တရားစွဲဆိုခဲ့ရာ မြို့နယ် တရားရုံးက အမှုကို စစ်ဆေးကြားနာပြီး ပလပ်ခဲ့သည်။ ယင်းအမိန့်ကို ဒေါ်ခင် (ခ) ဒေါ်ကြင်က မကျေနပ်သဖြင့် မကွေးတိုင်းတရားရုံးသို့ အယူခံမှုကို လျှောက်ထားခဲ့သော်လည်း တိုင်းတရားရုံးက အယူခံမှုကို ပလပ်လိုက်သည့်အတွက် ဒေါ်ခင် (ခ) ဒေါ်ကြင်က ဗဟိုတရားရုံးသို့ ဤဒုတိယအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

ဒေါ်ခင်(ခ)ဒေါ်ကြင်သည် ချောက်မြို့၊ အကွက်အမှတ် ၂၁၊ဦးပိုင် အမှတ် ၃၃ ရှိ မြေကွက်၏ မြေရှင်ဖြစ်ပြီး ဦးဖိုးသီတို့သည် ယင်း မြေကွက်၏ မြေငှားဖြစ်သည်။ ဦးဖိုးသီတို့သည် မြေငှားရမ်းခ (၁၂) လအတွက် ပေးရန်ပျက်ကွက်သဖြင့် ဒေါ်ခင်(ခ)ဒေါ်ကြင်က ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂(၁)(က) အရ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ဤအယူခံမှုအတွက် ဒေါ်ခင်(ခ)ဒေါ်ကြင် တင်ပြထားသော အဓိက အကြောင်းပြချက်မှာ မြေရှင်–မြေငှား ဆက်သွယ်မှုရှိပြီး မြေငှားခ ပေးရန် ပျက်ကွက်ကြောင်း ပေါ်လွင်ထင်ရှားပါလျက် အမှု စွဲဆိုခွင့် မရှိဟု ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းသည်ဆိုသည့် အချက်ဖြစ်သည်။

မြို့နယ်တရားရုံး အမှုတွဲနှင့် တိုင်းတရားရုံး အမှုတွဲများကို ကြည့်ရှု လေ့လာသည့်အခါ ဒေါ်ခင်(ခ)ဒေါ်ကြင်နှင့် ဦးဖိုးသီတို့သည် မြေရှင်– မြေငှား ဆက်သွယ်မှုရှိကြောင်းမှာ အငြင်း အခြေအမပွားသော အချက် ဖြစ်ကြောင်း တွေ့ရှိရသည်။ မြို့နယ်တရားရုံးက မြေရှင်–မြေငှား ဆက် သွယ်မှုမရှိဟု သုံးသပ်ထားသော်လည်း တိုင်းတရားရုံးက မြေရှင်-မြေငှား ဆက်သွယ်မှုရှိကြောင်းကို လက်ခံထားသည်။ ဦးဖိုးသီတို့ကလည်း အချင်း ဖြစ်မြေကို ဒေါ်ခင်(ခ)ဒေါ်ကြင် ထံမှ ငှားရမ်း နေထိုင်ခဲ့ကြောင်း ချေလွှာထဲ၌ပင် ဝန်ခံထားသည်။ တိုင်းတရားရုံးက မြေရှင်-မြေငှား

၁၉၇၉
ဒေါ်ခင်(ခ)
ဒေါ်ကြင်
နှင့်
ဦးဖိုးသိ
ပါ(၂)

ဆက်သွယ်မှုရှိကြောင်းကို လက်ခံခဲ့သော်လည်း အချင်းဖြစ်မြေမှာ အစိုးရမြေဖြစ်နေ၍၊ ဒေါ်ခင် (ခ) ဒေါ်ကြင် သည် မြေပိုင်ရှင်မဟုတ်သည့်အလျောက် မြေရှင်မဖြစ်နိုင်ဟု သုံးသပ်ပြီး ဒေါ်ခင်(ခ)ဒေါ်ကြင်၏အမှုကို ပလပ်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဒေါ်ခင်(ခ)ဒေါ်ကြင်သည် အမှုစွဲဆိုသည့်အချိန်အထိ အစိုးရအား မြေခွန်ပေးဆောင်၍ အချင်းဖြစ်မြေကို အသုံးပြုခွင့်ရခဲ့သူဖြစ်သည်။ အစိုးရကလည်း မြေခွန်များလက်ခံရယူခဲ့ကြောင်း သက်သေခံ(ည)ပြေစာများအရ တွေ့ရှိရသည်။မိမိအသုံးပြုခွင့်ရထားသော မြေကွက်ကို ဦးဖိုးသိတို့အား ငှားရမ်းခဲ့ခြင်းဖြစ်၍ ဒေါ်ခင်(ခ)ဒေါ်ကြင်သည် မြေပိုင်ရှင်မဟုတ်သော်လည်း ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၂(ဂ)အရ မြေရှင်ဖြစ်သည်။ ထို့ကြောင့် ဒေါ်ခင်(ခ)ဒေါ်ကြင်သည် မြေငှားဖြစ်သူ ဦးဖိုးသိတို့အပေါ် မြေငှားရမ်းခပေးရန် ပျက်ကွက်မှု စွဲဆိုနိုင်သည်။ မြို့နယ်တရားရုံးက အမှုတွဲပါ သက်သေခံချက် အထောက်အထားများအရ ဦးဖိုးသိတို့သည် မြေငှားရမ်းခပေးရန် ပျက်ကွက်ကြောင်းမှာလည်း ပေါ်လွင်ထင်ရှားသည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(က)အရ စွဲဆိုသောအမှုများတွင် အိမ်ရှင်-အိမ်ငှား ဆက်သွယ်မှု ရှိမရှိနှင့် ငှားရမ်းခပေးရန် ပျက်ကွက်ခြင်း ရှိမရှိဆိုသည့် အချက်များသည်သာလျှင် အဓိကဖြစ်သည်။

သို့ဖြစ်၍ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ ဆုံးဖြတ်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်၍ အယူခံတရားလို ဒေါ်ခင်(ခ)ဒေါ်ကြင်စွဲဆိုသည့်အတိုင်း ဒီကရီချမှတ် ပေးလိုက်ကြောင်း တရားရုံးအဆင့်ဆင့်၏ စရိတ်နှင့်တကွ အမိန့်ချမှတ်သည်။

## တရားမ ဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးသန့်စင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉ ဇူလိုင်လ ၃၀ ရက်

ဦးခင်မောင်

နှင့်

ဦးထွန်းဟန်*

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၂(၁)(စ)—"မိမိကိုယ်တိုင် နေထိုင်ရန်အတွက် သက်သက်ရယူလိုသည်" ဆိုသော စကားရပ်၏ အဓိပ္ပာယ်—အိမ်ရှင်၏သမီးသည် အိမ်ရှင်အား မှီခိုနေထိုင်သူမဟုတ်ပါက ယင်းစကားရပ်တွင် အကျုံးဝင်မဝင်။**

**ဆုံးဖြတ်ချက်။** ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ) တွင်– "ပိုင်ရှင်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက် သက်သက်ရယူလို၍" ဟု အတည်အလင်း ပြဋ္ဌာန်းထားသည်။ ဤပြဋ္ဌာန်းချက်အရ မိမိကိုယ်တိုင်နေထိုင်ရန်အတွက် သက်သက်ရယူလိုသည် ဆိုသည့်စကားရပ်မှာ တရားလိုအိမ်ရှင်နှင့်တကွ ၎င်း၏ဇနီးနှင့် ၎င်းအား မှီခိုအတူနေထိုင်သည့် မိသားစုများသာ ဖြစ်ရပေမည်။ ဤအမှုမှ ဦးထွန်းဟန်၏သမီးမှာ မှီခိုနေထိုင်သူမဟုတ်ချေ။ သို့ဖြစ်၍ ဦးထွန်းဟန်၏ အကြောင်းပြချက်သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(စ)နှင့် အကျုံးမဝင်ပေ။

အယူခံတရားလိုအတွက် — ဒေါ်ခင်လေး၊ ဒေါ်မိမိလေး၊ ဗဟိုတရားရုံး ရှေ့နေများ
အယူခံတရားပြိုင်အတွက်— ဦးအေးကျော်၊ ဗဟိုတရားရုံးရှေ့နေ

---

* ၁၉၇၈ ခုနှစ်၊ တရားမဒုတိယအယူခံမှု အမှတ် ၁၆

† ၁၉၇၇ ခုနှစ်၊ တရားမ အယူခံမှု အမှတ် ၁၁၇၇(သထ)တွင် ချမှတ်သော (၂၅-၁-၇၈) နေ့စွဲပါ မွန်ပြည်နယ် တရားရုံး၏စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၇၉ ဦးခင်မောင် နှင့် ဦးထွန်းဟန်

သထုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၆/၇၆တွင် အယူခံ တရားပြိုင် ဦးထွန်းဟန်က အယူခံတရားလို ဦးခင်မောင်အပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၂(၁)(စ) အရ တရားစွဲဆိုခဲ့သည်။ မူလမြို့နယ်တရားရုံးက အမှုစစ်ဆေးပြီး ပလပ်လိုက်သဖြင့် ဦးထွန်းဟန်က မွန်ပြည်နယ်တရားရုံး တရားမ အယူခံမှုအမှတ် ၁၁၇၇(သထ)/၇၇ တွင် အယူခံဝင်ရာ ပြည်နယ်ရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး ဦးထွန်းဟန် စွဲဆိုသည့်အတိုင်း စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်ပေးလိုက်သည်။ ထို့ကြောင့် ဦးခင်မောင်က ဗဟိုတရားရုံးသို့ ဤဒုတိယအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

ဦးထွန်းဟန်က အချင်းဖြစ် ဥပစာကို ကျိုက်ထိုမြို့တွင် အစိုးရအမှုထမ်းအဖြစ်ဖြင့် သွားရောက်နေထိုင်သည့် ယင်း၏သားမက်တော်သူ၏ နောက်သို့ လိုက်မနေနိုင်သော ယင်း၏သမီးဖြစ်သူ နေထိုင်ရန်လိုအပ်သည်ဟု အကြောင်းပြ၍ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၂(၁)(စ) အရ တရားစွဲဆိုကြောင်း အဆိုလွှာနှင့် ဦးထွန်းဟန်၏ ထွက်ဆိုချက်အရ ပေါ်လွင်ပေသည်။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ)တွင်—"ပိုင်ရှင်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက် သက်သက်ရယူလို၍"ဟု အတည့်အလင်း ပြဋ္ဌာန်းထားသည်။ ဤပြဋ္ဌာန်းချက်အရ မိမိကိုယ်တိုင် နေထိုင်ရန်အတွက် သက်သက်ရယူလိုသည်ဆိုသည့် စကားရပ်မှာ တရားလိုအိမ်ရှင်နှင့် တကွ ၎င်း၏ဇနီးနှင့် ၎င်းအား မှီခိုအတူနေထိုင်သည့် မိသားစုများသာလျှင် ဖြစ်ရပေမည်။ ဤအမှုမှ ဦးထွန်းဟန်၏ သမီးမှာ မှီခိုနေထိုင်သူ မဟုတ်ချေ။ သို့ဖြစ်၍ ဦးထွန်းဟန်၏ အကြောင်းပြချက်သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(စ) နှင့် အကျုံးမဝင်ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် မွန်ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်၍ ဦးထွန်းဟန်စွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ တရားရုံးအဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံတရားပြိုင်က ကျခံစေရန် အမိန့်ချမှတ်သည်။

## တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့်ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉ ဧပြီလ ၅ ရက်

ဒေါ်ခင်မြ

နှင့်

ဦးသုခ ပါ(၃)*

တရားမကျင့်ထုံး ဥပဒေအမိန့် ၆၊ နည်း ၁၇–မှန်ကန်သောတရားစီရင်ရေး ဖြစ်မြောက်စေရန်အတွက် မည်သည့်အချိန်အခါတွင်မဆို တရားရုံးသည် အဆိုအချေများကိုပြင်ဆင်ခွင့်ပေးနိုင်ခြင်း– မူရင်းအဆိုလွှာ သို့မဟုတ် အချေလွှာနှင့် လုံးဝဆန့်ကျင်သော ပြင်ဆင်မှုများကိုမူ လက်ခံရန် သင့်မသင့်။

**ဆုံးဖြတ်ချက်။** ။တရားမ ကျင့်ထုံးအမိန့် ၆၊ နည်းဥပဒေ ၁၇ အရ မှန်ကန်သော တရားစီရင်ရေး ဖြစ်မြောက်စေရန်အတွက် မည်သည့် အချိန်အခါတွင်မဆို တရားရုံးသည် အဆိုလွှာနှင့် အချေလွှာများကို ပြင်ဆင်ခွင့်ပေးနိုင်သည် မှန်စေကာမူ၊ မူရင်းအဆိုလွှာ သို့မဟုတ် ချေလွှာ နှင့် လုံးဝဆန့်ကျင်သော ပြင်ဆင်မှုများကို လက်ခံရန်သင့်လျော်မည် မဟုတ်ပေ။

**လျှောက်ထားသူအတွက်** – ဦးမြစိန်၊ ဗဟိုတရားရုံးရှေ့နေ
**လျှောက်ထားခံရသူများအတွက်** – ဦးဟန်၊ ဗဟိုတရားရုံးရှေ့နေ

ထီးချိုင့်မြို့နယ်တရားရုံး တရားမကြီးမှု အမှတ် ၆/၇၅ လျှောက်ထားသူ ဒေါ်ခင်မြက လျှောက်ထားခံရသူ ဦးသုခ၊ ဦးဘငြိမ်းနှင့် ဒေါ်မြမေတို့အပေါ် အချင်းဖြစ် မြေနှင့်အိမ်မှ ထွက်ခွာ၍ လက်ရောက် ပေးအပ်ရန် စွဲဆိုသောအမှုတွင် ဦးဘငြိမ်းနှင့် ဒေါ်မြမေတို့က ပြင်ဆင်သော ချေပလွှာတင်သွင်းရန် မြို့နယ်တရားရုံးက ခွင့်ပြုသည်။ စစ်ကိုင်းတိုင်းတရားရုံးကလည်း မြို့နယ်တရားရုံးအမိန့်ကို အတည်ပြုသည်။ ယင်းသို့

---

* ၁၉၇၇ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၂
† ၁၉၇၅ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၁၀ တွင် ချမှတ်သော (၂၂-၁၂-၇၆) နေ့စွဲပါ စစ်ကိုင်းတိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၉
ဒေါ်ခင်မြ
နှင့်
ဦးသုခ
ပါ (၃)

ပြင်ဆင်သော ချေပလွှာတင်သွင်းခွင့်ပြုသော မြို့နယ်နှင့် တိုင်းအမိန့်တို့ကို မကျေနပ်၍ ဒေါ်ခင်မြက ဗဟိုတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းလာခြင်း ဖြစ်သည်။

မူလတရားရုံးအဆိုလွှာအရ အချင်းဖြစ် မြေနှင့်အိမ်ကို လျှောက်ထားခံရသူ အမှတ်-၁ ဦးသုခသည် လျှောက်ထားသူ ဒေါ်ခင်မြအား ကျပ် ၂၀၀၀/-ဖြင့် အရောင်းစာချုပ်ပြုလုပ်ရောင်းချခဲ့သည်။ ဦးဘငြိမ်းနှင့် ဒေါ်မြမေတို့မှာ ဦးသုခ၏ခွင့်ပြုချက်ဖြင့် အချင်းဖြစ်နေအိမ်တွင် နေထိုင်ကြသူများဖြစ်သည်။

မူလတရားရုံးတွင် တရားလို၏အဆိုလွှာအပိုဒ် ၁ တွင် ၁-တရားပြိုင် ဦးသုခသည် အချင်းဖြစ်မြေနှင့်မြေပေါ်ရှိအဆောက်အအုံသစ်ပင်၊ ဉယျာဉ် ပိုင်ရှင်ဖြစ်ကြောင်း ဖော်ပြသည်။ ဦးသုခ၊ ဦးဘငြိမ်းနှင့်ဒေါ်မြမေတို့က အဆိုလွှာ အပိုဒ် ၁ ကို မှန်ကန်ကြောင်း ချေလွှာတွင် ဖော်ပြသည်။ သို့ရာတွင် ပြင်ဆင်သော ချေလွှာတွင် အချင်းဖြစ် မြေယာနှင့် နေအိမ် အဆောက်အအုံ၊သစ်ပင်ဉယျာဉ်များမှာ ဦးသုခတစ်ဦးတည်းပိုင်ဆိုင်ခြင်း မဟုတ်ကြောင်းနှင့် ဦးဘငြိမ်းနှင့် ဒေါ်မြမေတို့ကလည်း ဦးသုခနှင့်အတူ ပူးတွဲပိုင်ဆိုင်ကြောင်း ဖော်ပြပါရှိသည်။

လျှောက်ထားသူ ဒေါ်ခင်မြက ဦးဘငြိမ်းနှင့် ဒေါ်မြမေတို့သည် အချင်းဖြစ် မြေနှင့်အိမ်ကို ဦးသုခတစ်ဦးတည်းပိုင်ကြောင်း ဝန်ခံခဲ့ပြီး နောက် ပြင်ဆင်သောချေလွှာတွင် မူလချေလွှာနှင့် လုံးဝဆန့်ကျင်သော ခုခံမှုလမ်းကြောင်းအသစ်ပြုလုပ်ခြင်းဖြစ်ကြောင်း တင်ပြသည်။

ဦးသုခနှင့်အတူနေထိုင်လျက်ရှိသော ဦးဘငြိမ်းနှင့်ဒေါ်မြမေတို့သည် အချင်းဖြစ်မြေနှင့်အိမ်ကို ဦးသုခနှင့်အတူ ပူးတွဲပိုင်ဆိုင်ခဲ့ခြင်းမှန်လျှင် မူလ ချေပလွှာထင်စဉ်က တရားလို၏ အဆိုလွှာ(၁)တွင်ပါရှိသော စကားရပ်များကို ငြင်းဆိုရမည်သာ ဖြစ်ပေသည်။ ဝန်ခံစရာအကြောင်းမရှိပေ။ ယခုအခါတွင်မူ ဦးဘငြိမ်းနှင့်ဒေါ်မြမေတို့သည် အဆိုလွှာအပိုဒ် ၁ တွင် ပါရှိသော (၁)တရားပြိုင်ကသာလျှင် ပိုင်ဆိုင်သည်ဆိုသည့်အချက်ကို မူလအချေလွှာတွင် ဝန်ခံပြီးမှ ပြင်ဆင်အချေလွှာတွင် ယင်းတို့သည် (၁)တရားပြိုင် ဦးသုခနှင့်အတူ ပူးတွဲပိုင်ဆိုင်သည်ဟုချေပခြင်းမှာ မူလ ခုခံကာကွယ်မှုနှင့်လုံးဝဆန့်ကျင်သည့် ခုခံကာကွယ်မှုလမ်းကြောင်းအသစ် ကို တင်ပြခြင်းဖြစ်၍ ပြင်ဆင်ချေပချက်ကို လက်မခံထိုက်ပေ။

၁၉၇၉ / ဒေါ်ခင်မြ နှင့် ဦးသုခ ပါ (၃)

တရားမကျင့်ထုံးအမိန့် ၆၊ နည်းဥပဒေ ၁၇ အရ မှန်ကန်သော တရားစီရင်ရေးဖြစ်မြောက်စေရန်အတွက် မည်သည့်အချိန်အခါတွင်မဆို တရားရုံးသည် အဆိုလွှာနှင့် အချေလွှာများကို ပြင်ဆင်ခွင့်ပေးနိုင်သည် မှန်စေကာမူ မူရင်းအဆိုလွှာ သို့မဟုတ် ချေလွှာနှင့်လုံးဝဆန့်ကျင်သော ပြင်ဆင်မှုများကို လက်ခံရန် သင့်လျော်မည်မဟုတ်ပေ။ ပြင်ဆင်မှုကို ခွင့်ပြု၍ မူလတရားရုံးနှင့် တိုင်းတရားရုံးတို့၏အမိန့်များကို စရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၅၀/-ခွင့်ပြုသည်။

## တရားမ ဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးဖိုးလှိုင်နှင့် ဦးထွန်းရှိန်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးဂျော်နီ ပါ(၂)

နှင့်

မောင်ရိုးမြင့် ပါ(၂)

†၊ ၁၉၇၉
မတ်လ
၇ ရက်

တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်း ၃—တရားပြိုင်များကို အမှုတစ်မှုတည်း၌ ပူးပေါင်းစွဲဆိုခြင်း—၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဥပဒေ ပုဒ်မ ၁၂(၁)(င)အရ စွဲဆိုမှု—အချင်းဖြစ်အဆောက်အအုံတွင် သီးခြားစီဖြစ်သော အခန်းများ၌ ငှားရမ်းနေထိုင်ကြသူ အိမ်ငှားနှစ်ဦးကို အမှုတစ်မှုတည်းတွင် တရားပြိုင်များအဖြစ် ပူးပေါင်းစွဲဆိုခြင်း။

ဆုံးဖြတ်ချက်။ ။ဦးဂျော်နီသည် အချင်းဖြစ် အဆောက်အအုံရှိ အခန်း ၃ ခန်း၏ အိမ်ငှားတစ်ဦးဖြစ်ပြီး၊ ဒေါ်ခင်အေးသည် အခြား ၂ခန်း၏ အိမ်ငှားတစ်ဦးဖြစ်သည်။ ထို့ကြောင့် ၎င်းတို့ ၂ ဦးအား တစ်မှုတည်းတွင် ပူးပေါင်းပြီး တရားစွဲဆိုခြင်းမှာ ဥပဒေနှင့် မကိုက်ညီပါဟု အယူခံတရားလိုက တင်ပြသည်။ ဤအမှုမှာ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(င) အရ စွဲဆိုသော အမှုဖြစ်သည်။ အယူခံတရားလိုတို့ ငှားထားသည့်အခန်းများမှာ အဆောက်အအုံ တစ်ခုတည်းရှိ အခန်းများဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂(၁)(င) အရအဆောက်အအုံတစ်ခုလုံးကို ပြန်လည်ဆောက်လို၍ တောင်းဆိုခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းဥပဒေ ပုဒ်မ ၁၂(၁)(င)ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီစွာ အခန်းများမှ အိမ်ငှား ၂ဦးစလုံးအပေါ် စွဲဆိုသည့်အမှုတွင် အိမ်ရှင်ဖြစ်သည့် အယူခံတရားပြိုင်က တင်ပြရမည့်

* ၁၉၇၈ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၁၁၆
†၊ ၁၉၇၆ ခုနှစ်၊ တရားမဒုတိယအယူခံမှု အမှတ် ၅ တွင် ချမှတ်သော (၁၅-၇-၇၈)နေ့စွဲပါ ချင်းပြည်နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၇၉ ဦးဂျော်နီ ပါ (၂) နှင့် မောင်ရိုးမြင့် ပါ (၂)

သက်သေအထောက်အထားများမှာ ထပ်တူထပ်မျှဖြစ်ပေသည်။ တရားရုံးက အဆုံးအဖြတ်ပေးရမည့် အချက်အလက်များမှာလည်း ထပ်တူထပ်မျှသာ ဖြစ်ပေသည်။ ထို့ကြောင့် တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်းဥပဒေ ၃ အရ အယူခံတရားလိုတို့ကို မူလရုံးတွင် အမှုတစ်မှုတည်း၌ ပေါင်းစွဲခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

အယူခံတရားလိုများအတွက် — ဦးထွန်းဒဝ၊ ဗဟိုတရားရုံးရှေ့နေကြီး

အယူခံတရားပြိုင်များအတွက်— ကိုယ်တိုင်

ဗန်းမော်မြို့နယ်တရားရုံးက၊ တရားမကြီးမှုအမှတ် ၁၈/၇၄ တွင် အယူခံတရားပြိုင်တို့က အယူခံတရားလိုတို့အပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(င)အရ တရားစွဲဆို၍ အနိုင်ဒီကရီရရှိခဲ့သည်။ အယူခံတရားလိုတို့က မကျေနပ်၍ ကချင်ပြည်နယ် တရားရုံး တရားမအယူခံမှု အမှတ် ၅/၇၆ တွင် အယူခံဝင်ရာ မအောင်မြင်သဖြင့် ဤဒုတိယ အယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။ ဤဒုတိယအယူခံမှုတွင် အယူခံတရားလိုတို့က အဓိကအချက် သုံးချက် တင်ပြထားသည်။

ပထမအချက်မှာ အယူခံတရားလို အမှတ်(၁) ဦးဂျော်နီနှင့် အယူခံတရားလိုအမှတ်(၂) ဒေါ်ခင်အေးတို့သည် သီးခြားအခန်းများအတွက် သီးခြားအိမ်ငှားများ ဖြစ်သဖြင့် ဤအမှုကို ဤပုံစံအတိုင်း မစွဲဆိုနိုင်ကြောင်း၊ ဒုတိယအချက်မှာ တရားမစွဲဆိုမီ ပေးပို့သည့်အကြောင်းကြားစာမှာ တရားမဝင်ကြောင်းနှင့် တတိယအချက်မှာ အိမ်ကိုပြန်လည်ဆောက်ရန်အတွက် သဘောရိုးဖြင့် ရယူလိုခြင်း မဟုတ်ကြောင်းတို့ဖြစ်သည်။

ဦးဂျော်နီသည် အချင်းဖြစ် အဆောက်အအုံရှိ အခန်း ၃ ခန်း၏ အိမ်ငှားတစ်ဦးဖြစ်ပြီး ဒေါ်ခင်အေးသည် အခြား ၂ ခန်း၏ အိမ်ငှား တစ်ဦးဖြစ်သည်။ ထို့ကြောင့် ၎င်းတို့ ၂ ဦးအား တစ်မှုတည်းတွင် ပူးပေါင်းပြီး တရားစွဲဆိုခြင်းမှာ ဥပဒေနှင့်မကိုက်ညီပါဟု အယူခံတရားလိုက တင်ပြသည်။ ဤအမှုမှာ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂(၁)(င)အရ စွဲဆိုသော အမှုဖြစ်သည်။ အယူခံတရားလိုတို့ ငှားထားသည့်အခန်းများမှာအဆောက်အအုံ တစ်ခုတည်းရှိ အခန်းများဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ

ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂(၁)(င)အရ အဆောက်အအုံတစ်ခုလုံးကို ပြန်လည်ဆောက်လို၍ တောင်းဆိုခြင်းဖြစ်သည်။ ထို့ကြောင့် ယင်း ဥပဒေပုဒ်မ ၁၂(၁)(င)ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီစွာအခန်း များမှ အိမ်ငှား ၂ ဦးစလုံးအပေါ် စွဲဆိုသည့်အမှုတွင် အိမ်ရှင်ဖြစ်သည့် အယူခံတရားပြိုင်က တင်ပြရမည့် သက်သေအထောက်အထားများမှာ ထပ်တူထပ်မျှဖြစ်ပေသည်။ တရားရုံးက အဆုံးအဖြတ်ပေးရမည့်အချက် အသက်များမှာလည်း ထပ်တူထပ်မျှသာ ဖြစ်ပေသည်။ ထို့ကြောင့် တရားမကျင့်ထုံးဥပဒေအမိန့် ၁၊နည်းဥပဒေ ၃အရ အယူခံတရားလိုတို့ကို မူလရုံးတွင် အမှုတစ်မှုတည်း၌ ပေါင်းစွဲခဲ့ခြင်းမှာ ဥပဒေအရမှားယွင်း သည်ဟု မဆိုနိုင်ပေ။

၁၉၇၉
ဦးကျော်နီ
ပါ (၂)
နှင့်
မောင်ရိုးမြင့်
ပါ (၂)

တရားမစွဲဆိုမီက ပေးပို့သည့် နို့တစ်စာများတွင် အိမ်ငှား ၂ ဦး စလုံး၏ အမည်များ ထည့်ထားသည်၊ ထို့ကြောင့် ဥပဒေနှင့်မကိုက်ညီဟု အယူခံတရားလိုက တင်ပြသည်။ နို့တစ်စာများတွင် အိမ်ငှား ၂ ဦး စလုံး၏ အမည်များ ထည့်ထားသော်လည်း နို့တစ်စာများကို ၂ ဦး စလုံးသို့ ပေးပို့ခဲ့သည်။ ထို့ကြောင့် အမည်နှစ်ခုထည့်ထားရုံဖြင့် နို့တစ် စာ တရားမဝင်ဟု မဆိုနိုင်ပေ။

အချင်းဖြစ် အဆောက်အအုံမှာ အိမ်ဟောင်းကြီးဖြစ်ပြီး၊ ပျက်စီး ယိုယွင်းနေကြောင်း၊ တမံသလင်းများမှာ ပေါက်ပြဲနေကြောင်း၊အမှုတွဲ အရ ထင်ရှားပေသည်။ တရားလိုပြသက်သေ ဦးလှသိန်း၊ဦးအုန်းမောင်၊ ဦးထွန်းရှင်တို့အပြင်၊ တရားပြိုင်ပြသက်သေ ဦးမောင်လေးနှင့် ဦးမြင့်လွင် တို့၏ အစစ်ခံချက်များအရ ထင်ရှားလေသည်။ ထို့ပြင် အဆောက် အအုံ ပြန်လည်ဆောက်လုပ်ရန် ပုံစံအသစ်ကိုလည်း သက်ဆိုင်ရာအာဏာ ပိုင်များထံမှ ရရှိထားကြောင်း တွေ့ရသည်။ ဤကဲ့သို့ အဆောက်အအုံ ပြန်လည်ပြင်ဆင် ဆောက်လုပ်ရန် အယူခံတရားပြိုင်များအနေနှင့်ငွေအင် အားရှိကြောင်းလည်း ပေါ်လွင်သည်။ ထို့ကြောင့် အယူခံတရားပြိုင်တို့ သည် အချင်းဖြစ်အိမ်ကို ပြန်လည်ပြင်ဆင် ဆောက်လုပ်ရန်အတွက် သဘောရိုးဖြင့် ရယူလိုကြောင်းမှာ မှန်ကန်ပေသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံမှုကို စရိတ်နှင့် တကွ ပလပ်လိုက်သည်။ တရားရုံးအဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံတရားလိုတို့က ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

## တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးလှဘုန်း တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉ စက်တင်ဘာ လ ၂၈ ရက်

ဒေါ်စန်းရီ

နှင့်

ဦးညွန့် ပါ(၄) *

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(စ)အရ စွဲဆိုခြင်း—အိမ်ရှင်သည် မိမိပိုင်အိမ်ခန်းများတွင် နေထိုင်လျက်ရှိသော အိမ်ငှားများအနက်မှ မိမိကသင့်တော်သည်ဟု ယူဆသည့်အိမ်ခန်းကို ရွေးချယ်၍ ထိုအိမ်ခန်းမှ ဖယ်ရှားပေးရန် စွဲဆိုနိုင်ခွင့် ရှိမရှိ။

ဆုံးဖြတ်ချက်။ ။အိမ်ရှင် ဖြစ်သူသည် မိမိပိုင် အိမ်ခန်းများတွင် နေထိုင်လျက်ရှိသော အိမ်ငှားများအနက်မှ မိမိကသင့်တော်သည်ဟု ယူဆသည့် အိမ်ခန်းကို ရွေးချယ်၍ ထိုအိမ်ခန်းမှ ဖယ်ရှားပေးရမည့်သူအား စွဲဆိုနိုင်ခွင့် ရှိဆိုက်ပေသည်။

အယူခံတရားလိုအတွက် — ဦးမြစိန်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက်— ဦးသန်းစိန်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားလို ဒေါ်စန်းရီက အယူခံတရားပြိုင်များ ဖြစ်ကြသော ဦးညွန့်၊ ဒေါ်သန်း၊ မမြင့်မြင့်နှင့် မောင်စိုးဝင်းတို့အပေါ် မိတ္ထီလာမြို့နယ် တရားရုံးတွင် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ)အရ အိမ်မှနှင်ထုတ်ပေးစေလိုမှု တရားစွဲဆိုရာ အနိုင်ဒီကရီ ရရှိသည်။ သို့ရာတွင် မန္တလေးတိုင်းတရားရုံးက မိတ္ထီလာမြို့နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်သော

---

* ၁၉၇၇ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၆၁

† ၁၉၇၆ ခုနှစ် တရားမအယူခံမှု အမှတ် ၁၀ တွင် ချမှတ်သော (၁၁-၅-၇၇) နေ့စွဲပါ မန္တလေးတိုင်း(မိတ္ထီလာ)တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

ကြောင့် ဒေါ်စန်းရီက ဗဟိုဘုရားရုံးသို့ ဒုတိယအယူခံမှုတင်သွင်းခြင်း ဖြစ်သည်။ ၁၉၇၉ ဒေါ်စန်းရီ နှင့် ဦးညွန့် ပါ (၄)

အယူခံတရားလို ဒေါ်စန်းရီသည် မိတ္ထီလာမြို့ မင်းရေပ်၊ရှင်ကုက်အမှတ် ၂၊ ဦးပိုင်အမှတ် ၃၄(က) မြေပေါ်ရှိ (၈) ခန်းတိုက် ပိုင်ရှင်ဖြစ်၍ အခန်း (၄) ခန်းကို အယူခံတရားပြိုင် ဦးညွန့်အား ၁၉၆၀ ခုနှစ်မှ အစပြု၍ ငှားရမ်းခဲ့သည်။ ကျန်(၄)ခန်းကို ဆံပင်ညှပ်ဆိုင်ရှင် ဦးကျော် အား (၂)ခန်း၊ ဦးစိုးမြင့်အား (၂) ခန်း ငှားရမ်း ထားခဲ့သည်။ ဒေါ်စန်းရီသည် ဦးညွန့်နှင့်မိသားစုအား ငှားထားသောအိမ်ခန်း(၄) ခန်းကို မိမိနေထိုင်ရန်အတွက် ပြန်လည်ရယူလိုသောကြောင့် ၃-၁၂-၇၄ နေ့တွင် နို့တစ်စာပေးသော်လည်း အိမ်ငှားများက ထွက်ခွာမပေးသော ကြောင့် တရားစွဲဆိုခြင်းဖြစ်သည်။

ဒေါ်စန်းရီက အချင်းဖြစ်တိုက်မှာ အမွေရရှိသောတိုက်ဖြစ်ကြောင်း၊ မိမိတွင် အခြားနေထိုင်ရန် ကိုယ်ပိုင် အဆောက်အအုံ မရှိသောကြောင့် ကြောင်းရေရွာ၌ ဆရာဘုန်းကြီးပိုင်မြေတွင် ခွင့်ပြုချက်ဖြင့် နေထိုင်ရ ကြောင်း၊ သမီးအကြီးမှာ ဘွဲ့ရပြီးဖြစ်၍ သမီးအငယ်မှာ ၁၀ တန်း အောင်မြင်ပြီး ဖြစ်သောကြောင့် ဒေါ်စန်းရီသည် သားသမီးများနှင့် အတူ မိတ္ထီလာမြို့တွင် မိမိပိုင်အိမ်နှင့် နေထိုင်လိုကြောင်း တင်ပြသည်။

မန္တလေးတိုင်းဘုရားရုံးက မိတ္ထီလာမြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ရာ၌ ဒေါ်စန်းရီတွင် နေထိုင်ရန် အိမ်ရှိသည်ဟူ၍ လည်းကောင်း၊ ဒေါ်စန်းရီသည် အိမ်ငှား ၃ ဦးရှိသည့်အနက် ဦးညွန့် တစ်ဦးတည်းကိုသာ တရားစွဲဆိုခြင်းမှာ သဘောရိုးအရ မဖြစ်နိုင်ဟူ၍ လည်းကောင်း အကြောင်းပြထားသည်။ ဒေါ်စန်းရီမှာ မိတ္ထီလာမြို့တွင် အိမ်မရှိသောကြောင့် ကြောင်းရေရွာတွင် ဆရာဘုန်းကြီး ခွင့်ပြုချက်ဖြင့် နေထိုင်ရသူဖြစ်သည်။ အမှုတရားစွဲဆိုရန်နှင့်ပတ်သက်၍လည်း ဒေါ်စန်း ရီသည် အိမ်ငှား ၃ ဦးစလုံးကို ရပ်ကွက်ကောင်စီရုံးတွင် ခေါ်ယူ၍ ဖယ်ရှားပေးရန် ပြောဆိုသော်လည်း အောင်မြင်ခြင်း မရှိမှသာ အိမ်ခန်း အများဆုံး ငှားရမ်းနေထိုင်သူ ဦးညွန့်အား တရားစွဲဆိုခြင်း ဖြစ်ပေ သည်။ အိမ်ရှင်ဖြစ်သူသည် မိမိပိုင်အိမ်ခန်းများတွင် နေထိုင်လျက်ရှိသော အိမ်ငှားများအနက်မှ မိမိကသင့်တော်သည်ဟု ယူဆသည့် အိမ်ခန်းကို ရွေးချယ်၍ ထိုအိမ်ခန်းမှ ဖယ်ရှားပေးရမည့်သူအား စွဲဆိုနိုင်ခွင့်ရှိထိုက် ပေသည်။

၁၉၇၉
ဒေါ်စန်းရီ
နှင့်
ဦးညွန့်
ပါ (၄)

ဥပဒေအချက်နှင့် ပတ်သက်ပြီး အယူခံတရားပြိုင်က တင်ပြရာတွင် အယူခံတရားလိုသည် အယူခံတရားပြိုင်များအား အိမ်ခန်းမှထွက်ခွာပေးရန် နို့တစ်စာတွင် ၂၅-၁၂-၇၄ နေ့ နောက်ဆုံးထား၍ အိမ်ခန်းမှ ထွက်ခွာပေးရန် ဖော်ပြပါရှိကြောင်း၊ သူသည် အချင်းဖြစ် အိမ်ခန်းများတွင် ၁-၁-၆၁ နေ့မှသာ စတင်နေထိုင်ခဲ့သောကြောင့် ၁-၁-၆၁ နေ့ကို အခြေခံ၍ နို့တစ်စာပေးမှသာ ဥပဒေနှင့် ညီညွတ်နိုင်မည်ဖြစ်ကြောင်း၊ နို့တစ်စာ ပေးခြင်းမှာ ပစ္စည်း လွှဲပြောင်းရေး ဥပဒေ ပုဒ်မ ၁၀၆ နှင့် ဆန့်ကျင်ကြောင်း၊ ၂၆-၄-၆၀ နေ့တွင် အိမ်မှာ ဆောက်လုပ်ပြီးစီးခြင်း မရှိသေး၍ ထိုနေ့မှစတင်ပြီး နေထိုင်ရန် မဖြစ်နိုင်ကြောင်း စသည်ဖြင့် တင်ပြသည်။ ပစ္စည်းလွှဲပြောင်းပေးရေးဥပဒေ ပုဒ်မ ၁၀၆ အရ နို့တစ်စာပေးရာတွင် အိမ်ရှင်သည် အိမ်ငှားထံသို့ အိမ်ငှားလကုန်ဆုံးသည့်နေ့ကို နောက်ဆုံးထား၍ ဖယ်ရှားပေးရမည်ဖြစ်ကြောင်း၊ ၁၅ ရက်ကြိုတင်၍ နို့တစ်စာရရှိစေရန် ပေးပို့ရမည်ဖြစ်သည်။

အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့ သဘောတူ ချုပ်ဆိုခဲ့သော သက်သေခံအမှတ်(က) ကတိစာချုပ်ကို ၂၆-၄-၆၀ နေ့တွင် ချုပ်ဆိုခဲ့သည်။ ယင်းစာချုပ်အပေါ်တွင် အခြေခံ၍ အချင်းဖြစ် တိုက်ခန်းများကို ငှားရမ်းနေထိုင်ခြင်း စတင်ခဲ့ပါသည်ဟု အယူခံတရားပြိုင် ဦးညွန့်က ထွက်ဆိုထားသည်။ စာချုပ်ပြုလုပ်သောနေ့တွင် တိုက်အိမ်မှာ အကြမ်းဆောက်လုပ်ပြီးစီး၍ အချောကိုင်ရန်သာ ကျန်ရှိတော့ကြောင်း ဒေါ်ခင်စောလေး(လိုပြ-၂)၏ ထွက်ချက်ရှိသည်။ ထို့အပြင် အယူခံတရားလို ဒေါ်စန်းရီနှင့် ဒေါ်ခင်စောလေးတို့က တရားလို ဦးညွန့်သည် စာချုပ်ပြုလုပ်သော ၂၆-၄-၆၀ နေ့မှအစအပြုပြီး အိမ်ငှားအဖြစ် အိမ်လခများ ပေးခဲ့ကြောင်း ထွက်ဆိုကြသည်။ ထို့ကြောင့် အိမ်ရှင် အိမ်ငှား ဆက်သွယ်မှုမှာ ၂၆-၄-၆၀ နေ့တွင် စတင်ခဲ့ပြီး နို့တစ်စာမှာလည်း တရားဥပဒေနှင့် ညီညွတ်သော နို့တစ်စာဖြစ်ကြောင်း ပေါ်လွင်သည်။

မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ မိတ္ထီလာမြို့နယ် တရားရုံး စီရင်ချက်နှင့် ဒီကရီကို အတည်ပြုပြီး အယူခံတရားလိုစွဲဆိုသည့် အတိုင်း အယူခံတရားပြိုင်များအပေါ် စရိတ်နှင့်တကွအနိုင် ဒီကရီ ချမှတ်ပေးလိုက်သည်။ ရှေ့နေစရိတ်ကျပ် ၅၀/-သတ်မှတ်သည်။

## တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးအေးမောင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၊ ၁၉၇၉
ဒီဇင်ဘာလ
၂၁ ရက်

ဒေါ်ဆင့်

နှင့်

ဦးခန့်ပါ(၂)

ဒေါ်စိန်ရင်

ဒေါ်ငြိမ်းပန်၊

ဒေါ်သိန်းညွန့် *

**တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ အရ အပ်နှင်းထားသော တရားရုံးများ၏ မူလဘူတအာဏာကို အခြား ဥပဒေပြဋ္ဌာန်းချက် သီးခြားမရှိမှသာ အသုံးပြုခွင့်ရှိခြင်း — တရားမကျင့်ထုံး ဥပဒေ အမိန့် ၄၁၊ နည်း ၅ အရ ဒီကရီကိုဆိုင်းငံ့ရန်အမိန့် — အယူခံအဆင့်ဆင့် ကုန်ဆုံးပြီးကိစ္စတွင် ဆိုင်းငံ့မိန့် ထုတ်နိုင် မထုတ်နိုင်။**

လျှောက်ထားသူ ဒေါ်ဆင့်က ထန်းတပင် မြို့နယ်တရားရုံးတွင် ဒီကရီမှုကိုဆက်လက်ဆောင်ရွက်၍ လျှောက်ထားခံရသူတို့ကျူးကျော်နေထိုင်သော အဆောက်အအုံများကို ဖျက်သိမ်းနေစဉ် လျှောက်ထားခံရသူများက ဗဟိုတရားရုံးအမိန့်ကို စောဒကမှုများ တင်ထားကြောင်း ပဲခူး တိုင်းတရားရုံးတွင် လျှောက်ထားသောကြောင့် ပဲခူးတိုင်းတရားရုံးက လျှောက်ထားခံရသူများသည် စောဒကမှုတက်နိုင်သော အခွင့်အရေး ကျန်ရှိနေသေးသဖြင့် တရားမ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၁ အရ ဆိုင်းငံ့မိန့်ထုတ်ပေးရကြောင်း အမိန့်တွင်ဖော်ပြ၍ ဒီကရီမှုများ ဆိုင်းငံ့ထားစေရန် အမိန့်ထုတ်ခဲ့သည်။

**ဆုံးဖြတ်ချက်။** ။တရားမ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၁ အရ တရားရုံးသည် အမှုဖြစ်ပျက်သည့်အကြောင်းခြင်းရာအပေါ်မူတည်၍ တရား

---

* ၁၉၇၈ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၇၀၊ ၇၁၊ ၇၂၊ ၇၃

† ၁၉၇၈ ခုနှစ်၊ တရားမသေးမှုအမှတ် ၁၊ ၂၊ ၃ နှင့် ၄ တွင် ချမှတ်သော (၁၅-၉-၇၈)နေ့စွဲပါ ပဲခူးတိုင်းတရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၇၉
ဒေါ်ဆင့်
နှင့်
ဦးခန့်ပါ(၂)
ဒေါ်စိန်ရင်
ဒေါ်ငြိမ်း
ပန်း
ဒေါ်သိန်း
ညွန့်

မျှတသည်ဟု ယူဆသောအမိန့်ကို မည်သည့်အချိန်အခါတွင်မဆို အသုံးပြုနိုင်ခွင့်ရှိကြောင်းမှန်သော်လည်း ယင်းဥပဒေမှာ အခြားဥပဒေပြဋ္ဌာန်းချက်များ သီးခြားမရှိမှသာ ဖြစ်ပေါ်သောအခြေအနေကို သုံးသပ်၍ ဆောင်ရွက်နိုင်ခွင့်ပေးထားသော မူလဘူတအာဏာဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဆိုင်းငံ့မိန့် ထုတ်ပြန်ခြင်းနှင့် စပ်လျဉ်း၍ **တရားမကျင့်ထုံးအမိန့် ၄၁၊ နည်း ၅ တွင် အတည့်အလင်း** ပြဋ္ဌာန်းချက် ရှိသည်။ ယင်းပြဋ္ဌာန်းချက်အရ အယူခံခွင့်ရှိသော ဒီကရီကို အယူခံဝင်သွင်းခွင့်ရှိသောကာလမကုန်ဆုံးမီ ယင်းဒီကရီကို ချမှတ်သည့်တရားရုံးကသော်လည်းကောင်း၊ အယူခံမှုရှိနေသောအခါတွင် အယူခံတရားရုံးကသော်လည်းကောင်း၊ ဇာရီပြုလုပ်ဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ထားရန် အမိန့်ချမှတ်နိုင်သည်။ ယခုဖြစ်ပွားသောကိစ္စတွင် အယူခံအဆင့်ဆင့် ကုန်ဆုံးခဲ့ပြီးဖြစ်သောကြောင့် **တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ** ၅ အရ ဆိုင်းငံ့မိန့်ထုတ်ရန် မဖြစ်နိုင်ချေ။

**လျှောက်ထားသူအတွက်** — ဦးအုန်းမောင်၊ ဗဟိုတရားရုံးရှေ့နေ

**လျှောက်ထားခံရသူများအတွက်** — ဦးခွန်ဝင်းလှိုင်နှင့် ဦးကံငြိမ်း၊ ဗဟိုတရားရုံးရှေ့နေများ

လျှောက်ထားသူ ဒေါ်ဆင့်က ပဲခူးတိုင်းတရားရုံး တရားမသေးမှုအမှတ် ၁/၇၈၊ ၂/၇၈၊ ၃/၇၈ နှင့် ၄/၇၈ တို့တွင် ချမှတ်သော ဆိုင်းငံ့မိန့်များကို ပယ်ဖျက်ပေးရန်အတွက် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။ လျှောက်ထားခံရသူများမှာ ဦးခန့်နှင့် ဒေါ်ဒေါင်းစိန်၊ ဒေါ်စိန်ရင်၊ ဒေါ်ငြိမ်းပန်းနှင့် ဒေါ်သိန်းညွန့်တို့ဖြစ်သည်။ အမှုဖြစ်ပျက်သည့်အကြောင်းခြင်းရာနှင့်တကွ ဥပဒေအချက်တို့မှာ တူညီသည်ဖြစ်သောကြောင့် ဤအမိန့်သည် ပြင်ဆင်မှု ၄ မှုစလုံးအတွက် အကျုံးဝင်စေရမည်။

မူလတရားရုံးက တရားလို ဒေါ်ဆင့်သည် မူလတရားရုံး တရားပြိုင်များဖြစ်ကြသော လျှောက်ထားခံရသူများအပေါ် အချင်းဖြစ်မြေကွက်မှ ထွက်ခွာပြီး လက်ရောက်ပေးအပ်စေရန် ထန်းတပင်မြို့နယ်တရားရုံးတွင် တရားမကြီးမှု ၄ မှုခွဲ၍ စွဲဆိုရာတွင် အနိုင်ဒီကရီရရှိသည်။ ယင်းအနိုင်ဒီကရီကို ရန်ကုန်မြို့ တရားရုံးချုပ်မှ သက်ဆိုင်ရာ တရားမ ဒုတိယအယူခံမှုများတွင် အတည်ပြုခဲ့ပြီးဖြစ်သည်။

**၁၉၇၉**
ဒေါ်ဆင့်
နှင့်
ဦးခန့်ပါ(၂)
ဒေါ်စိန်ရင်
ဒေါ်ငြိမ်း
ပန်း
ဒေါ်သိန်း
ညွန့်

တရားနိုင်က ထန်းတပင်မြို့နယ် တရားရုံးတွင် တရားဇောရီမှုများ ဖွင့်၍ တရားရှုံးများအပေါ် အချင်းဖြစ်မြေကွက်မှ ထွက်ခွာပေးရန် ဆောင်ရွက်နေရာမှ ဇာရီမှုများကို ခေတ္တပိတ်ထားရန် အမိန့်ချမှတ်သည်။ သို့ရာတွင် ပဲခူးတိုင်းတရားရုံးက ယင်းအမိန့်တို့ ပယ်ဖျက်ပြီး ဇာရီဆက်လက်ဆောင်ရွက်စေရန် အမိန့်ချမှတ်သောကြောင့် လျှောက်ထားခံရသူများ၏ ကျူးကျော် ဆောက်လုပ်ထားသော အဆောက်အအုံများကို စတင်ဖျက်သိမ်းနေစဉ် လျှောက်ထားခံရသူများက ဗဟိုတရားရုံးသို့ တရားမဒုတိယအယူခံမှု အမှတ် ၃၆/၇၆ အရ အယူခံ ဝင်မြန်သည်။ ထို့ကြောင့် အယူခံမှုကြားနာစဉ် ဇာရီမှုလုပ်ငန်းကို ဆိုင်းငံ့ထားခဲ့ရသည်။ ဗဟိုတရားရုံး၏ တရားမဒုတိယ အယူခံမှု အမှတ် ၃၆/၇၆ ကို ၃၁-၅-၇၈ နေ့တွင် စီရင်ချက်ချမှတ်၍ လျှောက်ထားခံရသူများ၏ အယူခံကို ပလပ်ခဲ့သည်။

ထို့ကြောင့် လျှောက်ထားသူ ဒေါ်ဆင့်က ထန်းတပင်မြို့နယ်တရားရုံးတွင် ဇာရီမှုကို ဆက်လက် ဆောင်ရွက်၍ လျှောက်ထားခံရသူတို့ ကျူးကျော်နေထိုင်သော အဆောက်အအုံများကို ဖျက်သိမ်းနေစဉ် လျှောက်ထားခံရသူများက ဗဟိုတရားရုံးအမိန့်ကို စောဒကမှုများတင်ထားကြောင်း၊ ပဲခူးတိုင်း တရားရုံးတွင် လျှောက်ထားသောကြောင့် ပဲခူးတိုင်းတရားရုံးက လျှောက်ထားခံရသူများသည် စောဒကမှုတက်နိုင်သော အခွင့်အရေး ကျန်ရှိနေသေးသဖြင့် တရားမကျင့်ထုံးပုဒ်မ ၁၅၁ အရ ဆိုင်းငံ့မိန့် ထုတ်ပေးရကြောင်း အမိန့်တွင် ဖော်ပြ၍ ဇာရီမှုများ ဆိုင်းငံ့ထားစေရန် အမိန့်ထုတ်ခဲ့သည်၊ ထို့ကြောင့် ပဲခူးတိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်ပေးရန်အတွက် ယခုတဖန် ဗဟိုတရားရုံးသို့ ဒေါ်ဆင့်က ပြင်ဆင်မှု တင်သွင်းခြင်း ဖြစ်သည်။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၁ အရ တရားရုံးသည် အမှုဖြစ်ပျက်သည့် အကြောင်းခြင်းရာအပေါ် မူတည်၍ တရားမျှတသည်ဟု ယူဆသောအမိန့်ကို မည်သည့်အခါတွင်မဆို အသုံးပြုနိုင်ခွင့်ရှိကြောင်း မှန်သော်လည်း ယင်းဥပဒေမှာ အခြားဥပဒေပြဋ္ဌာန်းချက်များ သီးခြားမရှိမှသာ ဖြစ်ပေါ်သော အခြေအနေကို သုံးသပ်၍ ဆောင်ရွက်နိုင်ခွင့်ပေးထားသော မူလဘူတ အာဏာဖြစ်သည်။

ဆိုင်းငံ့မိန့် ထုတ်ပြန်ခြင်းနှင့် စပ်လျဉ်း၍ တရားမ ကျင့်ထုံး အမိန့် ၄၁၊ နည်း ၅ တွင် အတည့်အလင်း ပြဋ္ဌာန်းချက်ရှိသည်။ ယင်းပြဋ္ဌာန်း

၁၉၇၉
ဒေါ်ဆင့် နှင့် ဦးခန့်ပါ(၂) ဒေါ်စိန်ရင် ဒေါ်ငြိမ်းပန်း ဒေါ်သိန်းညွန့်

ချက်အရ အယူခံခွင့်ရှိသော ဒီကရီကို အယူခံတင်သွင်းခွင့်ရှိသော ကာလ မကုန်မီ ယင်းဒီကရီကို ချမှတ်သည့် တရားရုံးကသော်လည်းကောင်း၊ အယူခံမှုရှိနေသောအခါတွင် အယူခံ တရားရုံးကသော် လည်းကောင်း ဇာရီပြုလုပ်ဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ထားရန် အမိန့် ချမှတ်နိုင်သည်။ ယခုဖြစ်ပွားသော ကိစ္စတွင် အယူခံအဆင့်ဆင့် ကုန်ဆုံးခဲ့ပြီး ဖြစ်သောကြောင့် တရားမကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၅ အရ ဆိုင်းငံ့မိန့် ထုတ်ရန် မဖြစ်နိုင်ချေ။ ထို့ကြောင့် လျှောက်ထားသူ ဒေါ်ဆင့်၏ ပြင်ဆင်မှုလျှောက်လွှာကို ခွင့်ပြုပြီး ပဲခူးတိုင်းတရားရုံးက ထန်းတပင်မြို့နယ်တရားရုံး တရားမဇာရီမှု အမှတ် ၁/၇၄၊ ၂/၇၄၊ ၃/၇၄နှင့် ၄/၇၄ အမှုများကို ဆိုင်းငံ့ထားရန် အမိန့်များကို ပယ်ဖျက်၍ ယင်းဇာရီမှုများကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် အမိန့်ချမှတ်လိုက်သည်။ ဤရုံးအတွက် ရှေ့နေစရိတ် တစ်မှုလျှင် ငွေကျပ် ၃၄/-စီသတ်မှတ်သည်။

# တရားမပြင်ဆင်မှု

## ဥက္ကဋ္ဌအဖြစ်ဦးသန့်စင်၊အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့်ဦးအေးမောင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## ဦးညွန့်အောင်ပါ(၂)

## နှင့်

## ဒေါ်ငွေးငွေးမြင့် *

† ၁၉၇၉
စက်တင်ဘာ
လ
၅ ရက်

ငြင်းချက်များ ထုတ်ပေးခြင်း– တရားမမှုများတွင် ငြင်းချက်များသည် အမှုကို အနိုင်အရှုံး အဆုံးအဖြတ်ပေးရာတွင် အရေးကြီးသည့် ပင်မ ကျောရိုးများဖြစ်ခြင်း မှန်ကန်၍ အဓိကကျသော ငြင်းချက်များ ထုတ်ပေးရန် အထူးလိုအပ်ခြင်း။

**ဆုံးဖြတ်ချက်**။ ။တရားမမှုများတွင် တရားလို၏အဆိုနှင့် တရားပြိုင်၏ အချေတို့ကို အသေးစိတ် သေချာဂရုစွာ စိစစ်အခြေပြု၍ ထုတ်နုတ်ပေးသည့် ကောက်ချက်များသည် အမှုကို အနိုင်အရှုံး အဆုံးအဖြတ်ပေးရာတွင် အဓိကအရေးကြီးသည့် ပင်မကျောရိုးများ ဖြစ်ပေသည်။ အမှုများ၏ တိကျမှန်ကန်သော အဆုံးအဖြတ်သည် ယင်းကောက်ချက်များတွင် မူတည်သည်။ သို့ဖြစ်ရာကား မှန်ကန်၍ အဓိကကျသော အခြေခံဖြစ်သည့် တစ်မှုလုံး၏ အနိုင်အရှုံးကို အဆုံးအဖြတ် ပေးနိုင်သော ကောက်ချက်များ ထုတ်ပေးရန် အထူးလိုအပ်လှပေသည်။ ဆိုခဲ့သည့်အတိုင်း မှန်ကန်သော ငြင်းချက်များကို ထုတ်ပေးနိုင်မှသာလျှင် အမှုကို အမြစ်ရင်းကစ၍ သိရှိကာ မည်သူရှုံးစေ၊ မည်သူနိုင်စေ ဟူသော ဆုံးဖြတ်ချက်ကို မှန်ကန်စွာ ချမှတ်ပေးနိုင်ပေလိမ့်မည်။

**လျှောက်ထားသူများအတွက်**— ဦးငွေးလှိုင်၊ဗဟိုတရားရုံးရှေ့နေ

**လျှောက်ထားခံရသူအတွက်** — ဦးဘိုးအောင်၊ ဦးဘစိန်၊ ဗဟိုတရားရုံးရှေ့နေများ

---

* ၁၉၇၈ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၃၈

† ၁၉၇၇ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၁၀ တွင် ချမှတ်သော (၁၇-၅-၇၈)နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး(၁)၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၉
ဦးညွန့်အောင်
ပါ (၂)
နှင့်
ဒေါ်ဌေးဌေး
မြင့်

ရန်ကုန်တိုင်း တရားရုံး၊ တရားမကြီးမှု အမှတ် ၁၁၀/၇၇ တွင် လျှောက်ထားခံရသူ ဒေါ်ဌေးဌေးမြင့်က လျှောက်ထားသူဦးညွန့်အောင်နှင့် ဒေါ်မြင့်မြင့် တို့အပေါ် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၉ နှင့် ၁၁ တို့အရ အချင်းဖြစ်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းကို လျှောက်ထားသူတို့က မတရားလက်ဝယ် ရယူ၍ လျှောက်ထားခံရသူအား လက်မဲ့ဖြစ်စေသည့်အတွက် ပြန်လည် လက်ရောက် ရယူလိုကြောင်းဖြင့် တရားစွဲဆိုခဲ့သည်။ ယင်းအမှုတွင် မူလ တရားရုံးက ကောက်ချက် ၇–ခု ထုတ်ခဲ့ရာ လျှောက်ထားခံရသူက ယင်းကောက်ချက် ၇-ချက်အနက် ကောက်ချက်အမှတ် ၄ နှင့် ၅ တို့မှာ အမှုနှင့် မသက်ဆိုင်သည့် အတွက် ပယ်ဖျက်ပေးရန် လျှောက်ထားခဲ့ သည်။ ယင်းလျှောက်ထားချက်နှင့် ပတ်သက်ပြီး မူလတရားရုံးက နှစ်ဘက်ကြားနာ၍ လျှောက်ထားခံရသူ တောင်းဆိုသည့်အတိုင်း ကောက်ချက်အမှတ် ၄ နှင့် ၅ တို့ကို ပယ်ဖျက်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဤပြင်ဆင်မှု လျှောက်လွှာကို လျှောက် ထား သူ တို့ က တင်သွင်းခြင်းဖြစ်သည်။

ကောက်ချက်အမှတ် ၄ နှင့် ၅ တို့မှာ အောက်ပါအတိုင်းဖြစ် သည်–

**ကောက်ချက်များ**

၄။ အချင်းဖြစ် နေအိမ် အဆောက်အအုံသည် ကွယ်လွန်သူ ဒေါ်ဒေါင်းချို ပိုင် ဖြစ်ပြီး တရားပြိုင်များသည် ကွယ်လွန် သူ ဒေါ်ဒေါင်းချို၏ အမွေဆိုင် အမွေပိုင်များ ဖြစ်သည် ဆိုခြင်းမှာ မှန်သလား။

၅။ တရားပြိုင်များ၏ သမီး မညွန့်ရီအား အဖွား ဖြစ် သူ ဒေါ်ဒေါင်းချိုက အချင်းဖြစ် အခန်းနှင့်တကွ ၎င်းပိုင်ဆိုင် ခွင့်အားလုံးကို မိသားစု စီမံချက်ဖြင့် ၁၉၇၄ ခု၊ ဇူလိုင်လ ထဲတွင် ပေးကမ်းထားခဲ့ပြီး ဖြစ်သည်ဆိုခြင်းမှာ မှန်သ လား။

တရားမမှုများတွင် တရားလို၏အဆိုနှင့် တရားပြိုင်၏ အချေကို အသေးစိတ် သေချာဂနစွာ စီစစ်အခြေပြု၍ ထုတ်နှုတ်ပေးသည့် ကောက်ချက်များသည် အမှုကို အနိုင်အရှုံး အဆုံးအဖြတ်ပေးရာတွင် အဓိကအရေးကြီးသည့် ပင်မကျောရိုးများဖြစ်ပေသည်။ အမှုများ၏

တိကျမှန်ကန်သော အဆုံးအဖြတ်သည် ယင်းကောက်ချက်များတွင် မူတည်သည်။ သို့ဖြစ်ရာကား မှန်ကန်၍ အဓိကကျသော အခြေခံဖြစ်သည့် တစ်မှုလုံး၏ အနိုင်အရှုံးကို အဆုံးအဖြတ်ပေးနိုင်သော ကောက်ချက်များ ထုတ်ပေးရန် အထူးလိုအပ်လှပေသည်။ ဆိုခဲ့သည့်အတိုင်း မှန်ကန်သော ငြင်းချက်များကို ထုတ်ပေးနိုင်မှသာလျှင် အမှုကို အမြစ်ရင်းကစ၍ သိရှိကာ မည်သူရှုံးစေ၊ မည်သူနိုင်စေဟူသော ဆုံးဖြတ်ချက်ကို မှန်ကန်စွာ ချမှတ်ပေးနိုင်ပေလိမ့်မည်။

၁၉၇၉ ဦးညွန့်အောင် ပ၊ (၂) နှင့် ဒေါ်ငွေးငွေး မြင့်

မူလရုံးတွင် အယူခံတရားပြိုင် စွဲဆိုသည့်အမှုမှာ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၉ နှင့် ၁၁ တို့အရ စွဲဆိုသည့် အမှုဖြစ်သည်။ ယင်းအမှုမျိုးတွင် တရားလိုသည် အမှုမစွဲဆိုမီ ၆ လအတွင်းက အချင်းဖြစ်သည့် ပစ္စည်းကို လက်ရှိဖြစ်မဖြစ်ဆိုသည့် အချက်နှင့် တရားပြိုင်များက တရားလိုအား ပစ္စည်းလက်ရှိအဖြစ်မှ ဖယ်ရှားခြင်း ဟုတ်မဟုတ်တို့မှာ အမှုကို အဆုံးအဖြတ်ပေးရာတွင် အဓိကကျသော အချက်များ ဖြစ်ပေသည်။ ဤအမှုတွင် ထုတ်ထားသည့် ကောက်ချက်အမှတ် ၄ နှင့် ၅ တို့မှာ ဆိုခဲ့သည့်အချက်များနှင့် မသက်ဆိုင်ပေ။ အမွေရရှိမှုနှင့် ပတ်သက်ပြီး အဆုံးအဖြတ်ပေးရမည့် ကောက်ချက်များသာလျှင် ဖြစ်ပေသည်။ ဤအမှုမှာ အမွေမှုမဟုတ်ခြင်းကြောင့် ယင်းကောက်ချက်များကို ဤအမှုအတွက် ထုတ်ပေးရန် မလိုအပ်ဟု ယူဆသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် တိုင်းတရားရုံး၏ အမိန့်မှာ မှန်ကန်သဖြင့် ဤပြင်ဆင်မှု လျှောက်လွှာကို ပလပ်လိုက်သည်၊ တရားစရိတ်ငွေကျပ် ၇၅/–ခွင့်ပြုသည်။

**တရားမ ဒုတိယ အယူခံမှု**

**ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးသန့်စင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်**

† ၁၉၇၆ **ဦးတင်**
စက်တင်ဘာ
လ **နှင့်**
၁၃ ရက်

**ဒေါ်လှညွန့်** *

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(စ) ဒုတိယစာပိုဒ်တွင် ပြဋ္ဌာန်းထားသည့် 'ပိုင်ရှင်' ဆိုသော စကားရပ်၏အဓိပ္ပာယ်–အမွေဆက်ခံခြင်းဖြင့် ဥပစာပိုင်ရှင်ဖြစ်လာသူ ကိုသာ ဆိုလိုခြင်း–မိဘမကွယ်လွန်မီ အမွေပေး၍ ရရှိပိုင်ဆိုင်လာသူ သည် ယင်းပြဋ္ဌာန်းချက်တွင် အကျုံး ဝင်မဝင်။**

**ဆုံးဖြတ်ချက်။** ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာဥပဒေ၊ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(စ) ဒုတိယစာပိုဒ်တွင်၊ အောက်ပါ အတိုင်း ပြဋ္ဌာန်းထားသည်။

သို့တည်းမဟုတ် ဤအပိုဒ်ပါ ကိစ္စအလို့ငှာ ပိုင်ရှင်ဆိုသည့်စကား ရပ်တွင်၊ ၁၉၄၅ ခုနှစ်၊ မေလ (၁) ရက်နေ့၌ ဆိုခဲ့သည့်ဥပစာပိုင်ရှင် ဖြစ်သူ၊ သို့တည်းမဟုတ်၊ ထိုနေ့ရက်နောက်မှ အမွေ ဆက်ခံခြင်းဖြင့် ထိုဥပဒေပိုင်ရှင်ဖြစ်လာသူမှတပါး အခြားမည်သူမျှ မပါဝင်စေရပါ။

ဤပြဋ္ဌာန်းချက်အရ ပိုင်ရှင်ဆိုသူမှာ အမွေဆက်ခံခြင်းဖြင့် ဥပစာ ပိုင်ရှင်ဖြစ်လာသူသာဖြစ်ပြီး မိဘမကွယ်လွန်မီ အမွေပေး၍ ရရှိပိုင်ဆိုင် လာသူကို ဆိုခြင်းမဟုတ်ပေ။ ဒေါ်လှညွန့်၏ မိခင် ဒေါ်ကြည်သည် ယခုအချိန်အထိ အသက်ရှင်လျက် ရှိသေးကြောင်းကို ဒေါ်လှညွန့်က

---

* ၁၉၇၇ ခုနှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ် ၆၅

†၊ ၁၉၇၆ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၁၆ တွင် ချမှတ်သော (၁၁-၆-၇၇)၊ နေ့စွဲပါ စစ်ကိုင်းတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

ငြင်းထားခြင်း မရှိပေ။ ထို့ကြောင့် ဒေါ်လှည္ဒန့်သည် မိခင်သေဆုံး၍ အမွေဆက်ခံခြင်းဖြင့် ပိုင်ဆိုင်လာသူ မဟုတ်သည်မှာ ထင်ရှားသည်။



**အယူခံတရားလိုအတွက်** — ဦးညွန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ

**အယူခံတရားပြိုင်အတွက်** — ဦးမြစိန်၊ ဗဟိုတရားရုံးရှေ့နေ

စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၄/၇၆ ၌ အယူခံတရားပြိုင်၊ ဒေါ်လှည္ဒန့် က အယူခံတရားလို ဦးတင် အပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(စ)အရ အိမ်နှင်လိုမှု စွဲဆိုခဲ့သည်။ မြို့နယ်တရားရုံးက အမှုကို ကြားနာစစ်ဆေးပြီး ဒေါ်လှည္ဒန့် စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်ပေးခဲ့သည်။ ယင်းအမိန့်ကို ဦးတင်က မကျေနပ်သဖြင့် စစ်ကိုင်းတိုင်း တရားရုံးသို့ အယူခံမှု လျှောက်ထားခဲ့သော်လည်း စစ်ကိုင်းတိုင်းတရားရုံး က အယူခံမှုကို ပလပ်သည့်အတွက် ဦးတင်က ဗဟိုတရားရုံးသို့ ဤဒုတိယ အယူခံမှုကို တင်သွင်းလျှောက်ထားခြင်း ဖြစ်သည်။

ရွှေဘိုမြို့၊ ကျီကုန်းရပ်ကွက်၊ ဦးပိုင်အမှတ် ၁(င)နှင့် ၁(စ)အကွက် နံပါတ် ၁၇ ရှိ မြေကွက်နှင့်အိမ်မှာ ဒေါ်လှည္ဒန့် အမွေရရှိပိုင်ဆိုင်သော မြေနှင့်အိမ်ဖြစ်သည်။ အဆိုပါ အိမ်ကို ဦးတင်က တစ်လ ငွေကျပ် ၁၀၀/-ဖြင့် ငှားရမ်းနေထိုင်သည်။ ဒေါ်လှည္ဒန့်က အချင်းဖြစ်အိမ်ကို ငှားရမ်းသည့်အခါက မိမိက ပြန်လည်အလိုရှိလျှင်၊ အချိန်အခါမရွေး ဖယ်ရှားပေးရမည်ဖြစ်ကြောင်း ဦးတင်နှင့် ပဋိညာဉ်ရှိခဲ့ကြောင်း၊ ယခု မိမိကိုယ်တိုင် နေထိုင်ရန်အတွက် အချင်းဖြစ်အိမ်ကို ပြန်လည်ရယူလို ကြောင်း။ သို့သော် ဦးတင်သည် ပဋိညာဉ်ကို လိုက်နာခြင်းမရှိ၊ ဖယ်ရှားပေးခြင်း မပြုကြောင်း အဆိုပြုထားသည်။ ဦးတင်က အချင်း ဖြစ်အိမ်ကို မိမိ၏ငွေဖြင့် စိုက်ထုတ်၍ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း၊ ဒေါ်လှည္ဒန့် တင်ပြပြောဆိုခဲ့သော ပဋိညာဉ်မျိုး မရှိခဲ့ကြောင်း ဒေါ်လှ ည္ဒန့်ကိုယ်တိုင် နေထိုင်ရန်အတွက် ပြန်လည်ရယူလိုသည်ဆိုသည်မှာ မဟုတ် ကြောင်း ချေပသည်။

ဤအယူခံမှုအတွက် ဦးတင် တင်ပြထားသော အဓိက အကြောင်း ပြချက်များမှာ အချင်းဖြစ်အိမ်ရှင်မှာ ဒေါ်လှည္ဒန့်၏ မိခင် ဒေါ်ကြည် ဖြစ်သဖြင့် အသက်ရှင်လျက်ရှိသော ဒေါ်ကြည်ထံမှ ဒေါ်လှည္ဒန့်သည်

၁၉၇၉ ဦးတင် နှင့် ဒေါ်လှည္ညန့်

အမွေဆက်ခံရရှိခဲ့ခြင်း မဟုတ်သည့်အလျောက် ၁၉၆၀ ပြည့်နှစ်မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဥပဒေ ပုဒ်မ ၁၂(၁)(စ)အရ ဒေါ်လှည္ညန့်အနေဖြင့် အမှုစွဲဆိုနိုင်ခြင်း မရှိသည့်အတွက် မြို့နယ်နှင့် တိုင်းတရားရုံးတို့၏ဆုံးဖြတ်ချက်နှင့် ဒီကရီမှာ မှားယွင်းသည်ဆိုသည့် အချက်ဖြစ်သည်။

မြို့နယ်တရားရုံး၏ အမှုတွဲကို ကြည့်ရှုလေ့လာသည့်အခါ ဒေါ်လှည္ညန့်သည် အဆိုလွှာအပိုဒ်(၁)အားဖြင့် အချင်းဖြစ်မြေနှင့်အိမ်မှာ အမွေရရှိပိုင်ဆိုင်ခဲ့သည်ဆိုသည့် အချက်အပေါ် အခြေပြု၍ ၁၉၆၀ပြည့်နှစ်မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(စ)အရ အမှုစွဲခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ဦးတင်သည် ယင်းအချက်နှင့်ပတ်သက်၍ ငြင်းထားခြင်းမရှိပေ။ သို့ရာတွင် ယင်းအချက်မှာ ဥပဒေပြဿနာဖြစ်၍ တရားရုံးအနေဖြင့် ယင်းသို့ အမွေရရှိပိုင်ဆိုင်မှုသည် ၁၉၆၀ ပြည့်နှစ်မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂(၁)(စ)ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း ရှိမရှိကိုမူ စိစစ်သုံးသပ်ရန် လိုအပ်သည်။ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှသာ ပုဒ်မပါ အကျိုးကျေးဇူးကို ခံစားနိုင်ပေသည်။

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(စ) ဒုတိယစာပိုဒ်တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

**သို့တည်းမဟုတ်** ဤအပိုဒ်ပါ **ကိစ္စ**အလို့ငှာ ပိုင်ရှင်ဆိုသည့်စကားရပ်တွင် ၁၉၄၅ ခုနှစ်၊ မေလ(၁)ရက်နေ့၌ ဆိုခဲ့သည့်ဥပစာပိုင်ရှင်ဖြစ်သူသို့တည်းမဟုတ် ထိုနေ့ရက် နောက်မှ အမွေဆက်ခံခြင်းဖြင့် ထိုဥပစာပိုင်ရှင်ဖြစ်လာသူမှတပါး အခြား မည်သူမျှ မပါဝင်စေရပါ။

ဤပြဋ္ဌာန်းချက်အရ ပိုင်ရှင်ဆိုသူမှာ အမွေဆက်ခံခြင်းဖြင့် ဥပစာပိုင်ရှင်ဖြစ်လာသူသာဖြစ်ပြီး၊ မိဘမကွယ်လွန်မီ အမွေပေး၍ ရရှိပိုင်ဆိုင်လာသူကို ဆိုခြင်းမဟုတ်ပေ။ ဒေါ်လှည္ညန့်၏ မိခင် ဒေါ်ကြည်သည် ယခုအချိန်အထိ အသက်ရှင်လျက် ရှိသေးကြောင်းကိုဒေါ်လှည္ညန့်ကငြင်းထားခြင်း မရှိပေ။ ထို့ကြောင့် ဒေါ်လှည္ညန့်သည် မိခင်သေဆုံး၍ အမွေဆက်ခံခြင်းဖြင့် ပိုင်ဆိုင်လာသူ မဟုတ်သည်မှာ ထင်ရှားသည်။

ထို့ပြင် ဒေါ်လှည္ညန့်က သက်သေခံ (င) အဖြစ် တင်သွင်းခဲ့သော ၁၅-၉-၇၅ ရက်နေ့စွဲပါဒေါ်လှည္ညန့်ထံမှ ရပ်ကွက် ပြည်သူ့ကောင်စီဥက္ကဋ္ဌ

ထံသို့ပေးပို့ခဲ့သည့်တိုင်ကြားစာအရ အချင်းဖြစ် မြေနှင့်အိမ်ကို ဒေါ်လှ ညွန့်သည် ဖခင်ဖြစ်သူ ဦးမောင်မောင် မသေဆုံးမီက အမည်လွှဲပြောင်း ပေးသဖြင့် ရရှိခဲ့ကြောင်း တမျိုးဘဖုံ တင်ပြထားသည်ကို တွေ့ရသည်။

၁၉၇၉ ဦးတင် နှင့် ဒေါ်လှညွန့်

ထို့ကြောင့် ဒေါ်လှညွန့် သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(စ)အရ တရားတထုံးစွဲဆို နိုင်သည်။ ပိုင်ရှင်မဟုတ်သဖြင့် ယင်းပုဒ်မအရ ဦးတင်အပေါ် တရား တထုံး စွဲဆိုနိုင်မည် မဟုတ်ချေ။

သို့ဖြစ်၍ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ ဆုံးဖြတ်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ အယူခံတရားပြိုင် ဒေါ်လှညွန့်စွဲဆိုသော အမှုကို တရားရုံး အဆင့်ဆင့်တို့၏ စရိတ်နှင့်တကွ ပလပ်လိုက်ကြောင်း အမိန့် ချမှတ်သည်။

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန် နှင့် ဦးသန့်စင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉ ဇူလိုင်လ ၄ ရက်

ဦးတင်မြင့်

နှင့်

ဦးစိုးတင် *

**တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်း ၁—ယာယီ တားဝရမ်းထုတ် ပေးရန် လျှောက်ထားသောကိစ္စတွင် ထည့်သွင်းစဉ်းစားရမည့် အခြေခံချက်များ။**

**ဆုံးဖြတ်ချက်။** ။တရားမမှုများတွင် တရားမကျင့်ထုံး အမိန့် ၃၉ နည်းဥပဒေ ၁ အရ၊ ယာယီတားဝရမ်း ထုတ်ပေးရန် လျှောက်ထားလျှင် ထုတ်ပေးသင့်မသင့် စဉ်းစားသည့်အခါ အောက်ပါအချက်အလက်များကို အခြေခံ၍ ထည့်သွင်းစဉ်းစားရပေသည်—

(၁) တရားရုံးအရှေ့ရှိ အကြောင်းခြင်းရာ အချက်အလက်များအရ ပစ္စည်းပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး၊ တရားရုံးကဆုံးဖြတ်ရန် အငြင်းပွားမှု တကယ်ပင် ရှိမရှိ။

(၂) အငြင်းပွားနေသည့် ပစ္စည်းသည် ပျက်စီးယိုယွင်းခြင်း၊ အလဟဿဖြစ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်က ယင်းပစ္စည်းကို လွှဲပြောင်းခြင်း ပြုလုပ်ရန် စိုးရိမ်ဖွယ်ရာ ရှိမရှိ။

(၃) ယင်းစိုးရိမ်ကြောင့်ကြမှုသည် ယခုချက်ခြင်း စိုးရိမ်ကြောင့်ကြမှု ဖြစ်ခြင်း။

(၄) အမှုပြီးစီးသည့်အခါ အမှုအတောအတွင်း ယာယီတားဝရမ်း ထုတ်ပေးခြင်းကြောင့် သို့မဟုတ် မထုတ်ပေးပဲထားခြင်းကြောင့် တဘက်အား နစ်နာမှုဖြစ်ခြင်း၊ ယင်းနစ်နာမှုသည် ငွေကြေးဖြင့် ကုစား၍ မရနိုင်သောနစ်နာမှုဖြစ်ခြင်း။

---

* ၁၉၇၈ ခုနှစ်၊ တရားမ အထွေထွေအယူခံမှု အမှတ် ၃၈

† ၁၉၇၈ ခုနှစ်၊ တရားမကြီးမှု အမှတ် ၄၃ တွင် ချမှတ်သော (၁၄-၉-၇၈) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၇၉
ဦးတင်မြင့်
နှင့်
ဦးစိုးတင်

**အယူခံတရားလိုအတွက်** — ဦးထွန်းဝင်း၊ ဗဟိုတရားရုံးရှေ့နေ
**အယူခံတရားပြိုင်အတွက်** — ဦးမောင်မောင်ကြီး၊ ဗဟိုတရားရုံးရှေ့နေ

ရန်ကုန်တိုင်းတရားရုံး၊တရားမကြီးမှု အမှတ် ၄၃/၇၈ တွင် အယူခံတရားပြိုင် ဦးစိုးတင်က ၎င်းထုတ်လုပ်ဖြန့်ချိ ရောင်းချသော"ဦးချိန်တိ၏ အစာကြေ အားတိုးဆေးလုံး" ဆေးပုလင်းများပေါ်တွင် ကပ်ထားသည့် ကုန်အမှတ်တံဆိပ်တို့ကို အယူခံတရားလို ဦးတင်မြင့်က တုပ၍ ဆင်တူရိုးမှား ပြုလုပ်ပြီးလျှင် ၎င်း၏ အစာကြေအားတိုးဆေး ထုတ်လုပ်ဖြန့်ချိ ရောင်းချရာ၌ ပုလင်းများအပေါ်တွင် ဆင်တူရိုးမှားတံဆိပ်များကိုကပ်၍ ရောင်းချခြင်းကြောင့် အယူခံတရားပြိုင် ဦးတင်မြင့် အပေါ် နစ်နာကြေးရလိုမှုနှင့် တံဆိပ်ကိုတုပခြင်းနှင့် ဆင်တူရိုးမှား မပြုလုပ်စေရန် တားကွယ်တားမြစ်ပေးစေလိုမှု စွဲဆိုခဲ့သည်။

ထိုသို့စွဲဆိုပြီးနောက် အယူခံတရားပြိုင်က အယူခံတရားလိုသည် အမှုအတောအတွင်း အခင်းဖြစ် ကုန်အမှတ်တံဆိပ်ကို အသုံးမပြုရန် ယာယီတားဝရမ်း ထုတ်ပေးရန်လိုကြောင်း တရားမကျင့်ထုံးအမိန့် ၃၉၊နည်းဥပဒေ(၁)အရ လျှောက်ထားခဲ့သည်။ မူလတိုင်းတရားရုံးက ကြားဖြတ်ယာယီ တားဝရမ်း ထုတ်ပေးပြီးနောက် နှစ်ဘက်ကြားနာပြီး အမှုအတောအတွင်း ယာယီတားဝရမ်း ထုတ်ပေးရန်အမိန့် အတည်ပြုလိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ အယူခံတရားလိုက ဗဟိုတရားရုံးသို့ ဤအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

အယူခံတရားပြိုင် စွဲဆိုသည့်အမှုမှာ အယူခံတရားလိုသည် အယူခံတရားပြိုင် ထုတ်လုပ်သည့် ဦးချိန်တိ အစာကြေ အားတိုးဆေးလုံးကို ပုလင်းအရွယ်အစား၊ ဆေးပုလင်းပုံစံ၊ ကုန်အမှတ်တံဆိပ်၊ ခေါင်းစည်းနှင့် အရောင်အသွေးပုံစံ အနေအထားနှင့် စကားလုံး၊ စာသားစာရေးမျိုးတူစသည်များကို တုပ၍လည်းကောင်း၊ ဆင်တူရိုးမှား ပြုလုပ်၍လည်းကောင်း ရောင်းချခြင်းဖြင့် အယူခံတရားပြိုင်၏ အစာကြေအားတိုးဆေး စားသုံးသူများအား မှားယွင်းစေရန်နှင့် ထင်ယောင်ထင်မှားဖြစ်စေရန်အတွက် မရိုးမဖြောင့်ပဲ ရိုက်နှိပ်သုံးစွဲလျက် တုပ၍ဆင်တူရိုးမှား ပြုလုပ်ခြင်းကြောင့် စွဲဆိုသည့်အမှုဖြစ်သည်။

အယူခံမှုတွင် ဆုံးဖြတ်ရန်အချက်မှာ မူလတိုင်းတရားရုံးက ထုတ်ထားသည့် ယာယီတားဝရမ်းကို ပယ်ဖျက်ပေးရန် သင့်မသင့်ဟူသော အချက်ပင်ဖြစ်သည်။

၁၉၇၉
ဦးတင်မြင့်
နှင့်
ဦးစိုးတင်

တရားမမှုများတွင် တရားမကျင့်ထုံး အမိန့် ၃၉၊ နည်းဥပဒေ ၁ အရ ယာယီတားဝရမ်း ထုတ်ပေးရန် လျှောက်ထားလျှင် ထုတ်ပေးသင့် မသင့် စဉ်းစားသည့်အခါ အောက်ပါအချက်အလက်များကို အခြေခံ၍ ထည့်သွင်းစဉ်းစားရပေသည်—

(၁) တရားရုံးအရှေ့ရှိ အကြောင်းခြင်းရာ အချက်အလက်များအရ ပစ္စည်းပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး၊ တရားရုံးက ဆုံးဖြတ်ရန် အငြင်းပွားမှု တကယ်ပင် ရှိမရှိ။

(၂) အငြင်းပွားနေသည့် ပစ္စည်းသည် ပျက်စီးယိုယွင်းခြင်း၊ အလဟဿဖြစ်ခြင်း၊ သို့မဟုတ် တစ်ဦးတယောက်က ယင်းပစ္စည်းကို လွှဲပြောင်းခြင်း ပြုလုပ်ရန် စိုးရိမ်ဖွယ်ရာ ရှိမရှိ။

(၃) ယင်းစိုးရိမ်ကြောင့်ကြမှုသည် ယခုချက်ချင်း စိုးရိမ်ကြောင့်ကြမှုဖြစ်ခြင်း။

(၄) အမှုပြီးစီးသည့်အခါအမှုအတောအတွင်း ယာယီတားဝရမ်း ထုတ်ပေးခြင်းကြောင့် သို့မဟုတ် မထုတ်ပေးပဲ ထားခြင်းကြောင့် တဘက်အား နစ်နာမှုဖြစ်ခြင်း၊ ယင်းနစ်နာမှုသည် ငွေကြေးဖြင့် ကုစား၍မရနိုင်သော နစ်နာမှုဖြစ်ခြင်း။

ယခုအမှု၌ ရုံးရှေ့ရှိ အကြောင်းအခြင်းအရာ အချက်အလက်များအရ ပစ္စည်းပိုင်ဆိုင်မှုနှင့် ပတ်သတ်ပြီး နှစ်ဘက်အမှုသည်များ တကယ်အငြင်းပွားမှုရှိနေကြောင်း ပေါ်လွင်ပေသည်။

ဤအမှုတွင် အကယ်၍ တရားလို အနိုင်ရရှိမည်ဆိုလျှင် အမှုအတောအတွင်း ယာယီတားဝရမ်း ထုတ်ပေးထားခြင်းမရှိလျှင် တရားပြိုင်က အငြင်းပွားနေသည့် ကုန်အမှတ်တံဆိပ် အသုံးပြုပြီး၊ အစာကြေအားတိုးဆေးကို ထုတ်လုပ်ဖြန့်ချိ ရောင်းချသည့် အတွက် တရားလိုအဖို့ ငွေကြေးဖြင့် ကုစား၍ မရနိုင်သော နစ်နာဆုံးရှုံးမှုကို ခံစားရမည်မှာ မုချမလွဲပေ။

အမှုပြီးဆုံးသည့်အခါ အကယ်၍ တရားပြိုင် အနိုင်ရရှိပါက တားဝရမ်း ထုတ်ပေးထားခြင်းကြောင့် အငြင်းပွားသည့် ကုန်အမှတ်တံဆိပ်ဖြင့်

ပစ္စည်းထုတ်လုပ်ရောင်းချခြင်း မပြုလုပ်ရသည့်အတွက် မည်ရွှိမည်မျှ ဆုံးရှုံးခဲ့သည်ကို တွက်ချက်ရန် လွယ်ကူမည်ဖြစ်သည်။

၁၉၇၉
ဦးထင်မြင့်
နှင့်
ဦးစိုးတင်

သို့ပါ၍ အမှုပြီးဆုံးသည့်အခါ နစ်ဘက်မှ ရရှိနိုင်မည့် ဆုံးရှုံးမှုများကို ချိန်ဆလိုက်လျှင် တရားလို ရရှိနိုင်မည့် ဆုံးရှုံးမှုမှာ ငွေကြေးဖြင့် ကုစား၍မရနိုင်သည့် ဆုံးရှုံးမှုမျိုး ဖြစ်သည်ဟု ယူဆရပေသည်။

ထို့အပြင် ယာယီတားဝရမ်းတုတ်ပေးခြင်းမှာ မူလတရားရိုးအနေနှင့် ဆင်ခြင်တုံတရား လက်ဝယ်ထား၍ မိမိပင်ကိုယ်ဉာဏ် သုံးစွဲလျက် ဆောင်ရွက်မှုသာဖြစ်သည်။ ဤသို့ ဆောင်ရွက်မှုမျိုးတွင် အယူခံတရားရိုးအနေနှင့် လွယ်လင့်တကူ ဝင်ရောက်စွက်ဖက်လေ့ မရှိပေ။

အထက်ဖော်ပြပါ အကြောင်းများကို ထောက်ရှုခြင်းအားဖြင့် မူလရုံး၏အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိသဖြင့် ဤအယူခံကို ပယ်လိုက်သည်။ အကျိုးဆောင်စရိတ် ငွေကျပ် ၇၅/-ခွင့်ပြုသည်။

## တရားမ ပြင်ဆင်မှု / ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင် နှင့် ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

**ဦးစောင်မြင့်**

နှင့်

**ဒေါ်သန်းမြ ***

†၁၉၇၉ အောက်တိုဘာလ ၂၅ ရက်

**တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်း ၁၀ ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အနိုင်ဒီကရီချမှတ်ပေးခြင်းကိစ္စ**–တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၉ အရ တရားရုံးသည် မည်သည့်အချိန်အခါမဆို ဖြည့်စွက်အချေလွှာတင်၍ တောင်းဆိုနိုင်ခြင်း– ယင်းသို့ တောင်းဆိုသည်ကို အမှုသည်က လိုက်နာရခြင်း မရှိသည့်အခါမျိုးမှသာ တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်း ၁၀ အရ လုပ်ပိုင်ခွင့်ကိုကျင့်သုံးရခြင်း–တရားပြိုင်နှင့် ယင်း၏အကျိုးဆောင်တို့ ပျက်ကွက်သောကိစ္စတွင် တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်း ၆ နှင့်အညီ တဘက်သတ် စစ်ဆေးဆုံးဖြတ်ပေးရန်သာဖြစ်ခြင်း။

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၉ ၌ တင်သွင်းပြီး ချေလွှာအပြင် ခုခံလိုသည့်ကိစ္စရပ်မှုလဲ၍ တရားပြိုင်သည် တရားရုံးက ခွင့်ပြုသည့်အခါမှတပါး နောက်ထပ် ချေလွှာတင်ခွင့်မရှိကြောင်း ပြဋ္ဌာန်းထားသည်။ ထို့အပြင် တရားရုံးသည် မည်သည့်အချိန်အခါမဆို မည်သည့်အမှုသည်ထံမှ ဖြစ်စေ၊ ဖြည့်စွက်ချေလွှာ တောင်းဆိုနိုင်ကြောင်းကိုလည်း ထည့်သွင်းပြဋ္ဌာန်းထားသည်။ တရားရုံးက ထိုသို့တောင်းဆိုခဲ့သည်ကို သက်ဆိုင်ရာ အမှုသည်က လိုက်နာခြင်း မရှိသည့်အခါမျိုးမှသာ တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၁၀ ကို ကျင့်သုံးရသည်။ ယခုအမှုမှာ ထိုကဲ့သို့ အခြေအနေမျိုး ပေါ်ပေါက်ခြင်း မရှိပေ။ တရားပြိုင်နှင့် ယင်း၏အကျိုးဆောင်တို့၏ ပျက်ကွက်ကြခြင်းသာ

---

* ၁၉၇၈ ခုနှစ်၊ တရားမ ပြင်ဆင်မှု / ဒုတိယအယူခံမှု အမှတ် ၈၁ / ၁၁၆

†၊ ၁၉၇၈ ခုနှစ်၊ တရားမ ပြင်ဆင်မှု / အယူခံမှု အမှတ် ၉၅ / ၁၂၈ တွင် ချမှတ်သော (၁၈-၉-၇၈) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏အမိန့်ကို ပြင်ဆင်မှု/စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

ဖြစ်သည်။ ထိုကဲ့သို့ ပျက်ကွက်လျှင် တရားရုံးသည် တရားမကျင့်ထုံး ဥပဒေအမိန့် ၉၊ နည်း ၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တဘက်သတ် စစ်ဆေးကြားနာ အဆုံးအဖြတ်ပေးရန် ဖြစ်သည်။ ဤကဲ့သို့ ဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရန်ကို မြို့နယ်တရားရုံးက ဆောင်ရွက် ခဲ့ခြင်းမရှိသဖြင့် ဒေါ်သန်းမြ စွဲဆိုသောအမှုကို ဒီကရီချမှတ်ပေးခဲ့ခြင်း မှာ မှားယွင်းချတ်ချော်နေသည်ဟု ဆိုရပေမည်။ ၁၉၇၉ ဦးတင်မြင့် နှင့် ဒေါ်သန်းမြ

**အယူခံတရားလိုအတွက်** — ဦးမောင်(သာယာဝတီ) နှင့် ဒေါ်ခင်ခင်သွင်၊ ဗဟိုတရားရုံးရှေ့နေများ

**အယူခံတရားပြိုင်အတွက်** — ဦးစံသိန်း(၂)၊ ဗဟိုတရားရုံးရှေ့နေ

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပ မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၅/၇၈ ၌ လျှောက်ထားခံရသူ ဒေါ်သန်းမြက လျှောက်ထား သူ ဦးတင်မြင့်အပေါ် အခမဲ့အသုံးပြုခွင့် ပေးထားသော ဆိုင်ခန်းမှ ဖယ်ရှားထွက်ခွာသွားစေလိုမှု စွဲဆိုခဲ့သည်။ ဦးတင်မြင့်သည် တရားရုံးသို့ လာရောက်ရန် ပျက်ကွက်သဖြင့် မြို့နယ်တရားရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ဂ၊ နည်း ၁၀ အရ ဒေါ်သန်းမြ စွဲဆိုသောအမှုကို ဒီကရီချမှတ် ပေးခဲ့သည်။ ဦးတင်မြင့်က ချမှတ်ခဲ့သော ဒီကရီကို ပယ်ဖျက်၍ အမှုကို ပြန်လည်ဖွင့်လှစ် စစ်ဆေးပေးပါရန် မြို့နယ်တရားရုံးသို့ လျှောက်ထားခဲ့ သည်။ ယင်းလျှောက်လွှာမှာ ကာလစည်းကမ်းသတ် ကျော်လွန်သဖြင့် မြို့နယ်တရားရုံးက ပယ်ခဲ့သည်။ ယင်းအမိန့်ကို ဦးတင်မြင့်က မကျေနပ် သဖြင့် ရန်ကုန်တိုင်းတရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားခဲ့သော်လည်း ရန်ကုန်တိုင်းတရားရုံးက ပြင်ဆင်မှုကို ပလပ်လိုက်သည့်အတွက် ဦးတင် မြင့်က ဗဟိုတရားရုံးသို့ တရားမပြင်ဆင်မှု အမှတ် ဂ၁/၇ဂ ကို လျှောက်ထားခဲ့သည်။ ဦးတင်မြင့်သည် တဘက်သတ်ဒီကရီနှင့် ပတ်သက် ၍လည်း ရန်ကုန်တိုင်းတရားရုံးသို့ အယူခံ ဝင်ရောက်ခဲ့သည်။ ရန်ကုန် တိုင်းတရားရုံးက တဘက်သတ်ဒီကရီနှင့် ပတ်သက်သည့် အယူခံမှုကိုလည်း ပလပ်လိုက်သဖြင့် ဦးတင်မြင့်က ဗဟိုတရားရုံးသို့ တရားမဒုတိယအယူခံမှု အမှတ် ၁၁၆/၇ဂ ကို လျှောက်ထားခဲ့သည်။ တရားမပြင်ဆင်မှုအမှတ် ဂ၁/၇ဂ နှင့် တရားမ ဒုတိယအယူခံမှု အမှတ် ၁၁၆/၇ဂ တို့မှာ အခြေခံ အကြောင်းကိစ္စရပ် တစ်ခုတည်းမှ ပေါက်ဖွား လာသော အမှုများဖြစ်၍ ဤအမိန့်သည် ယင်းအမှုနှစ်မှုစလုံးနှင့် သက်ဆိုင်စေရ မည်။

၁၉၇၉ ဦးတင်မြင့် နှင့် ဒေါ်သန်းမြ

မြို့နယ်တရားရုံး အမှုတွဲကို ကြည့်ရှုလေ့လာသည့်အခါ ဦးတင်မြင့်နှင့် ယင်း၏အကျိုးဆောင်တို့သည် ၁၉၇၈ ခုနှစ်၊ ဧပြီလ(၃)ရက်နေ့တွင် တရားရုံးသို့ လာရောက်ရန် ပျက်ကွက်သဖြင့် ဒေါ်သန်းမြက တဘက်သတ်အမိန့် ချမှတ်ပေးရန် တောင်းဆိုခဲ့သဖြင့် မြို့နယ်တရားရုံးသည် ၁၉၇၈ ခုနှစ်၊ ဧပြီလ(၁၃)ရက်နေ့တွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၁၀ အရ ဒေါ်သန်းမြအား ဒီကရီ ချပေးခဲ့ကြောင်း တွေ့ရှိရသည်။ ၁၉၇၈ ခုနှစ်၊ ဇွန်လ(၁၃)ရက်နေ့တွင် ဦးတင်မြင့်က အမှုကိုပြန်လည်ဖွင့်လှစ် စစ်ဆေးပေးရန်အတွက် လျှောက်ထားခဲ့သည်။ ယင်းသို့ လျှောက်ထားခြင်းမှာ ကာလစည်းကမ်းသတ် ဥပဒေနောက်ဆက်တွဲဇယား(၁) အပိုဒ် ၁၆၄ အရ သတ်မှတ်ထားသောရက်ပေါင်း (၃၀)ထက် ကျော်လွန်နေ၍ မြို့နယ်တရားရုံးက လျှောက်လွှာကို ပယ်ခဲ့သည်။

ဦးတင်မြင့်က ကာလစည်းကမ်းသတ် ကျော်သည်ကိုမငြင်းပေ။ မိမိကို မကောင်းဆိုးဝါး အခြောက်ခံရ၍လန့်ပြီး သည်းခြေပျက်သွားခဲ့သဖြင့် သတိလက်လွတ်ရှိနေခဲ့သည့်အတွက် တရားရုံးသို့ လာရောက်ရန် ပျက်ကွက်ရခြင်းဖြစ်ကြောင်း၊ လျှောက်လွှာကို ကာလစည်းကမ်းသတ် ကျော်မှ တင်သွင်းရခြင်းဖြစ်ကြောင်း တင်ပြခဲ့သည်။ သို့ရာတွင် ယင်းတင်ပြချက်မှာ လက်ခံနိုင်သည့် အကြောင်းပြချက် မဟုတ်ပေ။ ဦးတင်မြင့် ကိုယ်တိုင် မလာနိုင်ပါက ယင်း၏အကျိုးဆောင် တရားရုံးသို့ လာရောက်ရန်ဖြစ်သည်။ ယခုမူ ဦးတင်မြင့်၏ အကျိုးဆောင်လည်း တရားရုံးသို့ လာရောက်ခြင်း မရှိပေ။ ထို့ကြောင့် မြို့နယ်တရားရုံး၏ အမိန့်သည် မှားယွင်းခြင်းမရှိ၊ ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်သည်ဟု ဆိုရပေမည်။

မြို့နယ်တရားရုံးက ဦးတင်မြင့်နှင့် ယင်း၏အကျိုးဆောင် လာရောက်ရန် ပျက်ကွက်သဖြင့် တရားမကျင့်ထုံး ဥပဒေအမိန့် ၈၊ နည်း ၁၀ ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဒေါ်သန်းမြအား အနိုင်ဒီကရီ ချပေးခဲ့ခြင်းမှာ ဥပဒေပြဋ္ဌာန်းချက် ညီညွတ်ခြင်း ရှိမရှိ ဆက်လက် သုံးသပ်ရန် လိုအပ်သည်။ တရားမကျင့်ထုံး ဥပဒေအမိန့် ၈၊ နည်း ၉ ၌ တင်သွင်းပြီး ချေလွှာအပြင် ခုခံမိသည်ကိုစွဲရပ်မှုလဲ့၍ တရားပြိုင်သည် တရားရုံးကခွင့်ပြုသည့်အခါမှတပါး နောက်ထပ်ချေလွှာတင်ခွင့် မရှိကြောင်း ပြဋ္ဌာန်းထားသည်။ ထို့အပြင် တရားရုံးသည် မည်သည့်အချိန်အခါမဆို မည်သည့်

အမှုသည်ထံမှဖြစ်စေ၊ ဖြည့်စွက်ချေလွှာ တောင်းဆိုနိုင်ကြောင်းကိုလည်း ထည့်သွင်းပြဋ္ဌာန်းထားသည်။ တရားရုံးက ထိုသို့ တောင်းဆိုခဲ့သည်ကို သက်ဆိုင်ရာအမှုသည်က လိုက်နာခြင်းမရှိသည့် အခါမျိုးမှသာ တရားမ ကျင့်ထုံးဥပဒေအမိန့် ၈၊ နည်း ၁၀ ကို ကျင့်သုံးရသည်။ ယခုအမှုမှာ ထိုကဲ့သို့ အခြေအနေမျိုး ပေါ်ပေါက်ခြင်းမရှိပေ။ တရားပြိုင်နှင့် ယင်း၏အကျိုးဆောင်တို့၏ ပျက်ကွက်ကြခြင်းသာ ဖြစ်သည်။ ထိုကဲ့သို့ ပျက်ကွက်လျှင် တရားရုံးသည် တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်း ၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တဘက်သတ် စစ်ဆေးကြားနာ အဆုံး အဖြတ်ပေးရန် ဖြစ်သည်။ ဤကဲ့သို့ ဥပဒေ ပြဋ္ဌာန်းချက်နှင့် အညီ ဆောင်ရွက်ရန်ကို မြို့နယ်တရားရုံးက ဆောင်ရွက်ခဲ့ခြင်း မရှိသဖြင့် ဒေါ်သန်းမြစွဲဆိုသော အမှုကို ဒီကရီ ချမှတ်ပေးခဲ့ခြင်းမှာ မှားယွင်း ချွတ်ချော်နေသည်ဟု ဆိုရပေမည်။ ၁၉၇၉ ဦးတင်မြင့် နှင့် ဒေါ်သန်းမြ

သို့ဖြစ်၍ တရားမပြင်ဆင်မှု အမှတ် ၈၁/၇၀ ကို ပလပ်လိုက်သည်။ တရားမဒုတိယအယူခံမှု အမှတ် ၁၁၆/၇၀ ကို ခွင့်ပြုသည်။

မြို့နယ်တရားရုံးသည် ဒေါ်သန်းမြ စွဲဆိုသောအမှုကို တဘက်သတ် ကြားနာစစ်ဆေး အဆုံးအဖြတ်ပေးရန် အမိန့်ချမှတ်သည်။ ဤအမိန့် အတွက် စရိတ်မချမှတ်။

## တရားမပြင်ဆင်မှု

ဦးကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့်ဦးသန့်စင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆
ဧပြီလ
၂၀ ရက်

**ဒေါ်ထွေးခင်**

နှင့်

**ဒေါ်တင်မြ***

**တရားမကျင့်ထုံး ဥပဒေအမိန့် ၈၊ နည်း ၆—ခုနှိမ်ခွင့်နှင့် ပြန်လှန်တောင်းဆိုခြင်းတို့၏ ခြားနားချက်—တရားကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၆ သည် ပြန်လှန်တောင်းဆိုခြင်းနှင့် သက်ဆိုင်ခြင်းမရှိ။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၆ တွင် ဖော်ပြထားသော ခုနှိမ်ခွင့်သည် ငွေရရန်စွဲဆိုမှု၌ တောင်းဆိုသောငွေထဲမှ ငွေကြေး တစုံတရာ ခုနှိမ်ခွင့်ကို ဆိုလိုသည်။ အမွေပုံပစ္စည်းများကို အုပ်ချုပ်ထိန်းသိမ်း စီမံခန့်ခွဲပေးစေလိုမှု၌ ခွဲဝေပေးရန် စာရင်းပေးထားသည့်အိမ်သည် ကွယ်လွန်သူ အမွေရှင် လုံးလုံးလျားလျား ပိုင်ဆိုင်သည့်အိမ်မဟုတ်ပါ။ ကွယ်လွန်သူနှင့် မိမိတို့ တယောက်တဝက်စီ ပိုင်သည့်အိမ်ဖြစ်၍ ခွဲဝေရာတွင် မိမိပိုင်ဆိုင်သည့်တဝက်ကို ထည့်သွင်းခွဲဝေခြင်းမပြုမိစေရန် ထိုအိမ်တွင် မိမိတဝက်ပိုင်ဆိုင်ခွင့်ရှိကြောင်း တရားရုံးမှ မြွက်ဟကြေငြာပေးပါရန် တောင်းဆိုခြင်းသည် ပြန်လှန်တောင်းဆိုခြင်းသာဖြစ်၍ ခုနှိမ်ခွင့်ပြုရန် တောင်းဆိုခြင်းမဟုတ်ပေ။ တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၆ သည် ပြန်လှန် တောင်းဆိုခြင်းနှင့် မသက်ဆိုင်၊ ပြန်လှန် တောင်းဆိုခြင်းကို ပိတ်ပင်ခြင်းလည်း မပြုချေ။ ထို့ကြောင့် ဤဥပဒေအရ အမွေဆိုင်ပစ္စည်းများကို အုပ်ချုပ်ထိန်းသိမ်း စီမံခန့်ခွဲပေးစေလိုမှုတွင် ပြန်လှန်တောင်းဆိုခြင်း မပြုနိုင်လု မူလရုံး၏ ကောက်ယူဆုံးဖြတ်ချက်သည် မှားယွင်းပေသည်။

---

* ၁၉၇၇ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၃

† ၁၉၇၆ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅ (စမ်းချောင်း) တွင် ချမှတ်သော (၂၄-၁၁-၇၆) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

**လျှောက်ထားသူအတွက်** — ဦးတင်ဝင်း၊ ဗဟိုတရားရုံးရှေ့နေ
**လျှောက်ထားခံရသူအတွက်** — ဦးသန်းမောင်နှင့် ဒေါ်ရီရီခင်၊
ဗဟိုတရားရုံးရှေ့နေများ

၁၉၇၉
ဒေါ်ထွေးခင်
နှင့်
ဒေါ်တင်မြ

လျှောက်ထားခံရသူ ဒေါ်တင်မြက တရားလိုပြုလုပ်၍ လျှောက်ထားသူ ဒေါ်ထွေးခင်နှင့် အခြား ၄ ဦးတို့အား တရားပြိုင်များအဖြစ်ထားကာ မိမိတို့အားလုံး၏ အစ်မဖြစ်သော ဒေါ်ညွန့်တင် သေဆုံးစဉ်က ကျန်ရစ်ခဲ့သည့် အမွေပစ္စည်းများကို တရားရုံးမှ အုပ်ချုပ်ထိန်းသိမ်း စီမံခန့်ခွဲပေးပါရန် ရန်ကုန်တိုင်းတရားရုံး အမှတ် (၄) ၁၉၇၆ ခုနှစ် တရားမကြီးမှု အမှတ် ၅ (စမ်းချောင်း)တွင် တရားစွဲဆိုခဲ့သည်။

ထိုအမှုတွင် ဒေါ်ထွေးခင်မှအပ ကျန် တရားပြိုင် ၄ ဦးတို့က ဒေါ်တင်မြ စွဲဆိုသည့်အတိုင်း မှန်ကန်ကြောင်း ဝန်ခံခဲ့ကြသည်။

တရားပြိုင် အမှတ်(၁)ဖြစ်သူ ဒေါ်ထွေးခင်တစ်ဦးတည်းကသာ ခုခံချေပလျက် ဒေါ်တင်မြ၏စွဲဆိုမှုကို စရိတ်နှင့်တကွ ပလပ်ပါရန်၊ သို့မဟုတ် အချင်းဖြစ်အိမ်တွင် မိမိ (ဒေါ်ထွေးခင်) သည် တဝက်ပိုင်ဆိုင်ခွင့်ရှိကြောင်း တရားရုံးမှ မြွက်ဟ ကြေငြာပေးပါရန် ပြန်လှန် တောင်းဆိုခဲ့သည်။

ဒေါ်တင်မြက ဒေါ်ထွေးခင်သည် မြွက်ဟကြေငြာပေးစေလိုမှု သီးခြားစွဲဆိုရမည်ဖြစ်ကြောင်း၊ အမွေကို အုပ်ချုပ်ထိန်းသိမ်း စီမံခန့်ခွဲပေးစေလိုမှုတွင် ပြန်လှန်တောင်းဆိုခြင်းကို ဥပဒေအရ ပြုလုပ်ခွင့်မရှိကြောင်းဖြင့် ကန့်ကွက်ခဲ့သည်။

မူလရုံးက ယခုအမှုတွင် (၁) တရားပြိုင်သည် ပြန်လှန်တောင်းဆိုချက် မလုပ်နိုင်ဆိုသည်မှာ မှန်သလားဟု ပဏာမငြင်းချက်ထုတ်၍ လျှောက်လဲချက်များ ကြားနာပြီး အောက်ပါအတိုင်း အမိန့်ချမှတ်ခဲ့သည်။

တရားမကျင့်ထုံး အမိန့်(၈) နည်းဥပဒေ ၆ အရ တောင်းဆိုသည့် ခုနှိမ်ခွင့်၊ ပြန်လှန် တောင်းဆိုချက်တို့မှာ ငွေကြေးရလိုမှုတွင်သာ တောင်းဆိုနိုင်ပြီး ယခုကဲ့သို့ အမွေဆိုင်ပစ္စည်းများကို အုပ်ထိန်း စီရင်ခန့်ခွဲပေးစေလိုမှုတွင် တောင်းဆိုပိုင်ခွင့် မရှိဟု ဆုံးဖြတ်သည်။

၁၉၇၉
ဒေါ်ထွေးခင်
နှင့်
ဒေါ်တင်မြ

ထို့ကြောင့် ဤအမှုတွင် ထုတ်ခဲ့ပြီးသော ပဏာမကောက်ချက်ကို တရားမကျင့်ထုံး အမိန့် ၁၄၊ နည်းဥပဒေ ၅(၂)အရ ပယ်ဖျက်လိုက်သည်။

ထိုအမိန့်ကို မကျေနပ်သဖြင့် ဒေါ်ထွေးခင်က ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ဂ၊ နည်း ၆ တွင် ဖော်ပြထားသော ခုနှိမ်ခွင့်သည် ငွေရရန်စွဲဆိုမှု၌ တောင်းဆိုသောငွေထဲမှ ငွေကြေး တစ်စုံတရာ ခုနှိမ်ခွင့်ကို ဆိုလိုသည်။ အမွေပုံပစ္စည်းများကို အုပ်ချုပ် ထိန်းသိမ်း စီမံခန့်ခွဲပေးစေလိုမှု၌ ခွဲဝေပေးရန် စာရင်းပေးထားသည့် အိမ်သည် ကွယ်လွန်သူ အမွေရှင် လုံးလုံးလျားလျားပိုင်ဆိုင်သည့်အိမ် မဟုတ်ပါ။ ကွယ်လွန်သူနှင့် မိမိတို့ တစ်ယောက်တစ်ဝက်စီပိုင်သည့်အိမ်ဖြစ်၍ ခွဲဝေရာတွင် မိမိပိုင်ဆိုင်သည့်တစ်ဝက်ကို ထည့်သွင်းခွဲဝေခြင်း မပြုမိစေရန် ထို အိမ်တွင် မိမိ တစ်ဝက် ပိုင်ဆိုင်ခွင့်ရှိကြောင်း တရားရုံးမှ မြွက်ဟကြေငြာပေးပါရန် တောင်းဆိုခြင်းသည် ပြန်လှန် တောင်းဆိုခြင်းသာဖြစ်၍ ခုနှိမ်ခွင့်ပြုရန် တောင်းဆိုခြင်း မဟုတ်ပေ။ တရားမကျင့်ထုံးဥပဒေ အမိန့် ဂ၊ နည်း ၆ သည် ပြန်လှန် တောင်းဆိုခြင်းနှင့် မသက်ဆိုင်၊ ပြန်လှန် တောင်းဆိုခြင်းကို ပိတ်ပင်ခြင်းလည်း မပြုချေ။ ထို့ကြောင့် ဤဥပဒေအရ အမွေဆိုင်ပစ္စည်းများကို အုပ်ချုပ်ထိန်းသိမ်း စီမံခန့်ခွဲပေးစေလိုမှုတွင် ပြန်လှန်တောင်းဆိုခြင်းမပြုနိုင်ဟု မူလရုံး၏ ကောက်ယူဆုံးဖြတ်ချက်သည် မှားယွင်းပေသည်။

ဤအကြောင်းများကြောင့် ဤပြင်ဆင်မှုကိုခွင့်ပြု၍ မူလရုံး၏အမိန့်ကို စရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။ မူလရုံးသည် သက်ဆိုင်ရာ ပဏာမငြင်းချက်ကို ပြန်လည်ထားရှိ၍ အမှုကို ဥပဒေနှင့်အညီ ဆက်လက် စစ်ဆေး ဆုံးဖြတ်ရန်ဖြစ်သည်။

ဤအမိန့်အတွက် ရှေ့နေခ ကျပ် ၃၄/-သတ်မှတ်သည်။

## တရားမ ဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

၁၉၇၉ ဇွန်လ ၁ ရက်

ဦးထွန်းပို
နှင့်
ဦးသန်း ပါ(၂) *
ဦးစိန်မောင် ပါ(၂)
မမြကြည်(ခ) မဥသြ
ဦးမောင် ပါ(၂)
ဦးလှမောင် ပါ(၂)
ဦးတင်အောင် ပါ(၂)
မမြကြည်(ဒါး)
ဦးအေးမောင် ပါ(၂)
ဦးထွန်းစ ပါ(၂)
ကိုသိန်းမောင် ပါ(၂)

**ကာလစည်းကမ်းသတ် ဥပဒေပထမဇယား၊ တတိယပိုင်းအပိုဒ် ၁၈၂— ဇာရီပြုလုပ်လိုသည့် ဒီကရီသည် တရားရုံးအဆင့်ဆင့်၌ အယူခံခဲ့ပြီး ဒီကရီဖြစ်ပါက နောက်ဆုံးအယူခံတွင် အမိန့်ချမှတ်သည့် နေ့ရက်မှ စတင်ရေတွက်ရခြင်း—ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၅—ဇာရီမှုကို ဆိုင်းငံ့မိန့် ထုတ်ထားသည့် အချိန်ကာလကို ကာလစည်းကမ်းသတ်ရက် တွက်ချက်သည့်အခါ ထုတ်နုတ်ထားခွင့် ရှိခြင်း—ဆိုင်းငံ့ထားသည့်ကာလအတွင်း ၃ နှစ်တစ်ကြိမ် ဇာရီလျှောက်ထားမှုပြုရန် လိုမလို။**

ဆုံးဖြတ်ချက်။ ။ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယား တတိယပိုင်း အပိုဒ် ၁၈၂ တွင် ဇာရီပြုလုပ်နိုင်သည့်အချိန်ကို ၃ နှစ် သတ်မှတ် ထားသည်။ ကာလစည်းကမ်းသတ်ကို မည်သည့်ရက်မှစ၍

---

* ၁၉၇၇ ခုနှစ်၊ တရားမဒုတိယအယူခံမှု အမှတ် ၁၄၄ မှ ၁၅၃

† ၁၉၇၆ ခုနှစ်၊ တရားမသေး အယူခံမှု အမှတ် ၃၁(ဖြူး)မှ ၄၀ (ဖြူး) တွင် ချမှတ်သော (၉-၈-၇၇) နေ့စွဲပါ ပဲခူးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီများကို အယူခံမှု။

၁၉၇၉ ဦးထွန်းပို နှင့် ဦးသန်း ပါ (၂) ဦးစိန်မောင် ပါ (၂) မမြကြည်(ခ) မညွှ ဦးမောင် ပါ (၂) ဦးလှမောင် ပါ (၂) ဦးအောင် အောင် ပါ (၂) မမြကြည် (ဒါး) ဦးအေး မောင် ပါ (၂) ဦးထွန်းစ ပါ (၂) ကိုသန်း မောင် ပါ (၂)

ရေတွက်ရမည်ကို ယင်းဇယား၏ တတိယစားတိုင်တွင် ၁ မှ ၇ အထိ နေ့ ၇ မျိုး ခွဲခြားသတ်မှတ် ပေးထားသည်။ ယခုဇာရီပြုလုပ်လိုသော ဒီကရီသည် တရားရုံးအဆင့်ဆင့်၌ အယူခံခဲ့ပြီးသည့် ဒီကရီဖြစ်၍ စာတိုင် ၃ ပါ အမှတ်စဉ် ၂ အဖြစ် ဖော်ပြထားသည့်ရက်မှစ၍ ရေတွက်ရမည် ဖြစ်သည်။ ယင်းရက်မှာ နောက်ဆုံးအယူခံတွင် အမိန့်ချမှတ်သည့်ရက် ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။၁၀-၁-၆၄ နေ့စွဲပါ ဆိုင်းငံ့သည့် အမိန့်မှာ ယခင်တရားရုံးချုပ်၏ အမိန့်ဖြစ်သည်။ တရားရုံးချုပ်၏ အမိန့်ဖြစ်သဖြင့် ဆိုင်းထားသည့်အချိန်ကာလသည် ကာလစည်းကမ်းသတ်ဥပဒေ ပုဒ်မ ၁၅ နှင့် အကျုံးဝင်သည်။ ထို့ကြောင့် တရားရုံးချုပ်မှဆိုင်းငံ့ သည့်အမိန့် ထုတ်ထားသည့် ၁၀-၁-၆၄ နေ့မှ အမိန့်ရုပ်သိမ်းသည့် ၃၁-၇-၇၃ နေ့အတွင်း အချိန်ကာလများကို ကာလစည်းကမ်းသတ်ရက် တွက်ချက်သည့်အခါ ထုတ်နုတ်ထားခွင့်ရှိသည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားရုံးချုပ်မှ ဇာရီပြုလုပ်ခြင်းကိုဆိုင်းငံ့ ထားရန်အမိန့်မရှိလျှင် ၃ နှစ်တကြိမ် ဇာရီလျှောက်ထားရန် လိုအပ်မည် ဖြစ်သော်လည်း တရားရုံးချုပ်က ဆိုင်းငံ့ထားသည့်ကာလအတွင်း ဥပဒေ အရ ဆောင်ရွက်နိုင်စွမ်းမရှိ၍လည်းကောင်း၊ ဆိုင်းငံ့ထားသည့် ကာလ ကို ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၅ အရ ကာလစည်းကမ်း သတ်ရက် တွက်သည့်အခါ ထုတ်နုတ်ခွင့်ရှိ၍လည်းကောင်း၊ ယင်းကာလ အတွင်း တိုင်းတရားရုံးမှ ယူဆသလို ၃ နှစ်တစ်ကြိမ် ဇာရီလျှောက်ထားမှု ပြုလုပ်ရန် မလိုအပ်တော့ချေ။

**အယူခံတရားလိုအတွက်** — ဦးချစ်၊ ဗဟိုတရားရုံးရှေ့နေ

**အယူခံတရားပြိုင်များအတွက်**— ဦးဝင်းလှိုင် (တောင်ငူ)၊ ဗဟိုတရားရုံး ရှေ့နေ

ယခုအယူခံမှုနှင့် ဤရုံး ၁၉၇၇ ခုနှစ်၊ ဒုတိယအယူခံမှုအမှတ် ၁၄၅ မှ ၁၅၃ တို့မှာ ဆက်စပ်နေသော အမှုများ ဖြစ်သည်။ အမှုအားလုံး တွင် အယူခံတရားလို(တရားနိုင်)ဦးထွန်းပိုပိုင် မြေပေါ်တွင် ကျူးကျော် ဝင်ရောက်နေသော ဆက်စပ်နေသော အမှုများမှ အယူခံတရားပြိုင် (တရားရှုံး)များအား နှင်ထုတ်ပေးရန် ဇာရီလျှောက်ထားမှုများသည်

ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း ရှိမရှိဆိုသည့် တူညီသောပြဿနာကို ဆုံးဖြတ်ပေးရန် ဖြစ်သည်။ နှစ်ဘက်အကျိုးဆောင်များက စာပေါင်းတည်း လျှောက်လဲချက်ပေးသဖြင့် ရုံးမှတပေါင်းတည်း ကြားနာခဲ့သည်။ ယခုအမှုတွင် ချမှတ်သည့် စီရင်ချက်နှင့် အမိန့်သည် ဆက်စပ်နေသည့် ဩရုံး ၁၉၇၇ ခုနှစ်၊ ဒုတိယအယူခံမှုအမှတ် ၁၄၅မှ၁၅၇ တို့အတွက်လည်း ဖြစ်အည်ဟု မှတ်ယူရမည်။

အယူခံတရားလို(တရားနိုင်) ဦးထွန်းပိုက အယူခံတရားပြိုင် (တရားရှုံး)များအပေါ် ရရှိထားသော မြေမှဖယ်ရှားပေးရန် ဒီကရီကိုဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ပေးရန် ဖြူးမြို့နယ်တရားရုံးတွင် လျှောက်ထားသည့်အခါ တရားရှုံးများက ကာလစည်းကမ်းသတ် ကျော်လွန်နေကြောင်း ကန့်ကွက်သော်လည်း ဆက်လက်ဆောင်ရွက်ရန် အမိန့်ချသဖြင့် တရားရှုံးတို့က ပဲခူးတိုင်းတရားရုံးသို့ အယူခံသောအခါ ပဲခူးတိုင်းတရားရုံးက ဖြူးမြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး စာရီမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ တရားနိုင် ဦးထွန်းပိုက ယခု ဒုတိယအယူခံမှုများကို ဗဟိုတရားရုံးတွင် တင်သွင်းခြင်းဖြစ်သည်။

တရားနိုင် ဦးထွန်းပိုသည် အချင်းဖြစ်မြေကို ပိုင်ဆိုင်ပြီး တရားရှုံးများသည် မြေပေါ်တွင် ကျူးကျော်စင်ဆောက် အိမ်ဆောက်နေ[illegible]၍ ဖယ်ရှားပေးရန် ဖြူးမြို့နယ်တရားရုံးတွင် တရားစွဲဆိုရာ စွဲဆိုသည့်အတိုင်း ၂-၅-၆၁ ရက်နေ့က ဒီကရီချပေးခဲ့သည်။ တရားရှုံးများက မကျေနပ်၍ တောင်ငူခရိုင် တရားမရုံးတွင် အယူခံသည့်အခါ ယင်းတရားရုံးက ၁၃-၆-၆၁ နေ့တွင် ဖြူးမြို့နယ်တရားရုံး၏ ဒီကရီကိုပယ်ဖျက်လိုက်သည်။ မြေရှင် ဦးထွန်းပိုက ရန်ကုန်မြို့ တရားရုံးချုပ်သို့ ထပ်မံအယူခံသည့်အခါ တရားရုံးချုပ်မှ ၁၁-၇-၆၄ နေ့တွင်တောင်ငူခရိုင် တရားမရုံးမှ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ မူလတရားရုံးမှ ချမှတ်သော စီရင်ချက်နှင့် ဒီကရီကို ထဲရားစရိတ်နှင့်တကွ ပြန်နိုလည်အတည်ပြုလိုက်သည်။

တရားနိုင် ဦးထွန်းပိုက ၁၁-၇-၆၄ နေ့တွင် တရားရုံးချုပ်က အတည်ပြုလိုက်သည့် ဒီကရီကို ဖြူးမြို့နယ် တရားရုံးတွင် ၁၃-၇-၆၆ နေ့တွင် ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ပေးရန် ဇာရီမှုလျှောက်ထားခဲ့သည်။

၁၉၇၉
ဦးထွန်းပို
နှင့်
ဦးသန်း
ပါ (၂)
ဦးစိန်မောင်
ပါ (၂)
မမြကြည်(ခ)
မညြ
ဦးမောင်
ပါ (၂)
ဦးလှမောင်
ပါ (၆)
ဦးတင်
အောင်
ပါ (၂)
မမြကြည်
(ဒါး)
ဦးအေး
မောင်
ပါ (၂)
ဦးထွန်းစ
ပါ (၂)
ကိုသိန်း
မောင်
ပါ (၂)

၁၉၇၉
ဦးထွန်းပို
နှင့်
ဦးသန်း
ပါ (၅)
ဦးစိန်မောင်
ပါ (၂)
မမြကြည်(ခ)
မဥညြ
ဦးမောင်
ပါ (၂)
ဦးလုမောင်
ပါ (၂)
ဦးတင်
အောင်
ပါ (၂)
မမြကြည်
(ဒါး)
ဦးအေး
မောင်
ပါ (၂)
ဦးထွန်းစ
ပါ (၂)
ကိုသိန်း
မောင်
ပါ (၂)

တရားရုံးချုပ်၌ အယူခံမှုများမပြီးခင် တရားရုံးချုပ်က ၁၈-၁-၆၄ နေ့စွဲပါ အမှာစာဖြင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများမှ ဖယ်ရှားစေရန် ချမှတ်သည့်ဒီကရီကို အကျိုးသက်ရောက်စေရန် အရေးယူဆောင်ရွက်သည့် ဇာရီမှုများကို ခေတ္တဆိုင်းငံ့ထားရန် ညွှန်ကြားခဲ့သည်။ ယင်း ညွှန်ကြားချက်ကြောင့် တရားနိုင်သည် ၁၃-၇-၆၆ နေ့စွဲ တင်သွင်းသည့် လျှောက်လွှာကို ခေတ္တပိတ်ထားခဲ့သည်။

ဖယ်ရှားပေးမှုများ ဆိုင်းငံ့ထားရန် အမိန့်ကို တရားရုံးချုပ်မှ ၃၁-၇-၇၃ နေ့တွင် ရုပ်သိမ်းလိုက်သည်။ တရားနိုင် ဦးထွန်းပိုက ၂၃-၃-၇၆ နေ့တွင် မြို့နယ်တရားရုံးတွင် တရားရှုံးများအား နှင်ထုတ်ပေးရန် နောက်ထပ် ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ပေးမှု တင်သွင်းသည့်အခါ တရားရှုံးများက လျှောက်လွှာမပြည့်စုံခြင်း၊ သေဆုံးသူ တရားနိုင်တို့အတွက် တရားဝင်ကိုယ်စားလှယ် မထည့်သွင်းခြင်းနှင့် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းတို့ကြောင့် လျှောက်ထားမှုကို ခွင့်မပြုသင့်ကြောင်း ကန့်ကွက် ကြသော်လည်း မြို့နယ်တရားရုံးမှ ယင်း၏တရားမဇာရီမှု အမှတ် ၈/၇၆ နှင့် ဆက်စပ်သည့် အမှုတွဲတွင် ၂၄-၉-၇၆ နေ့၌ ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချမှတ်သည်။ ယင်းအမိန့်ကို တရားရှုံးများက ပဲခူးတိုင်းတရားရုံး၌ အယူခံသည့်အခါ ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ပေးရန် လျှောက်ထားမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်သည်ဟု ယူဆပြီး မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်၍ မြို့နယ်တရားရုံး၏ တရားမဇာရီမှု အမှတ် ၈/၇၆ စသည်တို့ကို စရိတ်နှင့်တကွ ပယ်လိုက်သည်။

မြို့နယ် တရားရုံးတွင် ပဌမ ဇာရီမှု တင်သွင်းသော နေ့မှာ ၁၃-၇-၆၆ နေ့ ဖြစ်သည်။ တိုင်းတရားရုံးအမိန့်တွင် ပါရှိသော ၁၃-၇-၇၆ မဟုတ်ပေ။ ၁၃-၇-၆၆ နေ့တွင် ပထမဇာရီမှုကို တင်သွင်းခြင်းသည် မြို့နယ်တရားရုံးမှ ဒီကရီချသော ၂-၅-၆၁ နေ့မှ ရေတွက်လျှင် ၃ နှစ်ကျော်နေပြီဟု တိုင်းတရားရုံးမှ ကောက်ယူခြင်းသည် ဥပဒေနှင့်မညီညွတ်ပေ။

ကာလစည်းကမ်းသတ် ဥပဒေပထမဇယား၊ တတိယပိုင်း အပိုဒ် ၁၈၂ တွင် ဇာရီပြုလုပ်နိုင်သည့်အချိန်ကို ၃ နှစ်သတ်မှတ်ထားသည်။ ကာလစည်းကမ်းသတ်ကို မည်သည့်ရက်မှစ၍ ရေတွက်ရမည်ကို ယင်း

၁၉၇၉
ဦးတုန်းပို
နှင့်
ဦးသန်း
ပါ (၂)
ဦးစိန်မောင်
ပါ (၂)
မမြကြည်(ခ)
မဥညြ
ဦးမောင်
ပါ (၂)
ဦးလှမောင်
ပါ (၂)
ဦးတင်
အောင်
ပါ (၂)
မမြကြည်
(ဒါး)
ဦးအေး
မောင်
ပါ (၂)
ကိုထွန်း
ပါ (၂)
ကိုအိန်း
မောင်
ပါ (၂)

ပထမအကြိမ်ယာဥ်ပုဒ်မှတ်ဝင် ၁ မှ ၇ အထိ နေ့ ၇ မျိုးခွဲခြားသတ်မှတ် ပေးထားသည်။ ယခု ဇာရီပြုလုပ်လိုသော ဒီကရီ သည် တရားရုံး အဆင့်ဆင့်၌ အယူခံခဲ့ပြီးသည့် ဒီကရီဖြစ်၍ ဇာတိုင် ၃ ပါ အမှတ်စဉ် ၂ အဖြစ် ဖော်ပြထားသည့်ရက်မှစ၍ ရေတွက်ရမည်ဖြစ်သည်။ ယင်း ရက်မှာ နောက်ဆုံးအယူခံရုံး အမိန့်ချမှတ်သည့်ရက်ဖြစ်သည်။

နောက်ဆုံးအယူခံရုံးအမိန့်ကို တရားရုံးချုပ်က ၁၁-၇-၆၄ နေ့တွင် ချမှတ်ခဲ့ခြင်းဖြစ်၍ ကာလစည်းကမ်းသတ်အတွက် ရက်ကို ယင်းနေ့မှ စတင်ရေတွက်ရပေမည်။ တိုင်းတရားရုံးအမိန့်တွင် ပါရှိသည့်အတိုင်း ၂-၅-၆၁ နေ့မှစ၍ ရေတွက်ရန် မဟုတ်ပေ။ ၁၁-၇-၆၄ နေ့မှစ၍ ရေတွက်ပါက ပထမဇာရီမှု တင်သွင်းသည့် ၁၃-၇-၆၆ နေ့သည် ၃ နှစ်အတွင်းဖြစ်သည်။

၁၈-၁-၆၄ နေ့စွဲပါ ဆိုင်းငံ့သည့်အမိန့်မှာ ယခင်တရားရုံးချုပ်၏ အမိန့်ဖြစ်သည်။ တရားရုံးချုပ်၏ အမိန့်ဖြစ်သဖြင့် ဆိုင်းထားသည့်အချိန် ကာလသည် ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၅ နှင့် အကျုံးဝင် သည်။ ထို့ကြောင့် တရားရုံးချုပ်မှ ဆိုင်းငံ့သည့်အမိန့် ချထားသည့် ၁၈-၁-၆၄ နေ့မှ အမိန့်ရုပ်သိမ်းသည့် ၃၁-၇-၇၃ နေ့အတွင်း အချိန် ကာလများကို ကာလစည်းကမ်းသတ်ရက် တွက်ချက်သည့်အခါ ထုတ်နုတ် ထားခွင့်ရှိသည်။

တရားရုံးချုပ်မှ ဇာရီပြုလုပ်ခြင်းကို ဆိုင်းငံ့ထားရန် အမိန့်မရှိလျှင် ၃ နှစ်တစ်ကြိမ် ဇာရီလျှောက်ထားရန် လိုအပ်မည် ဖြစ်သော်လည်း တရားရုံးချုပ်က ဆိုင်းငံ့ထားသည့် ကာလအတွင်း ဥပဒေအရ ဆောင် ရွက်နိုင်စွမ်းမရှိ၍လည်းကောင်း၊ ဆိုင်းငံ့ထားသည့် ကာလကို ကာလ စည်းကမ်းသတ် ဥပဒေပုဒ်မ ၁၅ အရ ကာလစည်းကမ်းသတ်ရက် တွက် သည့်အခါ ထုတ်နုတ်ခွင့်ရှိ၍လည်းကောင်း၊ ယင်းကာလအတွင်း တိုင်း တရားရုံးမှ ယူဆသလို ၃ နှစ်တစ်ကြိမ် ဇာရီလျှောက်ထားမှု ပြုလုပ်ရန် မလိုတော့ချေ။

တရားနိုင် ဦးတုန်းပိုသည် ဇာရီဆိုင်းငံ့မိန့် ရုပ်သိမ်းသည့် ၃၁-၇-၇၃ နေ့မှ ၃ နှစ်အတွင်း ၂၉-၃-၇၆ နေ့တွင် ယခုအခင်းဖြစ်ဇာရီမှုများကို တင်သွင်းခဲ့၍ ယင်းလျှောက်ထားမှုသည် ကာလ စည်းကမ်းသတ်ရက် ကျော်လွန်ခြင်းမရှိပေ။

၁၉၇၉
ဦးထွန်းပို
နှင့်
ဦးသန်း
ပါ (၂)
ဦးစိန်မောင်
ပါ (၁)
မမြကြည်(ခ)
မဥသြ
ဦးမောင်
ပါ (၂)
ဦးလှမောင်
ပါ (၁)
ဦးတင်
အောင်
ပါ (၂)
မမြကြည်
(ဒါး)
ဦးအေး
မောင်
ပါ (၁)
ဦးထွန်းစ
ပါ (၂)
ကိုသိန်း
မောင်
ပါ (၂)

တရားနိုင် ဦးထွန်းပို တင်သွင်းထားသည့် မြို့နယ်တရားရုံးဇာရီမှု အမှတ် ၈/၇၆ မှ ၁၀/၇၆၊ ၁၃/၇၆ မှ ၁၇/၇၆နှင့် ၁၉/၇၆ မှ ၂၀/၇၆ တို့သည် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း မရှိသည့် ဥပဒေနှင့်အညီ တင်သွင်းသော လျှောက်လွှာများဖြစ်၍ ယင်းလျှောက်လွှာများကို ပလပ်လိုက်သည့် ပဲခူးတိုင်း တရားရုံး၏ အမိန့်ကို စရိတ်နှင့်တကွ ပယ်ဖျက်၍ မူလတရားရုံးဖြစ်သည့် မြို့နယ်တရားရုံး၏ ၂၄-၉-၇၆ နေ့စွဲပါ အမိန့်ကို ပြန်လည်အတည်ပြုပြီး ဤအယူခံမှုကို စရိတ်နှင့်တကွ ခွင့်ပြုလိုက်သည်။

ဤရုံးတွင်နေခများ အမှုအသီးသီးတွင် ငွေကျပ် ၃၄/-ဖြစ်စေရမည်။

## တရားမ ဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးဘင်အောင်နှင့် ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉ ဇူလိုင်လ ၂၀ ရက်

ဦးထွန်းထင်း

ဒေါ်ရီရှိန်(ကွယ်လွန်)
၎င်း၏တရားဝင်ကိုယ်စားလှယ်ဦးအုန်းညွန့်ပါ-၂

နှင့်

ဒေါ်ရီရှိန်(ကွယ်လွန်)
၎င်း၏တရားဝင်ကိုယ်စားလှယ် ဦးအုန်းညွန့် ပါ-၂*

ဦးထွန်းလင်း

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (၂) နှင့် (၃) တို့၏ ဆက်စပ်မှုသဘော- ပုဒ်မခွဲ(၂)အရ လျော်ကြေးပေးရန် ဆုံးဖြတ်ချက်မပါပဲ ပုဒ်မခွဲ (၃) အရ ဥပစာကို လက်ရှိပေးအပ်ရန် ဆုံးဖြတ်ခြင်း ပြုနိုင် မပြုနိုင်- ပုဒ်မခွဲ (၂) အရ လျော်ကြေးပေးရန် ဆုံးဖြတ်ထားပါက ပုဒ်မခွဲ (၃) အရ အိမ်ငှား က ဥပစာကို ပြန်သည်ရလိုကြောင်း သဘောတူလျှင် ဥပစာကို လက်ရှိ ပြန်လည်ပေးအပ်ခြင်းမပြုပဲ နေခွင့်ရှိမရှိ။

**ဆုံးဖြတ်ချက်။** ။၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ် ရေးဥပဒေပုဒ်မ ၁၂(၃) တွင်-

"ပုဒ်မခွဲ(၂)အရ လျော်ကြေးပေးရန် ချမှတ်သည့် ဆုံးဖြတ်ချက် အပြင်၊ တရားရုံးသည် ဒီကရီ သို့တည်းမဟုတ် အမိန့်ချမှတ်ခံရသည့် အိမ်ငှားက သဘောတူလျှင် ထိုအိမ်ငှားအား အမိန့်၊ သို့တည်းမဟုတ် ဒီကရီချမှတ်သည့် နေ့ရက်မတိုင်မီကထားရှိသည့် စည်းကမ်းချက်များ အတိုင်း၊ ထိုဥပစာကို လက်ရှိပေးအပ်ရမည်"ဟု ပြဋ္ဌာန်းထားသည်။ ဤပုဒ်မခွဲအရ အိမ်ငှားအား ဥပစာကို လက်ရှိပေးအပ်ရန် ဆုံးဖြတ်ချက်

* ၁၉၇၇ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၃ နှင့် ၂၇

† ၁၉၇၆ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၂၁(ခ) တွင် ချမှတ်သော (၁၇-၁၂-၇၆)နေ့စွဲပါ မွန်ပြည်နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၇၉
ဦးထွန်းလင်း
ဒေါ်ရီရီရှိန် (ကွယ်လွန်) ၎င်း၏ တရားဝင်ကိုယ်စားလှယ် ဦးအုန်းညွန့် ပါ-၂
နှင့်
ဒေါ်ရီရီရှိန် (ကွယ်လွန်) ၎င်း၏ တရားဝင်ကိုယ်စားလှယ် ဦးအုန်းညွန့် ပါ-၂
ဦးထွန်းလင်း

သည် ပုဒ်မ ၁၂ ၏ ပုဒ်မခွဲ(၂)အရ လျော်ကြေးပေးရန် ချမှတ်သည့် ဆုံးဖြတ်ချက်နှင့်တွဲရှိသော ဆုံးဖြတ်ချက်ချနိုင်ကြောင်းနှင့် ပုဒ်မခွဲ(၂)အရ လျော်ကြေးပေးရန် ဆုံးဖြတ်ချက်ချမှတ်ပါက အိမ်ငှားက သဘောတူလျှင် ဥပစာကို လက်ရှိပေးအပ်ရန် ဆုံးဖြတ်ချက်ကိုလည်း မလွဲမသွေ ချမှတ်ရမည်ဖြစ်ကြောင်း တွေ့ရှိရသည်။ တနည်းဆိုသော် လျော်ကြေး ပေးရန် ဆုံးဖြတ်ချက်မပါပဲ ဥပစာကို လက်ရှိပေးအပ်ရန်ဆုံးဖြတ်ခြင်း မပြုနိုင်သကဲ့သို့ လျော်ကြေးပေးရန် ဆုံးဖြတ်ထားပါက အိမ်ငှားက ဥပစာကို ပြန်လည်ရယူလိုကြောင်း သဘောတူလျှင် ဥပစာကို လက်ရှိ ပြန်လည်ပေးအပ်ခြင်းမပြုပဲ နေခွင့်မရှိပေ။

**အယူခံတရားလိုအတွက်** — ဦးဇော်ဝင်းလှိုင်၊ ဗဟိုတရားရုံးရှေ့နေ

**အယူခံတရားပြိုင်အတွက်**— ဦးဘိုးသာ၊ ဗဟိုတရားရုံးရှေ့နေ

ဤရုံးတရားမ ဒုတိယ အယူခံမှု အမှတ် ၃/၇၇ နှင့် တရားမ ဒုတိယ အယူခံမှု အမှတ် ၂၇/၇၇ တို့သည် မွန်ပြည်နယ်တရားရုံး၏ တခုတည်း သော ဆုံးဖြတ်ချက်ကို မကျေနပ်ကြသဖြင့် အပြန်အလှန် အယူခံသော အမှုများဖြစ်၍ ဤစီရင်ချက်သည် အယူခံမှု နှစ်မှုစလုံးအတွက် စီရင် ချက်ဖြစ်သည်ဟု မှတ်ယူရမည်။

မော်လမြိုင် မြို့နယ်တရားရုံး တရားမကြီးမှု အမှတ် ၃/၆၉ တွင် ဒေါ်ရီရီရှိန်က ဦးမောင်စိန်အား (၁) တရားပြိုင်အဖြစ်လည်းကောင်း၊ ဦးထွန်းလင်းအား (၂) တရားပြိုင်အဖြစ်လည်းကောင်း၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေ ပုဒ်မ ၁၂(၁)(င)အရ မော်လမြိုင်မြို့ တောင်ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ် ဂ၂ ကို ပြင်ဆင်လို၍ အိမ်မှ ဖယ် ရှားပေးရန် တရားစွဲဆိုသည်။ မြို့နယ်တရားရုံးက ၂၂-၁၀-၆၉ နေ့တွင် မော်လမြိုင်မြို့၊ ဈေးကြီးရပ်နေ တရားလိုဒေါ်ရီရီရှိန်သည် မိမိပိုင်ဖြစ်သော အိမ်အဆောက်အအုံကို မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၂(၁)(င) အရ ၉ လ အတွင်း ပြန်လည်ပြင်ဆင်ပြီးနောက် လက်ရှိအိမ်ပေါ်တွင် ငှားရမ်းနေထိုင်သူ (၂)တရားပြိုင်အား ပြန်လည်၍ နေထိုင်ခွင့်ပြုပါမည်ဟု ငွေကျပ် ၁၀၀၀၀/-တန် နှစ်ဦးဖြင့် ခံဝန်ချုပ် ချုပ်ဆိုပါက တရားလိုစွဲဆိုသည်အတိုင်း အမှုကို စရိတ်နှင့်တကွ ဒီကရီ ချပေးလိုက်သည်ဟု အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်အတိုင်း ဒေါ်ရီရီရှိန်က ခံဝန်ချုပ်ချုပ်သဖြင့် အိမ်ငှားများ ဖယ်ရှားပေးပြီးနောက် ဒေါ်ရီရှိန်

၁၉၇၉
ဦးထွန်းလင်း
ဒေါ်ရီရှိန်
(ကွယ်လွန်)
၎င်း၏ တရားဝင် ကိုယ်စားလှယ် ဦးအုန်းညွန့် ပါ-၂
နှင့်
ဒေါ်ရီရှိန်
(ကွယ်လွန်)
၎င်း၏ တရားဝင် ကိုယ်စားလှယ် ဦးအုန်းညွန့် ပါ-၂
ဦးထွန်းလင်း

သည် အချင်းဖြစ်ဥပစာတွင်ရှိသော အဆောက်အအုံကိုဖျက်၍ သုံးထပ်တိုက်တစ်ခု ကည့်ဆောက်သည်။

၁၉၇၆ ခုနှစ်တွင် အိမ်ဆောက်ပြီးစီးသွားသည့်အတွက် မော်လမြိုင်မြို့နယ်တရားရုံး တရားမ အထွေထွေအမှု အမှတ် ၃/၇၆ တွင် ဦးထွန်းလင်းက မိမိအသည် ငှားအိမ်ငှားဖြစ်၍ အသစ်တည်ဆောက်ထားသော အိမ်တွင် ဒီကရီချမှတ်သည့် နေ့ကမတိုင်မီက ထားရှိသည့်နည်းကမ်းချက်များအတိုင်း ဥပစာကိုဆက်လက်ငှားရမ်းလိုသဖြင့် ဥပစာ၏မြောက်ဘက် အောက်ထပ်နှင့်အပေါ်ထပ်ကို လက်ရှိပေးအပ်ရန် အမိန့်ချမှတ်ပေးရန် လျှောက်ထားသည်။

မော်လမြိုင်မြို့နယ်တရားရုံးက ၂၁-၁-၇၆ နေ့စွဲပါအမိန့်ဖြင့် ဒေါ်ရီရှိန်သည် ပိုင်ဆိုင်သော မော်လမြိုင်မြို့၊ ကောင်ဗိုလ်ချုပ်လမ်း၊ အမှတ် ၈၂ မြောက်ဘက်ခန်းကို မူလ ငှားရမ်းထားသည့်အတိုင်း လျှောက်ထားသူအား ငှားရမ်း နေထိုင်ခွင့်ပြုရန် အမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်ကို ဒေါ်ရီရှိန်က မကျေနပ်၍ မွန်ပြည်နယ်တရားရုံး တရားမ အယူခံမှုအမှတ် ၂၁(မ)/၇၆ တွင် အယူခံရာ မွန်ပြည်နယ်တရားရုံးက ၁၇-၁၁-၇၆ နေ့တွင် မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်၍ ဒေါ်ရီရှိန်က ပြည်နယ်တရားရုံးသို့ဝင်ချုပ်ချုပ်ဆိုထားသည့်ငွေကျပ် ၁၀၀၀၀/- ကိုပေးသင်းရန်နှင့် အိမ်ငှားဦးထွန်းလင်းအား ငွေကျပ် ၄၀,၀၀၀/- လျော်ကြေးပေးရန် အမိန့်ချမှတ်လိုက်သည်။ မွန်ပြည်နယ်တရားရုံး၏ အမိန့်ကို နှစ်ဘက်အမှုသည်များက မကျေနပ်ကြ၍ ဗဟိုတရားရုံးသို့ အိမ်ငှားဖြစ်သူ ဦးထွန်းလင်းက တရားမ ဒုတိယအယူခံမှု အမှတ် ၃/၇၇ ကိုလည်းကောင်း၊ အိမ်ရှင်ဖြစ်သူ ဒေါ်ရီရှိန်က တရားမ ဒုတိယအယူခံမှု အမှတ် ၂၇/၇၇ ကိုလည်းကောင်း တင်သွင်းကြခြင်းဖြစ်သည်။

ဦးထွန်းလင်းဘက်မှ အယူခံအကြောင်းပြချက်များမှာ မော်လမြိုင်မြို့နယ်တရားရုံး၏ တရားမ အထွေထွေမှုအမှတ် ၃/၇၆ တွင် ၂၁-၁-၇၆ နေ့စွဲဖြင့် ချမှတ်သည့်အမိန့်မှာ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၂(၁) နှင့်အညီ ချမှတ်သောအမိန့်ဖြစ်၍ ဥပဒေအရ မှန်ကန်ကြောင်း၊ မွန်ပြည်နယ်တရားရုံးသည် ဦးထွန်းလင်း၏ အိမ်များ၊ ဆိုင်များ မရှိပဲ ရှိသည်ဟုယူဆပြီး မူလရုံးအမိန့်ကို ပြင်ဆင်

၁၉၇၉
ဦးထွန်းလင်း
ဒေါ်ရီရှိန်
(ကွယ်လွန်)
ရင်း၏ တရား
ဝင်ကိုယ်စား
လှယ် ဦးအုန်း
ညွန့် ပါ-၂
နှင့်
ဒေါ်ရီရှိန်
(ကွယ်လွန်)
ရင်း၏ တရား
ဝင် ကိုယ်စား
လှယ် ဦးအုန်း
ညွန့် ပါ-၂
ဦးထွန်းလင်း

ခြင်းသည် မှားယွင်းကြောင်း ဥပဒေအရလည်းကောင်း၊ တရားရုံး၏ စီရင်ချက်အရလည်းကောင်း အိမ်ငှား ပြန်နေလိုလျှင် ပြန်ထားရမည်ဟု ပြဌာန်းထားပါလျက် ပြန်လည် နေထိုင်ခွင့်မပေးခြင်းမှာ မှားယွင်းကြောင်းတို့ဖြစ်သည်။ ဒေါ်ရီရှိန်ဘက်မှ အယူခံအကြောင်းပြချက်မှာ ဦးထွန်းလင်းသည် အိမ်ငှားမဟုတ်၍ အိမ်ခန်းကို ပြန်လည်ပေးအပ်ရန် လျှောက်ထားပိုင်ခွင့်မရှိကြောင်း ဖြစ်သည်။

မော်လမြိုင်မြို့နယ်တရားရုံး တရားမကြီးမှု အမှတ် ၃/၆၉ တွင် ဒေါ်ရီရှိန်တင်သွင်းသည့် အဆိုလွှာအပိုဒ် ၂ တွင် (၂) တရားပြိုင်သည် အချင်းဖြစ်အိမ်၏ မြောက်ဘက်ခန်း၌ တဆင့်ခံ အိမ်ငှားဖြစ်ပါသည်ဟု ဖော်ပြခဲ့သည်။ ယင်းအမှု၌ပင် (၂) တရားပြိုင် ဦးထွန်းလင်းသည် (၁) တရားပြိုင်၏ တဆင့်ခံအိမ်ငှား ဟုတ်ပါသလားဟူ၍ ငြင်းချက် အမှတ် (၁) အဖြစ် ငြင်းချက်ထုတ်ပြီး ရုံးမှ (၂) တရားပြိုင်သည် (၁)တရားပြိုင်၏ တဆင့်ခံ အိမ်ငှားဖြစ်သည်ဟု ငြင်းချက်ကို ဖြေဆိုဆုံးဖြတ်ခဲ့သည်။ မော်လမြိုင်မြို့နယ်တရားရုံး တရားမကြီးမှု အမှတ် ၃/၆၉၌ ၂၂-၁၀-၆၉ နေ့စွဲဖြင့် ချမှတ်သည့်အမိန့်တွင် ဒေါ်ရီရှိန်သည် အိမ်ကို ပြန်လည် ပြင်ဆင်ပြီးနောက် (၂) တရားပြိုင်အား ပြန်လည် နေထိုင်ခွင့် ပြုပါမည်ဟု ခံဝန်ချုပ် ချုပ်ဆိုမှသာ ဒီကရီချပေးမည်ဟု ပါရှိသည်ကို တွေ့ရှိရသည်။ ထိုအချိန်က ဒေါ်ရီရှိန်သည် (၂) တရားပြိုင်ဖြစ်သူ ဦးထွန်းလင်းအား အိမ်ကို ပြန်လည် ပြင်ဆင်ပြီးနောက် နေထိုင်ခွင့်ပြုရန် ချမှတ်သည့်အမိန့်ကို မကျေနပ်ပါက အဆင့်မြင့်သောရုံးများတွင် အယူခံသင့်ပေသည်။ ဒေါ်ရီရှိန်သည် မကျေနပ်ကြောင်း အယူမခံခဲ့သည့် အပြင် တရားရုံး၏အမိန့်အတိုင်း လိုအပ်သည့်ခံဝန်ချုပ်ကို ပြုလုပ်ပေးခဲ့သည်။ ဦးထွန်းလင်းသည် အိမ်ငှားမဟုတ်၍ အိမ်ကို ပြန်လည်ဆောက်ပြီးနောက် ပြန်လည် နေထိုင်ခွင့်မပြုလိုလျှင် သို့မဟုတ် နေထိုင်ခွင့်မရှိကြောင်း ကန့်ကွက်လိုလျှင် ထိုအချိန်က ကန့်ကွက် အရေးဆိုသင့်ပေသည်။ ထိုအချိန်က ကန့်ကွက်ခြင်း၊ အဆင့်မြင့်သောရုံးများတွင် အယူခံခြင်းမပြုခဲ့ပဲ ယခု အိမ်ခန်း ပြန်လည် ပေးအပ်ရမည့်အချိန်ကျမှ ဦးထွန်းလင်းသည် အိမ်ငှားမဟုတ်၍ အိမ်ခန်းကို နေထိုင်ရန် ပြန်လည်တောင်းပိုင်ခွင့်မရှိပါဟု ဒေါ်ရီရှိန်ကပြောဆိုခွင့် မရှိတော့ပေ။ ထို့ပြင် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေ ပုဒ်မ ၂(ဆ)၌ အခါအားလျော်စွာ အိမ်ငှားထံမှတဆင့် ဆိုင်ရာဆိုင်ခွင့်ရရှိသူ အသီးသီးသည် အိမ်ငှားဖြစ်သည်ဟူ၍အဓိပ္ပာယ်ဖွင့်ဆိုထားသဖြင့် တဆင့်ခံအိမ်ငှားဖြစ်သူ

ဦးထွန်းလင်းသည် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးဥပဒေအရ အိမ်ငှားဖြစ်ကြောင်း မငြင်းနိုင်ပေ။ ထို့ကြောင့် ဦးထွန်းလင်းသည် အိမ်ငှားမဟုတ်၍ အိမ်ခန်းတို့ ပြန်လည် တောင်းဆိုခွင့် မရှိပါဆိုသည့် ဒေါ်ရီရှိန်၏ အကြောင်းပြချက်ကို လက်ခံရန်အကြောင်း မရှိပေ။

ဦးထွန်းလင်းဘက်မှ တရားမ ဒုတိယ အယူခံမှု အမှတ် ၃/၇၇ တွင် တင်ပြသည့်အတိုင်း မြို့နယ်တရားရုံး၏အမိန့်သည် မှန်ကန်၍ မှန်ပြည်နယ် တရားရုံး၏အမိန့်သည် ဥပဒေနှင့် မညီပါဆိုခြင်းကို သုံးသပ်ရန်လိုပေသည်။

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၂(၃)တွင်–

''ပုဒ်မခွဲ(၂)အရ လျော်ကြေးပေးရန် ချမှတ်သည့် ဆုံးဖြတ်ချက်အပြင် တရားရုံးသည် ဒီကရီ သို့တည်းမဟုတ် အမိန့်ချမှတ်ခံရသည့် အိမ်ငှားက သဘောတူလျှင် ထိုအိမ်ငှားအား အမိန့် သို့တည်းမဟုတ် ဒီကရီချမှတ်သည့် နေ့ရက်မတိုင်မီက ထားရှိသည့် စည်းကမ်းချက်များအတိုင်း ထိုဥပစာကို လက်ရှိ ပေးအပ်ရမည်''ဟု ပြဋ္ဌာန်းထားသည်။ ၎င်းပုဒ်မခွဲအရ အိမ်ငှားအား ဥပစာကို လက်ရှိပေးအပ်ရန် ဆုံးဖြတ်ချက်သည် ပုဒ်မ ၁၂ ၏ ပုဒ်မခွဲ(၂)အရ လျော်ကြေးပေးရန် ချမှတ်သည့် ဆုံးဖြတ်ချက်နှင့် တွဲ၍သာ ဆုံးဖြတ်ချက် ချနိုင်ကြောင်းနှင့် ပုဒ်မခွဲ(၂)အရ လျော်ကြေးပေးရန် ဆုံးဖြတ်ချက် ချမှတ်ပါက အိမ်ငှားက သဘောတူလျှင် ဥပစာကို လက်ရှိပေးအပ်ရန် ဆုံးဖြတ်ချက်ကိုလည်း မလွှဲမသွေ ချမှတ်ရမည်ဖြစ်ကြောင်း တွေ့ရှိရသည်။ တနည်းဆိုသော် လျော်ကြေးပေးရန် ဆုံးဖြတ်ချက်မပါဘဲ ဥပစာကို လက်ရှိ ပေးအပ်ရန် ဆုံးဖြတ်ခြင်း မပြုနိုင်သကဲ့သို့ လျော်ကြေးပေးရန် ဆုံးဖြတ်ထားပါက အိမ်ငှားက ဥပစာကို ပြန်လည်ရယူလိုကြောင်း သဘောတူလျှင် ဥပစာကို လက်ရှိပြန်လည် ပေးအပ်ခြင်းမပြုပဲ နေခွင့်မရှိပေ။

မြို့နယ်တရားရုံး၏ တရားမ အထွေထွေမှု အမှတ် ၃/၇၆ တွင် ချမှတ်ထားသည့် ၂၁-၈-၇၆ နေ့စွဲပါ ဆုံးဖြတ်ချက်တွင် ဥပစာကို ပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်ထားသော်လည်း ပုဒ်မ ၁၂ ၏ ပုဒ်မခွဲ(၃)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လျော်ကြေးပေးရန် ဆုံးဖြတ်ချက် မပါရှိသဖြင့် ဥပဒေပါ ပြဋ္ဌာန်းချက်နှင့် မညီကြောင်း တွေ့ရှိရသည်။

၁၉၇၉
ဦးထွန်းလင်း
ဒေါ်ရီရှိန်
(ကွယ်လွန်)
၎င်း၏ တရားဝင် ကိုယ်စားလှယ် ဦးအုန်းညွန့် ပါ–၂
နှင့်
ဒေါ်ရီရှိန်
(ကွယ်လွန်)
၎င်း၏ တရားဝင် ကိုယ်စားလှယ် ဦးအုန်းညွန့် ပါ–၂
ဦးထွန်းလင်း

၁၉၇၉
ဦးထွန်းလင်း
ဒေါ်ရီရှိန် (ကွယ်လွန်) ၄င်း၏ တရားဝင် ကိုယ်စားလှယ် ဦးအုန်းညွန့် ပါ-၂
နှင့်
ဒေါ်ရီရှိန် (ကွယ်လွန်) ၄င်း၏ တရားဝင် ကိုယ်စားလှယ် ဦးအုန်းညွန့် ပါ-၂
ဦးထွန်းလင်း

ဦးထွန်းလင်းက မြို့နယ်တရားရုံး၏အမိန့်ကို မကျေနပ်၍ ပြည်နယ်တရားရုံးသို့ အယူခံသောအခါ မွန်ပြည်နယ်တရားရုံး တရားမအယူခံမှုအမှတ် ၂၁(မ)/၇၉ ၌ ၁၇-၁၂-၇၉ နေ့စွဲဖြင့် ချမှတ်ထားသည့် ဆုံးဖြတ်ချက်တွင် အိမ်ရှင် ဒေါ်ရီရှိန်သည် ပြည်နယ်တရားရုံးသို့ ငွေကျပ် ၁၀၀၀၀/- ပေးသွင်းရန်နှင့် အိမ်ငှား ဦးထွန်းလင်းအား ငွေကျပ် ၄၀၀၀၀/- ပေးရန် ပါရှိသော်လည်း ပုဒ်မ ၁၂ ၏ ပုဒ်မခွဲ (၃) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဥပစာကို အိမ်ငှားအား ပြန်လည်ပေးအပ်ရန် ဆုံးဖြတ်ချက်မပါရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် မော်လမြိုင်မြို့နယ် တရားရုံး၏ ဆုံးဖြတ်ချက်သည်လည်းကောင်း၊ မွန်ပြည်နယ်တရားရုံး၏ ဆုံးဖြတ်ချက်သည်လည်းကောင်း ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၃)နှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရသည်။

မော်လမြိုင်မြို့နယ်တရားရုံး၌ ဒေါ်ရီရှိန်တင်သွင်းသည့် ကန့်ကွက်လွှာတွင် မိမိတို့မိသားစုသည် ဦးရေများပြားသဖြင့် အသစ်ဆောက်လုပ်ထားသည့်အိမ်၌ နေထိုင်၍ပင်မလောက်သည့်အတွက် ထပ်မံငှားရမ်းခြင်း မပြုလိုကြောင်း ဦးထွန်းလင်း၌ နေထိုင်ရန်အိမ်၊ ဆိုင်ဖွင့်ရန်နေရာများ ရှိကြောင်း၊ ဦးထွန်းလင်းသည် အိမ်ဟောင်းမှ ဆွဲချခံရသည်ကို အငြိုးထား၍မလိုအပ်ပဲအိမ်ခန်းကိုပြန်လည်လျှောက်ထားခြင်းသာဖြစ်ကြောင်း၊ ဦးထွန်းလင်းတို့သည် သဘောရိုးဖြင့် လျှောက်ထားခြင်းမဟုတ်ကြောင်း တင်ပြခဲ့သည်။ မြို့နယ်တရားရုံး၏အမိန့်ကို မွန်ပြည်နယ်တရားရုံးတွင် ဒေါ်ရီရှိန် အယူခံဝင်သောအခါတွင် အကြောင်းပြချက်များအနေဖြင့် အိမ်ရှင်တစ်ဦးသည်အိမ်ငှားတစ်ဦးအား၎င်း၏အိမ်တွင်ဆက်လက်ငှားရမ်းထားရမည်ဟု မည်သည့်ဥပဒေမျှပြဋ္ဌာန်းထားခြင်းမရှိကြောင်း အိမ်ရှင်သည် ခံဝန်ချုပ်ချုပ်ဆိုထားပါလျက် အိမ်ခန်းပြန်လည်ပေးရန် ပျက်ကွက်ခြင်းဖြစ်သဖြင့် ငွေကျပ် ၁၀၀၀၀/-ပေးလျော်ရမည်သာ အမိန့်ချမှတ်ရမည့်အစား အိမ်ခန်းပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်ခြင်းသည် လုံးဝမှားယွင်းကြောင်းတို့ကို တင်ပြခဲ့သည်။

ဒေါ်ရီရှိန်၏ အကြောင်းပြချက်များကို မြို့နယ်တရားရုံးက လည်းကောင်း၊ မွန်ပြည်နယ်တရားရုံးကလည်းကောင်း ကျေနပ်လောက်သည့် အကြောင်းပြချက်များဖြစ်သည်ဟူ၍ ယူဆခြင်းမရှိခဲ့ပေ။ ထို့ကြောင့် မြို့နယ်နှင့် မွန်ပြည်နယ်တရားရုံးတို့က ဒေါ်ရီရှိန်သည် ကျေနပ်လောက်

သည့်အကြောင်းမရှိပဲ ခံဝန်ချုပ်ကိုဖောက်ဖျက်ခြင်းဖြစ်သည်ဟု ကောက်ယူခဲ့ကြခြင်းမှာ မှားယွင်းသည်ဟု မဆိုသာပေ။

အထက်ဖော်ပြပါအကြောင်းများကြောင့် မော်လမြိုင်မြို့နယ်တရားရုံး တရားမ အထွေထွေမှု အမှတ် ၃/၇၆ နှင့် မွန်ပြည်နယ်တရားရုံးတရားမ အယူခံမှုအမှတ် ၂၁(မ)၇၆ တို့တွင် ချမှတ်သည့်အမိန့်များကို ပယ်ဖျက်၍ ဒေါ်ရီရှိန်သည် ချုပ်ဆိုခဲ့သည့် ခံဝန်ချုပ်ကို ဖောက်ဖျက်သဖြင့် ခံဝန်ချုပ်တွင် ကတိပြုထားသည့်အတိုင်း ငွေကျပ် ၁၀၀၀၀/-ကို မြို့နယ်တရားရုံးသို့ ပေးသွင်းပြီး၊ အိမ်ငှား ဦးထွန်းလင်းအား လျော်ကြေးအဖြစ် ငွေကျပ် ၁၀၀၀၀/- ပေးရမည့်အပြင် မော်လမြိုင်မြို့ တောင်ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ် ၀၂ ၏ မြေညီထပ်တွင် မြို့နယ်တရားသူကြီးအဖွဲ့မှ သင့်တော်သည်ဟု ဆုံးဖြတ်သည့်တခြမ်းကို ဦးထွန်းလင်းအား ပြန်လည် လက်ရောက် ပေးအပ်စေရန် အမိန့်ချမှတ်လိုက်သည်။ ရုံးအဆင့်ဆင့် တရားစရိတ်များကို ဒေါ်ရီရှိန်က ပေးစေရမည်။ ဤအယူခံမှုများအတွက် တမှုလျှင် ရှေ့နေခ ငွေကျပ် ၅၀/-စီ သတ်မှတ်သည်။

၁၉၇၉

ဦးထွန်းလင်း

ဒေါ်ရီရှိန်

(ကွယ်လွန်)

၎င်း၏ တရားဝင်ကိုယ်စားလှယ် ဦးအုန်းညွန့် ပါ-၂

နှင့်

ဒေါ်ရီရှိန်

(ကွယ်လွန်)

၎င်း၏ တရားဝင်ကိုယ်စားလှယ် ဦးအုန်းညွန့် ပါ-၂

ဦးထွန်းလင်း

တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၉
နိုဝင်ဘာလ
၁၉ ရက်

ဦးထွန်းအောင်

နှင့်

ဦးထွန်းရှင် *

မူလတောင်းဆိုသည့်သက်သာခွင့်နှစ်ခုအနက် သက်သာခွင့်တစ်ခုကိုစွန့်လွှတ်ခြင်း—စွန့်လွှတ်ခွင့်ပြုပါက ကျန်ရှိသည့် သက်သာခွင့် တစ်ခုအတွက် အမှုကို ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်နိုင်မဖြစ်နိုင် စိစစ်ရန်လိုခြင်း—သီးခြား သက်သာခွင့်ဥပဒေ ပုဒ်မ ၄၂ အရ စွဲဆိုမှု—ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန် သက်သာခွင့်ကို စွန့်လွှတ်ပြီးထပ်ဆင့်သက်သာခွင့်ဖြစ်သည့် လက်ရောက်ရလိုမှုကို ဆက်လက်ဆောင်ရွက်နိုင်မည်မဟုတ်ခြင်း—ယခုစွန့်လွှတ်လိုသည့် သက်သာခွင့်မှာ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၃၉ အရ စာချုပ်စာတမ်း ပယ်ဖျက်ပေးရန်ဆိုသည့် သက်သာခွင့်ဖြစ်ခြင်း—အိမ်ခန်းမှဖယ်ရှားပေးရန် သက်သာခွင့်သည် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၃၉ အရ တောင်းဆိုသက်သာခွင့်၏ ထပ်ဆင့်သက်သာခွင့် မဟုတ်ကြောင်း ဆုံးဖြတ်ခြင်း—အိမ်ခန်းဖယ်ရှားပေးလိုမှု သက်သက်အတွက် အမှုကို ဆက်လက်စစ်ဆေးနိုင်ခြင်း ရှိမရှိ။

ဆုံးဖြတ်ချက်။ ။မူလ တောင်းဆိုသည့် သက်သာခွင့်နှစ်ခုအနက် သက်သာခွင့်တစ်ခုကို စွန့်လွှတ်ခွင့်ပြုပါက ကျန်ရှိသည့် သက်သာခွင့်တစ်ခုအတွက် အမှုကို ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်နိုင်မဖြစ်နိုင် စိစစ်ရန်လိုပေသည်။ မူလအမှုသည် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ(၄၂) အရ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် ထပ်ဆင့်သက်သာခွင့်အဖြစ် အိမ်ခန်းကို လက်ရောက်ရလိုမှု စွဲဆိုသော အမှုမျိုးဖြစ်ပါက မြွက်ဟကြေငြာပေးရန် သက်သာခွင့်ကိုစွန့်လွှတ်ပြီး ထပ်ဆင့်သက်သာခွင့်

---

* ၁၉၇၈ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၄၇

† ၁၉၇၇ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၅၉ တွင် ချမှတ်သော (၈-၆-၇၈) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး(၂)၏ အမိန့်ကို ပြင်ဆင်မှု

၁၉၇၉
ဦးထွန်း
အောင်
နှင့်
ဦးထွန်းရှင်

ဖြစ်သည့် လက်ရောက်ရလိုမှုကို ဆက်လက် ဆောင်ရွက် သွားနိုင်မည် မဟုတ်ပေ။ ယခုအမှုတွင် သက်သာခွင့် တရပ်နှင့်တရပ်သည် ကွဲပြား ခြားနားပေသည်။ စွန့်လွှတ်လိုသည့် သက်သာခွင့်သည် သီးခြားသက် သာခွင့် ဥပဒေပုဒ်မ(၃၉)အရ စာချုပ်စာတမ်းကို တရားမဝင်ကြေငြာ ပြီး ဖျက်သိမ်းပေးရန် ထပ်ဆင့် သက်သာခွင့်ပါရှိပြီး ဖြစ်ပေသည်။ အိမ်ခန်းမှ ဖယ်ရှားပေးရန် သက်သာခွင့်သည် သီးခြား သက်သာခွင့် ဥပဒေပုဒ်မ (၃၉) အရ တောင်းဆိုသည့် သက်သာခွင့် ထပ်ဆင့်သက် သာခွင့် မဟုတ်ပေ။ ထို့ကြောင့် အိမ်ခန်း ဖယ်ရှားပေးလိုမှု ဆက်သက် အတွက် အမှုကို ဆက်လက်မစစ်ဆေးနိုင်စရာ အကြောင်းမရှိပေ။

**လျှောက်ထားသူအတွက် — ဟာဂျီ ဦးဘတင်၊ ဗဟိုတရားရုံးရှေ့နေ**

**လျှောက်ထားခံရသူအတွက်— ဦးတင်ညွန့်၊ ဗဟိုတရားရုံးရှေ့နေ**

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂/၇၅ တွင် လျှောက် ထားသူ ဦးထွန်းအောင်က လျှောက်ထားခံရသူ ဦးထွန်းရှင် အပေါ် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ (၃၉)အရ အိမ်ခန်းကို ရောင်းသည် ဆိုသည့် ပဋိညာဉ်စာချုပ်ကို ပယ်ဖျက်ပေးရန်နှင့် ရန်ကုန်မြို့ ၂၉လမ်း၊ အိမ်အမှတ် ၁၂၃ အောက်ထပ်အခန်းမှ အခွင့်အမိန့်ဖြင့် နေသူဖြစ်၍ ဖယ်ရှားပြီး လက်ရောက်ပေးအပ်ရန် တရားစွဲဆိုခဲ့သည်။ ယင်းအမှုသည် ရုံးပြောင်းရုံးလွှဲများကြောင့် တရားမမှုကြီး အမှတ် ၂၀/၇၆ အဖြစ် လည်းကောင်း၊ တရားမကြီးမှုအမှတ် ၂၅၉/၇၇ ဟူ၍ လည်းကောင်း ဖြစ်လာသည်။ထိုအမှုတွင် လျှောက်ထားသူက ရုံးခွန်တော်အလို့ငှာ ခွင့်ပြု ချက်နှင့် နေထိုင်သူအား ဖယ်ရှားရန်အတွက် ငွေကျပ် ၂၀/-ထမ်း ဆောင်ပြီး စာချုပ်ပယ်ဖျက်ပေးရန်အတွက် ငွေကျပ် ၂၀/-ထမ်းဆောင် ခဲ့သည်။ ဤသို့ ရုံးခွန်တော် ထမ်းဆောင်မှုကို လျှောက်ထားခံရသူက ကန့်ကွက်ခဲ့သည်။ နှစ်ဘက်ကြားနာပြီးနောက် မူလရုံးက ရုံးခွန်တော် ထမ်းဆောင်ခြင်း မှန်ကန်သည်ဟု ဆုံးဖြတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်ကို လျှောက်ထားခံရသူက မကျေနပ်၍ ဗဟိုတရားရုံးတွင် ပြင်ဆင်မှုတင်သွင်း သည့်အခါ ဗဟိုတရားရုံးက စာချုပ်စာတမ်း ဖျက်သိမ်းပေးရန် စွဲဆို သောအမှုတွင် သက်သာခွင့်၏တန်ဖိုးပေါ်တွင် ရုံးခွန်တော်ထမ်းဆောင် ရမည်ဖြစ်သည်ဟုဆုံးဖြတ်ခဲ့သည်။တန်ဖိုးနှစ်သောင်း သတ်မှတ်ထားသည့် အတွက် နှစ်သောင်းအပေါ် ရုံးခွန်တော်ထမ်းဆောင်ရမည်ဟု ဆုံးဖြတ် ခဲ့သည်။ လျှောက်ထားသူသည် ထိုအမိန့်ကျပြီးနောက် မူလအဆိုလွှာ

၁၉၇၉
ဦးထွန်းအောင်
နှင့်
ဦးစွန်းမြင့်

တွင် တောင်းဆိုထားသည့် သက်သာခွင့်နှစ်ခုအနက် စာချုပ်စာတမ်း ဖျက်ပေးရန်ဆိုသည့် သက်သာခွင့်ကို စွန့်လွှတ်ပြီး အဆိုလွှာကို ထိုသက်သာခွင့်မပါပဲ ပြင်ဆင် ထားသည့်အတိုင်း အဆိုလွှာ ပြင်ဆင်ခွင့်ပြုရန် တိုင်းတရားရုံးတွင် လျှောက်ထားခဲ့သည်။ တိုင်းတရားရုံးက အဆိုလွှာ ပြင်ဆင်ခွင့်လျှောက်လွှာကို ပလပ်လိုက်သည့်အတွက် ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

ဤပြင်ဆင်မှုတွင် တင်ပြသည့် အဓိက အကြောင်းပြချက်များမှာ တရားမကျင့်ထုံးဥပဒေအမိန့်(၆)၊ နည်းဥပဒေ(၁၇)အရ အဆိုအချေတို့ကို မည်သည့်အချိန်အခါ၌မဆို ပြင်ဆင်ခွင့်ရှိကြောင်း၊ တိုင်းတရားရုံးသည် မူလအဆိုလွှာပါ သက်သာခွင့်တရပ်ကို မလိုအပ်သဖြင့် စွန့်လွှတ်ခြင်းကို မည်သို့သောအကြောင်းကြောင့် ခွင့်မပြုထိုက်ကြောင်း စေဖန်သုံးသပ်ခြင်းမပြုပဲ ပြင်ဆင်ခွင့်ကို ငြင်းပယ်လိုက်ခြင်းမှာ တရားဥပဒေနှင့် မကိုက်ညီကြောင်း၊ ကြီးလေးသော ရုံးခွန်တော် မထမ်းဆောင်ပဲ အမှု၏ မူရင်းသဏ္ဌာန် မပျက်စေသည့် ဥပဒေနှင့်အညီ တောင်းခံမှုကို ပယ်ခြင်းမှာ မှားယွင်းကြောင်း၊ ပြင်ဆင်ထားသည့် အဆိုလွှာမှာ သက်သာခွင့်နှစ်ရပ်အနက် မလိုအပ်သည့် သက်သာခွင့်တရပ်ကို ဖယ်ရှားစွန့်လွှတ်ခြင်းသာ ဖြစ်သောကြောင့် လျှောက်ထားခံရသူအား နစ်နာစေလိုမှုကိုလည်းကောင်း၊ အမှု၏ပုံသဏ္ဌာန်ကိုလည်း ပြောင်းလဲသွားစေခြင်းမရှိကြောင်း စသည်တို့ကို တင်ပြသွားသည်။

ရန်ကုန်တိုင်းတရားရုံးက အဆိုလွှာကို ပြင်ဆင်ခွင့်မပြုသည့် အမိန့်တွင် တရားလို တင်သွင်းသည့် ပြင်ဆင်ထားသည့် အဆိုလွှာသည် မူလအဆိုလွှာ၏ အသွင်သဏ္ဌာန်ကို လုံးဝပြောင်းလဲသွားမည်ဖြစ်၍ ခွင့်မပြုရန်သာ ရှိပေသည်ဟူ၍ သုံးသပ်ထားသည်ကို တွေ့ရှိရသည်။ ပြင်ဆင်ထားသည့် အဆိုလွှာသည် အိမ်နှင်လိုမှု သက်သာခွင့် တစ်ခုတည်းကိုသာ တောင်းဆိုထားသဖြင့် အိမ်နှင်လိုမှုနှင့် စာချုပ်ကို ပယ်ဖျက်ပေးရန် သက်သာခွင့်နှစ်ခု တောင်းဆိုသည့် မူလအဆိုလွှာနှင့် မတူသည်မှာ မှန်ပေသည်။ သို့ရာတွင် မူလအဆိုလွှာတွင် အိမ်နှင်လိုမှု စွဲဆိုခြင်းမှာ ခွင့်ပြုချက်ဖြင့် အခမဲ့ နေထိုင်သူအား နေထိုင်ရန် ခွင့်ပြုချက်ကို ရုပ်သိမ်းပြီးသော်လည်း ဖယ်ရှားပေးခြင်းမရှိ၍ နှင်လိုမှုစွဲဆိုခြင်း ဖြစ်သလို ပြင်ဆင်ထားသည့် အဆိုလွှာတွင် တောင်းခံထားသည့် အိမ်နှင်လိုမှုတွင်လည်း အလားတူအကြောင်းကို အခြေခံ၍ တရားစွဲဆိုခြင်းဖြစ်သည့်

အတွက် မူလအိမ်နှင်လိုမှု အသွင်သဏ္ဍာန်နှင့် ပြင်ဆင်ထားသည့် အဆိုလွှာတွင် ပါရှိသည့် အိမ်နှင်လိုမှုသဏ္ဍာန်တို့သည် လုံးဝပြောင်းလဲသွားသည်ဆိုသည့် တိုင်းတရားရုံး၏ အသုံးအဖြတ်ကို လက်ခံနိုင်ရန် အကြောင်းမရှိပေ။

ပြင်ဆင်ထားသည့် အဆိုလွှာသည် မူလအဆိုလွှာကို အသွင်သဏ္ဍာန်ပြောင်းလဲခြင်း မရှိစေကာမူ၊ မူလတောင်းဆိုသည့် သက်သာခွင့် နှစ်ခုအနက် သက်သာခွင့်တစ်ခုကို စွန့်လွှတ်ခွင့်ပြုပါက ကျန်ရှိသည့် သက်သာခွင့်တစ်ခုအတွက် အမှုကို ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်နိုင်မဖြစ်နိုင် စိစစ်ရန် လိုပေသည်။ မူလအမှုသည် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ (၄၂)အရ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် ထပ်ဆင့်သက်သာခွင့်အဖြစ် အိမ်ခန်းကို လက်ရောက်ရလိုမှု စွဲဆိုသော အမှုမျိုးဖြစ်ပါက မြွက်ဟကြေငြာပေးရန် သက်သာခွင့်ကို စွန့်လွှတ်ပြီး ထပ်ဆင့်သက်သာခွင့်ဖြစ်သည့် လက်ရောက်ရလိုမှုကို ဆက်လက်ဆောင်ရွက်သွားနိုင်မည် မဟုတ်ပေ။ ယခုအမှုတွင် သက်သာခွင့် တရပ်နှင့်တရပ်သည် ကွဲပြားခြားနားပေသည်။ စွန့်လွှတ်လိုသည့် သက်သာခွင့်သည် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ(၃၉)အရ စာချုပ်စာတမ်းကို တရားမဝင်ကြေငြာပြီး ဖျက်သိမ်းပေးရန် ထပ်ဆင့် သက်သာခွင့် ပါရှိပြီး ဖြစ်ပေသည်။ အိမ်ခန်းမှ ဖယ်ရှားပေးရန် သက်သာခွင့်သည် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ(၃၉)အရ တောင်းဆိုသည့် သက်သာခွင့်၏ ထပ်ဆင့်သက်သာခွင့် မဟုတ်ပေ။ တို့ကြောင့် အိမ်ခန်းဖယ်ရှားပေးလိုမှု သက်သက်အတွက် အမှုကို ဆက်လက်မစစ်ဆေးနိုင်စရာ အကြောင်းမရှိပေ။

တရားမကျင့်ထုံးဥပဒေအမိန့်(၂၃)၊ နည်းဥပဒေ(၁)အရ တရားလိုသည် မိမိတောင်းဆိုထားသည့် သက်သာခွင့် အားလုံးကိုသော်လည်းကောင်း၊ တစိတ်တဒေသကိုသော်လည်းကောင်း စွန့်လွှတ်ခွင့်ရှိပေသည်။ ထိုသို့ စွန့်လွှတ်သည့်ကိစ္စအတွက် အဆိုလွှာအား ပြင်ဆင်ရန်ပင် မလိုအပ်ချေ။ သို့ရာတွင် ထိုသို့ စွန့်လွှတ်သည့်ကိစ္စအတွက် အဆိုလွှာကိုပြင်ဆင်ခြင်းမပြုရဟူ၍လည်း ပြဋ္ဌာန်းချက်မရှိပေ။ တရားမကျင့်ထုံးဥပဒေအမိန့်(၆)၊ နည်းဥပဒေ(၁၇)အရ အဆိုလွှာ အချေလွှာများကို မည်သည့်အချိန်တွင်မဆို ပြင်ဆင်ရန် တရားရုံးက ခွင့်ပြုနိုင်သည်။ ဤအမှုတွင် အဆိုလွှာကိုပြင်ဆင်ခွင့်မပြု၍ လျှောက်ထားသူကလည်း စွန့်လွှတ်လိုသည့် သက်သာခွင့်နှင့် ပတ်သက်ပြီး တဲဆိပ်တော်ခွန်ကို ထမ်းဆောင်နိုင်ခြင်း

၁၉၇၉
ဦးထွန်း
အောင်
နှင့်
ဦးမွန်းရှင်

မရှိပါက ၎င်း၏အမှုကို ပလပ်ခြင်းခံရမည် ဖြစ်ပေသည်။ ထိုနောက်မှ အိမ်နှင်လိုမှုကို ထပ်မံစွဲဆိုရမည်ဆိုပါက မလိုလားအပ်သည့် အမှုဦးရေ တိုးပွားရေးကို ဖြစ်စေမည်ဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ ဤပြင်ဆင်မှုကို ခွင့်ပြုလိုက်သည်။ လျှောက်ထား သူသည် လျှောက်ထားခံရသူအား တရားစရိတ်အဖြစ် ငွေကျပ် ၁၀၀/- ပေးသွင်းပါက လျှောက်ထားသည့်အတိုင်း အဆိုလွှာကို ပြင်ဆင်ခွင့် ပြုလိုက်သည်။

## တရားမစောဒကမှု

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်
ဦးတင်အောင်၊ ဦးလှဘုန်း၊ ဦးထွန်းရှိန်၊ ဦးအေးမောင်နှင့် ဦးသန့်စင်
တို့ပါဝင်သော ပြည်သူ့တရားသူကြီးအဖွဲ့ရှေ့တွင်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် †၁၉၇၉ မတ်လ ၁၇ ရက်

(မခင်ကြည်)

နှင့်

မပေါက်စ *

**လူတစ်ဦးတစ်ယောက်သည် မည်သည့်ဘာသာကို ကိုးကွယ်ကြောင်း ဆုံးဖြတ်ရာ၌ ထည့်သွင်းစဉ်းစားရန်အချက်များ — ဗုဒ္ဓဘာသာဝင်တို့၏ ကိုယ်အမူအယာ၊ နှုတ်အမူအယာနှင့် အလေ့အထများ။**

**ဆုံးဖြတ်ချက်။** ။လူတစ်ဦးတစ်ယောက်သည် မည်သည့်ဘာသာ ကိုးကွယ်သည်ကို ဆုံးဖြတ်ရန် ခဲယဉ်းလှပေသည်။ လူတစ်ဦးတစ်ယောက်၏ စိတ်အတွင်းသို့ ဝင်ကြည့်နိုင်စွမ်းမရှိသဖြင့် ထိုသူသည် မည်သည့်ဘာသာ၌ သက်ဝင်ယုံကြည်သည်ကို သူ၏နောက်ကြောင်းရာဇဝင်၊ ကိုယ်အမူအယာ နှုတ်အမူအယာနှင့် မိတ်ဆွေသင်္ဂဟ အပေါင်းအသင်း စသည့် ပတ်ဝန်းကျင်ဆိုင်ရာ အချက်များကို ထည့်သွင်းစဉ်းစားပြီးမှသာ မည်သည့်ဘာသာကို ကိုးကွယ်ကြောင်း အဆုံးအဖြတ်ပေးနိုင်မည် ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်များသည် သံဃာတော်များက ငါးပါးသီလပေးသည့် အခါဦးစွာပထမ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကိုရှိခိုးပြီး၊ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံ သရဏံဂစ္ဆာမိ ဟူ၍ ရွတ်ပြီးလျှင် သရဏဂုံဆောက်တည်ရပေသည်။ ယင်းကဲ့သို့ ရတနာသုံးပါးကို ရှိခိုးဦးညွတ်ခြင်း သရဏဂုံဆောက်တည်ခြင်းသည် နှုတ်အမူအရာ၊ ကိုယ်အမူအရာ အားဖြင့် မိမိ၏ ယုံကြည်ကိုးကွယ်မှုကို ထင်ရှားစေခြင်း ဖြစ်သည်ဟုယူဆရပေမည်။ ဗုဒ္ဓဘာသာဝင်တို့၏ လုပ်လေ့လုပ်ထအတိုင်း

---

* ၁၉၇၇ ခုနှစ်၊ တရားမ စောဒကမှု အမှတ် ၁

†၊ ၁၉၇၅ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၃၆ တွင် ချမှတ်သော (၁၉-၁၁-၇၆) နေ့စွဲပါ ဗဟိုတရားရုံး(မန္တလေးရုံးထိုင်)၏ ဆုံးဖြတ်ချက်ကို စောဒကဝင်မှု။

၁၉၇၉ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (မခင်ကြည်) နှင့် မပေါက်စ

ဘုရားသွား ကျောင်းတက် ဥပုသ်စောက်တည်ခြင်း၊ သားသမီးများကို သာမဏေဘောင်သို့ သွတ်သွင်းပြီး ဆံချသည့်အခါ ဆံခံခြင်း စသည်တို့မှာ သာသနာ့ဘောင်သို့ သွတ်သွင်းသည်ကို မည်မျှ လေးစားကြောင်း ပေါ်လွင်ထင်ရှားစေသည်။

**စောဒကတရားလိုအတွက်** — ဗဟိုဥပဒေရုံးညွှန်ကြားရေးမှူးဦးတင်အုံး
ဥပဒေဝန်ထမ်းအဆင့်(၁) ဦးသိမ်းအောင်
ဥပဒေဝန်ထမ်းအဆင့်(၃) ဦးညာဏ်ဝင်း

**စောဒကတရားပြိုင်အတွက်** — ဦးမြစိန်(မန္တလေး)ဗဟိုတရားရုံးရှေ့နေ

မိတ္ထီလာမြို့နေ ဦးစံမြင့်နှင့် ဒေါ်တင့်တို့ လင်မယားနှစ်ဦးသေဆုံးပြီးနောက် မူလမြို့နယ်တရားရုံး တရားပိုင်မခင်ကြည်က သူသည် ဦးစံမြင့်နှင့် ဒေါ်တင့်တို့၏ ကိတ္တိမမွေးစားသမီးဖြစ်သည်ဟု အဆိုပြုပြီး ဦးစံမြင့်၊ ဒေါ်တင့်တို့ ကျန်ရစ်ခဲ့သည့် အမွေပစ္စည်းများတွင် သူလည်း ရထိုက်သည်ဟု တောင်းဆိုလာသဖြင့် ဦးစံမြင့်နှင့် ဒေါ်တင့်တို့၏ သမီးအရင်းဖြစ်သူ စောဒကတရားပြိုင် မပေါက်စက ဤအမှုကို စွဲဆိုခဲ့ခြင်းဖြစ်သည်။

စောဒကတရားပြိုင် မပေါက်စက မိတ္ထီလာမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် (၂/၇၃) တွင် မခင်ကြည်သည် ဦးစံမြင့်နှင့်ဒေါ်တင့်တို့၏ ကိတ္တိမသမီးမဟုတ်ကြောင်း မြွက်ဟကြေငြာပေးရန်သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ တရားစွဲဆိုခဲ့သည်။ မူလမြို့နယ်တရားရုံးက စစ်ဆေးပြီး မပေါက်စစွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ မပေါက်စက မကျေနပ်၍ မန္တလေးတိုင်းတရားရုံး တရားမအယူခံမှုအမှတ် (၁/၇၅) တွင် အယူခံဝင်ရာ မအောင်မြင်သဖြင့် မန္တလေးမြို့ ရုံးထိုင် ဗဟိုတရားရုံး တရားမ ဒုတိယအယူခံမှုအမှတ် (၃၆/၇၅)တွင် ထပ်မံ အယူခံဝင်ခဲ့သည်။ ယင်း ဒုတိယအယူခံမှုတွင် ဗဟိုတရားစီရင်ရေးအဖွဲ့က မူလမြို့နယ်တရားရုံးနှင့် ပထမအယူခံ တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်၍ မပေါက်စစွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ အနိုင်ဒီကရီအရပ် ချမှတ်ပေးလိုက်သည်။ ဗဟိုတရားစီရင်ရေးအဖွဲ့၏ အဆုံးအဖြတ်ကို မခင်ကြည်က မကျေနပ်သဖြင့် ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၁၈(ခ) နှင့် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥပဒေပုဒ်မ ၇(စ) အရ စောဒကမှုတင်သွင်းပေးရန် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့သို့ လျှောက်ထားခဲ့ရာ မခင်ကြည်၏ လျှောက်ထားချက်ကို

လက်ခံပြီး ပြည်သူ့ဥပဒေဆောင်ကျိုးဆောင်အဖွဲ့က ဤစာဒက မှုကိုစစ်ဆေးခြင်းဖြစ်သည်။ ၁၉၇၉ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (မခင်ကြည်) နှင့် မပေါက်စ

စာဒကတရားပြိုင် မပေါက်စသည် ဦးစံမြင့်နှင့်ဒေါ်တင့်တို့၏ သမီးအရင်းဖြစ်ကြောင်း၊ ဦးစံမြင့်သည် ၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၆)ရက်နေ့က မိတ္ထီလာမြို့၌ သေဆုံးခဲ့ကြောင်း၊ ဦးစံမြင့်၏ဇနီးဒေါ်တင့်သည် ၁၉၇၃ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့က မိတ္ထီလာမြို့၌ပင် သေဆုံးခဲ့ကြောင်း အငြင်းမထွက်ချေ။ ထိုသို့ ဦးစံမြင့်နှင့်ဒေါ်တင့်တို့ သေဆုံးပြီးနောက် မူလမြို့နယ်တရားရုံး၌ တရားပြိုင် မခင်ကြည်က သူသည် ဦးစံမြင့်၊ ဒေါ်တင့်တို့၏ အမွေစားအမွေခံ မွေးစားခြင်းခံရသည့် ကိတ္တိမသမီးဟုအဆိုပြုကာ ဦးစံမြင့်၊ ဒေါ်တင့်တို့ ကျန်ရစ်ခဲ့သည့် အမွေပစ္စည်းများကို သူလည်း ရထိုက်သည်ဟု တောင်းဆိုလာသဖြင့် ဦးစံမြင့် ဒေါ်တင့်တို့၏သမီးအရင်းဖြစ်သူ မပေါက်စက မခင်ကြည်သည် ဦးစံမြင့်နှင့် ဒေါ်တင့်တို့၏ ကိတ္တိမသမီးမဟုတ်ကြောင်း မြွက်ဟကြေငြာပေးရန် မူလမြို့နယ်တရားရုံး၌ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

မူလမြို့နယ်တရားရုံးက အောက်ပါ ကောက်ချက်များကိုထုတ်၍ အမှုစစ်ဆေးခဲ့သည်။

၁။ တရားပြိုင် မခင်ကြည်သည် ကွယ်လွန်သူ ဦးစံမြင့်နှင့်ဒေါ်တင့်တို့၏ အမွေခံ ကိတ္တိမ မွေးစားသမီး ဟုတ်ပါသလား။

၂။ ကွယ်လွန်သူ ဦးစံမြင့်နှင့် ဒေါ်တင့်တို့သည် မဟာမေဒင်ဘာသာဝင်များ ဖြစ်ကြသလား။

၃။ မဟာမေဒင်တရားဥပဒေက မွေးစားခြင်း (Adoption) ကို အသိအမှတ်မပြုဆိုခြင်း မှန်သလား။

၄။ တရားလိုမည်သည့်သက်သာခွင့်ရထိုက်သနည်း။

ယင်းကောက်ချက် အမှတ် (၁) နှင့် (၂) တို့ကို မြို့နယ်တရားရုံးက အောက်ပါအတိုင်း ဖြေဆိုခဲ့သည်။

**ကောက်ချက်အမှတ်(၁)**

တရားပြိုင်မှတင်ပြသော သက်သေ ဦးဘရင်၊ မြေတိုင်းစာရေး ဦးဒေါင်း၊ ဦးအောင်းမြို့၊ ဦးမြတ်ကျော်၊ ကိုအောင်မြင့်နှင့်ဒေါ်မာခင်မြ

၈၉၇၉
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (မခင်ကြည်) နှင့် မပေါက်စ

တို့၏ ထွက်ဆိုချက်များအရ တရားပြိုင် မခင်ကြည်သည် ကွယ်လွန်သူ ဦးစံမြင့်နှင့် ဒေါ်တင့်တို့၏ အမွေခံ ကိတ္တိမ မွေးစားသမီးဖြစ်ကြောင်း တွေ့ရှိရခြင်း။

**ကောက်ချက်အမှတ်(၂)**

သံဃာတော်များအား နတ်နန်းသို့မင့်ဖိတ်၍ ဆွမ်းကပ်ခြင်း၊ ငွေ ၁၅၀/-ပေးပြီး ကြေးဆင်းတုကိုးကွယ်ခြင်း၊ သုသာန်ကျောင်းကုတင် လှူခြင်း၊ နတ်ကနားပေးခြင်း၊ နတ်ကိုးကွယ်ခြင်းတို့မှာ သက်သေ ဦးဘရင်၊ မော်လဝီဦးရာကွတ်နှင့် ဒေါ်ဆယ်ယုံတို့၏ ထွက်ချက်များအရ ဦးစံမြင့်သည် မဟာမေဒင်ဆဲျိုင်းတွင် သေသည့်အခါ မြုပ်နှံသော်လည်း ရင်းမှာ မဟာမေဒင်မဟုတ်တော့ပဲ ဗုဒ္ဓဘာသာလိုလို၊ နတ်ဆရာလိုလိုဖြင့် ဇာတ်ပျက်ဖြစ်ခြင်း။

မန္တလေးတိုင်းတရားရုံးက မခင်ကြည်သည် ဦးစံမြင့်နှင့်ဒေါ်တင့်တို့၏ ကိတ္တိမ မွေးစားသမီး မဟုတ်ကြောင်း သက်သေမြရန် တာဝန်မှာ မပေါက်စ၏တာဝန်ဖြစ်သည့်အလျောက် မပေါက်စသည် ယင်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခြင်း မတွေ့ရသည့်အပြင် သက်သေ ဒေါ်စောတင်၊ ဦးဘရင်နှင့် ဒေါ်ဟာလိမန်တို့၏ ထွက်ချက်များအရ မခင်ကြည်သည် ဦးစံမြင့်နှင့် ဒေါ်တင့်တို့၏ ကိတ္တိမ မွေးစားသမီး ဖြစ်ကြောင်း ပေါ်လွင်သည်ဟု အဆုံးအဖြတ်ပေးသည့်အပြင် နတ်ကွန်း များကိုထိုးပြီး နတ်ကနားပေးခြင်း၊ ရဟန်းသံဃာများအား ဆွမ်းပင့် ကျွေးပြီး ကုတင်လှူဒါန်းခြင်း အစရှိသဖြင့် ပြုလုပ်ခဲ့ခြင်းကြောင့် ဦးစံမြင့် သည် ဗုဒ္ဓဘာသာ ကိုးကွယ်သူဖြစ်သည်ဟု အဆုံးအဖြတ်ပေးကာ မပေါက်စ၏ အယူခံမှုကို ပလပ်လိုက်သည်။

ဗဟိုတရားစီရင်ရေးအဖွဲ့က ဦးစံမြင့်နှင့် ဒေါ်တင့် တို့သည် အစက အစ္စလာမ် ဘာသာဝင်များ ဖြစ်ကြောင်းမှာ အငြင်းမထွက်ကြောင်း၊ နောက်ပိုင်းတွင် ဗုဒ္ဓဘာသာ ကိုးကွယ်သူများအဖြစ် ကူးပြောင်းခဲ့သည် ဆိုသော သက်သေ အထောက်အထားမှာလည်း မခိုင်လုံလှကြောင်း၊ ထို့ကြောင့် အစ္စလာမ်ဘာသာဝင်များသည် သားသမီးမွေးစားခွင့် မရှိသဖြင့် မခင်ကြည်မှာ ဦးစံမြင့်နှင့် ဒေါ်တင့်တို့၏ ကိတ္တိမသမီးမဟုတ်ဟု အဆုံးအဖြတ်ပေးခဲ့ကြောင်း တွေ့ရသည်။

၁၉၇၉ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (မခင်ကြည်) နှင့် မပေါက်စ

ဤစောဒကမှုနှင့် ပတ်သက်၍ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့က အဆိုပြုတင်ပြရာတွင် ဗဟိုတရားရုံး(မန္တလေးရုံးထိုင်)သည် ယင်းတရားရုံး၏ တရားမဒုတိယအယူခံမှု အမှတ်(၃၆/၇၅)တွင် မခင်ကြည်သည် ကွယ်လွန်သူ ဦးစံမြင့်နှင့်ဇနီး ဒေါ်တင့်တို့၏ မွေးစားသမီးဖြစ်ကြောင်း မူလမြို့နယ်တရားရုံးနှင့် ပထမအယူခံ တိုင်းတရားရုံးတို့၏ အဆုံးအဖြတ်ကို ပယ်ဖျက်ခဲ့ကြောင်း၊ ယင်းသို့ ဗဟိုတရားစီရင်ရေးအဖွဲ့က ဆုံးဖြတ်ခြင်းမှာ ကွယ်လွန်သူ ဦးစံမြင့်နှင့် ဇနီး ဒေါ်တင့်တို့သည် အစ္စလာမ်ဘာသာဝင်အဖြစ်မှ ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ကူးပြောင်းကြောင်း သက်သေခိုင်လုံခြင်းမရှိဟု ယူဆသောကြောင့် မြို့နယ်နှင့် တိုင်းတရားရုံးတို့၏ ဆုံးဖြတ်ခြင်းပြုခဲ့သော မွေးစားခြင်းကိစ္စ မပေါ်ပေါက်တော့ဟု ကောက်ယူကာ ဖယ်ရှားပြင်ဆင်ဆုံးဖြတ်ကြောင်း ထို့ကြောင့် ယင်းဆုံးချက်သည် လုပ်သားပြည်သူ တရပ်လုံးနှင့် သက်ဆိုင်အရေးကြီးသည့် ဥပဒေပြဿနာ ပေါ်ပေါက်သည်ဟု ယူဆကြောင်း ဖြင့် အဆိုပြုတင်ပြပေသည်။ ဤအဆိုပြုချက်နှင့် ပတ်သက်ပြီး ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့က အဓိကအချက်နှစ်ချက် တင်ပြခဲ့သည်။ ပထမအချက်မှာ ဗဟိုတရားစီရင်ရေးအဖွဲ့သည် ဦးစံမြင့်နှင့် ဒေါ်တင့်တို့သည် အစ္စလာမ်ဘာသာဝင်အဖြစ်မှ ဗုဒ္ဓဘာသာ ကိုးကွယ်သူများအဖြစ်သို့ ပြောင်းလဲကြောင်း သက်သေအထောက်အထားမရှိဟု ဆုံးဖြတ်ချက်မှာ သက်သေခံချက်နှင့် ဆုံးဖြတ်ချက်တို့ ကိုက်ညီခြင်းမရှိကြောင်း ဟူသောအချက်နှင့် ဒုတိယအချက်မှာ ဗဟိုတရားစီရင်ရေးအဖွဲ့သည် ဦးစံမြင့်နှင့်ဒေါ်တင့်တို့ ကွယ်လွန်သောအခါ အစ္စလာမ်ဘာသာအရ အစ္စလာမ်ဘာသာသင်္ချိုင်းတွင်သင်္ဂြိုဟ်ခဲ့သောကြောင့် အစ္စလာမ်ဘာသာဝင်များ ဖြစ်ကြသည်ဟု ကောက်ယူဆုံးဖြတ်ချက်မှာ ဥပဒေနှင့်မကိုက်ညီကြောင်း၊ သေဆုံးပြီးသည့်နောက် အလောင်းကို ကျန်ရစ်သူတို့က သင်္ဂြိုဟ်ပုံသင်္ဂြိုဟ်နည်းကို အခြေပြု၍ သေဆုံးသူ ကိုးကွယ်ယုံကြည်သက်ဝင်သော ဘာသာကို အဆုံးအဖြတ်မပေးနိုင်ကြောင်းဟူ၍ တင်ပြထားပေသည်။

ဗဟိုတရားစီရင်ရေးအဖွဲ့သည် မူလရုံးတရားပြိုင် မခင်ကြည်နှင့် သူ၏ သက်သေ ဒေါ်စောတင်၊ ဦးဘရင်၊ ဒေါ်ဆယ်ယုံ၊ ဒေါ်ဟလီမန်၊ ဦးအိန္ဒက၊ ဦးရာကွတ်တို့၏ ထွက်ဆိုချက်များအရ ဦးစံမြင့်နှင့် ဒေါ်တင့်တို့သည် အစက အစ္စလာမ်ဘာသာ ကိုးကွယ်သူများ ဖြစ်သော်လည်း နောက်ပိုင်းတွင် ဗုဒ္ဓဘာသာကိုးကွယ်သူများ ဖြစ်ကြကြောင်း ပေါ်လွင်ထင်ရှားပါလျက်နှင့် ဦးစံမြင့်နှင့် ဒေါ်တင့်တို့သည် ဗုဒ္ဓဘာသာဝင်များ

၁၉၇၉
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
(မခင်ကြည်)
နှင့်
မပေါ်က်စ

မဟုတ်ဟု အဆုံးအဖြတ်ပေးခြင်းသည် သက်သေခံချက်နှင့်ဆုံးဖြတ်ချက်မှာ ကိုက်ညီခြင်းမရှိဟု ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့က တင်ပြချက်နှင့် ပတ်သက်၍ ယင်းသက်သေများ၏ ထွက်ချက်များကို စိစစ်လိုက်သည့်အခါ အောက်ပါအတိုင်း တွေ့ရှိသည်။

မူလရုံးတရားပြိုင် မခင်ကြည်၏ ထွက်ဆိုချက်ကို သုံးသပ်ရာ၌ ဦးစံမြင့်နှင့် ဒေါ်တင့်တို့မှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြောင်း၊ ဦးစံမြင့်အသည် နတ်ကိုးကွယ်သူတစ်ဦး ဖြစ်သည့်အပြင် မိတ္ထီလာ သုဿန်ကျောင်းမှ ဘုန်းကြီးငါးပါးပင့်ပြီး ဆွမ်းကျွေးခဲ့ဘူးကြောင်း ထွက်ဆိုထားသည်။ မခင်ကြည်က ဦးစံမြင့်သည် မှတ်စလင်ဖြစ်သော်လည်း ဗုဒ္ဓဘာသာကိုးကွယ်ပါသည်ဟူ၍လည်းထွက်ဆိုထားသဖြင့် ဦးစံမြင့်သည် မှတ်စလင်ဖြစ်လျက်နှင့် ဗုဒ္ဓဘာသာကိုးကွယ်နေသည်ဟု သဘောသက်ရောက်နေသဖြင့် မခင်ကြည်၏ ထွက်ဆိုချက်အရပင်လျှင် ဦးစံမြင့်သည် မူလအစက မိမိကိုးကွယ်သည့် မှတ်စလင်ဘာသာကို စွန့်လွှတ်ခဲ့ကြောင်း ထင်ရှားခြင်း မရှိပေ။

သက်သေ ဒေါ်စောတင်၏ ထွက်ဆိုချက်ကို သုံးသပ်ရာ၌ ဦးစံမြင့်သည် မူလအစကတည်းက ဗုဒ္ဓဘာသာ ကိုးကွယ်သူတစ်ဦး ဖြစ်သည်ဟု ဒေါ်စောတင်က ထွက်ဆိုထားကြောင်း တွေ့ရသည်။ ကာယကံရှင်ဖြစ်သည့် မူလရုံး တရားပြိုင် မခင်ကြည်ကိုယ်တိုင်နှင့် သူ၏သက်သေများက ဦးစံမြင့်နှင့် ဒေါ်တင့်တို့မှာ အစမူလက အစ္စလာမ်ဘာသာကိုးကွယ်သူများဖြစ်ကြောင်း ဝန်ခံထားလျက်နှင့် ဒေါ်စောတင်က ဦးစံမြင့်သည် မူလအစကတည်းက ဗုဒ္ဓဘာသာ ကိုးကွယ်သူဖြစ်ပါသည်ဟု ထွက်ဆိုခြင်းကြောင့် ဒေါ်စောတင်သည် ယုံကြည်ထိုက်သော သက်သေတစ်ဦးမဟုတ်ပေ။ ထို့အပြင် မူလတရားရုံး တရားစီရင်ရေးအဖွဲ့၏ မေးခွန်းများကို ဖြေဆိုရာ၌ မူလတရားစီရင်ရေးအဖွဲ့က ဒေါ်စောတင်အပေါ် မှတ်ချက်များ ပြုလုပ်ထားသည်။ ယင်းမှတ်ချက်များအရ ဒေါ်စောတင်မှာ စိတ်ချစွာ ယုံကြည်ထိုက်သော သက်သေတစ်ဦးမဟုတ်ကြောင်းလည်း ပေါ်လွင်ပေသည်။

သက်သေ ဦးဘရင်၏ ထွက်ဆိုချက်ကို သုံးသပ်ရာ၌ ဦးဘရင်က ဦးစံမြင့်သည် ဗုဒ္ဓဘာသာ ကိုးကွယ်ကြောင်း၊ နတ်နန်းလည်း ရှိကြောင်း၊ မန္တလေးမှ ငွေကျပ် ၁၅၀/-ပေးရသော ကြေးဆင်းတုလည်းရှိကြောင်း

၁၉၇၉
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (မခင်ကြည်) နှင့် မပေါက်စ

သူဿန်ဘုန်းကြီးကျောင်းသို့ ကုတင်လှူကြောင်း စသည်ဖြင့် ထွက်ဆိုထားကြောင်း တွေ့ရသည်။ ထို့အပြင် ဦးစံမြင့်က မခင်ကြည်ကို မွေးစားရန်အတွက် ဒေါ်စောတင်ထံ သွားတောင်းစဉ်အခါကသူသည် ဦးစံမြင့်နှင့်အတူ ပါသွားကြောင်း၊ နှစ်ခေါက်၊ သုံးခေါက် သွားပြီးနောက် ဒေါ်စောတင်က ဦးစံမြင့်အား လေးလသမီး မခင်ကြည်ကို ပေးလိုက်ကြောင်း၊ မခင်ကြည်ကို ဦးစံမြင့်ကခေါ်လာပြီးနောက် နှစ်လလောက်အကြာတွင် မခင်ကြည်ပိုင်မြေနှင့် အခြားပစ္စည်းများကို ဦးစံမြင့်က ဒေါ်စောတင်ထံသွား၍ တောင်းသဖြင့် ရရှိခဲ့ကြောင်း၊ ထို့နောက် မခင်ကြည်အိမ်ထောင်ကျပြီး ခံလေးတစ်ယောက် ရရှိသည့်အခါ ဦးစံမြင့်က မခင်ကြည်၏မြေကိုအမည်မသိသူတစ်ဦးထံ ငွေကျပ် ၄၆၀/နှင့် ပေါင်ခဲ့ကြောင်း စသည်ဖြင့် ထွက်ဆိုထားသည်။ ၎င်းထွက်ဆိုချက်များမှာ ဒေါ်စောတင်၏ ထွက်ဆိုချက်များနှင့် ဆန့်ကျင်နေကြောင်း တွေ့ရသည်။ အဘယ့်ကြောင့်ဆိုသော် ဒေါ်စောတင်ထွက်ဆိုရာတွင် ဦးစံမြင့်က မခင်ကြည်အား မွေးစားရန် လာတောင်းကြောင်း၊ နှစ်ခေါက်၊သုံးခေါက်လာပြီးနောက် ကလေးကိုပေးလိုက်ကြောင်း၊ထိုအခါ မခင်ကြည်ပိုင်မြေကိုလည်း ဦးစံမြင့်အား ပေးလိုက်ကြောင်း၊ ထိုအချိန်၌ပင် ဦးစံမြင့်က ယင်းမြေကို ဦးကောက်ဆိုသူထံ ငွေကျပ် ၄၆၀/နှင့် ပေါင်ခဲ့ကြောင်းထွက်ဆိုထားသဖြင့် ဒေါ်စောတင်၏ထွက်ဆိုချက်နှင့် ဦးဘရင်၏ ထွက်ဆိုချက်များမှာ မခင်ကြည်မြေနှင့် ပတ်သက်၍ ဆောင်ရွက်ချက်တွင် များစွာကွဲလွဲဆန့်ကျင်လျက်ရှိနေသောကြောင့် ဦးဘရင်၏ထွက်ဆိုချက်များမှာလည်း စိတ်ချလက်ချ လက်ခံနိုင်သည့် ထွက်ဆိုချက်များ မဟုတ်ပေ။

ဒေါ်ဆယ်ယုံ၏ ထွက်ဆိုချက်ကို သုံးသပ်ရာ၌ ဦးစံမြင့်သည် ဗုဒ္ဓဘာသာဖြစ်ကြောင်း၊ ဦးစံမြင့်သည် နတ်ကိုးကွယ်ကြောင်း၊ နတ်မပင့်မီ ဘုရားကန်တော့ကြောင်း၊ ကုလားဘာသာကိုလည်း ကန်တော့ကြောင်း စသည်ဖြင့် ထွက်ဆိုထားကြောင်း တွေ့ရသည်။ တဆက်တည်းမှာပင် ဒေါ်ဆယ်ယုံက ဦးစံမြင့်သည် နတ်ကိုးကွယ်သည့်အပြင် အခြားဘယ်ဘာသာကို ကိုးကွယ်သည်ဆိုတာ မသိပါဟု ထွက်ဆိုထားကြောင်း တွေ့ရသည်။ ၎င်းထွက်ဆိုချက်များအရ ဒေါ်ဆယ်ယုံသည် ဦးစံမြင့် ဘယ်ဘာသာကို ကိုးကွယ်ကြောင်း တိတိကျကျ သိသူတစ်ဦး မဟုတ်ကြောင်း ပေါ်လွင်ပေသည်။

ဒေါ်ဟလီမန်၏ ထွက်ဆိုချက်ကို သုံးသပ်ရာ၌ ဦးစံမြင့်သည် အစက

မှတ်စီလင်ဖြစ်ပါကြောင်း၊ နောက်ပိုင်း၌ဘုရားရုပ်ထု၊ နတ်ရုပ်ထုများကို ဦးစံမြင့်က ကိုးကွယ်ကြောင်း၊ ထို့ကြောင့် ဦးစံမြင့်ကြီး ဇာတ်ပျက်ပြီး ဗုဒ္ဓဘာသာ ဖြစ်သွားပြီဟု ပြောဆိုခဲ့ကြောင်း စသည်ဖြင့် ထွက်ဆို ကြောင်း တွေ့ရသည်။

ဦးအိန္ဒက၏ ထွက်ဆိုချက်ကို သုံးသပ်ရာ၌ ဦးစံမြင့်သည် သူ့အား နတ်ကွန်းထဲ၌ ဆွမ်းစားပင့်ပြီး ကုတင်တစ်လုံးကို ဆရာတော် ဦးညာဏ စံသအား လှူဒါန်းကြောင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။ သို့သော် ဦးအိန္ဒက က ဦးစံမြင့်သည် ထိုသို့ဆွမ်းပင့်၍ ကုတင်လှူဒါန်းသည့် အခါ၌ သံဃာတော်များအား ကန်တော့ကြောင်း ထွက်ဆိုထားခြင်း မရှိသည့် အပြင် ကုတင်လှူသည့်အတွက် ရေစက်ချသည့်အခါ၌ ဦးစံမြင့်သည် အပြင်ထွက်နေပါသည်ဟု ထွက်ဆိုထားကြောင်း တွေ့ရှိရပေသည်။

ဦးရာကွတ်၏ထွက်ဆိုချက်ကို သုံးသပ်ရာ၌ ဦးစံမြင့်သည် နတ်ဂိုဏ်းဂန ကို ကိုးကွယ်သည့်အတွက် အစ္စလာမ်ဘာသာဝင်တစ်ဦးမဟုတ်ဟု သတ် မှတ်ခဲ့ကြောင်း၊ ထို့ကြောင့် ဦးစံမြင့်နှင့် ဘာသာရေးအဆက်ဖြတ်ခဲ့ ကြောင်း၊ ထိုသို့ အဆက်ဖြတ်ခဲ့ခြင်းမှာ ၁၉၅၃–၅၄ ခုနှစ်လောက်က ဖြစ်ကြောင်း၊ အစ္စလာမ်ဘာသာဝင်တစ်ဦးမဟုတ်သူကို အစ္စလာမ်သင်္ချိုင်း တွင် မမြှုပ်ရဟု ပညတ်ချက်မရှိသော်လည်း သူ၏ တသက်တာတွင် အစ္စလာမ်ဘာသာဝင်မဟုတ်သူကို အစ္စလာမ်သင်္ချိုင်း၌ သင်္ဂြိုဟ်ခြင်း ပြုလုပ်သည်ကို တခါမျှမမြင်ဘူးပါဟု ထွက်ဆိုထားကြောင်း တွေ့ရသည်။

အထက်ဖော်ပြပါ မူလရုံးတရားပြိုင် မခင်ကြည်နှင့် သူ၏သက်သေ များ၏ ထွက်ဆိုချက်များကို ခြုံ၍ သုံးသပ်လိုက်သည့်အခါ ဦးစံမြင့်သည် မူလအစက အစ္စလာမ်ဘာသာဝင်တစ်ဦးဖြစ်ကြောင်း၊ ဦးစံမြင့်သည် နတ်ကိုးကွယ်ကြောင်း၊ ခြံထဲတွင် နတ်စင်ထားကြောင်း၊ နတ်စင်၌ဘုရား တစ်ဆူထားကြောင်း၊ ဘုန်းကြီးကျောင်းသို့ ကုတင်လှူသည့်အတွက် နတ် ကွန်းတွင် ဘုန်းကြီးများပင့်၍ ဆွမ်းကျွေးခဲ့ကြောင်း၊ ထွက်ဆိုချက်များ သာ ရှိသည်။ နတ်ကိုးကွယ်ရုံမျှဖြင့် ဗုဒ္ဓဘာသာဖြစ်သည်ဟု မယူဆနိုင် ကြောင်း အထူးပြောရန်မလိုပေ။ ဦးစံမြင့်သည် မိမိအိမ်တွင် ဘုရား တစ်ဆူထားသော်လည်း ကိုးကွယ်ဆည်းကပ်မှုရှိခဲ့ကြောင်း သက်သေ အထောက်အထားမရှိချေ။ သံဃာတော်များ ဆွမ်းပင့်ကျွေး၍ ကုတင် လှူရုံမျှဖြင့် ဗုဒ္ဓဘာသာဖြစ်သည်ဟု မဆိုနိုင်သေးပေ။ ဤကဲ့သို့ သံဃာ

တော်များအား ဆွမ်းပင့်ကျွေး၍ လှူဒါန်းစဉ်အခါက ဦးစံမြင့်သည် ယင်းသံဃာတော်များအား ကန်တော့ကြောင်း သက်သေထွက်ချက် မရှိပေ။ ဦးအိန္ဒကာ၏ ထွက်ဆိုချက်အရမင်လျှင် ဆွမ်းကျွေးပြီး ရေစက်ချသည့်အခါဦးစံမြင့်သည် အပြင်ထွက်နေကြောင်း ပေါ်လွင်နေပေသည်။ အလှူအတန်းပြုလုပ်ပြီး ရေစက်ချအမျှပေးဝေခြင်းမှာ ဗုဒ္ဓဘာသာများအတွက် အဓိကအရေးကြီးသောအချက် ဖြစ်ပေသည်။ ၁၉၄၉ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် (မခင်ကြည်) နှင့် မပေါက်စ

လူတစ်ဦးတစ်ယောက်သည် မည်သည့်ဘာသာကိုးကွယ်သည်ကို ဆုံးဖြတ်ရန် ခဲယဉ်းလှပေသည်။ လူတစ်ဦးတစ်ယောက်၏ စိတ်အတွင်းသို့ ဝင်ကြည့်နိုင်စွမ်းမရှိသဖြင့် ထိုသူသည် မည်သည့်ဘာသာ၌ သက်ဝင်ယုံကြည်သည်ကို သူ၏နောက်ကြောင်းရာဇဝင်၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာနှင့် မိတ်ဆွေသင်္ဂဟအပေါင်းအသင်း စသည့် ပတ်ဝန်းကျင်တို့ကို ထည့်သွင်းစဉ်းစားပြီးမှသာ မည်သည့်ဘာသာကို ကိုးကွယ်ကြောင်း အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်များသည် သံဃာတော်များက ငါးပါးသီလပေးသည့်အခါ ဦးစွာပထမ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ရှိခိုးပြီး၊ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ ဟူ၍ ရွတ်ဆိုပြီးလျှင် သရဏဂုံ ဆောက်တည်ရပေသည်။ ယင်းကဲ့သို့ ရတနာသုံးပါးကိုရှိခိုးဦးညွှတ်ပြီး သရဏဂုံဆောက်တည်ခြင်းသည် နှုတ်အမူအရာ၊ ကိုယ်အမူအရာအားဖြင့် မိမိ၏ယုံကြည်ကိုးကွယ်မှုကို ထင်ရှားစေခြင်းဖြစ်သည်ဟု ယူဆရပေမည်။ ဗုဒ္ဓဘာသာဝင်တို့၏ လုပ်လေ့လုပ်ထအတိုင်း ဘုရားသွား ကျောင်းတက် ဥပုသ်ဆောက်တည်ခြင်း၊ သားသမီးများကို သာမဏေဘောင်သို့ သွတ်သွင်းပြီး ဆံချသည့်အခါ ဆံခံခြင်း စသည်တို့မှာ သာသနာ့ဘောင်သို့ သွတ်သွင်းသည်ကို မည်မျှလေးစားကြောင်း ပေါ်လွင်ထင်ရှားစေသည်။ ဦးစံမြင့်သည် ဤကဲ့သို့ဆောင်ရွက်ခဲ့ကြောင်း သက်သေအထောက်အထားမရှိချေ။

ဗဟိုတရားစီရင်ရေးအဖွဲ့၏ စီရင်ချက်တွင် ဦးစံမြင့်နှင့် ဒေါ်တင့်တို့သည် သေဆုံးသည့်အခါ မွတ်စလင်သင်္ချိုင်း၌သင်္ဂြိုဟ်သဖြင့် မွတ်စလင်ဘာသာဝင်များဖြစ်သည်ဟု အဆုံးအဖြတ်ပေးထားခြင်း မဟုတ်ပေ။ ဦးစံမြင့်နှင့်ဒေါ်တင့်တို့သည်အစက မွတ်စလင်ဘာသာကိုကိုးကွယ်သူများ ဖြစ်ခဲ့ပြီး သူတို့သေဆုံးသည့်အခါ မွတ်စလင်သင်္ချိုင်း၌ သင်္ဂြိုဟ်ခဲ့ကြောင်း

၁၉၇၉
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (မခင်ကြည်) နှင့် မပေါက်စ

အငြင်းမထွက်ချေဟူ၍သာ သုံးသပ်ထားကြောင်းတွေ့ရသည်။ ထို့အပြင် မူလရုံးတရားပိုင် မခင်ကြည်၏သက်သေ မော်လဝီဆရာကြီးဦးရာကွတ်က အစ္စလာမ်ဘာသာဝင်တစ်ဦးမဟုတ်သူအား အစ္စလာမ်သချိုင်း၌မချရဟု ပညတ်ချက်မရှိသော်လည်း ထူ၏တသက်တာတွင် အစ္စလာမ်ဘာသာဝင် တစ်ဦးမဟုတ်သူအား အစ္စလာမ်သချိုင်း၌ သင်္ဂြိုဟ်သည်ကို တခါမျှ မမြင်ဘူးပါဟု ထွက်ဆိုထားသည့်အချက်မှာ အလွန်အရေးကြီးသော အချက်ဖြစ်ကြောင်း၊ ဦးစံမြင့်နှင့်ဒေါ်တင့်တို့မှာ အစ္စလာမ်ဘာသာဝင် များအဖြစ်ဖြင့် သေဆုံးခဲ့ခြင်းဖြစ်၍သာလျှင် အစ္စလာမ်ဘာသာသချိုင်း တွင် ချခဲ့သည်ဟု ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

ထို့အပြင် အမှုတွဲအရပေါ်လွင်သည့် အောက်ဖော်ပြပါ အချက် အလက်များကို ပြန်သည်သုံးသပ်လျှင် ဦးစံမြင့်နှင့်ဒေါ်တင့်တို့သည် သေဆုံးခဲ့သည့်အချိန်အထိ အစ္စလာမ်ဘာသာမှ အခြားဘာသာတခုခုသို့ လုံးဝကူးပြောင်းကိုးကွယ်သွားကြောင်း ထင်ရှားခြင်းမရှိပေ။

ခင်ပွန်းဖြစ်သူ ဦးစံမြင့်သေဆုံးစဉ်က ဇနီးဖြစ်သူဒေါ်တင့်မှာ အသက် ထင်ရှားရှိသေးသည်။ ဦးစံမြင့်နှင့်ဒေါ်တင့်တို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ခဲ့လျှင် ဦးစံမြင့်သေဆုံးသောအခါ ဗုဒ္ဓဘာသာဇနီးဖြစ်သူ ဒေါ်တင့် သည် သူ၏ကွယ်လွန်သူ ဗုဒ္ဓဘာသာခင်ပွန်းအား သင်္ဂြိုဟ်ရာ၌ ဗုဒ္ဓဘာသာ မလေ့ထုံးတမ်းအရ သရဏဂုံတင်ခြင်း၊ သင်္ဂြိုဟ်ပြီး ရက်လည်ဆွမ်းကျွေး ခြင်း အစရှိသည်တို့ကို မလွဲမသွေ ပြုလုပ်မည်ဖြစ်ပေသည်။ ထိုသို့ ပြုလုပ် ကြောင်း ပေါ်လွင်ခြင်းမရှိပေ။ ယခု၌မူ ဦးစံမြင့်သေဆုံးသည့်အခါ အစ္စလာမ်သချိုင်းတွင် သင်္ဂြိုဟ်ခဲ့သည့်အပြင် အိမ်၌ အစ္စလာမ်ဘာသာ ဝင်များလုပ်သည့်အတိုင်း စာဖတ်ခြင်း၊ ပုတီးစိတ်ခြင်းတို့ကိုလည်း ပြုလုပ် ခဲ့သည်။ သို့ဖြစ်၍ ဦးစံမြင့်သည် အစ္စလာမ်ဘာသာဝင်အနေဖြင့်သေဆုံး ခဲ့သဖြင့်သာ အစ္စလာမ်ဘာသာဝင်အဖြစ် သင်္ဂြိုဟ်ခဲ့ကြောင်း ပေါ် ပေါက်နေပေသည်။

မခင်ကြည်သည် အစ္စလာမ်ဘာသာဝင် ဖြစ်ပေသည်။ မခင်ကြည်က သူ လေးလသမီးအရွယ်မှစ၍ ဦးစံမြင့်တို့က မွေးစားခဲ့ပါသည်ဟု ထွက် ဆိုခဲ့သည်။ ထိုစဉ်အခါကတည်းက ဦးစံမြင့်နှင့် ဒေါ်တင့်တို့မှာ ဗုဒ္ဓ ဘာသာဝင်များဖြစ်ခဲ့လျှင် မခင်ကြည်သည် မွေးစားမိဘများက ဗုဒ္ဓ ဘာသာဝင်ဖြစ်လျက်နှင့် မည်သည့် အကြောင်းကြောင့် အစ္စလာမ်

ဘာသာ ကိုးကွယ်သူဖြစ်လာကြောင်း မပေါ်လွင်ပေ။ မခင်ကြည်၏ ထွက်ဆိုချက်တွင် သူသည် တသက်လုံး အစ္စလာမ်ဘာသာ ကိုးကွယ်သူ တစ်ဦး ဖြစ်ခဲ့ပါသည်ဟု ထွက်ဆိုထားသည်။ ဗုဒ္ဓဘာသာမိဘများ၏ သားသမီးများသည် ငယ်စဉ်အခါက ဗုဒ္ဓဘာသာ ကိုးကွယ်သူများသာ ဖြစ်လေ့ရှိသည်။ နောင် ကြီးပြင်းလာသည့် အခါမှသာ လျှင် မိမိ သဘောအရ အခြားဘာသာများကို သက်ဝင် နှစ်သက်ပါက ကူး ပြောင်းလေ့ရှိသည်။

၁၉၇၉
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
(မှခင်ကြည်)
နှင့်
ဗပေါက်စ

ဦးစံမြင့်နှင့် ဒေါ်တင့်တို့ မွေးသည့် သားကိုလည်း အီဘရာဟင်ဟူ၍ အမည်နာမပေးခဲ့ကြောင်း တွေ့ရသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ သည် ဤအမည်မျိုး မှည့်ခေါ်ရိုးထုံးစံမရှိပေ။ ဤအမည်ကို ပေးခဲ့ခြင်းမှာ စဉ်းစားဖွယ်ရာဖြစ်ပေသည်။

ဦးစံမြင့်နှင့် ဒေါ်တင့်တို့သည် အစ္စလာမ် ဘာသာဝင်များအဖြစ်မှ ဗုဒ္ဓဘာသာဝင်များအဖြစ်သို့ ကူးပြောင်းခဲ့သည်ဟု ဆိုစေဦး၊ မခင်ကြည် မှာ ၎င်းတို့၏ ကိတ္တိမမွေးစားသမီး ဟုတ် မဟုတ် စိစစ်ရပေမည်။ သက်သေထွက်ချက်များအရ မည်သည့် အချိန်အခါက ဦးစံမြင့်နှင့် ဒေါ်တင့်တို့သည် ဗုဒ္ဓဘာသာအဖြစ်သို့ ကူးပြောင်းခဲ့ကြောင်း အထောက် အထား လုံးဝမရှိချေ။ မည်သည့် အချိန်အခါက ဘာသာကူးပြောင်း ခဲ့သောအချက်မှာ အရေးကြီးသောအချက် ဖြစ်ပေသည်။ အဘယ် ကြောင့်ဆိုသော် ၁၉၄၁ ခုနှစ် ဧပြီလ (၁) ရက်နောက်ပိုင်းမှ ဗုဒ္ဓ ဘာသာဝင်များအဖြစ်သို့ ဦးစံမြင့်တို့ ကူးပြောင်းခဲ့လျှင် ကိတ္တိမ မွေးစားမှု မှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်စာချုပ်ဖြင့် မွေးစားမှ သာလျှင် ကိတ္တိမမွေးစားမှု မြောက်ပေသည်။ မော်လဝီဆရာကြီး ဦးရာကွတ်၏ ထွက်ဆိုချက်အရ ဦးစံမြင့်သည် နတ်ကနွားကိုးကွယ်သည့် အတွက် ၁၉၅၃–၅၄ ခုနှစ်ခလောက်ကစ၍ ဘာသာရေးအရ ဦးစံမြင့် နှင့် အဆက်ဖြတ်ခဲ့ပါသည်ဟု ပါရှိသည့်အတွက် ထိုအချိန်လောက် ကူး ပြောင်းခဲ့သည်ဟုဆိုလျှင် မခင်ကြည်အား စာချုပ်စာတမ်းဖြင့် မှတ်ပုံတင် မွေးစားခြင်းမဟုတ်သည့်အတွက် ကိတ္တိမမွေးစားမှု မမြောက်ချေ။

မူလ မြို့နယ်တရားရုံးနှင့် ပထမအယူခံ တိုင်းတရားရုံးတို့၏ ဆုံးဖြတ် ချက်များသည် ထပ်တူထပ်မျှ ဖြစ်နေသည့်အတွက် ဥပဒေ အချက် အလက်မရှိပဲနှင့် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၀ အရ ဗဟိုတရား

၁၉၇၉
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (မခင်ကြည်) နှင့် မပေါက်စ

စီရင်ရေးအဖွဲ့က လက်ခံစဉ်းစား ဆုံးဖြတ်ခြင်းမှာ ဥပဒေနှင့် မကိုက်ညီပါဟု ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့က တင်ပြသွားခဲ့သည်။ အရှုံးအနိုင်နှင့်ပတ်သက်၍ မူလ မြို့နယ်တရားရုံးနှင့် ပထမအယူခံ တိုင်းတရားရုံးတို့၏ အဆုံးအဖြတ်မှာ ထပ်တူထပ်မျှဖြစ်သော်လည်း ကောက်ချက်များအပေါ် ဝေဖန်သုံးသပ် ဆုံးဖြတ်ချက်များမှာ ထပ်တူထပ်မျှမဟုတ်ပေ။ မူလ မြို့နယ်တရားရုံးက ဦးစံမြင့်သည် မဟာမေဒင်ဘာသာမဟုတ်တော့ပဲ ဗုဒ္ဓဘာသာလိုလို၊ နတ်ဆရာလိုလို ဇာတ်ပျက်ဖြစ်သည်ဟု ဆုံးဖြတ်ခဲ့သည်။ ပထမအယူခံ တိုင်းတရားရုံးက ဦးစံမြင့်သည် ဗုဒ္ဓဘာသာကိုးကွယ်သူဖြစ်သည်ဟု အဆုံးအဖြတ်ပေးခဲ့သည်။

တဖန် ပထမအယူခံ မန္တလေးတိုင်းတရားရုံးသည် မူလရုံး တရားလိုမပေါက်စကို တရားပြိုင် မခင်ကြည်မှာ ကွယ်လွန်သူ ဦးစံမြင့်၏ ကိတ္တိမမွေးစားသမီး မဟုတ်ကြောင်း သက်သေပြရန်အတွက် မပေါက်စအပေါ်၌ တာဝန်ရှိသည့်အလျောက် ကျေပွန်စွာမပြနိုင်ကြောင်း တွေ့ရသည်ဟု သုံးသပ်ခဲ့သည်။ ဤသုံးသပ်ချက်မှာ ဥပဒေအရ မှားယွင်းပေသည်။ မခင်ကြည်က သူသည် ဦးစံမြင့်နှင့် ဒေါ်တင့်တို့၏ ကိတ္တိမမွေးစားသမီးဖြစ်ပါသည်ဟု အရေးဆိုလာသည့်အတွက် သမီးအရင်းဖြစ်သူ မပေါက်စက တရားစွဲရခြင်းဖြစ်ကြောင်း တွေ့ရသည်။ အမှုစစ်ဆေးသည့်အခါတွင် မခင်ကြည်က သူသည် ဦးစံမြင့်နှင့် ဒေါ်တင့်တို့၏ ကိတ္တိမသမီးဖြစ်ပါသည်ဟု ထင်ရှားစွာ သက်သေပြရန် တာဝန်ရှိလာပေသည်။ ထို့ကြောင့် သက်သေပြရန်တာဝန်နှင့် ပတ်သက်၍ တိုင်းတရားရုံးက မပေါက်စအပေါ် တာဝန်ပေးခြင်းမှာ ဥပဒေအရ မှားယွင်းသည့်အတွက် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၀ အရ ဒုတိယအယူခံမှုစီရင်သည့် ဗဟိုတရားစီရင်ရေးအဖွဲ့က ဤအမှုကို လက်ခံစဉ်းစားဆုံးဖြတ်ခြင်းမှာ မှန်ကန်ပေသည်။

ယခုအထိ သုံးသပ်ခဲ့သော အချက်အလက်များမှာ တရားရုံးအဆင့်ဆင့်နှင့် စောဒကမှုတင်သွင်းသော ဥပဒေအချက်အလက် အယူအဆများကိုသာ ပြန်လည် သုံးသပ်ခြင်းမျှ ဖြစ်ပေသည်။ ဤအမှုနှင့်ပတ်သက်၍ ဆုံးဖြတ်ရန် အဓိကအချက်မှာကား မူလတရားရုံးက ဒုတိယကောက်ချက်ထုတ်ထားသည့်အတိုင်း ကွယ်လွန်သူ ဦးစံမြင့်နှင့် ဒေါ်တင့်တို့သည် မဟာမေဒင် ဘာသာဝင်များဖြစ်ကြသလားဟူသော ကောက်ချက်ကိုသာ အဆုံးအဖြတ်ပေးရန်ဖြစ်ပေသည်။ ဦးစံမြင့်နှင့် ဒေါ်တင့်

တို့သည် အစ္စလာမ်ဘာသာ မှဗုဒ္ဓဘာသာသို့ ကူးပြောင်း ကိုးကွယ်သူများ ဟုတ်မဟုတ်နှင့် ပတ်သက်သော ကောက်ချက်ကို ထုတ်ခဲ့ခြင်းမရှိပေ။

၁၉၇၉ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (မခင်ကြည်) နှင့် မပေါက်စ

မူလရုံးတွင် တင်သွင်းသည့်ချေလွှာ၌ မခင်ကြည်က သူ၏ မွေးစားမိဘများဖြစ်သည့် ဦးစံမြင့်နှင့် ဒေါ်တင့်တို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်သည်ဟု လုံး၀ အဆိုပြု ထုချေခဲ့ခြင်းမရှိချေ။ သူ၏ချေလွှာတွင် ဦးစံမြင့်နှင့် ဒေါ်တင့်တို့မှာ အစ္စလာမ်ဘာသာ၀င်များဖြစ်သကဲ့သို့ အဆိုပြု ထားသည့်အတွက် တရားလိုဖြစ်သည့် မပေါက်စဘက်က အစ္စလာမ်ဘာသာ၀င်များအနေဖြင့် ကိတ္တိမသားသမီး မွေးစားပိုင်ခွင့် မရှိဟုဆိုကာ အမှုကို စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချပေးရန် တောင်းဆိုသည့်အခါမှသာ မခင်ကြည်က နောက်ဆက်တွဲချေလွှာတင်ပြီး ဦးစံမြင့်နှင့် ဒေါ်တင့်တို့သည် မဟာမေဒင် ဘာသာ၀င်များ ဖြစ်သည်ဟု မယူဆနိုင်ပါဟုသာ ထပ်မံထုချေခဲ့သည်။ ဗုဒ္ဓဘာသာ၀င်များ ဖြစ်ပါသည်ဟု အဆိုပြုပြီး မထုချေခဲ့ချေ။ တရားမမှုများတွင် တရားလို၊ တရားပြိုင်တို့သည် မိမိတို့တင်သွင်းသည့် အဆိုလွှာ ချေလွှာများအပေါ်သာ အခြေပြု၍ အနိုင်အရှုံး ဆုံးဖြတ်ရမည်ဖြစ်ပေသည်။

အမှုဖြစ် အကြောင်းခြင်းရာ အချက်အလက်များနှင့် ဥပဒေအချက်အလက်များကို အထက်ဖော်ပြပါအတိုင်း စိစစ်သုံးသပ်ချက်ဒ ရ မူလ မိတ္ထီလာမြို့နယ်တရားရုံးက ဦးစံမြင့်သည် မဟာမေဒင် မဟုတ်တော့ဟု ကောက်ယူသုံးသပ်ခါ မခင်ကြည်သည် ကိတ္တိမမွေးစားသမီးဖြစ်သည်ဟု ဆုံးဖြတ်ခြင်းမှာ မှားယွင်းပေသည်။ မဟာမေဒင်မဟုတ်တော့ပဲ ဇာတ်ပျက်ဖြစ်ရုံမျှဖြင့် ကိတ္တိမမွေးစားခြင်း မပြုလုပ်နိုင်ချေ။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရသာ ကိတ္တိမမွေးစားမှု ပြုလုပ်နိုင်ပေသည်။

ထိုနည်းတူစွာ ဦးစံမြင့်သည် ဗုဒ္ဓဘာသာကိုးကွယ်၍ အစ္စလာမ်ဘာသာ၀င်ဖြစ်သည်ဟု မဆိုနိုင်ခြင်းကြောင့် မခင်ကြည်သည် ဦးစံမြင့်တို့၏ ကိတ္တိမမွေးစားသမီးဖြစ်သည်ဟု သုံးသပ်ပြီး မူလ မြို့နယ်တရားရုံး၏အမိန့်ကို အတည်ပြုလိုက်သည့် ပထမအယူခံ မန္တလေးတိုင်းတရားရုံး၏ အဆုံးအဖြတ်မှာလည်း မှားယွင်းသည်ဟု ဆိုရပေမည်။

ဒုတိယအယူခံ ဗဟိုတရားစီရင်ရေးအဖွဲ့က ဦးစံမြင့်တို့သည် မူလအစက အစ္စလာမ်ဘာသာ၀င်များဖြစ်ခဲ့ရာမှ သူတို့ မသေဆုံးမီက ဗုဒ္ဓ

၁၉၇၉
မြည်အောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
(မခင်ကြည်)
နှင့်
မပေါက်စ

ဘာသာဝင်အဖြစ်သို့ ပြောင်းလဲလာကြောင်း အထောက်အထားမခိုင်လုံသဖြင့် မူလ မြို့နယ်တရားရုံးနှင့် ပထမအယူခံ တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီများကို ပယ်ဖျက်လိုက်သည့်အမိန့်မှာ မှန်ကန်ပေသည်။ သို့သော် ဗဟိုတရားစီရင်ရေးအဖွဲ့က ဦးစံမြင့်တို့သည် ဗုဒ္ဓဘာသာဝင်များမဟုတ်ဟု မှတ်ချက်ပြုခြင်းမှာ မလိုအပ်ပဲ ယင်းမှတ်ချက်ကိုပြုခဲ့ကြောင်း တွေ့ရပေသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့က တင်ပြသကဲ့သို့ ဥပဒေပြဿနာ ပေါ်ပေါက်ခြင်းမရှိကြောင်း ဆုံးဖြတ်၍ ဗဟိုတရားစီရင်ရေးအဖွဲ့က မပေါက်စ စွဲဆိုသည့်အတိုင်း ချမှတ်ပေးထားသည့် စီရင်ချက်နှင့် ဒီကရီကို အတည်ပြုလိုက်သည်။

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးပုဏ္ဏရိက

နှင့်

မောင်ငြိမ်း *

† ၁၉၇၉
ဒီဇင်ဘာလ
၃ ရက်

**တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်း ၂(၃)—တားဝရမ်း အမိန့်ကို ဖောက်ဖျက်ခြင်းအတွက် အရေးယူပေးရန် လျှောက်ထားမှု။**

မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုမိန့်အရ ဆောက်လုပ်ခြင်းဖြစ်သည်ဟု အကြောင်းပြခြင်း— မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် တရားရုံး၏အမိန့်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ လွှမ်းမိုးခြင်းပြုနိုင်သည့် အဖွဲ့အစည်း ဟုတ်မဟုတ်။ တရားရုံး၏အမိန့်ကိုသိလျက်နှင့် လေးစားလိုက်နာခြင်းမပြုလျှင် တရားရုံးများ၏ ဆောင်ရွက်ချက်များသည် ပေါ့ပျက်လာဖွယ်ရာသာရှိကြောင်း ညွှန်ပြခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားပြိုင် မောင်ငြိမ်း၏ ၂၀-၉-၇၆ နေ့စွဲပါ သစ္စာပြုလွှာအပိုဒ်(၂)အရ အချင်းဖြစ်နေရာရှိ မူလတဲကို မီးလောင်ကျွမ်းခဲ့သဖြင့် ထပ်မံ၍ ဆောက်လုပ်ခဲ့ကြောင်း ဝန်ခံထားသည်ကို တွေ့ရှိသည်။ ယင်းအပိုဒ်တွင် ထိုသို့ဆောက်လုပ်ခြင်းမှာရပ်ကွက်နှင့် မြို့နယ်ပြည်သူ့ကောင်စီတို့၏ထောက်ခံချက်အရ သဃ်န်းကျွန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုမိန့်အရ ဆောက်လုပ်ခြင်းဖြစ်ကြောင်းကိုလည်း ဖော်ပြထားသည်။ တားဝရမ်းထုတ်ပေးခဲ့သည့် တိုင်းတရားရုံးအား ပြန်လည်ဆောက်ခွင့်ပေးရန် လျှောက်ထားခဲ့ကြောင်း ဖော်ပြထားခြင်းမတွေ့ရှိရပေ။ မြို့နယ်စည်ပင်သာယာရေး အဖွဲ့သည် ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ လွှမ်းမိုးခြင်းပြုနိုင်သည့်အဖွဲ့အစည်းမဟုတ်ပေ။ သို့ဖြစ်၍ အယူခံတရားပြိုင် မောင်ငြိမ်းသည်

---

* ၁၉၇၀ ခုနှစ်၊ တရားမ အထွေထွေအယူခံမှု အမှတ် ၄၂

† ၁၉၇၇ ခုနှစ်၊ တရားမသေးမှု အမှတ် ၃၁ တွင် ချမှတ်သော (၁၀-၈-၇၀) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၇၉
ဦးပုဏ္ဏရိက
နှင့်
မောင်ငြိမ်း

ရန်ကုန်တိုင်းတရားရုံးမှ အဆောက်အအုံ ဆောက်လုပ်ခြင်း မပြုလုပ်ရန် တားမြစ်ထားသည့်အမိန့်ရှိကြောင်း သိလျက်နှင့် ရန်ကုန်တိုင်းတရားရုံးအား ခွင့်ပြုမိန့် မတောင်းပဲ တားမြစ်ထားသည်ကို လိုက်နာခြင်းမပြုပဲ အဆောက်အအုံ ဆောက်လုပ်ခြင်းဖြစ်သဖြင့် ယင်းသည် ရန်ကုန်တိုင်း တရားရုံး၏တားဝရမ်းအမိန့်ကို ဖောက်ဖျက်ဖီဆန်သည်မှာ မငြင်းနိုင်ပေ။ တရားရုံး၏အမိန့်ကို သိလျက်နှင့် လေးစားလိုက်နာခြင်းမပြုလျှင် တရားရုံးများ၏ ဆောင်ရွက်ချက်များသည် ပေါ့ပျက်လာဖွယ်ရာသာရှိသည်။

**အယူခံတရားလိုအတွက်** — ဦးမြင့်သိန်း၊ ဗဟိုတရားရုံးရှေ့နေ
**အယူခံတရားပြိုင်အတွက်** — ဦးမင်းအောင်၊ ဗဟိုတရားရုံးရှေ့နေ

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၁၉/၇၇ (သဃ်နင်းကျွန်း)တွင် အယူခံတရားလို ဦးပုဏ္ဏရိကမှ အယူခံတရားပြိုင် မောင်ငြိမ်းနှင့် ဦးချမ်း ဆိုသူတို့အပေါ် သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၅၆(ဆ)၊ ၅၆(ဈ) နှင့် ၅၆(ဠ) မြေကွက်တို့ကို မိမိတစ်ဦးတည်း ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးစေလိုမှုနှင့် လက်ရောက်ရလိုမှု စွဲဆိုခဲ့သည်။ ဤသို့စွဲဆိုထားစဉ်အတွင်း အယူခံတရားပြိုင် မောင်ငြိမ်းသည် မြေကွက်အမှတ် ၅၆(ဠ) အရှေ့ဘက်ခြမ်းတွင် အဆောက်အအုံသစ်များ အခိုင်အမာတိုးချဲ့ဆောက်လုပ်နေသဖြင့် ဆက်လက်မပြုလုပ်စေရန် ခေတ္တတားဝရမ်း ထုတ်ပေးပါရန် တရားမကျင့်ထုံး အမိန့် ၃၉၊ နည်းဥပဒေ ၁ အရ တရားမအသေးအဖွဲ့မှု အမှတ် ၃၁/၇၇(သင်္ဃန်းကျွန်း) (ယခင် အမှတ် ၃၄/၇၆)တွင် လျှောက်ထားခဲ့သည်။ တိုင်းတရားရုံးက လျှောက်ထားသည့်အတိုင်း ယာယီ တားဝရမ်း အမိန့်ကို ၂၄-၅-၇၆ နေ့တွင် ထုတ်ပေးခဲ့သည်။ ထိုအမိန့်ထုတ်ပြီးနောက် အချင်းဖြစ်မြေကွက်အတွင်းရှိ တဲတလုံးကို မီးလောင်ခဲ့သည်ကို အကြောင်းပြု၍ လျှောက်ထားသူ မောင်ငြိမ်းသည် မြေကျင်းတူးခြင်း၊ အုတ်မြစ်ချခြင်း၊ အုတ်တက်လျက် အဆောက်အအုံသစ်တစ်ခု အခိုင်အမာ ဆောက်လုပ်သည်ဟု စွပ်စွဲ၍ မောင်ငြိမ်းအား တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၂(၃)အရ တားဝရမ်းအမိန့်ကို ဖောက်ဖျက်ခြင်းအတွက် အရေးယူပေးပါရန် တိုင်းတရားရုံးသို့ ၃-၈-၇၆ နေ့တွင် လျှောက်ထားခဲ့သည်။ တိုင်းတရားရုံးက နှစ်ဘက်ကြားနာပြီး တားဝရမ်း အမိန့်ကို ကျူးလွန် ဖောက်ဖျက်ခြင်း မရှိဟု ဆုံးဖြတ်ခါ လျှောက်ထား မှုကို ၁၈-၈-၇၈ နေ့တွင် ပလပ်ခဲ့သည်။ ယင်းအမိန့်ကို အယူခံတရားလိုက မကျေနပ်၍ ဗဟိုတရားရုံးတွင် ဤအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

၁၉၇၉
ဦးပုညရိက
နှင့်
မောင်ငြိမ်း

ဤအယူခံတွင် တင်ပြသည့် အဓိကအကြောင်းပြချက်များမှာ အယူခံတရားပြိုင်သည် တိုင်းတရားရုံး၏ ခွင့်ပြုချက်မရှိပဲ တားဝရမ်းထုတ်ပြီးနောက်မှ အဆောက်အအုံ ထပ်မံဆောက်လုပ်ကြောင်း ဝန်ခံထားပါလျက် ခေတ္တတားဝရမ်းအမိန့်ကို ဖောက်ဖျက် ကျူးလွန်ခြင်း မရှိဟု တိုင်းတရားရုံးမှ ဆုံးဖြတ်ချက်သည် ဥပဒေအရ မှားယွင်းကြောင်း၊ အယူခံတရားပြိုင် ဆောက်လုပ်သည့် အဆောက်အအုံသစ်သည် မီးမလောင်မီက ရှိခဲ့သော တဲများနှင့် ပုံစံအားဖြင့်လည်းကောင်း၊ ဆောက်လုပ်သော ပစ္စည်းများအားဖြင့်လည်းကောင်း ကွာခြားနေသည်သာမက ပိုမိုခိုင်မာ ထုထယ်ကြီးမားသည့် အဆောက်အအုံဖြစ်ကြောင်း ပေါ်လွင်ပါလျက် တိုင်းတရားရုံးက ခေတ္တတားဝရမ်းအမိန့်ကို ကျူးလွန်ဖောက်ဖျက်ခြင်း မရှိဟု ဆုံးဖြတ်ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း စသည်တို့ဖြစ်သည်။

ရန်ကုန်တိုင်းတရားရုံး၊ တရားမအသေးအဖွဲ့မှုအမှတ် ၃၄/၇၆ တွင် ၂၄-၅-၇၆ နေ့စွဲဖြင့် ထုတ်ပေးခဲ့သည့် ခေတ္တတားဝရမ်း အမိန့်စာ၌ "မြေကွက်အမှတ် ၅၆(ရှ)၏ အရှေ့ဘက်ချမ်းဖြစ်သော အလျား ၁၆၅ ပေ၊ ၁၃၅ ပေနှင့် အနံပေ ၆၈၊ ပေ ၄၀ ရှိမြေကွက်အတွင်း မြေကျင်းတူးခြင်း၊ လက်ရှိအဆောက်အအုံများကို အခိုင်အမာအသစ်ပြင်ဆောက်ခြင်း၊ အဆောက်အအုံသစ်များ ဆောက်လုပ်ခြင်း၊ လက်ရှိ အဆောက်အအုံများကို တိုးချဲ့ခြင်း မပြုလုပ်ရန် ယခုအမိန့် ချမှတ်သည့် နေ့မှစ၍ နောက်ထပ်အမိန့်တစုံတရာ ထပ်မံချမှတ်ခြင်းမပြုမီ မပြုလုပ်ရန်၊ တရားပြိုင်သို့ ခေတ္တတားဝရမ်း ထုတ်ပေးလိုက်သည်။" ဟူ၍ အယူခံတရားပြိုင်အား တားမြစ်သည့်အတွက် အယူခံတရားပြိုင်သည် မည်သည့်အကြောင်းကြောင့်ပင်ဖြစ်စေ အဆောက်အအုံ ဆောက်လုပ်လိုပါက တိုင်းတရားရုံး၏ ခွင့်ပြုမိန့်ကို ကြိုတင်ရယူရန် လိုအပ်ပေသည်။

အယူခံတရားပြိုင် မောင်ငြိမ်း၏ ၂၈-၉-၇၆ နေ့စွဲပါ သစ္စာပြုလွှာ အပိုဒ်(၂)အရ အချင်းဖြစ်နေရာရှိ မူလတဲကို မီးလောင်ကျွမ်းခဲ့အပြီး ထပ်မံ၍ ဆောက်လုပ်ခဲ့ကြောင်း ဝန်ခံထားသည်ကို တွေ့ရှိသည်။ ယင်းအပိုဒ်တွင် ထိုသို့ဆောက်လုပ်ခြင်းမှာ ရပ်ကွက်နှင့်မြို့နယ်ပြည်သူ့ကောင်စီတို့၏ ထောက်ခံချက်အရ သင်္ဃန်းကျွန်းမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုမိန့်အရ ဆောက်လုပ်ခြင်း ဖြစ်ကြောင်းကိုလည်း ဖော်ပြထားသည်။ တားဝရမ်းထုတ်ပေးခဲ့သည့် တိုင်းတရားရုံးအား ပြန်လည်ဆောက်

**၁၉၇၈**
ဦးပုဏ္ဏရိက
နှင့်
မောင်ငြိမ်း

ခွင့်ပေးရန် လျှောက်ထားခဲ့ကြောင်း ဖော်ပြထားခြင်း မတွေ့ရှိရပေ။ မြို့နယ်စည်ပင်သာယာရေး အဖွဲ့သည် ရန်ကုန်တိုင်း တရားရုံး၏အမိန့်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ လွှမ်းမိုးခြင်း ပြုနိုင်သည့် အဖွဲ့အစည်း မဟုတ်ပေ။ သို့ဖြစ်၍ အယူခံတရားပြိုင် မောင်ငြိမ်းသည် ရန်ကုန်တိုင်း တရားရုံးမှ အဆောက်အအုံဆောက်လုပ်ခြင်းမပြုလုပ်ရန် တားမြစ်ထားသည့်အမိန့်ရှိကြောင်း သိလျက်နှင့် ရန်ကုန်တိုင်းတရားရုံးအား ခွင့်ပြုမိန့်မတောင်းပဲ တားမြစ်ထားသည်ကို လိုက်နာခြင်းမပြုပဲ အဆောက်အအုံဆောက်လုပ်ခြင်းဖြစ်သဖြင့် ယင်းသည် ရန်ကုန်တိုင်းတရားရုံး၏ တားဝရမ်းအမိန့်ကိုဖောက်ဖျက်ဖီဆန်သည်မှာမငြင်းနိုင်ပေ။ တရားရုံး၏အမိန့်ကို သိလျက်နှင့် ခလေးစားလိုက်နာခြင်းမပြုလျှင် တရားရုံးများ၏ဆောင်ရွက်ချက်များသည် ပေါ့ပျက်လာဖွယ်ရာသာ ရှိသည်။

သို့ဖြစ်၍ ဤအယူခံမှုကို စရိတ်နှင့်တကွ ခွင့်ပြုလိုက်သည်။ ရန်ကုန်တိုင်းတရားရုံး၊ တရားမအသေးအဖွဲ့မှု အမှတ် ၃၁/၇၇ တွင် ချမှတ်သည့် ၁၈-၈-၇၈ နေ့စွဲပါ အမိန့်ကို ပယ်ဖျက်၍ ရန်ကုန်တိုင်းတရားရုံးသည် အယူခံတရားပြိုင် မောင်ငြိမ်းအား တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၂ အပိုဒ်(၃)အရ ဆက်လက်အရေးယူရန် ညွှန်ကြားလိုက်သည်။ ဤရုံးရှေ့နေခအဖြစ် ငွေကျပ် ၅၀/-သတ်မှတ်သည်။

## တရားမ တတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးသန့်စင်
တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၈
မေလ
၅ ရက်

ဟာဂျီ ဦးစာတင်

နှင့်

ဒေါ်ရင်ပါ(ဂ)*

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၂(၁)(စ) အရ စွဲဆိုမှု–ကျောင်းဖွင့်ရန်အတွက် အဆောက်အအုံ ပြန်လည်တောင်းဆိုခြင်းမှာ မိမိကိုယ်တိုင် နေထိုင်ရန်အတွက် တောင်းဆိုခြင်းနှင့် သဘောချင်း တူညီသည်ဟု ယူဆရန်သင့်မသင့်– ယင်း ဥပဒေပုဒ်မ ၁၂(၁)(စ) တွင် ပြဋ္ဌာန်းထားသော ပြန်လည်ရယူလို ခြင်းတွင် အကျုံးဝင်မဝင် – ယင်းဥပဒေပုဒ်မ ၁၂(၁)(စ) တွင် ပိုင်ရှင်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိ ကိုယ်တိုင်နေထိုင်ရန်ကိစ္စအတွက် သက်သက်ရယူလိုကြောင်းဟု ဖော်ပြ ပါရှိခြင်း— မူရင်းဥပဒေတွင် အဓိပ္ပာယ်တိကျစွာ ပြဋ္ဌာန်းချက်ပါရှိ လျှင် တရားရုံးအနေဖြင့် ဥပဒေတွင်ပါရှိသော စကားများအရပင် တိကျစွာ လိုက်နာဆုံးဖြတ်ရန်သာဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။မန္တလေးမြို့ အရှေ့တောင် မြို့နယ်တရားရုံးသည် မန္တလေးမြို့ ရတနာ့ဘုမိနယ် အနောက်မြောက်ဘက်ရပ်ကွက်အရေးရုံး၏ အမိန့်ကို အတည်ပြုရာတွင် အချင်းဖြစ် အဆောက်အအုံကို မူလရုံး တရားလိုက ကျောင်းဖွင့်ရန်အတွက် ပြန်လည်ရယူလိုခြင်းမှာ မိမိကိုယ်တိုင် သက်သက်နေထိုင်ရန်အတွက် ရယူလိုခြင်းသဘောသက်ရောက်ကြောင်း မှတ်ချက်ပြုသည်။ ကျောင်းဖွင့်ရန်အတွက် အဆောက်အအုံ ပြန်လည် တောင်းဆိုခြင်းမှာ မိမိကိုယ်တိုင် နေထိုင်ရန်အတွက် တောင်းဆိုခြင်းနှင့် သဘောချင်းတူညီသည်ဟု ယူဆရန်မသင့်ပေ။ ကျောင်းဖွင့်ရန်အတွက် တောင်းဆိုခြင်းသည် ကျောင်းဖွင့်ရန် အတွက်သာ ဖြစ်သောကြောင့်

---

* ၁၉၇၇ ခုနှစ်၊ တရားမ တတိယအယူခံမှုအမှတ် ၂

† ၁၉၇၆ ခုနှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ် ၁၃ တွင် ချမှတ်သော (၈-၃-၇၇) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၇၉
ဟာဂျီ
ဦးဘတင်
နှင့်
ဒေါ်ရင်
ပါ (၈)

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(စ) တွင် ပြဋ္ဌာန်းထားသော ပြန်လည်ရယူလိုခြင်းတွင် အကျုံးမဝင်ချေ။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ) တွင် ပိုင်ရှင်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက် သက်သက်ရယူလိုကြောင်း ဖော်ပြပါရှိသည်။ ဤကဲ့သို့ မူရင်းအက်ဥပဒေတွင် အဓိပ္ပာယ်တိကျစွာ ပြဋ္ဌာန်းချက်ပါရှိလျှင် တရားရုံးအနေဖြင့် မည်သို့ သဘောသက်ရောက်နိုင်သည်၊ မည်သို့ အဓိပ္ပာယ် ကောက်ယူနိုင်သည် စသည်ဖြင့် ဆုံးဖြတ်ရန်မဟုတ်ပေ။ အက်ဥပဒေတွင် ပါရှိသော စကားများအရပင် တိကျစွာ လိုက်နာဆုံးဖြတ်ရန်သာ ဖြစ်ပေသည်။

**အယူခံတရားလိုအတွက်** — ဦးလှညွန့်၊ ဗဟိုတရားရုံးရှေ့နေ

**အယူခံတရားပြိုင်များအတွက်** — ဦးညွန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားလို ဟာဂျီဦးဘတင်က တယူခံတရားပြိုင်များဖြစ်သော ဒေါ်ရင်ပါ ၈ ဦးတို့အပေါ် မန္တလေးမြို့ ရတနာဘူမိ အနောက်ရပ်ကွက် နံပါတ် ၅၅၂၊ ဦးပိုင်အမှတ် ၁၂/၁၄ ရှိ မြေနှင့်မြေပေါ်ရှိ အဆောက်အအုံကို စာသင်ကျောင်းအဖြစ် ပြန်လည်အသုံးပြုလိုသောကြောင့် နှင်ထုတ်ပေးပါရန် တရားစွဲဆိုရာ အနိုင်ဒီကရီရရှိသည်။ မန္တလေးမြို့ အရှေ့တောင် မြို့နယ်တရားရုံးကလည်း ရပ်ကွက်တရားရုံး၏အမိန့်ကို အတည်ပြုသည်။ သို့ရာတွင် မန္တလေး တိုင်းတရားရုံးက တရားမဒုတိယအယူခံမှု အမှတ် ၁၃/၇၆ တွင် ရပ်ကွက်တရားရုံးနှင့် မြို့နယ်တရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီများကို ပယ်ဖျက်သောကြောင့် ဟာဂျီဦးဘတင်က ဗဟိုတရားရုံးသို့ တတိယအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

အချင်းဖြစ် မြေနှင့် မြေပေါ်ရှိ ၂ ထပ်တိုက်မှာ စစ်မဖြစ်မီက စာသင်ကျောင်းဖြစ်ခဲ့သည်။ ထို့ကြောင့် စာသင်ကျောင်းအဖြစ် ပြန်လည်အသုံးပြုလိုသဖြင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဟာဂျီဦးဘတင်က မြေနှင့်မြေပေါ်ရှိ တိုက်တွင် ငှားရမ်းနေထိုင်သော ဒေါ်ရင်မါ ၈ ဦးတို့အား နှင်ထုတ်ပေးပါရန် တရားစွဲဆိုခြင်း ဖြစ်သည်။

မန္တလေးမြို့ အရှေ့တောင် မြို့နယ်တရားရုံးသည် မန္တလေးမြို့ ရတနာဘူမိနယ် အနောက်မြောက်ဘက် ရပ်ကွက်တရားရုံး၏အမိန့်ကို အတည်ပြု

၁၉၇၉ ဟာဂျီ ဦးဘဇောင် နှင့် ဒေါ်ရင် ပါ (၇)

ရာတွင် အချင်းဖြစ်အဆောက်အအုံကို မူလရှိးစာရားလိုက ကျောင်းဖွင့်ရန် အတွက် ပြန်လည်ရယူလိုခြင်းမှာ မိမိကိုယ်တိုင် သက်သက်နေထိုင်ရန် အတွက် ရယူလိုခြင်းသဘောသက်ရောက်ကြောင်း မှတ်ချက်ပြုသည်။ ကျောင်းဖွင့်ရန်အတွက် အဆောက်အအုံ ပြန်လည် တောင်းဆိုခြင်းမှာ မိမိကိုယ်တိုင် နေထိုင်ရန်အတွက် တောင်းဆိုခြင်းနှင့် သဘောချင်းတူညီသည်ဟု ယူဆရန်မသင့်ပေ။ ကျောင်းဖွင့်ရန်အတွက် တောင်းဆိုခြင်းသည် ကျောင်းဖွင့်ရန်အတွက်သာဖြစ်သောကြောင့် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၂(၁)(စ) တွင် ပြဋ္ဌာန်းထားသော ပြန်လည် ရယူလိုခြင်းတွင် အကျုံးမဝင်ချေ။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၂(၁)(စ) တွင် ပိုင်ရှင်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက် သက်သက်ရယူလိုကြောင်း ဖော်ပြပါရှိသည်။ ဤကဲ့သို့ မူရင်းအက်ဥပဒေတွင် အဓိပ္ပာယ်တိကျစွာ ပြဋ္ဌာန်းချက်ပါရှိလျှင် တရားရုံးအနေဖြင့် မည်သို့ သဘောသက်ရောက်နိုင်သည်၊ မည်သို့ အဓိပ္ပာယ်ကောက်ယူနိုင်သည် စသည်ဖြင့် ဆုံးဖြတ်ရန်မဟုတ်ပေ။ အက်ဥပဒေတွင်ပါရှိသော စကားများအရပင် တိကျစွာ လိုက်နာဆုံးဖြတ်ရန်သာ ဖြစ်ပေသည်။ မန္တလေးတိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်ရန်အကြောင်းမရှိသောကြောင့် အယူခံမှုကို စရိတ်နှင့်တကွ ပယ်လိုက်သည်။ ရှေ့နေစရိတ် ကျပ် ၁၀၀/-ခွင့်ပြုသည်။

## တရားမ အထွေထွေ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင် နှင့် ဦးသန့်စင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၈
စက်တင်ဘာ
လ
၁၃ ရက်

ဦးဘသောင်း

နှင့်

ဒေါ်မြကေ *

**အမွေဆက်ခံခွင့်လက်မှတ်တုတ်ပေးရေးကိစ္စတွင် အဓိကအဆုံးအဖြတ်ပေးရမည့်အချက်— အမွေဆက်ခံခွင့်လက်မှတ်ထုတ်ပေးရန် စုံစမ်းစစ်ဆေးမှု အတိုင်းအတာ— အကျဉ်းနည်းဆောင်ရွက်ခြင်းဖြစ်၍ ရှုပ်ထွေးနက်နဲသည့် ဥပဒေအချက်အလက်များကို စဉ်းစားရန် လိုမလို။**

**ဆုံးဖြတ်ချက်။** ။အမွေဆက်ခံခွင့်လက်မှတ်ထုတ်ပေးရေး ကိစ္စများတွင် အဓိက အဆုံးအဖြတ်ပေးရမည့်အချက်မှာ လျှောက်ထားသူသည် သေသူ၏ ကြွေးမြီများကို ကောက်ခံသိမ်းဆည်းခွင့်ရှိသူ ဟုတ်မဟုတ်ဆိုသည့်အချက်ဖြစ်သည်။ ထို့အပြင် အမွေဆက်ခံခွင့်လက်မှတ်ကို ထုတ်ပေးခြင်းမှာ လက်မှတ်ရသူသည် ယင်းအတွက်ဖြစ်စေ၊ အခြား ရသင့်ရထိုက်သူအတွက်ဖြစ်စေ၊ သေသူရရှိရန် ကြွေးငွေများကို တောင်းခံနိုင်ရန်အတွက် ခေတ္တယာယီအစီအစဉ်အဖြစ် အကျဉ်းနည်း စုံစမ်းစစ်ဆေးထုတ်ပေးခြင်းဖြစ်၍ ရှုပ်ထွေးနက်နဲသည့် ဥပဒေအချက်အလက်များကို စဉ်းစားရန်မဟုတ်ပေ။ ယင်းသို့ ရှုပ်ထွေးနက်နဲသော ဥပဒေအချက်အလက်များမှာ အမွေမှုကြီး၌သာ စဉ်းစားရန်ဖြစ်သည်။

**အယူခံတရားလိုအတွက်** — ဦးမြစိန်၊ ဗဟိုတရားရုံးရှေ့နေ
**အယူခံတရားပြိုင်အတွက်** — ဦးကံမြိုင်၊ ဗဟိုတရားရုံးရှေ့နေ

မန္တလေးတိုင်းတရားရုံး၊ တရားမအထွေထွေအယူခံမှု အမှတ် ၇/၇၅ ၌ အယူခံတရားပြိုင် ဒေါ်မြကေက အမွေဆက်ခံခွင့်လက်မှတ်ရလိုမှု လျှောက်ထားရာတွင် တိုင်းတရားရုံးက အမှုကို စစ်ဆေးကြားနာပြီး

---

* ၁၉၇၇ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၃
† ၁၉၇၅ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၇ တွင် ချမှတ်သော (၁၀-၁-၇၇)နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

နောက် အမွေဆက်ခံခွင့်လက်မှတ်ထုတ်ပေးရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို အယူခံတရားလို ဦးဘသောင်းက မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ဤအယူခံမှုကို လျှောက်ထားခြင်းဖြစ်သည်။ ၁၉၇၉ ဦးဘသောင်း နှင့် ဒေါ်မြကေ

မန္တလေးမြို့၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ကွယ်လွန်သူ ဦးဘအောင်သည် ငွေစုဘဏ်စာရင်းအမှတ် အက်(စ်)အေ ၁/၈၆၇ ဖွင့်လှစ်၍ ငွေကျပ် ၂၁၄၄၅/၂၀ ပြား အပ်နှံခဲ့သည်။ ယင်းငွေများထုတ်ယူနိုင်ရန်အတွက် ဒေါ်မြကေက မိမိသည် ဦးဘအောင်း၏ဇနီးဖြစ်သည်ဟု အဆိုပြု၍ အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားခဲ့ခြင်းဖြစ်သည်။ ဦးဘသောင်းက မိမိသည် ကွယ်လွန်သူ ဦးဘအောင်၏ အစ်ကိုဖြစ်ပြီး တစ်ဦးတည်းသော အမွေစား အမွေခံ အဖြစ် ကျန်ရစ်ခဲ့သူ ဖြစ်၍လည်းကောင်း၊ ဒေါ်မြကေမှာ ဦးဘအောင်၏ဇနီး မဟုတ်၍လည်းကောင်း ဒေါ်မြကေအား အမွေဆက်ခံခွင့်လက်မှတ်ထုတ်မပေးသင့်ကြောင်းဖြင့် ကန့်ကွက်လေသည်။

ဒေါ်မြကေသည် သေဆုံးသူ ဦးဘအောင်၏ဇနီးဖြစ်ကြောင်း အဆိုပြုထားသည်။ အထောက်အထားအဖြစ် သက်သေများကိုလည်း ပြထားသည်။ ဦးဘသောင်းက ဒေါ်မြကေသည် သေဆုံးသူ ဦးဘအောင်၏ တရားဝင်ဇနီးမဟုတ်ဟု ချေပသည်။ အမွေဆက်ခံခွင့်လက်မှတ်ထုတ်ပေးရေးကိစ္စများတွင် အဓိကအဆုံးအဖြတ်ပေးရမည့်အချက်မှာ လျှောက်ထားသူသည် သေသူ၏ ကြွေးမြီများကို ကောက်ခံသိမ်းဆည်းခွင့်ရှိသူ ဟုတ် မဟုတ်ဆိုသည့် အချက်ဖြစ်သည်။ ထို့အပြင် အမွေဆက်ခံခွင့် လက်မှတ်ကို ထုတ်ပေးခြင်းမှာ လက်မှတ်ရသူသည် ယင်းအတွက်ဖြစ်စေ၊ အခြား ရသင့် ရထိုက်သူအတွက်ဖြစ်စေ သေသူရရှိရန် ကြွေးငွေများကို တောင်းခံနိုင်ရန်အတွက် ခေတ္တ ယာယီအစီအစဉ်အဖြစ် အကျဉ်းနည်း စုံစမ်းစစ်ဆေး ထုတ်ပေးခြင်းဖြစ်၍ ရှုပ်ထွေးနက်နဲသည့် ဥပဒေအချက်အလက်များကို စဉ်းစားရန်မဟုတ်ပေ။ ယင်းသို့ ရှုပ်ထွေး နက်နဲသော ဥပဒေအချက်အလက်များမှာ အမွေမှုကြီး၌သာ စဉ်းစားရန်ဖြစ်သည်။

ယခုအမှု၌ အငြင်းပွားနေသည့်အချက်မှာ ဒေါ်မြကေသည် သေသူ ဦးဘအောင်၏ တရားဝင်ဇနီး ဟုတ် မဟုတ်ဆိုသည့် အချက်ဖြစ်သည်။ ယင်းအချက်ကို ဆုံးဖြတ်ရန်မှာ ရှုပ်ထွေးနက်နဲသော ဥပဒေပြဿနာ ပေါ်ပေါက်နိုင်သည်။ ဤအမှုမျိုးတွင် အပေါ်ယံကြော ကြည့်ခြင်းအားဖြင့် လျှောက်ထားသူအား အမွေဆက်ခံခွင့်လက်မှတ်ကို ထုတ်ပေး

၁၉၇၉
ဦးဘသောင်း
နှင့်
ဒေါ်မြကေ

ရန် သင့် မဆင့် စဉ်းစား ဆုံးဖြတ်ရန်သာ ဖြစ်ပေသည်။ အမွေဆက်ခံရေးဥပဒေ ပုဒ်မ ၃၇၃ က သည်း ဤအတိုင်းပင် ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အမှုကိစ္စအလိုင်ှာ ဦးဘသောင်းအနေဖြင့် မိမိအား အမွေဆက်ခံခွင့်လက်မှတ် ထုတ်ပေးရန် လျှောက်ထားခြင်း မရှိသည့်အလျှောက် သေသူ၏ဇနီးအဖြစ် လျှောက်ထားလာသူ ဒေါ်မြကေသည် လက်မှတ်စာကို ရထိုက်သူဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်သည်။

သို့ဖြစ်၍ တိုင်းတရားရုံး၏အမိန့်ကို အတည်ပြု၍ ဦးဘသောင်း၏ အထွေထွေ အယူခံမှု လျှောက်လွှာကို စရိတ်နှင့်တကွ ပလပ်လိုက်ကြောင်း အမိန့်ချမှတ်သည်။

ရှေ့နေစရိတ် ငွေကျပ် ၅၀/- သတ်မှတ်သည်။

## တရားမ အထွေထွေ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင် နှင့် ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်မမ ပါ(၂)

နှင့်

ဒေါ်ရင်မေ*

† ၁၉၇၉
နိုဝင်ဘာလ
၈ ရက်

**တရားမကျင့်ထုံးဥပဒေ အမိန့် ၃၉၊ နည်း ၁ နှင့် ၂—တရားရုံးတစ်ရုံးသည် အခြား တရားရုံးတစ်ရုံးတွင် ဇာရီမှု ဆောင်ရွက်ခြင်းကို တားဝရမ်းထုတ်၍ ဆိုင်းငံ့ရန်အာဏာ ရှိမရှိ။**

ဆုံးဖြတ်ချက်။ ။တရားရုံးတစ်ရုံးသည် တရားရုံးတစ်ရုံးတွင် ဇာရီမှု ဆောင်ရွက်ခြင်းကို တရားမကျင့်ထုံးဥပဒေ အမိန့် ၃၉၊ နည်းဥပဒေ ၁ နှင့် ၂ တို့အရ တားဝရမ်းထုတ်၍ ဆိုင်းငံ့ရန်အာဏာ မရှိပေ။

အယူခံတရားလိုများအတွက် — ဦးတင်အောင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးခင်မောင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင် ဒေါ်ရင်မေက အချင်းဖြစ်သည့်ပစ္စည်းနှင့် ပတ်သက်ပြီး အမွေခွဲပေးစေလိုကြောင်းဖြင့် ယခင် မန္တလေးမြို့နယ်ပိုင် တရားမရုံး၊ တရားမကြီးမှု အမှတ် ၄၈/၆၀ တွင် ဦးကျော်မ(၁၂) ဦးတို့အပေါ် တရားစွဲဆိုပြီး ပဏာမဒီကရီ ရရှိခဲ့သည်။ ထို့နောက် ပြည်သူ့တရားစီရင်ရေး စနစ်သစ်အရ ယင်းအမှုသည် မန္တလေး အရှေ့တောင် မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၁၅/၇၄ အဖြစ် ပြောင်းလဲခဲ့သည်။ ထိုသို့ ပြောင်းလဲပြီးနောက် ယင်းအမှုတွင် အပြီးသတ်ဒီကရီ ချမှတ်ခဲ့သည်။ ထို့နောက် ယင်းတရားရုံး တရားမအသေးအဖွဲ့မှု အမှတ် ၁/၇၄ တွင် ဒေါ်ရင်မေက အမွေပစ္စည်းများကို ခွဲဝေပေးရန်အတွက် ဆောင်ရွက်ခဲ့သည်။ ဆိုသို့ ဆောင်ရွက်သည့်အခါ အယူခံတရားလို ဒေါ်မမနှင့် သား ဦးတင်တို့က သူတို့သည် အချင်းဖြစ်

---

* ၁၉၇၇ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၂၃

† ၁၉၇၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅ တွင် ချမှတ်သော (၂၂-၈-၇၇) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၇၉
ဒေါ်မမ ပါ (၂) နှင့် ဒေါ်ရင်မေ

ပစ္စည်းကို လက်ရှိဖြစ်ပြီး အမွေဆက်ခံပိုင်ခွင့်ရှိသူများဖြစ်ပါလျက် ယင်းပစ္စည်းများနှင့်ပတ်သက်၍ စွဲဆိုသော အထက်ဖော်ပြပါ အမှုများတွင် အမှုသည်များအဖြစ် ထည့်သွင်း စွဲဆိုခြင်း မပြုခဲ့သောကြောင့် (က) ဖော်ပြပါ တရားမကြီးမှုမှ ပဏာမဒီကရီနှင့် အပြီးသတ်ဒီကရီတို့သည် မိမိတို့အပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း အတည့်အလင်းပြဋ္ဌာန်းပေးရန်နှင့် (ခ) တရားမ အသေးအဖွဲ့မှုတွင် အချင်းဖြစ်ပစ္စည်းများကို လက်ရောက် ပေးအပ်ရန် ချမှတ်သည့်အမိန့်ကို ဆက်လက် ဆောင်ရွက်ခြင်းနှင့် ဒီကရီကို ဇာရီပြုလုပ်ခြင်းမှ ထာဝရ တားမြစ်မိန့် ထုတ်ပေးပါရန် တောင်းဆိုလျက် အယူခံတရားပြိုင် ဒေါ်ရင်မေအပေါ် မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၅/၇၄ တွင် တရားစွဲဆိုလေသည်။ ယင်းအမှုတွင် တရားလိုများဖြစ်သူ ဒေါ်မမ ပါ(၂)ဦးတို့အား ယာယီ တားဝရမ်းထုတ်ပေးရန် ကြားဖြတ် လျှောက်ထားရာ မန္တလေးတိုင်းတရားရုံးက ယင်းလျှောက်ထားချက်ကို ပယ်ဖျက်ပြီး အမှုကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ဒေါ်မမတို့က ယင်းအမိန့်များကို မကျေနပ်၍ ဤအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

ဤအမှုတွင် ယာယီတားဝရမ်း ထုတ်မပေးခြင်းအားဖြင့် ဒေါ်မမတို့အနေနှင့် နောင်အခါ ပြန်လည်ပြုပြင်၍ မရနိုင်လောက်သော ဆုံးရှုံးနစ်နာမှု ဖြစ်နိုင်ရန်အကြောင်းမရှိဟု ယူဆသည်။ ထို့ပြင် ဒေါ်မမတို့၏ တောင်းဆိုချက်မှာ တရားရုံးတစ်ရုံးမှ ဇာရီမှုဆောင်ရွက်ခြင်းကို တားဝရမ်းဖြင့် ဆိုင်းငံ့ပေးရန် တောင်းဆိုခြင်းဖြစ်သည်။ တရားရုံးတစ်ရုံးသည် တရားရုံးတစ်ရုံးတွင် ဇာရီမှုဆောင်ရွက်ခြင်းကို တရားမကျင့်ထုံးဥပဒေ အမိန့် ၃၉၊ နည်းဥပဒေ ၁ နှင့် ၂ တို့အရ တားဝရမ်းထုတ်၍ ဆိုင်းငံ့ရန် အာဏာမရှိပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် မူလ တိုင်းတရားရုံး အမိန့်မှာ မှန်ကန်သဖြင့် ဤအယူခံမှုကို ပလပ်လိုက်သည်။ ရှေ့နေစရိတ် ငွေကျပ် ၈၀/- ခွင့်ပြုသည်။

## တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးအေးမောင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးမြင့်ဆွေ ပါ(၂)

နှင့်

ဦးချန်ထွန်း(ခ)ဦးချန် *

† ၁၉၇၉ ဇွန်လ ၂၀ ရက်

**အခွင့်အမိန့်အရ နေထိုင်သူကိုနှင်လိုမှု—တရားရုံးက အဓိကစဉ်းစားဆုံးဖြတ်ရန်အချက်—ပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်း၍ သီးခြား ငြင်းချက်ထုတ်ရန် လိုမလို—ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်း ဟုတ်မဟုတ်ဆိုသည့် ငြင်းချက်တွင်ပင် တရားပြိုင်များက ပိုင်ဆိုင်ခွင့်အရ နေထိုင်ခဲ့ကြောင်း အထောက်အထားတင်ပြ၍ ချေပခွင့်ရှိခြင်း။**

ဆုံးဖြတ်ချက်။ ။လျှောက်ထားခံရသူများက စွဲဆိုသည့်အမှုသည် အခွင့်ဖြင့် ထားရှိသူအားဥပစာမှနှင်ထုတ်ရန် စွဲဆိုသည့်အမှုဖြစ်သည်။ ဤအမှုမျိုးတွင် တရားရုံးမှအဓိကစဉ်းစားဆုံးဖြတ်ရန် အချက်မှာ မူလရုံးတရားပြိုင်တို့သည် အချင်းဖြစ်ဥပစာတွင် မူလရုံးတရားလို၏ ခွင့်ပြုချက်ဖြင့်နေထိုင်ခြင်းဟုတ်မဟုတ်ဆိုသည့်အချက်သာဖြစ်သည်။ ဤအမှုမျိုးတွင် တရားပြိုင်က မိမိ၏ပိုင်ဆိုင်ခွင့်အရ နေထိုင်ခြင်းသာ ဖြစ်သည်။ တရားလို၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်းမဟုတ်ကြောင်း ချေပထားစေကာမူ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ သီးခြားငြင်းချက်ထုတ်ပြီး အဆုံးအဖြတ်ပေးရန် မလိုအပ်ပေ။ သို့ရာတွင် တရားပြိုင်များသည် တရားလို၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်းမဟုတ်ကြောင်း ပေါ်လွင်စေရန် အလို့ငှာ ပိုင်ဆိုင်ခွင့်အရ နေထိုင်ခဲ့ကြောင်း အထောက်အထား သက်သေများကို ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်း ဟုတ်မဟုတ်ဆိုသည့် ငြင်းချက်တွင်ပင် တင်ပြ၍ ချေပခွင့် ရှိပေသည်။

**လျှောက်ထားသူများအတွက် — ဦးညွန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ**
**လျှောက်ထားခံရသူအတွက် — ဦးတင်မောင်၊ ဗဟိုတရားရုံးရှေ့နေ**

---

* ၁၉၇၇ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၃၀
† ၁၉၇၆ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁ တွင် ချမှတ်သော (၁၉-၅-၇၇) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၉
ဦးမြင့်ဆွေ
ပါ (၂)၊
နှင့်
ဦးချန်
ထွန်း(ခ)
ဦးချန်

မြင်းခြံမြို့ရုံးထိုင် မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၁/၇၆ တွင် လျှောက်ထားခံရသူက လျှောက်ထားသူများ အပေါ် အခမဲ့ ခွင့်ပြုချက်ဖြင့် ထားသူများဖြစ်၍ နှင်ထုတ်လိုမှု စွဲဆိုခဲ့သည်။ လျှောက်ထားသူများသည် ချေလွှာတင်စဉ်က ယင်းတို့သည် လျှောက်ထားခံရသူ၏ ခွင့်ပြုချက်အရ အခမဲ့ နေထိုင်ခြင်းမဟုတ်ပဲ မိဘများ အမွေဆိုင် ဝင်းမြေနှင့် အဆောက်အအုံတို့၌ နေထိုင်ခြင်း ဖြစ်ကြောင်း ဖော်ပြသော်လည်း တရားရုံးမှ ထုတ်ပေးသည့် ငြင်းချက်များတွင် လျှောက်ထားသူ မူလရုံးတရားပြိုင်တို့သည် မိဘများပိုင် ဝင်းမြေနှင့် အဆောက်အအုံတွင် နေထိုင်ကြသလားဆိုသော ငြင်းချက် မပါရှိ၍ ယင်းငြင်းချက်ကို ထပ်ဖြည့်ပေးရန် လျှောက်ထားသော်လည်း တိုင်းတရားရုံးမှ ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်သော ငြင်းချက်ကို ထုတ်ရန်မလိုကြောင်း ဆုံးဖြတ်၍ လျှောက်ထားသူ မူလရုံးတရားပြိုင်၏ လျှောက်လွှာကို ပယ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်ကို မကျေနပ်၍ ဗဟိုတရားရုံးတွင် ပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

အဓိကအကြောင်းပြချက်များမှာ ချေလွှာတွင် အမွေဆိုင်အဖြစ်မိမိတို့ ပိုင်ခွင့်အရ နေထိုင်ခြင် ဖြစ်ကြောင်း ပါရှိပါလျက် ယင်းအချက်နှင့် ပတ်သက်ပြီး ငြင်းချက်ထုတ်ရန် လက်မခံခြင်းမှာ မှားယွင်းကြောင်း၊ အချင်းဖြစ်အိမ်နှင့် ပတ်သက်ပြီး အပေါင်ပစ္စည်း ရောင်းချပေးစေလိုမှုတွင် အချင်းဖြစ်ပစ္စည်းသည် အမွေဆိုင်ပစ္စည်းဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သဖြင့် လျှောက်ထားသည့် ငြင်းချက်ကို မထုတ်ခြင်းမှာ မှားယွင်းကြောင်းနှင့် အခမဲ့ အခွင့်နှင့်ထားသူအားနှင်ထုတ်လိုမှုတွင် ပိုင်ဆိုင်ခွင့်ကို အဓိကစဉ်းစား ဆုံးဖြတ်ရန် မဟုတ်သော်လည်း တရားပြိုင်၏ ချေလွှာ၌ မိမိပိုင်ဆိုင်ခွင့်အရ နေထိုင်ကြောင်း ချေပထားလျှင် ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်သော ငြင်းချက်ကိုထုတ်၍ ဆုံးဖြတ်ခြင်းမှာ မှန်ကန်သည်ဟု ဆုံးဖြတ်ချက်များရှိသဖြင့် အမွေဆိုင်ပြဿနာကို ငြင်းချက်မထုတ်ခဲ့ခြင်းမှာ မှားယွင်းကြောင်းတို့ ဖြစ်သည်။

မူလရုံးတွင် လျှောက်ထားခံရသူများက စွဲဆိုသည့်အမှုသည် အခွင့်ဖြင့် ထားရှိသူအား ဥပစာမှ နှင်ထုတ်ရန် စွဲဆိုသည့်အမှုဖြစ်သည်။ ဤအမှုမျိုးတွင် တရားရုံးမှ အဓိကစဉ်းစား ဆုံးဖြတ်ရန်အချက်မှာ မူလရုံး တရားပြိုင်တို့သည် အချင်းဖြစ် ဥပစာတွင် မူလရုံး တရားလို၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်း ဟုတ်မဟုတ်ဆိုသည့် အချက်သာဖြစ်သည်။ ဤအမှု

၁၉၇၉
ဦးမြင့်ဆွေ
ပါ (၂)
ဦးချစ်
ထွန်း(၆)
ဦးချစ်

မျိုးတွင် တရားပြိုင်က မိမိ၏ပိုင်ဆိုင်ခွင့်အရ နေထိုင်ခြင်းသာဖြစ်သည်။ တရားလို၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်းမဟုတ်ကြောင်း ချေပထားစေကာမူ ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ သီးခြားငြင်းချက်ထုတ်ပြီး အဆုံးအဖြတ်ပေးရန် မလိုအပ်တော့ပေ။ သို့ရာတွင် တရားပြိုင်များသည် တရားလို၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်းမဟုတ်ကြောင်း ပေါ်လွင်စေရန် အလို့ငှာ ပိုင်ဆိုင်ခွင့်အရ နေထိုင်ခဲ့ကြောင်း အထောက်အထား သက်သေများကို ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်းဟုတ်မဟုတ်ဆိုသည့် ငြင်းချက်တွင်ပင်တင်ပြ၍ ချေပခွင့်ရှိပေသည်။

မန္တလေးတိုင်း တရားရုံးမှ ထုတ်ပေးခဲ့သည့် ငြင်းချက်များတွင် အချင်းဖြစ်ဥပစာ၌ တရားပြိုင်တို့ နေထိုင်ကြခြင်းသည် တရားလို၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်းဖြစ်သည်ဆိုတာ မှန်သလားဟူသော ငြင်းချက်ပါရှိပြီးကြောင်း တွေ့ရှိရသည်။ ယင်းငြင်းချက်သည် မမှန်ကြောင်း သက်သေခံအထောက်အထား တင်ပြရာ၌ တရားပြိုင်သည် ပိုင်ဆိုင်ခွင့်နှင့် နေထိုင်ခြင်းဖြစ်ကြောင်း၊ မိဘများပိုင် ဝင်းမြေနှင့် အဆောက်အအုံတို့တွင် နေထိုင်ခြင်းဖြစ်ကြောင်း သက်သေခံ အထောက်အထားများ တင်ပြနိုင်ပေသည်။

သို့ဖြစ်၍ မန္တလေးတိုင်း ရုံးမှ ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ သီးခြားငြင်းချက် ထပ်မံဖြည့်စွက်ထုတ်ပေးရန် လျှောက်ထားခြင်းကို ပလပ်လိုက်ခြင်းသည် မှန်ကန်သဖြင့် ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

**တရားမ ဒုတိယ အယူခံမှု**

**ဦးဌေးမြင့် အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့်ဦးထွန်းရှိန်**

**ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့်ဦးထွန်းရှိန် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်**

† ၁၉၇၉ အောက်တိုဘာလ ၂၄ ရက်

ကိုလှအောင် ပါ(၂)

နှင့်

ကိုတင့်လှိုင် *

**တရားမကျင့်ထုံး ဥပဒေ အမိန့် ၄၁ နည်း ၁ နှင့် အမိန့် ၄၂ နည်း ၁ - အယူခံလွှာနှင့်အတူ ဒီကရီမိတ္တူပါ တင်သွင်းရခြင်း။**

**ဆုံးဖြတ်ချက်။** ။ဤအယူခံမှုကို တင်သွင်းရာတွင် တရားမကျင့်ထုံး ဥပဒေအမိန့်(၄၁)၊ နည်းဥပဒေ(၁)နှင့် အမိန့်(၄၂)၊ နည်းဥပဒေ (၁)တို့အရ အယူခံလွှာနှင့်အတူ တိုင်းတရားရုံး၏ ဒီကရီကို တင်သွင်း ရမည် ဖြစ်သော်လည်း၊ ဤအမှုကို ကြားနာသည့်နေ့အထိ တိုင်းတရား ရုံး၏ ဒီကရီကို ဤရုံးအယူခံ အမှုတွဲတွင် တင်သွင်းထားခြင်း မရှိသည် ကို တွေ့ရှိရသည်။ အယူခံတင်သွင်းသည့်အခါ အယူခံလိုသည့် အောက်ရုံး မှ စီရင်ချက်မပါရှိသည်ကို တရားရုံးက ခွင့်ပြုနိုင်သော်လည်း၊ အယူခံလို သည့် ဒီကရီ မပါရှိသည့် အယူခံလွှာကို တရားရုံးက စဉ်းစားဆုံးဖြတ် ပိုင်ခွင့် မရှိပေ။

**အယူခံတရားလိုများအတွက်** — ဦးညွန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ

**အယူခံတရားပြိုင်အတွက်** — ဦးမြစိန်၊ ဗဟိုတရားရုံးရှေ့နေ

**မန္တလေးမြို့ အရှေ့မြောက်မြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၅၂/၇၄ တွင် အယူခံတရားပြိုင် ကိုတင့်လှိုင် က အယူခံ တရားလို ကိုလှအောင်တို့အပေါ် အခမဲ့ နေထိုင်ခွင့် ပြုထားသည့် မန္တလေးမြို့ ကဋ္ဌနဟိရပ်၊ အကွက်(၆၂၉) ဦးပိုင်အမှတ်(၁၀/က)နှင့် (၉/ခ)မြေ ပေါ်ရှိ အဆောက်အအုံမှ နှင်ထုတ်ပေးစေလိုမှု စွဲဆိုခဲ့သည်။ မြို့နယ်

---

* ၁၉၇၇ ခုနှစ်၊ တရားမဒုတိယအယူခံမှု အမှတ် ၇၉

† ၁၉၇၆ ခုနှစ်၊တရားမအယူခံမှု အမှတ် ၈ တွင် ချမှတ်သော(၁၁-၇-၇၇) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

တရားရုံးက စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးခဲ့သည်။ အယူခံတရား လိုများက မန္တလေးတိုင်း တရားရုံးတွင် အယူခံသော်လည်း အောင်မြင် ခြင်းမရှိ၍ ဗဟိုတရားရုံးတွင် ဤအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။



အယူခံတရားပြိုင် ကိုတင့်လွင်၏ အဆိုလွှာတွင် မိမိသည် အယူခံ တရားလို ကိုလှအောင်နှင့် သမီးယောက်ဖ တော်စပ်သည်ဖြစ်၍ အချင်း ဖြစ်အိမ်တွင် အခမဲ့ နေထိုင်ရန် ခွင့်ပြုခဲ့ကြောင်း၊ ခွင့်ပြုချိန်က ကိုတင့် လွင်သည် ဖယ်ခိုင်းသည့်အခါ ဖယ်ပေးပါမည်ဟု ကိုလှအောင်က တာဝန်ယူကြောင်း၊ ဤကဲ့သို့ ကိုလှအောင်အား ဖယ်ရှားပေးရန် မိမိက ပြောသောအခါ ကိုလှအောင်က ဖယ်မပေးသည့်အတွက် ဤအမှုကို စွဲဆိုခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ဤအယူခံမှုတွင် ကိုလှအောင်က တင်ပြသည့် အဓိက အကြောင်းပြ ချက်မှာ အယူခံတရားပြိုင် ကိုတင့်လွင်နှင့် မိမိ၏မိခင် ဒေါ်စောကြည် တို့ ချုပ်ဆိုထားသည့် အိမ်မြေအရောင်းစာချုပ်တွင် စာမတတ်သူဖြစ် သည့် ဒေါ်စောကြည်အား လှည့်ဖြား၍ လက်မှတ်ရေးထိုးစေခဲ့ကြောင်း၊ အချင်းဖြစ်အိမ်မှာ မိမိ၏မိခင်အိမ် ဖြစ်ကြောင်း၊ မိခင်၏အိမ်ဖြစ်၍ ထိုအိမ်တွင် မိမိနေထိုင်ခြင်းဖြစ်ရာ မိမိအား အယူခံတရားပြိုင်က အခမဲ့ နေထိုင်ခွင့်ပြုသည်ဟု အောက်တရားရုံးများက ဆုံးဖြတ်ခြင်းမှာ မှားယွင်း ကြောင်း၊ အမှုကို တန်ဖိုးငွေကျပ် ၁၀၀၀၀/-သာထား၍ မြို့နယ် တရားရုံးတွင် စွဲဆိုခြင်းမှာ မှားယွင်းကြောင်း၊ မူလရုံး ဒီကရီတွင် ရှေ့နေ စရိတ် ငွေကျပ် ၆၀၀/-ဟု တွက်ချက်ဖော်ပြထားခြင်းမှာ မှားယွင်း ကြောင်း၊ ဘဏ်တွင်ပေါင်ထားသည့် အချင်းဖြစ်ပစ္စည်းကို ရွေးနုတ်ရာ တွင် လိုငွေကျပ် ၁၅၀၀၀/-စိုက်ထုတ်မှုအတွက် ဟန်ဆောင်အရောင်း စာချုပ် ချုပ်ဆိုရုံမျှဖြင့် အယူခံတရားပြိုင်သည် ပိုင်ရှင်ဖြစ်မလာနိုင်သည့် အချက်ကို မစဉ်းစားသဖြင့် မှားယွင်းကြောင်း စသည်တို့ကို တင်ပြ သည်။

ယခုအမှုသည် အခမဲ့နေထိုင်ခွင့် ပြုထားသူအား ဖယ်ရှားပေးရန် စွဲဆိုသောအမှုဖြစ်၍ ပိုင်ဆိုင်ခွင့်ကို စဉ်းစားရန်မလိုပေ။ အယူခံတရားလို ကို အယူခံတရားပြိုင်က အခမဲ့ နေထိုင်ခွင့် ပြုထားခြင်း မှန်မမှန်သာ ဆန်းစစ်ရန် ဖြစ်ပေသည်။

၁၉၇၉
ကိုလှအောင်
ပါ (၂)
နှင့်
ကိုထင်လှိုင်

ယင်းအချက်ကို မူလရုံးနှင့် ပထမအယူခံရုံးတို့က အယူခံတရားပြိုင်အား ထပ်တူထပ်မျှ အသာပေးဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။ ထို့ပြင် ဤအယူခံမှုကို တင်သွင်းရာတွင် တရားမကျင့်ထုံး ဥပဒေ အမိန့် (၄၁)၊ နည်းဥပဒေ(၁)နှင့် အမိန့်(၄၂)၊ နည်းဥပဒေ(၁) တို့အရ အယူခံလွှာနှင့်အတူ တိုင်းတရားရုံး၏ ဒီကရီကို တင်သွင်းရမည် ဖြစ်သော်လည်း ဤအမှုကို ကြားနာသည့်နေ့အထိ တိုင်းတရားရုံး၏ ဒီကရီကို ဤရုံးအယူခံအမှုတွဲတွင် တင်သွင်းထားခြင်း မရှိသည်ကို တွေ့ရှိရသည်။ အယူခံတင်သွင်းသည့်အခါ အယူခံလိုသည့် အောက်ရုံးမှ စီရင်ချက် မပါရှိသည်ကို တရားရုံးကခွင့်ပြုနိုင်သော်လည်း အယူခံလိုသည့်ဒီကရီ မပါရှိသည့် အယူခံလွှာကိုတရားရုံးက စဉ်းစား ဆုံးဖြတ်ပိုင်ခွင့် မရှိပေ။

သို့ဖြစ်၍ ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ဤရုံး ရှေ့နေခအဖြစ် ငွေကျပ် ၅၀/-သတ်မှတ်သည်။

## တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးအေးမောင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၉ / ဇူလိုင်လ / ၄ ရက်

### ဦးလှအောင် ပါ(၂)

နှင့်

### ဦးခင်အောင် ပါ(၃)*

**တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၁—အရ တရားပြိုင်များက တင်သွင်းသော အချေလွှာကို တရားရုံးက လက်မခံပဲနေနိုင်ကြောင်း ပြဋ္ဌာန်းချက် ရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။တရားမမှုများတွင် တရားပြိုင်များသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၁ အရ ချေလွှာ တင်သွင်းနိုင်သည်။ ယင်းသို့ တင်သွင်းသောချေလွှာကို တရားရုံးက လက်မခံပဲ နေနိုင်ကြောင်း ပြဋ္ဌာန်းချက်မရှိချေ။ သို့ဖြစ်၍ ဤအမှုတွင် ဦးလှအောင်တို့က ချေလွှာ တင်သွင်းပါလျက်နှင့် တရားရုံးက ချေလွှာတင်သွင်းခွင့်မပြုဟု အမိန့်ချမှတ်ခြင်းမှာ မှားယွင်းသည်။

**လျှောက်ထားသူများအတွက်** — ဦးလှတူ၊ ဗဟိုတရားရုံးရှေ့နေ
**လျှောက်ထားခံရသူများအတွက်** — ဦးဘကျော်၊ ဗဟိုတရားရုံးရှေ့နေ

ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှု အမှတ် ၁/၇၆ တွင် လျှောက်ထားခံရသူ ဦးခင်အောင်တို့က မိမိတို့သည် ကွယ်လွန်သူ ဦးစိန်ဖေ ကျန်ရစ်ခဲ့သော ရန်ကုန်မြို့၊ သိမ်ဖြူလမ်း၊ အမှတ် ၄၇၀ တိုက်နှင့် မြေ အပြင် ဟီးလ်မင်းအမျိုးအစား မော်တော်ကား အမှတ် ဃ/၇၅၅၅ ကို ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေငြာပေးရန်နှင့် လက်ရောက်ရလိုကြောင်း ဖြင့် လျှောက်ထားသူ ဦးလှအောင်တို့အပေါ် တရားစွဲဆိုသည်။ ဦးလှအောင်တို့က တရားမကျင့်ထုံးဥပဒေ အမိန့် ၆ နည်းဥပဒေ(၁၆)အရ ဦးခင်အောင်တို့ တင်သွင်းသည့် အဆိုလွှာ၌ပါသည့် စကားအသုံးအနှုန်း

---

* ၁၉၇၆ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၇၉
†၊ ၁၉၇၆ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁ (မင်္ဂလာတောင်ညွန့်)တွင် ချမှတ်သော (၇-၇-၇၆)နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၉ ဦးလှအောင် ပါ (၂) နှင့် ဦးခင်အောင် ပါ (၁)

အချို့တို့ကို ပယ်ဖျက်ပေးရန် လျှောက်ထားသည်။ ရန်ကုန်တိုင်းတရားရုံးက ယင်းလျှောက်ထားချက်နှင့် ပတ်သက်၍ နှစ်ဘက်ကြားနာပြီး ပယ်လိုက်သည်။ ထို့နောက် တိုင်းတရားရုံးက ဦးလှအောင်တို့အား ၃၀-၆-၇၆ နေ့၌ ချေလွှာတင်ရန် သတ်မှတ်လိုက်သည်။ ချိန်းဆိုသော နေ့တွင် ဦးလှအောင်တို့က ချေလွှာတင်ရန် ရက်ချိန်း ထပ်မံ တောင်းသည်။ ၇-၇-၇၆ နေ့တွင် ဦးလှအောင်တို့က ချေလွှာတင်သော်လည်း တိုင်းတရားရုံးက ၃၀-၆-၇၆ နေ့တွင် ချေလွှာတင်ရန် ပျက်ကွက်သဖြင့် ချေလွှာတင်ရန် ခွင့်မပြုပဲ ပြင်းချက်ထုတ်မည်ဟု အမိန့် ချမှတ်လိုက်သည်။ ဦးလှအောင်တို့က ယင်းအမိန့်ကို မကျေနပ်သဖြင့် ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုလျှောက်လွှာ တင်သွင်းခြင်းဖြစ်သည်။

တရားမမှုများတွင် တရားပြိုင်များသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်းဥပဒေ (၁) အရ ချေလွှာ တင်သွင်းနိုင်သည်။ ယင်းသို့ တင်သွင်းသောချေလွှာကို တရားရုံးက လက်မခံပဲ နေနိုင်ကြောင်း ပြဋ္ဌာန်းချက်မရှိချေ။ သို့ဖြစ်၍ ဤအမှုတွင် ဦးလှအောင်တို့က ချေလွှာ တင်သွင်းပါလျက်နှင့် တရားရုံးက ချေလွှာ တင်သွင်းခွင့်မပြုဟု အမိန့် ချမှတ်ခြင်းမှာ မှားယွင်းသည်။

ထို့ကြောင့် ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်၍ လျှောက်ထားသူများအား တရားရုံးက ရက်သတ်မှတ်သည့်နေ့တွင် ချေလွှာ တင်ခွင့်ပြုပြီး အမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။

တရားစရိတ် ခွင့်မပြု။

## တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးအေးမောင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၈ မေလ ၂၃ ရက်

ဒေါ်သန်းတင် ပါ (၂)

နှင့်

ချန်ဘွန်ရှောင် ပါ (၂) *

တရားမကျင့်ထုံးဥပဒေအမိန့် ၂၃၊ နည်း ၁ (၂)—အမှုသစ်စွဲဆိုပိုင်ခွင့်နှင့် တကွ အမှုရုပ်သိမ်းခြင်းကို တရားရုံးက ခွင့်ပြုလျှင် နောက်ထပ်စွဲဆို သည့်အမှု၌ နောက်ထပ်သက်သာခွင့် တစ်ရပ်ကို ထပ်မံမထည့်သွင်းရ ဟု တားမြစ်ထားမှု မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ပထမစွဲဆိုသည့်အမှုတွင် တောင်းဆိုသည့် သက်သာခွင့်မှာ ၁၉၆ဝ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁)(က)အရ သက်သာခွင့်ဖြစ်သည်။ နောက်ထပ်စွဲဆိုသည့်အမှုတွင် ပုဒ်မ ၁၂ (၁)(က)အပြင် ၁၂ (၁)(ဂ)အရ သက်သာခွင့်ကိုပါ တောင်းဆိုထားကြောင်း တွေ့ရသည်။ တနည်းအားဖြင့် ဆိုလျှင် ဒုတိယအမှုတွင် သက်သာခွင့်တစ်ခု ထပ်တိုး၍ တောင်းဆိုထား ကြောင်း တွေ့ရသည်။ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၃(၁)(၂)အရ နောက်ထပ်တစ်မှု စွဲဆိုခွင့်ဖြင့် ပထမတစ်မှု ရုပ်သိမ်းခြင်းကို တရားရုံးက ခွင့်ပြုလျှင် နောက်ထပ်စွဲဆိုသည့်အမှု၌ နောက်ထပ်သက်သာခွင့်တစ်ရပ်ကို ထပ်မံမထည့်သွင်းရဟု တားမြစ်ထားခြင်း မရှိပေ။ ထို့ကြောင့် လျှောက် ထားခံရသူတို့ နောက်ထပ်စွဲဆိုသည့်အမှုတွင် ပုဒ်မ ၁၂ (၁)(ဂ)တို့ပါ ထည့်သွင်းစွဲဆိုခြင်းမှာ ဥပဒေအရ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

**လျှောက်ထားသူများအတွက် — ဦးရဲခေါင်ညွန့်၊ ဗဟိုတရားရုံးရှေ့နေ**

**လျှောက်ထားခံရသူများအတွက်— ဦးသန်းအောင်၊ ဗဟိုတရားရုံးရှေ့နေ**

---

* ၁၉၇၈ ခုနှစ်၊ တရားမပြင်ဆင်မှု အယူခံ အမှတ် ၄၂

† ၁၉၇၇ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၁၂၁ တွင် ချမှတ်သော (၉-၅-၇၈) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

**၈၉၇၉**
ဒေါ်သန်း
တင်
ပါ (၂)
နှင့်
ချန်ဘွန်
ရွှေ
ပါ (၂)

တာချီလိတ်မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် (၂၈/၇၄) တွင် လျှောက်ထားခံရသူ ဦးချန်ဘွန်ရွှေတို့က လျှောက်ထားသူ ဒေါ်သန်း တင်နှင့် ၎င်း၏ကွယ်လွန်သူခင်ပွန်း ဦးဝေါင်ရှောင်မူတို့အပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(က) အရ တရားစွဲဆိုခဲ့သည်။ ထို့နောက် လျှောက်ထားခံရသူတို့အား တရား မကျင့်ထုံး ဥပဒေအမိန့် ၂၃၊ နည်းဥပဒေ(၁)(၂)အရ အမှုသစ်တဖန် ပြန်စွဲခွင့်ဖြင့် အမှုကိုရုပ်သိမ်းခဲ့သည်။ ဤကဲ့သို့ ရုပ်သိမ်းပြီးနောက် လျှောက်ထားခံရသူတို့က လျှောက်ထားသူ ဒေါ်သန်းတင်နှင့် ၎င်း၏ သား ဦးမြင့်ဆွေတို့အပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(က)နှင့်(ဂ)တို့အရ ထပ်မံ တရား တထုံးစွဲဆိုခဲ့သည်။ ယင်းအမှုမှာ တာချီလိတ်မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ်(၁၃/၇၆)ဖြစ်သည်။

ဤကဲ့သို့နောက်ထပ်စွဲဆိုသည့်အမှုတွင် အကြောင်းအရာများပြင်ဆင် ပြောင်းလဲ အသစ်ထည့်သွင်းခြင်းနှင့် ကွယ်လွန်သူ ဦးဝေါင်ရှောင်မူ အစား သားဖြစ်သူ ဦးမြင့်ဆွေအား အမှုတွင် ထည့်သွင်းစွဲဆိုခြင်းနှင့် ပတ်သက်၍ လျှောက်ထားသူတို့က ပဏာမကန့်ကွက်လွှာ တင်ခဲ့သည်။ ယင်းပဏာမ ကန့်ကွက်လွှာကို မူလတရားရုံးက ပလပ်လိုက်သည့်အတွက် ရှမ်းပြည်နယ်(?) ရန်ကုန်တိုင်း တရားရုံး ပြင်ဆင်မှုအမှတ် (၁၂၁/၇၇)တွင် လျှောက် ထားသူတို့က ပြင်ဆင်မှုတင်သွင်းခဲ့သည်။ ယင်း ပြင် ဆင် မှု မှာ လည်း ပယ်ချခြင်း ခံရသည့်အတွက် ဤပြင်ဆင်မှုကို တင်သွင်းခြင်း ဖြစ်သည်။

ပထမအမှုမှ တရားပြိုင် တစ်ဦးမှာ လျှောက်ထားသူ ဒေါ်သန်းတင်၏ ခင်ပွန်း ဦးဝေါင်ရှောင်မူ ဖြစ်သည်။ ဒုတိယအမှုမစွဲဆိုမီ ၎င်းသေဆုံး သွားသည့်အတွက် သားဖြစ်သူ ဦးမြင့်ဆွေအား ဒုတိယအမှုတွင် တရား ပြိုင်တစ်ဦးအဖြစ် ထည့်သွင်းခြင်းဖြစ်သည်။ ဤအမှုမှာ အိမ်ရှင်အိမ်ငှား တို့စပ်ကြား တရားစွဲဆိုသည့်အမှု ဖြစ်သဖြင့် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြ ဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေအရ စွဲဆိုသည့်အမှုဖြစ်သည်။ ယင်းဥပဒေပုဒ်မ ၂(ဆ)အရ အိမ်ငှားဆိုသည်မှာ အဓိပ္ပာယ် ဖော်ပြချက် တွင် တရားမကျင့်ထုံး ဥပဒေ၌ အဓိပ္ပာယ် ဖော်ပြထားသည့် တရားဝင် ကိုယ်စားလှယ်လည်း ပါဝင်ပေသည်။ လျှောက်ထားသူ ဦးမြင့်ဆွေသည် ဦးဝေါင်ရှောင်မူ၏သား ဖြစ်သဖြင့် ၎င်း၏တရားဝင် ကိုယ်စားလှယ်ဖြစ် သည်။ ထို့ကြောင့် နောက်ထပ် စွဲဆိုသည့်အမှုတွင် ဦးမြင့်ဆွေအား

တရားပြိုင်တစ်ဦးအဖြစ်ဖြင့် ထည့်သွင်းစွဲဆိုခြင်းမှာ ဥပဒေအရ မမှားယွင်းပေ။ **၁၉၆၈** ဒေါ်သန်းတင် ပါ (၂) နှင့် ချန်ဘွန်ရှောင် ပါ (၂)

ပထမစွဲဆိုသည့်အမှုတွင် တောင်းဆိုသည့် သက်သာခွင့်မှာ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(က) အရ သက်သာခွင့် ဖြစ်သည်။ နောက်ထပ် စွဲဆိုသည့်အမှုတွင် ပုဒ်မ ၁၂(၁)(က)အပြင် ၁၂(၁)(ဂ)အရ သက်သာခွင့်ကိုပါ တောင်းဆိုထားကြောင်း တွေ့ရသည်။ တနည်းအားဖြင့်ဆိုလျှင် ဒုတိယအမှုတွင် သက်သာခွင့်တစ်ခု ထပ်တိုး၍ တောင်းဆိုထားကြောင်း တွေ့ရသည်။ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၃(၁)(၂)အရ နောက်ထပ်တစ်မှု စွဲဆိုခွင့်ဖြင့် ပထမတစ်မှုရုပ်သိမ်းခြင်းကို တရားရုံးက ခွင့်ပြုလျှင် နောက်ထပ်စွဲဆိုသည့်အမှု၌ နောက်ထပ်သက်သာခွင့်တစ်ရပ်ကို ထပ်မံမထည့်သွင်းရဟု တားမြစ်ထားခြင်း မရှိပေ။ ထို့ကြောင့် လျှောက်ထားခံရသူတို့ နောက်ထပ်စွဲဆိုသည့်အမှုတွင် ပုဒ်မ ၁၂(၁)(ဂ)တို့ပါ ထည့်သွင်းစွဲဆိုခြင်းမှာ ဥပဒေအရ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤပြင်ဆင်မှု လျှောက်လွှာကို ပလပ်လိုက်သည်။ စရိတ်ငွေ ၇၅/-ကျပ် ခွင့်ပြုသည်။

## တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးအေးမောင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

၁၉၇၉
ဧပြီလ
၂၃ ရက်

## ဒေါ်သန်းတင် ပါ(၂)

နှင့်

## ဦးချန်ဘွန်ရှောင် ပါ(၂) *

**တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်း ၉ နှင့် ၁၀ အရ၊ အရေးယူဆောင်ရွက်ခြင်း—တရားရုံးက အချေလွှာ တင်သွင်းရမည်ဟု အမိန့်ချမှတ်လျက်နှင့် ပျက်ကွက်မှုသာ တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၁၀ အရ အရေးယူနိုင်ခြင်း—တရားပြိုင်က အချေလွှာတင်ရန် ရက်ချိန်းတောင်းပြီး ချိန်းရက်တွင် အချေလွှာတင်ရန် ပျက်ကွက်ရုံမျှဖြင့် အမှုကိုပလပ်ခြင်း ပြုနိုင်မပြုနိုင်—အချေလွှာတင်ရန် ပျက်ကွက်ရုံမျှဖြင့် တရားလို စွဲဆိုသည့်အမှုကို တဖက်သတ်ဒီကရီ ချပေးနိုင်ခြင်း ရှိမရှိ—တရားလိုဘက်ကို မစစ်ဆေးပဲ တဖက်သတ်ဒီကရီ ချမှတ်ပေးနိုင် မပေးနိုင်။**

ဆုံးဖြတ်ချက်။ ။မူလမြို့နယ်တရားရုံး၏ အမိန့်သည်ဥပဒေကြောင်းအရ မှားယွင်းချက်(၂)ချက် ရှိကြောင်း တွေ့ရသည်။ ပထမအချက်မှာ ချေလွှာတင်ရန် ပျက်ကွက်ရုံဖြင့် တရားမကျင့်ထုံး ဥပဒေအမိန့် ၈၊နည်းဥပဒေ ၉ နှင့် ၁၀ အရ အရေးယူဆောင်ရွက်ပြီး အမှုကို ပလပ်လိုက်ခြင်းဖြစ်သည်။ တရားရုံးက တရားလိုကိုဖြစ်စေ၊ တရားပြိုင်ကိုဖြစ်စေ၊ ချေလွှာတင်သွင်းရမည်ဟု အမိန့်ချမှတ်ပါလျက်နှင့် ပျက်ကွက်မှုသာ နည်းဥပဒေ ၁၀ အရ အရေးယူဆောင်ရွက်နိုင်မည် ဖြစ်သည်။ ယခုအမှုတွင် မူလတရားရုံးက တရားပြိုင်အား ချေလွှာတင်ရန် ညွှန်ကြားခဲ့ခြင်း မဟုတ်ပေ။ တရားပြိုင်က ချေလွှာတင်ရန် ရက်ချိန်းတောင်းပြီး ချိန်းရက်တွင် ချေလွှာတင်ရန် ပျက်ကွက်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့်

---

* ၁၉၇၈ ခုနှစ်၊ တရားမဒုတိယအယူခံမှု အမှတ် ၆၄

† ၁၉၇၇ ခုနှစ်၊ တရားမပထမအယူခံမှု အမှတ် ၂၉၃ တွင် ချမှတ်သော (၉-၅-၇၈) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး(၁)၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

၁၉၇၉
ဒေါ်သန်းတင် ပါ (၂) နှင့် ဦးချန်ဘွန်ရှောင် ပါ (၂)

မူလတရားရုံးက နည်းဥပဒေ ၁၀ အရ ဆောင်ရွက်ခြင်းမှာ မှားယွင်းသည်။ ဒုတိယအချက်မှာ ချေလွှာတင်ရန် ပျက်ကွက်ခြင်းကြောင့် တရားလို စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးခြင်းဖြစ်သည်။ ချေလွှာတင်ရန် ပျက်ကွက်ရုံမျှဖြင့် တရားလိုစွဲဆိုသည့်အမှုကို တဖက်သတ်ဒီကရီ မချပေးနိုင်ပေ။ တရားပြိုင်သည် ချေလွှာတင်ရန် ပျက်ကွက်ပါက တရားရုံးသည် ချေလွှာတင်ရန် ပျက်ကွက်ကြောင်း မှတ်တမ်းတင်ပြီး အမှုကို ဆက်လက်ဆောင်ရွက်ရန်သာ ရှိသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ဤအမှုတွင် တရားလိုကို မစစ်ဆေးပဲ တဖက်သတ် ဒီအရီချထားကြောင်း တွေ့ရသည်။ တရားပြိုင်က ချေလွှာ မတင်သည့်အတွက် တရားလို၏ အဆိုလွှာပါ စွပ်စွဲချက်များကို တရားပြိုင်က ဝန်ခံသည်ဟု မယူဆနိုင်ပေ။ ထို့ကြောင့် တရားလိုက ၎င်း၏ စွပ်စွဲချက်ကို ထင်ရှားအောင် သက်သေပြရမည်ဖြစ်သည်။ သို့ဖြစ်၍ မူလတရားရုံးက တရားလိုဘက်ကို မစစ်ဆေးပဲ ဒီကရီ ချမှတ်ပေးခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းပေသည်။

**အယူခံတရားလိုများအတွက်** — ဦးရဲခေါင်ညွန့်၊ ဗဟိုတရားရုံးရှေ့နေ
**အယူခံတရားပြိုင်များအတွက်** — ဦးသန်းအောင်၊ ဗဟိုတရားရုံးရှေ့နေ

တာမွေမြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် (၂၀/၇၄)တွင် အယူခံတရားပြိုင် ဦးချန်ဘွန်ရှောင်တို့က အယူခံတရားလို ဒေါ်သန်းတင်နှင့် ၎င်း၏ကွယ်လွန်သူခင်ပွန်း ဦးဇော်ခေါင်ရှောင်မှတို့ အပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂(၁)(က) အရ တရားစွဲဆိုခဲ့သည်။ ထို့နောက် အယူခံ တရားပြိုင်တို့က တရားမကျင့်ထုံးဥပဒေအမိန့် ၂၃၊ နည်းဥပဒေ (၁)( ၊)အရ အမှုသစ် တဖန်ပြန်စွဲခွင့်ဖြင့် အမှုကိုရုပ်သိမ်းခဲ့သည်။ ဤကဲ့သို့ ရုပ်သိမ်းပြီးနောက် အယူခံတရားပြိုင်တို့ကအယူခံတရားလို ဒေါ်သန်းတင်နှင့်၎င်း၏သား ဦးမြင့်ဆွေတို့အပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(က)နှင့် (ဂ)တို့အရ ထပ်မံတရားတထုံး စွဲဆိုခဲ့သည်။ ယင်းအမှုမှာ တာမွေမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် (၁၃/၇၆)ဖြစ်သည်။

ဤကဲ့သို့ နောက်ထပ် စွဲဆိုသည့်အမှုတွင် အကြောင်း အရာများ ပြင်ဆင်ပြောင်းလဲ အသစ်ဘည့်သွင်းခြင်းနှင့် ကွယ်လွန်သူ ဦးဇော်ခေါင်

၁၉၇၉ ဒေါ်သန်းတင် ပါ (၅) နှင့် ဦးချန်ဘွန်ရှောင် ပါ (၂)

ရှောင်မှုအစား သားဖြစ်သူ ဦးမြင့်ဆွေအား အမှုတွင်ထည့်သွင်းစွဲဆိုခြင်းနှင့်ပတ်သက်၍ အယူခံတရားလိုတို့က ပဏ္ဍာမကန့်ကွက်လွှာ တင်ခဲ့သည်။ ယင်းပဏ္ဍာမကန့်ကွက်လွှာကို မူလတရားရုံးက ပလပ်လိုက်သည့်အတွက် ရန်ကုန်တိုင်းတရားရုံး ပြင်ဆင်မှု အမှတ် (၁၂၁/၇၇)တွင် အယူခံတရားလိုတို့က ပြင်ဆင်မှုတင်သွင်းခဲ့သည်။ ထိုသို့ ရန်ကုန်တိုင်းတရားရုံးတွင် ပြင်ဆင်မှုဝင်နေသည့် အတောအတွင်းမူလမြို့နယ်တရားရုံးက တရားမကြီးမှုအမှတ်(၁၃/၇၆)ကို ဆိုင်းငံ့ပေးထားရန် အယူခံတရားလိုတို့က မူလရုံးတွင် လျှောက်ထားခဲ့သည်။ ယင်း လျှောက်ထားချက်ကို မူလရုံးက လက်မခံပဲ ချေလွှာတင်ရန်အမိန့် ချမှတ်ခဲ့သည်။ ၁၄-၂-၇၇ နေ့တွင် လျှောက်ထားသူများက ချေလွှာမတင်သည့်အတွက် မူလမြို့နယ်တရားရုံးက အောက်ဖော်ပြပါအမိန့်ကို ချမှတ်ခဲ့သည်။

"တရားမကျင့်ထုံး အမိန့် ၈၊ နည်းဥပဒေ ၉ နှင့် ၁၀ တို့အရ တရားပြိုင်များဘက်မှ ချေလွှာတင်သွင်းရန် အကြိမ်ကြိမ် ပျက်ကွက်နေပြီဖြစ်သောကြောင့် တရားလိုများ၏ အမှုကို တရားလိုများ စွဲဆိုသည့်အတိုင်း စရိတ်နှင့်တကွ ဒီကရီချမှတ်ပေးလိုက်သည်။"

ယင်းအမိန့်ကို မကျေနပ်၍ အယူခံတရားလိုများက ရန်ကုန်တိုင်းတရားရုံး တရားမအယူခံမှု အမှတ် (၂၉၃/၇၇)တွင် အယူခံဝင်ရာ မအောင်မြင်သဖြင့် ဤဒုတိယအယူခံမှုကို တင်သွင်းခြင်း ဖြစ်သည်။

မူလမြို့နယ်တရားရုံး၏ အမိန့်သည် ဥပဒေကြောင်းအရ မှားယွင်းချက်(၂)ချက်ရှိကြောင်း တွေ့ရသည်။ ပထမအချက်မှာ ချေလွှာတင်ရန် ပျက်ကွက်ရုံဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်းဥပဒေ ၉ နှင့် ၁၀ အရ အရေးယူ ဆောင်ရွက်ပြီး အမှုကို ပလပ်လိုက်ခြင်းဖြစ်သည်။ တရားရုံးက တရားလိုကိုဖြစ်စေ၊ တရားပြိုင်ကိုဖြစ်စေ၊ ချေလွှာတင်သွင်းရမည်ဟု အမိန့်ချမှတ်ပါလျက်နှင့် ပျက်ကွက်မှသာ နည်းဥပဒေ ၁၀ အရ အရေးယူ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယခုအမှုတွင် မူလတရားရုံးက တရားပြိုင်အား ချေလွှာတင်ရန် ညွှန်ကြားခဲ့ခြင်း မဟုတ်ပေ။ တရားပြိုင်က ချေလွှာတင်ရန် ရက်ချိန်းတောင်းပြီး ချိန်းရက်တွင် ချေလွှာတင်ရန် ပျက်ကွက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မူလတရားရုံးက နည်းဥပဒေ ၁၀ အရ ဆောင်ရွက်ခြင်းမှာ မှားယွင်းသည်။ ဒုတိယအချက်မှာ ချေလွှာတင်ရန် ပျက်ကွက်ခြင်းကြောင့် တရားလိုစွဲဆိုသည့်

၁၉၇၉ ဒေါ်သန်းတင် ပါ (၂) နှင့် ဦးချန်စွန်ရှောင် ပါ (၂)

ဒီကရီ ချမှတ်ပေးခြင်းဖြစ်သည်။ ချေလွှာတင်ရန် ပျက်ကွက်နေမှုဖြင့် တရားလိုစွဲဆိုသည့်အမှုကို တဘက်သတ်ဒီကရီမချပေးနိုင်ပေ။ တရားပြိုင်သည် ချေလွှာတင်ရန် ပျက်ကွက်ပါက တရားရုံးသည် ချေလွှာတင်ရန် ပျက်ကွက်ကြောင်း မှတ်တမ်းတင်ပြီး အမှုကို ဆက်လက်ဆောင်ရွက်ရန် သာရှိသည်။

ထို့အပြင် ဤအမှုတွင် တရားလိုကို မစစ်ဆေးပဲ တဘက်သတ်ဒီကရီ ချထားကြောင်း တွေ့ရသည်။ တရားပြိုင်က ချေလွှာမတင်သည့်အတွက် တရားလို၏အဆိုလွှာပါ စွပ်စွဲချက်များကို တရားပြိုင်က ဝန်ခံသည်ဟု မယူဆနိုင်ပေ။ ထို့ကြောင့် တရားလိုက ၎င်း၏စွပ်စွဲချက်ကို ထင်ရှားအောင် သက်သေပြရမည်ဖြစ်သည်။ သို့ဖြစ်၍ မူလတရားရုံးက တရားလိုဘက်ကို မစစ်ဆေးပဲ ဒီကရီ ချမှတ်ပေးခဲ့ခြင်းမှာ ဥပဒေအရမှားယွင်းပေသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် တိုင်းတရားရုံးနှင့် မူလမြို့နယ်တရားရုံးတို့၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး မူလတရားရုံးသည် ဤအမှုကို မူလအမှတ်စဉ်ဖြင့်လက်ခံ၍ မူလရုံးတရားပြိုင်ဖြစ်သည့် အယူခံတရားလိုတို့အား ချေလွှာတင်ရန် သင့်တော်သည့် အချိန်ပေး၍ အမှုကို ဆက်လက်ဆောင်ရွက် ရန်ညွှန်ကြားသည်။ ရှေ့နေစရိတ်ငွေကျပ် ၈၅/- ခွင့်ပြုသည်။

## တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှသုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးအေးမောင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

†၁၉၇၉ ဇူလိုင်လ ၂၆ ရက်

ဦးသန်းမောင် ပါ(၂)

နှင့်

ဒေါ်ကြည်ကြည်(သေ)ရင်း၏ တရားဝင်ကိုယ်စားလှယ် ဒေါ်မိမိ ပါ(၄) *

**အခွင့်အမိန့်အရ နေထိုင်သူကို နှင်လိုမှု— အခမဲ့ နှစ် အကန့်အသတ်မရှိ နေထိုင်ခွင့်ပြုသည်ဆိုသော စကားရပ်ကို အဓိပ္ပာယ်ကောက်ယူခြင်း— ထာဝရ နေထိုင်ခွင့်ပြုသည်ဟု ကောက်ယူ၍မရ—အခမဲ့ နေထိုင်ခွင့်ကို ပြန်လည် ရုပ်သိမ်းပြီးနောက် ဖယ်ရှားစေရန် တရားစွဲဆိုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သက်သေခံ(၁) ကတိစာချုပ်အရ အခမဲ့ နှစ် အကန့်အသတ်မရှိ နေထိုင်ခွင့်ပြုသည်ဆိုသည့် စကားရပ်မှာ နှစ်အပိုင်းအခြားကို ကန့်သတ်ခြင်းမပြုဟု ဆိုခြင်းသာဖြစ်သည်။ ထာဝရနေထိုင်ခွင့်ပြုသည်ဟု ကောက်ယူ၍မရပေ။ ထို့ကြောင့် အခမဲ့ နေထိုင်ခွင့် ပေးခဲ့သူသည် နှစ်အပိုင်းအခြားအားဖြင့်ကန့်သတ်ခြင်းမပြုမဲ့ အခမဲ့နေထိုင်ခွင့်ရခဲ့သူအား အခမဲ့နေထိုင်ခွင့်ကို ပြန်လည် ရုပ်သိမ်းပြီးနောက် ဖယ်ရှားစေရန် တရားစွဲဆိုနိုင်သည်။ နှစ်အပိုင်းအခြား ကန့်သတ်ခြင်း မရှိသဖြင့် အမှုစွဲဆိုခြင်းကို အစဉ်ထာဝရ မပြုနိုင်တော့ဟု ကောက်ယူ၍ ပိုင်ရှင်၏အခွင့်အရေးကို ကန့်သတ် ပိတ်ပင်ပါက မှန်ကန် မျှတမည် မဟုတ်ပေ။

**အယူခံတရားလိုများအတွက်** — ဦးမြစိန်၊ ဗဟိုတရားရုံးရှေ့နေ
**အယူခံတရားပြိုင်များအတွက်**— ဦးညွန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ

မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၂/၇၆ ၌ အယူခံ တရားလို ဦးသန်းမောင် ပါ(၂)ဦးတို့က အယူခံတရားပြိုင် ဒေါ်ကြည်

---

* ၁၉၇၇ ခုနှစ်၊ တရားမ ပထမ အယူခံမှု အမှတ် ၅၀

†၊ ၁၉၇၆ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂ တွင် ချမှတ်သော(၁၂-၉-၇၇) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

ကြည် ပါ(၄)ဦးတို့အပေါ် အခမဲ့ နေခွင့်ပြုထားသောနေအိမ်မှ ဖယ်ရှားထွက်ခွာသွားစေလိုမှု စွဲဆိုခဲ့သည်။ မန္တလေးတိုင်းတရားရုံးက အမှုကို စစ်ဆေးကြားနာပြီးနောက် ဦးသန်းမောင်တို့ စွဲဆိုသောအမှုကို ပလပ်ခဲ့သည်။ ယင်းအမိန့်ကို ဦးသန်းမောင်တို့က မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ဤအယူခံမှုကို လျှောက်ထားသည်။ ၁၉၇၉ ဦးသန်းမောင် ပါ (၂) နှင့် ဒေါ်ကြည်ကြည် (သေ) ၎င်း၏ တရားဝင်ကိုယ်စားလှယ် ဒေါ်မိမိ ပါ (၄)

မန္တလေးတိုင်းတရားရုံး၌ ဦးသန်းမောင်တို့ တင်သွင်းခဲ့သော အဆိုလွှာတွင် မိမိတို့သည် မန္တလေးမြို့ သိရီဟေမာ အရှေ့ပိုင်း အကွက်အမှတ် ၂၄၄ ဦးပိုင်အမှတ် ၃၁/၆၅ မြေကွက်ကို ဒေါ်ကြည်ကြည်နှင့် မောင်နှမတစုတို့ထံမှ ငွေကျပ် ၃၀၀၀၀/-နှင့် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပြီး ဝယ်ယူခဲ့ကြောင်း၊ ယင်းမြေကွက်ပေါ်တွင် မိမိတို့က အဆောက်အအုံတစ်ခုဆောက်လုပ်ပြီး ဒေါ်ကြည်ကြည် ပါ(၄)ဦးတို့အား အခန်း (၃)ခန်းတွင် အခမဲ့နေထိုင်ခွင့်ပြုခဲ့ကြောင်း၊ ၁၉၇၄ ခုနှစ်တွင် ဒေါ်ကြည်ကြည်တို့သည် အဆောက်အအုံ၏အမိုးနှင့် တောင်ဘက်ဝင်းထရံတို့ကို ဖျက်ဆီးခြင်း၊ လက်ဖက်ရည်နှင့် နံပြားဆိုင်ဖွင့်ခြင်း၊ ဈေးသည်များက အခကြေးငွေပေးပြီး ပစ္စည်းသေတ္တာများအပ်နှံသည်ကို လက်ခံခြင်းများ ပြုလုပ်သဖြင့် အကြောင်းကြားစာပေးပို့၍ ဒေါ်ကြည်ကြည်တို့အား တရားစွဲဆိုခြင်းဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ဦးသန်းမောင်တို့က ဤအယူခံမှုအတွက် တင်ပြထားသော အဓိကအကြောင်းပြချက်မှာ တိုင်းတရားရုံးက ဆုံးဖြတ်ရာတွင် ဒေါ်ကြည်ကြည်တို့အား နှစ်အကန့်အသတ်မရှိ အခမဲ့ထားခြင်းဖြစ်၍ ဦးသန်းမောင်တို့က ဒေါ်ကြည်ကြည်တို့အား အိမ်နှင်ခွင့်မရှိဟု ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းပါသည်ဆိုသည့် အချက်ဖြစ်သည်။

တိုင်းတရားရုံးအမှုတွဲပါသည် သက်သေခံ(ဈ)အရ ၁၉၆၅ ခုနှစ် ဒီဇင်ဘာလ(၂၆)ရက်နေ့က ဒေါ်ကြည်ကြည်၊ ဦးစိန်ထွန်း၊ ဦးသန့်စင်၊ ဒေါ်စောစောတို့က အချင်းဖြစ်မြေကွက်ကို ဦးသန်းမောင်အား ငွေကျပ် ၃၀၀၀၀/-နှင့် မှတ်ပုံတင်စာချုပ် ပြုလုပ်ရောင်းချခဲ့သည်ကို တွေ့ရှိရသည်။ သက်သေခံ(၁) ကတိစာချုပ်အရ ၁၉၆၅ ခုနှစ် ဒီဇင်ဘာလ (၂၆)ရက်နေ့မှာပင် ဦးသန်းမောင်နှင့် ဒေါ်ကြည်ကြည်၊ ဦးစိန်ထွန်း၊ ဦးသန့်စင်၊ ဒေါ်စောစောတို့သည် ကတိစာချုပ် တစ်စောင်ကိုလည်း

၁၉၇၉
ဦးသန်း
မောင်
ပါ (၂)
နှင့်
ဒေါ်ကြည်
ကြည်
(သေ)
ရင်း၏ တရား
ဝင်ကိုယ်စား
လှယ်
ဒေါ်မိမိ
ပါ (၄)

ချုပ်ဆိုခဲ့ကြောင်း တွေ့ရှိရသည်။ ထိုကတိစာချုပ် စာမျက်နှာ (၂)၊ အပိုဒ်(၂)တွင် ဒေါ်ကြည်ကြည် ပါ(၄)ဦးတို့ကို အဆောက်အအုံ၏ တောင်ဘက်ဆိုးခန်း၌ အခမဲ့ နှစ်အကန့်အသတ်မရှိ နေထိုင်ခွင့်ပြုသည် ဆိုသည့်အချက်ကိုအခြေပြု၍ မန္တလေးတိုင်းတရားရုံးက ဦးသန်းမောင်တို့ တောင်းဆိုသည့် သက်သာခွင့်ကို မပေးထိုက်ဟု သုံးသပ်ပြီး အမှုကို ပလပ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်တွင် ဦးသန်းမောင်က ဒေါ်ကြည်ကြည် ပါ(၄)ဦးတို့အား အချင်းဖြစ်အိမ်ခန်းများ၌ အခမဲ့ နေထိုင်ခွင့် ပြုထားသည်ဆိုသည်မှာ မှန်ကြောင်းနှင့် ဦးသန်းမောင်သည် အချင်း ဖြစ်မြေကို ပိုင်ဆိုင်သူဖြစ်ကြောင်း အဆုံးအဖြတ်ပေးထားသည်ကိုလည်း တွေ့ရှိရသည်။ ဒေါ်ကြည်ကြည်၏ ထွက်ဆိုချက်အရလည်း အချင်းဖြစ် အိမ်မှာ ဦးသန်းမောင် ဆောက်လုပ်ခဲ့သောအိမ်ဖြစ်ခြင်းနှင့် ယင်းအိမ်၏ အခန်း(၃)ခန်း၌ အခမဲ့ နေထိုင်ခြင်းတို့ကို ငြင်းထားခြင်းမရှိကြောင်း တွေ့ရသည်။

သက်သေခံ(၁) ကတိစာချုပ်အရ အခမဲ့ နှစ်အကန့်အသတ်မရှိ နေထိုင်ခွင့်ပြုသည်ဆိုသည့် စကားရပ်မှာ နှစ်အပိုင်းအခြားကို ကန့်သတ် ခြင်းမပြုဟု ဆိုခြင်းသာဖြစ်သည်။ထာဝရ နေထိုင်ခွင့်ပြုသည်ဟု ကောက် ယူ၍မရပေ။ ထို့ကြောင့် အခမဲ့ နေထိုင်ခွင့်ပေးခဲ့သူသည် နှစ်အပိုင်း အခြားအားဖြင့် ကန့်သတ်ခြင်းမပြုပဲ အခမဲ့ နေထိုင်ခွင့်ရခဲ့သူအား အခမဲ့ နေထိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းပြီးနောက် ဖယ်ရှားစေရန် တရား စွဲဆိုနိုင်သည်။ နှစ်အပိုင်းအခြား ကန့်သတ်ခြင်းမရှိသဖြင့် အမှုစွဲဆို ခြင်းကို အစဉ်ထာဝရ မပြုနိုင်တော့ဟု ကောက်ယူ၍ ပိုင်ရှင်၏ အခွင့် အရေးကို ကန့်သတ် ပိတ်ပင်ပါက မှန်ကန်မျှတမည်မဟုတ်ပေ။

သို့ဖြစ်၍ မန္တလေးတိုင်းတရားရုံး၏ ၁၉၇၇ ခုနှစ် စက်တင်ဘာလ (၁၂)ရက် နေ့စွဲပါအမိန့်ကို ပယ်ဖျက်၍ အယူခံတရားလို ဦးသန်းမောင် စွဲဆိုသည့်အတိုင်း အမှုကို တရားရုံးအဆင့်ဆင့်၏ စရိတ်နှင့်တကွ ဒီကရီ ချမှတ်ပေးလိုက်ကြောင်း အမိန့်ချမှတ်သည်။

## တရားမ ဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးတင်အောင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

†၁၉၇၉ ဒီဇင်ဘာလ ၂၇ ရက်

**အရိယစမတ်ချို**

**နှင့်**

**နိုင်ဒူး**

**မိကေရှောင်း**

**လက်ချမ်းကန်သာ** *

**၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေ ပုဒ်မ ၂(ဆ)—ဒရမ်ဆာလာခေါ် တည်းခိုဇရပ်တွင် တည်းခိုသူများသည် "အိမ်ငှား" ဟူသော စကားရပ်တွင် အကျုံး ဝင် မဝင်—ကုန်ဝယ် စာအုပ် ရရှိမှုဖြင့် အိမ်ငှားဖြစ်သည်ဟု ဆိုနိုင် မဆိုနိုင်—ယခင် အိုးအိမ်နှင့် အိမ်ယာဆောက်လုပ်ရေး ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာ စာ—ဒရမ်ဆာလာခေါ် တည်းခိုဇရပ်များကို မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေမှ ကင်းလွတ်ခွင့် ပေးထားခြင်း။**

**ဆုံးဖြတ်ချက်။** ။အယူခံတရားလိုပိုင် ဒရမ်ဆာလာခေါ် တည်းခို ဇရပ်တွင် တည်းခိုလိုသူများသည် သက်သေခံ အမှတ်(ခ)တွင် လျှောက် လွှာပုံစံဖြင့် လျှောက်ထား၍ အယူခံတရားလို၏ ခွင့်ပြုချက်ကို ရယူရ သည့်အပြင် ဒရမ်ဆာလာခေါ် တည်းခိုဇရပ်၏ စည်းမျဉ်းများကို လိုက်နာပါမည်ဟု ဝန်ခံရကြောင်း ပေါ်လွင်သည်။ သက်သေခံအမှတ် (က)မှာ တည်းခိုခန်းအတွက် စည်းမျဉ်းများဖြစ်သည်။ ယင်းစည်းမျဉ်း များအရဆိုလျှင် အယူခံတရားပြိုင်တို့သည် အချင်းဖြစ်သည့်အခန်းများ၌ သတ်မှတ်သည့် စည်းကမ်းချက်များဖြင့် နေထိုင်ရသူများဖြစ်ကြသည်။

---

* ၁၉၇၉ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု ၂၊ ၃၊ ၄

† ၁၉၇၇ ခုနှစ်၊ တရားမ အယူခံမှု အမှတ် ၃၊ ၄၊ ၁၁ တွင် ချမှတ်သော (၁၈–၇–၇၈) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၇၉ အရိယ စမတ်ချို နှင့် နိုင်ငံဒွး

ပီကေဆောင်း လက်ချိမ်း ကန်သာ

ယင်းအခန်းများကို ရာနှုန်းပြည့် လက်ဝယ် ရရှိသူများ မဟုတ်ပေ။ အခန်းများနှင့် ပတ်သက်သော အခွင့်အရေးများမှာ အိမ်ငှားတစ်ဦး ကဲ့သို့ ရရှိကြသူများမဟုတ်ပေ။ ထို့အပြင် သက်သေခံ အမှတ် (က) အရ အယူခံတရားပြိုင်တို့သည် အချင်းဖြစ်အခန်းများ၌ တည်းခိုခ အဖြစ်ဖြင့် တနေ့ ၁ ကျပ်/၅၀ ပြားနှုန်းနှင့် နေထိုင်ကြသူများဖြစ် ကြောင်း ပေါ်လွင်သည်။ အယူခံတရားပြိုင်တို့သည် တစ်လ ငွေကျပ် ၄၅/-နှုန်းဖြင့် အခန်းများကို အိမ်ငှားနေသည့် အိမ်ငှားများဖြစ် ကြောင်း သက်သေအထောက်အထားများ မတင်ပြနိုင်ခဲ့ချေ။ အယူခံ တရားပြိုင်များက ဒရမ်ဆာလာခေါ် တည်းခိုရပ်လိပ်စာဖြင့် ကုန်ဝယ် စာအုပ်များ ရရှိထားသူများတို့ဖြစ်ကြသဖြင့် သူတို့သည် အိမ်ငှားများ အဖြစ် နေထိုင်သူများဖြစ်ကြသည်ဟု တင်ပြခဲ့သည်။ ကုန်ဝယ်စာအုပ် ရရှိရုံမျှဖြင့် အိမ်ငှားဖြစ်သည်ဟု မဆိုနိုင်ချေ။ အယူခံတရားပြိုင်တို့သည် မိမိတို့ရပ်ကွက်မှ စားသုံးသူသမဝါယမအသင်းတွင် ပစ္စည်းဝယ်ယူခွင့် ရရန်အတွက် ကုန်ဝယ်စာအုပ် ထုတ်ပေးခြင်းသာဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အယူခံတရားပြိုင်တို့သည် အိမ်ငှားများဖြစ် ကြသဖြင့် သူတို့အပေါ် ၁၉၆၀ ခုနှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ် ရေးအက်ဥပဒေအရသာ တရားစွဲဆိုခွင့်ရှိသည်ဟု အယူခံတရားပြိုင်တို့ ဘက်က တင်ပြခဲ့သည်။ ယခင် ပြည်သူ့အိုးအိမ်နှင့် အိမ်ယာဆောက် လုပ်ရေး ဝန်ကြီးဌာနရှိ ၆-၃-၅၈ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၃၇)အရ ဒရမ်ဆာလာခေါ် တည်းခိုဇရပ်များကို မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေမှ ကင်းလွတ်ခွင့်ပေးထားသဖြင့် အချင်းဖြစ်သည့် အခန်းများသည် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မသက်ဆိုင်ပေ။

**အယူခံတရားလိုအတွက်** — ဦးမောင်မောင်မြင့်၊ဗဟိုတရားရုံးရှေ့နေ

**အယူခံတရားပြိုင်များအတွက်**— ဦးမင်းစိန်၊ ဒေါ်ကျင်ရီ၊ ဗဟိုတရားရုံး ရှေ့နေများ

ဤဒုတိယအယူခံမှု(၃)မှုတို့မှာ ဆက်စပ်နေသဖြင့် ဤစီရင်ချက်သည် ယင်း(၃)မှုစလုံးနှင့် သက်ဆိုင်စေရမည်။

အယူခံတရားလိုဖြစ်သည့် အာရိယမေတ်ချ် (ခေါ်) ဟိန္ဒူဘုရားရှိခိုးကျောင်းက ယင်း၏မန်နေဂျာ အက်စ်ကေဆင်းမှတဆင့် အယူခံတရားပြိုင် နိုင်ဒူးကို ယင်းအာရိယစမတ်ချ်ပိုင် ဒရမ်ဆာလာခေါ် တည်းခိုဇရပ်အဆောက်အအုံ အမှတ် ၂၀ မှလည်းကောင်း၊ ပီကေရောင်းကို အခန်းနံပါတ် ၁၄ မှလည်းကောင်း၊ လက်ချိမ်းကန်သာကို အခန်းနံပါတ် ၁၀ မှလည်းကောင်း၊ ဗိုလ်တထောင်မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၁၄/၇၃၊ ၄၃/၇၄ နှင့် ၄၂/၇၄ အသီးသီးတို့တွင် အိမ်ခန်းမှနှင်လိုမှုများ စွဲဆိုရာ ယင်းအမှုများကို ပလပ်ခြင်းခံရသဖြင့် အယူခံတရားလိုက ရန်ကုန်တိုင်းတရားရုံး၊ တရားမအယူခံမှု အမှတ် ၃/၇၇၊ ၄/၇၇ နှင့် ၁၁/၇၇ တို့တွင် အယူခံဝင်ရာ ဆက်လက် အရေးနိမ့်ခဲ့သဖြင့် ဗဟိုတရားရုံးသို့ ဤဒုတိယအယူခံမှုများ တင်သွင်းခြင်းဖြစ်သည်။ ၁၉၇၉ အိန္ဒိယ စမတ်ချ် နှင့် နိုင်ဒူး ပီကေရောင်း လက်ချိမ်း ကန်သာ

အယူခံတရားလိုဖြစ်သည့် အာရိယစမတ်ချ်သည် အနော်ရထာလမ်း အမှတ် ၁၆၆ ရှိ ဒရမ်ဆာလာခေါ် တည်းခိုဇရပ်ကို ပိုင်ပါသည်။ ယင်းတည်းခိုဇရပ်ရှိ အချင်းဖြစ် အခန်းအသီးသီးတို့တွင် အယူခံတရားပြိုင်များက တည်းခိုခ တစ်နေ့ ၁ ကျပ်/၅၀ ပြားနှုန်းဖြင့် နေထိုင်သူများဖြစ်ကြပါသည်။ သူတို့အား ဖယ်ရှားခိုင်းသည့်အခါ မဖယ်သည့်အတွက် တရားစွဲဆိုခြင်းဖြစ်သည် အစရှိသဖြင့် အယူခံတရားလိုဘက်က အဆိုပြုခဲ့သည်။ အယူခံတရားပြိုင်များက သူတို့သည် အချင်းဖြစ်အခန်းအသီးသီးတို့တွင် အိမ်လခ တစ်လ ငွေကျပ် ၄၅/-နှုန်းစီပေး၍ အိမ်ငှားများအဖြစ် ငှားရမ်းနေထိုင်သူများဖြစ်ကြသဖြင့် သူတို့အား နှင်လိုမှုစွဲပိုင်ခွင့်မရှိဟု ထုချေခဲ့သည်။

ဤအမှုတွင် အဆုံးအဖြတ်ပေးရန် အဓိကအချက်မှာ အယူခံတရားပြိုင်များသည် အယူခံတရားလိုပိုင် ဒရမ်ဆာလာခေါ် တည်းခိုဇရပ်ရှိ အချင်းဖြစ်အခန်းများ၌ တစ်လငွေကျပ် ၄၅/-စီပေး၍ အိမ်ငှားအဖြစ် နေထိုင်သူများဖြစ်သလား သို့မဟုတ် အယူခံတရားလို၏ ခွင့်ပြုချက်ဖြင့် တစ်နေ့ ၁ ကျပ်/၅၀ ပြားနှုန်းနှင့် တည်းခို နေထိုင်သူများဖြစ်သလား ဟူသောအချက်ဖြစ်သည်။

၁၉၇၉
အရိယ
စမတ်ချ်
နှင့်
ရိုင်ဒူး
ပိန္နကာစရောင်း
လက်ချိမ်း
ကန်သာ

အယူခံတရားလိုပိုင် ဒရမ်ဆာလာခေါ် တည်းခိုဇရပ်တွင် တည်းခို လိုသူများသည် သက်သေခံ အမှတ်(ခ) လျှောက်လွှာပုံစံဖြင့် လျှောက် ထား၍ အယူခံတရားလို၏ ခွင့်ပြုချက်ကို ရယူရသည့်အပြင် ဒရမ်ဆာ လာခေါ် တည်းခိုဇရပ်၏ စည်းမျဉ်းများကို လိုက်နာပါမည်ဟု ဝန်ခံ ရကြောင်း ပေါ်လွင်သည်။ သက်သေခံ အမှတ်(က)မှာ တည်းခိုခန်း အတွက် စည်းမျဉ်းများဖြစ်သည်။ ယင်းစည်းမျဉ်းများအရဆိုလျှင် အယူခံ တရားပြိုင်တို့သည် အချင်းဖြစ်သည့်အခန်းများ၌ သတ်မှတ်ထားသည့် စည်းကမ်းချက်များဖြင့် နေထိုင်ရသူများ ဖြစ်ကြသည်။ ယင်းအခန်း များကို ရာနှုန်းပြည့် လက်ဝယ် ရရှိသူများမဟုတ်ပေ။ အခန်းများနှင့် ပတ်သက်သော အခွင့်အရေးများမှာ အိမ်ငှားတစ်ဦးကဲ့သို့ ရရှိခဲ့ကြသူ များမဟုတ်ပေ။ ထို့အပြင် သက်သေခံ အမှတ် (က) အရ အယူခံ တရားပြိုင်တို့သည် အချင်းဖြစ်အခန်းများ၌ တည်းခိုအဖြစ်ဖြင့် တစ်နေ့ ငွေကျပ် ၁ ကျပ်/၅၀ ပြားနှုန်းနှင့် နေထိုင်ကြသူများဖြစ်ကြောင်း ပေါ်လွင်သည်။ အယူခံတရားပြိုင်တို့သည် တစ်လငွေကျပ် ၄၅/-နှုန်း ဖြင့် အခန်းများကို ငှားနေသည့် အိမ်ငှားများဖြစ်ကြောင်း သက်သေ အထောက်အထားများ မတင်ပြနိုင်ခဲ့ချေ။ အယူခံ တရားပြိုင်များက ဒရမ်ဆာလာခေါ် တည်းခိုဇရပ်လိပ်စာဖြင့် ကုန်ဝယ်စာအုပ်များ ရရှိ ထားသူများ ဖြစ်ကြသဖြင့် သူတို့သည် အိမ်ငှားများအဖြစ် နေထိုင် သူများဖြစ်ကြသည်ဟု တင်ပြခဲ့သည်။ ကုန်ဝယ်စာအုပ် ရရှိရုံမျှဖြင့် အိမ်ငှားဖြစ်သည်ဟု မဆိုနိုင်ချေ။ အယူခံတရားပြိုင်တို့သည် ၎င်းတို့ ရပ်ကွက်မှ စားသုံးသူသမဝါယမအသင်းတွင် ပစ္စည်းဝယ်ယူခွင့် ရရန် အတွက် ကုန်ဝယ်စာအုပ် ထုတ်ပေးခြင်းသာဖြစ်သည်။

အယူခံတရားပြိုင်တို့သည် အိမ်ငှားများဖြစ်ကြသဖြင့် သူတို့အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေအရ သာ တရားစွဲဆိုခွင့်ရှိသည်ဟု အယူခံတရားပြိုင်တို့ဘက်က တင်ပြခဲ့သည်။ ယခင် ပြည်သူ့အိုးအိမ်နှင့် အိမ်ယာ ဆောက်လုပ်ရေးဝန်ကြီးဌာနရှိ ၆-၃-၅၈ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၉၇)အရ ဒရမ် ဆာလာခေါ် တည်းခိုဇရပ်များကို မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေမှ ကင်းလွတ်ခွင့်ပေးထားသဖြင့် အချင်းဖြစ်သည့် အခန်း များသည် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေပါ ပြဋ္ဌာန်းချက် များနှင့် မသက်ဆိုင်ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် အယူခံတရားပြိုင်တို့သည် အချင်းဖြစ်အခန်းများ၌ အိမ်ငှားများအဖြစ် နေထိုင်သူများမဟုတ်ပဲ တစ်နေ့ ၁ ကျပ်/၅၀ ပြား နှုန်းဖြင့် တည်းခိုခပေး၍ နေသူများဖြစ်ကြောင်း ထင်ရှားသည်။ သို့ဖြစ်၍ မူလမြို့နယ်တရားရုံးနှင့် ပထမအယူခံတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီများကို ပယ်ဖျက်၍ အယူခံတရားလိုစွဲဆိုသည့်အမှုများကို စရိတ်နှင့်တကွ ဒီကရီများကို ချပေးလိုက်သည်၊ တရားရုံးအဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံတရားပြိုင်များက ကျခံစေရန် အမိန့်ချမှတ်သည်။

၁၉၇၉
ဆီရိယ
စမတ်ချို
နှင့်
နိုင်ငံခြား
ပီကောဆောင်း
လက်ချိမ်း
ကန်သာ

## တရားမ ဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင် နှင့် ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

၁၉၄၉
ဩဂုတ်လ
၄ ရက်

ဦးအေားဖေ

နှင့်

မောင်ငြိမ်းမောင် *

တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၅၀ (၁)ပါ ပြဋ္ဌာန်းချက်—သေဆုံးသည့် တရားရှုံး၏ တရားဝင် ကိုယ်စားလှယ်အပေါ် ဇာရီပြုလုပ်ခြင်း— တရားရှုံးနှစ်ဦးရှိသည့်အနက် တစ်ဦးသေဆုံးသွားပါက သေဆုံးသည့် တရားရှုံး၏ တရားဝင်ကိုယ်စားလှယ် မထည့်သွင်းပဲ ကျန်တရားရှုံး အပေါ် ဇာရီမလုပ်ရဟု ပိတ်ပင်ထားခြင်းချက် ရှိမရှိ။

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး ဥပဒေပုဒ်မ ၅၀(၁)ပါပြဋ္ဌာန်းချက်မှာ ဒီကရီကျပြီးနောက် တရားရှုံး သေဆုံးပါက အနိုင်ရထားသည့် ဒီကရီကို ဇာရီပြုလုပ်လိုလျှင် တရားရှုံး၏ တရားဝင် ကိုယ်စားလှယ်အပေါ် ဇာရီပြုလုပ်နိုင်သည်ဟု ဖော်ပြထားခြင်း ဖြစ်သည်။ တရားရှုံးတစ်ဦးတည်း ရှိသည့်အမှုမျိုးတွင် သို့မဟုတ် တရားရှုံးအများအနက် သေဆုံးသွားသည့် တရားရှုံး ကျန်ရစ်ခဲ့သည့် ပစ္စည်းအပေါ် ဇာရီပြုလုပ်လိုလျှင် ယင်းသေဆုံးသည့် တရားရှုံး၏ တရားဝင် ကိုယ်စားလှယ် အပေါ် ဇာရီမှုပြုလုပ်နိုင်သည်ဟု ပြဋ္ဌာန်းချက် ဖြစ်သည်။

ယခုအမှုမှာမူ တရားရှုံးနှစ်ဦးရှိသည်။ တရားရှုံးနှစ်ဦးအနက် တရားရှုံးတစ်ဦးသေသွားလျှင် သေဆုံးသည့် တရားရှုံး၏ တရားဝင်ကိုယ်စားလှယ်ကိုပါ ထည့်သွင်းပြီး ကျန်တရားရှုံးနှင့်အတူ ၎င်းတို့အပေါ် ဇာရီပြုလုပ်ရမည်ဟု ပုဒ်မ ၅၀(၁)က မဆိုပေ။ တရားရှုံးနှစ်ဦးအနက် တရားရှုံးတစ်ဦးတည်းကျန်လျှင် သေဆုံးသည့် တရားရှုံး၏ တရားဝင်

---

* ၁၉၄၄ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၈၁

† ၁၉၄၆ ခုနှစ်၊ တရားမအယူခံ အမှတ် ၂၆ (သဃ်န်းကျွန်း)တွင်ချမှတ်သော (၂၄-၃-၄၄) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး(၃)၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

**၁၉၃၉**

**ဦးအေးမေ နှင့် မောင်ငြိမ်းမောင်**

ကိုယ်စားလှယ် မထည့်သွင်းပဲ ကျန်တရားရှုံးအပေါ် ဇာရီမလုပ်ရဟု မပိတ်ပင်ပေ။ ထို့ကြောင့် ကျန်ရှိသည့်တရားရှုံး မောင်ငြိမ်းမောင် တစ်ဦးတည်းအပေါ် ဇာရီပြုလုပ်ခွင့် ရှိသည့်အတွက် ဦးထွန်းခင်၏ တရားဝင်ကိုယ်စားလှယ်မထည့်ပဲ ဇာရီမှုကို ဆက်လက်ဆောင်ရွက်ခွင့် ရှိပေသည်။

**အယူခံတရားလိုအတွက်** — ဦးမင်းမောင်၊ ဗဟိုတရားရုံးရှေ့နေ

**အယူခံတရားပြိုင်အတွက်** — ဦးအေးမောင် (သာယာဝတီ) ဗဟိုတရားရုံးရှေ့နေ

အယူခံတရားလို ဦးအေးမေက မိမိပိုင်မြေပေါ်တွင် ကျူးကျော်နေထိုင်လျက်နေသူ ဦးထွန်းခင်နှင့်သားဖြစ်သူ အယူခံတရားပြိုင် မောင်ငြိမ်းမောင်တို့အား ထိုမြေပေါ်မှ နှင်ထုတ်ပေးရန် အင်းစိန်မြို့နယ် တရားမတရားရုံး၊ တရားမကြီးမှု အမှတ် ၁၄၉/၆၀ တွင် တရားစွဲဆို အနိုင်ဒီကရီ ရရှိခဲ့သည်။ ဦးထွန်းခင်နှင့် မောင်ငြိမ်းမောင်တို့က မကျေနပ်သဖြင့် ယခင်တရားရုံးချုပ်အထိ အဆင့်ဆင့် အယူခံ ဝင်ခဲ့သော်လည်း မအောင်မြင်ခဲ့ကြချေ။ ထို့နောက် အယူခံတရားလိုက မိမိအနိုင်ရရှိခဲ့သည့် ဒီကရီကို အကျိုးသက်ရောက်စေအောင် ဆောင်ရွက်ပေးရန် သင်္ဃန်းကျွန်းမြို့နယ်တရားရုံး ဇာရီမှုအမှတ် ၃/၃၉ အရ ဦးထွန်းခင်နှင့်သားဖြစ်သူ မောင်ငြိမ်းမောင်တို့အပေါ် လျှောက်ထားခဲ့သည်။ ယင်းဇာရီလျှောက်လွှာကို မြို့နယ်တရားရုံးက ခွင့်ပြုလိုက်သည်။ မောင်ငြိမ်းမောင်က မကျေနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံး၊ တရားမအယူခံမှု အမှတ် ၂၉/၃၉ တွင် အယူခံဝင်ရာ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သဖြင့် ဗဟိုတရားရုံးသို့ ဒုတိယအယူခံမှုတင်သွင်းခြင်းဖြစ်သည်။

တရားရှုံးတစ်ဦးဖြစ်သည့် ဦးထွန်းခင် သေဆုံးသွားပြီ ဖြစ်သဖြင့် ဇာရီလျှောက်လွှာတွင် ဦးထွန်းခင်၏ တရားဝင်ကိုယ်စားလှယ်ထည့်သွင်းခြင်း မပြုသဖြင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၅၀(၁)အရ ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သောကြောင့် ဇာရီလျှောက်လွှာကို မယ်သည်ဟု တိုင်းတရားရုံးက အဆုံးအဖြတ်ပေးထားကြောင်း တွေ့ရသည်။

တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၅၀(၁)ပါ ပြဋ္ဌာန်းချက်မှာ ဒီကရီကျပြီးနောက် တရားရှုံး သေဆုံးပါက အနိုင်ရထားသည့် ဒီကရီကိုဇာရီ

၁၉၄၉
ဦးအေးဖေ
နှင့်
မောင်ငြိမ်း
မောင်

ပြုလုပ်လိုလျှင် တရားရှုံး၏ တရားဝင်ကိုယ်စားလှယ်အပေါ် ဇာရီပြုလုပ်နိုင်သည်ဟု ဖော်ပြထားခြင်း ဖြစ်သည်။ တရားရှုံးတစ်ဦးတည်း ရှိသည့်အမှုမျိုးဘွင် သို့မဟုတ် တရားရှုံးအများအနက် သေဆုံးသွားသည့်တရားရှုံးကျန်ရစ်ခဲ့သည့် ပစ္စည်းအပေါ် ဇာရီပြုလုပ်လိုလျှင် ယင်းသေဆုံးသည့် တရားရှုံး၏ တရားဝင်ကိုယ်စားလှယ်အပေါ် ဇာရီမှုပြုလုပ်နိုင်သည်ဟု ပြဋ္ဌာန်းချက်ဖြစ်သည်။

ယခုအမှုမှာ မူလတရားရှုံးနှစ်ဦး ရှိသည်။ ယင်းတရားရှုံး နှစ်ဦးအနက် တရားရှုံးတစ်ဦးသေသွားလျှင် သေဆုံးသည့်တရားရှုံး၏တရားဝင်ကိုယ်စားလှယ်ကိုပါ ထည့်သွင်းပြီး ကျန်တရားရှုံးနှင့်အတူ ၎င်းတို့အပေါ် ဇာရီပြုလုပ်ရမည်ဟု ပုဒ်မ ၅၀(၁)က မဆိုပေ။ တရားရှုံးနှစ်ဦးအနက် တရားရှုံးတစ်ဦးတည်းကျန်လျှင် သေဆုံးသည့်တရားရှုံး၏ တရားဝင်ကိုယ်စားလှယ် မထည့်သွင်းပဲ ကျန်တရားရှုံးအပေါ်ဇာရီမလုပ်ရဟု မပိတ်ပင်ပေ။ ထို့ကြောင့် ကျန်သည့်တရားရှုံး မောင်ငြိမ်းမောင် တစ်ဦးတည်းအပေါ် ဇာရီပြုလုပ်ခွင့် ရှိသည့်အတွက် ဦးထွန်းခင်၏ တရားဝင်ကိုယ်စားလှယ်မထည့်ပဲ ဇာရီမှုကို ဆက်လက်ဆောင်ရွက်ခွင့် ရှိပေသည်။

သို့ဖြစ်၍ တိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်၍ မူလမြို့နယ်တရားရုံး၏အမိန့်ကို အတည်ပြုလိုက်သည်။ တရားစရိတ် ငွေကျပ် ၁၀/– ခွင့်ပြုသည်။

## တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးထွန်းရှိန်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

အင်းလိပ်(ခ) မောင်ချစ်ရီ ပါ(၃)

နှင့်

ဒေါ်တဲ့ရင် *

† ၁၉၇၉ ဧပြီလ ၁၀ ရက်

**တရားမကျင့်ထုံးဥပဒေ အမိန့် ၂ နည်း ၂ ပါ ပြဋ္ဌာန်းချက်–ကြားကာလ အမြတ်အစွန်းရရှိရန် အမှုစွဲဆိုပြီးနောက် ကျူးကျော်နေသောအိမ်မှ ဖယ်ရှားပေးရန် အမှုကို ထပ်မံ စွဲဆိုနိုင်ခွင့် ရှိ မရှိ။**

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး အမိန့် ၂ နည်း ၂ မှာ တရားလိုက တရားပြိုင်၏အပေါ် အချင်းဖြစ်ကိစ္စအတွက် တရားစွဲဆိုရာ၌ တရားလို ရသင့်ရထိုက်သမျှသောအခွင့်အရေးအားလုံးကို မကျန်ရစ်စေပဲ တပါတည်း တောင်းဆိုရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၂ (၁၂) အရ ကြားကာလ အမြတ်အစွန်းငွေများမှာ နေ့စဉ် အမြတ်အစွန်းပေါ်နေပြီး ထိုအမြတ်အစွန်းများကို ရရှိရန် တရားစွဲဆိုရမည့် ကာလစည်းကမ်းသတ်ဥပဒေမှာ စာတိုင်အမှတ် ၁၀၉ အရဖြစ်သည်။ မတရား ကျူးကျော်နေထိုင်သောအိမ်မှ ဖယ်ရှား၍ လက်ရောက်အပ်ပေးရန် စွဲဆိုသောအမှုများနှင့် ပတ်သက်၍ စွဲဆိုရမည့်အချိန်မှာ ကာလစည်းကမ်းသတ်ဥပဒေ၏ စာတိုင် အမှတ် ၁၄၂၊ ၁၄၄ တို့ဖြစ်သည်။ အမြတ်အစွန်းရရှိရန် တရားစွဲဆိုသောအမှုနှင့် ကျူးကျော်သောနေအိမ်မှ ဖယ်ရှားပေးရန် စွဲဆိုသောအမှုတို့၏ အကြောင်းချင်းရာအရသော်လည်းကောင်း၊ ဥပဒေကြောင်းအရသော်လည်းကောင်း တူညီခြင်းမရှိပေ။ ထို့ကြောင့် လျှောက်ထားခံရသူ ဒေါ်တဲ့ရင်သည် ကြားကာလ အမြတ်အစွန်းအတွက် အမှုများစွဲဆိုပြီးနောက် ကျူးကျော်နေသောအိမ်မှ ဖယ်ရှားပေးရန် လျှောက်ထားသူများ၏အပေါ်တွင် ထပ်မံ တရားစွဲဆိုခြင်းသည် မှားယွင်းခြင်းမရှိပေ။

---

* ၁၉၇၇ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၄

† ၁၉၇၅ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁ (မ) တွင် ချမှတ်သော (၁၆–၁၂–၇၆) နေ့စွဲပါ မွန်ပြည်နယ်တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၇၆ အင်းလိပ်(ခ) မောင်ချစ်ရီ ပါ (၃) ဒေါ်တဲ့ရင်

လျှောက်ထားသူအတွက် — ဦးချစ်သန်းထွန်းနှင့် မစ္စတာဖစ်ရှား၊ ဗဟိုတရားရုံးရှေ့နေများ

လျှောက်ထားခံရသူအတွက် — ဦးမှန်ဝံလှိုင်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားသူများ၏အပေါ်တွင် လျှောက်ထားခံရသူ ဒေါ်တဲ့ရင်က မော်လမြိုင်မြို့၊ မွန်ပြည်နယ်တရားရုံး တရားမကြီးမှု အမှတ် ၁(မ)/၇၅တွင် မော်လမြိုင်မြို့၊ သာယာကုန်းလမ်း အိမ်အမှတ် ၁(က) အဆောက်အအုံတွင် ကျူးကျော် နေထိုင်သူများဖြစ်သဖြင့် အိမ်ကို လက်ရောက်အပ်ပေး၍ ဖယ်ရှား ထွက်ခွာသွားစေလိုမှု စွဲဆိုခဲ့သည်။ လျှောက်ထားသူများသည် ကျူးကျော်နေထိုင်သူများဖြစ်သဖြင့် နစ်နာကြေးရလိုမှုကို မော်လမြိုင်မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၃၂/၇၃ တွင် ပထမအကြိမ် နစ်နာကြေးရလိုမှု စွဲဆို အနိုင်ရရှိခဲ့ပြီးမှ တရားမကြီးမှု အမှတ် ၄၂/၇၄ တွင် နစ်နာကြေးရလိုမှု ထပ်မံ စွဲဆိုထားခဲ့သည်။

မွန်ပြည်နယ်တရားရုံး တရားမကြီးမှု အမှတ် ၁(မ)/၇၅ တွင် တရားရုံးမှ အဆိုအချေတို့ကိုမူတည်၍ အောက်ပါငြင်းချက် ၃ ချက်ကို ထုတ်ခဲ့သည်။

၁) တရားပြိုင်များသည် တရားလို၏ အခွင့်အမိန့်မရှိပဲ အချင်းဖြစ်အိမ်ကို ကျူးကျော်ဝင်ရောက် နေထိုင်သည်ဆိုရာတွင် မှန်သလား။

(၂) တရားပြိုင်များသည် ဥပဒေအရ အိမ်ငှားများဖြစ်ကြသည် ဆိုရာ မှန်သလား။

(၃) တရားလို မည်သည့်သက်သာခွင့် ရထိုက်သနည်း။

ပြည်နယ်တရားရုံးမှ တရားလိုနှင့် သက်သေများကို စစ်ဆေးနေစဉ် တရားမကျင့်ထုံး အမိန့် ၁၄ နည်း ၅ (၅) အရ အောက်ဖော်ပြပါ ငြင်းချက်များကို ဖြည့်စွက်ပေးပါရန် လျှောက်ထားသူများက တင်ပြခဲ့သည်။

(၁) တော်လှန်ရေးအစိုးရက လက်ရှိ အိမ်ယာမြေများအပေါ် တွင် နေထိုင်သူများအား မနှင်ရ၊ နှင်ချရန်ဒီကရီကို ဆိုင်းငံ့

၁၉၇၉
အင်းလိပ်(ခ)
မောင်ချစ်ရီ
ပါ (၃)
ဒေါ်တဲ့ရင်

ထားရမည်ဟူသောအမိန့်သည် လက်ရှိ နေထိုင်သူများအား တရားဝင်အိမ်ငှားအဖြစ် အသိအမှတ်ပြုရာရောက်-မရောက်။

(၂) နစ်နာကြေးနှင့် နှင်လိုမှု ခွဲစိတ်၍ (၂)ရုံး စွဲဆိုနိုင်ခွင့် ရှိ-မရှိ။

(၃) အောက်ထပ်နေ ပုဂ္ဂိုလ်တို့အား တရားပြိုင်အဖြစ် ထည့်သွင်း မစွဲပဲ ဤအမှုကို စွဲခြင်းသည် တရားဥပဒေအရ မှန်-မမှန်။

အထက်ပါ ငြင်းချက်များအနက် ပထမနှင့် ဒုတိယငြင်းချက် ၂ ချက်နှင့် ပတ်သက်၍သာ ပြည်နယ်တရားရုံးမှ ကြားနာပြီး ၁၅-၁၂-၇၆ နေ့တွင် လျှောက်ထားခြင်းကို ပယ်ချခဲ့သည်။ ထိုအမိန့်ကို လျှောက်ထားသူများက မကျေနပ်၍ ဗဟိုတရားရုံးသို့ ပြင်ဆင်မှု ထပ်မံ တင်သွင်းလာခြင်းဖြစ်သည်။ ဗဟိုတရားရုံးတွင် ဒုတိယ ဖြည့်စွက်တင်ပြသော ငြင်းချက်နှင့် ပတ်သက်၍သာ ပြင်ဆင်မှု လျှောက်ထားခဲ့သည်၊

လျှောက်ထားသူများက လျှောက်ထားခံရသူ ဒေါ်တဲ့ရင်သည် မော်လမြိုင်မြို့နယ်တရားရုံး တရားမကြီးမှု အမှတ် ၄၂/၇၄ ကို စတင်စွဲဆိုသည့် အချိန်ကပင် အိမ်မှ ဖယ်ရှားပေးရန်အတွက် စွဲဆိုခွင့်ရှိခဲ့သော်လည်း မစွဲဆိုခဲ့သည့်အတွက် တရားမကျင့်ထုံး အမိန့် ၂ နည်းဥပဒေ ၂ (၃) အရ စွဲဆိုနိုင်ခွင့်မရှိတော့ကြောင်း၊ တရားမကြီးမှု အမှတ် ၄၂/၇၄ တွင် အိမ်ကျူးကျော်နေထိုင်၍ နစ်နာကြေး ရလိုကြောင်း စွဲဆိုသည့်အမှု၏ အမှုဖြစ် အကြောင်းခြင်းရာနှင့် တရားမကြီးအမှု အမှတ် ၁(မ)/၇၅ တွင် အိမ်မှဖယ်ရှား၍ လက်ရောက်ရယူရန် စွဲဆိုသည့်အမှု၏ အမှုဖြစ် အကြောင်းခြင်းရာတို့မှာ အတူတူပင်ဖြစ်ကြောင်း တင်ပြလာပါသည်။

တရားမကျင့်ထုံး အမိန့် ၂ နည်း ၂ မှာ တရားလိုက တရားပြိုင်၏ အပေါ် အချင်းဖြစ်ကိစ္စအတွက် တရားစွဲဆိုရာ၌ တရားလို ရသင့်ရထိုက်သမျှသော အခွင့်အရေးအားလုံးကို မကျန်ရစ်စေပဲ တပါတည်း တောင်းဆိုရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂(၁၂)အရ ကြားကာလ အမြတ်အစွန်းငွေများမှာ နေ့စဉ် အမြတ်အစွန်းပေါ်နေပြီး ထိုအမြတ်အစွန်းများကို ရရှိရန် တရားစွဲဆိုရမည့် ကာလစည်းကမ်းသတ်ဥပဒေမှာ စာတိုင်အမှတ် ၁၀၉ အရဖြစ်သည်။ မဘရား ကျူးကျော်နေထိုင်သောအိမ်မှ ဖယ်ရှား၍ လက်ရောက်

၁၉၇၉
အင်းလိပ်(၁)
မောင်ချစ်ရီ
ပါ (၃)
ဒေါ်တွဲရင်

အပ်ပေးရန် စွဲဆိုသောအမှုများနှင့် ပတ်သက်၍ စွဲဆိုရမည့်အချိန်မှာ ကာလစည်းကမ်းသတ်ဥပဒေ၏ စဉ်တိုင်အမှတ် ၁၄၂၊ ၁၄၄ တို့ ဖြစ်သည်။ အမြဲအစွန်းရရှိရန် တရားစွဲဆိုသောအမှုနှင့် ကျူးကျော်သော နေအိမ်မှ ဖယ်ရှားပေးရန် စွဲဆိုသောအမှုတို့၏ အကြောင်းချင်းရာအရ သော်လည်းကောင်း၊ ဥပဒေကြောင်းအရသော်လည်းကောင်း တူညီခြင်း မရှိပေ။ ထို့ကြောင့် လျှောက်ထားခံရသူ ဒေါ်တွဲရင်အည် ကြာကာလ အမြဲအစွန်းအတွက် အမှုများ စွဲဆိုပြီးနောက် ကျူးကျော်နေသော အိမ်မှ ဖယ်ရှားပေးရန် လျှောက်ထားသူများ၏အပေါ်တွင် တပ်မံ တရားစွဲဆိုခြင်းသည် မှားယွင်းခြင်းမရှိပေ။ မွန်ပြည်နယ်တရားရုံးသည် အမှု၏ အဆိုအချေများအပေါ်တွင် မူတည်၍ ငြင်းချက်များကို တရားမ ကျင့်ထုံး အမိန့် ၁၄ နည်း ၃ အရ ထုတ်ထားခြင်းဖြစ်၍ ၁၅-၁၂-၇၆ နေ့စွဲပါအမိန့်ကို ဗဟိုတရားရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန် မရှိ၍ ပြင်ဆင်မှုလျှောက်လွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

## တရားမ ဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့်ဦးတင်အောင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

**၁၉၇၉**
ဇန်နဝါရီလ
၃၁ ရက်

ဦးအုန်း

နှင့်

ဝိုင်စီဂူလာတီ *

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂(၁)(က)ကို အခြားပုဒ်မငယ်များနှင့်တွဲပြီး တရားစွဲဆိုရာတွင် အခြားပုဒ်မ ငယ်များ အတွက်ပါ သီးခြား အကြောင်းကြားစာ ပေးပို့ရန် လိုမလို။**

ဆုံးဖြတ်ချက်။ ။ပုဒ်မ ၁၂(၁)(က)နှင့် တွဲပြီး အခြား ပုဒ်မငယ်များအရ တရားစွဲဆိုသည့် အမှုများတွင် ပုဒ်မ ၁၂(၁)(က)ပါ ပြဋ္ဌာန်းချက်များနှင့် ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၆ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော အကြောင်းကြားစာ ပေးပို့ခဲ့လျှင် အခြားပုဒ်မငယ်များအတွက် သီးခြားအကြောင်းကြားစာ ပေးပို့ရန် မလိုတော့ပေ။

**အယူခံတရားလိုအတွက်** — သခင်ချစ်၊ ဗဟိုတရားရုံးရှေ့နေ

**အယူခံတရားပြိုင်အတွက်** — ဦးထင်အောင်၊ ဗဟိုတရားရုံးရှေ့နေ

ပုဇွန်တောင်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၈/၇၄ တွင် အယူခံတရားလို ဦးအုန်းက တရားလိုပြုလုပ်၍ အယူခံတရားပြိုင် ဝိုင်စီဂူလာတီ အပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က)နှင့်(ဂ)တို့အရ အိမ်နှင်လိုမှုစွဲဆိုရာ အနိုင်ဒီကရီရရှိခဲ့သဖြင့် အယူခံတရားပြိုင် ဝိုင်စီဂူလာတီက မကျေနပ်၍ ရန်ကုန်

---

* ၁၉၇၉ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၁၈၉

† ၁၉၇၇ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၁၉၁(ပုဇွန်တောင်)တွင် ချမှတ်သော (၈–၁၂–၇၇) နေ့စွဲပါ ရန်ကုန်တိုင်း အမှတ်(၄) တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၇၉
ဦးအုန်း
နှင့်
ဝိုင်စီဂူလာဘီ

တိုင်းတရားရုံးသို့ အယူခံဝင်ရောက်ရာ ရန်ကုန်တိုင်း တရားရုံးက တရားမ အယူခံမှုအမှတ် ၁၉၁/၇၇ တွင် မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်သည်။ သို့ဖြစ်၍ ဦးအုန်းက တိုင်းတရားရုံး၏ စီရင်ချက်ကို မကျေနပ်သောကြောင့် ဗဟိုတရားရုံးသို့ ဒုတိယအယူခံမှု ဝင်ရောက်ခြင်းဖြစ်သည်။

အယူခံတရားလို ဦးအုန်းသည် ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အမှတ်(၁၆၈) သုံးထပ်တိုက်၏ ပိုင်ရှင်ဖြစ်သည်။ အယူခံတရားပြိုင် ဝိုင်ဂူစီလာဘီသည် ယင်းတိုက်၏ အပေါ်ဆုံးထပ်ကို တစ်လ ၂၅/- ကျပ်နှုန်းဖြင့် ဦးအုန်းထံမှ ငှားရမ်းနေသော အိမ်ငှား ဖြစ်သည်။ ဦးအုန်းတို့ မိသားစုသည် ယင်းတိုက်၏ မြေညီထပ်နှင့် ပထမထပ်တွင် နေထိုင်ကြသည်။ ဝိုင်ဂူစီလာဘီသည် မတော်လှန်ရေးအစိုးရ တက်ပြီးနောက် အိန္ဒိယနိုင်ငံသို့ မင်္ဂလာဆောင်ရန်ဟု အကြောင်းပြကာ ထွက်သွားခဲ့ရာ ယနေ့အထိ မြန်မာနိုင်ငံသို့ ပြန်လည် မရောက်ရှိသေးပေ။ အချင်းဖြစ် ဥပစာ၏ ငှားရမ်းခများကို ဝိုင်စီဂူလာဘီ၏ ကိုယ်စားလှယ် ဖြစ်၍ အစ်ကိုလည်း ဖြစ်သူ လာရီစီဂူလာဘီကို ဆက်လက်ပေးခဲ့သည်။ သို့ရာတွင် နောက်ပိုင်း၌ အိမ်လခများပေးရန် ပျက်ကွက်သဖြင့် ဦးအုန်းက ဝိုင်စီဂူလာဘီအပေါ် ၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂(၁)(က)နှင့်(ဂ)တို့အရ အိမ်လခများပေးရန်ပျက်ကွက်ခြင်းကတကြောင်း၊ အချင်းဖြစ် ဥပစာတွင်နေသူများက အိမ်ခန်းချင်းကပ်လျက် နေထိုင်သူ အိမ်ရှင်နှင့် မိသားစုတို့အား စိတ်ညိုငြင်အောင် အနှောက်အယှက်ဖြစ်စေသည့် ပြုကျင့်မှုကို ကျူးလွန်ခြင်းနှင့် ငှားရမ်းသည့်ဥပစာကို ယုတ်ညံ့ ဆိုးရွား လာအောင် ပြုကျင့်ခြင်းကြောင့်ဟု အကြောင်းများပြကာ အိမ်နှင်လိုမှုစွဲဆိုခဲ့ခြင်းဖြစ်သည်။

မူလမြို့နယ်တရားရုံးက ဝိုင်စီဂူလာဘီသည် အိမ်လခများပေးရန်ပျက်ကွက်ကြောင်း ထင်ရှားသည့်အပြင် အခင်းဖြစ် ဥပစာတွင် ယင်း၏ခွင့်ပြုချက်ဖြင့် ထားသူများဖြစ်သည့်ညီနှင့်ညီမများက ဦးအုန်းတို့ကိုစိတ်ညိုငြင်အောင်နှင့် အနှောက်အယှက်ဖြစ်စေသည့် ပြုကျင့်မှုများကျူးလွန်ခဲ့သည့်အပြင် ငှားရမ်းသည့် ဥပစာသည် အိမ်ငှား၏ ပေါ့လျော့မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ယုတ်ညံ့ ဆိုးရွားလာသည်ဟု အကြောင်းပြကာ ဦးအုန်း စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်ပေးခဲ့သည်။

၁၉၇၉
ဦးအုန်း
နှင့်
ဝိုင်စီဂူလာတီ

ပထမအယူခံတိုင်းတရားရုံးက ဦးအုန်းသည် အမှုမစွဲဆိုခင်က ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၂(၁)(က) အရသာ အကြောင်းကြားစာ ပေးပို့ခဲ့သည်။ ပုဒ်မ ၁၂(၁)(ဂ)အရ သီးခြားနို့တစ်စာ မပေးပဲ တရားစွဲဆိုခြင်းကြောင့် ဥပဒေနှင့် ကိုက်ညီသဖြင့် မူလမြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး ဦးအုန်း စွဲဆိုသည့်အမှုကို ပလပ်လိုက်သည်ဟု အမိန့်ချမှတ်ထားကြောင်း တွေ့ရသည်။

ဝိုစီဂူလာတီသည် အိမ်လခများပေးရန် ကျန်ရှိနေကြောင်းနှင့်အချင်းဖြစ် ဥပစာတွင် ဝိုင်စီဂူလာတီ ထားသူများက ဦးအုန်းတို့အား စိတ်ညို့ငြင်အောင် အနှောက်အယှက် ဖြစ်စေသော ပြုကျင့်မှုကို ကျူးလွန်ခဲ့ကြကြောင်းနှင့် အခင်းဖြစ် ဥပစာမှာ ၎င်းတို့၏ ဖြုန်းတီးမှုနှင့် ပျက်ကွက်မှုတို့ကြောင့် ပျက်စီးယိုယွင်းမှု ရှိခဲ့သည်ဟူသော မူလမြို့နယ်တရားရုံး၏ အဆုံးအဖြတ်ကို ပထမအယူခံ တိုင်းတရားရုံးက မပယ်ဖျက်ခဲ့ချေ။ ရန်ကုန်တိုင်း တရားရုံးက မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(ဂ)အရ သီးခြားနို့တစ်စာ မပေးပို့ခဲ့ခြင်းကြောင့် ဥပဒေအရ မှားယွင်းသည်ဟု ဆိုကာ မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်ကြောင်းသာ အဆုံးအဖြတ်ပေးခဲ့သည်။

မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂(၁)(က)အရ စွဲဆိုသည့် အမှုများတွင်သာ အမှုမစွဲဆိုမီ အိမ်ရှင်က အိမ်ငှားထံသို့ စာတိုက်မှ ရေစစ္စတြီပြုလုပ်၍ ငှားရမ်းခကြွေးကျန်များကို တောင်းဆိုသည့် အကြောင်းကြားစာ ပေးပို့ပြီးနောက် ရက်သတ္တပါတ် သုံးပါတ်ကြာသည့်တိုင်အောင် စောင့်ဆိုင်း၍ ယင်းကာလ ကုန်သည့်အခါအထိ အိမ်ရှင်အား အိမ်လခကြွေးကျန်များကို မပေးမှသာ ယင်းပုဒ်မအရ တရားစွဲဆိုနိုင်မည်ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၁၂(၁)(ခ)(ဂ)(ဃ)(င)(စ) တို့အရ အိမ်နှင်လိုမှု တရားမစွဲဆိုမီ အိမ်ရှင်က အိမ်ငှားအား ယင်းပုဒ်မငယ်များအရ ကြိုတင်အကြောင်းကြားစာများ ပေးပို့ရမည်ဟု ပြဋ္ဌာန်းချက်များ မရှိပေ။ သို့ရာတွင် ပုဒ်မ ၁၂(၁)(က)မှ(စ) အထိ ပြဋ္ဌာန်းချက်များမှာ အိမ်ရှင်က အိမ်ငှားအပေါ် အိမ်နှင်လိုမှု စွဲဆိုရန် အကြောင်းပြချက်များ ဖြစ်သည့်အတွက် ယင်းပုဒ်များအရ တရားမစွဲဆိုမီ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၆ အရ အိမ်ရှင်က အိမ်ငှားအပေါ် အိမ်ရှင်အိမ်ငှား ဆက်သွယ်မှု ရုပ်သိမ်းကြောင်း အကြောင်းကြားစာ ပေးပို့ရန် လိုပေသည်။

၁၉၇၉
ဦးအုန်း၊
နှင့်
နိုင်စိဂူလာဘတီ

ယခုအမှုတွင် တရားမစွဲဆိုမီ အိမ်ရှင်က အိမ်ငှားထံသို့ ပေးပို့သည့် နို့တစ်စာ သက်သေခံအမှတ် (ဃ)တွင် ဖော်ပြချက်များမှာ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၆ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီကြောင်း တွေ့ရသည်။ သို့ဖြစ်၍ ပုဒ်မ ၁၂(၁)(ဂ)အရ တရားစွဲဆိုရန် လိုခလာက်ပေသည်။ ပုဒ်မ(၁၂)(၁)(က)နှင့်တွဲပြီး အခြားပုဒ်မငယ်များအရ တရားစွဲဆိုသည့် အမှုများတွင် ပုဒ်မ ၁၂(၁)(က)ပါ ပြဋ္ဌာန်းချက်များနှင့် ပစ္စည်း လွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၆ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော အကြောင်းကြားစာ ပေးပို့ခဲ့လျှင် အခြားပုဒ်ငယ်များအတွက် သီးခြား အကြောင်းကြားစာ ပေးပို့ရန် မလိုတော့ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံမှုကို ခွင့်ပြုသည်။ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်၍ မူလမြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုလိုက်သည်။ တရားရုံးအဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံတရားပြိုင်က ကျခံစေရန် အမိန့်ချမှတ်သည်။

## တရားမ အထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ်သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ်ဦးအေးမောင်နှင့်ဦးသန့်ဇင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မြန်မာ့စီးပွားရေးဘဏ်(ပုသိမ်မြို့)

နှင့်

ဦးမေရှင် ပါ(၂) *

† ၁၉၇၆
ဇန်နဝါရီလ
၁၂ ရက်

**ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယား အပိုဒ် ၁၈၁— အပေါင်ပစ္စည်းကို ပြည်သူပိုင်သိမ်းလိုက်သည့်အတွက် တရားနိုင်က ပုဂ္ဂလိကဒီကရီချပေးရန် လျှောက်ထားရာ၌ စည်းကမ်းသတ်ကာလ ရေတွက်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး အမိန့် ၃၄၊ နည်းဥပဒေ ၃(၄) အရ တင်သွင်းသည့် လျှောက်လွှာများအတွက် ကာလစည်းကမ်းသတ် အချိန်ကာလမှာ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အပိုဒ် ၁၈၁ နှင့် သက်ဆိုင်ကြောင်း နှစ်ဘက် အငြင်းမပွားချေ။ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အပိုဒ် ၁၈၁ ၏ ပြဋ္ဌာန်းချက်အရ ဆိုလျှင် တရားမကျင့်ထုံး အမိန့် ၃၄၊ နည်းဥပဒေ ၃(၄)အရ လျှောက်လွှာကို လျှောက်ထားရန် အကြောင်းအခွင့် ပေါ်ပေါက်သည့်နေ့မှ ၃ နှစ်အတွင်း လျှောက်ထားရမည်ဖြစ်ပေသည်။ ဤအမှုတွင် အပေါင်ပစ္စည်းများကို ပြည်သူပိုင်သိမ်းလိုက်သည့်အတွက် ယင်းပစ္စည်းများကို လေလံတင်ရောင်းချနိုင်ခြင်းမပြုနိုင်တော့သဖြင့် အယူခံတရားလိုဘဏ်က အယူခံတရားပြိုင်များအပေါ် ပုဂ္ဂလိကဒီကရီရလိုကြောင်းဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၃၄၊ နည်းဥပဒေ ၃(၄)အရ ရေဝတီတိုင်း တရားရုံးတွင် လျှောက်လွှာတင်ခဲ့ခြင်းဖြစ်သည်။ အပေါင်ပစ္စည်းများကို ပြည်သူပိုင် သိမ်းလိုက်သည့်အတွက် ပုဂ္ဂလိကဒီကရီ ချပေးရန် အယူခံ တရားလိုများအတွက် အကြောင်းအခွင့် ပေါ်ပေါက်ခဲ့သည့်ရက်မှာ ပြည်သူပိုင် သိမ်းသည့်ရက် ၁-၂-၇၂ ခုနှစ်ဖြစ်သည်။ အယူခံတရားလိုဘဏ်က တရားမ

---

* ၁၉၇၆ ခုနှစ်၊ တရားမအထွေထွေအယူခံမှု အမှတ် ၄၅

† ၁၉၇၃ ခုနှစ်၊ တရားမဇာရီမှု အမှတ် ၂ (ပုသိမ်အနောက်)တွင် ချမှတ်သော(၁၉-၈-၇၃) နေ့စွဲပါ ရေဝတီတိုင်း တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၇၉
မြန်မာ့
စီးပွားရေး
ဘဏ်
(ပုသိမ်မြို့)
နှင့်
ဦးမေရွှင်
ပါ (၂)

ကျင့်ထုံး **အမိန့် ၃၄၊ နည်းဥပဒေ** ၃(၄)အရ အယူခံ တရားပြိုင်များ အပေါ် ပုဂ္ဂလိကဒီကရီ ချမှတ်ပေးရန် လျှောက်ထားသည့် ရက်မှာ ၁၄-၈-၇၅ ခုနှစ်ကဖြစ်သည်။ သို့ဖြစ်၍ အယူခံတရားလိုဘဏ်သည် လျှောက်ထားရန် အကြောင်းအခွင့် ပေါ်ပေါက်သည့်ရက်မှာ ၃ နှစ် ကျော်လွန်ပြီးမှလျှောက်ထားခဲ့ကြောင်း ပေါ်လွင်သည်။သို့ဖြစ်၍ ယင်း လျှောက်လွှာမှာ ကာလစည်းကမ်းသတ် ကျော်လွန်နေပြီဖြစ်သည်။

**အယူခံတရားလိုအတွက်** — ဦးသာထွန်း၊ ဥပဒေဝန်ထမ်း အဆင့်(၁)

**အယူခံတရားပြိုင်အတွက်** — ဦးအုန်းခင်၊ ဗဟိုတရားရုံးရှေ့နေ

ယခင် ပုသိမ်ခရိုင် တရားမ တရားသူကြီးရုံး၊ **တရားမကြီးမှု အမှတ်** (၇/၆၄)တွင် ၁၈-၁၀-၆၅ ရက်နေ့က အယူခံတရားလို မြန်မာ့စီးပွား ရေးဘဏ်က အယူခံတရားပြိုင်များအပေါ် အပြီးသတ် အပေါင်ဒီကရီ တစ်ရပ် ရရှိခဲ့သည်။ ယင်း အပေါင်ဒီကရီအရ **အယူခံတရားလိုဘဏ်က** အယူခံတရားပြိုင်များ တင်သွင်းထားသည့် **အပေါင်ပစ္စည်းဖြစ်သော ရေခဲစက်နှင့် သားရေစက်**တို့ကို အကြိမ်ကြိမ်ဇာရီမှုများဖွင့်၍ **လေလံ တင်** ရောင်းချခဲ့သည်။ သို့သော် ထိုက်တန်သည့်စျေးပေးသည့် လေလံဆွဲ ဝယ်သူမရှိသည့်အတွက် ဇာရီမှုများကို အကြိမ်ကြိမ်ပိတ်ခဲ့သည်။နောက် ဆုံး ဧရာဝတီတိုင်းတရားရုံး ဇာရီမှုအမှတ် (၂/၇၃) တွင် အပေါင် ပစ္စည်းများကို ထပ်မံ လေလံပစ်သော်လည်း မအောင်မြင်ခဲ့ချေ။ ထိုအတောအတွင်း ၁-၂-၇၂ ရက်နေ့က **အပေါင်ပစ္စည်းများကို** ပြည်သူပိုင် သိမ်းလိုက်ပြီးဖြစ်သဖြင့် အယူခံတရားလိုဘဏ်က ၁၄-၈-၇၅ နေ့တွင် တရားမကျင့်ထုံးဥပဒေ **အမိန့် ၃၄၊ နည်းဥပဒေ ၃(၄)အရ** အယူခံတရားပြိုင်တို့အပေါ် ပုဂ္ဂလိက ဒီကရီတစ်ရပ် ထပ်မံ ချမှတ်ပေးရန် **ဧရာဝတီတိုင်းတရားရုံးသို့** လျှောက်လွှာတင်ခဲ့သည်။ ယင်းလျှောက် လွှာကို ဧရာဝတီတိုင်းတရားရုံးက ပလပ်လိုက်သည့်**အတွက်** ဤအယူခံ **မှုကို** အယူခံတရားလိုဘဏ်က ဗဟိုတရားရုံးသို့ တင်သွင်းခြင်းဖြစ်သည်။

အပေါင်ပစ္စည်းများကို **ပြည်သူပိုင်**သိမ်းလိုက်ပြီးနောက် ယင်းပစ္စည်း များအတွက် လျော်ကြေးငွေ **မရရှိသေးသော**ကြောင့် ပုဂ္ဂလိကဒီကရီ ချမှတ်ပေးပါက **အယူခံတရားပြိုင်ဖြစ်သည့် တရားရုံးများတွင်** လွန်စွာ နစ်နာမည်ဟု **အကြောင်းပြကာ ဧရာဝတီတိုင်းတရားရုံးက** အယူခံ တရားလိုဘဏ်၏လျှောက်လွှာကို ပလပ်လိုက်ကြောင်း **တွေ့ရသည်။**

၁၉၇၉ မြန်မာ့စီးပွားရေးဘဏ် (ပုသိမ်မြို့) နှင့် ဦးမေရှင် ပါ (၂)

အယူခံတရားလိုဘဏ် တင်သွင်းခဲ့အည့် တရားမကျင့်ထုံး အမိန့် ၃၄၊ နည်းဥပဒေ ၃ (၄) အရ လျှောက်လွှာမှာ ကာလစည်းကမ်းသတ် ကျော်လွန်နေပြီဖြစ်ကြောင်းနှင့် ယခုအချိန်၌ ပဏ္ဍလိကဒီကရီ ချမပေး နိုင်ကြောင်း အယူခံတရားပြိုင်များဘက်က ဤအယူခံမှုတွင် တင်ပြ လျှောက်လဲခဲ့သည်။

တရားမကျင့်ထုံး အမိန့် ၃၄၊ နည်းဥပဒေ ၃(၄)အရ တင်သွင်းသည့် လျှောက်လွှာများအတွက် ကာလစည်းကမ်းသတ်အချိန်ကာလမှာ ကာလစည်းကမ်းသတ် ဥပဒေပထမဇယား အပိုဒ် ၁၈၁ နှင့် သက်ဆိုင် ကြောင်း နှစ်ဘက် အငြင်းမပွားချေ။ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အပိုဒ် ၁၈၁ ၏ ပြဋ္ဌာန်းချက်အရဆိုလျှင် တရားမကျင့်ထုံး အမိန့် ၃၄၊ နည်းဥပဒေ ၃(၄)အရ လျှောက်လွှာကို လျှောက်ထားရန် အကြောင်းအခွင့် ပေါ်ပေါက်သည့်နေ့မှ ၃ နှစ်အတွင်း လျှောက်ထား ရမည်ဖြစ်ပေသည်။ ဤအမှုတွင် အပေါင်ပစ္စည်းများကို ပြည်သူ့ပိုင် သိမ်းလိုက်သည့်အတွက် ယင်းပစ္စည်းများကို လေလံတင်ရောင်းချနိုင်ခြင်း မပြုနိုင်တော့သဖြင့် အယူခံတရားလိုဘဏ်က အယူခံတရားပြိုင်များ အပေါ် ပဏ္ဍလိကဒီကရီ ရလိုကြောင်းဖြင့် တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄၊ နည်းဥပဒေ ၃(၄)အရ ရှေ့နေတိုင်းတရားရုံးတွင် လျှောက် လွှာတင်ခဲ့ခြင်းဖြစ်သည်။ အပေါင်ပစ္စည်းများကို ပြည်သူ့ပိုင်သိမ်းလိုက် သည့်အတွက် ပဏ္ဍလိကဒီကရီ ချပေးရန် အယူခံတရားလိုများအတွက် အကြောင်းအခွင့် ပေါ်ပေါက်ခဲ့သည့်ရက်မှာ ပြည်သူ့ပိုင်သိမ်းသည့်ရက် ၁-၂-၇၂ ခုနှစ်ဖြစ်သည်။ အယူခံတရားလိုဘဏ်က တရားမကျင့်ထုံး အမိန့် ၃၄၊ နည်းဥပဒေ ၃ (၄) အရ အယူခံတရားပြိုင်များအပေါ် ပဏ္ဍလိကဒီကရီ ချမှတ်ပေးရန် လျှောက်ထားသည့်ရက်မှာ ၁၄-၈-၇၅ ခုနှစ်ကဖြစ်သည်။ သို့ဖြစ်၍ အယူခံတရားလိုဘဏ်သည် လျှောက်ထား ရန် အကြောင်းအခွင့် ပေါ်ပေါက်သည့်ရက်မှာ ၃ နှစ်ကျော်လွန်ပြီးမှ လျှောက်ထားခဲ့ကြောင်း ပေါ်လွင်သည်။ သို့ဖြစ်၍ ယင်းလျှောက်လွှာ မှာ ကာလစည်းကမ်းသတ် ကျော်လွန်နေပြီဖြစ်သည်။

ထို့ကြောင့် ရှေ့နေတိုင်းတရားရုံး၏အမိန့်ကို အတည်ပြု၍ ဤ အယူခံလျှောက်လွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ စရိတ်ငွေကျပ် ၈၀/- သတ်မှတ်သည်။

# အမှားပြင်ဆင်ချက် (ပြစ်မှု)

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ဘ | ၁၅ | လည်းကောင်း | လည်းကောင်း |
| ဘ | ၂၅ | ပြစ်မှုထိုင်ရာ | ပြစ်မှုဆိုင်ရာ |
| မ | ၀၇ | မရှိခသောကြောင့် | မရှိသောကြောင့် |
| ရ | ၁၀ | မြို့နက် | မြို့နယ် |
| လ | ၁၅ | မထိမ်းနိုင် | မထိန်းနိုင် |
| သ | ၁ | စွဲချက်တင်လောက်သည် | စွဲချက်တင်လောက်သည့် |
| ကက | ၆ | လည်ဆယ် | လီဆယ် |
| ကက | ၁၀ | ငြိစွန်းသော | ငြိစွန်းသော |
| ။ | ၂၀ | စုံစမ်းစစ်ဆေ ဦးငီးဌာန | စုံစမ်းစစ်ဆေးရေးဦးစီးဌာန |
| ဈဈ | ၂ | စိမံ | စီမံ |
| ။ | ၁၉ | ဆက်ခံရန် | လက်ခံရန် |
| ၁ | ၉ | သက်သေတဦး | သက်သေတစ်ဦး |
| ၅ | ၄ | ပြုလုပ်နိုင်ပါသည်။ | ပြုလုပ်နိုင်ပါသည်— |
| ၆ | ၃၀ | ထက်သွားကြလေသည် | ထွက်သွားကြလေသည် |
| ၆ | ၃၁ | အတ်ပိမြို့နယ် | အုတ်ဖိုမြို့နယ် |
| ၆ | ၃၂ | ရေးဖင်သည် | ရေးဖွင့်သည် |
| ၁၁ | ၂၆ | (လိုပြ- ) | (လိုပြ-၂) |
| ၁၁ | ၂၆ | မပေါ်လင်ပေ။ | မပေါ်လွင်ပေ။ |
| ။ | ၂၇ | သတင်းစာမ | သတင်းစာမှ |
| ၁၃ | ၇ | ၃၀၄(က) | ၃၀၄-က |
| ၁၄ | ၂၇ | သေထ | သေထူ |
| ၁၅ | ၄ | ဝိရိယာ | ဝိရိယ |
| ၁၆ | ၁၁ | လည်ဆယ် | လီဆယ် |
| ၁၇ | ၂၂ | ။ | ။ |
| ၂၄ | ၁၃ | အကြောင်းအရာများတင် | အကြောင်းအရာများတွင် |
| ၂၆ | ၁၃ | သေနတ် | သေနတ်များ |
| ၂၇ | ၁၅ | ခုခံချေနိုင်ခြင်း | ခုခံထုချေနိုင်ခြင်း |
| ၃၀ | ၂၃ | ဖြစ်စေ | ဖြစ်စေ |
| ၃၁ | ဘေးအညွှန်း | မောင်မောင်မျိုး | မောင်ခင်မောင်မျိုး |
| ၃၂ | ။ | ။ | ။ |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၃၂ | ၃၀ | မောင်တင်မောင်ဆွေ | မောင်ခင်မောင်ဆွေ |
| ၃၄ | ၁ | ဖွက်ယူလာခြင်း | ဝှက်ယူလာခြင်း |
| ၃၆ | ၁၅ | လျှောက်ထ း | လျှောက်ထား |
| ၃၆ | ၂၁ | စားစရိတ်လျှောတ် | စားစရိတ်လျှောက် |
| ၃၈ | ၂၆ | လျှောက်ထားသ | လျှောက်ထားသူ |
| ၄၃ | ၁၈ | ငြိစွန်းချက် | ငြိစွန်းချက် |
| ၄၅ | ဘေးအညွှန်း | ပြည် ထာင်စု | ပြည်ထောင်စု |
| ၄၈ | ၁၁ | မသန်းသန်ဦး | မသန်းသန်းဦး |
| ၅၀ | ၇ | မရှိကြောင်း | မရှိကြောင်း၊ |
| ၅၂ | ၂ | အဖွဲ့ဝင်များအ စ် | အဖွဲ့ဝင်များအဖြစ် |
| ၅၂ | ၁၄ | းပခွင့် | ပေးခွင့် |
| ၅၂ | ၁၁ | သိမ်ဆည်း | သိမ်းဆည်း |
| ၅၅ | ၂၀ | အမိန့်ကို မကျေနပ်၍ပြင်ဆင်မှု | အမိန့်ကို ပြင်ဆင်မှု |
| ၅၆ | ၂၇ | ပြည့် ပြည့် | ပြည့်မပြည့် |
| ၆၀ | ၂၈ | အကြိုးဝင် | အကျုံးဝင် |
| ၆၁ | ၉ | မယး | မယား |
| ၆၃ | ၁၄ | ရန်ခိုက် | ခိုက်ရန် |
| ၆၇ | ၂၁ | မိမိတ္တုစရိတ်ဖြင့် | မိမိတို့စရိတ်ဖြင့် |
| ၇၀ | ၁၂ | လောင်းကစားအတက် | လောင်းကစားအတွက် |
| ၇၀ | ၁၇ | ငွေများမာ | ငွေများမှာ |
| ၇၃ | ၂၆ | ဦးတွန်းရင် | ဦးထွန်းရင် |
| ၇၄ | ၁၁ | ဦးလေးမြင့်ဆိုသ | ဦးလေးမြင့်ဆိုသူ |
| ၇၇ | ၂၈ | လက်မှတ်ထိးရန် | လက်မှတ်ထိုးရန် |
| ၇၉ | ၂၀ | နိုင်ငံခြ း | နိုင်ငံခြား |
| ၈၁ | ဘေးအညွှန်း | ဆုရှယ်လစ် | ဆိုရှယ်လစ် |
| ၈၂ | ၈ | ဆုံးဖြတ်ခြင်းကို မပြုနိုင် | ဆုံးဖြတ်ခြင်းကို ပြုနိုင်၊ မပြုနိုင် |
| ၈၂ | ၁၂ | အထောက်အထားဖြစ်၍ | အထောက်အထားအဖြစ် |
| ၈၄ | ၃ | လိုအပ်ခဲ့ ကြောင်း | လိုအပ်ခဲ့ကြောင်း |
| ၈၇ | ၉ | ဒွိဟ | ဒွိဟ |
| ၉၁ | ၁၁ | သေဆုံးသ | သေဆုံးသူ |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၀၀ | ၁၀ | ဦးကြုံမဲ | ဦးကြီးမဲ |
| ၁၁၂ | ၂၇ | နေ့ထိုင်ကြသည် | ထိုင်နေကြသည် |
| ၁၁၇ | ၈ | တို မြှင့်ပေးရန် | တိုးမြှင့်ပေးရန် |
| ၁၂၄ | ၁၂ | ပြေပြ | ပြောပြ |
| ၁၃၇ | ၁၄ | ပြစ်မှုဆိုင်ရာ | ပြစ်မှုနှင့် ပြစ်မှုဆိုင်ရာ |
| ၁၃၇ | ၁၇ | ပြစ်မှုမဟုတ်ချေ | ပြစ်မှုများ မဟုတ်ချေ |
| ၁၅၀ | ၂၃ | အမတ်(၁) | အမှတ်(၁) |
| ၁၅၁ | ဘေးအညွှန်း | မောင်ခင်းမောင် | မောင်ဝင်း |
| ၁၅၂ | ။ | ။ | ။ |
| ၁၅၈ | ၅ | သုသမီး | သူသမီး |
| ၁၆၄ | ၁၂ | လွတ်ဆိုချက် | ထွက်ဆိုချက် |
| ၁၆၅ | ၁၉ | (လိုပြ ၅ နှင့် ၆)ကတို | (လိုပြ ၅ နှင့် ၆)တို့က |
| ၁၆၇ | ၁၀ | ရည်ညွှန်းသာ အေများနှင့် သက်ဆိုင်သော | ရည်ညွှန်းသော အများနှင့် သက်ဆိုင်သော |
| ၁၇၄ | ၄ | ပုမို | ပိုမို |
| ၁၇၈ | ၁၀ | မြေးများကိုသာ | မြေးများကို |
| ၁၈၆ | ၁၅ | ၁၅၉ | ၁၉၅ |

## အမှားပြင်ဆင်ချက် (တရားမမှု)

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ဃ | ၁၀ | ၈၆ | ၈၇ |
| 〃 | ၁၃ | ၉၄ | ၉၅ |
| င | ၁၀ | ၁၈၊ | ၁၈၂ |
| ဆ | ၆ | မကိုက်ညီပါဟု | ဥပဒေနှင့်မကိုက်ညီပါဟု |
| စျ | ၁၅ | ငွေရရန်စဲဆိုမှု | ငွေရရန်စွဲဆိုမှု |
| 〃 | ၃၈ | အမှုမှုရှင်းလံးလံး | အမှုရှင်းလုံးလုံး |
| 〃 | ၂၃ | ခုနှိမ်ခွင့်ပြုရန် | ခုနှိမ်ခွင့်ပြုရန် |
| ည | ၁ | အရေ ယူရန် | အရေးယူ |
| ဋ | ၂၅ | နည်း ပါ | နည်း ၆ ပါ |
| ဌ | ၂၁ | နည်း(၂၃) | နည်း (၂)၃ |
| ဍ | ၁၃ | ဖြစ်စေရေး | ဖြစ်စေရေး |
| ဏ | ၁၃ | လွတ်ခြင်း | လွှတ်ခြင်း |
| ပ | ၃ | ကွဲပြားပေ | မဟုတ်ပေ |
| 〃 | ၄ | မဟုတ်ခြားနားပေသည် | ကွဲပြားခြားနားပေသည် |
| ဗ | ၄ | သက်မှတ် | လက်မှတ် |
| ဘ | ၁၉ | (ခ)တွင် | (ခ) |
| ဘ | ၂၆ | အခန် များကို | အခန်းများကို |
| မ | ၁၄ | ဝန်ကြီးဌာနရှိ | ဝန်ကြီးဌာန၏ |
| လ | ၁၃ | အနေ ာက်ဘက် | အနောက်မြောက်ဘက် |
| ဝ | ၁၂ | အိမ်ငှားအမိန့် | အိမ်ငှားအားအမိန့် |
| ၂ | ၂၅ | လက်စွပ်တကွင်း | စိန်လက်စွပ်တစ်ကွင်း |
| ၁၉ | ၈ | ဒိကရီ | ဒီကရီ |
| ၂၁ | ၁၁ | ဦးဘငြိမ်း | ဦးဘငြိမ်း |
| 〃 | ၁၇ | 〃 | 〃 |
| ၂၃ | ၂၇ | တရားမ ဒုတိယ အယူခံမှု | တရားမအယူခံ |
| ၂၅ | ၁၃ | အယူခံတရားထို | အယူခံတရားလို |
| ၂၅ | ၂၃ | အာဏာပိုင်များထံမှာ | အာဏာပိုင်များထံမှ |
| 〃 | ၂၂ | ကိုလည်း | ကိုလည်း |
| ၂၆ | ၁၅ | ရှိဆိုက်ပေသည်။ | ရှိထိုက်ပေသည်။ |
| ၂၇ | ၁၄ | ဆရာဘုန်းကြီးပိုင်မြေတွင် | ဆရာဘုန်းကြီးပိုင်မြေတွင် |
| 〃 | ၂၁ | ဒေါ်စန်းရီဆည် | ဒေါ်စန်းရီသည် |
| ၃၅ | ၉ | မူလရုံးတွင် အယူခံဆရားပြိုင် | မူလရုံးတွင် လျှောက်ထားခံရသူ |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၃၆ | ၁၂ | မြို့ပြဆိုင်ရာဥပဒေငှားရမ်းခ | မြို့ပြဆိုင်ရာငှားရမ်းခ |
| ။ | ၁၈ | ဥပဒေပိုင်ရှင် | ဥပစာပိုင်ရှင် |
| ၃၈ | ၁၃ | စီစစ် | စိစစ် |
| ၃၉ | ၆ | တရားတထုံး စွဲဆိုနိုင်သည်။ | တရားတစ်ထုံး စွဲဆိုနိုင်သည့် |
| ၄၀ | ၇ | အမိန့် ၃ | အမိန့် ၃၉ |
| ၄၀ | ၇ | အားတိုးဆေးထတ်လုပ် | အားတိုးဆေးထုတ်လုပ် |
| ၄၀ | ၉ | အခြေခံချက်များ | အခြေခံအချက်များ |
| ၄၁ | ၁၅ | နည်းဥပဒေ(ခ) | နည်းဥပဒေ(၁) |
| ၄၄ | ၁၁ | အချေလွှာတင်၍ | အချေလွှာတင်ရန် |
| ၄၄ | ၁၃ | အမှုသည်က လိုက်နာရခြင် | အမှုသည်က လိုက်နာခြင်း |
| ၄၄ | ၂၂ | ထံ ဖြစ်စေ | ထံမှဖြစ်စေ |
| ၄၈ | ၈ | တရားကျင့်ထုံး | တရားမကျင့်ထုံး |
| ၄၈ | ၂၃ | မပြုနိုင်လု | မပြုနိုင်ဟု |
| ၅၃ | ၈ | ဒိကရီ | ဒီကရီ |
| ၅၄ | ၈ | ဆုံးဖြက် | ဆုံးဖြတ် |
| ၅၇ | ၉ | ဦးအုန်းညွန့် | ဦးအုံးညွန့် |
| ။ | ၁၆ | ပြန့်သည် | ပြန့်လည် |
| ၅၇ | ၂၂ | သဘောဟူလျှင် | သဘောတူလျှင် |
| ၅၉ | ၁၇ | ပြည်နယ်တရားရုံးသိ | ပြည်နယ်တရားရုံးသို့ |
| ၅၉ | ၂၂ | ယရားမ | တရားမ |
| ၆၄ | ၁၆ | တောင်းဆိုသက်သာခွင့် | တောင်းဆိုသည့်သက်သာခွင့် |
| ၆၄ | ၉ | စီစစ် | စိစစ် |
| ။ | ၂၂ | ။ | ။ |
| ၆၅ | ၇ | သက်သာခွင့်ထပ်ဆင့်သက်သာ ခွင့်မဟုတ်ပေ။ | သက်သာခွင့်၏ ထပ်ဆင့်သက်သာခွင့်မဟုတ်ပေ။ |
| ၆၆ | ၂ | က်သာခွင့် | သက်သာခွင့် |
| ၆၇ | ၉ | စီစစ် | စိစစ် |
| ၇၄ | ၃ | ။ | ။ |
| ၈၁ | ၁၇ | ။ | ။ |
| ၇၅ | ၉ | ခံလေးတစ်ယောက် | ကလေးတစ်ယောက် |
| ၈၁ | ၁၇ | သုံးသပ်ချက် ရ | သုံးသပ်ချက်အရ |
| ၈၇ | ၂၉ | တရားရုံး၏အမိန့်ကို | တရားရုံး၏စီရင်ချက်နှင့်ဒီကရီကို |
| ၈၈ | ၁၃ | တယူခံတရားပြိုင် | အယူခံတရားပြိုင် |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၉၀ | ၇ | လက်မှတ်တုတ်ပေးရေး | လက်မှတ်ထုတ်ပေးရေး |
| " | ၂၃ | တရားမအထွေထွေအယူခံမှု | တရားမအထွေယူခံမှု |
| ၉၇ | ၁ | နေထိုင်ခြစ်းသာ | နေထိုင်ခြင်းသာ |
| ၉၇ | ၁၇ | တိုင် ရုံးမှ | တိုင်းရုံးမှ |
| ၉၈ | ၂၂ | ကိုလှအော င် | ကိုလှအောင် |
| ၁၀၁ | ၂ | ဦးစို လှိုင် | ဦးစိုးလှိုင် |
| ၁၀၅ | ၄ | ချေလွှာတင်ရန | ချေလွှာတင်ရန် |
| ၁၀၆ | ၁၃ | တဖက်သတ် | တဘက်သတ် |
| ၁၀၇ | ၄ | " | " |
| " | ၉ | " | " |
| ၁၀၇ | ၂၂ | နည်းဥပဒေ (၁) ( ) | နည်းဥပဒေ(၁) (၂) |
| ၁၁၀ | ၁၅ | ခွင့်ပြုသညဟု | ခွင့်ပြုသည်ဟု |
| ၁၁၀ | ၁၇ | ပြန်လည | ပြန်လည် |
| ၁၁၀ | ၂၀ | မျှတမည | မျှတမည် |
| ၁၁၃ | ၇ | မိကေရောင်း | ပီကေရောင်း |
| ၁၁၆ | ၂ | လျှောက်လွှးပုံစံ | လျှောက်လွှာပုံစံ |
| ၁၁၄ | ၁၄ | ထုတ်မေးခြင်း | ထုတ်ပေးခြင်း |
| " | ၁၉ | ဝန်ကြီးဌာနရှိ | ဝန်ကြီးဌာန၏ |
| ၁၁၆ | ၂၆ | " | " |
| ၁၁၈ | ၁၁ | မလုရမ် | မလုပ်ရ |
| ၁၂၀ | ၇ | နည်း ပါ | နည်း ၂ ပါ |
| ၁၂၂ | ဘေးအညွှန်း | အင်းလိပ် (ခ) မောင်ချင်ရှိ ပါ(၃) ဒေါ်တွဲရင် | အင်းလိပ် (ခ) မောင်ချစ်ရှိ ပါ(၃)နှင့် ဒေါ်တွဲရင် |
| ၁၂၃ | " | " | " |
| ၁၂၄ | " | " | " |
| ၁၂၃ | ၁၁ | ဗဟိုတရားရုံးတင် | ဗဟိုတရားရုံးတွင် |
| ၁၂၆ | ၁၅ | ဝိုင်စိဂူလာတီကို | ဝိုင်စီဂူလာတီက |
| " | ၂၀ | ညိုမြှင် | ငြိုမြင် |
| " | ၂၆ | " | " |
| ၁၂၇ | ၉ | " | " |
| ၁၂၈ | ၂ | သက်သေခံဇမှတ် | သက်သေခံအမှတ် |
| ၁၂၈ | ၉ | တခြားပုဒ်ငယ် | တခြားပုဒ်မငယ် |